
www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

## သစ္စာရှင်သိုင်းဧကရီ

ချင်းချင်းယွင်၏ ကျောင်းဝိလန်




www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

## သစ္စာရှင်သိုင်းဇာကရီ

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၉၁၆၀၉၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၉၉၃၀၉၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟင်း(ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

နံနက်အရုဏ်ဦး ရောင်နီပျိုးစအချိန်တွင် အိမ်မှထွက်လာခဲ့သော ကျန်းယီမင်သည် အရှေ့ဘက် မိုးကောင်းကင်တွင် နေလုံးကြီးပြူထွက်လာသည့်အခါ 'စိမ်းလွဲရေတံခွန်' တောသို့ ရောက်လာသည်။

စိမ်းလွဲရေတံခွန်တောအုပ်သည် တောင်ကြောကြီးနှစ်ခုအကြားရှိ မြေပြန့်သစ်တောတစ်ခုဖြစ်သည်။

ဤတောအုပ်ရှိ သစ်ပင်များ ပေါက်ရောက်နေပုံမှာလည်း တစ်မျိုးဆန်းကျယ်ပေသည်။

တောအုပ် မြောက်ပိုင်းအစွန်ရှိ သစ်ပင်များသည် အလွန်တရာ မြင့်မားလှပြီး တောအုပ် အလယ်ပိုင်းလောက်တွင်တော့ အသင့်အတင့် အရွယ်မြင့်သောသစ်ပင်များ ရှိသည်။

တောအုပ်၏ တောင်သက်ပိုင်းတွင်မူ အပင်ကြီးများ မရှိတော့ဘဲ အပင်ပု အပင်ငယ်ကလေးများသာ ပေါက်ရောက်နေသည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်များသည် မြောက်ပိုင်းစီတွင် ထူးထူးခြားခြား မြင့်မားကာ အလယ်ပိုင်းတွင် သိသိသာသာ နိမ့်ကျ၍ တောင်ဘက်ပိုင်းဆီသို့ ပြေလျော့၍ နိမ့်ကျသွားသည်။

သစ်ပင်များ ပေါက်ရောက်နေပုံသည် ရေတံခွန်တစ်ခု အမြင့်မှအနိမ့်သို့ ရေများထိုးကျစီးဆင်းသွားသည့်အသွင်မျိုး ဖြစ်သည်။

အဝေးမှကြည့်လျှင် စိမ်းစိမ်းညို့ညို့ သစ်ပင်များကြောင့် အစိမ်းရောင်ရေများရှိသည့် ရေတံခွန်ကြီးတစ်ခုလိုမျိုး အသွင်သဏ္ဌာန်ရှိနေသည်။

ဤအသွင်အပြင်ကို အစွဲပြုကာ စိမ်းလွဲ့ရေတံခွန်တောအုပ်ဟု ခေါ်တွင်ခဲ့ခြင်းဖြစ်သည်။

တောအုပ်၏အလယ်လောက်တွင်တော့ မြင့်မားသည့် ကညင်ပင်ကြီးနှစ်ပင် ရှိနေသည်။

ကညင်ပင်၏ အနီးအနားတွင်လည်း အခြားသော သစ်ပင်များ မပေါက်ဘဲရှိနေပြန်ရာ ရေတံခွန်မှ စီးကျလာသော အစိမ်းရောင်များ ရေထဲမှ ရေပွက်ကြီးနှစ်ခု ထ၍ပွက်နေသည့်သဘောမျိုးပင် ဖြစ်နေပြန်သည်။



စိမ်းလွဲ့ရေတံခွန်ဟာ တောအုပ်ထဲတွင် စမ်းချောင်းများ ပေါများသည်။

ရှူသိမ့်ရှုး တစ်နှစ်ပတ်လုံး စိမ်းစိမ်းစိုစိုရှိနေသည်။

ရေမိုးအခြေအနေကောင်းသောကြောင့် ပန်းပင်များလည်း ပေါများသည်။

သစ်ပင် မြင့်ကြီးများပေါ်တွင် သစ်ခွပန်းများ၊ သစ်ကာယ်ပန်းများလည်း ဝေဝေစည်စည် ရှိနေသည်။

စိမ်းလွဲ့ရေတံခွန် တောအုပ်ထဲတွင် ကျား၊ ကျားသစ်စသော သားရဲတိရစ္ဆာန်များမရှိ။ ပျားများကတော့ ပေါများသည်။

ပျားအမျိုးမျိုးတို့သည် စိမ်းလွဲ့ရေတံခွန်တောအုပ်ထဲရှိ သစ်ခွပန်းများ၊ သစ်ကပ်ပန်းများ၊ တောပန်းတောင်ပန်းများ၏ ဝတ်ရည်များကိုသောက်ကာ မြင့်မားသော သစ်ပင်ကြီးများပေါ်တွင် ပျားအုံများ ဖွဲ့နေတတ်သည်။

ကျား၊ ကျားသစ်၊ ဆင်၊ မြွေ စသော တောကောင်ကြီးများ မရှိသော်လည်း ပျားရည်ကိုကြိုက်တတ်သော ဝက်ဝံများကတော့ စိမ်းလွဲ့ရေတံခွန် တောအုပ်ထဲတွင် သွားလာကျက်စားတတ်သည်။

www.burmeseclassic.com



ယုန်၊ မျောက်၊ ငှက် စသော သားကောင်ငယ်ကလေးများလည်း ရှိသည်။

မြွေများလည်းရှိရာ မြွေစိမ်းတို့က အများဆုံးဖြစ်သည်။

စိမ်းလဲ့ရေတံခွန် တောအုပ်ထဲတွင် ပျားအမျိုးမျိုးရှိသည့်အနက် အတောင်နီ ပျားစိမ်းများသည် အလွန်ကြောက်စရာကောင်းသည်။ အတောင်နီပျားစိမ်းများသည် အကောင်သိပ်မကြီးလှသော်လည်း အဆိပ်ကတော့ အလွန်ပြင်းသည်။

အုပ်လိုက်ခိုး၍ စနစ်တကျ စုစည်းတိုက်ခိုက်တတ်သည်။

ဤတောအုပ်ထဲသို့ လာရောက်ကျက်စားတတ်သော ဝက်ဝံများထဲတွင် ရှင်ဘတ်ဖြူဝက်ဝံများကလည်း ဆိုးသွမ်းရမ်းကားသည်။

ရန်လိုပြီး အရူးအမူး တိုက်ခိုက်တတ်ကြသည်။

ဤအန္တရာယ်နှစ်မျိုးအပြင် စိမ်းလဲ့ရေတံခွန်တောအုပ်ထဲတွင် ခရီးလမ်းက သာယာခြင်းမရှိ။

ချိုင့်ဝှမ်းများ၊ ချောက်ကမ်းပါးများ၊ တောင်စောင်းများ၊ စိမ့်မြေနှင့် နွံအိုင်များ ထူထပ်သည်။

ထို့ကြောင့်လည်း စိမ်းလဲ့ရေတံခွန်တောအုပ်ထဲသို့ လာဝံ့သူရှားသည်။ လူသူအရောက်အပေါက် မရှိသလောက်ပင် ဖြစ်သည်။

BURMESE CLASSIC



စွန့်စွန့်စားစား ရောက်ရှိလာကြသူ တချို့တလေမှာလည်း အတောင်နီပျားစိမ်းများ၏ ဝိုင်းဝန်းတိုက်ခိုက်မှု၊ ရှင်ဘတ်ဖြူ ဝက်ဝံညိုများ၏ ရန်ပြုမှုများကြောင့် သေကျေပျက်စီးသွားကြရသည်က များသည်။

အတောင်နီပျားစိမ်းတို့သည် အလွန်အဆိပ်ပြင်းကာ ကြမ်းတမ်းရက်စက်စွာ စုပေါင်း တိုက်ခိုက်တတ်ကြသောကြောင့် ကြောက်စရာကောင်းလှသော်လည်း သူတို့၏ပျားရည်များမှာမူ အခြားသော ပျားရည်များနှင့် မတူဘဲ ထူးထူးကဲကဲပင် ကောင်းမွန်အဖိုးတန်နေသည်။

အားတိုးဆေးအဖြစ် အသုံးချသလို အသက်ကယ်ဆေး၊ အဆိပ်ပြေဆေး၊ ဒဏ်ကြေဆေးများ ဖော်စပ်ရာတွလည်း ထည့်သုံးနိုင်သည်။

အတောင်နီပျားစိမ်းများ၏ ပျားရည်တို့သည် ဈေးကောင်းရသည်။

အန္တရာယ်ထူပြောလှသော စိမ်းလဲ့ရေတံခွန်တောအုပ်ထဲသို့ ဝင်ရောက်လျက် အတောင်နီပျားစိမ်းတို့၏ ပျားရည်ကို ဆွဲယူနိုင်စွမ်းရှိသူတစ်ယောက်တော့ ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူမှာ ကျန်းယိမင်းပင် ဖြစ်တော့သည်။

✢

ကျန်းယိမင်းသည် ယခုဆိုလျှင် အသက်ဆယ့်ခုနစ်နှစ် အရွယ်သာ ရှိသေးသည်။

အတောင်နီ ပျားစိမ်းတို့၏သဘာဝကို ကျန်းယိမင်းက အလွန်ပင် ကျွမ်းကျင်နားလည်သည်။

ရင်ဘတ်ဖြူဝက်ဝံညိုတို့၏ ခေလွှစရိုက်ကိုလည်း တတ်သိသည်။

ကျန်းယိမင်းသည် အတောင်နီပျားစိမ်းတို့၏ အတောင်ပံခတ်သံအမျိုးမျိုးကို သရုပ်တူ အသံညီအောင် ဖန်တီးပြုလုပ်နိုင်စွမ်းရှိသည်။

ပျားတို့သည် အတောင်ပံခတ်သံပြုလျက် မိမိတို့အချင်းချင်း အချက်ပေး ဆက်သွယ်တတ်ကြပေရာ ကျန်းယိမင်းသည် အတောင်နီပျားစိမ်းတို့၏ ဘာသာစကားကို တတ်ကျွမ်းသည်ဟုပင် ဆိုနိုင်သည်။



အချက်ပေးသံအမျိုးမျိုးပြုလုပ်ပြီး အတောင်နီပျားစိမ်းများကို ကျန်းယိမင်းက စိတ်တိုင်းကျ စေစားခိုင်းစေနိုင်စွမ်းရှိသည်။

သူ့အနေဖြင့် အတောင်နီပျားစိမ်း ပျားအုံများကို အထွေအထူး အပင်ပန်းခံကာ ဖွပ်နေစရာပင် မလိုပါ။

အချက်ပေးသံများ ဖန်တီးကာ အတောင်နီပျားစိမ်းများကို အဝေးသို့ ထွက်သွားအောင် နှင်ပစ်လျက် ပျားအုံမှ ပျားရည်များကို အေးဆေးဆေးဆေး ညှစ်ယူရုံသာ ဖြစ်သည်။

ဤလို အစွမ်းအစမျိုးရှိသောကြောင့် ကျန်းယိမင်းကို ရင်းနှီးသူတို့က ပျားမင်းသားလေးဟု ခေါ်ကြသည်။ ပျားစိမ်းကလေးကျန်းဟူ၍လည်း အချို့က ခေါ်သည်။

ကျန်းယိမင်းသည် စည်းတော့ စောင့်သည်။

အလွယ်တကူရရှိတိုင်း စည်းမဲ့ကမ်းမဲ့မလုပ်။ လောဘတကြီးလည်း မပြု။

သုံးလလျှင်တစ်ကြိမ်သာ ပျားရည်များ ရှာဖွေရယူသည်။ ပျားအုံတစ်အုံမှ ရှိသမျှ ပျားရည်အကုန်အစင်လည်း ညှစ်ယူဖျက်ဆီးခြင်းမျိုးလည်း မပြုလုပ်။

ပျားအုံတွင်ရှိနေသော ပျားရည်၏ သက်ရင့်ပျားအုံများကို

www.burmeseclassic.com

www.burmeseclassic.com



ရွေးချယ်ညှစ်ယူသည့်အတွက် ပျားအုံသုံးလေးအုံကို လိုက်၍ညှစ်ယူလိုက်လျှင် အရှည်တစ်တောင်သာသာခန့် လုံးပတ်ထွာဆိုင်ခန့်ရှိသော ဝါးကျည်တောက်တစ်လုံးသာ ပျားရည်များ ရရှိလေသည်။

ဤမျှရပြီးလျှင်, တော်ပြီ။

ကျန်းယိမင်းက ပျားရည်ထပ်မရှာတော့။ ထပ်မညှစ်တော့။

ဤဝါးကျည်တောက်တစ်လုံးစာ အတွောင်နီပျားစိမ်းပျားရည်များကို ရောင်းချလျှင် ကျန်းယိမင်းတို့ မိသားစုအတွက် သုံးလနေထိုင်စားသောက်နိုင်သည့် ငွေအသပြာကို ရရှိပေသည်။

ကျန်းယိမင်းတွင် အဘိုးအဘွားနှစ်ယောက် မိဘနှစ်ပါးနှင့် ညီမငယ်တစ်ယောက်ရှိသည်။

အဘိုးနှင့်အဘွားက အိုမင်းမစွမ်း ရှိနေပြီ။ ဖခင်မှာလည်း မစွမ်းမသန် ခုက္ခိတကြီး ဖြစ်နေသည်။

ညီမလေးကတော့ လူလားမမြောက်သေး။ မိခင်မှာမူ ရိုးအအေးဆေးကာ အိမ်တွင်းမှု အချက်အပြုတ်မှလွဲ၍ အခြားဘာဝအသက်မွေးဝမ်းကျောင်းမှုမှုမတတ်။

ကျန်းယိမင်းကသာ မိသားစုတစ်ခုလုံးကို လုပ်ကိုင်ကျွေးမွေးနေရသည်။



စိမ်းလွဲရေတံခွန်တောအုပ်သည် ကျန်းယိမင်းတို့မိသားစုစားဝတ်နေရေးအတွက် အဓိကအားကိုးအားထားပြုရာ နေရာဌာနကြီးသဖွယ် ဖြစ်နေပေတော့သည်။

ကျန်းယိမင်းသည် စိမ်းလွဲရေတံခွန် တောအုပ်ကို အလွန်ခင်တွယ်သည်။ မိမိတို့၏ ကျေးဇူးရှင်ဟုလည်း သဘောထားသည်။

ပျားရည်များ ရှာဖွေရယူရန် မဟုတ်သည့်တိုင် စိမ်းလွဲရေတံခွန်တောအုပ်ထဲသို့ ဝင်ရောက်လှည့်လည်သွားလာနေတတ်သည်။

ပျားတို့၏သဘာဝနှင့် ဝက်ဝံများအပါအဝင် တောကောင်တို့၏ ဓလေ့စရိုက်များကို စူးစမ်းကြည့်ရှုနေတတ်သည်။

ယနေ့လည်း ကျန်းယိမင်းသည် စိမ်းလွဲရေတံခွန် တောရွာထဲတွင် လှည့်ပတ်သွားလာရန် ရောက်လာခြင်း ဖြစ်သည်။

✢

စိမ်းလွဲရေတံခွန် တောအုပ်အစပ်နားသို့ရောက်သည်နှင့် တောအုပ်၏အခြေအနေ ထူးခြားပြောင်းလဲနေကြောင်း ကျန်းယိမင်း စတင်သတိပြုမိသည်။

www.burmeseclassic.com

www.burmeseclassic.com



တောအုပ်၏အခြေအနေ ထူးခြားပြောင်းလဲနေကြောင်း ဘာကြောင့် သိနိုင်သနည်းဟု စစ်စစ်ပေါက်ပေါက် မေးလာလျှင်တော့ ကျန်ယိမင်းအနေဖြင့် အသေအချာ နိုင်နိုင်လုံလုံနှင့် ကျနသေချာစွာ အဖြေပေးနိုင်မည် မဟုတ်ပေ။

ကျွမ်းကျင်သော တံငါသည်သည် ရေပြင်၏အနေအထား အရောင်အသွေးကိုကြည့်ရုံဖြင့် မည်သည့်နေရာတွင် ကွန်ပစ်လျှင် မည်သို့သော ငါးအမျိုးအစားကိုရနိုင်မည်ဟု သိဘိသကဲ့သို့ ကျန်းယိမင်းကလည်း တောအုပ်၏သဘာဝဝန်းကျင်အနေအထားကိုကြည့်ကာ အကဲခတ်သိရှိလိုက်ခြင်းသာ ဖြစ်သည်။

သည်တောအုပ်ထဲတွင် လူစိမ်းသူစိမ်းတွေတော့ ရှိနေကြပြီ။

ဒါကို ကျန်းယိမင်း ကောင်းကောင်း အကဲခတ်သိရှိလိုက်သည်။

သို့ရာတွင် ...

မည်သူမည်ဝါတွေဖြစ်ပြီး မည်သည့်အကြောင်းကိစ္စကြောင့် ရောက်ရှိနေကြသည်ဆိုခြင်းကိုတော့ မှန်းဆ၍မသိနိုင်။

ဘယ်သူတွေ ဘာကြောင့် ရောက်နေကြသည်ဆိုခြင်းကို သိလိုက်စိတ်က ပြင်းပြလာသည်မို့ ကျန်ယိမင်းသည် လက်တွေ့ သွား



ရောက်စူးစမ်းကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ဤသို့ဖြင့် ကျန်ယိမင်းသည် စိမ်းလဲ့ရေတံခွန်တောအုပ်ထဲသို့ သတိကြီးစွာထားကာ တိုးဝင်လာခဲ့လေတော့သည်။

တောအုပ်ထဲသို့ဝင်ရာတွင် မြေပြင်ပေါ်မှ လျှောက်လှမ်းသွားခြင်းမဟုတ်ပါ။

အလွန်မြင့်မားလှသော သစ်ပင်ကြီးများ၏ ထိပ်ဖျားပိုင်းတွင် အုံဖွဲ့လေ့ရှိသော အတောင်နီများစိမ်းများ၏ ဖျားအုံများမှ ဖျားညည်များကိုပင် ညှစ်ထုတ်အရယူနိုင်စွမ်းရှိသည့် ကျန်ယိမင်းသည် သစ်ပင်တက် အလွန်ပင် ကျွမ်းကျင်သည်။

ကျန်ယိမင်းသည် သစ်ပင်တစ်ပင်မှတစ်ပင် ကူးသန်းသွားမှုကိုလည်း ကျွမ်းကျင်ပိုင်နိုင်စွာ ပြုလုပ်နိုင်သည်။

အကိုင်းချင်းယှက်နေသည့် အပင်များကို အလွယ်တကူ ကူး၍သွားပြီး အကိုင်းချင်းမယှက်ဘဲရှိနေလျှင်မူ နွယ်ကြိုးများကို ခိုစီး၍ဖြစ်စေ၊ ခုန်လွှား၍ဖြစ်စေ ကူသန်းမှုပြုသည်။

ခိုတွဲစရာ နွယ်ကြိုးများလည်းမရှိ၊ ခုန်လွှားကူးသန်းနိုင်သည့် အကွာအဝေးလည်း မဟုတ်သည့်အခါများတွင်တော့ သူ့လက်စွဲတော် ကြိုးခွေကို အသုံးချသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကြိုးမှာ နွားအကြောဖြင့် ပြုလုပ်ထားပြီး သေးသွယ် ပျော့ပျောင်းကာ ပေါ့ပါးသလောက် အလွန်ပင် ခိုင်ခန့်သည်၊ အရှည် ပေ ငါးဆယ်သာသာခန့်ရှိသည်။

ကြိုးစတစ်ဖက်တွင် ချိတ်ကောက်လေးတစ်ခု တပ်ဆင်ထား သည်။

ကျွမ်းကျင်စွာ ပစ်ထုတ်လိုက်လျှင် သစ်ကိုင်းသစ်ပင်များကို ကျနခိုင်ခန့်စွာ ရစ်ပတ်၍ ထားနိုင်သည်။

ထူးခြားသည့် အခြေအနေရှိနေကြောင်း အကဲခတ်မိသည့် အတွက် ကျန်ယိမင်းသည် တောစပ်ရှိ သစ်ပင်တစ်ပင်ပေါ်သို့တက် ကာ သစ်ပင်တစ်ပင်မှတစ်ပင် သတိထားကာ ကူးသွားလျက် သစ် ရွက်သစ်ကိုင်းများ နောက်ကွယ်တွင် တတ်နိုင်သမျှ မျက်ကွယ်ယူ ကိုယ်ရောင်ဖျောက်နေပြီး အကဲခတ် စူးစမ်းကြည့်ရှုလာခဲ့သည်။

သစ်ပင်များ တစ်ပင်မှတစ်ပင်သို့ ကူးသန်းရင်းလာခဲ့ရာ တောအုပ် အလယ်ပိုင်းလောက်ဆီသို့ ရောက်သွားသောအခါတွင်မူ



စိမ်းလဲ့ရေတံခွန် တောအုပ်၏အလယ်လောက်တွင် ကညင် ပင်ကြီးနှစ်ပင် ထီးထီးမားမား ပေါက်၍နေသည်။

ထိုကညင်ပင်ကြီးနှစ်ပင်ကို ကျန်ယိမင်းက 'ကညင်ပင် မောင်နှမ' ဟု အမည်ပေးထားသည်။

ကညင်ပင်မောင်နှမ၏ အနီးဝန်းကျင် ပေတစ်ရာပတ်လည် လောက်တွင် အခြားသော သစ်ပင်ကြီးများ မပေါက်ရောက်။ မြက် ပင်များသာ ပေါက်နေရာ မြေကွက်လပ်လေးလို ဖြစ်နေသည်။

ကညင်ပင်မောင်နှမသည် တစ်ပင်နှင့်တစ်ပင် ပေသုံးဆယ် ခန့် ကွာသည်။ နှစ်ပင်လုံးပင် အမြင့် ပေတစ်ရာကျော်သည်။ လုံးပတ်က ယောက်ျားကြီးသုံးယောက်ဖက်စာမျှ ရှိသည်။

မြောက်ဘက်ရှိ ကညင်ပင်အစ်ကိုက တောင်ဘက်ရှိ ကညင် ပင်ညီမထက် အနည်းငယ် ပိုမြင့်ကာ လုံးပတ်လည်း နည်းနည်းပို တုတ်သည်။

ကညင်ပင် မောင်နှမသည် သက်ရင့်ပင်စောက်ပင်ကြီးများ ဖြစ်ကြသည့်အတိုင်း ပင်စည်လုံးပတ်အောက်ဘက်နှင့်အလယ်ဘက် ပိုင်းတို့တွင် အကိုင်းအခက်များ မရှိ။

ရှင်းလင်း ဖြောင့်စင်းနေကာ အပေါ်ဘက်သုံးပုံအပိုင်းတွင်

www.burmeseclassic.com

www.burmeseclassic.com



သာ အကိုင်းအခက်၊ အရွက်အလက်များ စည့်စည့်ဝေဝေ ရှိနေသည်။

တစ်ပင်နှင့်တစ်ပင် အကိုင်းချင်း တိုးယှက်၍ မနေသော်လည်း သစ်ကိုင်းများ၏ အကွာအဝေးကတော့ သိပ်မများလှပါ။

ထို့ပြင် ...

ကညင်ပင်အစ်ကို၏မြောက်ဘက်ရှိ အကိုင်းတစ်ခုမှာမူ အတော် ရှည်ရှည်လျားလျား တိုးထွက်၍နေသည်။

ထိုအပင်၏မြောက်ဘက်ဆီတွင်ရှိနေသော သစ်ယာပင်ကြီး၏တောင်ဘက်မှ အကိုင်းတစ်ခုကလည်း ကညင်အစ်ကိုပင်ဘက်သို့ တိမ်းညွတ်ထိုးထွက်နေသည်။

ဤတွင် ကညင်အစ်ကိုပင်၏မြောက်ဘက်အကိုင်းနှင့် သစ်ယာပင်ကြီး၏တောင်ဘက်အကိုင်းတို့မှာ ဆယ့်ငါးပေသာသာခန့် အကွာအဝေးတွင် ရှိနေကြသည်။

စိမ်းလွဲရေတံခွန် တောအုပ်အတွင်း ထူးခြားပြောင်းလဲမှု၏ အထောက်အထားကို ကညင်ပင်မောင်နှမ၏အောက်ခြေတွင် ကျန်ယိမင်း သေသေချာချာ တွေ့မြင်ရလေသည်။



တောင်ဘက်ရှိ ကညင်ပင် ညီမ၏အောက်ဘက်တွင် လူတစ်ယောက်ယောက် ဒါမှမဟုတ် နှစ်ယောက်ခန့် နေထိုင်စခန်းချသွားခဲ့သည့် အထောက်အထား သဲလွန်စများ ရှိနေသည်။

စခန်းချထားခဲ့မှု၏ခြေရာ လက်ရာများကို ဖုံးကွယ်ဖျောက်ဖျက်မှုများတော့ လုပ်ဆောင်ထားသည်။

သို့ရာတွင် ဤနေရာအနီးဝန်းကျင်၏ အနေအထားကို မိမိလက်ဝါးပြင်မှ အရေးအကြောင်းများကို သိမြင်နေလေသော ကျန်ယိမင်း၏မျက်လုံးအကြည့်တွင်တော့ ထိုကဲ့သို့ ဖုံးကွယ်ဖျောက်ဖျက်ထားမှုများကို ထွင်းဖောက်ကာ တွေ့မြင်နိုင်စွမ်း ရှိနေပေသည်။

“အမဲလိုက်တဲ့လူတွေများ စခန်းချသွားခဲ့ကြတာလား”

ကျန်ယိမင်း၏စိတ်ထဲတွင် တွေးကြည့်မိသည်။

ကျန်ယိမင်း၏တစ်သက်တွင် စိမ်းလွဲရေတံခွန်တောအုပ်ထဲသို့ မည်သည့်အခါကမျှ အမဲလိုက်သမား လာရောက်ခြင်း မရှိခဲ့ပါ။

အကယ်၍ အမဲလိုက်သူများ ရောက်လာခဲ့သည်ထားဦး၊ ထိုသို့ရောက်ရှိလာကြမှုကပင် ထူးခြားနေသည်။

ပြီးတော့ ...

www.burmeseclassic.com

www.burmeseclassic.com



စခန်းချနားနေခဲ့သည့် အထောက်အထား ခြေရာလက်ရာများကို ဖုံးကွယ်ဖျောက်ဖျက်ထားခဲ့မှုကလည်း စိတ်ဝင်စားဖွယ်ရာ အချက်တစ်ရပ် ဖြစ်နေပြန်သည်။

ကျန်ယိမင်းသည် ကညင်ပင်မောင်နှမ၏တောင်ဘက်ရှိ သစ်ပင်ကြီးတစ်ပင်တွင် ရစ်ပတ်ပေါက်ရောက်နေသော ကြိမ်နွယ်များအကြားတွင် မျက်ကွယ်ယူ ပုန်းအောင်းရင်း အခြေအနေကို အကဲခတ် ကြည့်ရှုနေခြင်း ဖြစ်သည်။

ကျန်ယိမင်း၏မျက်လုံးအကြည့်သည် ကညင်ပင်ညီမ ခြေရင်းမှနေ၍ အပေါ်ဘက်သို့ တရွေ့ရွေ့ပြောင်း၍ တက်သွားသည်။

အကိုင်းအခက်များ ဝေဝေစည်စည် ရှိနေသည့် ထိပ်ပိုင်းဘက်ဆီသို့ မျက်လုံးအကြည့်ရောက်ရှိသွားသောအခါ ပိုမိုထူးခြားသည့် အကြောင်းခြင်းရာများကို တွေ့ရပြန်သည်။

ကညင်ပင်ညီမ၏အထက်ဘက်ပိုင်း၊ သစ်ကိုင်းသစ်ခက်များအကြားတွင် အိမ်လိုလို၊ လင့်စင်လိုလို အဆောက်အအုံလေးတစ်ခု ရှိနေသည်။

သစ်ကိုင်း သစ်ရွက်များ ဖုံးအုပ်နေလေသောကြောင့် ရှင်းရှင်းလင်းလင်းတော့ မမြင်ရ၊ မတွေ့ရပါ။



ရီးတိုးရိပ်တိတ် မြင်ရခြင်းသာ ဖြစ်သည်။

"ဒီလောက်မြင့်တဲ့ သစ်ပင်ကြီးပေါ်မှာ အဲဒီဥစ္စာကို ဘယ်သူက လာပြီး ဆောက်ထားတာလဲ၊ ဘာများလုပ်ဖို့လဲ"

ကျန်ယိမင်း သိလိုစိတ် ပြင်းပြလာသည်။

အဝေးမှ လှမ်းကြည့်နေရုံဖြင့် အကြောင်းမှန်ကို သိနိုင်ဖို့ မလွယ်။ အခြေအနေမှန်ကို သိဖို့ရာ အနီးကပ်သွားရောက် ကြည့်ရှုဖို့ကလွဲ၍ အခြားဘာမှုမဖြစ်။

သည်တော့ ကညင်ပင်ညီမပေါ်ရှိ အဆောက်အအုံလေးဆီသို့ အရောက်သွားရန် ကျန်းယိမင်းက ဆုံးဖြတ်လိုက်သည်။

ကညင်ပင်မောင်နှမသည် ကျန်းယိမင်းအတွက် စိမ်းသောနေရာမဟုတ်ပါ။

စိမ်းလဲ့ရေတံခွန်တောအုပ်အတွင်းရှိ အခြားသော သစ်ပင်များနည်းတူပင် ကညင်ပင်မောင်နှမပေါ်သို့လည်း ကျန်းယိမင်း ကျွမ်းကျင်စွာ အရောက်သွားနိုင်သည်။

ဘာမှုမခက်လှပါ။

✢

www.burmeseclassic.com

www.burmeseclassic.com



ကညင်အစ်ကိုပင်၏မြောက်ဘက်ရှိ သစ်ယာပင်ကြီးပေါ်သို့ ကျန်းယိမင်း အရင်တက်သည်။

သစ်ယာပင်ကြီးတောင်ဘက်အကိုင်းဖျားသို့ အရောက်သွားသည်။

ယင်းမှနေ၍ ကညင်အစ်ကိုပင်၏မြောက်ဘက်အကိုင်းဖျားကို နွားအကြော ကြိုးခွေဖြင့် လှမ်းပစ်သည်။

ကြိုးတစ်ဖက်ထိပ်မှ သံချိတ်ကလေးဖြင့် ချိတ်ကာရစ်ပတ်ပြီး ကြိုးကို ခိုတွဲလျက် ကညင်ပင်အစ်ကိုပေါ်သို့ အရောက်ကူး၍ သွား၏။

ကညင်ပင်အစ်ကိုပေါ်သို့ ရောက်ရှိပြီးနောက် ကညင်ပင်အစ်မဘက်သို့ ချက်ချင်း ကူး၍ မသွားသေး။

သစ်ကိုင်းများအကြားတွင် အသာဝင်ခိုကာ အခြေအနေကို အကဲခတ်ကြည့်ပြန်သည်။

ကညင်ပင်ညီမပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံကို ပို၍ထင်ရှားပီပြင်စွာ မြင်ရသည်။

ထိုအဆောက်အအုံသည် တဲအိမ်ငယ်ကလေးဖြစ်သည်။



ဝါးလုံးများဖြင့် ဆောက်လုပ်ထားသည်။

အမိုးကိုတော့ သစ်ရွက်များဖြင့် မိုးထားသည်။

ဝါးအိမ်ကလေးတွင် ပြတင်းပေါက်များ မရှိပေ။

အဝင်အထွက် တံခါးပေါက်တစ်ခုတော့ ရှိသည်။

တံခါးပေါက်ရှေ့ဘက်တွင် ကပြင်လိုလို အရာတစ်ခုကို ဝါးလုံးများဖြင့် ပြုလုပ်ထားသည်။

အတန်ကြာအောင် အကဲခတ်ကြည့်ရှုပြီးနောက် ကညင်ပင်ညီမဘက်သို့ ကူးမည်အပြု ဝါးအိမ်လေးထဲမှ လူတစ်ယောက် ထွက်လာသည်ကို မြင်ရသည်။

ကျန်းယိမင်းသည် ကညင်ပင် ညီမဘက်သို့ မကူးသေးဘဲ အသာကိုယ်ရှိန်သတ်ကာ အခြေအနေကို ဆက်လက်စူးစမ်းကြည့်သည်။

ဝါးအိမ်လေးထဲမှ ထွက်လာသူမှာ အမျိုးသမီးတစ်ယောက်ဖြစ်သည်။

သက်လတ်ပိုင်းအရွယ် အသက်သုံးဆယ့်ငါးနှစ်ခန့်ရှိတာ ရုပ်ရည်ချောမောမွန်ရည်သည်။

ကိုယ်ဟန်သွယ်ပြီး အရပ်မြင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းယိမင်း အမျိုးအမည် မခွဲခြားတတ်သော ဇတ်စုံကို ဝတ်ထားသည်။

ဝတ်စုံ၏အရောင်က အစိမ်းရောင်။ အဝတ်အစားတွေ အကြောင်း နားမလည်သည့် ကျန်းယိမင်းသည် အမျိုးသမီးကြီး ဝတ်ထားသောဝတ်စုံကို အကဲမဖြတ်တတ်။

အတော်သေသေသပ်သပ်ရှိသည်ဆိုခြင်းလောက်သာ နားလည်သည်။

အမျိုးသမီးကြီးသည် ဝါးအိမ်လေးရှေ့ရှိ ကပြင်ပေါ်တွင် အသာထိုင်ကာ အဝေးဆီသို့ ငေးမောကြည့်နေသည်။

ဝါးအိမ်လေးထဲမှ နောက်ထပ် မည်သူမျှ ထွက်မလာ။

ဝါးအိမ်လေးမှာ ခပ်သေးသေးသာဖြစ်ရာ ထိုအမျိုးသမီးကြီး တစ်ယောက်တည်း နေထိုင်ပုံရသည်။

ကျန်းယိမင်းသည် ပင်ပန်းခွဆုံနေရာတွင် တည်ဆောက်ထားခြင်းဖြစ်သည်။

ထို့ကြောင့် ...

ဝါးအိမ်ကလေးရှိရာသို့ ရောက်နိုင်ရန်အတွက် ကညင်ပင်ညီမ၏ သစ်ကိုင်းများတစ်လျှောက် ခိုကပ်၍ သွားရသည်။



သစ်ကိုင်းများ လှုပ်လှုပ်ခါခါ သိပ်မဖြစ်ရလေအောင်လည်း တတ်နိုင်သမျှ ထိန်း၍လှုပ်ရှားရသည်။

သစ်ကိုင်းများ လှုပ်ရှားမှုများလျှင် မိမိ ရောက်နေကြောင်းကို အမျိုးသမီးကြီး ရိပ်မိသွားမှာ ကျန်းယိမင်း စိုးရိမ်သည်။

သို့သော် ...

"ဟိတ်ကောင်လေး လာမယ်ဆိုရင် ရဲရဲသာလာခဲ့စမ်းပါကွာ"

ရုတ်တရက် လှမ်းပြောလိုက်သော အမျိုးသမီးကြီး၏စကားသံကြောင့် ကျန်းယိမင်းမှာ လန့်သလိုလိုပင် ဖြစ်သွားရသည်။

ကျန်းယိမင်းကတော့ သူ့ကိုယ်သူ ဟုတ်လှပြီ ထင်နေခဲ့၏။

ယခုတော့ သူရောက်နေသည်ကို အမျိုးသမီးကြီးက ကောင်းကောင်းသိနေသည်။

ကျန်းယိမင်းသည် ဆက်လက်၍ ပုန်းလျှိုးကွယ်လျှိုး လုပ်မနေတော့။

အမျိုးသမီးကြီး ထိုင်နေရာသို့ ပြောင်ပြောင်တင်းတင်းပင် လျှောက်လှမ်း၍ သွားလေတော့သည်။

ကျန်းယိမင်းသည် သစ်ကိုင်းများပေါ်တွင် ခြေဖော့ပ်မြဲမြဲနှင့်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လှမ်းသွားနိုင်စွမ်း ရှိပေသည်။

+

"မင်း ဘယ်သူလဲ မျောက်ဝံရိုင်း တုလန်းရဲ့တပည့်လား"

အနားသို့ရောက်လာသော ကျန်းယိမင်းကို စိန်းစိန်းကြည့်ပြီး အမျိုးသမီးကြီးက မေးသည်။

"ကျွန်တော့်နာမည် ကျန်းယိမင်းပါ၊ ဒေါ်ဒေါ်ပြောတဲ့ မျောက်ဝံရိုင်းတုလန်းဆိုတာကိုတော့ ကျွန်တော် မသိပါဘူး"

ကျန်းယိမင်းက ပြန်ဖြေသည်။

အမျိုးသမီးကြီး မျက်မှောင်ကြုတ်သွားသည်ကို ကျန်းယိမင်း သတိပြုမိလိုက်သည်။

"ဘာ ... ဘယ်လို၊ မျောက်ဝံရိုင်း တုလန်းကို မသိဘူး ဟုတ်စ၊ သူ့ကိုမသိဘဲ မင်းက ဘယ်လိုလုပ်ပြီး ဒီနေရာကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာရတာလဲ"

"ကျွန်တော်က ဒီတောအုပ်ထဲကို တစ်လ တစ်ခါလောက် လာနေကြပါ၊ အခုလည်း တောထဲလှည့်ကြည့်ရင်း ဒီကညင်ပင်ကြီး



ပေါ်မှာ ဝါးအိမ်လေးတစ်ခု ထူးထူးခြားခြားရှိနေတာ တွေ့ရတာနဲ့ အကျိုးအကြောင်း သိရအောင် တက်ကြည့်တာပါပဲ"

"ဒီသစ်ပင်ပေါ်ကို မင်းက ဘယ်လိုလုပ်ပြီး တက်လာတာလဲ"

"ဟောဟိုဘက် သစ်ယာပင်ကြီးပေါ်ကနေပြီး ခုန်ကူးလာတာပဲ"

"ဒီလောက်အဝေးကြီး ခုန်ကူးနိုင်သလား"

"ဒီအတိုင်း ခုန်ကူးတာတော့ ဘယ်ဟုတ်မှာလဲ၊ ကြိုးနဲ့ လှမ်းချိတ်ပြီး ကူးလာတာပေါ့"

"မင်းက သစ်ခုတ်သမားလား"

"မဟုတ်ပါဘူး"

"ဘာ လုပ်ကိုင်စားသောက်သလဲ"

"ဒီတောထဲက ပျားရည်လေးဘာလေး ရှာဖွေညှစ်ယူပြီး ရောင်းစားပါတယ်"

ကျန်းယိမင်းမှာ အမျိုးသမီးကြီး၏တရစပ်မေးမြန်းနေသော မေးခွန်းတွေကိုသာ တစ်ခုပြီးတစ်ခု အဖြေပေးနေရသည်။

အမျိုးသမီးကြီး အကြောင်းကိုတော့ ဘာမျှမမေးနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

အမျိုးသမီးကြီးသည် မေးချင်သည်များကို မေးမြန်းပြီးသည်နှင့် ကျန်းယိမင်းအနေဖြင့် အထွေအထူးစူးစမ်းစရာမလိုဘဲ သူ့အကြောင်း သူပြောပြလေ၏။

"ငါ့နာမည် ယန်ကူ၊ ငါ့မှာ ယန်ဂျာဆိုတဲ့ အစ်မတစ်ယောက်ရှိတယ်၊ ငါတို့ညီအစ်မနှစ်ယောက် စင်းကျန်နယ်စပ်က တောအုပ်လေးတစ်ခုထဲမှာ အေးအေးချမ်းချမ်း နေနေကြတာပဲ၊ တစ်နေ့တော့ ငါက စိတ်ရှုပ်ပေါက်ပြီး မြို့ပေါ်ကို တက်သွားခဲ့မိတယ်၊ အဲဒီမြို့ပေါ်မှာ မျောက်ဝံရိုင်းတုလန်းဆိုတဲ့ကောင်နဲ့တွေ့ပြီး အသိအကျွမ်းဖြစ်တယ်၊ အဲ ... တိုတိုပြောရရင် အဲဒီအကောင်က ငါ့ကို အတင်းဖမ်းချုပ်ပြီး ဒီနေရာမှာ လာထားသွားတာပဲ၊ ဪ ... မင်းက မျောက်ဝံရိုင်းတုလန်းကို မသိသေးဘူးဆိုတော့ သူ့အကြောင်း ပြောပြရဦးမယ်"

"ဟုတ်ကဲ့"

"မျောက်ဝံရိုင်းတုလန်းဆိုတာ သိုင်းသမားလူဆိုးကြီးတစ်ယောက်ပဲ၊ သိုင်းပညာစွမ်းကတော့ သိပ်အဆင့်အမြင့်စားကြီး မဟုတ်ပါဘူး၊ အခုန်အပျံအတွယ်အတက်တော့ အတော်ကျွမ်းတယ်၊ ရမ်းရမ်းကားကား ဆိုးဆိုးသွမ်းသွမ်း လုပ်တတ်တာကြောင့်လည်း



နာမည်ကြီးနေတာ၊ ငါ့ဆီက အဆင့်မြင့်သိုင်းပညာတွေကို သူက သင်ယူချင်နေတယ်လေ၊ သူ့လို လူရမ်းကားတစ်ယောက်ကို ငါကလည်း အဆင့်မြင့်သိုင်းပညာတွေ ဘယ်သင်ပေးနိုင်မှာလဲ၊ ဒီတော့ မျောက်ဝံရိုင်းတုလန်းက သူ့ကို အဆင့်မြင့်သိုင်းပညာတွေ သင်မပေးရင် ငါ့ကို တစ်သက်လုံး ဒီသစ်ပင်ပေါ်က ဝါးအိမ်ထဲမှာ နေသွားရမယ်၊ သူက အဆင့်မြင့်သိုင်းပညာတွေသင်ပေးမှ အောက်ကို ပြန်ချပေးမယ်ဆိုပြီး ဒီအိမ်ပေါ် တင်ထားခဲ့တာပဲ၊ သုံးလေးရက် တစ်ခါလောက်ဆိုသလို ငါ့ဆီကို အစားအသောက်တွေ လာပို့ရင်း ငါ့ရဲ့သဘောထား ပြောင်းမပြောင်း မေးနေတာပဲ"

+

ကျန်းယိမင်းသည် အမျိုးသမီးကြီးယန်ကူ ပြောပြသည်များကို ဘာမျှကြားဖြတ်မေးခြင်းမပြုဘဲ ငြိမ်သက်စွာပင် အစမှအဆုံး နားထောင်နေသည်။

ကျန်းယိမင်းသည် သိုင်းသမားတစ်ယောက် မဟုတ်ပေ။ သိုင်းပညာလည်း တတ်မြောက်ခြင်းမရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

သုရာဖွေရရှိသော အတောင်နီပျားစိမ်းများ၏ ပျားရည်ကို အဓိကဝယ်ယူကြသူတို့မှာ သယ်ယူပို့ဆောင်ရေး အဖွဲ့များမှ အစောင့်သိုင်းသမားများဖြစ်ကြပေရာ သိုင်းလောကအကြောင်း ဗဟုသုတ အနည်းအကျဉ်းတော့ ကျန်းယိမင်းတွင် ရှိနေသည်။

ကျန်းယိမင်း၏မျက်စိအမြင်အရပြောရမည်ဆိုလျှင် ယန်ကူသည် သိုင်းပညာရှင်တစ်ယောက်၏အသွင်အပြင်ဟန်မျိုးမရှိပါ။

ထို့ပြင် ...

ယန်ကူကိုဖမ်းဆီး၍ ဤသစ်ပင်ကြီးပေါ်မှ ဝါးအိမ်လေးထဲ ပို့ထားခဲ့သူ မျောက်ဝံရိုင်းတုလန်းက ယန်ကူထံမှ အဆင့်မြင့်သိုင်းပညာများ သင်ကြားလိုသည်ဟုဆိုပြန်ရာ ကျန်းယိမင်းအဖို့ ပို၍ပင် နားမလည်နိုင်အောင် ဖြစ်ရလေသည်။

မျောက်ဝံရိုင်းတုလန်းက ယန်ကူထံမှ အဆင့်မြင့်သိုင်းပညာများ သင်ယူလိုသည့်သဘောမှာ ယန်ကူ၏သိုင်းပညာက တုလန်းထက် များစွာသာလွန်မြင့်မားအစွမ်းထက်သည့်အနေအထားဖြစ်သည်။

ဤသို့ဆိုလျှင် မျောက်ဝံရိုင်းတုလန်းသည် မိမိထက် သိုင်း



ပညာစွမ်းရည် သာလွန်မြင့်မားသော ယန်ကူကို မည်ကဲ့သို့ဖမ်းဆီးကာ သစ်ပင်ကြီးထက်မှ ဝါးအိမ်လေးထဲသို့ ပို့တင်ထားနိုင်လေသနည်း။

အတွေးရခက်စရာပင်။

ကျန်းယိမင်း သိကျွမ်းသည့်သိုင်းသမားများသည် ပေါ့ပါးသွက်လက်စွာ လှုပ်ရှားနိုင်ကြသည်။

ကိုယ်ဖော့ပညာဆိုသည့်အကြောင်းကိုလည်း ကျန်းယိမင်းကြားဖူးနားဝရှိထားသည်။

သိုင်းပညာရှင်များသည် ကိုယ်ဖော့ပညာလည်း တတ်ကျွမ်းကာ ပေါ့ပါးသွက်လက်စွာ လှုပ်ရှားနိုင်ကြမည်ဟုလည်း ထင်သည်။

ယန်ကူသည် အဆင့်မြင့်သိုင်းပညာများ တတ်မြောက်ထားသူဆိုလျှင် ဤသစ်ပင်မြင့်ကြီးပေါ်မှ အောက်သို့ဆင်းရန်မှာ ဘာမျှခက်ခဲမည်မဟုတ်။

ယခု ယန်ကူကို ကြည့်ရသည်မှာ သစ်ပင်မြင့်ကြီးပေါ်မှ အောက်သို့မဆင်းနိုင်ဘဲ အခက်အခဲတွေ့ အကျပ်ရိုက်နေသည့်သဘောမို့ ကျန်းယိမင်းအဖို့ ပဟေဠိတစ်ခု ထပ်တိုး၍နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မျောက်ဝံရိုင်းတုလန်းက ဝါးအိမ်ပေါ်မှာ တင်ထားတာနဲ့ ဒေါ်ဒေါ်ကလည်း ဒီမှာပဲ နေရရောလား၊ အောက်ကိုဆင်းပြီး ကိုယ်သွားချင်ရာသွားလိုက်ရင် ပြီးနေတာပဲ၊ ဘာခက်တာမှတ်လို့"

အကဲစမ်းကြည့်လိုသောသဘောဖြင့် ကျန်းယိမင်းက မေးလိုက်သည်။ ယန်ကူက အလွန်သဘောကျသွားသည့်အသွင်ဖြင့် တခစ်ခစ် ရယ်မောသည်။

ယန်ကူသည် သက်လတ်ပိုင်းအရွယ်ဖြစ်သော်လည်း ရယ်မောပုံကတော့ ဆယ်ကျော်သက်အရွယ်မိန်းမငယ်လေးများလို လွတ်လပ်ပြီး ပေါ့ပါးသည်။

ဤသို့သော ရယ်မောပုံလေးကြောင့်ပင်လျှင် ကျန်းယိမင်းသည် ယန်ကူအပေါ် ပို၍ခင်မင်စိတ်များ ပေါ်လာရသည်။

"ကျွန်တော်မေးတာ ဖြေပါဦး ဒေါ်ဒေါ်ရ၊ ဘာကြောင့် ဒီလောက်တောင် ရယ်နေရတာလဲ"

"မင်းမေးပုံကို သဘောကျလို့ ရယ်မိတာပါ၊ ဒီလောက်မြင့်တဲ့ သစ်ပင်ကြီးပေါ်ကနေပြီး ငါက အောက်ကို ဘယ်လိုလုပ်ဆင်းနိုင်မှာလဲ၊ ပင်စည်မှာလည်း ခိုစရာတွယ်စရာ အကိုင်းအခက်တွေ မရှိဘူး"



"ဒေါ်ဒေါ်က သစ်ပင်အောက်ကို ဆင်းချင်တဲ့စိတ်ရော ရှိသလား"

"ဟ ... ဘယ့်နှယ်မေးတာတုံး၊ ဒီသစ်ပင်ပေါ်မှာက ဘာများ ပျော်စရာကောင်းလို့လဲ၊ အောက်ကို ဆင်းချင်တာပေါ့"

"ဒါဆို မခက်ပါဘူး၊ ဒေါ်ဒေါ့်ကို ကျွန်တော် တွဲခေါ်ပြီး သစ်ပင်အောက်ကို ပို့ပေးနိုင်ပါတယ်"

"ဟင် ... ဟုတ်လား၊ ဒါဆို ကောင်းတာပေါ့၊ ဟာ ... နေဦး ... နေဦး၊ တစ်ခုရှိသေးတယ်"

"ဘာများလဲ ဒေါ်ဒေါ်"

"ငါ့ကို သစ်ပင်အောက်ရောက်အောင် တွဲခေါ်ပို့ပေးတာကတော့ ဟုတ်ပါပြီ၊ မျောက်ဝံရိုင်းတုလွန်းနဲ့ ရင်ဆိုင်တိုးမိကြရင် ဘယ့်နှယ်လုပ်မလဲ၊ သူ့ကို မင်းက ရင်ဆိုင်နိုင်လို့လား"

ကျန်းယိမင်း အဖြေရခက်သွားသည်။

သူလိုငါလို သာမန်လူတစ်ယောက်ဆိုလျှင်တော့ ကျန်းယိမင်းက အရေးမထားပါ။

ရင်ဆိုင်ရဲသည်။

တိုက်ခိုက်ဝံ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

မျောက်ဝံရိုင်းတုလန်းသည် သိုင်းသမားတစ်ယောက်ဆို တော့ နည်းနည်းရှိန်နေသည်။

သိုင်းသမားများသည် အတိုက်အခိုက် ကျွမ်းကျင်ပိုင်နိုင်ကြ သည်ကိုတော့ ကျန်းယိမင်း သိထားပါသည်။

"သူ့သိုင်းပညာက တော်တော်ကောင်းသလား"

မေးခွန်းတော့ ထုတ်လိုက်မိသည်။

"သိပ်အစွမ်းကောင်းကြီးတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ သူက မိုက်ကန်းတယ်၊ မင်းလို သိုင်းပညာမတတ်တဲ့ အကောင်ငယ်ငယ် ကလေးကိုတော့ ကောင်းကောင်းအနိုင်ယူနိုင်လိမ့်မယ်"

ဤစကားများသည် ကျန်းယိမင်း၏မခံချင်စိတ်ကို နှိုးဆွ လိုက်သလို ဖြစ်သည်။

"သူဟာ အစွမ်းထက်မြက်တဲ့ အဆင့်မြင့် သိုင်းသမားတစ် ယောက် မဟုတ်ဘူးဆိုရင် ကျွန်တော် ရင်ဆိုင်ရဲပါတယ်၊ အတင်းဝင် အတင်းတိုက်ပစ်လိုက်ရင် သူ့ကို အနိုင်နိုင်ပါလိမ့်မယ်"

ယန်ကူက တခစ်ခစ် ရယ်မောလိုက်ပြန်သည်။

"အေး ... မင်းမှာ ဒီလိုရင်ဆိုင်တိုက်ခိုက်ဝံ့တဲ့ စိတ်ဓာတ်မျိုး



ရှိတာကို ငါ သိပ်သဘောကျသွားပြီ၊ မင်း ဘာမှပူမနေနဲ့တော့၊ မျောက်ဝံရိုင်းတုလန်းကို မင်း အနိုင်တိုက်နိုင်စေမယ်"

"ဟုတ်ရဲ့လား ... ဒေါ်ဒေါ်ရ"

"အဟုတ်ပေါ့ကွ၊ မင်းကို အဆင့်မြင့် သိုင်းကွက်တစ်ကွက် သင်ပေးလိုက်ရင် ပြီးတာပဲ"

"ဒေါ်ဒေါ်က သင်ပေးမှာလား"

"အေးပေါ့ကွ၊ ငါက သင်မပေးလို့ အခြားဘယ်သူလာသင် ပေးမှာလဲ"

"ကျွန်တော့်ကို သင်မပေးဘဲ အဲဒီသိုင်းကွက်နဲ့ ဒေါ်ဒေါ်ဘာ သာ မျောက်ဝံရိုင်းတုလန်းကို တိုက်ခိုက်ရင်လည်း ဖြစ်တာပဲ မဟုတ် လား"

ကျန်းယိမင်းက ဤစကားပြောလိုက်သည်နှင့် ယန်ကူ၏ မျက်နှာမှာ အထူးပင် လေးနက်တည်ကြည်သွားသည်။

✢

ယန်ကူ၏မျက်နှာလေး တည်ကြည်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိစကား အပြောများသွားလေသည်လားဟုပင် ကျန်းယိမင်း တွေးပူမိသည်။

ယန်ကူက မိမိကို စိတ်ဆိုး မာန်ဆိုးနှင့် အပြစ်တင် စကား ဆိုလေမည်လားဟူ၍လည်း တွေးပူမိသည်။

"မျောက်ဝံရိုင်းတုလန်းကို အနိုင်တိုက်နိုင်မယ့် သိုင်းကွက် တစ်ကွက် မင်းကို သင်ပေးမယ်၊ မင်းအနေနဲ့ အဲဒီသိုင်းကွက်ကို သင် ချင်တယ်၊ မသင်ချင်ဘူးသာ ပြော၊ အခြားရှည်ရှည်ဝေးဝေး ဘာမှ မေးမနေနဲ့၊ လောကကြီးမှာ မင်း မသိသေးတာတွေ အများကြီးရှိ တယ်လို့သာ မှတ်ထားလိုက်၊ ဟုတ်လား"

ယန်ကူ၏စကားလုံးများသည် ပြတ်သည်။

သို့သော် ...

ယန်ကူသည် အသံချိုချိုသာသာနှင့် ထိုစကားများကို ပြော ခြင်းဖြစ်ရာ ကျန်းယိမင်းအဖို့ နားထောင်ရ မဆိုးလှပေ။

မိမိမေးသည့် မေးခွန်းမျိုးကို ယန်ကူအနေဖြင့် မကြားလို သော်လည်း မိမိက မသိနားမလည်ဘဲ မေးလိုက်မိခြင်းအပေါ်တွင် တော့ တစ်စုံတစ်ရာ မကျေမနပ်ဖြစ်ခြင်း မရှိကြောင်းကိုတော့ ကျန်း ယိမင်း အကဲခတ်မိသည်။



ကျန်းယိမင်းသည် သိုင်းပညာသင်ကြားလိုသည့်စိတ်ဆန္ဒ သိပ်တော့ မပြင်းပြလှပါ။

သူသည် အေးအေးဆေးဆေး နေထိုင်ရသည်ကို သဘော ကျသည်။

အလိုလောဘလည်း သိပ်မရှိလှပေ။

စိတ်သဘောထား နူးညံ့ကာ ကူညီတတ်သူ ဖြစ်ပေရာ သူ တစ်ပါးကို ထိခိုက်အနာတရဖြစ်စေနိုင်သော တိုက်ခိုက်နည်းများကို စိတ်မဝင်စားလှပေ။

သို့သော် ...

ကျန်းယိမင်းသည် ယန်ကူအပေါ်တွင် ခင်မင်စိတ်တွေ ရှိ နေပေရာ ယန်ကူ၏စကားကို ဖယ်ရှားငြင်းဆန်ဖို့ ဝန်လေးသည်။

ယန်ကူက သိုင်းပညာသင်ပေးလိုသည်ဟု ပြောဆိုလာရာ ကျန်းယိမင်းလည်း မသင်လိုဟု ပြောင် မငြင်းပယ်လို။

ထို့ပြင် ...

ယန်ကူအား လူသူမနီးသည့် တောကြီးထဲတွင် မြင့်မား သော သစ်ပင်ထက်တွင် အကျယ်ချုပ် ဖမ်းဆီးခြင်း ခံထားရသလို ရှိနေသည့်အခြေအနေမှ လွတ်မြောက်အောင် ကယ်တင်ပေးလိုစိတ်

www.burmeseclassic.com

www.burmeseclassic.com



လည်း ကျန်းယိမင်းတွင် ရှိနေပြန်သည်။

ယန်ကူကို ကာယ်တင်ပေးနိုင်ရန် မျောက်ဝံရှိင်း တုလန်းကို ရင်ဆိုင်နိုင်မှဖြစ်မည်။

သိုင်းသမားလူဆိုးကြီးတုလန်းကို ရင်ဆိုင်နိုင်ရန်အတွက် အဆင့်မြင့်သိုင်းပညာ တစ်ကွက်တလေဖြစ်ဖြစ် တတ်မြောက်မှ ဖြစ်မည်။

ဤအကြောင်းများကြောင့် ကျန်းယိမင်းသည် ယန်ကူထံမှ အဆင့်မြင့်သိုင်းပညာ တစ်ကွက်သင်ယူရန် သဘောတူခေါင်းညိတ်လိုက်လေတော့သည်။

"ဟုတ်ကဲ့ ... ဒေါ်ဒေါ် ဆီက သိုင်းကွက်တစ်ကွက် သင်ယူချင်ပါတယ်၊ ကျွန်တော့်ကို သင်ကြားပြသပေးပါ"

"အေး ... ဟုတ်ပြီ၊ မင်းမှာ ဒီလိုဆန္ဒရှိတယ်ဆိုတော့ ငါက သင်ပြပေးရမှာပေ့ါ၊ ဒါနဲ့ မင်းကို မေးထားရဦးမယ်၊ မင်း အရင်တုန်းက သိုင်းပညာတွေ ဘာတွေ သင်ကြားဖူးတာ ရှိသလား"

"မရှိပါဘူး ဒေါ်ဒေါ်"

"အတွင်းအားရော လေ့ကျင့်ဖူးသလား"

"ဟို ... အတွင်းအားဆိုတာက ဘာကိုပြောတာလဲဟင်"



ကျန်းယိမင်းသည် အတွင်းအား လေ့ကျင့်ရန်ထားဘိ အတွင်းအားဆိုတာ ဘာမှန်းပင် မသိပေ။

"မင်းက သစ်ပင်အတက်တော့ ကျွမ်းကျင်တယ်နော်"

"ဟုတ်ကဲ့ ... အဲ့ဒါတစ်ခုကိုတော့ ကျွန်တော် ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်ပါတယ် ဒေါ်ဒေါ်"

ကျန်းယိမင်းက မိမိသစ်ပင်တက် ကျွမ်းကျင်ပုံအကြောင်းကို ဆက်လက်ပြောဆိုရှင်းပြရာ ယန်ကူလည်း ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။

သစ်ပင်တက်ခြင်းသည် ကိုယ်ဖော့ပညာတစ်မျိုးဖြစ်သည်။ ပေါ့ပါးသွက်လက်စွာနှင့် အချိန်အဆ မှန်ကန်စွာ လှုပ်ရှားနိုင်မှသာ သစ်ပင်ကို ကောင်းမွန်ကျွမ်းကျင်စွာ တတ်နိုင်ပေမည်။

စိတ်တည်ငြိမ်မှု၊ အာရုံစုစည်းနိုင်မှုနှင့် မိမိကိုယ်မိမိ ယုံကြည်မှုများလည်း ပြည့်ဝဖို့လိုပေရာ သစ်ပင်တတ်ကျွမ်းကျင်ဗိုင်နိုင်သူ တစ်ယောက်သည် အတွင်းအားလေ့ကျင့်မှု အခြေခံနည်းလမ်းများကို နားလည်နေသည်ဟုပင် ဆိုနိုင်သည်။

ယန်ကူသည် သစ်ပင်တက်ကောင်းပြီး စိတ်ထားဖြူစင်ရှင်းလင်းသော ကျန်းယိမင်းနှင့် လိုက်ဖက်မည့် အဆင့်မြင့်သိုင်းကွက်ကို

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားရှာဖွေရရှိသွားခဲ့သည်။

✣

"မျောက်ဝံရိုင်းတုလန်းကို ရင်ဆိုင်အနိုင်ယူနိုင်မယ့် သိုင်းကွက်သင်မပေးခင် သိုင်းပညာရဲ့အဓိကအခြေခံအချက်တွေကို မင်းနားလည်တတ်သိထားအောင် ပြောပြမယ်၊ ဒါဟာလည်း ထူးထူးခြားခြား တီထွင်ဖန်တီးထားတာတွေ မဟုတ်ပါဘူး၊ သူ့ဘာသာသူ တည်ရှိနေတဲ့ သဘာဝသဘောတရားတွေပါပဲ"

သိုင်းပညာသင်ကြားပေးရန်အတွက် ယန်ကူက အစပျိုးပြောကြားသည်။

"ဟုတ်ကဲ့ ... ပြောပါ ခေါ်လေး၊ ကျွန်တော် မှတ်သားထားပါ့မယ်"

"အကျယ်ချဲ့ထွင်ချင်တယ်ဆိုရင် အရင်ဆုံး အကျဉ်းချုပ်ရတယ်၊ အပေါ်တက်ချင်တယ်ဆိုရင် အရင်အောက်ကိုဆင်းရတယ်၊ ရယူချင်တယ်ဆိုရင် အရင်ပေးဆပ်ရတယ်၊ မာကြောကြမ်းတမ်းမှုကို နူးညံ့သိမ်မွေ့မှုနဲ့ အနိုင်ယူရတယ်၊ အားအင်ပြင်းထန်မှုကို ပျော့ပျောင်းမှုနဲ့ အနိုင်ယူရတယ်"



ယန်ကူ ပြောကြားသည့်များမှာ ကျန်းယိမင်းအတွက် အထူးအဆန်းတွေချည်း ဖြစ်သည်။

အကျယ်ချဲ့ချင်ရင် အကျဉ်းချုပ်ရမယ်တဲ့ ...

ရချင်ရင် ပေးရမယ်တဲ့ ...

ကြမ်းတမ်းမှုကို နူးညံ့သိမ်မွေ့မှုနဲ့ အနိုင်ရတယ်တဲ့ ...

အားအင်ကို ပျော့ပျောင်းမှုနဲ့ နိုင်တယ်တဲ့ ...

သို့သော် ...

ကျန်းယိမင်းသည် ဘာမျှစောဒကတက်ခြင်းမပြု။

ယန်ကူ၏ထူးဆန်းလှသော စကားများကိုသာ ဦးနှောက်ထဲတွင် စွဲနေအောင် မှတ်သားထားလိုက်လေသည်။

"အဲ့ဒါတွေအားလုံးရဲ့ အချုပ်က ဆန့်ကျင်ဘက်ချင်း အားပြိုင်မှုပဲ၊ ဆန့်ကျင်ဘက်ချင်း အားပြိုင်မှုသဘောကို သိလာရင် ဘာမှမရှိရအောင် စိတ်အာရုံကို လျှော့ချရှင်းပစ်တာ လုပ်နိုင်လိမ့်မယ်၊ စိတ်အာရုံထဲမှာ ဘာမှမရှိအောင် လုပ်နိုင်ခြင်းဟာ ကြီးမားတဲ့ စွမ်းအားတွေကို ဖန်တီးနိုင်တဲ့လျှို့ဝှက်သော့ချက်ပဲ၊ နားလည်ရဲ့လား"

ယန်ကူပြောသည်များကို ကျန်းယိမင်း နားမလည်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

ယန်ကူ ပြောကြားသည့်စကားများ တစ်ခုမျှမကျန်ရအောင် တော့ သေသေချာချာ မှတ်သားထားလိုက်ပြန်သည်။

"ငါသင်ပြပေးမယ့်အဆင့်မြင့်သိုင်းကွက်ကို အစွမ်းထက် ထက်နဲ့ ထိထိမိမိ အသုံးချနိုင်ဖို့က မှန်ကန်တဲ့အသက်ရှူနည်းနဲ့ အသက်ရှူတတ်ဖို့လိုတယ်၊ အဲဒါကလည်း သိပ်မခက်ပါဘူး၊ ငါ သင်ပြပေးမယ်"

"ဟုတ်ကဲ့"

"ပထမဆုံး ဘာကိုမှမစဉ်းစားရဘူး၊ စိတ်အာရုံထဲမှာ ဘာမှ မရှိအောင် လုပ်ရမယ်၊ ပြီးတော့ အသက်ရှူသွင်းတာ၊ ရှူသွင်းထား တဲ့အသက်ကို ပြန်ထုတ်ပစ်တာကိုပဲ အာရုံပြုရမယ်၊ ဒီလို အာရုံပြုနိုင် တဲ့အခါ အသက်ကို ပြင်းပြင်းရှူရှူသွင်းလိုက်တဲ့အသက်ဟာ ချက် အောက်ဘက်က တန်တန်သွေးကြောကွက်နေရာကို အရောက်တိုး ဝင်သွားရမယ်၊ ချက်အောက်ဘက်ကို တိုးဝင်ရောက်သွားတာကို လည်း ကောင်းကောင်း အာရုံပြုပြီး သိရှိရမယ်၊ အဲဒီလို လုပ်နိုင်ရင် မင်းဟာ အသက်ရှူတဲ့ နည်းလမ်းမှန်သွားပြီ၊ ကဲ ... စလုပ်ကြည့်ပေ တော့"



"ဟုတ်ကဲ့၊ ကျွန်တော်က ဘယ်လိုမျိုးနေပြီးတော့ အသက် ရှူလေ့ကျင့်ရမှာလဲ"

"ဘယ်လိုအနေအထားမျိုးဖြစ်ဖြစ် ရတယ်၊ မင်းစိတ်ထဲမှာ သက်သောင့်သက်သာ အဖြစ်ဆုံးလို့ထင်တဲ့ ကိုယ်နေဟန်ထားအတိုင်း နေပြီး လေ့ကျင့်ပေတော့"

"ဟုတ်ကဲ့ ... ဒေါ်ဒေါ်"

မတ်တတ်ရပ်ခြင်း၊ ထိုင်ခြင်း၊ ပက်လက်အိပ်ခြင်း၊ မှောက် လျက်အိပ်ခြင်း၊ စောက်ထိုးနေခြင်း စသည့် ကိုယ်နေဟန်ထား အမျိုး မျိုးအနက် လူအများစုအတွက် သက်သောင့်သက်သာ အရှိဆုံးအနေ အထားမှာ ခါးကို မတ်မတ်ထား၍ တင်ပျဉ်ခွေထိုင်ခြင်း ဖြစ်သည်။

ကျန်းယိမင်းကလည်း တင်ပျဉ်ခွေထိုင်သည့် အနေအထား ကိုပင် နှစ်သက်သဘောကျသူဖြစ်ရာ ထိုအနေအထားအတိုင်းထိုင် လျက် ယန်ကူပြောပြသည့်နည်းလမ်းအတိုင်း အသက်ရှူလေ့ကျင့် သည်။

ကျန်းယိမင်းကို ယန်ကူက ပြောဆိုသင်ပြပေးသည့်အသက် ရှူနည်းဆိုသည်မှာ အမှန်စင်စစ် ကာဝိမနော အတွင်းအားကျင့်စဉ်၏ အခြေခံနည်းလမ်းတစ်ခုသာ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကဝိမနော‌အတွင်းအား ကျင့်စဉ်သည် ဘာမျှထူးထွေးဆန်းပြားခြင်းမရှိ။

သဘာဝ၏နိယာမတရားများပေါ်တွင် အခြေခံထားသည့်အတွက် လွယ်ကူရိုးစင်းပေသည်။

မရှိမဖြစ် အဓိကလိုအပ်ချက် တစ်ခုသာရှိသည်။

သဘောထား ရိုးဖြောင့်ကာ စိတ်နေစိတ်ထား ကြည်လင်သန့်စင်သူမှသာ ကဝိမနော အတွင်းအား ကျင့်စဉ်များကို ထိမိပိုင်နိုင်စွာ လေ့ကျင့်နိုင်သည်။

စိတ်ထား၊ မရိုးဖြောင့်သူများ၊ ကောက်ကျစ်သူများ၊ စိတ်ယုတ်မာသူများ၊ မနာလိုဝန်တိုစိတ် ကြီးမားသူများ စသည့်စိတ်ထားမကြည်လင်သူတို့သည် ကဝိမနော အတွင်းအားကို ပိုင်နိုင်စွာ လေ့ကျင့်နိုင်ကြမည် မဟုတ်ပါ။

ကျန်းယိမင်းသည် စိတ်ထားအထူးပင် ဖြူစင်ရိုးသားသူဖြစ်ရာ ကဝိမနောအတွင်းအား လေ့ကျင့်မှု၏မရှိမဖြစ် လိုအပ်သော အဓိကအချက်နှင့် လုံးဝပင် ပြည့်စုံ၍နေသည်။

ယန်ကူ၏သင်ပြပြောဆိုမှုကလည်း ရှင်းလင်းလွယ်ကူတိကျမှန်ကန်နေပေရာ အချိန်အနည်းငယ်အတွင်းမှာပင် ကဝိမနော



အား ကျင့်စဉ်၏အခြေခံနည်းလမ်းဖြစ်သော အသက်ရှူနည်းကို ပိုင်နိုင်တတ်မြောက်သွားလေတော့သည်။

✢

အချိန်အနည်းငယ်မျှသာ ကြာသည်။

ကျန်းယိမင်းသည် ယန်ကူသင်ပြပေးသည့် နည်းလမ်းအတိုင်း အသက်ရှူခြင်း ပြုနိုင်တော့သည်။

ဘာမျှပင် အခက်အခဲ မတွေ့လိုက်။

စိတ်အာရုံကို စုစည်းကာ အသက်ရှူမှု တစ်ခုတည်းတွင်သာ အထူးအာရုံစိုက်ထားလိုက်ခြင်းဖြင့် စိတ်တည်ငြိမ်မှု ရလာသည်။

ရှူသွင်းလိုက်သည့် ဝင်သက်လေ၏လမ်းကြောင်းအတိုင်း စိတ်အာရုံကပါ ရရှိသွားသည်။

သာမန်အားပြင်းပြင်း ရှူသွင်းမှုပြုလျှင် ဝင်သက်လေသည် ချက်အောက်ဘက်ရှိ တန်ကန်သွေးကြောကွက်နေရာသို့ ရောက်အောင် တိုးဝင်သွားပေသည်။

သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



ဝင်သက်လေ တိုးဝင်သွားမှုကို အာရုံစူးစိုက်မှု မပြုလျှင် ထိုအချက်ကို သိနိုင်မည်မဟုတ်။

အာရုံစူးစိုက်သောအခါ သိသာသည်။ ထိုသိသာမှုကြောင့်ပင် ဝင်သက်လေရှူရှိုက်မှု ပိုအား ကောင်းသည်။

ချက်အောက်ဘက်ဆီသို့ ဝင်သက်လေရောက်ရှိမှု ပိုမိုများပြားလာသည်။

ဝင်သက်လေကို အာရုံစူးစိုက်မှုသည် စိတ်တည်ငြိမ်မှုကို ပို၍ဖြစ်စေသည်။

ဝင်သက်လေ ချက်အောက်အထိ တိုးဝင်လာမှုကြောင့် ဝင်သက်လေ၏အာနိသင် ဓွမ်းအင်များ၊ ကိုယ်ခန္ဓာထဲရှိ သွေးကြောနှင့် အာရုံကြောများသို့ ပျံ့နှံ့စီးဝင်မှု ပို၍များပြားထိရောက်သည်။

ဤအခါတွင် ...

စိတ်လည်း ကြည်လင်သည်။

ကိုယ်လည်း လန်းဆန်းသည်။

ပြီးတော့ အာရုံများလည်း ပိုမိုထက်မြက်လာသည်။

အလွန် ရိုးစင်းလှသည်ဟု ကျန်းယိမင်းက ထင်ထားခဲ့သော ယန်ကူသင်ပြပေးသည့် အသက်ရှူနည်းကလေးသည် ထူးခြားသော



ဓွမ်းရည်သတ္တိများ ပေးစွမ်းနိုင်ကြောင်း လက်ငင်းဒိဋ္ဌပင် သိမြင်လာရတော့သည်။

ကျန်းယိမင်းသည် အလွန်အားတက်လာသလို ဤအသက်ရှူနည်း၏ အာနိသင်များကိုလည်း အလွန်သဘောကျ နှစ်ခြိုက်လာလေရာ အာနိသင်များ ပိုမိုရရှိရလေအောင် အသက်ကို ပို၍ပြင်းပြင်းရှူလာသည်။

အလိုလောဘဖက်လာသမို့ ကျန်းယိမင်း၏စိတ်မှာ စောစောကလို ကြည်လင်သန့်စင်မှု အပြည့်အဝ ရှိမနေတော့။

ကာဝိမနော အတွင်းအား ကျင့်စဉ်၏ မရှိမဖြစ် အဓိကလိုအပ်ချက်ဖြစ်သော စိတ်ကြည်လင် သန့်စင်မှု မရှိတော့သည့်အတွက် အသက်ရှူလေ့ကျင့်မှုတွင်လည်း အကျိုးမပွားတော့ပါ။

ရှုပ်ရှုပ်ထွေးထွေးတွေ ဖြစ်လာသည်။

ချွတ်ချော် တိမ်းစောင်းမှုတွေ ပေါ်လာသည်။

ကျန်းယိမင်းသည် မိမိအမှားကို သိမြင်ကာ ချက်ချင်းဖြင်သည်။

အလိုလောဘကြီးသလိုဖြစ်မှုကို ဖျောက်ပစ်သည်။

မူလအတိုင်း စိတ်ထားရိုးရိုးစင်းစင်းဖြင့် ပြန်လည်လေ့ကျင့်မှု

www.burmeseclassic.com

www.burmeseclassic.com



ပင် အခြေအနေကောင်းမွန်အဆင်ပြေသွားသည်။

ရှုပ်ထွေးမှုတွေ မရှိတော့။

ချွတ်ချော်တိမ်းစောင်းမှုတွေလည်း မဖြစ်တော့။

ကျန်းယိမင်း အသက်ရှုလေ့ကျင့်နေသည်ကို ယန်ကူက ဘေးမှထိုင်ကာ အကဲခတ်ကြည့်ရှုနေခဲ့သည်။

ကျန်းယိမင်း၏ တိုးတက်မှုများ၊ ရှုပ်ထွေးချွတ်ချော်မှုများ ပြန်လည်တည့်မတ် မှန်ကန်မှုများကို ကောင်းစွာ အကဲခတ်သိမြင်သည်။

ကျန်းယိမင်း၏စိတ်ထားဖြူစင်ကြည်လင်မှုနှင့် အာရုံတည်ငြိမ်စုစည်းနိုင်မှုတို့ကိုတော့ ယန်ကူ အသိအမှတ်ပြု ချီးမွမ်းမိလေသည်။

✢

ကဝိမနောအတွင်းအားကျင့်စဉ်၏ အခြေခံဖြစ်သော အသက်ရှုနည်းကို ကောင်းမွန်မှန်ကန်စွာ လုပ်ဆောင်နိုင်ပြီးနောက် ယန်ကူက သိုင်းကွက်တစ်ကွက် ဆက်လက်သင်ပြပေးသည်။



ကဝိမနောသိုင်းပညာ၏ နဂါးလှိုင်းစီး သိုင်းကွက်ပင် ဖြစ်သည်။

နဂါးလှိုင်းစီးသိုင်းကွက်သည် ပေါ့ပါးမြန်ဆန်စွာ လှုပ်ရှားတိုက်ခိုက်ရသည့် သိုင်းကွက်ဖြစ်သည်။ ကိုယ်ဖော့ပညာအခြေခံသော သိုင်းကွက်ဟုပင် ဆိုနိုင်သည်။

သစ်ပင်တက်ကျွမ်းကျင်ပြီး သွက်လက်မြန်ဆန်ပေါ့ပါးစွာ လှုပ်ရှားနိုင်သည့် ကျန်းယိမင်း၏အခြေခံစွမ်းရည်များနှင့် ကိုယ်ဖော့ပညာအခြေခံသည့် နဂါးလှိုင်းစီးသိုင်းကွက်တို့သည် အလွန်ပင် လိုက်ဖက်နေပေသည်။

နဂါးလှိုင်းစီးသိုင်းကွက်၏ လှုပ်ရှားတိုက်ခိုက်ဟန်များသည် ကျန်းယိမင်းအတွက် အခက်အခဲ သိပ်မတွေ့တော့။

လွယ်ကူစွာ နားလည်သဘောပေါက်သလို ချောမောအဆင်ပြေစွာလည်း လေ့ကျင့်နိုင်ခဲ့သည်။

မွန်းတည့်ချိန်လောက်တွင် နေ့လယ်စာ စားသောက်ရန်အတွက် သိုင်းလေ့ကျင့်မှု ခေတ္တရပ်တန့်သည်။

ကျန်းယိမင်းထံတွင် မိခင်ဖြစ်သူ ပြုလုပ်ပေးလိုက်သော အသားပေါက်စီနှင့်လမုန့်အနည်းငယ် ပါရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ကူအတွက်မူ အသားကင်များနှင့် ကောက်ညှင်းထုပ်တို့ ရှိနေသည်။

သစ်သီးဖျော်ရည်များပင် ရှိနေရာ နွေလယ်စာကို ကောင်းကောင်းမွန်မွန် ဖွယ်ဖွယ်ရာရာပင် စားသောက်ကြရသည်။

စားသောက်ပြီး ခေတ္တအနားယူကာ ဆက်လက်၍ သိုင်းပညာလေ့ကျင့်သည်။

ယန်ကူက အနားမှစောင့်ကြည့်ကာ လိုအပ်သည်များကို ထောက်ပြပြောဆိုပေးသည်။

ကျန်းယိမင်းသည် နဂါးလှိုင်းစီးသိုင်းကွက်၏ သဘောကို နားလည်တတ်သိနေပြီဖြစ်ရာ ဟာကွက်၊ လွဲချော်ချက်များ သိပ်မရှိလှပါ။

ပိုင်နိုင်ကျွမ်းကျင်အောင် ထပ်ပြန်တလဲလဲလေ့ကျင့်မှုပြုလုပ်ရာတွင်သာ လိုအပ်မှုကလေးများ ရှိလာရာ ယန်ကူက ထောက်ပြကူညီပေးရသည်။

ညနေပိုင်းအချိန် ရောက်သောအခါတွင် ကျန်းယိမင်းသည် နဂါးလှိုင်းစီး သိုင်းကွက်ကို ပိုင်နိုင်ကျွမ်းကျင်သွားလေတော့သည်။

သိုင်းလေ့ကျင့်မှုရပ်နားပြီး ညနေစာစားသောက်ကြသည်။



အိပ်တန်းတက်ကြမည့် ငှက်များလည်း သူတို့အသိုက်အသီးသီးသို့ ပြန်လာကြရာ သူတို့ရှိနေသည့် ကညင့်ပင်ကြီးထက်မှနေ၍ အိပ်တန်းပြန်ငှက် အမျိုးမျိုးတို့ကို လှမ်းကြည့်တွေ့မြင်နိုင်သည်။

"ကဲ … ငါတို့အောက်ဆင်းကြစို့၊ မင်းက နဂါးလှိုင်းစီးသိုင်းကွက်ကို ပိုင်နိုင်နေပြီဆိုတော့ လမ်းမှာ တုလန်းနဲ့တွေ့ရင်လည်း ဘာမှကြောက်စရာမလိုတော့ဘူး၊ ရင်ဆိုင်တိုက်ခိုက်လိုက်ရုံပဲ"

ညစာ စားသောက်ပြီးသောအခါ ယန်ကူက ပြောသည်။

"လမ်းမှာမဟုတ်ပါဘူး၊ မကြာခင်ပဲ တုလန်းကို ရင်ဆိုင်ရပါလိမ့်မယ်၊ သူ ဒီကိုလာနေပါပြီ"

ကျန်းယိမင်းက ခပ်အေးအေးပြောသည်။

ယန်ကူ မျက်မှောင်ကြုတ်သွားပြီး …

"ဟင် … မျောက်ဝံရိုင်းတုလန်း လာနေပြီလို့ မင်းက ဘာကြောင့် ပြောနိုင်တာလဲ"

"ဟိုမြောက်ဘက်က အိပ်တန်းပျံငှက်တွေ ပျံဝဲနေကြတာက ခါတိုင်းလိုမဟုတ်ဘဲ ထူးခြားနေတယ်၊ ဒါကိုကြည့်ပြီး လူတစ်ယောက်ယောက် အဲဒီဘက်ကနေလာနေမှန်း သိနိုင်တာပေါ့၊ ဒီတောအုပ်ထဲကို အခုလိုအချိန်မှာ ဝင်လာတဲ့လူဟာ တုလန်းကလွဲပြီး အခြားဘယ်

www.burmeseclassic.com

www.burmeseclassic.com



သူများ ဖြစ်နိုင်မှာလဲ”

မြောက်ဘက်ရူးရူးသို့ ယန်ကူ လှမ်းကြည့်သည်။

အိပ်တန်းပျံငှက်များ ပျံနေကြသည်ကို မြင်ရသည်။

ယန်ကူ၏အမြင်တွေ့င်တော့ ငှက်များ၏ ပျံဝဲနေမှုသည် ဘာမျှ မထူးခြားပါ။

ဤတောအုပ်၏ သဘာဝဝန်းကျင်အနေအထားနှင့် တောနေတိရစ္ဆာန်များ၏သဘာဝကို တတ်သိကျွမ်းကျင်သော ကျန်းယိမင်း၏ပြောဆိုချက် မှားယွင်းသည်ဟူ၍တော့ ယန်ကူ ငြင်းပယ်ကန့်ကွက်ခြင်း မပြုလိုပါ။

ကျန်းယိမင်းကို နဂါးလှိုင်းစီးသိုင်းကွက် ကျနပိုင်နိုင်စွာ တတ်မြောက်အောင် သင်ပြပေးထားပြီးဖြစ်ရာ အကယ်၍ မျောက်ဝံရိုင်းတုလန်း ရောက်လာလျှင်လည်း ရင်ဆိုင်လိုက်ရုံသာ ရှိသည်။

ဘာမျှတွေးပူပြီး စိုးရိမ်သောကရောက်နေစရာ မရှိတော့ပါ။

မြန်မြန်ရင်ဆိုင်တွေ့လိုက်လျှင် ပြဿနာစောစောအေးငြိမ်းသွားသည်ဟူ၍သာ ယန်ကူက သဘောပိုက်ထားလိုက်သည်။



ကျန်းယိမင်း၏တွက်ကိန်း မှန်နေသည်။

မကြာမီမှာပင် ကညင်ပင်ညီမ၏ခြေရင်းသို့ မျောက်ဝံရိုင်းတုလန်း ရောက်ရှိလာသည်။

တုလန်းသည် အသက်လေးဆယ်ခန့်ရှိသည်။ အရပ်မြင့်ပြီး ကိုယ်ဟန်သွယ်သည်။ ခြေတံလက်တံရှည်သည်။

ခါးကိုင်းကိုင်းနှင့်ဖြစ်ရာ ခံယူထားသည့် ‘မျောက်ဝံရိုင်း’ ဟူသော အမည်နှင့် လိုက်ဖက်သည်ဟု ဆိုရမည်။

သစ်ပင်အောက်သို့ တုလန်းရောက်လာချိန်တွင် ယန်ကူတစ်ယောက်တည်းသာ ဝါးအိမ်လေးတံခါးဝရှိ ဝါးကပြင်ထက်တွင် ထိုင်၍နေသည်။

ကျန်းယိမင်းမှာမူ ကညင်ပင်ညီမ၏ အကိုင်းအခက်များအကြားတွင် မျက်ကွယ်ယူကာ ပုန်းအောင်းနေလေပြီ။

“ဘယ်လိုလဲ ယန်ကူ … ကျုပ်ကို အဆင့်မြင့်သိုင်းပညာတွေ သင်ပြပေးဖို့ စိတ်ကူးရပြီလား”

တုလန်းက သစ်ပင်ထက်သို့ မော်ကြည့်ပြီး ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ဘာသိုင်းပညာမှ မတတ်ဘူး၊ ဒီတော့ ရှင့်ကို ဘယ်လိုလုပ်ပြီး အဆင့်မြင့်သိုင်းပညာတွေ သင်ပြပေးနိုင်မှာလဲ"

သစ်ပင်ထက်ရှိ ဝါးအိမ်လေးပေါ်မှ ယန်ကူက ပြန်ပြောသည်။

"အပိုစကားတွေ ပြောမနေပါနဲ့၊ ခင်ဗျားဟာ သိုင်းပညာကိုယ်တိုင်မတတ်ကျွမ်းပေမယ့် သူများကိုတော့ အဆင့်မြင့်သိုင်းပညာတွေ သင်ပြပေးနိုင်တယ်ဆိုတာ ကျုပ်သိထားပြီးသားပါ။ ကျုပ်ကို များများစားစား သင်ပေးစရာလည်းမလိုဘူး၊ အဆင့်မြင့်သိုင်းကွက် ငါးကွက်သာ သင်ပေး၊ ပြီးရင် ခင်ဗျားဘာသာ လွတ်လွတ်လပ်လပ် သွားချင်ရာသွားနိုင်ပြီ၊ ကျုပ် ခင်ဗျားကို လုံးဝလိုက်အနှောင့်အယှက်မပေးဘူး၊ ခင်ဗျားအကြောင်းကိုလည်း ဘယ်သူ့ကိုမှ မပြောဘူး"

ယန်ကူက ဘာမျှပြန်မပြော။

နှုတ်ပိတ်၍ ဆိတ်ဆိတ်သာနေသည်။

"ခင်ဗျား ဒီလိုခေါင်းမာနေမယ်ဆိုရင်တော့ ကျုပ်ကလည်း ပြန်အကျပ်ကိုင်ရလိမ့်မယ်၊ အခု ခင်ဗျားဆီကို အစာရေစာ ထပ်ပို့မပေးတော့ဘူး၊ ခင်ဗျား အဲဒီဝါးအိမ်ပေါ်မှာ အငတ်ပဲ ခံနေနိုင်



မလား။ ကျုပ်ပြောတာကို လိုက်လျောမလားဆိုတာကို ကြည့်ရမယ်"

တုလန်း ဤစကားပြောအပြီးမှာပင် ရိပ်ခနဲလှုပ်ရှားမှုနှင့်အတူ သစ်ပင်၏နောက်ကွယ်မှ လူတစ်ယောက်ထွက်လာသည်။

တုလန်းက သစ်ပင်နောက်ကွယ်မှ ရုတ်တရက်ထွက်လာသူကို မျက်လုံးပြူးကာ အကဲခတ်ကြည့်လိုက်သည်။

အသက်ဆယ့်ခုနစ်နှစ်ရှိသည့် လူလင်ပျိုတစ်ယောက်။

ရုပ်ကလေးကတော့ သန့်သည်။

သနားကမား။

ဒါပေမဲ့ အဝတ်အစားကတော့ မသားနား။

ခပ်နွမ်းနွမ်း ချည်ကြမ်းဝတ်စုံကို ဝတ်ထားသည်။

ကျေးတောသား တစ်ယောက်အသွင်မျိုး။

✢

မျောက်ဝံရိုင်းတုလန်း၏ရှေ့မှောက်သို့ ရုတ်တရက်ရောက်ရှိလာသူမှာ ကျန်းယိမင်းပင် ဖြစ်သည်။

တုလန်းနှင့်ယန်ကူတို့ စကားဆိုနေကြချိန်မှာပင် ကျန်းယိ

www.burmeseclassic.com

www.burmeseclassic.com



မင်းသည် လက်ဆွဲတော် နွားအကြောကြိုးခွေကို အသုံးပြုကာ ကညင်ပင်ညီမထက်မှနေ၍ အောက်သို့ လျှင်မြန်စွာ ခိုတွဲဆင်းလာခဲ့သည်။

ပင်စည်ကို မျက်ကွယ်ပြုကာ အသာခိုကပ်ပုန်းအောင်းနေပြီး တုလန်း ခြိမ်းခြောက်စကားများ ပြောကြားပြီး ပြန်လှည့်သွားမည်အပြုတွင် ရုတ်တရက် ထွက်၍ရင်ဆိုင်လိုက်ခြင်း ဖြစ်သည်။

ဤနေရာသို့ အခြားလူများ ရောက်မလာနိုင်ဟု တွက်ထားခဲ့သော တုလန်းသည် ကျန်းယိမင်းကိုတွေ့ရသောအခါ အတော့်ပင် အံ့သြ၍နေသည်။

"မျောက်ဝံရိုင်းတုလန်းဆိုတာ ခင်ဗျားလား"

ကျန်းယိမင်းက မေးသည်။

မိမိ၏နာမည့်ကိုပါ ဒက်ခနဲထုတ်ဖော်၍ မေးလာသည့်အတွက် တုလန်းအဖို့ ပိုအံ့သြစရာဖြစ်သည်။

"အေး … ဟုတ်တယ်၊ မင်းကရော ဘယ်သူလဲ"

"ကျွန်တော့်နာမည် ကျန်းယိမင်း"

"အင်း"

"ဒေါ်ဒေါ်ယန်ကူကို အန္တရာယ်ပေးဖို့ ခင်ဗျား စိတ်မကူးပါနဲ့"



"အလို"

'ဒေါ်ဒေါ်ယန်ကူ' ဆိုသော အသုံးအနှုန်းကြောင့် တုလန်း မျက်မှောင်ကြုတ်သွားသည်။

တုလန်းသည် ယန်ကူအကြောင်းကို အပြည့်အစုံမဟုတ်သော်လည်း အနည်းအကျဉ်းတော့ သိထားသည်။

ယန်ကူသည် ဘီလူးအဖွဲ့တွင် အရေးပါအရာရောက်သောသူတစ်ယောက်ဖြစ်ကြောင်းကိုလည်း သိထားရာ ကျန်းယိမင်း ဘီလူးအဖွဲ့ဝင်တစ်ယောက် ဖြစ်လေမည်လားဟု တွေးကြည့်မိသည်။

ကျန်းယိမင်းကို သေသေချာချာ အကဲခတ်ကြည့်သည်။

သိုင်းသမားတစ်ယောက်၏အသွင်အပြင် လုံးဝမရှိ။

ကျေးတောသားတစ်ယောက်၏ ဟန်ပန်များသာ ရှိနေရာ ဦးဆိုမ်စိတ်တော့ သိပ်မဖြစ်မိပါ။

"မင်းက ဘီလူးအဖွဲ့ဝင်လား"

သေချာအောင်တော့ မေးခွန်းထုတ်ကြည့်သည်။

"မဟုတ်ဘူး"

ကျန်းယိမင်းမှာ ရိုးဖြောင့်သူတစ်ယောက်ဖြစ်ရာ တုလန်း၏ မေးခွန်းကို အလိုက်အထိုက်ပြန်ဖြေကာ ဘီလူးအဖွဲ့အမည်ကို သုံး၍

www.burmeseclassic.com

www.burmeseclassic.com



ဟန်ဟိတ်ထုတ်ရန် စိတ်ကူးမရ။

အမှန်အတိုင်းသာ ပြန်လည်အဖြေပေးသည်။

မျောက်ဝံရိုင်းတုလန်း စိတ်အေးသွားသည်။

"မင်းက ဘာကိစ္စရှိလို့ အခုလို ထွက်လာရတာလဲ"

ကျန်းယိမင်းသည် ခေတ္တတွေဝေသွားပြီး ...

"အင်း ... ခင်ဗျားကို တိုက်ထုတ်ပစ်ဖို့ပဲ"

ကျန်းယိမင်းသည် ရန်လိုတတ်သူတစ်ယောက် မဟုတ်ပေ။ တိုက်ပွဲအတွေ့အကြုံဟူ၍လည်း လုံးဝမရှိ။

ထို့ကြောင့် ...

ကျန်းယိမင်းက တိုက်ခိုက်မည်ဟု ပြောလိုက်သော စကားသည် အသက်မဝင်။ ဆားမပါသည့် ဟင်းလိုမျိုးဖြစ်နေသည်။

တုလန်းအနေဖြင့် ကျန်းယိမင်းအပေါ် အထင်အမြင်သေး၍ ပင် လာသည်။

မလောက်လေး မလောက်စားဟုယည်း ထင်သွားသည်။

"လာလာချည်သေး၊ မင်းလို သိုင်းပညာ မတောက်တခေါက်တတ်ထားတဲ့ ကောင်ငယ်လေးက ငါလို ဝါရင့်သိုင်းသမားကြီး တစ်ယောက်ကို တိုက်ခိုက်မလို့လား ... ကြည့်လုပ်စမ်းပါဦးကွာ"



တုလန်းက မျက်နှာတည်တည် လေသံမာမာ ဟန်ဟိတ် အပြည့်နှင့် ပြောလိုက်ရာ တိုက်ပွဲအတွေ့အကြုံမရှိသေးသည့် ကျန်းယိမင်းမှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။

တုလန်းက ဒါကို အခွင့်ကောင်းယူကာ ကျန်းယိမင်းထံ ရှေးခနဲ ခုန်ဝင်လာသည်။

ထိုသို့ခုန်အဝင်တွင် ညာလက်ဝါးဖြင့် ကျန်းယိမင်းကို အုပ်မိုး ရိုက်ချသည်။

✢

မျောက်ဝံရိုင်းတုလန်းက ညာလက်ဝါးဖြင့် ရိုက်နက်တိုက် ခိုက်လာပြီ။

လက်ဝါးဖြင့် ရိုက်သည်ဆိုသော်လည်း လက်ချောင်းငါး ချောင်းကို ကွေးညွတ်ထားမရော လက်သည်းများကလည်း ရှည်ထက် ရှည်လျားသည့်အတွက် လက်သည်းဖြင့် လှမ်းကုတ်ဆွဲသည့်သဘော မျိုးပင် ဖြစ်သည်။

သိုင်းကွက်က သိပ်အဆင့်အတန်းမမြင့်သော်လည်း လက်

www.burmeseclassic.com



သည်းများက အတော်ရှည်လျား ချွန်ထက်ပေရာ လှမ်းကုတ်ဆွဲရိုက်ချလိုက်သည့် ဟန်ဟိတ်ကတော့ မျက်စိအမြင်တွင် ကြောက်စရာကောင်းလှပေသည်။

"အီးယား"

ကျယ်လောင်သော မာန်သွင်းဟစ်ကြွေးသံဖြင့်လည်း အားဖြည့်ထားလိုက်ပြန်သေးသည်။

အကြောင်းမသိသူများအနေဖြင့် သည်းထိတ်ရင်ဖိုဖွယ်ရာ။

ကျန်းယိမင်းလို အတွေ့အကြုံမရှိသူတစ်ယောက် ကြောက်ရွံ့နောက်တွန့်သွားစေလောက်သည့် ခြိမ်းခြောက်တိုက်ခိုက်မှု ဖြစ်ပေသည်။

ကျန်းယိမင်းသည် ယခုကဲ့သို့ တိုက်ပွဲမျိုး တိုက်ခိုက်ခဲ့ဖူးသည့်အတွေ့အကြုံ လုံးဝမရှိသော်လည်း ပင်ကိုသတ္တိကောင်းသည်။ ရဲရင့်တည်ကြည်သည်။ ပြီးတော့ မိမိကိုယ်မိမိ ယုံကြည်စိတ်ကလည်း အပြည့်အဝ ရှိသည်။

ထို့ကြောင့် တုလန်း၏တိုက်ခိုက်မှုဟန်ဟိတ်တွင် ကြောက်လန့်သွားမှုမျိုး မဖြစ်။ နောက်လည်း မတွန့်။

ယန်ကူ သင်ကြားပြသပေး၍ လေ့ကျင့်တတ်မြောက်ထား



သော နဂါးလှိုင်းစီး သိုင်းကွက်အတိုင်း လှုပ်ရှားပြီး ပြန်လှန်တိုက်ခိုက်သည်။ တုလန်း၏ ကုတ်ဆွဲချက်မှာ ဘယ်နေရာကို ဦးတည်ကာဘယ်ဆီသို့ ခြိမ်းခြောက်နေသည်ဆိုခြင်းကိုပင် ထည့်မစဉ်းစားတော့။

ကျန်းယိမင်း၏စိတ်အာရုံက နဂါးလှိုင်းစီးသိုင်းကွက်၏သိုင်းဟန်လှုပ်ရှားမှုထဲတွင်သာ အပြည့်အဝ စုစည်းရောက်ရှိလို့နေသည်။

ကျန်းယိမင်းက နဂါးလှိုင်းစီး သိုင်းကွက်အတိုင်း တိကျမှန်ကန်စွာ လှုပ်ရှားလိုက်ရာ တုလန်း၏ကုတ်ဆွဲရိုက်ချက်များသည် ဘာမှ အရာမရောက်တော့။

ကျန်းယိမင်းကို အန္တရာယ်ပေးနိုင်ခြင်းလည်း မရှိတော့ပါ။

သူ့ရှေ့တည့်တည့်တွင်ရှိနေသည့် ကျန်းယိမင်းသည် ရုတ်ခြည်း ပျောက်ကွယ်သွားသည်ကို တွေ့ရသောအခါ တုလန်း၏စိတ်ထဲတွင် သည်ကောင်လေး ကိုယ်ယောင်များ ဖျောက်သွားလေသလားဟုပင် ထင်လိုက်မိလေ၏။

တကယ်တော့ ကျန်းယိမင်းက ကိုယ်ယောင်ဖျောက်သွားခြင်း မဟုတ်ပါ။ နဂါးလှိုင်းစီးသိုင်းကွက်၏ သိုင်းဟန်လှုပ်ရှားကွက်များအတိုင်း နေရာပြောင်းရွှေ့သွားခြင်းသာ ဖြစ်သည်။

ကျန်းယိမင်းသည် တုလန်း၏နောက်ကျောဘက်သို့ လှစ်ခနဲ

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားလေရာ တုလန်း၏ကုတ်ဆွဲရိုက်ချက်များကို ရှောင်တိမ်းပြီးဖြစ်သလို တန်ပြန်တိုက်စစ်ဆင်နိုင်မည့်အကွက်ကောင်းကိုလည်း ရရှိသွားသည်။

တုလန်းတစ်ယောက် အံ့သြစိတ်ဖြင့် ဘာလုပ်ရမှန်းမသိဖြစ်နေချိန်မှာပင် ကျန်းယိမင်း၏ လက်ဝါးရိုက်ချက်က တုလန်း၏ နောက်ကျောအလယ်ပိုင်းနေရာဆီသို့ ကျရောက်လာသည်။

တုလန်း မရှောင်နိုင်။

ကျန်းယိမင်း၏လက်ဝါးရိုက်ချက် ဝင်လာသည်က သွက်လက်မြန်ဆန်းလွန်းပေရာ တုလန်းမှာ လက်ဝါးရိုက်ချက် ဝင်လာသည်ကိုပင် မသိလိုက်။

နောက်ကျောတွင် အရိုက်ခံရတော့မှပင် သိလေသည်။

သိသည့်အချိန်တွင် လက်ဝါးရိုက်ချက် အထိခံလိုက်ရပြီမို့ ရှောင်တိမ်းရန်လည်း မဖြစ်နိုင်တော့ပါ။

သည်တစ်ခါတွင်တော့ တုလန်း တကယ်ပင် ထိတ်လန့်တကြား ဖြစ်သည်။

လက်ဝါးရိုက်ချက် အထိခံရသောနေရာသည် တကယ်ပင် အရေးကြီးလှသည့် သေကွင်းသေကွက်နေရာပင်ဖြစ်သည်။



သည်နေရာကို လက်ဝါးရိုက်ချက် ကျကျနနအထိခံရပြီဆိုတော့ သက်သာစရာအကြောင်းမရှိ။

တုလန်းတစ်ကိုယ်လုံး ထုံကျဥ်ကာ အကြောတွေ ဆိုင်းကုန်သည်။ လှုပ်မှာလည်း ဘိုင်းခနဲလဲကျလုပင် ဖြစ်သည်။ သို့ရာတွင် ...

✣

လက်ဝါးရိုက်ချက် အထိခံရသည်နှင့် တစ်ကိုယ်လုံး ထုံကျဥ်သွားမှု ရုတ်တရက်ဖြစ်ပေါ်လာသလို ထုံကျဥ်မှုသည်လည်း ချက်ချင်းပင် ပပျောက်သည်။

ဤအတွက်ကြောင့် တုလန်းသည် ယိမ်းယိုင်လဲကျလုလုဖြစ်သော ကိုယ်ခန္ဓာကို ဟန်ချက်ပြန်ထိန်းကာ ဘေးဘက်သို့ ခုန်လွှားရှောင်ထွက်သွားနိုင်ခဲ့သည်။

ကျန်းယိမင်းသည် တိုက်ပွဲအတွေ့အကြုံ လုံးဝမရှိသည့်အတွက် တုလန်း သက်သာရာ ရသွားခြင်းဖြစ်သည်။

ကျန်းယိမင်းသည် တကယ့်အစိမ်းသက်သက်ဖြစ်ရာ အတွင်းအား အစုအစည်း၊ အထိန်းအသိမ်း အနှုတ်အလျှော့တို့ကို နား

www.burmeseclassic.com

www.burmeseclassic.com



မလည်ပေ။

မိမိ၏လက်ဝါးရိုက်ချက်၊ မျောက်ဝံရိုင်း တုလန်း၏ကျော ကုန်းကို ထိမိသည်နှင့် ကျန်းယိမင်းက အတွင်းအားများကို ဖြေလျှော့ ရုပ်သိမ်းပစ်လိုက်သည်။

တုလန်းကို ထိအောင်ရိုက်နိုင်ပြီမို့ တိုက်ပွဲလည်း အဆုံး သတ်သွားပြီဟု ကျန်းယိမင်းက ရိုးသားစွာပင် နားလည်လိုက်သည်။

သိုင်းပညာသဘောအရဆိုလျှင် လက်ဝါးရိုက်ချက်အထိတွင် အတွင်းအားကိုပါ ဖြည့်သွင်းပေးပြီးမှသာ ပြန်လည်ရုပ်သိမ်းရမည် ဖြစ်သည်။

သို့မှသာ ထိချက်နှင့်အတူ အတွင်းအားများသည်လည်း တစ်ဖက်သား၏ကိုယ်ခန္ဓာထဲသို့ တိုးဝင်သွားမည်ဖြစ်သည်။

ပြည့်ပြည့်ဝဝ တိုက်ခိုက်မှု ပြုနိုင်မည်ဖြစ်သည်။

ဤသဘောကိုမသိသည့် ကျန်းယိမင်းသည် ထိချက်နှင့် အတူ အတွင်းအားကိုပါ ထည့်သွင်းပေးခြင်း မပြုခဲ့ပေ။

သူသည် ယန်ကူသင်ပြပေးမှသာ အသက်ရှူနည်း မှန် အောင်ပြုတတ်၍ အတွင်းအားများလည်း စုစည်းရရှိခဲ့သည်။

အတွင်းအားတို့၏သဘောသဘာဝနှင့် စုစည်းအသုံးချပုံကို



နားမလည်သေးပါ။

ထိချက်တွင် အတွင်းအားဖြည့်ထည့်မပေးဘဲ ပြန်လည်ရုပ် သိမ်းလိုက်သောအခါ အားအင်လှိုင်းပြန်ကန်မှုကိုပင် ကျန်းယိမင်း ခံလိုက်ရလေသည်။

သို့သော် ကျန်းယိမင်း၏အတွင်းအားသည် အလွန်ပင် နု နယ် အားနည်းလှသေးသည့်အတွက် ဤတန်ပြန်မှုဒဏ်ကို ပြင်းပြင်း ထန်ထန် မခံစားရ။ သိသိသာသာပင် မဖြစ်။

နွေးခနဲ အေးခနဲဖြင့် ကြက်သီးများ ဖိန်းခနဲထသွားရုံ လောက်သာ ရှိခဲ့သည်။

အတွင်းအားသာ မြင့်မားပါက တန်ပြန်မှုကို ပြင်းထန်စွာခံရ ချွတ် အခန့်မသင့်လျှင် အတွင်းဒဏ်ပင် ရနိုင်ပေသည်။

ထို့ပြင် ကျန်းယိမင်း၏အတွင်းအားရော သိုင်းကွက်ပါ ရုပ် သိမ်းပယ်ရှားသွားမှုကို မျောက်ဝံရိုင်းတုလန်းက အခွင့်ကောင်းယူ သော အတင်းဖိ၍တိုက်ခိုက်လျှင်လည်း ကျန်းယိမင်း အထိနာသွား ပြီလေသည်။

သို့သော် တုလန်းသည် ပင်ကိုသတ္တိနည်းပါးကာ ဟန်မဟုတ် သော အင်အားပြကာ ခြောက်လှန့်မှုမျိုးကိုသာ အားကိုးလုပ်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



တတ်သူဖြစ်ပေရာ ကျန်းယိမင်း၏ပွက်လက်မြန်ဆန်စွာ လှုပ်ရှား တိုက်ခိုက်မှုကို မြင်ရကတည်းက လန့်နေပြီဖြစ်သည်။

တစ်ဖန် နောက်ကျောပေါ်မှ သေကွင်းသေကွက်နေရာတွင် လက်ဝါးရိုက်ချက် အထိခံရပြန်သောအခါ တုလန်း၏ကြောက်စိတ်တွေ ပို၍များပြားလာခဲ့သည်။

ထို့ကြောင့် ... ဆက်လက်တိုက်ခိုက်ရန် မကြိုးစားတော့။

တန်ပြန်တိုက်စစ်ဆင်ဖို့ကတော့ ဝေလာဝေး။

ကိုယ်ဟန်ကို ပြန်ထိန်းနိုင်သည်နှင့် တစ်ချိုးတည်းပင် ထွက်ပြေးသွားလေတော့သည်။

နောက်သို့ တစ်ချက်ကလေးမျှပင် လှည့်မကြည့်တော့။

အားအင်ကို ဘမ်းပြကာ သူတစ်ပါးအပေါ် အနိုင်ကျင့်မိုလ်ကျသူများသည် မိမိတို့ထက် သာလွန်အားကောင်းသူများကို တွေ့ရလျှင် ရင်ဆိုင်ခြင်းမပြုရဲဘဲ သတ္တိကြောင်စွာ ထွက်ပြေးတတ်မြဲပင် ဖြစ်ပေသည်။

+ + +



•

## အခန်း (၂)

မျောက်ဝံရိုင်းတုလန်းကို တိုက်ခိုက်အနိုင်ယူပြီးနောက် ကျန်းယိမင်းသည် သစ်ပင်ထက်ရှိ ဝါးအိမ်ကလေးပေါ်သို့ ပြန်တက်လာခဲ့သည်။

"ဒေါ်ဒေါ်ပြောတာ ဟုတ်တယ်၊ ဒေါ်ဒေါ်သင်ပေးတဲ့ သိုင်းကွက်နဲ့ တိုက်ခိုက်ပစ်လိုက်တာ မျောက်ဝံရိုင်းတုလန်းပြေးပြီ"

ဝါးအိမ်လေးပေါ်သို့ရောက်သောအခါ ကျန်းယိမင်းက အားရဝမ်းသာပင် ပြောသည်။

သိုင်းသမားလူဆိုးကြီးတစ်ယောက်ကို အနိုင်တိုက်ခိုက်နိုင်သည့်အတွက် ကျန်းယိမင်းသည် လူငယ်တို့သဘာဝအတိုင်း ပျော်ရွှင်မြူးတူး၍နေလေသည်။

"ငါပြောတယ်မဟုတ်လား၊ ဒီသိုင်းကွက်တစ်ကွက်နဲ့ တုလန်းလိုလူစားကို ကောင်းကောင်း အနိုင်တိုက်နိုင်ပါတယ်လို့"

www.burmeseclassic.com

www.burmeseclassic.com



ယန်ကူကလည်း ပြုံးရယ်ကာ ပြန်ပြောသည်။

"ဒေါ်ဒေါ်သစ်ပင်အောက်ကို ဆင်းနိုင်ဖို့ ကျွန်တော် နွယ်ကြိုးတွေသွားရှာလိုက်ဦးမယ်၊ နွယ်ပင်တွေက ဟိုးဘက်ပိုင်းမှာ ရှိတာမို့ နည်းနည်းတော့ အချိန်ကြာချင် ကြာလိမ့်မယ်နော်"

"မင်းက ငါ့ကို ကျောပိုးပြီး သစ်ပင်အောက်ကို သယ်ချမသွားနိုင်ဘူးလား၊ နွယ်ကြိုးတော့ ဘာတွေရှာနေရရင် အလုပ်လည်းရှုပ်မယ်၊ အချိန်လည်း ကြာမယ်"

ကျန်းယိမင်း အဖြေရခက်သွားသည်။

ယန်ကူသည် ရုပ်ရည်ချောမောသည်။ အသားကလည်းဖွေးနုနေသည်။

ထို့ပြင် ...

သက်လတ်ပိုင်းအရွယ်ရှိနေသော်လည်း ယန်ကူ၏ရယ်မောဟန်ဖြင့် စကားပြောပုံဆိုပုံတို့သည် သွက်လက်ချက်ချာကာ ဆယ်ကျော်သက်အရွယ် မိန်းမငယ်လေးများ၏ လေသံဟန်ပန်မျိုး တစ်ခါတစ်ရံ ဖြစ်နေတတ်သည်။

ယန်ကူက ဆယ်ကျော်သက်အရွယ် မိန်းမပျိုလေးများ၏ ဟန်ပန်မျိုးဖြင့် ရယ်မောပြောဆိုသောအခါများတွင် ကျန်းယိမင်း၏



စိတ်ထဲ၌ ယန်ကူကို မိမိနှင့် သက်တူရွယ်တူ မိန်းကလေးတစ်ယောက်လိုလို ထင်မြင်မိတတ်သည်။

ကျန်းယိမင်းသည် အပေါင်းအသင်းမိတ်ဆွေ နည်းပါးသူဖြစ်သည်။ သက်တူရွယ်တူ မိန်းကလေးသူငယ်ချင်းမရှိ၊ မိန်းကလေးများနှင့်လည်း နီးနီးကပ်ကပ် ရင်းရင်းနှီးနှီး မနေဖူးပေ။

ပြောရမည်ဆိုလျှင် ယန်ကူသည် ကျန်းယိမင်းအဖို့ ပထမဆုံးအကြိမ် ရင်းရင်းနှီးနှီး ပြောဆိုဖူးသော သူစိမ်းမိန်းမသားဖြစ်သည်။

ယန်ကူ၏အသက်ရွယ်သည် ကျန်းယိမင်းထက် များစွာကြီးနေသော်လည်း ကျန်းယိမင်းအနေဖြင့် ယန်ကူကို ကျောပိုးခေါ်ဆောင်သွားရန် မဝံ့မရဲဖြစ်နေသည်။ ရှက်သလိုလိုလည်း ဖြစ်သည်။

"ဟိတ် ... မေးတာကို ဖြေလေကွာ၊ ဘာတွေ ဒီလောက်တောင် စဉ်းစားနေရတာလဲ၊ တကတဲမှပဲ"

ယန်ကူက ကျန်းယိမင်း၏လက်မောင်းကို အသာဆုပ်ကိုင်ပြီး စိတ်မရှည်နိုင်သလို အမူအရာလေးဖြင့် ပြောသည်။

"ဟို ... ဟို ... ဒေါ်ဒေါ့်ကို ကျောပိုးပြီး ခေါ်သွားတာ သင့်တော်ပါ့မလားလို့ စဉ်းစားနေတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ကျန်းယိမင်းက မိမိစိတ်ထဲတွင် စဉ်းစားနေမိသည့် အကြောင်းကို ထုတ်ဖော်ကာ ပြောလိုက်မိသည်။

ယန်ကူက တခစ်ခစ်ရယ်မောလိုက်ပြီး ...

"အမယ်လေး ကျန်းယိမင်းရယ် ဖြစ်မှဖြစ်ရပလေ၊ ငါက ငယ်ငယ်ရွယ်ရွယ် မိန်းမပျိုကလေး မဟုတ်ပါဘူးကွ၊ မင်းရဲ့အမေ အရွယ်၊ အဒေါ်အရွယ်ကြီးတစ်ယောက်ပါ။ ပြီးတော့ ဒီသစ်ပင်ပေါ်က နေ အောက်ကိုမဆင်းနိုင်ဘဲ ဒုက္ခတွေ့နေရတဲ့လူ၊ ငါ့ကို ကျောပိုးပြီး သစ်ပင်အောက်ကိုချပေးတာ ဘာများမသင့်တော်စရာရှိလဲ၊ မင်းမှာ ကိုယ့်အမေအရွယ်၊ အဒေါ်အရွယ် အားကိုးရာမဲ့ မိန်းမကြီးတစ် ယောက်ကို ကူညီလိုက်ရလို့ ကုသိုလ်တောင် ရဦးမှာ၊ ကဲပါ တောင် တောင်အီအီတွေ စဉ်းစားပြီး အတွေးခေါင်မနေပါနဲ့၊ ငါ့ကိုသာ ကျော ပိုးပြီး အောက်ကိုချပေးပါ၊ အချိန်ကလည်း သိပ်မရှိတော့ဘူး၊ မကြာ ခင် မိုးချုပ်လာတော့မယ်"

ယန်ကူ စကားကြွယ်ပြီး အပြောပိုင်သောကြောင့် ကျန်းယိ မင်းမှာ ဘယ်လိုငြင်းပယ်ရမည်မှန်းပင် မသိတော့ပါ။

အားနာနာ မျက်နှာပူပူနှင့်ပင် ယန်ကူကို ကျောပိုးခေါ်ကာ ကညင်ပင်ညီမအောက်သို့ ဆင်းလာရလေသည်။



ကျန်းယိမင်းအနေဖြင့် သစ်ပင်ပေါ်တက်ခြင်း၊ သစ်ပင်ထက် မှ အောက်ပြန်ဆင်းခြင်း အလုပ်များကို ကြိမ်ဖန်များစွာ လုပ်ခဲ့သည်။

သူ့အတွက် သစ်ပင်တက်ခြင်း၊ ဆင်းခြင်းဆိုသည်မှာ ထမင်းစားရေသောက်လောက်ပင် လွယ်ကူ၍နေပြီ။

ယခု ယန်ကူကို ကျောပိုးကာ ကညင်ပင်ညီမထက်မှနေ၍ ဆင်းရခြင်းကတော့ ကျန်းယိမင်းအတွက် ခါတိုင်းလို အဆင်မချော။

လက်လွတ်ပြုတ်ကျမသွားရလေအောင် အထူးသတိထား ထား ထိန်းနေရသည်။

သစ်ပင်ကလည်း အတော်ကို မြင့်မားသည် မဟုတ်ပါလား။

မည်သို့ဆိုစေ ...

နောက်ဆုံးတွင်တော့ သစ်ပင်အောက်သို့ ချောချောမော မော ရောက်ရှိသွားကြသည်။

ဤအခါတွင်မှ ကျန်းယိမင်း ဟင်းချနိုင်သည်။

သည်လိုအဖြစ်မျိုး နောက်ထပ်အဖြစ်မခံတော့ဟုလည်း စိတ်ထဲမှ ကြိတ်ကာ ဆုံးဖြတ်လိုက်သည်။

✣

www.burmeseclassic.com

www.burmeseclassic.com



ကျန်းယိမင်းနှင့် ယန်ကူတို့နှစ်ယောက် ခြေကျင်လျှောက်ကာ သွားနေကြသည်။

စိမ်းလဲ့ရေတံခွန် တောအုပ်အပြင်ဘက်သို့ အရောက်သွားနိုင်ရန် လျှောက်လှမ်းနေကြခြင်း ဖြစ်သည်။

တောကျွမ်းသော ကျန်းယိမင်းက အတိုဆုံးလမ်းမှ သွားနိုင်အောင် လမ်းပြခေါ်ဆောင်လာခဲ့သည်။

စိမ်းလဲ့ရေတံခွန် တောအုပ်အလယ်ပိုင်းလောက်တွင်တော့ မြင့်မားသော သစ်ပင်ကြီးများသာ ပေါက်ရောက်သည့်အတွက် အောက်ခြေသိပ်မရှုပ်။

ကြွေကျနေသော သစ်ရွက်ခြောက်များမှအပ ရှင်းရှင်းလင်းလင်းရှိနေရာ သွားလာလို့ကောင်းသည်။

သို့သော် ...

မကြာမီမှာပင် အောက်ခြေရှုပ်လာသည်။

ပေါင်းပင်နွယ်ပင်များသာမက အချို့နေရာများတွင် ဆူးချုံများပါရှိရာ လျှောက်လှမ်းလို့ သိပ်အဆင်မပြေ။

လမ်းဟူ၍လည်း မယ်မယ်ရရမရှိဘဲ ချုံနွယ်ပိတ်ပေါင်းများ



အကြားမှ တိုး၍သွားနေရပေရာ သည်တောထဲတွင် သွားလာနေကျဖြစ်သော ကျန်းယိမင်းအတွက် မထောင်းတာသော်လည်း ယန်ကူအဖို့မှာမူ အတော်ပင် အခက်အခဲတွေ့၍နေပေသည်။

ခရီးသိပ်မတွင်လှ။

ညနေစောင်းကာ မှောင်ရိပျိုးစပြုလာသည့်တိုင်အောင် သူတို့နှစ်ယောက် တောအုပ်အပြင်ဘက်သို့ မရောက်ရှိကြသေး။

"ဟေ့ ကျန်းယိမင်း ... ငါ တစ်ခုလောက်မေးချင်တယ်"

ကျန်းယိမင်းသည် တတ်နိုင်သမျှ စကားမပြောဘဲ နှုတ်ဆိတ်၍ သွားနေရာ ယန်ကူက စကားအစပျိုးလိုက်သည်။

"ဟုတ်ကဲ့ ဒေါ်ဒေါ် ... ဘာမေးမလို့လဲ"

"တောထဲမှာ ခြေကျင်သွားတာနဲ့ သစ်ပင်တွေတစ်ပင်ကနေတစ်ပင် ခုန်ကူးပြီးသွားတာ ဘယ်ဟာက ပိုမြန်သလဲ"

"ဟာ ဒေါ်ဒေါ်ကလဲ ... သစ်ပင်တွေ တစ်ပင်နဲ့တစ်ပင် ခုန်ကူးပြီးသွားတာက ပိုမြန်တာပေါ့"

ကျန်းယိမင်းက အရိုးခံအတိုင်းပင် ပြန်ဖြေလိုက်သည်။

ပြီးမှ မိမိသည်လိုဖြေမိတာ မှားများ မှားသွားလေပြီလား။

ခရီးပိုတွင်ကျယ်အောင် သူ့ကို ကျောပိုးကာ သစ်ပင်တစ်ပင်မှတစ်ပင်

www.burmeseclassic.com

www.burmeseclassic.com



ခုန်ကူးအသွားနိုင်းလျက် အခက်ဟု တွေးမိသည်။

ဒါပေမဲ့ ပါးစပ်ဖျားမှ ထွက်သွားလေပြီးသော စကားကိုတော့ ပြန်လည်ရုပ်သိမ်း၍မရနိုင်တော့ပါ။

သူ့ကို ကျော်ပိုး၍ သစ်ပင်များ တစ်ပင်မှတစ်ပင် ခုန်ကူးသွားဖို့ ယန်ကူပြောဆိုလာလျှင်တော့ အပြတ်ငြင်းပယ်ပစ်လိုက်မည်ဟုသာ စိတ်ကူးထားလိုက်သည်။

သို့ရာတွင် ...

ယန်ကူ တစ်စုံတစ်ရာ ပြောမည်အပြုမှာပင် ရှူးခနဲ ကျယ်လောင်သောအသံတစ်ခု ရုတ်တရက် ကြားလိုက်ကြရသည်။

ထို့နောက် ...

မီးကျည်တစ်ခု ကောင်းကင်ပေါ် ထိုးတက်သွားသည်ကိုလည်း မြင်ကြရသည်။

"ဟာ ... ဒုက္ခပဲ၊ ခက်ပြီ ... ခက်ပြီ"

ယန်ကူက အလန့်တကြား ရေရွတ်လိုက်သည်။

ဘာဖြစ်မှန်း မသိသော်လည်း ကျန်းယိမင်းမှာ ယန်ကူ၏ အလန့်တကြားအမူအရာကိုကြည့်ကာ ရောယောင်၍ ထိတ်ထိတ်ပျာပျာ ဖြစ်မိသည်။



"ဘာဖြစ်လို့လဲ ဒေါ်ဒေါ်၊ ဟင် ... ဘာတွေဖြစ်ကုန်လို့လဲ"

ကျန်းယိမင်းကလည်း အလောသုံးဆယ်ပင် မေးလိုက်မိသည်။

"မျောက်ဝံရှိန်းက ငါတို့ကိုတွေ့သွားပြီ၊ အခု သူ့အဖော်တွေကို အချက်ပေးမီးကျည်ပစ်ဖောက်ပြီး အကူအညီခေါ်လိုက်တာ၊ သူတို့ဘက်က လူအင်အားနဲ့ ဝိုင်းတိုက်လာရင် ငါတို့ ဘယ်လိုခုခံကြမလဲ"

"ဟာ ... အဲဒါမှ ဒုက္ခပဲ"

ကျန်းယိမင်းလည်း ထိတ်လန့်တကြား ဖြစ်ရလေပြီ။

မျောက်ဝံရှိန်းတုလန်း တစ်ယောက်တည်း ဆိုလျှင်တော့ ကျန်းယိမင်းက မကြောက်ပါ။

ယန်ကူ သင်ပြလေ့ကျင့်ပေးထားသော နဂါးလှိုင်းစီးသိုင်းကွက်ကို သုံးကာ ရင်ဆိုင်တိုက်ခိုက်မည် ဖြစ်သည်။

ယခု တုလန်းက သူ့အဖော်များကို အချက်ပေးမီးကျည်ပစ်ဖောက်ကာ အချက်ပေး ခေါ်ယူအကူအညီတောင်းသည်ဆိုတော့ ...

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ မျက်ခြည်ပြတ်သွားအောင် အမြန်ဆုံး ပြေးမှဖြစ်မယ်၊ ငါ့ကို ကျောပိုးခေါ်ပြီးသာ သွားပေတော့၊ မဟုတ်ရင် မင်းရော ငါရော ဒုက္ခကောင်းကောင်း တွေ့လိမ့်မယ်၊ တုလန်းရဲ့ အပေါင်းအသင်းဆိုရင် ကောင်းမယ့်ဟာတွေ မဟုတ်ဘူး"

ယန်ကူက အလောတကြီး ပြောသည်။

ပြောပြောဆိုဆို ကျန်းယိမင်း၏ကျောပေါ်သို့လည်း ခွတက်လိုက်သည်။

ထိတ်လန့်ကာ စိတ်လည်း လှုပ်ရှားနေသော ကျန်းယိမင်းမှာ ပြောဆိုကန့်ကွက် ငြင်းပယ်ရန်ပင် ရုတ်တရက် သတိမရနိုင်။

ငြင်းဆန်ဖို့ သတိရလာသောအခါတွင်တော့ ယန်ကူက သူ့ကျောကုန်းပေါ်သို့ ရောက်နေလေပြီ။

သူ့ခါးကို ခြေထောက်နှစ်ဖက်ဖြင့် ခွချိတ်ကာ သူ့လည်ပင်းကိုလည်း လက်နှစ်ဖက်ဖြင့် သိုင်းဖက်ထားသည်။

'ရွှီး'

အရှေ့မြောက်အရပ်ဘက်ဆီမှ အချက်ပေး မီးကျည်တစ်ခု ထိုးတက်လာသည်ကို တွေ့ကြရပြန်သည်။



"ဟော ... တုလန်းရဲ့အပေါင်းအသင်းတော်က ပြန်ပြီး အချက်ပြနေကြပြီ၊ မကြာခင် ငါတို့ကို ဝိုင်းညှပ်တိုက်ခိုက်ကြတော့မယ်၊ မြန်မြန်လုပ်လေ၊ သစ်ပင်တွေပေါ် တက်ပါတော့လား၊ ဒါမှ သူတို့ကို မျက်ခြည်ပြတ်အောင်ဖြတ်ပြီး အလွတ်ရုန်းပြေးနိုင်မှာ၊ လုပ်ပါ ကျန်းယိမင်းရဲ့"

ယန်ကူက ထပ်မံ၍လောဆော်ပြန်သည်။

နောက်ကျောပေါ်တွင် တွယ်ကပ်ထားသည်မှာ မြဲမြဲသောကြောင့် တွန်းဖယ်ချပစ်ရန် မလွယ်သည့်အပြင် အမှန်တကယ်လည်း ရန်သူတွေ ဝိုင်းလာတော့မည့် အန္တရာယ်ကလည်း ရှိနေပြန်သောကြောင့် ကျန်းယိမင်း ဘာမျှမတတ်နိုင်တော့။

နီးရာသစ်ပင်တစ်ပင်ပေါ်သို့ ဇွတ်ခနဲ တွယ်ကပ်တက်လိုက်ရလေတော့သည်။

ကျန်းယိမင်းသည် သစ်ပင်တက် အလွန်ပင်ကျွမ်းကျင်သူဖြစ်ပေရာ ကျောတွင် လူတစ်ယောက်ကို သယ်ပိုးထားရသည့်တိုင် သစ်ပင်ပေါ်သို့ လျင်မြန်သွက်လက်စွာ တက်သွားနိုင်ခဲ့သည်။

သစ်ကိုင်းများကို တွယ်ကပ်ကာ အကိုင်းချင်းယှက်နေသည့် သစ်ပင်ကြီးတစ်ပင်မှတစ်ပင်သို့ ကူး၍သွားတတ်သည်မှာလည်း

www.burmeseclassic.com

www.burmeseclassic.com



မျောက်တစ်ကောင်က အရှုံပေးရလောက်အောင်ပင် လျင်မြန်လှပေတော့သည်။

သူတို့အတွက် ကုသိုလ်ကံက မျက်နှာသာပေးသည်ဟု ဆိုရမည်။

ထိုနေရာအနီးတစ်ဝိုက်ရှိ သစ်ပင်များသည် တစ်ပင်နှင့်တစ်ပင် အကိုင်းချင်းယှက်နေကြပေရာ ကျန်းယိမင်းအနေဖြင့် ထူထပ်သိပ်သည်းသော သစ်ကိုင်းသစ်ခက်များအကြားတွင် ကောင်းမွန်စွာ မျက်ကွယ်ပြု လှုပ်ရှားနိုင်သည့်အပြင် သစ်ပင်တစ်ပင်မှတစ်ပင်လည်း လွယ်ကူလျင်မြန်စွာ ကူး၍ကူး၍ သွားနိုင်ခဲ့ပေသည်။

✣

မျောက်ဝံရိုင်းတုလန်းသည် ကျန်းယိမင်း၏နဂါးလှိုင်းစီးသိုင်းကွက်ကို မယှဉ်နိုင်သည့်အတွက် ထွက်ပြေးခဲ့သော်လည်း ဝေးဝေးသို့ မသွားပေ။

ကညင်ပင်မောင်နှမနှင့် မလှမ်းမကမ်းရှိ သစ်ပင်ကြီးတစ်



ပင်ထက်တွင် တက်ရောက်ပုန်းအောင်းကာ အခြေအနေကို စောင့်ကြည့်နေခဲ့သည်။

ကျန်းယိမင်းနှင့် ယန်ကူတို့နှစ်ယောက် ကညင်ပင်ပေါ်မှ ဆင်းလာကြသည်ကို တုလန်းမြင်ရသည်။

ကျန်းယိမင်းတို့နှစ်ယောက်ကို နောက်ယောင်ခံကာ လိုက်သာခဲ့သည်။

ကျန်းယိမင်းနှင့် ယန်ကူတို့သည် မြေပြင်တွင် ခြေလျင်လျှောက်သွားကြပြီး တုလန်းကတော့ သစ်ပင်များ တစ်ပင်မှတစ်ပင် သို့ကူးကာ အပေါ်ဘက်မှ အသာလိုက်လံချောင်းမြောင်းနောက်ယောင်ခံနေခြင်းဖြစ်သည်။

တုလန်းသည် မျောက်ဝံရိုင်းဟူသောအမည်ကို ခံယူထားသူမို့ သစ်ပင်တက် အတော်ကျင်လည်သည်။

ကျန်းယိမင်းကိုတော့ မမီပါ။

သို့သော် ...

အတော်ပင် ကျွမ်းကျင်သေသပ်စွာ လှုပ်ရှားလုပ်ဆောင်နိုင်ပေရာ မြေပြင်မှ ခြေလျင်လျှောက်သွားနေကြသော ကျန်းယိမင်းနှင့် ယန်ကူတို့သည် သစ်ပင်များထက်မှ မျောက်ဝံရိုင်းတုလန်း၏နောက်

www.burmeseclassic.com



ယောင်လိုက်လာနေသည်ကို သတိမမူမိကြပေ။

တုလန်းသည် ယန်ကူတစ်ယောက်တည်းကို ကောင်းစွာ ထိန်းသိမ်းချုပ်နှောင်ထားနိုင်သော်လည်း ယန်ကူ၏အသိုင်းအဝိုင်းကို ရှိန်သောကြောင့် အခြားသော သိုင်းသမားများကိုလည်း အကူအညီ ခေါ်ယူခဲ့သည်။

ထိုသူများသည် သူတစ်ပါးမျက်ခုံးမွေးပေါ် စကြိုလျှောက် နေကြသည့် သိုင်းလောကက အမှောင်နယ်မှ သိုင်းသမားဆိုးများ ဖြစ် ကြပေရာ မြွေမြွေချင်း ခြေမြင်ဆိုသကဲ့သို့ ထိုလူများအပေါ်တွင် တုလန်းက အပြည့်အဝယုံကြည်စိတ်ချခြင်း မရှိခဲ့ပါ။

ထို့ကြောင့် ...

အဆင့်မြင့် သိုင်းပညာများ သင်ကြားပြသပေးနိုင်စွမ်းရှိ သည့် ယန်ကူကို အခွင့်အရေးကောင်း ရသည့်အတွက် အမိဖမ်းဆီး ထားနိုင်ကြောင်းလောက်ကိုသာ ပြောပြထားသည်။

ယန်ကူရှိသည့်နေရာ အတိအကျကို မပြောပေ။

ထိုသူများကို စိမ်းလွဲရေတံခွန် တောအုပ်အပြင်ဘက်တွင် သာ စောင့်ဆိုင်းနေစေခဲ့သည်။

အကယ်၍ ယန်ကူ၏အသိုင်းအဝိုင်းများ ရောက်ရှိလာလျှင်



ခုခံနိုင်ရန် ဖြစ်သည်။

ယန်ကူ၏အသိုင်းအဝိုင်းများ၊ စိမ်းလွဲရေတံခွန်တောအုပ် ဘက်သို့ လာနေခြင်း ရှိ၊ မရှိ ကြိုတင်သိနိုင်ရန်လည်း သတင်းစုံစမ်း နေမှုများ ပြုလုပ်ထားသည်။

ယန်ကူ၏အသိုင်းအဝိုင်းများ မဆိုထားဘိ သူတို့လူစုမှလွဲ၍ ဤနယ်ပယ်ဒေသဘက်သို့ အခြားမည်သည့်သိုင်းသမားမျှ ရောက်မ လာသည့်အတွက် တုလန်း အတော်ပင် စိတ်အေးစပြုနေသည်။

မိမိတို့အား အဆင့်မြင့်သိုင်းပညာများ သင်ကြားပြသပေး စေရန်အတွက် ယန်ကူအား ခြိမ်းခြောက်အကျပ်ကိုင်နိုင်မည့် နည်း လမ်းများကိုသာ သူဖိတ်ခေါ်ထားသည့် သိုင်းသမားများနှင့် တိုင်ပင် နေခဲ့သည်။

သို့သော် ...

မမျှော်လင့်ဘဲ ကျန်းယိမင်း ရောက်ရှိလာကာ ယန်ကူကို အညင်ပင်ထက်ရှိ ဝါးအိမ်ထဲမှ ခေါ်ထုတ်ကယ်တင်သွားနိုင်ရာ တုလန်းအနေဖြင့်လည်း ကျန်းယိမင်းကို နှိမ်နင်းတိုက်ခိုက်၍ ယန်ကူ အား ပြန်လည်အမိဖမ်းရန် ကြိုးစည်ရလေတော့သည်။

မတတ်သာသည့် အခြေအနေမို့ သူဖိတ်ခေါ်ထားသော

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမားများ၏အကူအညီကို ရယူအသုံးချရန် တုလန်းဆုံးဖြတ်လိုက်ရသည်။

ကျန်းယိမင်းနှင့်ယန်ကူတို့ကို နောက်ယောင်ခံကာ လိုက်နေခဲ့ပြီး မိမိတို့အတွက် ဝိုင်းပိတ်ကိုက်ခိုက်ရန် အခွင့်အလမ်းသာသည်ဟု ယူဆသောနေရာသို့ရောက်သည်နှင့် တုလန်းက မီးကျည်ပစ်ဖောက်ကာ သူ့အပေါင်းအသင်းများကို အချက်ပေးခေါ်ယူလိုက်ခြင်း ဖြစ်ပေတော့သည်။

သို့သော် ...

ကျန်းယိမင်း၏ တောကျွမ်းလှမှုနှင့် သစ်ပင်တက် အလွန်ကျင်လည်လှမှုတို့ကို မသိရှိ၍ ထည့်မတွက်မိခဲ့သည်က တုလန်း၏ဟာကွက်ဖြစ်သွားသည်။

ကျန်းယိမင်းသည် ယန်ကူကို ကျောပိုးကာ သစ်ပင်ထက်သို့ လျင်မြန်စွာ တွယ်ကပ်တက်သွားသောအခါ တုလန်းကလည်း မျက်ခြည်မပြတ် မသွားရအောင် နောက်မှလိုက်သည်။

အစပိုင်းတွင်တော့ ကျန်းယိမင်းကို အမီလိုက်နိုင်မည်ဟု တုလန်း ထင်မိသေးသည်။

သူ့ကိုယ်သူ သစ်ပင်တက် ကျွမ်းကျင်သူအဖြစ် တုလန်းက အထင်ကြီးနေမိသည်။



သို့ရာတွင် ...

စိမ်းလဲ့ရေတံခွန်တောအုပ်၏ အနေအထားအခြေအနေကို အလွန်ကျွမ်းကျင်ပြီး မျောက်တစ်ကောင်ထက်ပင် သစ်ပင်ထက် ပို၍ ကျင်လည်လေသော ကျန်းယိမင်းကို တုလန်း ဘယ်လိုမှ လိုက်မမီတော့။

တစ်ခဏအတွင်းမှာပင် သစ်ပင်များအကြားတွင် မျက်ခြည်ပြတ်၍ သွားလေတော့သည်။

'ရှီ .. ရှီ .. ရှီ' ... 'ရှီ .. ရှီ'

အချက်ပေး မြေလျှန်သံများ ဟိုမှသည်မှ ပေါ်လာသည်။

တောအုပ်အပြင်ဘက်တွင် စောင့်နေကြသည့် သိုင်းသမားများ တုလန်း၏အချက်ပြ ခေါ်ရာဆီသို့ ဝန်းရံ၍ လူဖြန့်ရောက်ရှိလာကြလေပြီ။

မူလ အစီအစဉ်ကတော့ ထိုသို့ရောက်လာကြသည့် သိုင်းသမားအားလုံး ဝန်းရံကာ ကျန်းယိမင်းကို တိုက်ခိုက်နှိမ်နင်းပြီး ယန်ကူအား အမိပြန်လည်ဖမ်းဆီးရန် ဖြစ်သည်။

ယခုမူ ...

www.burmeseclassic.com

သစ်ပင်ထက်သို့ တက်သွားသည့် ကျန်းယိမင်းကို ဘယ်လိုမှ နောက်ယောက်ခံလိုက်ရန် မဖြစ်နိုင်ဘဲ မျက်ခြည်ပြတ်သွားပြီမို့ တုလန်း၏မူလအစီအစဉ်အတိုင်း မလုပ်နိုင်တော့ပါ။

မျက်ခြည်ပြတ်သွားသော ကျန်းယိမင်းတို့ကို လူဖြန့်ကာ လိုက်လံရှာဖွေကြဖို့သာ ရှိပေတော့သည်။

မျောက်ဝံရိုင်းတုလန်းသည် သစ်ပင်ထက်မှနေ၍ မြေပြင်ပေါ်သို့ ဆင်းလာခဲ့ရလေတော့သည်။

+

ကျန်းယိမင်းသည် ဝေးဝေးကိုပြေးသွားခြင်း မပြုပါ။

သူသည် သိုင်းလောကနှင့် ပတ်သက်မှုများ မရှိသော်လည်း တောထဲတွင် လှည့်လည်သွားလာနေခဲ့သူမို့ တောကောင်တိရစ္ဆာန်တို့၏အပြုအမူများကို အမြဲပင်တွေ့ရှိကာ သဘာဝပရိယာယ်များတွင် သိုင်းသမားများထက်ပင် တတ်သိကျွမ်းကျင်နေပေသည်။

သားကောင် လိုက်ဖမ်းသော တိရစ္ဆာန်တို့၏ အမူအကျင့်၊



သားကောင်ဘဝဖြင့် ပြေးလွှားရှောင်ပုန်းရလေသော တိရစ္ဆာန်တို့၏ ပရိယာယ် စသည်တို့ကို သိရှိနားလည်နေသည်။

ယခုအခြေအနေတွင် ဝေးဝေးသို့ ပြေးလျှင် တစ်ဖက်လူများ ခြေရာခံလိုက်နိုင်ခံဖို့ အခွင့်အလမ်း သဲလွန်စတွေ ကျန်နေနိုင်ကြောင်း သူနားလည်သည်။

ထို့ကြောင့် ...

သူတို့ တက်ပြေးခဲ့သည့် သစ်ပင်ကြီးနှင့် လေးပင်ကျော်တွင်ရှိသော သစ်ပင်၏သစ်ခေါင်းတစ်ခုတည်းတွင် အသာခိုဝင်ပုန်းအောင်းနေလိုက်သည်။

ဤသစ်ပင်တွင် ဤလို သစ်ခေါင်းမျိုးရှိနေကြောင်း ယခင်ကလည်းကပင် သိထားလေသောကြောင့် ပုန်းခိုနေနိုင်ရန် နေရာကိုလည်း အလွယ်ပင် ရွေးနိုင်ခဲ့ပေသည်။

သူတို့ ဝင်ပုန်းအောင်းနေသော သစ်ပင်နှင့် နှစ်ပင်ကျော်ရှိ သစ်ပင်ထက်မှ မျောက်ဝံရိုင်းတုလန်း ဆင်းလာသည်ကို ကျန်းယိမင်းတို့ တွေ့ရသည်။

တုလန်းသည် လေချွန်သံရှည်တစ်ချက် ပြုပြီးနောက် သစ်ပင်ခြေရင်းတွင် ခြေပစ် လက်ပစ် ထိုင်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တရွှီးရွှီး လေချွန်အချက်ပေးသံများကို ထပ်မံထွက်ပေါ်လာသည်။

ထို့နောက် ...

သိုင်းသမားလူကြမ်းကြီးများ တစ်ယောက်ပြီးတစ်ယောက် တုလန်း ရှိရာသို့ ရောက်ရှိလာကြသည်။

ကျန်းယိမင်းတို့ ပုန်းအောင်းနေသည့် သစ်ခေါင်းထဲမှ ချောင်းကြည့်လျှင် တုလန်းတို့လူစုကို ကောင်းစွာ မြင်နိုင်သည်။

တုလန်းတို့၏ပြောစကားများကိုလည်း ကောင်းစွာကြားနိုင်သည်။

ကျန်းယိမင်းနှင့်ယန်ကူတို့သည် မျက်ကွယ်ကောင်းနေရာတွင် လုံခြုံစွာ ပုန်းအောင်းနေနိုင်သည့်အပြင် တစ်ဖက်လူများပြောဆိုတိုင်ပင်ကြသည်များကိုလည်း ကြားသိနိုင်ခဲ့ကြသည်။

တုလန်း ဖိတ်ခေါ်ထားသည့် သိုင်းသမား လူကြမ်းကြီးအားလုံး ငါးယောက်ရှိသည်။

အားလုံး တုလန်းနှင့်အသက်မတိမ်းမယိမ်း သက်လတ်ပိုင်းအရွယ်များ ဖြစ်ကြသည်။

ငါးယောက်တွင် သုံးယောက်က အရပ်မြင့်မြင့်၊ ကိုယ်လုံး



ကိုယ်ထည် တုတ်ခိုင်ကာ ဇလကောင်းကောင်း ထောင်ထောင်မောင်းမောင်းများဖြစ်ကြသည်။

ကျန်နှစ်ယောက်တွင် တစ်ယောက်က အရပ်ပုညက်ညက် ပိန်ပိန်သေးသေး။

အခြားတစ်ယောက်ကမူ အရပ်မြင့်သော်လည်း အလွန်ပိန်လှီသည်။

ငါးခြမ်းပြားကစ်ခု ထောင်ထားသည့် အသွင်မျိုး။

✦

"ရန်သူက ဘယ်မှာလဲ တုလန်း၊ ကျုပ်က ဘယ်လို ရန်သူမျိုးမဆို ရင်ဆိုင်ဖို့ အသင့်ပဲ"

အရပ်မြင့်မြင့် ပိန်ရှည်ရှည်လူက စတင်ပြောသည်။

"ရန်သူက လစ်ထွက်ပြေးသွားပြီ ကိုယ်ယန်၊ ကျုပ်တို့လူစုခွဲပြီး လိုက်ကြဖို့ လိုလိမ့်မယ်"

တုလန်းက ပြန်အဖြေပေးသည်။

ကိုယ်ယန်ဆိုသူ ပိန်ပိန်ရှည်ရှည်လူက တစ်စုံတစ်ရာ မပြော

www.burmeseclassic.com

www.burmeseclassic.com



နိုင်မီ ထောင်ထောင်မောင်းမောင်း၊ ဗလကောင်းကောင်း လူကြီးသုံးယောက်အနက်မှ တစ်ယောက်က ဝင်ပြောသည်။

"ဒါဆိုရင်လည်း ခင်ဗျားက ဘာများ တွဲဆိုင်းနေရတာလဲ၊ သူတို့ ဘယ်ဘက်ကို ဘယ်လိုထွက်သွားတယ်ဆိုတာကို ပြောပါတော့လား၊ ကျုပ်တို့ စံပုလွေရှိုင်း ညီနောင်သုံးယောက် ခြေရာခံလိုက်ရင် မမီနိုင်တဲ့လူ မရှိပါဘူး"

ဝံပုလွေရှိုင်းတစ်ယောက်၏ ခပ်ကြွားကြွားပြောလိုက်သော စကားအဆုံးတွင် ပုပုညှက်ညှက်လူက အသံသေးသေးလေးဖြင့် ရယ်သံတစ်ချက် ပြုသည်။

ဘာမျှတော့ မပြော။

ဝံပုလွေရှိုင်းညီနောင်သုံးယောက်လုံးက ပုပုညှက်ညှက်လူကို မကျေနပ်သလို မျက်ထောင့်နီကြီးများဖြင့် တစ်ချက်စီ လှမ်းကြည့်ကြသည်။

ပုပုညှက်ညှက်လူကတော့ ဝံပုလွေရှိုင်းညီနောင်သုံးယောက်တို့၏ မကျေမနပ်အကြည့်ကို အရေးမစိုက်သလို ခပ်အေးအေးသာ ရှိနေသည်။

"ယန်ကူကို ကောင်လေးတစ်ယောက်က လာပြီး ကယ်



ဆုတ်သွားတာဗျ၊ ကျုပ်က ခင်ဗျားတို့ကို အချက်ပေး ခေါ်လိုက်တဲ့ အချိန်မှာပဲ သူတို့နှစ်ယောက် ဟောဟိုသစ်ပင်ပေါ် တက်ပြေးသွားကြတာပဲ"

တုလန်းက ကျန်းယိမင်း တက်ပြေးခဲ့သည့် သစ်ပင်ကြီးကို ညွှန်ပြပြီး ပြောသည်။

ကျန်လူများက တုလန်း ညွှန်ပြရာ သစ်ပင်ကြီးကို မော့ကြည့်ကြသည်။

ပုပုညှက်ညှက် လူတစ်ယောက်ကသာ နေမြဲတိုင်းနေသည်။ မော့မကြည့်ပေ။

"ကျုပ်တို့လူစုခွဲပြီး လိုက်ရှာကြမယ်၊ တွေ့တဲ့လူက ထုံးစံအတိုင်း အချက်ပေးမယ်၊ ညဥ့်သန်းခေါင်ကျရင် ဒီနေရာမှာ ပြန်ဆုံကြမယ်"

တုလန်းက ဆက်ပြောသည်။

ထို့နောက် အရပ်မျက်နှာအသီးသီးသို့ လူစုခွဲကာ ထွက်သွားကြလေသည်။

+

www.burmeseclassic.com

www.burmeseclassic.com



“မင်း တော်တယ် … သူတို့ ရှာလို့မတွေ့အောင် နေရာ ကောင်းကောင်းမှာ ပုန်းနေနိုင်တယ်”

တုလန်းတို့ခြောက်ယောက် လူစုခွဲကာ ထွက်သွားကြပြီး သောအခါ ယန်ကူက ကျန်းယိမင်းကို ချီးမွမ်းစကားဆိုသည်။

“ဒီနေရာမှာ ပုန်းနေရင် ကောင်းမယ်လို့ တို့စိတ်ကူးရပြီး လုပ်လိုက်မိတာပါ။ အခုတော့ အဆင်ပြေသွားတာပေါ့”

“အခု သူတို့ထွက်သွားကြပြီဆိုတော့ ငါတို့က ဘာဆက်လုပ် မလဲ၊ သွားစရာရှိတာ ဆက်သွားကြမလား”

“သူတို့ ထွက်သွားကြတယ်ဆိုပေမယ့် ဒီတောအုပ်ထဲကနေ ထွက်သွားကြတာ မဟုတ်ဘူး၊ သူတို့က တောအုပ်ထဲမှာ လူစုခွဲပြီး ကျွန်တော်တို့ကို မြေလှန်ရှာနေကြတာလေ၊ ဒီတော့ ကျွန်တော်တို့ လည်း သွားစရာရှိတာကို သွားလို့မရသေးဘူး၊ ဒီမှာပဲ ဆက်ပုန်းနေရ လိမ့်မယ်”

“ဖြစ်ပါ့မလားကွ”

“ဘာလို့မဖြစ်နိုင်ရမှာလဲ”

“သူတို့ ဒီနေရာမှာ ပြန်ဆုံကြဖို့ အချိန်းအဆက် လုပ်ထား



ကြတာ မင်း အကြားသား၊ ဒီမှာ ဆက်ပုန်းနေရင် သူတို့ရှာတွေ့သွား နိုင်တာပေါ့”

“အဲဒီလို ဒီနေရာမှာ ပြန်ဆုံကြဖို့ ချိန်းထားကြတာကိုက ကျွန်တော်တို့အတွက် အကောင်းဆုံး အကာအကွယ်ပေါ့ ဒေါ်ဒေါ်ရဲ့”

“ဟာ … မင်းပြောတာ ငါဖြင့် နားတောင်မလည်နိုင်တော့ ဘူး”

“ဒီလိုလေ ဒီနေရာဟာ သူတို့ရဲ့ ယာယီစခန်းလို ဖြစ်နေပြီ မဟုတ်လား၊ ဒါဟာ သူတို့ရဲ့နယ်ပယ်ပဲ၊ သူတို့ရဲ့နေရာ အနီးအနား မှာ ကျွန်တော်တို့ ပုန်းအောင်းနေလိမ့်မယ်လို့ သူတို့ ဘယ်လိုလုပ် ထင်နိုင်မှာလဲ၊ ကျွန်တော်တို့က သူတို့နဲ့ ဝေးနိုင်သမျှ ဝေးအောင် ထွက်သွားကြမှာပဲလို့ သူတို့က တွက်မှာပေါ့၊ ဒီလို အခြေအနေမှာ သူတို့နဲ့ အနီးကပ်ဆုံးနေရာဟာ ကျွန်တော်တို့အတွက် ဘေးအကင်း ဆုံးပဲ”

“အေး … ဟုတ်သားပဲ၊ မင်းတော်တယ်၊ မင်းတော်တယ်၊ ဒီနေရာဟာ ပုန်းနေဖို့ အကောင်းဆုံးပဲ”

“ဒေါ်ဒေါ် ဒီသစ်ခေါင်းထဲမှာ နေခဲ့ဦးနော်၊ ကျွန်တော် သစ် သီးတွေ သွားရှာထားလိုက်ဦးမယ်၊ လိုလိုမယ်မယ် ရှိအောင်လေး ဘာ

www.burmeseclassic.com

www.burmeseclassic.com



လေး ဆောင်ထားတဲ့သဘောပေါ့"

"အေး အေး ... သတိလည်း ထားသွားနော်"

"ဟုတ်ကဲ့"

ကျန်းယိမင်းသည် ယန်ကူအား သစ်ခေါင်းထဲတွင် ထားရစ်ခဲ့ကာ အသာအပြင်သို့ ထွက်လာခဲ့သည်။

သစ်ကိုင်း သစ်ရွက်များအကြားတွင် ပုန်းခိုကာ သတိနှင့်လှုပ်ရှားသွားလာသည်။ ပတ်ဝန်းကျင်ကိုလည်း မပြတ်ပင် ကြည့်ရှုအကဲခတ်သည်။

သူသည် ဤတော ဤတောင်ကို ကောင်းစွာ ရင်းနှီးကျွမ်းဝင်နေသူဖြစ်ရာ မည်သည့်နေရာတွင် မည်သို့သော အသီးအပွင့်များရှိသည်ကို သိနေသည်။

ထို့ကြောင့် အချိန်အနည်းငယ်အတွင်းမှာပင် အရည်ရွှမ်း၍ချိုမြိန်သော သစ်သီးမှည့်များ ခူးဆွတ်ပြီးသွားသည်။ ပျားရည်အနည်းငယ်ပင် ရယူခဲ့သေးသည်။

ထို့နောက် သစ်ခေါင်းရှိရာသို့ ပြန်သည်။

တိုတောင်းလှသော အချိန်ပိုင်းကလေးအတွင်း သစ်သီးတစ်ပွေ့တစ်ပိုက်ကြီးနှင့် ပြန်ရောက်လာသော ကျန်းယိမင်းကို တွေ့ရ



သည့်အခါ ယန်ကူမှာ အံ့သြနေမိသေးသည်။

သို့သော် ...

ဘာမျှတော့ မပြောပါ။

ညစာ စားသောက်ခဲ့ပြီးပြီမို့ ယန်ကူသည် ဆာလောင်မွတ်သိပ်ခြင်းတော့ ဖြစ်မနေပါ။

သို့သော် ...

ရေတော့ သောက်ချင်နေသည်။

ကျန်းယိမင်း ယူလာသည့် သစ်သီးများသည် အရည်ရွှမ်းသည့် သစ်သီးများဖြစ်ပေရာ သစ်သီးတစ်လုံးမျှလောက် စားလိုက်ရုံဖြင့် ရေဆာနေမှု ပြေပျောက်သွားသည်။

✢

ညဉ့်သန်းခေါင်ယံအချိန်တွင် တုလန်းတို့လူစု တစ်ယောက်ပြီးတစ်ယောက် ရောက်ရှိလာကြသည်။

သူတို့လက်ထဲတွင် ယုန်၊ မျောက်၊ ရှဉ့်၊ မြွေ၊ ငှက်စသော သားကောင်ငယ်လေးများ ပါရှိလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တုလန်းတို့လူစုသည် သစ်ပင်ကြီးအောက်တွင် မီးပုံပြုလုပ်ကာ ဖမ်းဆီးရရှိလာသော သားကောင်များကို ကင်၍ စားကြသည်။

စားသောက်ရင်း စကားစမြည် ပြောဆိုကြသည်။

"ဟိုနှစ်ယောက် ဒီတောအုပ်ထဲမှာ ရှိတော့မယ် မထင်ဘူး၊ တောအုပ်အပြင်ဘက်ကိုရောက်အောင် ထွက်သွားနိုင်ကြပြီနဲ့ တူတယ်"

ကျိုယန်က ပြောသည်။

"ဟုတ်တယ်၊ သူတို့ ဒီတောအုပ်ထဲမှာ ရှိနေကြမယ်ဆိုရင် ကျုပ်တို့လိုက်ရှာတာကနေ ဘယ်လိုမှ လွတ်အောင်ရှောင်ထွက်မသွားမနိုင်ပါဘူး၊ သေသေချာချာကို ရှာတွေ့ရမှာပါ"

ဝံပုလွေရိုင်းတစ်က ပြောသည်။

အရပ်ပုပုကိုယ်ခန္ဓာ သေးသေးညှက်ညှက်လူက ခပ်အစ်အစ်ရယ်သံတစ်ချက်ပြုပြန်သည်။

"ဒါနဲ့ ကျုပ်ကို ရှင်းအောင်ပြောပြစမ်းပါဦး၊ ဒီယန်ကူးဆိုတဲ့အမျိုးသမီးကို အရဖမ်းထားနိုင်တာနဲ့ အဆင့်မြင့်သိုင်းပညာတွေ သင်ကြားနိုင်မှာက ဘယ်လိုများ ဆက်စပ်မှုရှိတာလဲ၊ သူ့ဆီမှာ အဆင့်မြင့်သိုင်းပညာကျမ်း တစ်ခုခုရှိတဲ့နေရာကို ညွှန်ပြနိုင်မယ့်



သမ်းညွှန်မြေပုံတွေ ဘာတွေရှိနေလို့လား"

ကျိုယန်က မေးသည်။

"ခင်ဗျားက ယန်ကူအကြောင်းကို မကြားဖူးလို့လား"

ဝံပုလွေရိုင်းနှစ်က ဝင်မေးသည်။

"သူ့ကို အမိဖမ်းပြီး အကျပ်ကိုင်ဖိနှိပ်နိုင်ရင် အဆင့်မြင့်သိုင်းပညာတွေ သင်ကြားတတ်မြောက်နိုင်မယ်ဆိုတဲ့ အကြောင်းလောက်ကိုတော့ သိထားပါရဲ့ဗျာ၊ အသေးစိတ်တော့ မသိဘူး"

ကျိုယန်က ပြန်ဖြေသည်။

"ကိုင်း ... တုလန်း၊ ခင်ဗျားပဲ ပြောပြလိုက်ပါတော့၊ ကျုပ်တို့အထဲမှာ ယန်ကူအကြောင်း ခင်ဗျားက အသိဆုံး မဟုတ်လား"

ဝံပုလွေရိုင်းနှစ်က တုလန်းကို လှမ်းပြောသည်။

တုလန်းက တရားဟောဆရာတစ်ဦး၏ ဟန်ပါတ်မျိုးဖြင့် ချောင်းတစ်ချက် ဟန်ပါပါဟန့်လိုက်ပြီး ...

"အဟမ်း ... ကျုပ်လည်း ပြည့်ပြည့်စုံစုံတော့ မသိပါဘူး၊ ကျုပ် ကြားသိထားသမျှတော့ အားလုံးလည်း သိသွားရအောင် အကုန်ပြောပြပါ့မယ်၊ ယန်ကူဟာ အဆင့်မြင့်သိုင်းပညာအမျိုးမျိုးကို တစ်ဖက်ကမ်းခတ်အောင် တတ်မြောက်ထားတယ်၊ ဒါပေမဲ့ သူဟာ

www.burmeseclassic.com

www.burmeseclassic.com



ကျိန်စာတစ်ခုကို ခံထားရတာကြောင့် သူတတ်ထားတဲ့ သိုင်းပညာတွေကို သူကိုယ်တိုင် အသုံးမချနိုင်ဘူး၊ ဒါကြောင့် သူကိုယ်တိုင်ဟာ ဘာသိုင်းပညာမှမတတ်တဲ့ လူတစ်ယောက်ဖြစ်တယ်၊ ဒါပေမဲ့ တခြားလူတွေကိုတော့ သူ့အနေနဲ့ အဆင့်မြင့်သိုင်းပညာတွေ ကောင်းကောင်းကြီး သင်ပေးနိုင်တယ်၊ သူ သင်နေတဲ့ကျိန်စာက သူကိုယ်တိုင်သာ အဆင့်မြင့်သိုင်းပညာတွေ အသုံးမချနိုင်တာ၊ သူတစ်ပါးကို သင်ကြားပြသမပေးရဘူးဆိုတဲ့ သတ်မှတ်ချက်တော့ မပါဘူး"

"သိပြီ ... သိပြီ၊ ဒါကြောင့် ယန်ကူကို အမိဖမ်းပြီး အတင်းအကျပ်ကိုင်ဖိနှိပ်နိုင်ရင် အဆင့်မြင့်သိုင်းပညာတွေ သင်ကြားတတ်မြောက်နိုင်မယ်လို့ သတင်းဖြစ်နေတာကိုး"

ကျိုယန်က ခေါင်းကို ဆတ်ခနဲညိတ်ကာ ပြောသည်။

"ဟုတ်ပါတယ်၊ နောက်တစ်ခုက ယန်ကူဟာ ဘီလူးအဖွဲ့ရဲ့ အရေးပါအရာရောက်တဲ့လူတစ်ယောက်လည်း ဖြစ်နေသေးတယ်၊ ဒီတော့ သူ့ကို ဖမ်းဆီးအကျပ်ကိုင်တဲ့ကိစ္စကို သိုသိုသိပ်သိပ် လျှို့လျှို့ဝှက်ဝှက်လုပ်ဖို့တော့ လိုတယ်၊ မဟုတ်ရင် ဘီလူးအဖွဲ့နဲ့ ပြဿနာတက်နိုင်တယ်"

ဘီလူးအဖွဲ့ဆိုသောအမည်ကို ကြားရသောအခါ ကျိုယန်မှာ ဆတ်ခနဲတွန့်သွားသည်။



"ယန်ကူဟာ ဘီလူးအဖွဲ့ရဲ့ အရေးပါသူတစ်ယောက်ဖြစ်ကြောင်း၊ ဘာကြောင့် စောစောစီးစီး မပြောတာလဲ၊ ဘီလူးအဖွဲ့ဆိုတာ ပြဿနာသွားလုပ်လို့ ကောင်းတဲ့ဟာ မဟုတ်ဘူး၊ တကယ့်အန္တရာယ်ကောင်တွေ"

"သိပ့်ပြီး အလန့်တကြား ဖြစ်မနေပါနဲ့ ကျိုယန်ရဲ့၊ ယန်ကူဟာ ဘီလူးအဖွဲ့နဲ့ အဆင်မပြေတာကြောင့် လမ်းခွဲပြီး ထွက်နေတယ်လို့လည်း သတင်းကြားရပါတယ်"

ဝံပုလွေရိုင်းတစ်က ဝင်ပြောသည်။

"ယန်ကူကို အမိပြန်ဖမ်းနိုင်ဖို့ကသာ အရေးကြီးပါတယ်၊ ယန်ကူဆီက အဆင့်မြင့်သိုင်းပညာတွေ သင်ကြားနိုင်ပြီးရင် ဘီလူးအဖွဲ့ကိုလည်း အရေးလုပ်စရာ မလိုတော့ပါဘူး"

မျောက်ဝံရိုင်းတုလန်းက ပြောလိုက်သည်။

တုလန်းတို့လူစုသည် ယန်ကူကို လိုက်လံရှာဖွေမည့် အစီအစဉ်များကို ဆက်လက်ပြောဆိုတိုင်ပင်ကြသည်။

ထို့နောက် အနားယူအိပ်စက်ကြသည်။

ကျန်းယိမင်းက ယန်ကူကို အိပ်စက်နားနေခိုင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်ကတော့ သစ်ခေါင်းအဝနားရှိ သစ်ကိုင်းများအကြားမှ ခေါင်းပြူကာ တုလန်းတို့လူစုကို တစ်ညလုံးပင် အကဲခတ်ကာ စောင့်ကြည့်နေခဲ့သည်။ လုံးဝအိပ်စက်ခြင်း မပြုပေ။

တုလန်းတို့လူစုသည် အရုဏ်ဦး ရောင်နီပျိုးစအချိန်တွင် အိပ်ရာမှ ထကြသည်။

ယမန်နေ့ညကကျန်သည့် အသားကင်များဖြင့် နံနက်စာ မြန်မြန်ဆန်ဆန် စားသောက်ကြပြီးနောက် ထိုနေရာမှ ထွက်ခွာသွားကြလေတော့သည်။

✢

ကျန်းယိမင်းနှင့်ယန်ကူတို့သည် သစ်သီးနှင့်ပျားရည်တို့ကို နံနက်စာအဖြစ် စားသောက်ကြသည်။

"ဒေါ်ဒေါ်နဲ့ပတ်သက်ပြီး တုလန်းတို့လူစု ပြောကြဆိုကြတာတွေက အမှန်တွေပဲလား"

နံနက်စာ စားသောက်ပြီးနောက် ကျန်းယိမင်းက မေးသည်။



"အင်း ... တချို့လည်း မှန်တယ်၊ တချို့လည်း မှားတယ်၊ အကုန်လုံးတော့ မမှန်ဘူး"

"ဘယ်ဥစ္စာက မှန်ပြီး ဘယ်ဟာက မှားတာလဲ"

"သူများတွေကို ငါက အဆင့်မြင့်သိုင်းပညာတွေ သင်ကြားပြသပေးနိုင်တယ်ဆိုတာတော့ မှန်တယ်၊ ဒါပေမဲ့ ငါဟာ ကျိန်စာသင့်နေတယ်ဆိုတာကတော့ မမှန်ဘူး။ ငါဟာ အဆင့်မြင့်သိုင်းပညာတွေကိုလည်း မဟုတ်ပါဘူး၊ မတတ်လို့ပဲ အသုံးမချနိုင်တာပေါ့"

"အကြောင်းမသိရင်တော့ ဒါဟာ အံ့သြစရာဖြစ်နေမှာပဲ၊ ကဲလေ ... မင်း ရှင်းရှင်းလင်းလင်းသိရအောင် ပြောပြသင့်သလောက် ငါပြောပြမယ်၊ ဒီအကြောင်းတွေကို တတ်နိုင်သမျှတော့ လျှို့ဝှက်ထားနော် ... ဟုတ်လား"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

"လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကျော်လောက်က ဆိုပါတော့၊ ငါနဲ့ငါ့အစ်မ ယန်ဂျာတို့ဟာ အဆင့်မြင့်သိုင်းပညာတွေ သင်ကြားနိုင်တဲ့ အခွင့်အလမ်းရှိတဲ့ နေရာတစ်ခုကို ရောက်သွားကြတယ်၊ အဲဒီနေရာရဲ့ ကန့်သတ်ချက်အရ ငါဟာ အဆင့်မြင့်သိုင်းပညာတွေ သင်ကြားခွင့်မရခဲ့ဘူး၊ ငါ့အစ်မ ယန်ဂျာပဲ သင်ကြားခွင့်ရခဲ့တယ်၊ ငါ့ကိုတော့

www.burmeseclassic.com

www.burmeseclassic.com



အဆင်မြင့်သိုင်းပညာတွေ လေ့ကျင့်သင်ကြားလို့မရအောင် သွေးကြောကွက်တွေ ထိုးပိတ်အဖျက်ဆီးခံခဲ့ရတယ်၊ ငါဟာ ငါ့အစ်မနဲ့အတူ အဲဒီနေရာမှာ နေထိုင်ပြီး သိုင်းပညာကျမ်းတွေကို ဖတ်ရှုခဲ့တယ်၊ အင်း ... ငါက ဉာဏ်ကောင်းလို့ပဲလား မသိဘူး၊ ဖတ်ရှုခဲ့ရတဲ့ သိုင်းပညာကျမ်းတွေကို အလွတ်ကိုမှတ်မိနေခဲ့တယ်၊ ဒီလို အလွတ်ကို မှတ်မိနေတဲ့ နည်းလမ်းစာသားတွေကို သူတစ်ပါးကို ပြန်ပြောပြပြီး အဆင့်မြင့်သိုင်းပညာတွေ သင်ကြားပေးနိုင်ပေမယ့် အကြောကွက်တွေ ထိုးပိတ်အဖျက်ဆီးခံထားရတာကြောင့် ငါကိုယ်ကိုင်တော့ ဘာအဆင့်မြင့်သိုင်းပညာကိုမှ မလေ့ကျင့်နိုင်ဘူး၊ မတတ်မြောက်ဘူး၊ ကဲ ... ရှင်းပြီလား"

"ဒေါ်ဒေါ့်အဖြစ်က တော်တော် ထူးဆန်းတာပဲနော်"

"ဟုတ်တယ်၊ ဒါကြောင့် အကြောင်းမသိရင် အံ့သြစရာဖြစ်မယ်လို့ ပြောခဲ့တာပေါ့"

"ဒေါ်ဒေါ်ဟာ ဘီလူးအဖွဲ့ရဲ့ အရေးပါတဲ့လူတစ်ယောက်ဆိုတာရော ဟုတ်သလား"

"အေး ... ဟုတ်တယ်၊ တစ်ချိန်ကတော့ ငါတို့ညီအစ်မဟာ ဘီလူးအဖွဲ့ရဲ့ အရေးပါတဲ့လူတွေ ဖြစ်ခဲ့ကြတယ်"



"အခုတော့ရော"

"အခုတော့ ငါတို့နှစ်ယောက် ဘီလူးအဖွဲ့က လမ်းခွဲထွက်လာခဲ့ကြပါပြီ၊ ငါတို့နဲ့ ဘီလူးအဖွဲ့နဲ့ ဘယ်လိုမှ မပတ်သက်တော့ပါဘူး"

ဘီလူးအဖွဲ့မှ လမ်းခွဲထွက်ခဲ့ကြသည့် အကြောင်းရင်းကို မေးမြန်းကြည့်ရန် ကျန်းယိမင်း စိတ်ကူးရသေးသည်။ သို့သော် ... စပ်စုလွန်းရာကျမည်စိုးသောကြောင့် မမေးဖြစ်ခဲ့ပါ။

ယန်ကူက ပြောဆိုရှင်းပြလေမည်လားဟုသာ စောင့်နားထောင်နေသည်။ သို့သော် ယန်ကူက မိမိတို့ညီအစ်မ ဘီလူးအဖွဲ့မှ လမ်းခွဲထွက်လာခဲ့ကြသည့်အကြောင်းကို ရှင်းလင်းပြောမပြပါ။

"ကိုင်း ... ငါတို့ သွားကြရအောင်လား၊ အခုလောက်ဆို ဘုလန်းတို့လူစုလည်း အဝေးကို ရောက်သွားကြလောက်ပါပြီ"

ယန်ကူက စကားလက်စသတ်လိုက်သည်။

ကျန်းယိမင်း ယမန်နေ့ညက ရှာဖွေထားခဲ့သော သစ်သီးများမှာမူ စား၍ကုန်သွားပြီဖြစ်သည်။

ပျားရည်ကတော့ အနည်းငယ် ကျန်နေသေးသည်။

ပျားရည်ထည့်သည့် ဝါးဆစ်ဘူးကလေးမှာ ကျန်းယိမင်း

www.burmeseclassic.com

www.burmeseclassic.com



သွားလေရာ ယူသွားနေကျဖြစ်ရာ အင်္ကျီအိတ်ထဲသို့ အသာကောက်ထည့်ထားလိုက်သည်။

ထို့နောက် ယန်ကူကို ကျောခိုးကာ သစ်ပင်ပေါ်မှ အောက်သို့ဆင်းလာခဲ့ကြသည်။

စိမ်းလဲ့ရေတံခွန်တောအုပ်၏ နံနက်စောစောအချိန်သည် လှပကြည်နူးဖွယ်ကောင်းလှသည်။

ရှင်းသန့်သော လေပြည်ကလေးက တသုန်သုန် တိုက်ခတ်နေသည်။

လေအဝှေ့တွင် ပန်းရနံ့တို့ မွှေးထုံသည်။

နုသစ်သည့် နေခြည်များက စိမ်းလန်းသော သစ်ပင်များကို လွှမ်းခြုံထားသည်။

အိပ်တန်းမှ ထွက်ခါစ ကျေးငှက်သာရကာအပေါင်းတို့၏ တွန်ကျူးသံတို့ကလည်း နံနက်ခင်း တေးသံသာသဖွယ် ဖြစ်နေသည်။

ယန်ကူသည် တရုတ်မျိုးနွယ်စု အမျိုးသမီးတစ်ယောက်ဖြစ်သည့်အတိုင်း လွတ်လပ်ပျော်ရွှင်မှုကို နှစ်သက်သည်။

ယခု သက်လတ်ပိုင်း အရွယ်သို့ ရောက်နေသည့်တိုင် သည်ဇီဇကတော့ မပျောက်သေး။



လှပသော နံနက်ခင်း ...။

သာယာသည့် တောတောင်ဝန်းကျင်အလယ်တွင် ယန်ကူသည် ပေါ့ပါးသွက်လက်စွာ လျှောက်လှမ်းသွားနေသည်။

လေအဝှေ့တွင် ကြွေကျလာသော ပန်းပွင့်လေးများကို ရွှင်မြူးစွာ ဆီး၍ ဖမ်းယူသည်။

ကျန်းယိမင်းကို သစ်ခွပန်း တက်အခူးခိုင်းပြီး ခေါင်းတွင် ပန်သည်။

ယန်ကူ၏အသွင်သည် တောလယ်၌ ပန်းကောက်ထွက်နေသော ဆယ်ကျော်သက်အရွယ် အပျိုပေါက်မကလေးတစ်ယောက်လို ဖြစ်၍နေသည်။

ကျန်းယိမင်းမှာ ယန်ကူဘေးတွင် အတူတွဲကာ လိုက်ပါနေရသည်ကို ရှက်သလိုလိုပင် ဖြစ်၍လာရသည်။

ဤသို့လွတ်လပ်ပျော်ရွှင်စွာ လျှောက်လှမ်းလာခဲ့ရာ တောင်အစပ်နားသို့ ရောက်လာကြလေတော့သည်။

+

www.burmeseclassic.com

www.burmeseclassic.com



တောအုပ်အစပ်နားသို့ ယန်ကူနှင့် ကျန်းယိမင်းတို့ ရောက်လာကြသည်။

"ဟာ … ဟိုမှာကြည့်စမ်း ဟို သစ်ခွပင်ကြီး လှလိုက်တာ၊ ငါ ပန်ထားတဲ့ပန်းမျိုးပဲ၊ ဒါပေမဲ့ သူက ပိုကြီးတယ်၊ အပွင့်တွေ ပိုများတော့ ပိုပြီးလှတယ်"

ယန်ကူက သစ်ပင်ကြီးတစ်ပင်ထက်သို့ မော့ကြည့်ကာ လက်ညှိုး ညွှန်ပြပြီး ပြောသည်။

မြင့်မားသော သစ်ပင်ထိပ်ပိုင်းလောက်တွင် လှပသည့် သစ်ခွပန်းပွင့်ကြီးများ ပွင့်နေသည့် သစ်ခွပင်တစ်ပင်ရှိနေသည်။

"ကျန်းယိမင်း … အဲဒီသစ်ခွ တက်ခူးပေး၊ ဟာ … နေတော့ နေတော့၊ သစ်ခွပင်နားမှာ ပျားအုံကြီး ရှိနေပါလား၊ မင်းကို ပျားတုတ်လိမ့်မယ်၊ နေပါစေတော့"

ယန်ကူက ကျန်းယိမင်းကို သစ်ခွပန်း တက်အခူးခိုင်းမည် ပြုပြီးမှ သစ်ခွပန်းရှိရာ အကိုင်းနှင့် မလှမ်းမကမ်းတွင် ကြီးမားသော ပျားအုံကြီးတစ်ခု ရှိနေသည်ကို တွေ့ရ၍ မတက်ခိုင်းတော့ပေ။

ထိုပျားအုံကြီးသည် အတောင်နီပျားများ၏ ပျားအုံကြီး ဖြစ်သည်။



တကယ်တော့ ထိုပျားအုံကြီးသည် ကျန်းယိမင်းအတွက် အန္တရာယ်မဟုတ်ပါ။

ပျားများ ပျားအုံမှ ဖယ်ရှားထွက်သွားအောင် ကျန်းယိမင်းက ခိုင်းနိုင်သည်။

ထို့ပြင် ယန်ကူ၏ခေါင်းတွင် ပန်ထားသော သစ်ခွပန်းသည် အတောင်နီပျားစိမ်းများ အလွန်နှစ်သက်သဘောကျသော ပန်းအမျိုးအစားဖြစ်ပေရာ ထိုသစ်ခွပန်း ပန်ထားသည့် ယန်ကူကိုလည်း အတောင်နီ ပျားစိမ်းတို့က အန္တရာယ်ပေးကြမည် မဟုတ်ပေ။

သည်တော့ ကျန်းယိမင်းအနေဖြင့် သစ်ပင်ထက်ရှိ သစ်ခွပန်းကို တက်ခူးမည်ဆိုပါက အလွယ်ပင် ခူးယူနိုင်ပေသည်။

သို့သော် ယန်ကူထံတွင် ထိုသစ်ခွပန်းမျိုး (အနည်းငယ်သေး၍ အပွင့်အရေအတွက် နည်းသော်လည်း) တစ်ခက်ရှိနေပြီးဖြစ်သည့်အပြင် ယန်ကူကလည်း တက်မခူးခိုင်းတော့သောကြောင့် ကျန်းယိမင်းလည်း ခပ်မဆိတ်ပင် နေလိုက်သည်။

သူတို့နှစ်ယောက် ဆက်လက်လျှောက်သွားမည်အပြုမှာ ဝင်မျက်နှာချင်းဆိုင်တွင် ရှိနေသည့် သစ်ပင်ကြီးတစ်ပင်ထက်မှ လူတစ်ယောက် ခုန်ဆင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ ရုတ်တရက် ပေါ်ပေါက်လာသည့် အဖြစ်မို့ ကျန်းယိမင်းရော ယန်ကူပါ ဇိတ်လန့်အံ့သြကာ ခြေလှမ်းတုံ့ရပ်သွားကြသည်။

ထိုသူသည် မြေပြင်ပေါ် ခြေချရပ်မိသည်နှင့် ကျန်းယိမင်းထံသို့ လက်နက်ပုန်းလေးခု လျင်မြန်စွာ ပစ်လွှတ်လိုက်သည်။

'ဝှစ် .. ဝှစ် .. ဝှစ် .. ဝှစ်'

လက်နက်ပုန်းများသည် ကျန်းယိမင်း၏ဘယ်ညာ ဒူးဆစ်နှစ်ဖက်နှင့် ဘယ်ညာပခုံးစွန်းများကို ထိစိုက်မိသည်။

ကျန်းယိမင်း၏ ခြေထောက်နှစ်ဖက်နှင့် လက်နှစ်ဖက် ယိုကျဉ်သွားသည်။

အားအင်များ မရှိတော့သလိုဖြစ်ကာ မတ်တတ်ဆက်မရပ်နိုင်တော့ဘဲ ခွေယိုင်ကာလဲကျသည်။

ကျန်းယိမင်းနှင့် ယန်ကူတို့ အန္တရာယ်ကို ရင်ဆိုင်တိုးမိကြလေပြီ။

+ + +



## အခန်း (၃)

နေမင်းကြီးထွက်မြူစ မိုးသောက်အချိန်သည် သာယာလှပမြဲဝင် ဖြစ်သည်။

တစ်ညတာ အိပ်စက်အနားယူကြပြီး ဖြစ်သည့် သက်ရှိသက်မဲ့အပေါင်းတို့သည် နေ့သစ်တစ်ခုအစပျိုးမှုနှင့်အတူ လန်းဆန်းစွာ နိုးထလာကြရပေသည်။

ကျောင်းဝိယောင်အတွက်ကတော့ ခြွင်းချက်ဟု ဆိုရလေသည်လားမသိ။

နေ့တစ်နေ့၏အဦးအစ၊ နုသစ်သော နံနက်ခင်းအလှကိုပင် အကြည်းတန်နေသလို ထင်နေသည်။

အိပ်စက်ရာမှ နိုးထလာသော်လည်း လန်းဆန်းရွှင်မြူးခြင်းမရှိ။

ကျောင်းဝိယောင်၏ စိတ်အစဉ်သည် လေးလံညစ်ညူး၍

www.burmeseclassic.com

www.burmeseclassic.com



နေသည်။

သူမ၏ရင်ထဲတွင် မကျေနပ်ချက်တွေကတော့ အပြည့်အသိပ်ရှိနေသည်။

ဒါပေမဲ့ ဘာကိုမကျေနပ်သည်လည်းဟူ၍တော့ တိတိပပ ပြောလို့မရနိုင်ပါ။

ယခု ကျောင်းပိယောင် ရောက်ရှိနေသော နေရာသည် တောအုပ်ကြီးတစ်ခုထဲတွင် ဖြစ်သည်။

ကျောင်းပိယောင်လို အသက်ဆယ့်ခုနစ်အရွယ် မိန်းကလေးတစ်ယောက်အနေဖြင့် တောနက်ကြီးထဲတွင် တစ်ယောက်တည်း ရောက်နေခြင်းမှာ အန္တရာယ်ကြီးမားစွန့်စားလွန်းရာရောက်သည်ဟု ဆိုကောင်းဆိုကြမည်ဖြစ်သည်။

သို့သော် ...

ကျောင်းပိယောင်၏အကြောင်းကိုသိလျှင် ဤသို့ဆိုကြလိမ့်မည် မဟုတ်ပေ။

တောနက်တောင်စွယ်များသည် ကျောင်းပိယောင်အတွက် သူစိမ်း မဟုတ်ကြပါ။

ကျောင်းပိယောင် ငယ်ရွယ်စဉ်ကပင် တောနက်ထဲရှိ ရွာသိမ် ရွာငယ်လေးတစ်ရွာတွင် တစ်ကောင်ကြွက် ဘဝမျိုးဖြင့် နေထိုင်ကြီးပြင်းလာခဲ့ရသည်။

တောထဲတွင် လှည့်လည်သွားလာ နေထိုင်ခဲ့ပေရာ တောအုပ်သည်ပင်လျှင် သူ၏အိုးအိမ်သဘောမျိုး ဖြစ်နေသည်။

သူမ၏ဘဝသည် အထီးကျန်ဆန်သလို ပဟေဠိသဖွယ်လည်း ဖြစ်နေခဲ့သည်။

သူမကို အမျိုးသမီးတစ်ယောက်က ကျောက်တစ်လုံးရွာလေးသို့ ပို့ပေးပြီး နေထိုင်နိုင်အောင် စီစဉ်ပေးခဲ့ခြင်းဖြစ်သည်။ သူမအနေဖြင့် မိဘများ မည်သူမည်ဝါဆိုသည်ကို မသိ။ ထိုအမျိုးသမီး၏အမည်ကိုလည်းမသိ။

သိုင်းပညာရှင် အမျိုးသမီးဟုသာ သိထားရသည်။

ကုန်ကုန်ပြောရလျှင် ရှောင်ကျောင်းဟူသော အများခေါ်သည့် အမည်ဖြင့်သာ နေခဲ့ရသည်။

အမည်ရင်းလည်း မရှိ။

မိဘများ မည်သူမည်ဝါဖြစ်သည်ကို ရှောင်ကျောင်း သိလိုသည်။ သူမကို ကူညီစောင့်ရှောက်ခဲ့သူ သိုင်းပညာရှင် အမျိုးသမီးကို တွေ့လိုသည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိ မျိုးရိုးစစ်မြစ်ကိုလည်း သိချင်သည်။

နောက်ဆုံးတွင်တော့ ရှောင်ကျောင်း၏ဆန္ဒများ ပြည့်ဝခဲ့သည်။

သိုင်းပညာရှင် အမျိုးသမီးသည် သစ်စိမ်းပိတုံးဂေဟာမှ ကျင်းမူဖြစ်ကြောင်း သိရသည်။

ကျင်းမူနှင့် ခွန်လွန်တောင်ပေါ်တွင် ပြန်လည်ဆုံတွေ့ခဲ့ရသည်။

သူမ၏မိဘများသည် ကျောင်းစန်းလိုင်နှင့် ချန်မေချင်း။ သူမ၏အမည်ရင်းသည် ကျောင်းပိယောင် ဆိုသည်တို့ကိုသာမက သူမသည် ဘီလူးဂိုဏ်း၏သိုင်းမျိုးဆက်ဖြစ်ကြောင်းကိုပါ သိခဲ့ရသည်။

ဤသို့ သိရှိခဲ့မှုနှင့်အတူ သူမ၏ဘဝသည်လည်း တစ်ချိုးတစ်ကွေ့အဖြစ် အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့သည်။

မိတ်ဆွေတို့သည် ရန်သူဖြစ်ကုန်သည်။

ချစ်သူနှင့်စေ့စပ်ကြောင်းလမ်းထားမှု ပျက်ပြားသွားသည်။

စိတ်ထားနူးညံ့ကောင်းမွန်သော သူတစ်ပါးအပေါ် ကူညီတတ်လေသော ရှောင်ကျောင်းသည် ဆိုးသွမ်းရမ်းကားမည့်လူတစ်



ယောက်အဖြစ် သတ်မှတ်ခြင်း ခံရသည်။

အပြစ်ဒဏ်ခတ် စီရင်ဆုံးဖြတ်သင်ခြင်း ခံရတော့မည့် အခြေအနေတွင် ခွန်လွန်သိုင်းသမားကြီးထိုက်လီချူးဆိုင်၏ကူညီမှုဖြင့် ကျောင်းပိယောင် ခွန်လွန်တောင်ပေါ်မှ ရှောင်တိမ်းထွက်လာနိုင်ခဲ့သည်။

ယခုတော့ ကျောင်းပိယောင်သည် တောတောင်ထဲတွင် တစ်ယောက်တည်း လှည့်လည်သွားလာနေရသည့်အဖြစ်သို့ ပြန်လည်ရောက်ရှိနေပေပြီ။

ဟိုယခင် ရှောင်ကျောင်းဘဝတုန်းကလည်း သည်လိုပင် တောထဲတောင်ထဲတွင် လှည့်လည်သွားလာကာ မြွေများဖမ်းဆီး၍ အသက်မွေးဝမ်းကျောင်းခဲ့ရသည်။

, မိမိ၏ဘဝနောက်ကြောင်းကို သိရသည်မှလွဲ၍ ပျော်ရွှင်ခဲ့ရသည်။

စိတ်လွတ်ကိုယ်လွတ်ရှိခဲ့သည်။

ယခုတော့ ...

သူမ၏ဘဝသည် ကျောင်းပိယောင်ဟု ပြောင်းလဲသွားခဲ့ပြီးသည့်နောက် ယခင်ကရှိခဲ့သော လွတ်လပ်ပျော်ရွှင်မှုတို့သည် ပျောက်

www.burmeseclassic.com

www.burmeseclassic.com



ဆုံးသွားခဲ့ရလေပြီ။

တောထဲတောင်ထဲတွင် နေသားကျနေသူမို့ နေရေးထိုင်ရေး၊ စားရေးသောက်ရေးများတွင် အခက်အခဲမရှိခဲ့ပါ။

ကျောင်းပိယောင်သည် တောထဲတွင်လည်း နေရာအတည်တကျ အခြေချနေထိုင်ခြင်းမပြု။

တစ်နေရာမှ တစ်နေရာ ခြေဦးတည့်ရာ ပြောင်းရွှေ့သွားလာ၍ နေခဲ့သည်။

စိတ်ကူးရသည့်အခါများတွင် မြွေများဖမ်းကာ မြို့ပေါ်တက် ရောင်းချ၍ လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများ ဝယ်ယူသည်။

များသောအားဖြင့် တောထဲတောင်ထဲတွင် လှည့်လည်သွားလာနေထိုင်နေခဲ့သည်။

✣

ယမန်နေ့ညက စမ်းချောင်းလေးတစ်ခုဘေးနားရှိ ကျောက်ဆောင်ကြီးတစ်ခုအောက်တွင် နားနေအိပ်စက်ခဲ့သည်။



ယနေ့နံနက် အိပ်ရာမှနိုးသောအခါ စမ်းချောင်းထဲမှ ရေမှင့်ချက်နှာသစ် ကိုယ်လက်သန့်စင်သည်။

ငါးတစ်ကောင် ဖမ်းယူကာ မီးကင်၍ နံနက်စာအဖြစ် စားသောက်သည်။

ပြီးတော့ ခရီးဆောင်အိတ်ကို ကောက်လွယ်လိုက်သောအခါ ထိုနေရာမှထွက်ခွာရန် ကျောင်းပိယောင် အသင့်ဖြစ်သွားသည်။

ကျောင်းပိယောင်၏ခရီးဆောင်အိတ်ကတော့ အကောင်းစားဖြစ်သည်။

တောထဲတောင်ထဲတွင် လှည့်လည်သွားလာနေသူ တစ်ယောက်အတွက် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများ ထိုခရီးဆောင်အိတ်ထဲ၌ အတော်ပင် ပြည့်ပြည့်စုံစုံပါရှိသည်။

ကျောင်းပိယောင်သည် ခရီးဆောင်အိတ်ကိုလွယ်ပြီးနောက် စမ်းချောင်းလေးအတိုင်း မြောက်ဘက်ဆီသို့ ရှေ့ရှုကာ ထွက်လာခဲ့သည်။

တစ်ညတာ နားနေအိပ်စက်ခဲ့သည့် ကျောက်ဆောင်ကြီးဘက်သို့ လှည့်၍ပင် မကြည့်တော့။

စမ်းချောင်းကလေးက ရေစီး အတော်သန်သည်။ ကျောက်

www.burmeseclassic.com

www.burmeseclassic.com



တုံး ကျောက်ခဲများကို ပွတ်တိုက်စီးဆင်းနေသော ရေအလျှင်၏စီးသံ လွင်လွင်ကလေး ပေါ်ထွက်နေသည်။

လှပနုသစ်သော နံနက်ခင်းနှင့်လိုက်ဖက်သည့် ငြိမ့်ညောင်း သော သဘာဝတေးသံကလေးပါ။

ဂရုမပြု။

စမ်းချောင်းလေး၏ ကမ်းစပ်လမ်းကြောင်း အတိုင်းသာ လျှောက်လှမ်း၍ သွားနေသည်။

သို့သော် ...

တစ်နေရာသို့ ရောက်သောအခါတွင်မှ ကျောင်းပိယောင်၏ လျှောက်လှမ်းနေသော ခြေလှမ်းများ ရုတ်ခနဲ ရပ်တန့်သည်။

ပတ်ဝန်းကျင်ကို ဟိုဟိုသည်သည် မျက်လုံးကစားကာ ကြည့်သည်။

လျစ်လျူရှု ဥပေက္ခာပြုထားသော ပတ်ဝန်းကျင်ကို စူးစမ်း ကြည့်ရှုအောင် ဖန်တီးမှုမှာ သူမ၏နှာခေါင်းဝတွင် ရှူမိလေသော အဆိပ်နံ့ကြောင့် ဖြစ်ပေသည်။

အဆိပ်နံ့မှ အတော်လေး ထူးခြားဆန်းပြားသော အဆိပ်နံ့။

ကျောင်းပိယောင်၏မိခင် ချန်မေချင်းသည် သစ်စိမ်းပိတုံး



ဂေဟာ မိသားစု၏အဆိပ်ဖြေပန်းဝတ်လွှာမယ်အဖြစ် ဆောင်ရွက်ခဲ့ သူဖြစ်သည်။

မျိုးရိုးဗီဇအရပင် အဆိပ်ခံနိုင်ရည် အားကောင်းကာ အဆိပ်အမျိုးမျိုးတို့ကို နိုင်နင်းကျွမ်းဝင်သည်။

ကျောင်းပိယောင်မှာလည်း မိခင်ဖြစ်သူထံမှ ဤမျိုးရိုးဗီဇ အမွေကို ဆက်ခံရရှိထားခဲ့သည်။

ကျောင်းပိယောင်သည် ထူးခြားသည့် အတွေ့အကြုံများ တွေ့ခဲ့ရပြီး သူမ၏အဆိပ်ခံနိုင်ရည် ဗီဇစွမ်းရည် ပိုမိုထက်မြက်လာ သလို အဆိပ်များနှင့် ပတ်သက်၍လည်း တတ်သိကျွမ်းကျင်မှုကို ပိုရှိလာခဲ့သည်။

ထို့ပြင် အဆိပ်များနှင့်ပတ်သက်၍လည်း စိတ်ဝင်စားမှု အထူးလေးနက်စွာရှိသည်။

ထို့ကြောင့်လည်း တောထဲ တောင်ထဲတွင် ထူးခြားသည့် အဆိပ်နံ့ကို ရှူမိသောအခါ စိတ်ဝင်စားမှု နိုးကြားလာလျက် ပတ်ဝန်း ကျင်ကို စူးစမ်းအကဲခတ်လိုက်မိခြင်း ဖြစ်ပေတော့သည်။

စမ်းချောင်းလေး၏အနီးပတ်ဝန်းကျင်တွင်တော့ အထူး ထွေခြား။

www.burmeseclassic.com

www.burmeseclassic.com



စိမ်းစိမ်းစိုစို၊ အေးအေးငြိမ်ငြိမ်ပင် ရှိနေသည်။

အဆိပ်နံ့သည် အဝေးဆီမှ ပျံ့လွင့်လာခြင်း ဖြစ်သည်။

သေသေချာချာ ကြည့်ရှုလေသောအခါတွင် အဆိပ်နံ့အပြင် သွေးပုပ်နံ့ပါ ပူးတွဲပေါ်ထွက်နေကြောင်း သိရသည်။

ကျောင်းဝိယောင်၏စိတ်ဝင်စားမှု ပိုမိုများပြားလာသည်။

ထက်သန်လာသည်။

ဤအနံ့များ၏ ဖစ်မြစ်အကြောင်းရင်းကို စူးစမ်းကြည့်ရန်လည်း စိတ်ပိုင်းဖြတ်လိုက်သည်။

အဆိပ်နံ့နှင့် သွေးပုပ်နံ့များ ပေါ်ထွက်လာရာဘက်ဆီသို့ ကျောင်းဝိယောင် သွက်လက်စွာ လျှောက်လှမ်းသွားလေတော့သည်။

✣

စမ်းချောင်းကလေးသည် မြောက်မှတောင်သို့ စီးဆင်းနေသည်။

ကျောင်းဝိယောင်က စမ်းချောင်းလေး၏အနောက်ဘက် ကမ်းစပ်အတိုင်း မြောက်ဘက်စူးစူးသို့ ဦးတည်ကာ သွားနေခဲ့သည်။



ထူးခြားသော အဆိပ်နံ့နှင့် သွေးပုပ်နံ့များ ပေါ်ထွက်လာသည်မှာ စမ်းချောင်းကလေး၏အရှေ့ဘက်ပိုင်းဆီမှ ဖြစ်သည်။

ထို့ကြောင့် ကျောင်းဝိယောင်သည် ထူးခြားသော အဆိပ်နံ့နှင့်သွေးပုပ်နံ့များ ပေါ်ထွက်လာရာ နေရာဆီသို့ သွားနိုင်ရန် စမ်းချောင်းလေးကို ဖြတ်ကျော်ရသည်။

စမ်းချောင်းကလေးသည် ရေ သိပ်မနက်ပါ။

သို့သော် ရေစီးက အတော်ပင် ကြမ်းပေရာ ရေထဲမှ ဖြတ်လျှောက်ရန် မလွယ်လှပေ။

စမ်းချောင်းလေးထဲတွင် ဟိုနေရာတစ်ခု၊ သည်နေရာတစ်ခု ပေါ်နေလေသော ကျောက်တုံးများပေါ်မှ ခုန်လွှားစျသာ ကူးလာခဲ့ရသည်။

ကျောင်းဝိယောင်သည် မူလကပင် တောတောင်ဆင်းကျွမ်းကျင်ကာ ကိုယ်ဟန်ပေါ့ပါးသည်။

ထို့ပြင် အဘိုးအို ကျိုချန်ခွန်ထံမှ နဂါးလှိုင်းစီးသိုင်းသင်ကြားတတ်မြောက်ထားခဲ့ပြန်ရာ တစ်ခုနှင့်တစ်ခု အဝေးကွာလှမ်းသည့် ကျောက်တုံးများကို များစွာ အခက်အခဲမရှိဘဲ ခုန်လွှားကျော်ကာသော စမ်းချောင်းလေး၏အရှေ့ဘက်ကမ်းစပ်သို့ ကူးပြီးလျှင် ထူးခြားသော

www.burmeseclassic.com



အဆိပ်နံ့နှင့်သွေးပုပ်နံ့များ ထွက်ပေါ်လာရာသို့ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လှမ်းလာခဲ့သည်။

နီးကပ်လာသည်နှင့်အမျှ အနံ့များပို၍ စူးရှပြင်းထန်လာသည်။

ကျောင်းဝိယောင်၏ ခြေလှမ်းများလည်း ပို၍သွက်လက်လာသည်။

လျင်မြန်လာသည်။

ခဏအကြာတွင် ရည်မှန်းနေရာသို့ ကျောင်းဝိယောင် ရောက်ရှိသွားသည်။

ထိုနေရာသည် သစ်ပင်ကြီးကြီးမားမား ပေါက်ရောက်ခြင်းမရှိဘဲ ခြေကွက်လပ်လေးတစ်ခုလို ဖြစ်၍နေသည်။

အလျားပေနှစ်ရာကျော် အနံပေတစ်ရာခန့်ရှိသည်။

အရှေ့ဘက်ခြမ်း ထောင့်နားဆီတွင်မူ ဝါးရုံကြီးတစ်ခု ရှိသည်။

ဝါးရုံပင်အောက်နှင့် အနီးဝန်းကျင်တွင် လူသေအလောင်းများ ပြန့်ကျဲ၍နေသည်။

ထူးဆန်းသည်မှာ သွေးပုပ်နံ့နှင့် အဆိပ်နံ့များရှိနေသော



လည်း သေဆုံးသူတို့သည် အဆိပ်သင့်သည့် လက္ခဏာများ မတွေ့ရခြင်းပင် ဖြစ်သည်။

သူတို့ရရှိထားသော ဒဏ်ရာသည် ပြင်းထန်သည့် လက်ဝါးရိုက်ချက် အထိစံရသည့် ဒဏ်ရာမျိုးဖြစ်သည်။

ကျောင်းဝိယောင်သည် အလောင်းများတစ်ခုပြီးတစ်ခု စစ်ဆေးရင်း ရှေ့သို့တိုးလာခဲ့ရာ ဝါးရုံပင်နှင့် နီးသည်ထက် နီးလာခဲ့သည်။

ဝါးရုံပင်အောက်တွင်လည်း အလောင်းတစ်ခု ရှိနေသည်။

ထိုအလောင်းသည် အမျိုးသမီးတစ်ယောက်၏အလောင်း ဖြစ်သည်။

ကျန်အလောင်းများသည် အားကောင်းမောင်းသန် ယောကျ်ားကြီးများ ဖြစ်ကြပြီး အမျိုးသမီးအလောင်းဟူ၍ ဝါးရုံပင်အောက်ရှိ ထိုအလောင်းတစ်လောင်းသာ ရှိနေရာ ထူးခြားသည်ဟု ဆိုရမည်။

ထို့အပြင် အဆိပ်နံ့နှင့် သွေးပုပ်နံ့မှာလည်း ဝါးရုံပင်အောက်ရှိ အလောင်းဆီမှ ထွက်ပေါ်နေသည်။

ဝါးရုံပင်အောက်တွင် အရိပ်ကျနေသောကြောင့် အပေါ်မှ

www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်လျှင် အလောင်း၏အခြေအနေကို သေသေချာချာ ထင်ထင်ရှားရှား မမြင်နိုင်ပါ။

အမျိုးသမီးတစ်ယောက်၏ အလောင်းဖြစ်သည်ဆိုခြင်းလောက်သာ သိရှိနိုင်သည်။

ကျောင်းပိယောင်သည် ဝါးရုံကြီးဆီသို့ ရှေ့ရှုကာ တဖြည်းဖြည်း ချဉ်းကပ်၍သွားသည်။

ဝါးရုံကြီးနှင့် ခြေလှမ်းဆယ်လှမ်းခန့် အကွာသို့ရောက်သော်

+

"ဟော့ ... ရပ် ... ရှေ့ မတိုးနဲ့"

ဝါးရုံပင်ကြီးနှင့် ခြေလှမ်းဆယ်လှမ်းခန့် အကွာသို့ရောက်သောအခါ စကားသံတစ်ခု ရုတ်တရက် ပေါ်လာသည်။

ဟန့်တား ခြိမ်းခြောက်သည့် အသံဖြစ်သည်။

သို့သော် အသံသည် အားနည်းဖျော့တော့နေသည်။

မိမိနှင့် လူသေအလောင်းများသာ ရှိနေသည်ဟု ထင်မှတ်နေသော ကျောင်းပိယောင်မှာ ရုတ်တရက် စကားသံကိုကြားရသော



အခါ ထိတ်လန့်သလိုဖြစ်လျက် ခြေလှမ်းလည်း အလိုလိုတုံ့ရပ်သည်။

"မင်းက ဘီလူးဂိုဏ်းဝင်ပဲလား"

စကားသံ ပေါ်လာပြန်သည်။

"မဟုတ်ဘူး ... မဟုတ်ဘူး၊ ဘီလူးဂိုဏ်းနဲ့ ဘာမှမပတ်သက်ဘူး"

ကျောင်းပိယောင်က ခါးခါးသီးသီးပင် ငြင်းပယ်လိုက်သည်။

ဘီလူးအဖွဲ့၏အမွေခံ သိုင်းမျိုးဆက် တစ်ယောက်ဖြစ်သည်ဟူသော စွပ်စွဲချက်၏နောက်တွင် ကျောင်းပိယောင်၏ ပျော်ရွှင်ဖွယ်ရာ မျှော်လင့်ချက်များ ပြည့်လျှမ်းနေသည့် အနာဂတ်ပပျောက်ဖျက်စီးသွားခဲ့ရသည်။

ထို့ကြောင့် ကျောင်းပိယောင်သည် ဤစွပ်စွဲချက်အပေါ် အထူးပင် ခံပြင်းနာကြည်းနေခဲ့သည်။

ယခု ဘီလူးအဖွဲ့ဝင် မဟုတ်ဟု အမေးခံရလေသောအခါ ဤနာကြည်းခံပြင်းမှုတို့၏ စေ့ဆော်ချက်ဖြင့် တူးတူးခါးခါးပင် ငြင်းပယ်လိုက်မိခြင်း ဖြစ်သည်။

"ဟုတ်ပြီ ... ဒါဆိုရင် မင်းနာမည်ပြော"

"ကျောင်းပိယောင်"

www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းဝိယောင် … ကျောင်းဝိယောင်"

တစ်ဖက်အသံရှင်သည် ကျောင်းဝိယောင်ဟူသော အမည်ကို သုံးလေးကြိမ်မျှ ထပ်ပြန်တလဲလဲ ရွတ်ဆိုနေသည်။

ထို့နောက် …

"ကျောင်းစန်းလိုင်နဲ့ချန်မေချင်းတို့ရဲ့သမီး ကျောင်းဝိယောင်တော့ မဟုတ်ပါဘူးနော်"

ဘီလူးအဖွဲ့ ဆိုသည်နှင့်ပတ်သက်၍ နာကြည်းခံပြင်းမှုများ ရှိနေသော်လည်း ကျောင်းဝိယောင်သည် မိမိမြင်ပင် မမြင်ဖူးလိုက်ရသည့် မိဘနှစ်ပါးအပေါ်တွင်တော့ ဒေါသစိတ်များမရှိ။

မိမိသည် ကျောင်းစန်းလိုင်နှင့် ချန်မေချင်းတို့၏ သမီးဖြစ်သူဟု နိုင်မြဲစွာ ခံယူထားသည်။

"ဟုတ်တယ် … ကျွန်မဟာ ဖေဖေကျောင်းစန်းလိုင်၊ မေမေ ချန်မေချင်းတို့ရဲ့ တစ်ဦးတည်းသော သမီးပဲ"

ကျောင်းဝိယောင်သည် ဤစကားများကို အံကြိတ်ကာ ပြောလိုက်သည်။

သူမ၏တစ်သက်တာတွင် မိဘများ၏အမည်ကို ဖော်ထုတ်ပြောဆိုခြင်း မပြုနိုင်ခဲ့ပေ။ ယခု ပထမဆုံးအကြိမ် ထုတ်ဖော်ပြော



ခြင်း ဖြစ်သည်။

ဒါကြောင့် ကျောင်းဝိယောင်၏ ပြန်လည်ဖြေကြားမှုမှာ မာန်အပြည့်နှင့်ဖြစ်သည်။ သို့သော် ဂရုပြု၍ နားထောင်မည်ဆိုပါက ငိုသံအနည်းငယ် ရောနှောပါရှိနေသည်ကို သိနိုင်ပေသည်။

"ဟုတ်ပြီ … မင်းကို ပြန်တွေ့ရတာ သိပ်ဝမ်းသာတာပဲ"

တစ်ဖက်အသံမှာ ပျော်ရွှင်မှုဖြင့် လှိုက်လှဲနေသည်။ အားနည်းဖျော့တော့နေသော်လည်း စောစောကထက် အနည်းငယ်ပိုတွယ်လောင်နေသည်။

ထို့ပြင် ဝါးရုံကြီးအောက်ရှိ အမျိုးသမီးအလောင်းသည် အနည်းငယ် လှုပ်ရှားလာသည်ကို ကျောင်းဝိယောင် သတိပြုမိလိုက်သည်။

"ဒီကိုလာပါဦးကွယ်၊ ငါ့ကို ထူမပေးစမ်းပါ"

ဤအခါတွင်မှ ဝါးရုံကြီးအောက်ရှိ အမျိုးသမီးသည် ထင်ထားသလို အသက်မသေသေးကြောင်း ကျောင်းဝိယောင် သိလိုက်ရလေတော့သည်။

✢

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပိယောင်သည် ဝါးရုံကြီးအောက်သို့ ပြေးဝင်သွားကာ အမျိုးသမီးကို အသာဖေးမပွေ့ထူလိုက်သည်။

အမျိုးသမီးသည် သက်လတ်ပိုင်းအရွယ်ဖြစ်သည်။ ရုပ်ရည်ချောမောသည်။ အသားအရေများ ပြာနှမ်းကာ မျက်လုံးသည် အရောင်မတောက်ဘဲ မှုံခြောက်ခြောက်ဖြစ်နေသည်။

အထွေအထူး စမ်းသပ်ကြည့်စရာမလိုဘဲ မြင်ရုံနှင့်ပင် ပြင်းထန်သည့် အဆိပ်သင့်နေကြောင်း ကျောင်းပိယောင် အကဲခတ်မိသည်။

"ဒေါ်လေး ... အဆိပ်သင့်နေတယ် မဟုတ်လား"

အမျိုးသမီးက ခေါင်းညိတ်ပြကာ ဝှေါခနဲ သွေးတစ်ချက်အန်သည်။ အန်သောသွေးတို့က သွေးပုပ်များ ဖြစ်သည်။ အဆိပ်နံ့လည်း မွှန်ထူအောင် ထွက်ပေါ်လာသည်။

ကျောင်းပိယောင်က အမျိုးသမီး၏ကိုယ်ပေါ်တွင် အဆိပ်ဒဏ်ရာကို အလောတကြီး လိုက်ရှာသည်။

"ဒဏ်ရာ ... မရှိ ... ဘူး၊ သည်းခြေပျက် အူပြတ် အဆိပ်ငွေ့"



အမျိုးသမီးသည် စကားကို ဆုံးအောင် မပြောနိုင်။ စကားတစ်ပိုင်းတစ်စတွင် အားပြတ်သွားသလို အသက်ကို မောဟိုက်စွာ ရှူနေသည်။ သွေးပုပ်များလည်း အန်ချပြန်သည်။

ကျောင်းပိယောင်သည် အဆိပ်ဒဏ်ခံနိုင်သည့် ဗီဇအစွမ်းအားကောင်းမွန်ကာ အဆိပ်ဒဏ်ရာများကို အဆိပ်ဖြေကုသမှုများ ထိထိရောက်ရောက် ပြုလုပ်ပေးနိုင်သော်လည်း အစွမ်းထက်မြက်သည့် အဆိပ်ဖြေဆေး စသည်တို့ကား လက်ကိုင်မရှိပါ။

အမျိုးသမီးသည် အဆိပ်ဒဏ်ရာ တစ်ခုခုရရှိထားသည်ဆိုပါက ထိုဒဏ်ရာရထားသည့်နေရာမှ အဆိပ်များ ပြန်လည်စိမ့်ထွက်သွားရလေအောင် ကျောင်းပိယောင်က သွေးကြောများကို ထိုးနှိပ်ကုသပေးနိုင်သည်။

ယခု အမျိုးသမီးသည် အဆိပ်ငွေ့ရှူမိ၍ အဆိပ်ဒဏ်သင့်နေပေရာ ဒဏ်ရာမရှိသည့်အတွက် ကျောင်းပိယောင်အနေဖြင့် မည်သို့မည်ပုံ အဆိပ်ဖြေကုသပေးရမည်မှန်း မသိအောင် ဖြစ်နေသည်။

အမျိုးသမီး၏အဆိပ်သင့်နေမှုကာလည်း အခြေအနေတော်တော် ဆိုးရွားရှုံနေသည်။

အမြန်ဆုံး အဆိပ်ဖြေပေးဖို့လိုသည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန် နှောင်းသွားပါက အသက်ပါပျောက်သွားနိုင်သည်။

ကုသနိုင်မည့်နည်းလမ်းကို ကျောင်းပိယောင် ဦးနှောက် ခြောက်အောင် အမြန်ဆုံး စဉ်းစားရှာဖွေရလေတော့သည်။

ဦးနှောက်ကို အလုပ်ပေးကာ စိတ်လောကြီးစွာ စဉ်းစားကြံ ဆနေမှုကြောင့် ကျောင်းပိယောင်၏ကိုယ်ခန္ဓာအတွင်း သွေးလေလှုပ် ရှားလည်ပတ်မှုများ မြန်ဆန်လာသည်။

ဤသည်၏ အကျိုးဆက်အဖြစ် ကျောင်းပိယောင်၏ကိုယ် သင်းနံ့ပိုမို စူးရှ၍လာသည်။

ပိုမို သင်းပျံ့၍လာသည်။

သစ်စိမ်းပိတုံးဂေဟာ၏ အဆိပ်ဖြေ ပန်းဝတ်လွှာအဖြစ် တာဝန်ယူရသူ အမျိုးသမီးများသည် ပတ်ဝန်းမှုန် အဆိပ်ဖြေကိုယ် သင်းနံ့ဟူသော ထူးခြားသည့် ကိုယ်သင်းနံ့တစ်မျိုး ထုတ်လွှတ်နိုင် စွမ်း ရှိကြသည်။

ထိုကိုယ်သင်းနံ့ကို ရှူရှိုက်မိလျှင် အဆိပ်သင့်နေမှုများ ပျက် ပြယ်သွားစေနိုင်သည့်အစွမ်း ရှိသည်။

ကျောင်းပိယောင်သည် မိခင်ဖြစ်သူထံမှ အဆိပ်ဒဏ်ခံနိုင် ရည်စွမ်းကား ကောင်းမွန်မှု စီအေမွေကို ဆက်ခံရရှိခဲ့သော်လည်း



ပန်းဝတ်မှုန် အဆိပ်ဖြေကိုယ်သင်းနံ့နှင့် လွှင့်ထုတ်လောက်အောင် တော့ စွမ်းဆောင်နိုင်မှု မရှိပါ။

ထိုပညာကိုလည်း တတ်မြောက်ခြင်း မရှိပေ။

သို့သော် ...

ယခုလို စိတ်အာ အထူးစူးစိုက်ကာ စဉ်းစာနေခိုက် အတွင်း အားကလည်း သိပ်သည်းစွာ စုစည်းလည်ပတ်လျက် ရှိနေရာ ကျောင်းပိယောင်၏ကိုယ်ခန္ဓာမှ ထွက်ပေါ်လာသော ကိုယ်သင်းနံ့ သည် အဆိပ်ဖြေစွမ်းအား အနည်းအကျဉ်းရှိနေသည်။

ထိုကိုယ်သင်းနံ့ကို ရှူရလေသော အမျိုးသမီးကြီးမှာ အဆိပ်များ သက်သာလျော့ပါးခြင်း မရှိသော်လည်း သတိလစ်ဟင်း မေ့မြောသွားခြင်းမဖြစ်အောင်တော့ ထိန်းပေးနိုင်သည်။

ထိုအခိုက်မှာပင် ...

ကျောင်းပိယောင်သည် အကြံတစ်ခုရကာ မိမိ၏လက်ခ သယ်ထိပ်ကို အပ်ချွန်ဖြင့် ထိုးဖောက်ကာ သွေးများ ညှစ်ထုတ်၍ အမျိုးသမီးကြီး၏ပါးစပ်ထဲချပေးသည်။

"အဲဒါတွေကို သောက်ချလိုက် ဒေါ်လေး"

သွေးစက်အနည်းငယ် ပါးစပ်ထဲချပေးပြီးနောက် နှာခေါင်း



www.burmeseclassic.com

www.burmeseclassic.com



အနားတွင် သွေးစက်တစ်စက်စီ တို့ပေးကာ အသက်ရှူခိုင်းပြန်သည်။

ကျောင်းပိယောင်သည် ပင်ကိုစီဇအရပင် အဆိပ်ခံနိုင်ရည် စွမ်းအား ကောင်းမွန်ပေရာ သူမ၏သွေးသားများတွင်လည်း အဆိပ် ဖြေအာနိသင်များ ကြွယ်ဝစွာရှိနေသည်။

ကျောင်းပိယောင်က စိတ်ကူးရ၍ အမျိုးသမီးကြီး၏ပါးစပ် ထဲသို့ သွေးစက်များချပေးခဲ့ရာ အစွမ်းထက်လှသော အဆိပ်ဖြေဆေး တိုက်ကျွေးသည်နှင့် တစ်သဘောတည်း ဖြစ်သွားသည်။

သူမ၏သွေးနံ့ကို အမျိုးသမီးကြီးအား ရှူစေခဲ့ရာ အဆိပ် ဖြေမွှေးနံ့ ရှူရှိုက်စေသည့်သဘော သက်ရောက်သွားသည်။

အမျိုးသမီးကြီးတွင် သင့်နေသော အဆိပ်များကို ဦးကျိုး သွားလေအောင် ထိန်းချုပ်နိုင်ခဲ့သည်။

အမျိုးသမီးကြီးသည် အတွင်းအား နက်ရှိုင်းကောင်းမွန်ခဲ့သူ တစ်ယောက်ဖြစ်ပေရာ အတွင်းအားလည်ပတ်မှုဖြင့် အားဖြည့် ထောက်ကူပေးလိုက်ရာ အဆိပ်ဒဏ်အတော်ပင် သက်သာသွား သည်။

သင့်နေသည့်အဆိပ်က များပြားပြီး အာနိသင်ကလည်း ပြင်းလှသည့်အတွက် တစ်ကြိမ်တည်းနှင့် အဆိပ်များ ပျက်ပြားသွား



ခြင်းတော့ မရှိသေးပါ။

အဆိပ်ဒဏ်ခံနေရဆဲဖြစ်သည်။

သို့သော် ...

အဆိပ်များကို မပြန့်ပွား အင်အားမများလာအောင် ဦးနှိမ် ထိန်းချုပ်နိုင်သဖြင့် ချေဖျက်နိုင်သည့်လမ်းစလည်း ပေါ်လာပြီဖြစ် ရာ အဆိပ်များ ပျက်ပြယ်အောင် ကုသဖို့မခက်တော့ပေ။

အချိန်ယူရန်သာ လိုပေသည်။

“ငါတို့ တစ်နေရာရာကို ရွှေ့ကြမှဖြစ်မယ်၊ ဒီနေရာက သိပ် မကောင်းဘူး၊ အန္တရာယ်လည်း အချိန်မရွေး ကျရောက်လာနိုင် တယ်”

အဆိပ်ဒဏ်ကြောင့် အသက်သေရတော့မည်ဟု စိတ်ဒုန်း ဒုန်းချထားပြီးချိန်တွင် အဆိပ်ဖြေကုသနိုင်မည့် မျှော်လင့်ချက်ရောင် ခြည်လေး ပေါ်လာသည့်အတွက် အားတက်လာသော အမျိုးသမီး ကြီးက ပြောသည်။

မိမိကြုံတွေ့ခဲ့ရသည့် အဖြစ်များကြောင့် သူတစ်ပါးအပေါ် ကူညီပေးခြင်းမပြုတော့ဘဲ တာသီဘာသာ နေထိုင်သွားရန် ကျောင်း ပိယောင်က စိတ်ကူးထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

ကျောင်းပိယောင်သည် စိတ်ရင်းစေတနာကောင်းမွန်သော မိန်းကလေးဖြစ်ပေရာ တကယ်တမ်းအကူအညီလိုနေသူကို တွေ့ရသောအခါ ပစ်ပစ်ခါခါ မလုပ်ရက်ပေ။

ထို့ပြင် ...

ဤအမျိုးသမီးကြီးသည် မိမိ၏မိဘနှစ်ပါးနှင့် ရင်းနှီးကျွမ်းဝင်မှုရှိနိုင်ကြောင်း ကျောင်းပိယောင် တွေးမိသည်။

ကျောင်းပိယောင်သည် အမျိုးသမီးကြီးကို ဘေးကင်းလုံခြုံနိုင်မည်ဟု ထင်ရသောနေရာသို့ ဖေးမတွဲခေါ်လာခဲ့သည်။

+

ကျောင်းပိယောင်က အမျိုးသမီးကြီးကို ခေါ်ယူသွားသည့်နေရာမှာ သဘာဝဂူတစ်ခုဖြစ်သည်။

သိပ်ကျယ်ကျယ်ဝန်းဝန်း မရှိလှ။

လူနှစ်ယောက် နေသာရုံမျှသာ ဖြစ်သည်။

ဂူထဲတွင် အမှိုက်သရိုက်တွေလည်း အတော်များရာ သစ်



ခက်များကို့ စုစည်းကာ တံမြက်သဖွယ်ပြုလုပ်ကာ လှဲကျင်းရှင်းလင်းနေသေးသည်။

အမှိုက်သရိုက်များ ရှင်းလင်းပစ်လိုက်ပြီးသောအခါ ဂူသည် သပ်ရပ်သန့်ရှင်းလာသည်။

ဂူသည် တောင်ကုန်းလေးတစ်ခု၏ ထိပ်ပိုင်းအနားတွင်ရှိရာ ဤနေရာသို့ တစ်စုံတစ်ယောက် ချဉ်းကပ်ရောက်ရှိလာမည်ဆိုလျှင် အထက်စီးမှ ကြိုတင်မြင်တွေ့နိုင်သည့် နေရာကောင်းပင် ဖြစ်သည်။

ကျောင်းပိယောင်သည် တောထဲတောင်ထဲရှိ ဤသို့သော သဘာဝဂူများထဲတွင် စခန်းချနေထိုင်နေကြဖြစ်ရာ နေရာထိုင်ခင်း သန့်ရှင်းသပ်ရပ်အောင် ပြုပြင်မှုများကို တိုတောင်းလှသော အချိန်ပိုင်းလေးအတွင်း ထိရောက်စွာ လုပ်ဆောင်နိုင်ခဲ့သည်။

သက်ရှက်ခြောက်နှင့် မြက်ခြောက်များ၊ သစ်ကိုင်းလုံးကလေးများကို အသုံးချကာ အမျိုးသမီးကြီးအတွက် မွေ့ရာတစ်ခုပင် သင့်မြန်စွာ ဖန်တီးပြုလုပ်ပေးနိုင်ခဲ့သည်။

အမျိုးသမီးကြီးကို ထိုမွေ့ရာထက်တွင် လဲလျောင်းနေစေပြီးနောက် ကျောင်းပိယောင်က နှိပ်နယ်ပြုစုပေးသည်။

အမျိုးသမီးကြီးသည် အစပိုင်းတွင်တော့ ကျောင်းပိယောင်

www.burmeseclassic.com

www.burmeseclassic.com



နိုပ်နယ်ပေးသည်ကို အသာငြိမ်၍ခံသည်။

မကြာမီမှာပင် ...

ကျောင်းပိယောင်၏ လက်ဝါးဖြင့် နှိပ်နယ်ပေးမှုသည် အဆိပ်ဖြေကုသနိုင်သည့် စွမ်းရည်များ ရှိနေကြောင်း အကဲခတ်သိရှိသွားရာ မည်သည့်နေရာတွင် မည်သို့မည်ပုံ နှိပ်နယ်ပေးရမည်ကို ပြောဆိုလမ်းပြပေးသည်။

အမျိုးသမီးကြီးတွင် သင့်နေသောအဆိပ်များ အတော်ပင် သက်သာ၍လာသည်။

"အစ်ကိုကြီးကျောင်းစန်းလိုင်နဲ့ မမချန်မေချင်းတို့နဲ့ ပတ်သက်ပြီး မင်း ဘာတွေများသိထားသလဲ၊ ငါ့ကို ပြောပြစမ်းပါဦး"

အဆိပ်ဒဏ် အနည်းငယ် ပြေပျောက်သက်သာသွားသော အခါ အမျိုးသမီးကြီးက မေးသည်။

ကျောင်းပိယောင်က အမျိုးသမီးကြီးကို ဆတ်ခနဲကြည့်လိုက်သည်။

မိမိ၏မိဘနှစ်ပါးအမည်မှာ ကျောင်းစန်းလိုင်နှင့်ချမ်မေချင်း ဆိုသည်ကလွဲ၍ ကျောင်းပိယောင် ဘာမျှမသိပေ။

မိမိ၏မိဘနှစ်ပါးနှင့်ပတ်သက်၍ အမျိုးသမီးကြီးထံမှ မေး



မြန်းစုံစမ်းကြည့်မည်ဟုပင် စိတ်ကူးထားခဲ့သည်။

ယခု ...

မိမိက မမေးရဘဲ အမျိုးသမီးကြီးက ပြန်မေးလာရာ ကျောင်းပိယောင် ဘာပြန်ပြောရမှန်းမသိဘဲ ဖြစ်သွားသည်။

"သြော် ... ငါ ဘယ်သူလဲဆိုတာ ပြောဖို့မေ့နေတယ်၊ ငါ့နာမည်က ယန်ဂျာ၊ မင်းမိဘတွေရဲ့ သွေးသောက်ညီမငယ်တစ်ဦးပဲ၊ မင်းက ငါ့ကို ဒေါ်လေးလို့ခေါ်တာ နည်းလမ်းကျ သင့်တော်ပါတယ်"

"အခုလို မမျှော်လင့်ဘဲ ဒေါ်လေးနဲ့ လာဆုံမိရတာ ကျွန်မ အိပ်ကိုဝမ်းသာပါတယ်၊ ဒေါ်လေးက ဘီလူးအဖွဲ့ရဲ့ မူလလက်ရင်း အဖွဲ့ဝင်တစ်ယောက်ပေါ့နော် ဟုတ်လား"

ယန်ဂျာ၏မျက်နှာအမူအရာ တစ်မျိုးဖြစ်သွားသည်။

"အရင်တုန်းကတော့ ငါဟာ မင်းပြောသလိုပဲ ဘီလူးအဖွဲ့ရဲ့ မူလလက်ရင်း အဖွဲ့ဝင်တစ်ယောက် ဖြစ်ခဲ့ပါတယ်၊ ရှင်းရှင်းပြောရမယ်ဆိုရင် ပြိုကွဲပျက်စီးသွားခဲ့တဲ့ ဘီလူးအဖွဲ့ဝင်ကို အသစ်ပြန်လည်ဖွဲ့စည်းထူထောင်ခဲ့ရာ မူလပထမဦးဆုံး ပါဝင်ခဲ့ကြတဲ့ အဖွဲ့ဝင်တွေပဲပေါ့၊ အခုတော့ ငါဟာ ဘီလူးအဖွဲ့နဲ့ လမ်းခွဲခဲ့ပါပြီ၊ ဘီလူးအဖွဲ့က ငါ့ကို ရန်သူကြီးအဖြစ် သတ်မှတ်ပြီး တွေ့ရာနေရာမှာ သုတ်သင်ပစ်

www.burmeseclassic.com

www.burmeseclassic.com



ဖို့တောင် ကြိုးစားနေကြတယ်၊ အခု ငါ အဆိပ်သင့်ပြီး အသက်သေလုမျောပါးဖြစ်ရတာလည်း ဘီလူးအဖွဲ့ရဲ့လက်ချက်ပဲ"

"ကျွန်မ တစ်ခုမေးချင်တယ်၊ ဘယ်လိုမှတော့ မအောက်မေ့နဲ့နော်"

"မေးပါ"

"ဒေါ်ဒေါ်တို့ ပြောနေကြတဲ့ ဘီလူးအဖွဲ့ဆိုတာက လူဆိုးတွေလား လူကောင်းတွေလား"

"လူဆိုးတွေပါကွယ်"

"တော်တော်ကို ဆိုးသွမ်းသလား"

"ဆိုးတယ်၊ ဆိုးသမှ ကမ်းကုန်အောင် မိုက်တွင်းနက်ပြီး ရက်စက်ကြမ်းတမ်းလှတဲ့ လူတွေပါပဲ၊ ငါသိရသလောက် ပြောရရင် သူတို့လောက် ဆိုးသွမ်းရမ်းကားတဲ့လူ သိုင်းလောကမှာ ရှိမယ်မထင်ဘူး"

ဤမျှလောက် ဆိုးသွမ်းရမ်းကားသည့်လူစုတွင် မိမိ၏မိဘနှစ်ပါး ဘာကြောင့်များ ပါဝင်ခဲ့ကြပါလိမ့်ဟု ကျောင်းပိယောင် တွေးသည်။

"ဒီလို ဆိုးသွမ်းရမ်းကားတဲ့ ဘီလူးအဖွဲ့ထဲမှာ ဘာကြောင့်



မူလလက်ရင်းအဖွဲ့ အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ရတာလဲလို့ မင်းက မေးချင်လိမ့်မယ်၊ အေး ... အဲဒီအကြောင်း မင်းနားလည်အောင် ပြောပါ့မယ်၊ ဒါပေမဲ့ ပြောရမှာက အတော်ရှည်တယ်၊ ဒီတော့ မင်းရဲ့မိဘတွေနဲ့ ပတ်သက်ပြီး မင်း ဘယ်လောက်သိထားတယ်ဆိုတာကို အရင်ပြောပြစမ်းပါဦး"

ယန်ဂျာက ကျောင်းပိယောင်ကို အကဲခတ်သလိုကြည့်ပြီး ပြောသည်။

+

"ဖေဖေနဲ့ မေမေတို့ရဲ့နာမည်တွေရယ်၊ သူတို့ဟာ ဘီလူးအဖွဲ့ရဲ့ မူလလက်ရင်းအဖွဲ့ဝင်တွေ ဖြစ်တယ်ဆိုတာလောက်ပဲ သိတာပါ၊ အမှန်အတိုင်းပြောရရင် ကျွန်မဟာ ကိုယ့်မိဘ ဘယ်သူ ဘယ်ဝါဆိုတာကိုလည်း မသိ၊ ကိုယ့်နာမည်အရင်းကိုတောင် မသိဘဲ ကြီးပြင်းလာခဲ့ရပါတယ်၊ ကျွန်မရဲ့မိဘတွေနဲ့ ကျွန်မရဲ့နာမည်အရင်းကို သိတာလည်း သိပ်မကြာသေးပါဘူး"

ထို့နောက် ယန်ဂျာက မိမိတို့ညီအစ်မ ရန်သူများ၏

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်မှ လွတ်မြောက်အောင် ထွက်ပြေးကြရင်း သိုင်းပဒေသာလိုဏ်ဂူကြီးသို့ ရောက်ရှိသွားကာ ကျောင်းစန်းလိုင် ကုလေးတို့နှင့် ဆုံကြရပုံ။

သွေးသောက်မောင်နှမများ ဖွဲ့ခဲ့ကြပုံ၊ မြောင်နယ်ရှိ မြွေသိုက်စခန်းသို့ ရောက်ရှိသွားကြပြီး ကုလေးက ဘီလူးအဖွဲ့ ပြန်လည်ထူထောင်ဖွဲ့စည်းသောအခါ ကုလေး၏ သွေးသောက်မောင်နှမများဖြစ်ကြသည့် ကျောင်းစန်းလိုင်နှင့် မိမိတို့ညီအစ်မ မူလလက်ရင်းဂိုဏ်းဝင်များအဖြစ် ပါဝင်ခဲ့ကြပုံအကြောင်းများကို ပြောပြသည်။

"ဘီလူးအဖွဲ့ဟာ နောက်ပိုင်းမှာ လူအင်အားများပြားလာတယ်၊ အသစ်ဝင်လာကြတဲ့အဖွဲ့ဝင်တွေဟာ လူကြမ်းလူရမ်းတွေများတယ်၊ သူတို့ကို ကုလေးက ကြမ်းတမ်းရက်စက်တဲ့ သိုင်းပညာတွေ သင်ပေးတယ်၊ ဒီအခါ ကျားကို အတောင်ပံတပ်ပေးလိုက်သလိုဖြစ်ပြီး သိုင်းပညာအားကိုးနဲ့ မိုက်မဲရမ်းကားကြတော့တာပဲ"

"ဒေါ်လေးက မူလလက်ရင်းအဖွဲ့ဝင် တစ်ယောက်ဖြစ်ပြီး ဒီလိုမျိုးရမ်းကားမှုတွေ ဖြစ်မလာအောင် မဟန့်တားဘူးလား၊ မထိန်းကွပ်ဘူးလား"

"အေး ... မင်း ဒီလိုမေးမယ်ဆိုရင်လည်း မေးစရာပဲ၊ အမှန်အတိုင်း ပြောရရင် ငါတို့ဟာ ပြိုကွဲပျက်စီးသွားတဲ့ ဘီလူးအဖွဲ့ကို ပြန်လည်ထူထောင်တဲ့နေရာမှာ မူလလက်ရင်း အဖွဲ့ဝင်တွေ ဖြစ်တယ်ဆိုပေမယ့် ဘာမှ ဩဇာအာဏာမရှိဘူး၊ အဖွဲ့ချုပ်ဖြစ်တဲ့ ကုလေးက ဘီလူးအဖွဲ့တစ်ခုလုံးကို အုပ်စီးချုပ်ကိုင်ထားတယ်၊ အဖွဲ့ချုပ် ကုလေးကိုယ်တိုင်က ကြမ်းတမ်းရမ်းကားမှုတွေကို အားပေးအားမြှောက်လုပ်နေတာဆိုတော့ ငါတို့အနေနဲ့ ဘာများပြောနိုင်မှာသဲ"

"ဒေါ်လေးက ဘီလူးအဖွဲ့နဲ့ လမ်းခွဲထွက်ခဲ့တာဟာ ဒီလိုရမ်းကားသောင်းကျန်းမှုတွေကို မကျေနပ်တာကြောင့်ပေါ့ ဟုတ်လား"

"အင်း ... အဲဒါက အကြောင်းတစ်ခုဆိုပါတော့"

"ဒါဆို အခြားအကြောင်း ရှိသေးတာပေါ့"

"ရှိတယ်"

"ဘာများလဲ"

"အစ်ကိုကြီး ကျောင်းစန်းလိုင်တို့ ဇနီးမောင်နှံ သေဆုံးသွားခဲ့တဲ့အကြောင်းပါပဲ"

မိမိ၏မိဘနှစ်ပါးနှင့်ပတ်သက်သည့် အကြောင်းများကို



www.burmeseclassic.com

www.burmeseclassic.com



ကြားသိရတော့မည်မို့ ကုလေး ပိုမိုစိတ်ဝင်စားလာသည်။

"ကျွန်မရဲ့ဖေဖေနဲ့မေမေတို့က ဘယ်လိုဖြစ်ပြီး သေဆုံးသွားကြတာလဲဟင်၊ ဒေါ်လေး ... ပြောပြပါဦး"

ကျောင်းပိုင်ယောင်က စိတ်ဝင်တစားပင် မေးလိုက်သည်။

"လမ်းမှန်သိုင်းသမားတွေက ဘီလူးအဖွဲ့ကို ချေမှုန်းဖို့ နည်းအမျိုးမျိုးနဲ့ ကြိုးစားခဲ့ကြတယ်၊ ဘီလူးအဖွဲ့ အခြေစိုက်ထားတဲ့ မြောင်နယ်အလယ်ပိုင်း ကျားသေချောင်း မြောက်ဘက်က မြွေသိုက်စခန်းကို စီးနင်းတိုက်ခိုက်ဖို့တောင် အကြိမ်ကြိမ် ကြိုးစားပေမယ့် မအောင်မြင်ခဲ့ဘူး၊ ဒါကြောင့် ဘီလူးအဖွဲ့ဝင်တွေ ကျားသေချောင်းရဲ့တောင်ဘက်ကို ကူးမလာနိုင်အောင် ကင်းအထပ်ထပ်ချပြီး စောင့်ကြပ် ထိန်းချုပ်ထားခဲ့ကြတယ် ...

ကျားသေချောင်းတောင်ဘက်ကို ကူးသွားမိတဲ့ ဘီလူးအဖွဲ့ဝင်တွေကိုတော့ အသေအကျေကို တိုက်ခိုက်သုတ်သင်ပစ်ကြတယ်၊ ဒီလိုနဲ့ အဲဒါဟာ နယ်မြေပိုင်းခြား ကန့်သတ်ထားချက်လို ဖြစ်လာခဲ့တယ်၊ အစ်ကိုကြီးကျောင်းစန်းလိုင်တို့ ဇနီးမောင်နှံဟာ ကျားသေချောင်းတောင်ဘက်ကို တိတ်တဆိတ် ကူးဝင်မိတာကြောင့် ဝိုင်းဝန်းတိုက်ခိုက်ခံရပြီး သေဆုံးခဲ့ရတာပဲ"



"ဖေဖေနဲ့ မေမေဟာ နယ်မြေကန့်သတ်ချက်ကို ဖောက်ဖျက်ကျူးကျော်မိလို့ သေဆုံးသွားခဲ့ရတာပေါ့၊ ဟုတ်လား ဒေါ်လေး"

"အဲဒီလိုလည်း မဟုတ်သေးဘူး၊ အစ်ကိုကြီး ကျောင်းစန်းလိုင်တို့ သေဆုံးခဲ့ရတာဟာ ဒွိဟသံသယဖြစ်စရာတွေ အများကြီးရှိနေတယ်"

စကားပြောရသည်မှာ အတော်များသွားပြီမို့ ယန်ဂျာ မောဟိုက်လာသည်။

ထို့ကြောင့် စကားစ မပြတ်သေးသော်လည်း ခေတ္တရပ်တန့်ထား အမောဖြေနေရသည်။

ကျောင်းပိုင်ယောင်မှာ ကန်ဂျာဆက်ပြောမည့် အကြောင်းများကို ကြားလိုလှသော်လည်း ယန်ဂျာ၏အခြေအနေကို နားလည်သောကြောင့် အလောတကြီး မေးမြန်းခြင်း မပြုပါ။

ယန်ဂျာ နားနေအမောဖြေနိုင်အောင်သာ ကူညီပြုစုပေးသည်။

✦

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး ကျောင်းစန်းလိုင်ဟာ ဘီလူးအဖွဲ့ဝင်တွေ ရမ်းကားသောင်းကျန်းတာကို မကြိုက်ဘူး၊ သူ တတ်နိုင်သမျှ ပြောဆိုတားမြစ်တယ်၊ ကျားသေချောင်းတောင်ဘက်ကို ကူးမသွားရအောင်တော့ သူကိုယ်တိုင်ဘဲ ဦးဆောင်ပြီး တင်းတင်းကျပ်ကျပ် တားမြစ်ပိတ်ပင်ထားတယ် ...

တစ်ဖက်သိုင်းသမားတွေ ဝိုင်းဝန်းတိုက်ခိုက်တာခံရမယ့် အန္တရာယ်ရှိတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ပေါ့။ တကယ်တော့ ဘီလူးအဖွဲ့ဝင်တွေရဲ့ ရမ်းကားသောင်းကျန်းမှုနယ်ပယ် ကျယ်ပြန့်မသွားရအောင် ကန့်သတ်ထိန်းချုပ်ပေးတဲ့ သဘောပဲ၊ ဒီလိုလုပ်ဆောင်နေတဲ့ လူတစ်ယောက်ဟာ သူကိုယ်တိုင် နယ်မြေကန့်သတ်ချက်ကို ချိုးဖောက်ကျူးကျော်စရာ အကြောင်းမရှိဘူး"

ခေတ္တအနားယူ အမောဖြေပြီးနောက် ယန်ဂျာက ဆက်ပြောသည်။

"ဒါဆိုရင် ဖေဖေနဲ့မေမေတို့က ဘယ်လိုဖြစ်ပြီး ကျားသေချောင်းရဲ့ တောင်ဘက်မှာ သွားသေဆုံးနေကြရတာလဲ"

"ဒါကြောင့် သံသယဖြစ်စရာတွေ အများကြီး ရှိတယ်လို့ ပြောခဲ့တာပေါ့၊ ဒါက တစ်ခုပဲရှိသေးတယ်"



"ကျန်တာတွေရော ဒေါ်လေး"

"အစ်ကိုကြီး ကျောင်းစန်းလိုင်ရဲ့ သိုင်းပညာက သိပ်ကို မြင့်မားတာ၊ အထွတ်အထိပ်အဆင့်ကို ရောက်နေပြီလို့တောင် ပြောနိုင်တယ်၊ တစ်ယောက်ချင်းမဆိုထားနဲ့ လူအင်အားနဲ့ ဝိုင်းပြီးတိုက်ရင်တောင် သူ့ကို အနိုင်ရဖို့ မလွယ်ဘူး၊ သူ့ကို အသေသတ်ဖို့ဆိုရင် သိုင်းလောကရဲ့ ထိပ်သီးသိုင်းသမားကြီးတွေ စုပေါင်းပြီး ချောင်းမြောင်းတိုက်ခိုက်မှပဲ ဖြစ်နိုင်တယ်၊ အဲဒီသိုင်းသမားတွေက ပြည်မကသူတို့ရဲ့နေရာတွေမှာ သူတို့ဘာသာရှိနေကြတာ၊ မြောင်နယ်အလယ်ပိုင်းလို တောထဲတောင်ထဲကို စုဝေးရောက်လာကြမှာ မဟုတ်ဘူး။ အခုရောက်လာနိုင်တယ်ထား၊ သူတို့ဟာ ဖြောင့်မတ်တည်ကြည်တဲ့ သိုင်းသမားကြီးတွေဖြစ်လို့ အလစ်ချောင်းမြောင်းတိုက်ခိုက်တာမျိုး လုပ်ကြမှာမဟုတ်ဘူး၊ အတိအလင်း စိန်ခေါ်တိုက်ခိုက်ရင်လည်း အစ်ကိုကြီးကျောင်းစန်းလိုင်ကပဲ အနိုင်ရဖို့ရှိတယ်"

"အင်း ... ဒေါ်လေးပြောတာတွေက စဉ်းစားစရာပဲ"

"နောက် အရေးကြီးတဲ့ အချက်တစ်ခုက အစ်ကိုကြီးကျောင်းစန်းလိုင်တို့ရဲ့ အလောင်းတွေကို မတွေ့ရဘူး"

"ဒါဆိုရင် ဖေဖေနဲ့မေမေ သေဆုံးသွားကြတယ်ဆိုတာဟာ

www.burmeseclassic.com

www.burmeseclassic.com



တကယ်မှ ဟုတ်ရဲ့လားဟင် ဒေါ်လေး"

"အဲဒါကိုတော့ ငါ့အနေနဲ့ တိတိကျကျ အဖြေမပေးနိုင်ဘူး၊ ဒါပေမဲ့ ခွန်လွန်အဖွဲ့နဲ့ သစ်စိမ်းပိတုံးဂေဟာတို့က အစ်ကိုကြီးကျောင်းစန်းလိုင်နဲ့ ချန်မေချင်းတို့ သေဆုံးသွားကြတဲ့အတွက် အသုဘအခမ်းအနားတွေ ဘာတွေ လုပ်ခဲ့ကြတယ်ဆိုတော့ ကျန်တဲ့ သိုင်းလောကတစ်ခုလုံးကလည်း ဒီအတိုင်းပဲ လက်ခံကြရတော့တာပေါ့"

"ခွန်လွန်အဖွဲ့နဲ့ သစ်စိမ်းပိတုံးဂေဟာတို့က ဘာကြောင့် ဖေဖေနဲ့ မေမေတို့အတွက် အသုဘအခမ်းအနား လုပ်ပေးကြရတာလဲ"

ယန်ဂျာက ကျောင်းပိယောင်ကို ဆတ်ခနဲ ကြည့်လိုက်ကာ

"အစ်ကိုကြီး ကျောင်းပိယောင်က ခွန်လွန်အဖွဲ့သား ဖြစ်ခဲ့တယ်လေ၊ မမချန်မေချင်းကတော့ သစ်စိမ်းပိတုံးဂေဟာမိသားစုဝင်တစ်ယောက်ပဲ၊ သစ်စိမ်းပိတုံးဂေဟာရဲ့ အဆိပ်ဖြေပန်းဝတ်လွှာတောင် လုပ်ခဲ့ဖူးတာ၊ ဒီအကြောင်းတွေကို မင်းမသိဘူးလား"

ကျောင်းပိယောင်၏စိတ် အတော်ပင် ထိခိုက်လှုပ်ရှားသွားရသည်။

သူမကို ကျောက်တစ်လုံးရွာသို့ ပေးပို့ခဲ့သူ။ သစ်စိမ်းပိတုံး



ဘာကျင်းမှု။ သူမကို ဘီလူးအဖွဲ့၏ သိုင်းမျိုးဆက်အဖြစ် အပြစ် ရှိရင်တော့မည့် အရေးမှလွတ်မြောက်အောင် သတိပေးထွက်ခွာ ခဲ့သော ခွန်လွန်အဖွဲ့သားကြီး ထိုက်လီချူးဆိုင်။

"ခွန်လွန်အဖွဲ့နဲ့ သစ်စိမ်းပိတုံးဂေဟာတို့က အစ်ကိုကြီး ကျောင်းစန်းလိုင်နဲ့မမချန်မေချင်တို့အတွက်ပဲ အသုဘအခမ်းအနား လုပ်ကြတာ၊ သူတို့ရဲ့သမီး ကျောင်းပိယောင်အတွက်ကော့ အသုဘ အခမ်းအနား မလုပ်ကြဘူး၊ ဒါကြောင့် ငါလည်း ကျောင်းပိယောင် က အသက်ရှင်နေရဦးမယ်လို့ ငါက တွက်ထားခဲ့တယ်၊ ဟော ... ငါ့တွက်ကိန်း မှန်ပြီ၊ ဒီနေ့ ငါ့တူမလေးနဲ့ ပြန်ဆုံနေရပြီ"

ယန်ဂျာက ဆက်ပြောသည်။

✣

"သစ်စိမ်းတုံးဂေဟာက ကျင်းမှုဆိုတဲ့ အမျိုးသမီးကြီးကို ... သိသလား"

"လူချင်းတော့ မသိပါဘူး၊ သူ့အကြောင်းကိုတော့ ကြားဖူး သည်"

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေး ကြားဖူးတာကို ပြောပြစမ်းပါ"

"သစ်စိမ်းပိတုံးဂေဟာက နာမည်ရ သိုင်းပညာရှင် တစ်ယောက်ပဲ၊ မင်းရဲ့အမေကိုတော့ တော်တော်ချစ်တယ်၊ မမချန်မေချင်းက သူဟာ ကျင်းမူရဲ့သမီးလေးတစ်ယောက်လိုပါပဲလို့တောင် ပြောပြဖူးတယ်"

"ခွန်လွန်အဖွဲ့က ထိုက်လီချူးဆိုင်ဆိုတဲ့ အဘိုးကြီးအကြောင်းရော၊ ဒေါ်လေး ဘာသိထားသေးလဲ"

"သိပ်မသိပါဘူး၊ အစ်ကိုကြီးကျောင်းစန်းလိုင်ရဲ့ ငယ်ဆရာဖြစ်ကြောင်းလောက်သာ ပြောသံကြားဖူးတယ်"

"မေမေကို သမီးတစ်ယောက်လိုချစ်တဲ့ ဒေါ်လေးကျင်းမူက ငါ့ကို လူလားမြောက်တဲ့အထိ နေရေးထိုင်ရေး အဆင်ပြေရအောင် ကူညီလုပ်ဆောင်ပေးခဲ့တယ်၊ ဖေဖေရဲ့ငယ်ဆရာ ဘဘထိုက်လီချူးဆိုင်က ငါ့ကို အပြစ်ဒဏ်ခတ်အစီရင်ခံရမယ့်အပြစ်က လွတ်မြောက်အောင် ထွက်ခွာသွားဖို့ သတိပေးကူညီခဲ့ကြတယ်၊ သူတို့နှစ်ယောက်ဟာ ဖေဖေနဲ့မေမေတို့အကြောင်း အများကြီး သိထားနိုင်တယ်၊ ဖေဖေတို့ တကယ်သေဆုံးသွားကြတာ ဟုတ်,မဟုတ်တောင် ပြောနိုင်ကြလိမ့်မယ်ထင်တယ်"



ကျောင်းပိယောင်၏စိတ်ထဲတွင် တွေးလိုက်မိသည်။

"ခွန်လွန်အဖွဲ့နဲ့ သစ်စိမ်းပိတုံးဂေဟာတို့မှာ သွားစုံစမ်းကြည့်ရင် ဖေဖေတို့ သေဆုံးသွားကြတယ်ဆိုတာနဲ့ ပတ်သက်ပြီး ပိုစုံစုံလင်လင် သိနိုင်မယ်ထင်တယ် ဒေါ်လေး"

ကျောင်းပိယောင်က ယန်ဂျာကို မေးမြန်းကြည့်မိသည်။

ယန်ဂျာက ခေါင်းကို ခါယမ်းလိုက်ပြီး ...

"မဖြစ်နိုင်ပါဘူး၊ သူတို့က အသုဘအခမ်းအနားတွေ ဘာတွေတောင် လုပ်ပေးခဲ့ကြပြီးပြီပဲ၊ သွားမေးကြည့်ရင် အစ်ကိုကြီးကျောင်းစန်းလိုင်တို့ ဇနီးမောင်နှံ ကွယ်လွန်သွားကြပြီလို့ပဲ အဖြေပေးကြမှာပေါ့"

"ပြောင်သွားပြီး မေးကြည့်ရင်တော့ သူတို့က ဒီလိုပဲ ပြန်ဖြေကြမှာပေါ့ ဒေါ်လေးရဲ့"

"မင်းက ဘယ်လိုများ သွားမေးမယ် စိတ်ကူးထားလို့လဲ"

"ဒီအတိုင်း ပြောင်ကြီးသွားမမေးဘဲ တစ်ဖက်လှည့်နဲ့ အစ်အောက်မေးမြန်းကြည့်ရမှာပေါ့ ဒေါ်လေးရဲ့၊ တိတ်တိတ်လေး စုံစမ်းကြည့်တာတွေ ဘာတွေ လုပ်သင့်လည်း လုပ်ရတာပေါ့"

"ခွန်လွန်အဖွဲ့ရော သစ်စိမ်းပိတုန်းဂေဟာပါ စည်းကမ်းကြီး

www.burmeseclassic.com

www.burmeseclassic.com



တဲ့အဖွဲ့တွေဖြစ်တယ်၊ သေသေသပ်သပ် လုပ်တတ်တယ်၊ အဖွဲ့ဝင်တွေကလည်း နှုတ်လုံကြတယ်၊ တကယ်လို့ သူတို့မှာ လျှို့ဝှက်ထားချက် ရှိနေတယ်ဆိုရင်တောင် ဘယ်လိုမှ စုံစမ်းဖော်ထုတ်လို့ ရမှာမဟုတ်ဘူး။ သဲလွန်စ အထောက်အထားတွေ အားလုံးတစ်ခုမှ မပေါ်လွင်ရအောင် သိုသိပ် ဖျောက်ဖျက်ထားကြရမှာ အမှန်ပဲ"

ယန်ကျာမည်သို့ ပြောဆိုစေကာမူ ခွန်လွန်းအဖွဲ့နှင့် သစ်စိမ်းပိတုံးဂေဟာသို့ သွားရောက်ကာ တိတ်တဆိတ် စုံစမ်းမှုများ လုပ်ကြည့်ရန် ကျောင်းပိယောင်က ကျိတ်၍ စိတ်ကူးထားလိုက်သည်။

ယန်ကျာက သူတို့ညီအစ်မနှစ်ယောက် ဘီလူးအဖွဲ့မှ လမ်းခွဲထွက်သည့် အကြောင်းများကို ဆက်လက်ရှင်းပြသည်။

✣

"အစ်ကို ကျောင်းစန်းလိုင်နဲ့ မမချုန်မေချင်းတို့ သေဆုံးသွားကြပြီဆိုတဲ့အကြောင်း ကြားသိရပြီးတဲ့ နောက်ပိုင်းမှာ ကုလေးဟာ ပိုပြီး စိတ်ခက်ထန်ကြမ်းတမ်းလာတယ်၊ သံသယစိတ်တွေလည်း အရမ်းများလာတာပဲ၊ ဘယ်သူ့ကိုမှ အယုံအကြည်မရှိတော့ဘူး၊ ငါတို့



ညီအစ်မနှစ်ယောက်ကိုလည်း အမျိုးမျိုး မယုံသင်္ကာ ဖြစ်လာတယ်၊

ရန်ပြုနှောင့်ယှက်မှုတွေ လုပ်လာတဲ့အထိပဲ၊ ဘီလူးအဖွဲ့ရဲ့ ရမ်းကားသောင်းကျန်းမှုတွေကို အော့နှလုံးနာနေတဲ့အပြင် အဲဒီမှာ ဆက်နေရင် ငါတို့အတွက် အန္တရာယ် တစ်နေ့မဟုတ် တစ်နေ့ ကျလာမှာတလည်း သေချာနေတာမို့ နောက်ဆုံးတော့ ငါနဲ့ ညီမလေး ယန်ကူတို့ဟာ ဘီလူးဖွဲ့ကို ကျောခိုင်းပြီး မြွေသိုက်စခန်းကနေ ထွက်ခွာလာခဲ့ကြတော့တာပါပဲ"

"ဘီလူးအဖွဲ့ချုပ် ကုလေးက ဒေါ်လေးတို့ကိုလိုက်ပြီး ရန်ပြုသေးလား"

"မေးမှ မေးရက်ပလေ၊ ဘယ်နေလိမ့်မလဲ၊ အကြီးအကျယ်ဆို လိုက်ရန်ပြုတာပေါ့၊ ငါ့ကို အသေသတ်ပစ်ဖို့ ကြံတယ်၊ ညီမယန်ကူကိုတော့ လက်ရအမိဖမ်းနိုင်ဖို့ ကြိုးစားတယ်"

"နေပါဦး ... ဒေါ်လေးပြောတာ နားမရှင်းဘူး၊ ဒေါ်လေးကို အသေသတ်ဖို့ကြံပြီး ဘာကြောင့် ဒေါ်လေးညီမကိုတော့ လက်ရအမိဖမ်းနိုင်ဖို့ ကြိုးစားရတာလဲ"

"မင်းက ယန်ကူအကြောင်း မသိလို့ ဒီမေးခွန်းမျိုးကို မေးတာပေါ့၊ ယန်ကူဟာ အကြောင်းတွေ ထိုးပိတ် အဖျက်ဆီးခံထားရတာ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အဆင့်မြင့်သိုင်းပညာတွေ သင်ကြားလေ့ကျင့်လို့ မရဘူး၊ ဒါပေမဲ့ သူက သိပ်ကို ဉာဏ်ကောင်းတာကြောင့် အဆင့်မြင့်သိုင်း ပညာကျမ်းတွေကို အလွတ်ရနေတယ်၊ ဒီတော့ သူဟာ သက်ရှိသိုင်း ကျမ်းပေါင်းချုပ်တစ်ခုလို ဖြစ်နေတယ်"

"သိုင်းပညာတွေ အသုံးချလို့ မရနိုင်တဲ့ ယန်ကူအနေနဲ့ ကုလေးတို့ ဘီလူးအဖွဲ့ကို ဘာမှအန္တရာယ်မပေးနိုင်ဘူး၊ သူ့ကို အမိ ဖမ်းနိုင်ရင် သူ အလွတ်ကျက်ထားတဲ့ သိုင်းကျမ်းစာတွေ ပြန်ရွတ်ပြ ခိုင်းပြီး အဆင့်မြင့်သိုင်းပညာတွေ သင်ယူလို့ ရနိုင်တယ်၊ ယန်ကူ အသက်ရှင်နေရင် ကုလေးတို့အတွက် အန္တရာယ်မဖြစ်ဘဲ အကျိုး တောင် ရနိုင်တယ်၊ ယန်ကူသေသွားရင်တော့ သူတို့အတွက် အဆင့် မြင့် သိုင်းပညာတွေ သင်ယူနိုင်မယ့် အခွင့်အလမ်းကောင်းကြီး ဆုံး ရှုံးသွားနိုင်တယ်လေ၊ ဒါကြောင့် ယန်ကူကို မသတ်ဘဲ အရှင် အမိအရ ဖမ်းချင်နေကြတာ"

"ဒေါ်လေးရဲ့ညီမ အခု ဘယ်ရောက်နေလဲ"

ယန်ကျာ၏မျက်နှာ အမူအရာ ညှိုးနွမ်းသွားသည်။

"ငါတို့နောက်ကို လိုက်ရန်ပြုကြတဲ့ ဘီလူးအဖွဲ့ဝင်တွေကို ငါက တိုက်ခိုက်နှိမ်နင်းပစ်ပြီး ငါတို့ ညီအစ်မနှစ်ယောက် စင်ကျန်နယ်



က တောထဲမှာ စတ်မြှုပ်ပြီး ခိုအောင်းနေခဲ့ကြတယ်၊ ဘီလူးအဖွဲ့က ခြေရာခံမရအောင် မျက်ခြည်ပြတ်ထားနိုင်တာကြောင့် အတော်အေး အေးချမ်းချမ်း နေနိုင်ခဲ့ကြတယ်၊ တစ်နေ့တော့ ယန်ကူဟာ ဘာစိတ် ထူးပေါက်တယ် မသိပါဘူး ...

ငါ့ကို အသိမပေး အဖော်မခေါ်ဘဲ မြို့ပေါ်ကို တစ်ယောက် တည်း ထွက်သွားတယ်၊ ခါတိုင်းဆို ငါတို့ ညီအစ်မနှစ်ယောက် ဘယ် နေရာသွားသွား အတူသွား အတူလာနေကျ၊ သူ တစ်ယောက်တည်း ထွက်သွားတာ အဲဒါ ပထမအကြိမ်ပဲ၊ တစ်ခေါက်ဆို ဆိုသလောက် ပြဿနာပေါ်တော့တာပဲ"

"ဟင် ... ဘယ်လိုများ ဖြစ်လို့လဲ ဒေါ်လေး"

"ဘာဖြစ်တယ် ဆိုတာကိုတော့ ငါလည်း အတိအကျ မပြောနိုင်ဘူး၊ ယန်ကူ ပြန်ပေးမလာတော့ဘဲကိုး၊ ငါလည်း စိတ်ပူပြီး သူ့ကို လိုက်ရှာဖို့ ထွက်လာခဲ့တယ်၊ ယန်ကူကို ငါက ရှာလို့မရသေး ခင် ဘီလူးအဖွဲ့က ငမိုက်သားတွေက ငါ့ကို ခြေရာခံမိသွားကြပြီး ဝိုင်းပြုကြတာ မင်းမြင်တဲ့အတိုင်းပါပဲ"

"ဒေါ်လေး ယန်ကူကို ဘီလူးအဖွဲ့က ဖမ်းခေါ်သွားကြတာ များလား"

www.burmeseclassic.com

www.burmeseclassic.com



"မပြောတတ်ဘူး၊ ငါ့ကို ခြေရာခံမိကြတယ်ဆိုတော့ ယန်ကူကိုလည်း ရှာလို့ တွေ့ချင် တွေ့သွားကြမှာပဲ"

✢

ကျောင်းပိဃောင်နှင့်ယန်ဂျာတို့သည် ထိုဂူလေးထဲတွင် ခေတ္တ စခန်းချကာ နေထိုင်ကြသည်။

ယန်ဂျာတွင် သင့်နေသော အဆိပ်များ သက်သာပျောက်ကင်းရလေအောင် ကျောင်းပိဃောင်က ပြုစုကုသပေးသည်။

ထို့ပြင် ...

စားသောက်စရာများကိုလည်း ရှာဖွေကျွေးမွေးသည်။

ယန်ဂျာ၏အခြေအနေသည် တစ်နေ့ထက်တစ်နေ့ ကောင်းမွန်၍လာသည်။

ယန်ဂျာက ဘီလူးအဖွဲ့နှင့် ပတ်သက်သည့်အကြောင်းအရာများ၊ ကျောင်းစန်းလိုင်၊ ချုန်မေချင်း၊ ကူလေး စသူတို့၏ အကြောင်းများကို အချိန်ရတိုင်း ကျောင်းပိဃောင်အား ပြောပြသည်။

ဤသို့ဖြင့် ဆယ်ရက်တာ ကုန်လွန်သွားသည်။



ကျောင်းပိဃောင်၏အဆိပ်ဖြေ ကုသမှု အစွမ်းထက်မြက်ထိမိသည့်အပြင် ယန်ဂျာကလည်း မြင့်မားနက်ရှိုင်းသော အတွင်းအားဖြင့် လိုအပ်သလို လည်ပတ်ထောက်ကူပေးနိုင်သည့်အတွက် ဆယ်ရက်အကြာတွင် အဆိပ်များလည်း ကုန်စင်သွားသည်။

ယန်ဂျာသည် အဆိပ်သင့်နေသည့် အချိန်အတွင်း ဘီလူးအဖွဲ့၏လူသတ်သိုင်းသမားတစ်စုနှင့် ရင်ဆိုင်ကာ အကြိတ်အနယ်ဘိုက်ခိုက်ခဲ့ပေရာ အတွင်းဒဏ်ရာလည်း ပြင်းပြင်းထန်ထန် ရရှိခဲ့ရသည်။

ကျောင်းပိဃောင်၏ထိရောက်သော ပြုစုကုသပေးမှုကြောင့် အဆိပ်သင့်နေမှု ပျောက်ကင်း သန့်စင်သွားသော်လည်း အတွင်းဒဏ်ကတော့ ကျန်နေပေသေးသည်။

ကျောင်းပိဃောင်သည် အတွင်းဒဏ်ကိုတော့ ကုသမပေးတတ်။ ယန်ဂျာအနေဖြင့် မိမိဘာသာ အတွင်းအား လည်ပတ်လေ့ကျင့်မှုဖြင့် ကုသရန်သာ ရှိတော့သည်။

အတွင်းဒဏ် ကုသရန်အတွက် အထူးလုံခြုံစိတ်ချရသည့် နေရာ လိုအပ်သည်။ ယခု သူတို့စခန်းချနေထိုင်သော ဂူလေးသည် သူ့အရောက်အပေါက်မရှိဘဲ အတော်လေး သီးသန့်ကျသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



အတွင်းဒဏ် ကုသမှုပြုရန်အတွက်တော့ မသင့်လျော်ပေ။ ထို့ကြောင့် နေရာသစ် ရှာဖွေပြောင်းရွှေ့ရန် ပြင်ဆင်ကြရသည်။

ယခု သူတို့ရှိနေသည့်နေရာသည် တောစပ်ပိုင်းဘက် ကျနေသည့်အတွက် တောအုပ်၏ နက်ရှိုင်းသော အတွင်းဘက်ပိုင်းသို့ ပြောင်းရွှေ့ရန် နှစ်ယောက်လုံး သဘောကိုက်ညီကြသည်။

ကျောင်းဝိယောင်တွင် ခရီးဆောင်အိတ် ပါရှိသော်လည်း ယန်ဂျာမှာမူ အဆိပ်ဒဏ်သင့်ပြီးနောက် တိုက်ခိုက်ပြေးလွှားနေခဲ့ရသည့်အတွက် ခရီးဆောင်အိတ် မရှိတော့ပေ။

သို့သော် ယန်ဂျာသည် ရေကြည်ရာမြက်နုရာ ခရီးလှည့်လည် သွားလာနေထိုင်လေ့ရှိသော တုရက်လူမျိုးစု အမျိုးသမီးတစ်ယောက်ဖြစ်ပေရာ မရှိမဖြစ် အရေးကြီးသည့် အသုံးအဆောင်ပစ္စည်းများ ကိုယ်နှင့်မကွာဆောင်ထားသည်မို့ ခရီးဆောင်အိတ် ပျောက်ဆုံးသွားသော်လည်း ဘာမျှ ကသီလင်တမဖြစ်။

ထို့ပြင် တောထဲတောင်ထဲမှ ရနိုင်သမျှတို့နှင့် အသုံးအဆောင်ပစ္စည်းများ ဖန်တီးတတ်သည့် အစွမ်းလည်းရှိသည်။

ကျောင်းဝိယောင်နှင့် လိုက်ဖက်ညီသည်ဟု ဆိုရပေမည်။

ပစ္စည်းများကို သိမ်းဆည်းကာ စခန်းချနေထိုင်ခဲ့သည့်



ခြေရာလက်ရာများ တတ်နိုင်သလောက် ဖျောက်ဖျက်ပြီးနောက် ဂူမှ ထွက်လာခဲ့သည်။

အတွင်းဒဏ်ရနေသူ ယန်ဂျာသည် စိတ်သွားတိုင်း ကိုယ်မပါ။ ခြေလှမ်းပင် သွက်သွက်လျှောက်လှမ်းခြင်း မပြုနိုင်။

သည်ကြားထဲတွင် မောပန်း၍လည်း နေတတ်ပြန်ရာ ခရီးသိပ်မတွင်ပေ။

“ဒေါ်လေးဘာသာ ဒေါ်လေး လျှောက်သွားနေရတာ သိပ်မောဟိုက် ပင်ပန်းနေတယ်ဆိုရင် ကျွန်မ ကျောပိုးပြီး ခေါ်သွားမယ် ပေါ့”

ကြိုးစားအားခဲကာ သွားနေရလေသော ယန်ဂျာကို သနားသည့်အတွက် ကျောင်းဝိယောင်က အကူအညီပေးရန် စကားဆိုထိုက်သည်။

ယခုလို သူတစ်ပါးကို အားကိုးအားထားပြုကာသွားရမည့် အဖြစ်မျိုးကို ယန်ဂျာ မလိုလားပေ။

ကျောင်းဝိယောင်ကိုလည်း အားနာသည်။

ထို့ကြောင့် ငြင်းပယ်မည်အပြုတွင် ...

“ဘယ်လိုလဲ ညီမလေး ...ငါတို့ ပြန်ဆုံကြရပြီပေ”

www.burmeseclassic.com

www.burmeseclassic.com



စကားသံကို အရင်ကြားရသည်။

စကားသံအဆုံးတွင်မူ ရိပ်ခနဲ လှုပ်ရှားမှုနှင့်အတူ ကျောင်းဝိယောင်တို့အနားသို့ အမျိုးသမီးကြီးတစ်ယောက် ရောက်ရှိလာသည်။

သက်လတ်ပိုင်းအရွယ်ဖြစ်သည်။

အသားအရေက နှင်းပွင့်လိုဖြူဖွေးသည်။

ရုပ်ရည်လည်း အတော်ပင်ချောမောလှပသည်။

အေးစက်သော မျက်လုံးအကြည့်နှင့် ခပ်တင်းတင်းစေ့ထားသော နှုတ်ခမ်းတို့ကြောင့် မျက်နှာထားတင်းမာသယောင် ထင်ရသည်။

အဖြူရောင်ဝတ်စုံကို ခပ်ရိုးရိုးပင် ဝတ်ထားသည်။

သို့သော် ထက်မြက်သည့် အားမာန်နှင့် ဟန်ပါတ်ကတော့ သိသိသာသာပင် ပေါ်လွင်နေသည်။

ထိုအမျိုးသမီးကြီးကို မြင်ရသည်နှင့် ယန်ဂျာ၏မျက်နှာမှာ တအွေသရဲနှင့် ရင်ဆိုင်ရသလို ထိတ်လန့်တုန်လှုပ်သည့် အမူအရာများ သိသိသာသာ ပေါ်လွင်သည်။

"ဟင် ... အစ်မလတ်"



ပါးစပ်မှလည်း အလန့်တကြား ရေရွတ်သည်။

ကုလေးသည် ယန်ဂျာကို ဖွေးမတွဲထားသည့်အချိန်ဖြစ်ရာ ယန်ဂျာ၏ကိုယ် ဆတ်ခနဲတုန်ယင်ကာ လက်ဖျားများ အေးစက်လာသည်ကို သတိပြုမိလိုက်သည်။

ဤအမျိုးသမီးကြီးကို ကျောင်းဝိယောင် မမြင်ဖူးပါ။

ယခုမှ ပထမဆုံးအကြိမ် တွေ့ရမြင်ရခြင်းဖြစ်သည်။

သို့သော် ယန်ဂျာ၏ 'အစ်မလတ်' ဟူသော အခေါ်အဝေါ်နှင့် ထိတ်လန့်တုန်လှုပ်သွားပုံကို ထောက်ရှု၍ ဤအမျိုးသမီးကြီးသည် ဘီလူးအဖွဲ့ချုပ် ကုလေးဖြစ်ရမည်ဟု ကျောင်းဝိယောင်က အတတ်သိလိုက်ရသည်။

ကျောင်းဝိယောင်ကိုယ်တိုင်လည်း အတော်ပင် တုန်လှုပ်ချောက်ချားသွားခဲ့လေသည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

ကျန်းယိမင်းနှင့် ယန်ကူတို့နှစ်ယောက် အန္တရာယ်နှင့် ရင်ဆိုင်တိုးမိနေကြသည်။

သစ်ပင်ပေါ်မှ ရုတ်တရက် ခုန်ဆင်းလာသူ ပစ်လွှတ်လိုက်သော လက်နက်ပုန်းလေးချက် အထိခံလိုက်ရသော ကျန်းယိမင်းမှာ ခြေထောက်နှစ်ဖက်နှင့် လက်နှစ်ဖက် ထုံကျင်ကာ လူမှာလည်း မတ်တတ်ပင် ဆက်မရပ်နိုင်ဘဲ ခွေပျော့ကာ လဲကျသွားသည်။

ယန်ကူကို ကာကွယ်စောင့်ရှောက် တိုက်ခိုက်ပေးနိုင်ခြင်း မရှိတော့ပေ။

ကျန်းယိမင်းရော ယန်ကူပါ သစ်ပင်ပေါ်မှ ခုန်ဆင်းလာသူကို လှမ်းကြည့်လိုက်သည်။

တုလန်းတို့အုပ်စုထဲတွင် ပါဝင်ခဲ့သော ပုပုညှက်ညှက်ပိန်ပိန် သေးသေးလူ ဖြစ်နေကြောင်း တွေ့ရ၍ အံ့နည်းငယ် စိတ်အေးသွား



ကြသည်။

ဤလူစုသည် အဆင့်မြင့်သိုင်းပညာများ သင်ယူလိုကြသောကြောင့် ယန်ကူကို လက်ရအမိသာ ဖမ်းဆီးလိုကြသူများ ဖြစ်သည်။

ဘီလူးအဖွဲ့မှ လူသတ်သိုင်းသမားများလောက် ကြောက်စရာကောင်းမည် မဟုတ်။

"ဘယ်လိုလဲ ယန်ကူ ... ခင်ဗျား မြေလျှိုးပြီး ပုန်းနေ... ဘီလူးအဖွဲ့ရဲ့စက်ကွင်းက မလွတ်နိုင်ပါဘူး"

ပုပုညှက်ညှက်လူက ယန်ကူကို စိန်းစိန်းကြည့်ကာ ...သော လေသံနှင့်ပြောသည်။

ယန်ကူနှင့် ကျန်းယိမင်းတို့ အံ့ဩသလို အတော်လေး ထိ...နှိသွားကြရသည်။

ဤပုပုညှက်ညှက်လူကို တုလန်း၏အပေါင်းအသင်းပေ...ကာ ထင်နေခဲ့ကြသည်။

ယခု သူ့ကိုယ်သူ ဘီလူးအဖွဲ့ဝင် သိုင်းသမားတစ်ယောက်...ပြင် ကြိမ်းဝါးပြောဆိုနေပါကလား။

"ရှင်က တုလန်းတို့နဲ့ တစ်ဖွဲ့တည်း မဟုတ်လား ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး ဘီလူးအဖွဲ့ဝင် ဖြစ်သွားရတာလဲ"

ထိုသူက အသံစူးစူးကလေးဖြင့် ခပ်အစ်အစ် ရယ်မောလိုက်ပြီး ...

"ဟင်း ဟင်း ဟင်း ... ကျုပ်က အစကတည်းက ဘီလူးအဖွဲ့ဝင်ပဲ၊ ခင်ဗျားအကြောင်း သတင်းအစအန ရချင်လို့ တုလန်းတို့အုပ်စုနဲ့ ဝင်ရောနေတာ၊ ကိုင်း ... ကျုပ်နောက် လိုက်ခဲ့ပေတော့"

ပုညက်ညက်လူက ပြောပြောဆိုဆို ယန်ကူရှိရာသို့ ဥက်လှမ်းသွားသည်။

"အခု အခြေအနေမျိုး ဖြစ်လာမှတော့ ရှင်ခေါ်ရာကို လိုက်ခြေတော့မှာပေါ့လေ၊ ရှင်က ကျွန်မကို မြွေသိုက်စခန်းကို အရောက်တတ်ခေါ်သွားမှာလား"

ယန်ကူက လေသံအေးအေးနှင့် ခပ်ပြုံးပြုံး ပြောသည်။

ယန်ကူသည် စစ်တုရင် အတတ်ပညာကိုလည်း ကျွမ်းကျင်တတ်မြောက်ပေရာ အကျဉ်းအကျပ် အခြေအနေ ကြုံလာသောအခါများတွင် ထိတ်ထိတ်ပျာပျာ မဖြစ်တတ်။

ခေါင်းအေးအေးထားပြီး လွတ်မြောက်နိုင်သည့်နည်းလမ်းကိုသာ ရှာကြံစဉ်းစားလေ့ရှိသည်။



"မြွေသိုက်စခန်းကို မဟုတ်ဘူး၊ မြွေဆိုးဂစ်ထောင် တောင်ကြားကို ခေါ်သွားမှာ"

"အစ်မလတ်က အဲဒီကို ရောက်နေလို့လား"

"ဟုတ်တယ် ... ကဲ ... လာ သွားကြမယ်"

ယန်ကူက သိုင်းပညာ အသုံးချ၍ မရနိုင်မှန်း သိထားသည့်အတွက် အသာတကြည် လိုက်မည်ဟု ပြောလာသောအခါ ထိုသူကလည်း အတင်းအကျပ် ချုပ်ဖမ်းခေါ်ဆောင်ခြင်းမျိုး မလုပ်တော့ပေ။

ယန်ကူသည် ဂိုဏ်းချုပ်ကုလေး၏သွေးသောက်ညီမတော်ဖြစ်သည့်အတွက် အနည်းငယ်ရှိန်နေသည်ကလည်း ပါရှိပါသည်။

ပုညက်ညက်လူနှင့် ယန်ကူတို့ အချီအချ စကားပြောဆိုနေစဉ်တွင် ကျန်းယိမင်းသည် အကြံကောင်းတစ်ခု စဉ်းစားမိသည်။

ထို့ကြောင့် ပျားများကို တိုက်ပွဲဝင်ရန် အချက်ပြသည့်အသံကို မြှုလိုက်သည်။

ထိုသို့ အချက်ပေးသံ ပြုပေးလိုက်သည်နှင့် ...

သစ်ပင်ပေါ်ရှိ ပျားအုံကြီးထဲမှ အကောင်နီပျားစိမ်းများသည် တဝီဝီ အသံများနှင့်အတူ အုံသင်းဖွဲ့ကာ အောက်သို့ ပျံဆင်းလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တဝီဝီအသံ မြည်ဟိန်းကာ ပျားအုပ်ကြီးတစ်ခု ရုတ်တရက် ထိုးစိုက်ပျံဆင်းလာသည်ကို တွေ့ရသောအခါ ပုညကျော်ညွှက်လူရော၊ ယန်ကူပါ ကြောက်လန့်တကြား ဖြစ်သွားကြသည်။

ပျားအုပ်ကြီးက ပုညကျော်ညွှက်လူကို အတင်းပင် ဝင်ရောက် ထိုးတုပ်တိုက်ခိုက်ကြသည်။

ယန်ကူသည် ပျားများ ယဉ်ပါးနှစ်သက်သော သစ်ခွပန်း ပန်ထားသည်က အလွန်ကံကောင်းသည်ဟု ဆိုရမည်။

ထိုသစ်ခွပန်း ပန်ထားသည့်အတွက် ယန်ကူကို အကောင်နီ ပျားစိမ်းတို့က ဘာမျှ အန္တရာယ်မပေးကြပေ။

ယန်ကူသာ ထိုသစ်ခွပန်းကို ခေါင်းတွင် ပန်မထားပါမူ အကောင်နီပျားစိမ်း အုပ်စုကြီးသည် ပုညကျော်ညွှက်လူရော ယန်ကူပါ နှစ်ယောက်လုံးအား ဝိုင်းတုပ် တိုက်ခိုက်ကြပေလိမ့်မည်။

ပုညကျော်ညွှက်လူသည် လူဟန်က သေးကွေးကာ မလောက် လေး မလောက်စားစရာ အသွင်ရှိသော်လည်း သိုင်းပညာစွမ်းရည် ကတော့ အတော်ကို ထက်မြက်ထူးချွန်သည်။

ကုလေးကိုယ်တိုင် အထူးရွေးချယ် လေ့ကျင့်ပေးထားသော လူသတ် သိုင်းသမားတစ်ယောက် ဖြစ်သည်။



...ရှောက်နှာမှာ ပို၍တင်းမာလာသည်။ မေဗွားကိုလည်း မကျေမနပ် ကြည့်လိုက်ပြန်သည်။

"ဒီသတင်းတွေဟာ အမှန်တွေပဲလား မေမေ"

မေဗွားက ခေါင်းတွင်တွင်ခါယမ်းလိုက်လေသည်။

"မဟုတ်ပါဘူး သမီးရယ်"

ကွေ့ဝန်ဝန် မယုံကြည်နိုင်ပါ။ သူမကိုယ်တိုင်လည်း ဟိုင် ...လွှနှင့်မေဗွားတို့အား အထင်လွဲမှားနေလေသည်။ မည်သို့ဆို ...ကိုယ်စိတ်နှလုံး ညှိုးငယ်နေသော မိခင်အား အပြစ်မဆိုရဲပါချေ။

ကွေ့ဝန်ဝန်၏မျက်လုံးအစုံမှ မျက်ရည်များစီးကျလာသည်။

"သမီးရဲ့ ကုသိုလ်ကံကိုက ဆိုးလှပါတယ်"

ထိုစကားကိုကြားလျှင် မေဗွား၏ခန္ဓာကိုယ်တစ်ခုလုံး တုန် ...လာသည်။ ဝမ်းနည်းကြေကွဲစွာ ငိုကြွေးနေသော ကွေ့ဝန်ဝန် ...ကြည့်ရက်နိုင်တော့ပါ။

ထိုင်ရာမှထကာ ကွေ့ဝန်ဝန်အနီး လျှောက်သွားပြီး ဖေးမ ...လိုက်လေသည်။

"သမီး ဘာမှအားမငယ်နဲ့၊ တကယ်တော့ မေမေတို့မပြတ် ...သမီးလေး အခုလို စိတ်ဆင်းရဲရတာပါ"

"မေမေ ဘာကိုဆိုလိုတာလဲဟင်"

သူမ၏အသံမှာ နားမလည်နိုင်မှုများနှင့် ပြည့်နှက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



လူမှာ ပျားတုပ်ခံနေရသည်။

အတောင်နီပျားစိမ်းတို့၏ အဆိပ်ကလည်း အလွန်ပြင်းထန်သည်။

ပုညက်ညက်လူသည် ဘီလူးအဖွဲ့ဝင်တစ်ယောက် ဖြစ်သည့်အတိုင်း အဆိပ်ခံနိုင်ရည် အတော်ကောင်းမွန်သည်။

သို့သော် အတောင်နီပျားစိမ်း အကောင်ပေါင်းများစွာ ဝိုင်းတုပ်ခံရမှု ဒဏ်ကိုတော့ ကြာကြာတောင့်မခံနိုင်။

အသက်အန္တရာယ် မဖြစ်သေးသော်လည်း သေလုအောင် နာကျင်သည့် ဝေဒနာဒဏ်ကို ခံနေရပြီ။

ကျန်းယိမင်းမှာလည်း ပုညက်ညက်လူနှင့် အတောင်နီပျားစိမ်းအုပ်ကြီး၏ တိုက်ခိုက်မှုကို ရင်တထိတ်ထိတ်ဖြင့် ကြည့်၍နေသည်။

အတောင်နီပျားစိမ်းတွေ နိုင်မှနိုင်ပါ့မလားဟုလည်း သံသယဖြစ်မိသည်။

ဤပျားအုပ်နှင့် အနိုင်မရလျှင် အခြားသော ပျားအုံများမှ ပျားများကိုပါ လှမ်းခေါ်တိုက်ခိုက်ခိုင်းရန်ပင် ကျန်းယိမင်း ကြံစည်နေသည်။



အနီးအနားတွင် အခြားပျားအုံများ ရှိ၊မရှိလည်း မျက်စိ[illegible]ကာ ကြည့်နေသည်။

အနီးအနားတွင်တော့ အခြားပျားအုံများလည်း မရှိ။

ကျန်းယိမင်းမှာ လက်နက်ပုန်းအယိ ခံထားရမှုကြောင့် ခြေ[illegible]တော် လက်နှစ်ဖက် အကြောသေသလို ဖြစ်နေရာ မလှုပ်နိုင် မရှား[illegible]

ပျားအုံများ ရှိရာသို့သွားကာ ပျားများကို ခေါ်ယူနိုင်စွမ်း[illegible]

အဝေးရှိ ပျားအုံများမှ ပျားများ ကြားသိနိုင်အောင် အချက်[illegible] အသံလွှင့်ထုတ်ပေးရန်သာ ရှိသည်။

အချက်ပေးအသံကို ဝေးဝေးသို့ရောက်အောင် လွှင့်ထုတ်[illegible]နိုင်ပါမည်လားဟုလည်း စိုးရိမ်မိသည်။

သို့သော် မကြာမီမှာပင် ပုညက်ညက်လူသည် အတောင်နီ[illegible]စိမ်းတို့၏ ဝိုင်းတုပ် တိုက်ခိုက်မှုကို ဆက်လက်ရင်ဆိုင်ခုခံခြင်း[illegible]တော့ဘဲ တစ်ချိုးတည်း ထွက်ပြေးသွားလေရာ ကျန်းယိမင်း[illegible] နောက်ထပ်ပျားအုပ်များကို ခေါ်ယူအားဖြည့်တိုက်ခိုင်းရန်[illegible]ခဲ့တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



မေဝှား၏မျက်နှာ ညှိုးငယ်သွားပြန်သည်။ သူမသည် အလွန်အမင်း စိတ်လှုပ်ရှားနေဟန်ရှိ၏။ တုန်ယင်နေသောလေသံကို ကြိုးစားထိန်းချုပ်လိုက်သည်။

"မေမေဟာ မကြာခင်သေရတော့မယ်လို့ ခံစားရတယ်ကွယ်"

ထိုစကားကြားရလျှင် ကွေ့ဝန်ဝန်၏ တစ်ကိုယ်လုံး တောင့်တင်းသွားလေသည်။ မေဝှားအား မယုံကြည်နိုင်စွာ ကြည့်လိုက်၏။

"အို ... မေမေ အတွေးမှားနေပြီ၊ မေမေဟာ ကျန်းကျန်းမာမာရှိလျက်နဲ့ ဘာကြောင့် သေရမှာလဲ"

မေဝှားက မချိပြုံးပြုံးလိုက်လေသည်။

"သမီးဖေဖေ ကောက်ကာင်ကာ သေသွားတဲ့ ဥပမာရှိပါတယ်ကွယ်"

ကွေ့ဝန်ဝန် လုံးဝလက်မခံနိုင်ပါ။ သူမက ဦးခေါင်းတွင်တွင် ခါယမ်းလိုက်၏။

"မဖြစ်နိုင်ဘူး ... မေမေ မသေရဘူး"

ကွေ့ဝန်ဝန်က သူမအား ချစ်မြတ်နိုးကြောင်း သိရသောအခါ မေဝှား ဝမ်းသာသွားလေသည်။ ကွေ့ဝန်ဝန်ကိုလည်း ပို၍ တင်းကျပ်စွာ ဖက်ထားလိုက်၏။

"မေမေ မသေရဘူးနော်"



ကွေ့ဝန်ဝန်ကလည်း မေဝှားကို ပြန်ဖက်ထားလေသည်။

"မေမေ မသေရဘူးနော်"

မေဝှားသက်ပြင်းချလိုက်သည်။

"မေမေကလည်း စကားအဖြစ် ပြောထားတာပါ။ တကယ်လို့များ မတော်တဆ မေမေသေသွားရင်"

သူမသည် ကွေ့ဝန်ဝန်၏ နားနားသို့ကပ်ကာ တီးတိုးပြောပြလိုက်လေသည်။ ကွေ့ဝန်ဝန်က ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။

မေဝှားက စကားဆုံးသွားလျှင် ပြောလိုရာပြောလိုက်ရပြီဖြစ်၍ စိတ်ပေါ့ပါးသွားဟန်ရှိသည်။ ကွေ့ဝန်ဝန် စိုက်ကြည့်လိုက်လေသည်။

"မေမေပြောတာ သမီးသဘောပေါက်တယ်နော်"

ကွေ့ဝန်ဝန်က ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ကဲ့ ... သဘောပေါက်ပါတယ် မေမေ"

မေဝှားက ကွေ့ဝန်ဝန်အား ပြုံးကာ ပြောလိုက်လေ၏။

"ကဲ ... ညဉ့်လည်းနက်လှပြီ၊ သမီး သွားအိပ်ချေတော့"

ကွေ့ဝန်ဝန်က မေဝှား၏ပါးပြင်ကို နမ်းရှုပ်လိုက်၏။ ထို့နောက် လေးလံသောခြေလှမ်းများဖြင့် အခန်းတွင်းမှ ထွက်သွား၏။ ကွေ့ဝန်ဝန် ထွက်သွားလျှင် မေဝှားက အခန်းတံခါးကို လိုခြုံစိတ်ချ

www.burmeseclassic.com

www.burmeseclassic.com



ထိမိသော လက်နက်ပုန်းကိုတော့ မတွေ့ရ။

ယန်ကူသည် သိုင်းပဒေသာလိုဏ်ဂူကြီးထဲမှ သိုင်းပညာပေါင်းချုပ်ကျမ်းနှင့် အဆိပ်ပဒေသာကျမ်းတို့ကိုလည်း ဖတ်ရှုပြီး အလွတ်မှတ်သားသိရှိနေရာ အဆိပ်သိုင်းပညာများနှင့် အဆိပ်လက်နက်အမျိုးမျိုးအကြောင်း နားလည်နေသည်။

ကျန်းယိမင်း အထိခံရသည့်မှာ မည်သို့သော အဆိပ်လက်နက်ဖြစ်ကြောင်း စဉ်းစားမိသောအခါ ယန်ကူ၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

"ဟာ ... အတွင်းအားဖျက် အဆိပ်လက်နက်ပုန်းပါလား"

ပါးစပ်မှလည်း လွတ်ခနဲ ရေရွတ်လိုက်မိသည်။

အတွင်းအားဖျက် အဆိပ်လက်နက်ပုန်းသည် ဘီလူးအဖွဲ့၏ကြောက်စရာကောင်းလှသော လက်နက်ဆန်းဖြစ်သည်။

လခြမ်းသဏ္ဌာန်ဖြစ်ကာ ပဲကြီးခွံ အရွယ်ပမာဏမျှရှိသည်။

အပြားသည် ပါးလှပ်သည်။ ပတ်လည်အနားသားများကတော့ သွားနှယ်ပင် ထက်မြက်သည်။

တီကျမှန်ကန်သည့် အားအင်နှင့် ပစ်ခွင်းသည့်အခါ ထို အဆိပ်လက်နက်ပုန်းသည် အသားထဲသို့ စူးနစ်ဝင်ရောက်သွားသည်။



အသားထဲသို့ရောက်သွားပြီး ခဏအကြာတွင် လခြမ်းသဏ္ဌာန် အပြားလေးသည် အရည်ပျော်လျက် အဆိပ်ရည်များက သွေးကြောများ၊ အာရုံကြောများထဲသို့ စိမ့်ဝင်ပျံ့နှံ့သည်။

ဤနည်းဖြင့် အနှစ်နှစ်အလလ လေ့ကျင့်ထားသော အတွင်းအားများကို ပျက်စီးဆုံးရှုံးကုန်စေသည်။

အသက်အန္တရာယ်ကိုတော့ မဖြစ်စေပါ။

သို့သော် ...

သိုင်းသမားတစ်ယောက်အဖို့ ဘဝသက်တာပတ်လုံး အသက်တကုတ် လေ့ကျင့်ထားခဲ့ရသည့် အတွင်းအားများ ပျက်စီးဆုံးရှုံးကုန်ခြင်းသည် အသက်သေဆုံးသည်နှင့် မခြားသည်မို့ ဤလက်နက်ပုန်းမျိုးကို အလွန်ပင်ကြောက်ကြသည်။

ယန်ကူသည် ဆေးပညာအမြုတေကျမ်းကိုလည်း အလွတ်ကျက်မိနေပေရာ အတွင်းအားဖျက် အဆိပ်လက်နက်ပုန်း အထိခံရမှုကို ချေဖျက်ကုသနိုင်သည့်နည်းလမ်းနှင့် ဆေးဝါးများကိုလည်း သိသည်။

အတွင်းအားဖျက် အဆိပ်လက်နက် အထိခံရမှုကို ကုသရန်မှာ အတွင်းအား မြင့်မားနက်ရှိုင်းသူတစ်ဦးက ဘေးမှ ပံ့ပိုးဖေးမ

www.burmeseclassic.com

www.burmeseclassic.com



မကျေသဖြင့် ဟိုင်ကျူးလွေ အပြစ်တင်မည်ကို ကြောက်ပြီး ချက်ချင်း အိပ်မရချေ။ ထိုစဉ်မှာပင် မေဟွား၏ အခန်းအနီး၌ လူရိပ်တစ်ခု လှုပ်ရှားသွားသည်ကို အမှတ်မထင် တွေ့မြင်လိုက်ရသည်။

ထင်းပေါက် မျက်လုံးများပြူးကျယ်သွားလေသည်။ သူသည် ကျောက်တိုင်တစ်ခု နောက်ကွယ်တွင်ပုန်းကာ သေသေချာချာ စိုက်ကြည့်လိုက်လျှင် အနက်ရောင်ဝတ်ဆင်ထားသူတစ်ယောက် တဖြည်းဖြည်းချဉ်းကပ်လာနေသည်ကို တွေ့လိုက်ရ၏။ ထင်းပေါက်၏ အိပ်ချင်စိတ်များ မည်သည့်နေရာသို့ ရောက်သွားမှန်း မသိနိုင်တော့ပါ။

သူသည် ရန်သူတစ်ယောက် စံအိမ်ထဲသို့ ကျူးကျော်ဝင်လာသည်ကို တွေ့ရသော်လည်း ကြောက်၍ကာ မအော်ရဲချေ။ ထိုစဉ် အနက်ရောင် ဝတ်ဆင်ထားသူမှာ တဖြည်းဖြည်း မေဟွား၏အခန်း အနီးသို့ ရောက်ရှိလေသည်။ ထိုအခါမှ အနက်ရောင် ဝတ်ဆင်ထားသူသည် အနက်ရောင် ခေါင်းစွပ်တစ်ခု မျက်နှာပေါ်တွင် ဖုံးအုပ်ထားသည်ကို တွေ့ရ၏။

ထိုသူ မည်သူမည်ဝါဖြစ်ကြောင်း မသိနိုင်တော့ချေ။ ထင်းပေါက် ချောင်းကြည့်နေစဉ်မှာပင် အနက်ရောင် ဝတ်ဆင်ထားသူက မေဟွား၏ ပြတင်းပေါက်အနီး တိုးကပ်သွား၏။ မကြာပါချေ။

မကြာပါချေ … ပြတင်းပေါက်ပွင့်သွားပြီး အတွင်းဘက်သို့



ခုန်ဝင်သွားလေသည်။ ထင်းပေါက် သက်ပြင်းချလိုက်သည်။ မေဟွားနှင့် ဟိုင်ကျူးလွေတို့ ဖောက်ပြန်နေကြသည်ဟု သတင်းထွက်နေ၏။

အနက်ရောင် ဝတ်ဆင်ထားသူမှာ ရန်သူမဟုတ်ဘဲ ဟိုင်ကျူးလွေ ဖြစ်နိုင်ကြောင်း သူတွေးမိလိုက်သည်။ ထို့ကြောင့် အခြားအစောင့်များကို သွားခေါ်ရန် စိတ်မကူးတော့ပါ။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။ နံနက်မိုးစင်စင်လင်းမှ မေဟွားအခန်းတွင်းမှ အနက်ရောင် ဝတ်ဆင်ထားသူ ပြန်ထွက်လာ၏။ ထိုသူသည် အပြင်သို့ရောက်လျှင် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

ထင်းပေါက်မှာ သူ့အား တွေ့မြင်သွားမည်စိုးသောကြောင့် နေ့ကိုယ်ကျုံ့ကာ ပုန်းကွယ်နေလိုက်၏။ အနက်ရောင် ဝတ်ဆင်ထားသူမှာ လူသူကင်းရှင်းနေသည်ကို တွေ့ရသောအခါ လျှင်မြန်စွာ ခြေဦးထွက်သွားလေတော့သည်။

အနက်ရောင်ဝတ်ဆင်ထားသူ ထွက်သွားမှ ထင်းပေါက် ရင်ထဲမှ အလုံးကြီးကျသွားသည်ဟု ခံစားရ၏။ အနက်ရောင် ဝတ်ဆင်ထားသူမှာ ဟိုင်ကျူးလွေဖြစ်ရမည်ဟု သူက တစ်ထစ်ချယုံကြည်ထားလေတော့သည်။

★

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းကြမ်းတမ်းတမ်း နေထိုင်တတ်သည်။

ထို့ကြောင့် ...

အမျိုးမျိုးသော ထိခိုက်ဒဏ်ရာရမှုများ ဖြစ်တတ်ပေရာ ယင်းတို့ကို အရေးပေါ်ကုသနိုင်ရန် မိရိုးဖလာ ဒဏ်ကြေဆေးများကို အမြဲဆောင်ထားတတ်ကြသည်။

ယင်းဒဏ်ကြေဆေးသည် မြင်းပေါ်မှကျခြင်း၊ ချော်လဲခြင်း၊ မြင်းကန်ခံရခြင်း စသည်တို့အတွက် ထိရောက် အစွမ်းထက်သော ဆေးဖြစ်သည်။

အတွင်းအားဖျက် အဆိပ်လက်နက် အထိခံရသည့်ဒဏ် အတွက်တော့ ဘယ်လိုမှ ကုစားနိုင်မည် မဟုတ်ပေ။

သည်အတိုင်း ကြည့်နေရသည်ထက်စာလျှင် တစ်ခုခုလုပ် ပေးသည်က တော်သေးသည်ဟူသော အတွေးဖြင့်သာ တုရက် မိရိုးဖလာ ဒဏ်ကြေဆေးကို လိမ်းပေးခြင်းဖြစ်သည်။

သို့ရာတွင် ...

ယန်ကူ ဘယ်လိုမှ မထင်မှတ်သော ဖြစ်ရပ်များ အံ့သြလောက်အောင် ပေါ်ပေါက်လာသည်။

တုရက်မိရိုးဖလာ ဒဏ်ကြေဆေးများ လိမ်းကျံပေးပြီး ခဏ



အကြာတွင် ကျွန်းယိမင်းသည် ခွေပျော့နေရာမှ ငေါက်ခနဲ ထရပ်လာသည်။

“ဟား ... ကျွန်တော့်ခြေထောက်တွေ လက်တွေ အတော်ဆို တောင်းသွားပြီ၊ ဒေါ်လေးရဲ့ဆေးက တော်တော်စွမ်းတာပဲကိုး”

ကျွန်းယိမင်းက ခြေနှင့်လက်များကို ဆန့်လိုက်ကွေးလိုက် ပြုကြည့်ရင်း အားရဝမ်းသာပြောသည်။

ယန်ကူမှာတော့ ပါးစပ်အဟောင်းသား ဖြစ်၍နေသည်။

တုရက် မိရိုးဖလာ ဒဏ်ကြေဆေးသည် အတွင်းအားဖျက် အဆိပ်လက်နက်ပုန်း၏ အာနိသင်ကို ချေဖျက်နိုင်လောက်အောင်ပင် အစွမ်းထက်နေလေပြီလားဟုလည်း ဇဝေဇဝါနှင့် တွေးမိသည်။

+

တုရက်မိရိုးဖလာ ဒဏ်ကြေဆေးသည် ဆေးကောင်းတစ်ခုဖြစ်သော်လည်း အတွင်းအားဖျက် အဆိပ်လက်နက်ပုန်း၏အာနိသင်ကို ချေဖျက်ပစ်နိုင်လောက်အောင်တော့ အစွမ်းမထက်မြင့်ပါ။

သူနေရာနှင့်သူ အံကျအသုံးဝင်သွားခြင်းသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံးတွင် ဝရန်တာပေါ်သို့ ခုန်တက်လာသူ အခန်းတွင်းသို့ ရောက်ရှိသွား၏။ ထိုသူအားတွေ့ရလျှင် ဇွေ့ယင်း ထိုင်ရာမှ ထလိုက်သည်။

တစ်ဖန် အခန်းတွင်းသို့ ဝင်လာသူ၏ ရင်ခွင်အတွင်းသို့ တိုးဝင်လိုက်၏။

"ရှောင်ဖု ... ရှင် ဘယ်ပျောက်နေတာလဲ၊ ကျွန်မဖြင့် ရှင့်ကို မျှော်လိုက်ရတာ"

သူမ၏လေသံမှာ ခရာတာတာ အချွဲပိုနိုင်လှပေသည်။ အခန်းတွင်းသို့ ဝင်လာသူမှာ ခြေမသန်သော အဘိုးအိုပင် ဖြစ်သည်။ ရှောင်ဖုနှင့် ဇွေ့ယင်းတို့ မည်သို့ပတ်သက်နေပါသနည်း။

ဇွေ့ယင်း၏ ကြက်သွေးရောင် ဇာပဝါညအိပ်ဝတ်စုံသည် သူမ၏အလှအပများကို ပို၍ ပီပြင်ထင်ရှားစွာ ဖော်ပြလျက်ရှိပါသည်။ သို့ရာတွင် သူမ၏အလှက ရှောင်ဖုအား စိတ်လှုပ်ရှားလာအောင် စွမ်းဆောင်နိုင်ခြင်း မရှိချေ။ ရှောင်ဖုက ဇွေ့ယင်းကို လုံးဝဂရုမစိုက်ပါ။

သူက ဇွေ့ယင်း၏အကြောင်းကို ကောင်းစွာ သိရှိထားပေသည်။ ဇွေ့ယင်းက လှပစွာ ပြုံးလိုက်၏။

"ရှင့်ကို တွေ့ချင်နေတာကြာပြီ၊ ရှင်ဟာ ကျွန်မအတွက် သဘောကျဖို့ကောင်းတဲ့ လူတစ်ယောက်ပါပဲ"



ရှောင်ဖုက ခပ်တည်တည်ဖြင့် ကြည့်လိုက်၏။

"ဇွေ့ယင်း ... အပိုတွေ ပြောမနေနဲ့၊ မင်း တာဝန်ကျေတယ် မကျေဘူးဆိုတာ ကျုပ်သိချင်လို့ လာခဲ့တာ"

သူ့ထံမှ ပြတ်သားသောစကားသံကို ကြားရလျှင် ဇွေ့ယင်း၏ မျက်နှာတည်သွားလေသည်။ ရှောင်ဖု၏အနီးမှခွာကာ ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။

ရှောင်ဖုကလည်း သူမ၏မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ထိုင်လိုက်လေသည်။

"ဘယ်လိုလဲ ... အခုတလော ထူးခြားချက် တွေ့တယ်ဆို"

ရှောင်ဖု၏အမေးကို ဇွေ့ယင်းက ခေါင်းညိတ်အဖြေပေးလိုက်၏။

"ဟုတ်တယ်"

ရှောင်ဖုက ဇွေ့ယင်းအား စိုက်ကြည့်လိုက်၏။

"ဘယ်လိုထူးခြားချက်လဲ"

ဇွေ့ယင်းထံမှ စကားသံထွက်ပေါ်လာ၏။

"လူနှစ်ယောက်ပါ"

ရှောင်ဖု စိတ်ဝင်စားလာသည်။

"ဘယ်လိုလူစားမျိုးတွေလဲ၊ စကားကို ရှင်းရှင်းပြောစမ်းပါ"

ဇွေ့ယင်းက တည်ကြည်သောမျက်နှာထားဖြင့် ရှောင်ဖု

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကို ဘီလူးအဖွဲ့က ခြေရာခံမိသွားပြီ၊ အခုလောလော ဆယ် ဟိုလူကို ထွက်ပြေးသွားအောင် လုပ်ပစ်နိုင်ပေမယ့် ဘီလူး အဖွဲ့ရဲ့အန္တရာယ်စက်ကွင်းကတော့ ရှိနေသေးတယ်"

ကျန်းယိမင်း၏အဖြစ်မှန်ကို စဉ်းစားပြီးသည့်အခါ ယန်ကူ က ပြောသည်။

"ကျွန်တော်တို့ တစ်နေရာရာမှာ သွားပုန်းနေကြရအောင် လား၊ လုံခြုံတဲ့နေရာမှာ သေသေချာချာ ပုန်းအောင်းနေလိုက်ရင် သူတို့ ဘယ်လိုလုပ် ခြေရာခံနိုင်တော့မှာလဲ၊ မျက်ခြည်ပြတ်သွားမှာ ပေါ့၊ ဒီတောအုပ်ထဲမှာ ပုန်းအောင်းနေနိုင်မယ့်နေရာတွေ အများကြီး ရှိပါတယ်၊ ကျွန်တော် ပြပေးတယ်"

ယန်ကူသည် ချက်ချင်းပြန်မပြောသေးဘဲ အသာစဉ်းစား၍ နေသည်။

+

ယန်ကူ သေသေချာချာ စဉ်းစားသည်။

ကျန်းယိမင်း အကြံပေးသလို ...



လုံခြုံသည့်နေရာကောင်း ရွေးချယ်ကာ သေသပ်ပိရိစွာ ပုန်းအောင်းနေလျှင် ဘီလူးအဖွဲ့၏ခြေရာခံမိထားမှုကို ပျက်ပြယ် သွားအောင် လုပ်နိုင်ပေမည်။

ကျန်းယိမင်းအနေဖြင့် ကောင်းမွန်လုံခြုံစွာ ပုန်းအောင်းနိုင် သည့် နေရာများ ရှာဖွေပေးနိုင်မည်ဆိုခြင်းကိုလည်း ယန်ကူက ယုံ ကြည်ပါသည်။

သို့ရာတွင် ...

ယန်ကူသည် အဆင့်မြင့် စစ်တုရင်ပညာများ တတ်မြောက် ထားသည့်အတိုင်း ခေါင်းအေးအေးထားကာ ဘက်ပေါင်းစုံမှ အခြေ အနေအရပ်ရပ်ကို အကွက်ချကာ စဉ်းစားသည်။

သူမအနေဖြင့် ယန်ဂျာနှင့်ပြန်လည်ဆုံတွေ့နိုင်ရေးသည် အလွန်ပင် အရေးကြီးသည်။

ယန်ဂျာနှင့် ပြန်လည်ဆုံတွေ့ပြီး ညီအစ်မနှစ်ယောက် ပူး ပေါင်းမိလျှင် ဘီလူးအဖွဲ့၏ရန်ကို ကြောက်စရာမလိုတော့။

ရင်ဆိုင်လိုက ရင်ဆိုင်၊ ရှောင်တိမ်းလိုက ရှောင်တိမ်းလုပ် နိုင်ပြီ။

တစ်နေရာရာတွင် နိုဝင်ပုန်းအောင်းနေသည်ဆိုပါက ဘီလူး

www.burmeseclassic.com

www.burmeseclassic.com



ယောက်ထဲက ကောင်းရိကျန်းဆိုတဲ့လူရဲ့သား ကောင်းထင်းယန့်ဆိုတာပဲ"

ရှောင်ဖု၏မျက်နှာတွင် ထူးခြားသည့်အရိပ်အယောင်များ ထွက်ပေါ်လာလေသည်။ သူသည် အတန်ကြာ တွေဝေနေပြီးမှ သက်ပြင်းတစ်ချက် ချလိုက်သည်။

"လက်စသတ်တော့ ကောင်းရိကျန်းရဲ့သားကိုး"

သူက တစ်ယောက်တည်း ပြောသလိုနှင့် ရေရွတ်လိုက်၏။

"သူက ဘာကြောင့် ဒီမြို့ကို ရောက်လာရတာလဲ"

ချွေ့ယင်းက တွေးတွေးဆဆနှင့် ပြောလိုက်၏။

"အခြေအနေကိုကြည့်ရတာ ကောင်းရိကျန်းဟာ ရတနာတွေ အပိုင်စီးထားတဲ့လူ မဖြစ်နိုင်ဘူး၊ သူသာ အပိုင်စီးထားရင် ကောင်းထင်းယန့် ဒီမြို့ကို လာစရာအကြောင်းမရှိဘူး"

ရှောင်ဖု မကျေမနပ်ဖြစ်သွားလေသည်။ ချွေ့ယင်းကို စူးရှစွာ ကြည့်လိုက်သည်။

"အပိုတွေ ပြောမနေစမ်းပါနဲ့၊ ကိုယ်ရံတော် ဆယ်ယောက်စလုံးဟာ ရတနာတွေနဲ့အတူ ပျောက်သွားပေမယ့် ဘယ်သူမှ အပိုင်စီးနိုင်မှာ မဟုတ်ပါဘူး၊ သူတို့ ဆယ်ယောက် တိုင်ပင်ပြီး တစ်နေရာရာမှာ ဝှက်ထားမှာ သေချာတယ်၊ အပိုင်စီးချင်တဲ့ လူတစ်ယောက်ယောက်က သူတို့ကို သတ်ပစ်လိုက်တာ ဖြစ်နိုင်တယ်"



"ငါတို့နှစ်ယောက် တစ်နေရာရာမှာတော့ သွားပြီးပုန်းခိုနေ[illegible]ပဲ ဒီလိုပုန်းနေရင်း မင်းကို အတွင်းအားလေ့ကျင့်မှုလည်း လုပ်[illegible] လိုတယ်"

ယန်ကူက ပြောသည်။

"ကျွန်တော့်ကို အဆင့်မြင့်သိုင်းပညာတွေရော ထပ်သင်ပေး[illegible]လား"

ကျန်းယိမင်းက ပြန်မေး၏။

"မင်းကရော အဆင့်မြင့်သိုင်းပညာတွေ သင်ယူချင်တဲ့စိတ်[illegible]နေလို့လား"

"အမှန်အတိုင်း ပြောရမယ်ဆိုရင် ကျွန်တော် ဘာသိုင်း[illegible] ဆောင်ချင်ပါဘူး၊ ကျွန်တော့်ဘာသာ ကျွန်တော် အေးအေး[illegible]ပဲ နေချင်တယ်၊ ဒါပေမဲ့ အခုဆိုရင် အခြေအနေတွေအရ [illegible]ဟာ ဘီလူးအဖွဲ့ရဲ့ ပစ်မှတ်သားကောင်တစ်ယောက်ဖြစ်[illegible]တော့ ဒေါ်ဒေါ်ကို ဘီလူးအဖွဲ့ရဲ့ အန္တရာယ်ကနေ ကာကွယ်[illegible] [illegible]လည်း ရှိနေတယ်လေ၊ ပြီးတော့ ဒေါ်ဒေါ်က သင်[illegible] [illegible] အဆင့်မြင့်သိုင်းပညာတွေ သင်ယူချင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းယိမင်း၏ပြောပုံဆိုပုံများကို သဘောကျသောကြောင့် ယန်ကူက ရယ်မောကာ ခေါင်းကို ဆတ်ခနဲ တစ်ချက်ညိတ်လိုက်သည်။

"ဟင်း ဟင်း … မင်းက ဘယ်ဆိုးလို့လဲ"

"ဒေါ်ဒေါ်ကို ဘေးရန်ကင်းရှင်းအောင် ကာကွယ်ကူညီပေးပြီးရင် ဒေါ်ဒေါ်သင်ပေးထားတဲ့ သိုင်းပညာတွေကို ကျွန်တော် ဆက်ပြီး အသုံးမချတော့ပါဘူး၊ ကျွန်တော်ဟာ သိုင်းသမားတစ်ယောက်လည်း မလုပ်ချင်ဘူး၊ ဒီစိမ်းလွဲရေတံခွန်တောထဲကို ပြန်လာပြီး ကျွန်တော့်မူရင်းအလုပ်အတိုင်း ပျားရည်တွေပဲ ရှာဖွေရောင်းချ စားသောက်နေမှာပါ"

ကျွန်းယိမင်းက ဆက်ပြောသည်။

ယန်ကူသည် မိမိအလွတ်မှတ်မိနေသည့် အဆင့်မြင့်လျှို့ဝှက်သိုင်းပညာရပ်များကို အခြားသူတစ်ယောက်ယောက်ကို ပြောပြသင်ကြားပေးရန် စိတ်ကူးမရှိခဲ့ပါ။

သိုင်းပဒေသာလိုဏ်ဂူကြီးထဲရှိ သိုင်းကျမ်းများနှင့်ပတ်သက်၍ စောင့်စည်းထိန်းသိမ်းမှု ပြုလုပ်ဖို့ တာဝန်ရှိကြောင်း ယန်ကူနားလည်သည်။



မိမိ၏ပယောဂကြောင့် ထိုသိုင်းပညာရပ်များ မသမာသူတစ်ယောက်ယောက်ထံ ရောက်သွားမှာကိုလည်း စိုးရိမ်သည်။

ကျွန်းယိမင်းကို နဂါးလျှိုင်းစီးသိုင်းကွက် ပြောဆိုသင်ပြပေးခြင်းမှာလည်း မျောက်ဝံရိုင်းတုလန်း၏အန္တရာယ်ကို လတ်တလော ခုခံနိုင်ရန် အခြေအနေ ဖြစ်ပေါ်နေသည့်အပြင် သိုင်းသမားတစ်ယောက်လည်းမဟုတ်၊ သိုင်းပညာလည်း လုံးဝမတတ်မြောက်သော ကျွန်းယိမင်းအား သိုင်းကွက်တစ်ကွက်တလေ သင်ပြပေးလိုက်ခြင်းသည် ဘာမျှအကျိုးယုတ်ထိခိုက်စရာအကြောင်းမရှိဟု ယူဆသောကြောင့် ဖြစ်သည်။

ယခု …

ကျွန်းယိမင်းတွင် သင့်နေသော အတွင်းအားဖျက်အဆိပ်များ ပျောက်ပျက်ပြယ်သွားရအောင် တန်ပြန်အတွင်းအားလေ့ကျင့်ခန်းကိုမှ မလုပ်မဖြစ် လုပ်ဆောင်ရန် လိုအပ်၍ သင့်တော်မည့် အတွင်းအားကျင့်စဉ်တစ်ခုခု စဉ်းစားပြောပြရန်သာ စိတ်ကူးထားခဲ့သည်။

အခြားသော အဆင့်မြင့်သိုင်းပညာများ သင်ကြားပေးရန် မရည်ရွယ်သေးပေ။

www.burmeseclassic.com

www.burmeseclassic.com



အတွင်းအားဖျက်အဆိပ်သည် ဆိုးဝါးပြင်းထန်ပြီး ကြောက်စရာကောင်းလှသော်လည်း ယင်းကို အုပ်စီးချေဖျက်နိုင်သည့် တန်ပြန်အတွင်းအား လေ့ကျင့်မှုထိရောက်စွာ ပြုနိုင်လျှင်မူ ထိုအဆိပ်များသည် အတွင်းအားလေ့ကျင့်မှု နက်ရှိုင်းခိုင်မာအောင် အားပေးထောက်ကူမှုပင် ပြုပေးကြမည် ဖြစ်သည်။

ကျန်းယိမင်း၏အတွင်းအား မြင့်မားနက်ရှိုင်းလာလျှင် သူ တတ်မြောက်ထားပြီးသော နဂါးလှိုင်းစီးသိုင်းကွက်ကို ပိုမိုထိရောက်ထက်မြက်စွာ အသုံးချနိုင်မည်ဖြစ်ရာ ကော်ရုံတန်ရုံ ဘီလူးအဖွဲ့ဝင်က လူသတ်သိုင်းသမားများကို ကောင်းစွာ ရင်ဆိုင်နိုင်စွမ်း ရှိမည်ကိုလည်း ယန်ကူက သိနေသည်။

ကျန်းယိမင်း၏ စိတ်နေ စိတ်ထား ကောင်းမွန်မှုနှင့်ရိုးဖြောင့် တည်ကြည်မှုတို့ကိုတော့ ယန်ကူ သဘောကျသည်။

ထို့ကြောင့် ကျန်းယိမင်းကို အဆင့်မြင့်သိုင်းပညာများ သင်ကြားပေးခြင်းမပြုပဲ ယတိပြတ်ပြောဆိုခြင်းလည်း မပြုလို။

ထိုနည်းတူ အဆင့်မြင့်သိုင်းပညာများ သင်ကြားပေးမည် ဟူ၍လည်း စကားလွှန်ထားခြင်းမျိုး မလုပ်ချင်။

ပေါ်ပေါက်တွေ့ကြုံရမည့်အခြေအနေများပေါ်တွင် မူတည်



ဘာ သင့်လျော်သလို လုပ်ဆောင်သွားမည်ဟူ၍သာ ဆုံးဖြတ်လိုက်သည်။

✢

"ကဲ ... ငါတို့နှစ်ယောက် အေးအေးဆေးဆေး ပုန်းခိုနေနိုင်မယ့်နေရာကို စဉ်းစားကြရအောင်"

ယန်ကူက ပြောလိုက်သည်။

"ဒီတောထဲမှာ ဂူတွေ၊ လှိုဏ်မြောင်တွေ၊ သစ်ပင်ကြီးတွေ အများကြီးရှိတယ်၊ ဂူတစ်ခုခု၊ လှိုဏ်မြောင်တစ်ခုခုထဲမှာ ဖြစ်ဖြစ်၊ သစ်ပင်ကြီးတစ်ပင်ပေါ်မှာဖြစ်ဖြစ်၊ ကျွန်တော်တို့ ပုန်းခိုနေနိုင်ပါတယ်၊ နေရာတစ်ခုတည်းမှာ အကြာကြီးမနေဘဲ နေရာအပြောင်းအလဲတွေ လုပ်နေမယ်ဆိုရင်လည်း ရတယ်"

ကျန်းယိမင်းက အကြံပေးသည်။

ယန်ကူက ခေတ္တမျှ တွေဝေစဉ်းစားလိုက်ပြီး ...

"ဒီစိမ်းလဲ့ရေတံခွန်တောအုပ်ကြီးက မင်းရဲ့နယ်မြေ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"မင်းမှာ မိဘ ညီအစ်ကိုမောင်နှမတွေ ရှိသလား"

"ရှိတယ်"

"သူတို့ ဘယ်မှာနေကြသလဲ"

"ဒီတောအုပ်နဲ့ ငါးမိုင်လောက်ဝေးတဲ့ တောင်ခြေရွာလေးမှာ နေတယ်"

"ဒီတောအုပ်ဟာ မင်းကျွမ်းကျင်တဲ့ နေရာဆိုတော့ ဒီတောထဲမှာ ပုန်းအောင်းနေရင် မင်းအတွက် တောတောင်ဝန်းကျင်က အများကြီး အထောက်အကူပေးမှာ အမှန်ပဲ၊ ဒါပေမဲ့ စဉ်းစားစရာက ရှိနေတယ်"

"ဘာများလဲ ဒေါ်ဒေါ်ရဲ့"

"ဒီလိုလေ ... ငါတို့ကို ဘီလူးအဖွဲ့က ဒီတောအုပ်ထဲမှာ ခြေရာခံမိသွားကြတာ မဟုတ်လား၊ သူတို့က ငါတို့နောက်ကို လိုက်မယ်ဆိုရင် ဒီတောအုပ်ကပဲ လမ်းစကောက်ကြလိမ့်မယ်၊ မတော်တဆ သူတို့က ငါတို့ရဲ့ခြေရာလက်ရာတွေကို ဒီတောအုပ်ထဲမှာ ကောက်မိကြမယ်ဆိုရင် တစ်နွယ်ငင် တစ်စင်ပါဆိုသလို မင်းရဲ့ မိသားစုပါ ဒုက္ခတွေ့နိုင်တယ်"



"ဒါဆိုရင် ဒေါ်ဒေါ်က ဘယ်မှာသွားပြီး ပုန်းခိုမယ် စိတ်ကူးထားလဲ၊ ဒေါ်ဒေါ် စိတ်ကူးထားတဲ့နေရာရှိရင် သိပါရစေလား"

"ငါ့သဘောကတော့ ဒီတောအုပ်နဲ့ ဝေးတဲ့နေရာကို သွားချင်တယ်၊ ငါ နေရာတစ်ခုကိုတော့ စဉ်းစားမိတယ်၊ အဲဒီနေရာက အန္တရာယ်တော့ အများသား၊ ဒါပေမဲ့ စွန့်စားရမှာပဲ"

"ဘယ်နေရာလဲ ဒေါ်ဒေါ်"

"မင်းကို ငါ တစ်ခုမေးမယ်"

"ဟုတ်ကဲ့"

"မင်းကို အန္တရာယ်ပေးမယ့် လူတစ်ယောက် ရှိမယ်ဆိုရင် အဲဒီလူ ရှိနေတဲ့နေရာရဲ့ ဝေးရာကို သွားမလား၊ နီးရာမှာနေမလား"

"ဟာ ... ဒေါ်ဒေါ်ကလည်း အဲဒီလူနဲ့ ဝေးဝေးသွားနေမှ အန္တရာယ်လည်း ကင်းနိုင်မှာပေါ့၊ သူ့အနားမှာနီးလေ အန္တရာယ်က များလေပဲ၊ ဒီတော့ ဘာကြောင့် သူ့နားမှာ နေတော့မှာလဲ၊ ဝေးနိုင်သမျှ ဝေးဝေးရှောင်နေရမှာပေါ့"

"အေး ... ဟုတ်တယ်၊ လူအတော်များများက ဒီအတိုင်း တွေးကြမှာပဲ၊ ဒီတော့ ငါတို့ မြွေတစ်ထောင်တောင်ကြားနဲ့ အနီးဆုံး နေရာကိုသွားပြီး ပုန်းခိုနေကြမယ်"

www.burmeseclassic.com

www.burmeseclassic.com



"မြွေသိုက်စခန်းဆိုတာက စောစောက ဟိုလူပြောသွားတဲ့ နေရာမဟုတ်လား"

"ဟုတ်တယ်၊ အဲဒီမှာ ငါ့ရဲ့အစ်မလတ် ဘီလူးအဖွဲ့ချုပ်ကြီး ကုလေးကိုယ်တိုင် ရောက်နေတယ်"

"ဟာ ... ကြည့်လည်းလုပ်ပါဦး ဒေါ်ဒေါ်ရာ၊ မြွေဆိုးတစ်ထောင်တောင်ကြားကိုသွားရင် အန္တရာယ်စက်ကွင်းထဲ တည့်တည့်ကြီး တိုးဝင်သွားသလို ဖြစ်နေမှာပေါ့"

"ဟုတ်တယ်၊ အဲဒီသဘောမျိုး ဖြစ်စေချင်လို့ တမင်လုပ်ရတာပဲ၊ မင်းစဉ်းစားကြည့်လေ၊ ငါတို့ဟာ ဘီလူးအဖွဲ့ရဲ့အန္တရာယ်က လွတ်မြောက်ဖို့ ကြိုးစားရှောင်တိမ်းနေကြရတာ မဟုတ်လား၊ ဘီလူးအဖွဲ့ချုပ်ကိုယ်တိုင်ရှိနေတဲ့ မြွေဆိုးတစ်ထောင် တောင်ကြားကို ငါတို့ သွားလိမ့်မယ်လို့ ဘယ်သူကမှ ထင်ကြမှာ မဟုတ်ဘူး ...

အဲဒီလို ဘယ်သူမှမထင်တဲ့နေရာမှာ ငါတို့က သွားခိုအောင်းနေလိုက်ရင် ငါတို့အတွက် ဘေးအကင်းဆုံးပဲ၊ ဘီလူးအဖွဲ့ဝင်တွေဟာ ငါတို့ကို အခြားနေရာတွေမှာ မြေလှန်ပြီး လိုက်ရှာကြလိမ့်မယ်၊ သူတို့အဖွဲ့ချုပ် ကုလေးကိုယ်တိုင်ရှိနေတဲ့ မြွေဆိုးတစ်ထောင်တောင်ကြား အနီးဝန်းကျင်ကိုတော့ ရှာဖွေကြမှာ မဟုတ်ဘူး"



ယန်ကူပြောသည့်မှာ နည်းလမ်းကျသည်ဟု ကျန်းယိမင်း သဘောပေါက်သည်။

"မြွေဆိုးတစ်ထောင် တောင်ကြားဆိုတာက ဘယ်မှာရှိတာလဲ"

"ဇီချွမ်ပြည်နယ် အော့ပိုင်ဆန်းတောင်ရဲ့ မြောက်ဘက်မှာ ရှိတယ်"

"အဲဒီနေရာကို ဒေါ်ဒေါ် သွားတတ်လို့လား"

"သွားတတ်ပါတယ် ... ဒါပေမဲ့ တစ်ခုတော့ရှိတယ်"

"ဘာများလဲ"

"ငါ ရောက်ဖူးသွားဖူးတာက ခရီးသွားလမ်းမကြီးအတိုင်း ဖူးတာ၊ အခုတော့ အဲဒီလူအများသုံးတဲ့ ခရီးလမ်းမကြီးကနေ သွားလို့ မဖြစ်ဘူး၊ တောထဲတောင်ထဲကနေ သွားရမှာ"

"လမ်းတော့ မမှားနိုင်ပါဘူးနော်၊ ကျွန်တော်က အဲဒီဘက်ကို ရောက်ဖူးတာမဟုတ်ဘူး"

"ဒီအတွက် မပူပါနဲ့၊ လမ်းမမှားနိုင်ပါဘူး၊ ကိုယ်မသွားဖူးတဲ့ ဒေသကနေ လမ်းကြောင်းမှန် တွေ့ရအောင် ရှာဖွေသွားလို့ရတဲ့ နည်းလမ်းတွေ ငါ တတ်ထားပါတယ်၊ တောထဲမှာ မျက်စိလည်ပြီး လမ်း

www.burmeseclassic.com

www.burmeseclassic.com



ပျောက်မသွားစေရပါဘူး"

"ဒီလိုဆိုရင်လည်း ကျွန်တော်တို့ မြွေဆိုးတစ်ထောင် တောင်ကြားဆီကိုပဲ သွားကြတာပေါ့၊ ကျွန်တော့်အိမ်ကိုတော့ ခဏလောက်ဝင်ပြီး အကျိုးအကြောင်း ပြောပြထားလိုက်ချင်တယ်"

"အကြောင်းကိစ္စအမှန်ကိုတော့ ပြောလို့မဖြစ်ဘူးထင်တယ်၊ ကြည့်ကောင်းအောင်သာ ပြောပေါ့"

"ဟုတ်ကဲ့ ... ကျွန်တော်သိပါတယ် ဒေါ်ဒေါ်ရဲ့"

✣

ယန်ကူနှင့်ကျန်းယိမင်းတို့နှစ်ယောက် မြွေဆိုးတစ်ထောင်တောင်ကြားရှိရာသို့ ဦးတည်ကာ ခရီးနှင်လာခဲ့ကြသည်။

ခရီးစဖိသည့်အချိန်မှာပင် ယန်ကူသည် ကျန်းယိမင်းအား ပြောဆိုသင်ပြပေးသင့်သည့် အတွင်းအားကျင့်စဉ်ကို စဉ်းစား၍နေခဲ့သည်။

ကုထုံးနည်းလမ်းများအရဆိုလျှင်တော့ အတွင်းအားဖျက်အဆိပ်ပျံ့နှံ့အားအင်ကြီးထွားလာမှုမရှိရအောင် ထိန်းချုပ်ဖြေ



ဖျောက်ပြီးနောက် သင့်နေသောအဆိပ်များ ပျောက်ပြယ်ကုန်အောင် တန်ပြန်အတွင်းအား လေ့ကျင့်မှုပြုရာတွင် မူလရှိရင်းစွဲ အတွင်းအားနှင့် သဘာဝချင်း ဆန့်ကျင်သည့် အတွင်းအားကျင့်စဉ်ကို လေ့ကျင့်ရမည်ဖြစ်သည်။

မူလက အပူဓာတ်အခြေခံသည့် အတွင်းအား ရှိနေလျှင် အအေးဓာတ်အခြေခံသော အတွင်းအားကျင့်စဉ်ကို လေ့ကျင့်ရမည်ဖြစ်သည်။

အအေးဓာတ်အခြေခံသည့် အတွင်းအားရှိနေလျှင်မူ အပူဓာတ် အခြေခံသော အတွင်းအားကျင့်စဉ်ကို လေ့ကျင့်ရမည် ဖြစ်သည်။

ယခု ...

ကျန်းယိမင်းသည် သိုင်းသမားတစ်ယောက် မဟုတ်သလို ရှိသည့်အတွင်းအားကိုမူလည်း လေ့ကျင့်တတ်မြောက်ထားသည့် အခြေခံရှိသည့်အတွက် တန်ပြန်အတွင်းအား လေ့ကျင့်မှုပြုရာတွင် မည်သည့်ကျင့်စဉ်နှင့် လေ့ကျင့်ရမည်နည်းဟု ယန်ကူအနေဖြင့် အသေအချာပင် နှိုင်းနှိုင်းချိန်ချိန် ရွေးချယ်စဉ်းစားနေရသည်။

နောက်ဆုံးတွင်တော့ ...

www.burmeseclassic.com

www.burmeseclassic.com



ယန်ကူက ကဝိမနော အတွင်းအားကျင့်စဉ်ကို ပြောပြသင်ကြားပေးရန် ဆုံးဖြတ်ရွေးချယ်လိုက်သည်။

✛

ကဝိမနောအတွင်းအား ...။

ကဝိမနောအတွင်းအားသည် အသန့်စင်ဆုံး၊ အမှန်ကန်ဆုံးနှင့် အနက်ရှိုင်း အခိုင်မာဆုံးဖြစ်သည်ဟု ယန်ကူ သိရှိထားသည်။

အခြားသော ကျင့်စဉ်များလို အအေးဓာတ်သက်သက်ချည်းကိုဖြစ်စေ၊ အပူဓာတ်သက်သက်ချည်းကိုဖြစ်စေ၊ ဓာတ်သဘာဝတစ်ခုတည်းကို အခြေခံထားခြင်း မပြု။

အပူဓာတ်နှင့် အအေးဓာတ်မတူညီသော ဓာတ်သဘာဝနှစ်ခုကို မျှတညီညွတ်စွာ ပေါင်းစပ်ထားသည့် အတွင်းအားကျင့်စဉ်ဖြစ်သည်။

လေ့ကျင့်ဖို့ကတော့ မလွယ်ကူလှပါ။

ကျင့်စဉ်နည်းလမ်းများသည် ရိုးစင်းကြသော်လည်း အကန့်အသတ်များ အများပင် ရှိနေသည်။



ကဝိမနော အတွင်းအား လေ့ကျင့်မည်ဆိုလျှင် စိတ်သန့်စင်မှုနှင့် တည်ငြိမ်မှုရှိရန် အထူးလိုအပ်သည်။

စိတ်သန့်စင်မှုနှင့် တည်ငြိမ်မှု မရှိလျှင် ဘယ်လိုမျှ လေ့ကျင့်အောင်မြင်နိုင်မည် မဟုတ်ပေ။

ထို့ပြင် ...

မျှတညီညွတ်သော သွေးလည်ပတ်မှုအခြေခံရှိနေရန်လည်း လိုအပ်သည်။

အခြေခံ သွေးကြောကွက်ကြီး ရှစ်ကွက်လုံးရှိ သွေးလေလည်ပတ်မှုများသည် တညီတညွတ်တည်း ဖြစ်နေရန်လည်း လိုအပ်ပေသည်။

ယန်ကူသည် သိုင်းပဒေသာ လိုဏ်ဂူထဲရှိ သိုင်းပညာကျမ်းများနှင့်တကွ သိုင်းပညာပေါင်းချုပ်ကျမ်း၊ အဆိပ်ပဒေသာကျမ်းနှင့် ဆေးပညာအမြုတေကျမ်းတို့ကိုပါ နှုတ်တတ်အာဂုံအလွတ် မှတ်မိနေသော်လည်း ယင်းတို့ကို မိမိကိုယ်တိုင် လက်တွေ့အသုံးချခြင်းကိုတော့ မပြုလုပ်နိုင်ပါ။

ကျန်းယိမင်း၏ သွေးလေလည်ပတ်မှုအနေအထားသည် ကဝိမနော အတွင်းအား ကျင့်စဉ်လေ့ကျင့်ရန် သင့်တင့်မှန်ကန်တိတိ

www.burmeseclassic.com

www.burmeseclassic.com



ကျကျစမ်းသပ်ကြည့်ခြင်း မပြုနိုင်ပါ။

ပေါ့ပါးသွက်လက်မြန်ဆန်စွာ လှုပ်ရှားခုန်နိုင်သော ကျန်းယိမင်း၏သွေးလေလည်ပတ်မှု အခြေအနေသည် ချောမွတ်ကောင်းမွန်မည်ဟူ၍သာ ကောက်ချက်ချထားရသည်။

+

မြွေဆိုးတစ်ထောင် တောင်ကြားသို့ သွားရာလမ်းခရီးတွင် ယန်ကူက ကျန်းယိမင်းအား ကစိမ်နော အတွင်းအားကျင့်စဉ်နည်းလမ်းများအကြောင်း နှုတ်တိုက် ပြောဆို ရှင်းပြပေးသည်။

ကျန်းယိမင်းသည် ယန်ကူပြောဆိုရှင်းပြသည်များကို သေသေချာချာ နားထောင်မှတ်သားသည်။

သူတို့နှစ်ယောက်သည် လူသူအသွားအလာမရှိသည့် တောတောင်များထဲမှ သွားကြခြင်းဖြစ်သည်။

ယန်ကူတို့၏ တုရက်လူမျိုးစုသည် ရေကြည်ရာမြက်နုရာ ခရီးလှည့်လည်သွားလာနေကြသူများဖြစ်ရာ နေ၊ လ၊ နက္ခတ်တာရာ လေတိုက်ရာ လမ်းကြောင်း စသည့် သဘာဝဝန်းကျင်အခြေအနေ



အားကိုကြည့်ကာ အရပ်မျက်နှာတို့ကို မှန်းဆတတ်ကြသည်။

ခရီးလမ်းကြောင်း ရှာဖွေမှုတွင်လည်း အလွန်ပင်တော်သည်။ ကျွမ်းကျင်ကြသည်။

မိမိတို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသည့် အရပ်ဒေသဖြစ်စေကာမူ ဦးတည်သွားနေသည့် အရပ်မျက်နှာလမ်းကြောင်း မတိမ်းစောင်းရလေအောင် ပြုလုပ်တတ်ကြသည်။

ယန်ကူသည် တုရက်မျိုးနွယ်စု၏ မိရိုးဖလာ ခရီးသွားလာမှုနည်းလမ်း အတတ်ပညာများ တတ်မြောက်ထားသည်။

ကျန်းယိမင်းမှာလည်း တောထဲ တောင်ထဲတွင် နေထိုင်ကျက်စားကြီးပြင်းလာခဲ့သူတစ်ယောက်မို့ တော၏ပရိယာယ်အသွယ်သွယ်တို့ကို ကျွမ်းဝင်သိရှိနေသည်။

တောအုပ်မှန်လျှင် သစ်ပင်ကြီးတွေ ထူထူထဲထဲရှိကြမြဲဖြစ်ရာ ကျန်းယိမင်း၏သစ်ပင်တက်ကျွမ်းကျင်မှု အတတ်ကလည်း အလွန်ပင် အသုံးကျ၍နေသည်။

အောက်ခြေရှင်းသောနေရာများတွင် မြေပြင်မှ လမ်းလျှောက်ကာ သွားကြလျက် အောက်ခြေရှုပ်ကာ ခြေကျင်သွားရန် အခွင့်မသာသည့်အခါများတွင်မူ ကျန်းယိမင်းက ယန်ကူကို ကျောပိုး

www.burmeseclassic.com

www.burmeseclassic.com



ကာ သစ်ပင်တစ်ပင်မှတစ်ပင် ခုန်ကူးလျက် ခရီးနှင်ကြသည်။

ဟန်ကူရော ကျန်းယီမင်းပါ နှစ်ယောက်လုံးသည် တောထဲတောင်ထဲတွင် နေထိုင်မှု၌ အလေ့အကျင့်ရနေကြပေရာ ခရီးလမ်းတွင် ကြုံတွေ့ရသည့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ကြသည်။

ခရီးဖင့်ခြင်း မရှိ။

လူအများသွားလာနေကျလမ်းမှမဟုတ်ဘဲ လူသူအရောက်အပေါက်မရှိသည့် တောထဲမှ တိုးဝင်သွားရမှုကြောင့် ဖြတ်လမ်းမှ သွားသလိုဖြစ်ကာ ခရီးလမ်းတိုသွားကာ ပို၍ပင် ခရီးတွင်နေပေသေးသည်။

ကျန်းယီမင်း၏ ကဝိမနော အတွင်းအား လေ့ကျင့်မှုမှာမူ ထူးထူးခြားခြားပင် အောင်မြင်တိုးတက်နေရာ ယန်ကူပင်လျှင် အံ့သြမိရသည်။

ကျန်းယီမင်းသည် စိတ်ထားဖြူစင်သည်။

ဖြောင့်မှန်သည်။

စိတ်အာရုံထွေပြား စိတ်ကူးယဉ်တတ်ခြင်းမရှိ။

စိတ်အစဉ်ကို တစ်ခုခုတွင် စူးစိုက်ကာ ထားရှိမှုတွင်လည်း



မှုလကပင် ကျင့်သားရ၍နေသည်။

ဤအချက်များသည် ကဝိမနော အတွင်းအားကျင့်စဉ် လေ့ကျင့်ရာတွင် လိုအပ်သည့် အဓိကလိုအပ်ချက်များ ဖြစ်နေသည်။

ထို့ပြင် ...

ကဝိမနော အတွင်းအား ကျင့်စဉ်သည် ဝီရိယ လွန်ကဲစွာ အပြင်းအထန် မနားမနေ လေ့ကျင့်၍ မရနိုင်သလို အားထုတ်ကြိုးစားမှု နည်းပါးလျှင်လည်း မဖြစ်ပေ။

မယုတ်မလွန်သော ဝီရိယ ကြိုးစားမှုတို့ဖြင့် သမမျှတစွာ လေ့ကျင့်မှုပြုမှသာ အကျိုးထိရောက်မှု ကောင်းမွန်သည်။

ကျန်းယီမင်းသည် ခရီးသွားရင်း အတွင်းအားလေ့ကျင့်ရအညီဖြစ်ရာ ခရီးတစ်ထောက်တာ နားနေသည့်အခါများတွင်သာ အချိန်လုယူကာ လေ့ကျင့်မှုပြုရသည်။

ထို့ကြောင့် ...

ရသမျှအချိန်လေးကို အကျိုးရှိစွာသုံးကာ ကြိုးစား၍ လေ့ကျင့်နေခဲ့ရာ လေ့ကျင့်မှုအချိန်နှင့် ကြိုးစားအားထုတ်မှုတို့ သမမျှတ၍ ကဝိမနော အတွင်းအား လေ့ကျင့်မှုကြောင့် လျင်မြန်ထိရောက်စွာ တိုးတက်လာခဲ့ခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြွေဆိုးတစ်ထောင် တောင်ကြား၏နယ်ပယ်ထဲသို့ ဝင်ရောက်လာနိုင်ကြသည့်အခါတွင် ကျန်းယိမင်း၏ကဝိမနောအတွင်းအားလေ့ကျင့်မှုမှာလည်း ဆယ်ပုံသုံးပုံခန့် အောင်မြင်၍နေလေပြီ။

အောင်မြင်မှုအဆင့် နိမ့်ကျသေးသည်ဟု ဆိုနိုင်သော်လည်း ကဝိမနော အတွင်းအားသည် အလွန်ပင် အဆင့်မြင့်မားအစွမ်းထက်မြက်လှပေရာ ဆယ်ပုံသုံးပုံမျှ အောင်မြင်မှုသည် ကောင်းစွာ အသုံးချတတ်လျှင် တော်ရုံတန်ရုံအဆင့်မြင့်သိုင်းသမားများကို ယှဉ်နိုင်လောက်ပေသည်။

✣

တောလမ်းခရီးဖြင့် လာကြရင်း မြွေနိုင်အဆိပ်ဖြေဆေးမြစ်နှစ်ခုကို ယန်ကူက တွေ့ရှိတူးဖော်ပြီး ယူဆောင်လာခဲ့ကြသည်။

ယန်ကူသည် ဆေးပညာအမြူတေကျမ်းနှင့် အဆိပ်ပဒေသာကျမ်းတို့ကိုလည်း အလွတ်ရထားရာ အဆိပ်ပင်များ၊ ဆေးပင်များကို သိရှိနေပေသည်။

မြွေနိုင်အဆိပ်ဖြေဆေးမြစ်များ ဆောင်ထားခြင်းဖြင့် မြွေ



ဆိုးတစ်ထောင်တောင်ကြားထဲရှိ အဆိပ်မြွေဆိုးများ၏ ရန်ပြုမှု အန္တရာယ်မှ ကင်းဝေးကြလေသည်။

မြွေဆိုးတစ်ထောင် တောင်ကြားသည် တောင်ကြားနေရာတစ်ခု မဟုတ်ပါ။

တောင်ကုန်းတစ်ခုပေါ်ရှိ ရွာကြီးတစ်ရွာမျှသာ ဖြစ်သည်။

ထိုရွာကြီးတွင် နေထိုင်ကြသူများသည် သိုင်းသမားများဖြစ်ကြသော မြွေဆိုးများကို နိုင်နင်းသည်။

မြွေဆိပ်များကို သူတို့ကိုင်စွဲသော လက်နက်များတွင် ထည့်သွင်း အသုံးချကြရသည့်အပြင် မြွေဆိုး အများအပြားလည်း မွေးမြူထားသည်။

ဤသည်ကို အစွဲပြုကာ တောင်ကုန်းပေါ်ရှိ ထိုရွာကြီးကို မြွေဆိုးတစ်ထောင် တောင်ကြားဟု အမည်ပေးထားခြင်း ဖြစ်သည်။

တကယ့်တောင်ကြား ဒေသတစ်ခုတော့ မဟုတ်ပေ။

မြွေဆိုးတစ်ထောင်တောင်ကြားသည် ဘီလူးအဖွဲ့၏လျှို့ဝှက်စခန်းခွဲ တစ်ခုလည်းဖြစ်သည်။

ယန်ကူသည် ဘီလူးအဖွဲ့တွင် ရှိနေခဲ့စဉ်က မြွေဆိုးတစ်ထောင်တောင်ကြားသို့ တစ်ကြိမ် ရောက်ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မှတ်ဉာဏ်အလွန်ကောင်းသူတစ်ယောက်ဖြစ်သည့်အတိုင်း တစ်ခါတစ်ခေါက်ရောက်ဖူးသည်နှင့် မြွေဆိုးတစ်ထောင်တောင်ကြား၏တည်နေရာ အခြေအနေ၊ ကင်းစခန်းများချရပ်စောင့်ကြည့်ထားမှု၊ တိုက်မြွေများ ချထားသည့်နေရာ၊ ဝင်လမ်းထွက်လမ်း စသည်တို့ကို ကောင်းစွာမှတ်မိနေသည်။

ထို့ကြောင့် ...

ကင်းစောင့်များ မတွေ့ရလေအောင် တိုက်မြွေများနှင့် ရင်ဆိုင်ရခြင်း မရှိရလေအောင် ရှောင်သွားကာ အန္တရာယ်ကင်း ဘေးရန်ရှင်းသည့် လမ်းကြောင်းဖြင့် မြွေဆိုးတစ်ထောင်တောင်ကြား၏နယ်ပယ်ထဲသို့ အရောက်ဝင်ရောက်လာနိုင်ခဲ့ကြသည်။

ယန်ကျူသည် မြွေဆိုးတစ်ထောင် တောင်ကြားဟု အမည်တွင်သည့် ရွာကြီးထဲသို့တော့ ဝင်ရောက်ခြင်းမပြုပါ။

ရွာကြီးနှင့်တစ်ခေါ်သာသာလောက် ဝေးသောနေရာရှိ သိုလှောင်ရုံကြီးတစ်ခုကိုသာ ပုန်းအောင်းနေထိုင်ရန် နေရာအဖြစ် ရွေးချယ်လိုက်သည်။

တစ်ချိန်သောအခါက ...

မြွေဆိုးတစ်ထောင်တောင်ကြားသည် မြို့ငယ်တစ်မြို့မျှပင်



ညှိတားခဲ့ဖူးသည်။

ထိုသို့ စည်ပင်ခဲ့သည့်အချိန်တွင် မြွေဆိုးတစ်ထောင် တောင်ကြားတွင် နေထိုင်ကြသူများအတွက် အရေးပေါ် စားနပ်ရိက္ခာများနှင့် လျှို့ဝှက်လက်နက်ပစ္စည်းများ သိုလှောင်သိမ်းဆည်းထားနိုင်ရန် ဤသိုလှောင်ရုံကြီးကို ဆောက်လုပ်ထားခဲ့ကြသည်။

အချိန်ကာလ ရွေ့လျားလာသည်နှင့်အမျှ မြွေဆိုးတစ်ထောင်တောင်ကြားတွင် နေထိုင်သူဦးရေလျော့ပါးလာခဲ့ရာ အိမ်ခြေအဆောက်အအုံများသည် ရွာကြီးတစ်ရွာစာမျှ ကျန်နေသေးသော်လည်း နေထိုင်ကြသူများကတော့ ရွာသိမ်ရွာငယ်လေး တစ်ရွာစာလောက်ပင် မရှိတော့ပေ။

ရွာထဲတွင် အားလပ်ပိုလျှံနေသည့် အဆောက်အအုံများ ရှိနေရာ ရွာစည်းရိုးအပြင်ဘက် တစ်ခေါ်သာသာလောက်တွင် ရှိနေပြီဖြစ်သော သိုလှောင်ရုံကြီးကို အသုံးမပြုတော့ပေ။

ဖြုတ်ဖျက်၍ ယူနိုင်သည်များကို ယူသွားကြပြီး ပျက်စီးယိုယွင်းသည့် အပိုင်းကလည်း ပျက်စီးယိုယွင်းနေပေရာ သိုလှောင်ရုံကြီးတွင် သစ်သားဖြင့် ဆောက်လုပ်ထားမှုများသည် ဘာမျှကောင်းမရှိတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



အကျိုးအပဲ့ အစုတ်အပြတ်တွေသာ ဖြစ်ကုန်ကြပြီ။

သို့ရာတွင် ...

လျှို့ဝှက်လက်နက်ပစ္စည်းများ သိုလှောင်သိမ်းဆည်းထားရန် ခိုင်ခန့်လုံခြုံအောင် ဆောက်လုပ်ခဲ့သည့် တိုက်ခန်းနှင့် လျှို့ဝှက်မြေအောက်ခန်းများကတော့ ပျက်စီးယိုယွင်းနေသော်လည်း အခြေအနေ မဆိုးလှပေ။

အတော်အသင့် ကောင်းမွန်သည့် အပိုင်းများ ကျန်ရှိသင့်သလောက် ကျန်ရှိနေသေးသည်။

ယန်ကူတို့က အတော်အသင့် ကောင်းမွန်သေးသော မြေအောက်ခန်းတစ်ခုကိုနေထိုင်ရန် နေရာအဖြစ် ရွေးချယ်လိုက်သည်။

အရေးပေါ် အခြေအနေဖြစ်ပေါ်ပါက ရှောင်တိမ်းရန် လမ်းကြောင်းများနှင့်ပုန်းအောင်းနေထိုင်ရန် နေရာများကိုလည်း ကြိုတင်စီစဉ်ရွေးထားသည်။

စစ်တုရင်ပညာတတ်ကျွမ်းသော ယန်ကူသည် ကြိုတင်တွေးဆကာ ပြင်ဆင်လုပ်ဆောင်မှုများ ကောင်းစွာပြုတတ်လေသည်။

ကျန်းယိမင်းသည် ယန်ကူ၏ကြိုတင်မြော်မြင်တွေးဆလုပ်



ဆိုင်ပုံများကို အတုယူနေရသည်။

သိုလှောင်ရုံပျက်ကြီး၏အနီးတွင် စမ်းရေအိုင်လေးနှစ်အိုင်ရှိသည်။

မြေဆိုးတစ်ထောင် တောင်ကြားတွင် လူနေများပြားစည်ကားခဲ့သည့်အချိန်က တူးဖော်ထားခဲ့သည့် ရေကန်ဟောင်းလေးများမှ သဘာဝ၏ပြုပြင်ဖန်တီးချက်အရ နှစ်ပေါင်းများစွာ ကြာမြင့်ပြီးသည့်နောက်တွင် စမ်းရေအိုင်လေးများ ဖြစ်လာကြခြင်းပင်။

စမ်းရေအိုင်လေးများမှာ သိပ်မကျယ်ဝန်းသော်လည်း ရေများသည် ကြည်လင်သန့်စင်သည်။

ယန်ကူနှင့်ကျန်းယိမင်းတို့အတွက် သောက်ရေသုံးရေ အဝေးကြီးသွား ရှာဖွေရန် မလိုတော့။

ဤနေရာလေးသည် မိမိတို့ အစစအဆင်ပြေစွာ ပုန်းအောင်းနေထိုင်နိုင်ရန် ဖန်တီးဖြစ်ပေါ်လာသည့် နေရာလေးလားဟု [illegible] ကျန်းယိမင်း၏စိတ်ထဲတွင် တွေးမိသည်။

✢

www.burmeseclassic.com

www.burmeseclassic.com



သိုလှောင်ရုံပျက်ကြီး၏အနီးတွင် ထူးဆန်းသော သစ်ပင်ကြီးသုံးပင် ရှိသည်။

ပင်စောက်ပင် အမျိုးအစားဖြစ်ကာ ပေတစ်ရာကျော်လောက်ကို မြင့်ကြသည်။

အရောင်အဆင်းက နီကြင့်ကြင့်ဖြစ်သည်။

ထိုအပင်များမှ အသီးများကလည်း အတော်ဆန်းသည်။

အရွယ်အစားက လက်မ၏လက်သည်းခွံလောက် ရှိသည်။

လုံးလုံးဝန်းဝန်းမဟုတ်။

လေးထောင့် မကျတကျပုံဖြစ်သည်။

ထောင့်လေးထောင့်တွင် အချွန်ကလေးများ ပါရှိသည်။

အသီးဟု ဆိုသော်လည်း အခြားသော အသီးများကို အပွင့်အခိုင်များအဖြစ် သီးနေခြင်းမဟုတ်။

သစ်ကိုင်းများတွင် ကပ်နေခြင်း ဖြစ်သည်။

အသီးအစစ်ပေလား၊ သစ်ကိုင်း ဖုထစ်များ ထွက်နေခြင်းပေလား တိတိကျကျ မပြောတတ်ပါ။

သစ်ပင်တက် ကျွမ်းကျင်ပြီး သစ်စိမ်းရေတံခွန် တောအုပ်ထဲတွင် နေရာအနှံ့ လှည့်ပတ်သွားလာနေခဲ့သူ ကျန်းယိမင်းသည်



ဤလို သစ်ပင်မျိုးကိုတော့ မတွေ့ဖူးပေ။

ယန်ကူလည်း ဤသစ်ပင်မျိုးအကြောင်း မကြားဖူးပါ။

ယန်ကူနှင့်ကျန်းယိမင်းတို့သည် မိမိတို့ မမြင်ဖူး၊ မသိဖူးသော သစ်ပင်ဆန်းနှင့်ပတ်သက်၍ အထွေအထူး ဦးနှောက်ခြောက်ခံကာ စဉ်းစားခြင်းမပြုကြတော့။

ထူးဆန်းသောသစ်ပင်ကို လေးထောင့်ချွန် သစ်သီးပင်၊ ထိုသစ်ပင်၏ ထူးဆန်းသော အသီးများကို လေးထောင့်ချွန် သစ်သီးဟု ခြုံကာ ခပ်လွယ်လွယ် အမည်ပေး မှည့်ခေါ်လိုက်ကြသည်။

"ငါတို့ ပုန်းအောင်းနေထိုင်နိုင်မယ့် နေရာကောင်းလည်း ရှိခဲ့တဲ့ ကြိုတင်ပြင်ဆင်မှုတွေလည်း လုပ်ပြီးပြီ၊ မင်းမှာသင့်နေတဲ့ အဆွင်းအားဖျက်အဆိပ်တွေ ပျောက်ပြယ်ကုန်အောင် လေ့ကျင့်ရမယ့် အတွင်းအားကျင့်စဉ်လည်း အတော်အရာရောက်နေပြီ၊ ဒါပေမဲ့ ဘယ်သူ့ရင်ဆိုင်ရမယ့် ရန်သူက နယ်နယ်ရရမဟုတ်ဘူးဆိုတော့ ငါတို့ အားလည်း ဟာကွက်မရှိအောင် ကြိုတင်ပြင်ဆင်ထားနိုင်မှ အောင်သာကျလိမ့်မယ်"

သိုလှောင်ရုံပျက်ကြီးသို့ရောက်ရှိပြီး နောက်တစ်ရက်အကြာ ချိန် ယန်ကူက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



“ဒေါ်ဒေါ် လိုအပ်မယ်ထင်တာတွေကိုသာ စီစဉ်ပါ။ ဒေါ်ဒေါ်ပြောတဲ့အတိုင်း ကျွန်တော် လိုက်လုပ်မေးပါ့မယ်”

“မင်းကို အဆင့်မြင့်သိုင်းပညာတစ်မျိုး ထပ်သင်ပေးမယ်”

“ဟုတ်ကဲ့ ... ဘာသိုင်းပညာလဲ”

“မင်းကို တိမ်မီးခိုးကိုယ်ပျောက်ပညာ သင်ပေးမယ်”

“ကိုယ်ပျောက်အောင်လုပ်နိုင်တဲ့ ပညာလား၊ ဒီလိုပညာမျိုး ရှိနိုင်ပါ့မလား ဒေါ်ဒေါ်ရဲ့”

ကိုယ်ပျောက်ပညာဆိုသောကြောင့် ကျန်းယိမင်းက ဟအံ့တသြ မေးလိုက်သည်။

“တကယ် ကိုယ်ပျောက်အောင်တော့ ဘယ်လုပ်လို့ ရမှာလဲကွ၊ အသံ လုံးဝမပေါ်ထွက်စေရဘဲ သွက်သွက်လက်လက် မြန်မြန်ဆန်ဆန် ရွေ့လျားလှုပ်ရှားပြီး ကိုယ့်ကို မမြင်မတွေ့ရအောင် ပုန်းအောင်း ရှောင်တိမ်းနိုင်တဲ့ ပညာပါ၊ တစ်ဖက်လူတွေရဲ့ မျက်စိအမြင်လမ်းကြောင်းက လွတ်အောင်ရှောင်ဖယ်နေနိုင်ရင် မင်းကို **ဘယ်**လိုလုပ် သူတို့က တွေ့မြင်နိုင်တော့မှာလဲ၊ မင်းဟာ ကိုယ်ပျောက်သွားသလို ဖြစ်သွားမှာပေါ့”

“သြော် ... နားလည်ပြီး ... နားလည်ပြီ”



ယန်ကူက ကျန်းယိမင်းအား တိမ်မီးခိုးကိုယ်ပျောက်ပညာ၏အခြေခံသဘောများ၊ နည်းလမ်းပရိယာယ်များ၊ လှုပ်ရှားပုံများအကြောင်း ပြောဆိုရှင်းပြသည်။

ကျန်းယိမင်းက သေသေချာချာ နားထောင်မှတ်သားသည်။

တိမ်မီးခိုး ကိုယ်ပျောက်ပညာသည် အဆင့်မြင့်ကိုယ်ဖျောက်ပညာတစ်မျိုးပင် ဖြစ်သည်။

သွက်လက်မြန်ဆန်စွာနှင့် အသံလုံးဝ မထွက်ပေါ်အောင် လှုပ်ရှားနေရာပြောင်းတတ်မှုအပေါ် အခြေခံသည်။

မှောက်ကွယ်ကောင်းနေရာများတွင် ပုန်းကွယ်ကိုယ်ယောင်ဖျောက်ခြင်း၊ ပတ်ဝန်းကျင်နှင့် ရောထွေးကိုယ်ယောင်ဖျောက်ခြင်း၊ မြက်ကွင်းလမ်းကြောင်း ပြင်ပနေရာတွင် နေရာယူကာ ကိုယ်ယောင်ဖျောက်ခြင်း စသည့်နည်းပရိယာယ်အသွယ်သွယ်တို့ ပါရှိသည်။

ကျွန်းယိမင်းသည် သစ်ပင်တက် ဝါသနာပါပြီး ကျင်လည်နည်းခြစ်ရာ ပေါ့ပါးသွက်လက်စွာ လှုပ်ရှားရမှုများကို လိုလားနားလည်တတ်သည်။

တိမ်မီးခိုး ကိုယ်ပျောက်ပညာကိုလည်း အတော်ပင် စိတ်

www.burmeseclassic.com

www.burmeseclassic.com



ဝင်စားသည်။

သစ်ပင်တက်ကျွမ်းကျင်ပြီး ပေါ့ပါးသွက်လက်စွာ လှုပ်ရှားမှုတွင် ကောင်းစွာ ပိုင်နိုင်ကျင့်သားရနေသော မိမိအနေဖြင့် တိမ်မီးခိုးကိုယ်ပျောက်ပညာကို လွယ်ကူလျင်မြန်စွာ လေ့ကျင့်အောင်မြင်လိမ့်မည်ဟု ကျန်းယိမင်းက ထင်မှတ်ခဲ့သည်။

ယန်ကူကလည်း ဤသို့တွေးသည်။

သို့သော် ..

သူတို့နှစ်ယောက်လုံး၏ အထင်နှင့်အတွေးများ လွဲခဲ့သည်။

တိမ်မီးခိုးကိုယ်ပျောက်ပညာသည် အလွန်လျှို့ဝှက်ဆန်းပြားကာ ထည့်သွင်းအသုံးချသည့် ပရိယာယ်များကလည်း အလွန်ပင်သိမ်မွေ့နက်နဲလှပေရာ လေ့ကျင့်ယူရာတွင် ထင်သလောက်မလွယ်ခဲ့ပေ။

ကျန်းယိမင်း၏အကင်းပါးမှု၊ ဉာဏ်ထက်မှု၊ ကြိုးစားမှုတို့ကြောင့် တိမ်မီးခိုးကိုယ်ပျောက်ပညာလေ့ကျင့်သင်ယူမှုတွင် တိုးတက်မှုများကတော့ ရှိပါသည်။

သို့သော် ...

တိုးတက်အောင်မြင်မှုများသည် အားမရနိုင်အောင်ပင်



နှေးကွေးနေသည်။

အချိန်ယူကာ စိတ်ရှည်လက်ရှည်ဖြင့် အေးအေးဆေးဆေး လေ့ကျင့်ရမည့်အခြေအနေ ဖြစ်ပေါ်နေသည်။

အချိန်တိုအတွင်း လွယ်ကူမြန်ဆန်စွာ အောင်မြင်ပေါက်မြောက်မှုမျိုးကား မဖြစ်နိုင်တော့ပေ။

ကျန်းယိမင်းသည် တိမ်ခိုးကိုယ်ပျောက်ပညာကို အတော်ပင် စိတ်ဝင်စားသဘောကျနေပေရာ မဖြစ်မနေ အောင်မြင်အောင် အေးသေချာချာ အချိန်ယူလေ့ကျင့်ရန် စိတ်ပိုင်းဖြတ်ထားသည်။

တိမ်မီးခို ကိုယ်ပျောက်ပညာ လေ့ကျင့်ရာတွင် တိုးတက်အောင်မြင်မှု အလွန်နှေးကွေးနေသောအခါ ယန်ကူက ကျန်းယိမင်းအား ရန်သူနှင့်အရေးပေါ် ရင်ဆိုင်ရချိန်တွင် အသုံးချနိုင်ရန် နောက်ထပ်သိုင်းပညာတစ်မျိုး ပြောဆိုသင်ပြပေးပြန်သည်။

ထိုပညာမှာ နဂါးစွယ် လက်နက်ပုန်း ပစ်ခတ်မှုသိုင်းပညာ ဖြစ်သည်။

+

www.burmeseclassic.com

www.burmeseclassic.com



ယန်ကူဂေ ကျန်းယိမင်းအား နဂါးစွယ် လက်နက်ပုန်းပစ်ခတ်မှု သိုင်းပညာကို ပြောဆိုသင်ပြပေးပြန်သည်။

နဂါးစွယ်လက်နက်ပုန်း ပစ်ခတ်မှုသိုင်းပညာသည် ကဝိမနော သိုင်းပညာရပ်တစ်ခုပင်ဖြစ်သည်။

ကဝိမနော သိုင်းအနွယ်ဝင်များ အကွဲကွဲအပြားပြား ဖြစ်နေကြသည့်အချိန်တွင် နဂါးစွယ်လက်နက်ပုန်းတွင် မြင်းထန်သော အဆိပ် ထည့်သွင်းအသုံးပြုခဲ့ကြသည်။

ကဝိမနော သိုင်းကျမ်းရှင် ရှီးထင်ချိတ်ပေါ်ပေါက်လာကာ ကဝိမနောအနွယ်ဝင်များကို တစ်စည်းတစ်လုံးတည်း စုစည်းမိပြီးသည့် နောက်ပိုင်းတွင်မူ နဂါးစွယ်လက်နက်ပုန်းတွင် ပြင်းထန်သော အဆိပ် ထည့်သွင်းအသုံးမပြုတော့ပေ။

အဆိပ် လုံးဝမထည့်သည်က များသည်။ အခြေအနေအရ လိုအပ်သည့်အခါမျိုးတွင်တော့ အန္တရာယ်များစွာ မဖြစ်လောက်သည့် အပျော့စားအဆိပ်များကိုသာ မြွင်းချက်အနေဖြင့် ထည့်သွင်းအသုံးပြုသည်။

နဂါးစွယ် လက်နက်ပုန်းပစ်ခတ်မှု သိုင်းပညာသည် လက်နက်ပုန်းသိုင်းပညာအများတွင် အစွမ်းအထက်ဆုံး၊ အဆန်းပြားဆုံး



နှင့် အားအင်လမ်းကြောင်းများကို အမျိုးမျိုး အသုံးချနိုင်သည့် ပညာရပ်ဖြစ်သည်။

ဤလက်နက်ပုန်းပညာဖြင့် နဂါးစွယ် လက်နက်ပုန်းအပြင် အခြားသော လက်နက်ပုန်းနှင့် ပစ္စည်းအမျိုးမျိုးတို့ကိုလည်း အားအင်ပြည့်ဝ ထိမိစွာ တိုက်ခိုက်နိုင်စွမ်းရှိသည်။ ထိရောက်အစွမ်းထက်မြက်မှုမှာ အတူတူပင်ဖြစ်သည်။

အခြားသော လက်နက်ပုန်းပစ်ခတ်မှု သိုင်းပညာများကို ...ဆိုင်ရာ သတ်မှတ်ထားသည့် လက်နက်ပုန်းအမျိုးအစားကို ...သာ ထိရောက်အားပြင်းခြင်းမျိုးသာ ရှိပါသည်။

ယန်ကူထံတွင် နဂါးစွယ် လက်နက်ပုန်းလည်း မရှိပေ။

ထို့ကြောင့် လေးထောင့်ချွန် သစ်သီးများကိုပင် နဂါးစွယ် လက်နက်ပုန်းအစား အသုံးပြုကာ လေ့ကျင့်ရသည်။

လေးထောင့်ချွန် သစ်သီးများသည် နဂါးစွယ် လက်နက်ပုန်း အရွယ်အစား အနည်းငယ် ကြီးသော်လည်း ပုံပန်းသဏ္ဍာန်ချင်း ... အနည်းငယ်ဆင်တူကာ အလေးအချိန်ကတော့ အတူတူပင်ဖြစ်သည်။

ဤသို့ဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



ကျန်းယိမင်းသည် ကဝိမနော အတွင်းအားကျင့်စဉ်၊ တိမ်မီးခိုးကိုယ်ပျောက်ပညာနှင့် နဂါးစွယ်လက်နက်ပုန်း ပစ်ခတ်မှု သိုင်းပညာတို့ကို သူ့အချိန်နှင့်သူ ပိုင်းခြားလေ့ကျင့်နေခဲ့သည်။

တတ်မြောက်ပြီးထားသော နဂါးလှိုင်းစီးသိုင်းကွက်ကိုလည်း ပိုမိုကျွမ်းကျင်ပိုင်နိုင်လာအောင် အချိန်ရတိုင်း လေ့ကျင့်ကစားသည်။

အချိန်များ တရွေ့ရွေ့ ကုန်လွန်သွားသည်။

**ပထမပိုင်းပြီး၏**

**ဒုတိယပိုင်း ဆက်လက်ဖတ်ရှုပါရန်**

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

# သစ္စာရှင်သိုင်းဇကာရီ

(ဒုတိယပိုင်း)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ကျောင်းဝိယောင်နှင့် ယန်ကျာတို့ ဘီလူးအဖွဲ့ချုပ်များကို ရင်ဆိုင်တွေ့နေကြသည်။

သူတို့နှစ်ယောက်လုံးပင် တုန်လှုပ်ချောက်ချားလျက် ရှိကြသည်။

ယန်ကျာသည် ပုံမှန်အခြေအနေတိုင်း မရှိဘဲ အားလျော့နွမ်းနယ်နေသည့် အသွင်ရှိနေသည်ကို အကဲခတ်မိသည့်အတွက် အတွင်းဒဏ်ရာရနေကြောင်း ကုလေးက ဒက်ခနဲပင် သိလိုက်သည်။

အတွင်းဒဏ် ပြင်းပြင်းထန်ထန်ရကာ အားအင်ကုန်ခမ်းမောပန်းနွမ်းနယ်နေသူ ယန်ကျာအား တိုက်ခိုက်ချေမှုန်းပစ်ဖို့ ဘာမှုမခက်ဟုဝ်တွေးကာ ကုလေးက ကျေနပ်စွာ ပြုံးသည်။

ကျောင်းဝိယောင်ကိုတော့ ယခုမှ ကုလေး မြင်ဖူးခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမည်ကိုပင် မသိ။

မည်သူမည်ဝါဖြစ်သည်ဆိုတာကတော့ ဝေးလာဝေး။

ယန်ဂျာနှင့်အတူ ရှိနေသည့်အတွက် ယန်ဂျာ၏နောက်လိုက်တပည့်ငယ်သား မိန်းကလေးတစ်ယောက်ဖြစ်မည်ဟုသာ တွေးသည်။

အသက်ငယ်ရွယ်နုပျိုပြီး သိုင်းပညာထူးထူးချွန်ချွန်တတ်မြောက်သည့် အသွင်အပြင်မျိုးလည်း မရှိသောကြောင့် ကုလေးက အရေးလုပ်စရာမဟုတ်ဟု မှတ်ယူထားလိုက်သည်။

အကယ်၍ ဤမိန်းကလေးသည် သိုင်းပညာအစွမ်း ထက်မြက်သည်ထားဦး ... မိမိကိုတော့ ယှဉ်နိုင်မည်မဟုတ်ဟုလည်း ကုလေးက တွေးသည်။

"ညီမလေးကို အခုလို ပြန်လည်ဆုံတွေ့ရတာ ဝမ်းသာပါတယ်၊ နေကောင်းထိုင်သာမဟုတ်ဘဲ အတွင်းဒဏ်ရာရထားတာတွေ့ရလို့ စိတ်မကောင်းဘူး၊ ညီမလေးကရော ကိုယ့်အစ်မလတ်ကို ပြန်တွေ့ရတာ ဝမ်းသာအားတက်မသွားဘူးလား"

ကုလေးက ယန်ဂျာကို ပြုံးရယ်ကာကြည့်ပြီး လေသံချိုချိုကလေးဖြင့် ပြော၏။



မျက်နှာထားပြုံးရွှင်ကာ စကားသံချိုသော်လည်း ကုလေး၏မျက်ရိပ်မျက်ယောင်များထဲတွင် မာကျော ရက်စက်မှုအသွင်များ ထင်ဟပ်နေသည်ကို ကြည့်တတ်လျှင် မြင်နိုင်သည်။

ယန်ဂျာ၏ သိုင်းပညာစွမ်းရည်မှာ အတော်ပင် ထက်ထက်မြက်မြက်ရှိသော်လည်း ကုလေးနှင့်မူ ပြိုင်ဘက် မဟုတ်ပေ။

ယခုလို အတွင်းဒဏ်ရကာ အတွင်းအားမျာ စုစည်းအသုံးမချနိုင်တော့သည့် အခြေအနေတွင်မူ ဆိုဖွယ်ရာ မရှိတော့။

ကုလေး၏ လက်ခုပ်ထဲက ရေဘဝ ရောက်နေသည်။

သွန်လိုသွန် မှောက်လိုမှောက် ကုလေး ပြုသမျှ ယန်ဂျာ ခံရပေတော့မည်။

ကုလေးသည် မိမိအပေါ် ဘယ်လိုမှ သက်ညှာထောက်ထားသည်မဟုတ်ဘဲ ရက်စက်ကြမ်းကြုတ်စွာ ပြုမူသတ်ဖြတ်မည်သာဖြစ်ကြောင်းလည်း ယန်ဂျာသိသည်။

မိမိအပေါ် စေတနာထားကာ ပြုစုကူညီစောင့်ရှောက်ပေးခဲ့သော ကျောင်းဝိယောင်ပါ မိမိနှင့်အတူရော၍ အန္တရာယ်ကြုံရမည်ကိုတော့ ယန်ဂျာ တကယ်ပင် စိတ်မကောင်း ဖြစ်မိသည်။

ကုလေး၏ ခက်ထန်ရက်စက်သော စိတ်ဓာတ်ကိုသိသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း ကျောင်းဝိယောင် လွတ်မြောက်လို လွတ်မြောက်ငြား ကြိုးစားကာ တောင်းပန်စကား ဆိုကြည့်ရန် စိတ်ကူးသည်။

မိမိအသက် သေချင်လျှင် သေပါစေတော့။ ကျောင်းဝိယောင် ဘေးရန်ကင်းရှင်းသွားလျှင် တော်ပြီ။

✣

"အစ်မလတ်ကို တစ်ခုတောင်းပန်ချင်ပါတယ်"

ယန်ဂျာက စကားစလိုက်သည်။

"အလို ... ညီမလေးက ဘာများ တောင်းပန်ဦးမလဲ"

ကုလေးက မျက်နှာထားရှင်ရှင် လေသံချိုချိုဖြင့်ပင် ပြန်ပြောသည်။

"မိန်းကလေးဟာ ကျွန်မနဲ့ ဘာမှမသက်ဆိုင်ပါဘူး၊ ကျွန်မရဲ့ တပည့်လက်သားလည်း မဟုတ်ဘူး၊ ကျွန်မ အဆိပ်သင့်ဒဏ်ရာရနေတဲ့နေရာကို ခရီးကြုံလို့ ရောက်လာပြီး ကျွန်မကို စေတနာနဲ့ ကူညီပေးနေတာပါ၊ သူ့ကို ဘာမှအန္တရာယ်မပေးဘဲ သူသွားချင်ရာကို သွားပါစေ အစ်မလတ်၊ ကျွန်မကိုတော့ အစ်မလတ် ကြိုက်သလို



စီရင်ပါ၊ ကျွန်မ ခံပါ့မယ်"

"ဟား .ဟား .ဟား ... နင့်သိုင်းပညာတွေ စိတ်ကြိုက်သုံးနိုင်တဲ့အချိန်မှာတောင် နင်က မယှဉ်နိုင်ခဲ့တာ၊ အခုလိုအချိန်မျိုးမှာတော့ ငါ ပြုသမျှခံရရုံကလွဲပြီး နင် ဘာများတတ်နိုင်ဦးမှာမို့လဲ၊ တယ်လည်းအပြောကောင်းတဲ့ မိန်းမပဲ ... ဟား ဟား ဟား"

ကုလေးက ဤသို့ရယ်မောပြောဆိုရင်း ကျောင်းဝိယောင်ကို သွေးကြောထိုးပိတ်ပစ်ရန် လှစ်ခနဲ အနားသို့ ချဉ်းကပ်လှုပ်ရှားလိုက်သည်။

ယခု လောလောဆယ်တွင် ဝင်ရောက် နှောင့်ယှက်ခြင်း မပြုနိုင်စေရန် ဘေးဖယ်ထားလိုသည့်သဘောပင်။

ကျောင်းဝိယောင်သည် နဂါးလှိုင်းစီး သိုင်းကွက်ကို သုံးကာ ကုလေး၏သွေးကြော ထိုးပိတ်မှုကို ခုခံပြီး ရှောင်ထွက်သွားသည်။

ကုလေးက ကျောင်းဝိယောင်၏အကြောင်းကို ဘာမျှမသိသေးသည့်အတွက် အရေးမထားလောက်သည့် မိန်းကလေးတစ်ယောက်ဟု သတ်မှတ်ကာ ခပ်ပေ့ါပေ့ါ လှုပ်ရှားလုပ်ဆောင်လိုက်၍ ကျောင်းဝိယောင်အနေဖြင့် ယခုလို ခုခံပြီး ရှောင်ထွက်သွားနိုင်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကုလေးကသာ ဖိဖိစီးစီးနှင့် သေသေချာချာ တိုက်ခိုက်ပါက ကျောင်းပိယောင်အနေဖြင့် ယခုလို ခုခံရှောင်တိမ်းနိုင်မည် မဟုတ်ပေ။

ကုလေး၏လက်ချက် အထိခံရမည်သာ ဖြစ်သည်။

မည်သို့ဆိုစေ ...

ကျောင်းပိယောင်က နဂါးလှိုင်းစီးသိုင်းကွက်ကို သုံးကာ ခုခံရှောင်တိမ်းထွက်သွားမှုမှာ လျင်မြန်သွက်လက်ကာ ပိရိသေသပ်လှသောကြောင့် ကုလေးမှာ အံ့သြသွားရသည်။

ထို့ပြင် ကျောင်းပိယောင်၏ ခုခံကွက်ကို ရင်ဆိုင်မိရာတွင် မိစ္ဆာမနော အတွင်းအားများ စုစည်းပါရှိသည်ကို တွေ့သိလိုက်ရသောအခါ ကုလေး ပို၍အံ့သြသွားသလို အတော်လည်း စိတ်လှုပ်ရှားမိသည်။

ကုလေးသည် မိစ္ဆာမနောသိုင်းပညာကို အလွန်သဘောကျစိတ်ဝင်စားသူဖြစ်သည်။

သိုင်းပဒေသာလိုဏ်ဂူကြီးထဲသို့ ရောက်ရှိခဲ့စဉ်က နှင်းယကွ သိုင်းပညာကျမ်းနှင့် မိစ္ဆာမနောသိုင်းအညွှန်းကျမ်းတို့ကို သေသေချာချာ ဖတ်ရှုကာ အလွတ်ကျက်မှတ်ခဲ့သည်။



ကုလေးသည် ဘီလူးအဖွဲ့၏ မူလမျိုးဆက်တစ်ယောက်ဖြစ်ရာ ကြမ်းကြုတ်ခက်ထန်သော အခြေခံရှိသည်။

စူးစူးစိုက်စိုက် မိုက်မိုက်ကန်းကန်းလုပ်တတ်သည်။

အငြိုးကြီးသည်။

ရန်သူအပေါ် တူးတူးခါးခါးမုန်းတီးကာ အပြတ်အသတ်အနိုင်ယူချေမှုန်းပစ်လိုသော စိတ်ဓာတ်ရှိသည်။

အဆင့်မြင့် လျှို့ဝှက်ဆန်းပြားသော သိုင်းပညာများကို ဖြတ်လမ်းမှ အလွယ်နည်းနှင့် မြန်မြန်ထက်ထက် သင်ကြားတတ်မြောက်လိုသည့် စိတ်ဆန္ဒလည်း ရှိပေသည်။

မိစ္ဆာမနောသိုင်းမှာလည်း အားအင်နှင့်သိုင်းပညာစွမ်းရည်တို့ကို နေ့ချင်းညချင်း ကြီးထွားမြင့်မားလာအောင် ဖြတ်လမ်းနည်းများဖြင့် လေ့ကျင့်ကာ မိမိကိုယ်ကို သေချင်သေ၊ နာချင်နာ၊ ကျိုးချင်ကျိုး၊ ကန်းချင်ကန်း၊ တစ်ဖက်ရန်သူကို အနိုင်ရလျှင် ပြီးစတမ်းဟု ပြင်းထန်ကြမ်းတမ်းစွာ တိုက်ခိုက်သည့် သိုင်းပညာဖြစ်သည်။

ကုလေး၏စိတ်ဓာတ် စရိုက်တို့နှင့် မိစ္ဆာမနောသိုင်းပညာမှာ လွန်စွာပင် လိုက်ဖက်၍နေပေသည်။

သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပဒေသာ လိုဏ်ဂူကြီးထဲတွင် ရှိနေသည်မှာ မိစ္ဆာမနောသိုင်း အညွန်းကျမ်းသာ ဖြစ်သည်။

မိစ္ဆာမနောသိုင်းပညာကျမ်း အပြည့်အစုံမဟုတ်ပေ။

မိစ္ဆာမနောသိုင်း အညွန်းကျမ်းထဲတွင် ပါရှိသည့် ကျင့်စဉ်၊ နည်းလမ်းနှင့် သိုင်းကွက်များသည် အကျဉ်းချုပ်များသာ ဖြစ်သည်။

မိစ္ဆာမနောသိုင်းပညာ၏သဘောတရားနှင့် စွမ်းအင်များကို သိရှိနိုင်ရုံသာ ဖော်ပြထားသည်။

မိစ္ဆာမနောသိုင်း အညွန်းကျမ်းပါ ကျင့်စဉ်အကျဉ်းချုပ်များကို ကုလေးက ဘီလူးအဖွဲ့ဝင်များကို သင်ကြားလေ့ကျင့်စေခဲ့သည်။

နည်းလမ်းအပြည့်အစုံ မဟုတ်သောကြောင့် အင်အားထိန်းကွပ်မှုများ စနစ်တကျမရှိ။

လေ့ကျင့်သူတို့သည် အားအင်နှင့် သိုင်းပညာစွမ်းရည်များ အရှိန်တိုးတိုးအတွင်း သိသာစွာတိုးတက်ခဲ့ကြသော်လည်း မကြာမီပင် သွေးလေလည်ပတ်မှု လမ်းကြောင်းများ လွဲချော်ကာ ဒုက္ခိတဘဝများသို့ ရောက်ကုန်ကြသည်။

ကုလေးသည် ဤလေ့ကျင့်မှုအတွေ့အကြုံများမှနေ၍ မိစ္ဆာမနောသိုင်းပညာကျင့်စဉ်၊ နည်းလမ်းနှင့် သိုင်းကွက်များ ပိုမို



ပြည့်စုံလာရလေအောင် ကြိုးစားကြံဆကာ တီထွင်ဖော်ထုတ်နေခဲ့သည်။

ကုလေး၏သိုင်းပညာစွမ်းရည် မြင့်မားပြီး ဉာဏ်ပညာလည်း အတော်ကောင်းမွန်သော်လည်း မိစ္ဆာမနောသိုင်းပညာကျမ်းသည် လျှို့ဝှက်ဆန်းပြားလှပေရာ ပြည့်ဝစုံလင်အောင် တီထွင်ကြံဆ၍ မရနိုင်။

ဟာကွက်များ၊ လွတ်ကွက်များ၊ လိုအပ်ချက်များ အမြဲတမ်းပင် ဖြစ်ပေါ်၍နေပေသည်။

ကုလေးသည် မိစ္ဆာမနောသိုင်း အညွန်းကျမ်းပါ ကျင့်စဉ်၊ နည်းလမ်းနှင့် သိုင်းကွက်အကျဉ်းချုပ်များကို အနည်းအကျဉ်းမျှသာ ချိန်ဆ၍ စမ်းသပ်သည့်သဘောသာ လေ့ကျင့်ခဲ့သည်။

သို့သော် ...

သူမ စိတ်တိုင်းကျ ရွေးချယ်ထားသော ဘီလူးအဖွဲ့ဝင်လူလတ် သိုင်းသမားများကို အမြဲမပြတ် သင်ကြားလေ့ကျင့်ပေးခဲ့သည့်အတွက် မိစ္ဆာမနောသိုင်း၏ အင်အားအနေအထား၊ အသုံးအပြု၊ အခင်းအကျင်းတို့ကိုတော့ ကျွမ်းကျင်နားလည်နေသည်။

တို့ကြောင့်လည်း ...

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပိယောင်၏ခုခံကွက်တွင် ထည့်သုံးထားသည်မှာ မိစ္ဆာမနော အတွင်းအားဖြင့်မှန်း ကုလေးက အကဲခတ် သိရှိခဲ့ပေသည်။

✢

မိမိက မလောက်လေးမလောက်စားဟု သဘောထားသည့် မိန်းကလေးက မိစ္ဆာမနောအတွင်းအားကို ပိရိသေသပ်စွာ ခုခံအကွက်ဆင်သည်ကို တွေ့ရသောကြောင့် ကုလေးမှာ အံ့သြသလို စိတ်လည်း လှုပ်ရှားသွားရသည်။

ကျောင်းပိယောင်က နဂါးလှိုင်းစီးသိုင်းကွက်ကို စနစ်ကျနစွာ အသုံးပြုခုခံသည်ကို မြင်ရသည့် ယန်ဂျာလည်း အံ့သြသွားမိပြန်သည်။

ယန်ဂျာသည် သိုင်းပဒေသာလိုဏ်ဂူထဲသို့ ရောက်ခဲ့စဉ်က မာယာဒေဝီသိုင်းပညာကျမ်းနှင့် ကဝိမနောသိုင်းပညာကျမ်းတို့ကို အလွတ်ကျက်မှတ်လာခဲ့သည်။

မာယာဒေဝီသိုင်းကျမ်းပါ သိုင်းပညာများကို ပြည့်စုံအောင်



လေ့ကျင့်ခဲ့ပြီးဖြစ်သည်။ ကဝိမနောသိုင်းကိုတော့ ပြည့်စုံအောင် စုံစုံလင်လင် မလေ့ကျင့်နိုင်သေးပါ။

ကျောင်းပိယောင်က မိစ္ဆာမနောအတွင်းအား ထည့်သုံးသည်ကိုတော့ ယန်ဂျာ မသိသေး။

ကဝိမနော သိုင်းပညာရှင်တစ်ဦးဖြစ်သော နဂါးလှိုင်းစီးသိုင်းကွက်ကို သေသပ်စနစ်ကျစွာ သုံးသည်ကိုသာ တွေ့ရှိသတိပြုမိကာ အံ့သြနေသည်။

မိမိ၏သိုင်းပညာနှင့် ကုလေးကို ဘယ်လိုမှ ယှဉ်နိုင်မည် မဟုတ်သည်ကို ကျောင်းပိယောင် သိသည်။

ထို့ကြောင့် ကုလေးနှင့် ရင်ဆိုင်တိုက်ခိုက်ရန် စိတ်မကူး။

ရှောင်တိမ်း ထွက်ပြေးဖို့သာ နည်းလမ်းရှာသည်။

သိုင်းပညာ အဆင့်အချင်း မနှိုင်းစာလောက်အောင် ကွာခြားနေသူကို ရင်ဆိုင်ခြင်းမပြုဘဲ ရှောင်တိမ်းသွားခြင်းက အကောင်းဆုံးဖြစ်သည်မှာ မှန်သော်လည်းအလွတ် ရုန်းရှောင်ထွက်နိုင်ဖို့က တော့ ခက်လှသည်။

ကုလေးကလည်း သည်အတိုင်း လက်ပိုက်ကြည့်နေမည် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်တိမ်း ထွက်ပြေးမှုကို ပိတ်ဆို့ တားဆီးမည်သာ ဖြစ်သည်။

လိုက်လံတိုက်ခိုက်မည်သာ ဖြစ်သည်။

ကိုယ်လွတ်ရုန်း ရှောင်တိမ်း ထွက်ပြေးလိုလျှင် ကုလေး၏ ပိတ်ဆို့ တားဆီးမှုကို ကျော်ဖြတ်လျက် ကုလေး လိုက်လံတိုက်ခိုက်ခြင်း မပြုနိုင်သော်လည်း ဟန့်တားနိုင်ခဲ့မှသာ ဖြစ်မည်။

ထိုသို့ လုပ်ဆောင်နိုင်ရန် နည်းလမ်းကို ကျောင်းဝိယောင် အမြန်ဆုံး စဉ်းစားရှာဖွေရသည်။

စဉ်းစားဖို့ အချိန်ကလည်း သိပ်ရှိသည်မဟုတ်။

ကုလေး၏နောက်ထပ် တိုက်ခိုက်မှု ဝင်ရောက်မလာမီ လှုပ်ရှားလုပ်ဆောင်မှ ဖြစ်မည်။

မိစ္ဆာမနောအတွင်းအားကို ရင်ဆိုင်ရသည့်အတွက် ကုလေးအံ့သြကာ စိတ်လှုပ်ရှားသွားမှုကြောင့် ဆက်လက်တိုက်ခိုက်ခြင်း မပြုဘဲ အနည်းငယ် တုံ့နေခြင်းက ကျောင်းဝိယောင်အတွက် စဉ်းစားစရာ အချိန်လေးမဆိုစလောက် ပိုမိုရရှိသွားခဲ့သည်။

နည်းလမ်းကောင်းတစ်ခုကို ကျောင်းဝိယောင် စဉ်းစားမိသည်။



သွေးနီ မြွေဆိုးကို ထုတ်သုံးရမည်။

သွေးနီမြွေဆိုးသည် ဟန်ဆားအဖွဲ့က သားစဉ်မြေးမြူကာ လေ့ကျင့်ပေးထားသည့် တိုက်မြွေဖြစ်သည်။

ကျောင်းဝိယောင်က တစ်ကောင် ရရှိခဲ့ပြီး ကောင်းမွန်စွာ မွေးမြူသင်ကြားလေ့ကျင့်ပေးခဲ့ရာ တိုက်ခိုက်မှု နည်းပရိယာယ်များ ပိုမိုကြွယ်ဝကျွမ်းကျင်နေသည်။

✢

ကျောင်းဝိယောင်က အင်္ကျီအတွင်းအိတ်ထဲမှ သွေးနီမြွေဆိုးကို ထုတ်ယူကာ ကုလေးထံသို့ ပစ်ပေါက်လွှတ်ပေးလိုက်သည်။

သွေးနီမြွေဆိုးကို မြင်ရသောအခါ ကုလေး ထိတ်ခနဲ ဖြစ်သည်။

ကုလေးသည် အဆိပ်သိုင်းပညာလည်း တတ်ကျွမ်းသူဖြစ်ရာ အဆိပ်ကောင်များ အကြောင်းလည်း နားလည်သည်။

အဆိပ်ကောင် အတော်များများကိုလည်း နိုင်နင်းသည်။

အဆိပ်မြွေများလောက်ကို ကုလေးက အရေးမလုပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

ဟန်ဆားအဖွဲ့၏သွေးနီမြွေဆိုးကိုတော့ ကုလေး မလေး မစား မလွှဲရဲ။

သိုင်းကွက်နင်းကာ ညာဘက်သို့ ခြေတစ်လှမ်းစာ ယိမ်းလျက် ဘယ်ခြေထောက်တွင် ဝတ်ထားသည့် ဖိနပ်ဦးပိုင်းဖြင့် သွေးနီမြွေဆိုး၏ခေါင်းတည့်တည့်ကို လှမ်းကန်သည်။

ကုလေး ဝတ်ထားသည့် ဖိနပ်၏ဦးပိုင်းမှာ အမာဖြစ်ကာ သုံးထောင့် သံပြားလေး တစ်ခုလည်း တပ်ဆင်ထားသည်။

သံပြားလေး၏ ထိပ်ဖျားသည် ချွန်မြကာ ဘေးကာ အနားသားများကလည်း ဓားသွားနှယ် ထက်မြက်နေသည်။

ခြေကန်ချက် အရှိန်ကလည်း အားပြည့် ပြင်းထန်သည်။

သွေးနီမြွေဆိုး၏ဦးခေါင်း ကွဲပေါက် ကြေမွသွားနိုင်လောက်သည့် ကန်ချက်ဖြစ်သည်။

ဟန်ဆားအဖွဲ့မှ သွေးနီမြွေဆိုးများကို လေ့ကျင့်ပေးရာတွင် တစ်ဖက်ရန်သူကို အလျင်မြန်ဆုံး ချဉ်းကပ်ကာ အမိအရ ပေါက်သတ်နိုင်ရန် အဓိက ဦးစားပေးခဲ့သည်။

ရှောင်တိမ်းကွက်များကို သိပ်အရေးမထား။



ကျောင်းပိယောင်က မိမိရရှိထားသော သွေးနီမြွေဆိုးကို ဆက်လက်လေ့ကျင့်ပေးရာတွင်မူ တိုက်ကွက်သာမက တစ်ဖက်ရန်သူ၏ တန်ပြန်တိုက်ကွက်များ ပေါ်လာပါက ရှောင်တတ် တိမ်းတတ်အောင် ရှောင်တိမ်းကွက်များကိုလည်း ထည့်သွင်းလေ့ကျင့်ပေးခဲ့သည်။

ဟန်ဆားအဖွဲ့၏လေ့ကျင့်မှုသာ ရရှိထားသည့် သွေးနီမြွေဆိုးဆိုလျှင် ယခု ကုလေး၏ဖိနပ်ဦးဖြင့် ကန်ချက်ကို ရှောင်တိမ်းနိုင်မည်မဟုတ်။

ကန်ချက် အထိခံရကာ ဦးခေါင်းကွဲကြေလျက် အသက်ပျောက်သွားမည် မလွဲပေ။

ယခု ဤသွေးနီမြွေဆိုးမှာမူ ကျောင်းပိယောင်၏သင်ကြားလေ့ကျင့်ပေးထားမှုကြောင့် ရှောင်တိမ်းတတ်နေပေရာ ကိုယ်ကိုခွေယိမ်း၍ ရှောင်ရှားသည်။

ကုလေးကသာ ပေါ့ဆမှုမရှိဘဲ ဖိဖိစီးစီးတိုက်ခိုက်မည်ဆိုပါက ကျောင်းပိယောင် ကိုယ်တိုင်ပင်လျှင် ကုလေး၏တိုက်ချက်များကို လွတ်အောင် ရှောင်နိုင်စွမ်းရှိမည်မဟုတ်ပေ။

ကျောင်းပိယောင်က သင်ကြားလေ့ကျင့်ပေးထားသော

www.burmeseclassic.com

www.burmeseclassic.com



သွေးနီမြွေဆိုးဆိုလျှင်ကား ပြောဖွယ်ရာမရှိတော့။

ကိုယ်ကို ခွေယိမ်းကာ ရှောင်တိမ်းလိုက်သော်လည်း သွေးနီမြွေဆိုးခမြာ ကုလေး၏ကန်ချက်ကို လုံးလုံးလျားလျား လွတ်အောင် မရှောင်နိုင်။

ဦးခေါင်းကို ကျကျနန မထိမိအောင်သာ ရှောင်နိုင်သည်။

လည်ကုတ်နေရာကိုတော့ ကန်ချက်က ကန့်လန့်ဖြတ်ကာ ထိမိသည်။

ဤသို့ ထိသွားမှုသည် အခြေအနေကို တစ်မျိုးတစ်ဖုံ ပြောင်းလဲ၍သွားစေခဲ့သည်။

ကန့်လန့်ဖြတ် ထိချက်ကြောင့် သွေးနီမြွေဆိုး၏ဦးခေါင်းပိုင်း ပြုတ်ထွက်သည်။

ပြုတ်ထွက်လွင့်စဉ်လာသော သွေးနီမြွေဆိုး၏ဦးခေါင်းပိုင်းသည် မာန်သွင်းကာ ပါးစပ်ဟလျက် အစွယ်များ အပြူးသားရှိနေသည်။

ထိုဦးခေါင်းပိုင်းသည် ကုလေး၏ခြေသလုံးကို ထိမိကာ ငုံ့ခဲပေါက်ချလိုက်သလိုမျိုး ဖြစ်သွားသည်။

ကုလေး အကြီးအကျယ် တုန်လှုပ်ချောက်ချားသွား၏။



ကျောင်းပိယောင်မှာမူ သွေးနီမြွေဆိုးကို ထုတ်ယူပစ်လိုက်ပြီးသည်နှင့် ယန်ဂျာကို ပွေ့ချီကာ တစ်ဟုန်ထိုးပြေးထွက်ပြေးသွားလေပြီ။

✢

ကုလေးသည် အဆိပ်အတော်များများ၏ဒဏ်ကို ခံနိုင်ရည်ရှိသည်။

သို့သော် သွေးနီမြွေဆိုး၏အဆိပ်ကိုတော့ ခံနိုင်အားမရှိ။

ထို့ကြောင့် ...

ပြုတ်ထွက်လာသော သွေးနီမြွေဆိုး၏ဦးခေါင်းပိုင်းက မိမိ၏ခြေသလုံးကို ပေါက်ချလိုက်မိသွားသည့်အခါ ကုလေး အကြီးအကျယ် ထိတ်လန့်သွားသည်။

အဆိပ်လက်နက်များသုံးကာ သူတစ်ပါးကို ရန်ပြုနေသူတစ်ယောက်မို့ ကိုယ်တိုင် အဆိပ်ဒဏ်ခံရမည်ကိုလည်း အလွန်ပင် ကြောက်ရွံ့နေခြင်းဖြစ်သည်။

ဖြေဆေးလည်းမရှိ၊ ကုသနည်းလည်းမသိသော သွေးနီမြွေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုး၏အဆိပ်များ ပျံ့နှံ့မလာအောင် မဖြစ်,ဖြစ်သည့်နည်းနှင့် လုပ်ဖို့ လိုကြောင်း ကုလေး နားလည်သည်။

အဆိပ်ကို မဖြေနိုင်သည့်အတွက် အဆိပ်ပြန့်မလာရလေအောင် တားဆီးဖို့သာ လုပ်ရပေတော့မည်။

ကုလေးသည် ဘာမျှစဉ်းစားမနေတော့။ ခါးကြားမှ ဓားရှည်ကို လျှင်မြန်စွာ ဆွဲထုတ်ကာ မြွေပေါက်ခံရသော ဘယ်ခြေထောက်ကို ဒူးဆစ်မှနေ၍ ခုတ်ပိုင်းဖြတ်ထုတ်ပစ်လိုက်၏။

ဒူးဆစ်မှ ထွက်လာသော သွေးများကိုကြည့်ရာ အဆိပ်သင့်သွေးပုတ်များမဟုတ်ဘဲ သန့်စင်သွေးများဖြစ်သည်ကို တွေ့ရ၍ ကုလေး စိတ်သက်သာရာရသွားသည်။

သွေးတိတ်သွားစေရန် အကြောများ ထိုးပိတ်လိုက်သည်။

ပြတ်ထွက်သွားသော ခြေထောက်ပိုင်းကိုကြည့်ရာ စစချင်း သန့်စင်သည့် သွေးများသာ ထွက်နေသော်လည်း ခဏအကြာတွင်တော့ မြွေဆိပ်သင့်နေသည့် သွေးပုတ်များ မည်းနက်နေသည်ကို တွေ့ရသည်။

ညိုစို့ပုတ်အဲသည့် အဆိပ်နံ့ကလည်း ဟောင်၍ထွက်လာရာ ကုလေး မျက်နှာပင် မဲ့၍သွားသည်။



အဆိပ်သင့်နေသည့်အပိုင်းကို ဆုံးဖြတ်ချက်ရဲရဲ စိတ်နိုင်နိုင်မာမာဖြင့် လျှင်လျှင်မြန်မြန် ခုတ်ဖြတ်ပစ်နိုင်၍သာ တော်ပေတော့သည်။

အနည်းငယ်တွေ့နှေးမိပါက အဆိပ်တွေတိုး၍ ပျံ့နှံ့သွားမည်ဖြစ်ရာ ခုတ်ပစ်လိုက်သည့်တိုင် အဆိပ်ဒဏ်က လွတ်မည်မဟုတ်။

"ဟူး"

ကုလေးသည် သက်ပြင်းရှည်ကြီးတစ်ခု မှုတ်ထုတ်လိုက်၏။

ထွက်ပြေးသွားကြလေသော ယန်ကျာတို့ နှစ်ယောက်က အတော်လှမ်းလှမ်းသို့ ရောက်သွားကြလေပြီ။

ကုလေး လှမ်းကြည့်ရာ မြင်နိုင်သေးသည်။

ခြေထောက်နှစ်ဖက် အကောင်းပကတိအတိုင်း ရှိနေသေးလျှင် ကုလေးသည် ယန်ကျာတို့နောက်သို့ အမီလိုက်ကာ အမိဖမ်းနိုင်မည် ဖြစ်သည်။

ယခုမူ ရုတ်တရက် မြန်းစားကြီး ခြေတစ်ပေါင်ကျိုးဘဝသို့ ရောက်ရှိနေခဲ့ရာ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့။

"တောက်"

ကုလေးသည် ခံပြင်းဒေါသစိတ်ဖြင့် တက်တစ်ချက်ခေါက်သော

www.burmeseclassic.com

www.burmeseclassic.com



သူတ သိပ်မရှိလှသော်လည်း အတွင်းဒဏ် ရထားသူတစ်ယောက်၊ အသက်ရှုကျပ်အောင် မောပန်းလာလျှင် အနားယူ အတွင်းအား လေ့ကျင့်မှုပြုဖို့ လိုအပ်ကြောင်းလောက်ကိုတော့ ကြားဖူးနားဝ ရှိထားသည်။

"ဒေါ်လေး စိတ်ချလက်ချသာ အနားယူပြီး အတွင်းအား လေ့ကျင့်ပါ၊ ကျွန်မ ဒေါ်လေးနားကနေ စောင့်နေပေးပါ့မယ်"

ယန်ဂျာက ကျောင်းပိယောင်ကို ကျေးဇူးတင်သော အကြည့်နှင့် ကြည့်သည်။

ထို့နောက် တင်ပျဉ်ခွေထိုင်ကာ မျက်စိစုံမှိတ်၊ စိတ်အာရုံကို စုစည်း၍ အနားယူ အတွင်းအား လေ့ကျင့်မှု ပြုလုပ်သည်။

ဤသို့သော အနားယူ အတွင်းအား လေ့ကျင့်မှုမျိုးသည် ရထားသော အတွင်းဒဏ် သက်သာပျောက်ကင်းစေအောင် ကုသခြင်း မဟုတ်သော်လည်း ထိုအတွင်းဒဏ်ကြောင့် အသက်ရှုမဝခြင်း၊ ရင်ဘတ်တွင် တစ်ဆို့လာခြင်း၊ မူးဝေနေခြင်းများကို လျော့ပါးအောင် ပြုနိုင်သည့် ကုထုံးတစ်ခု ဖြစ်သည်။

ယန်ဂျာ အနားယူ အတွင်းအား လေ့ကျင့်ချန်အတွင်း ကျောင်းပိယောင်က အနားတွင်နေ၍ စောင့်ကြည့်ပေးသည်။



မိမိတို့နောက်မှ ကုလေး ခြေရာခံကာ လိုက်လာဦးမည်လား ဟူသော စိုးရိမ်စိတ်ဖြင့် အနီးပတ်ဝန်းကျင်ကို သတိဖြင့် ကြည့်ရှုနေသည်။

ကုလေး နောင်ယောင်ခံလိုက်လာသည့် အရိပ်အယောင် လက္ခဏာများ မတွေ့ရတော့မှ အနည်းငယ် စိတ်အေးသည်။

စိတ်ကို ခုံးဒုံးချခြင်းကား မပြုနိုင်သေး။

အန္တရာယ်သည် အချိန်မရွေး၊ နေရာမရွေး ပေါ်ပေါက်လာနိုင်ကြောင်း ကျောင်းပိယောင် နားလည်ထားပါသည်။

✣

ယန်ဂျာသည် အနားယူအတွင်းအား လေ့ကျင့်မှုကို သိပ်အချိန်ကြာကြာမလုပ်။

အသက်ရှုရ အလွန်ကျပ်နေမှု လျော့ပါး သက်သာရုံမျှ အချိန်အနည်းငယ်သာ ယူ၍ ပြုလုပ်သည်။

"အစ်မလတ်က အပြေးအတော သိပ်ကြီးတယ်၊ အခု ဒေါ်လေးတို့ကို ခြေရာခံမိသွားပြီဆိုတော့ ဒီလမ်းစကို သူ ဘယ်နည်းနဲ့မှ

www.burmeseclassic.com

www.burmeseclassic.com



လက်လွတ်ခံမှာ မဟုတ်ဘူး၊ အမိအရ ဆုပ်ကိုင်ထားပြီး မရမက လိုက်ရှာမှာပဲ၊ အခု လောလောဆယ် သူ့လက်က လွတ်အောင် ထွက်ပြေးနိုင်ခဲ့ပေမယ့် ဒီအတိုင်း ကြာရှည်ပြေးလွှားရှောင်တိမ်းနေလို့ ရနိုင်မှာ မဟုတ်ဘူး၊ အစ်မလတ်မှာ ခြေရာကောက် ခြေရာခံနိုင်တဲ့ နည်းလမ်းတွေလည်း ရှိနေတယ်"

အနားယူ အတွင်းအားလေ့ကျင့်မှုကို တစ်စခန်းသတ် ရပ်နားပြီးနောက် ယန်ဂျာက ပြောသည်။

"သူ့အန္တရာယ်က လွတ်မြောက်အောင် ထွက်ပြေးရှောင်တိမ်းလို့ မရနိုင်ဘူးဆိုရင် နေရာကောင်းတစ်ခုရှာပြီး လုံခြုံအောင် ပုန်းခိုနေဖို့ပဲ ရှိတော့တာပေါ့ ဒေါ်လေးရဲ့"

"အေး ... ဟုတ်တယ်၊ ဒေါ်လေးကလည်း ဒါကို ပြောမလို့ပဲ၊ ဘယ့်နေရာမှာ သွားပြီး ပုန်းခိုနေရင် ကောင်းမလဲ"

ယခု ...

သူတို့ရောက်ရှိနေသည့် နေရာဒေသမှာ ကျောင်းဝိယောင် ကျွမ်းဝင်သည့် နေရာမဟုတ်။

ယခုမှသာ ပထမဆုံးအကြိမ် ရောက်ဖူးသည့် နေရာစိမ်းဖြစ်သည်။



ဘယ်နေရာတွင် ဘာရှိပြီး ဘယ်မှာပုန်းအောင်းနေလျှင် လုံခြုံမည်ဆိုခြင်းမျိုးကို ကျောင်းဝိယောင် အမှန်ပင် မသိပါ။

ထို့ကြောင့် ...

ယန်ဂျာ၏အကြံတောင်းချက်ကို ဘာမျှပြန်မပြောဘဲ အသာငြိမ်၍ နေလိုက်သည်။

ယန်ဂျာက ခေတ္တစဉ်းစားပြီး ...

"ဒေါ်လေး တစ်ခုတော့ တွေးမိတယ်"

"ဘာများလဲ ဒေါ်လေးရဲ့ ပြောပါဦး"

"ဒီနေရာဟာ မြွေဆိုးတစ်ထောင်တောင်ကြားနဲ့ သိပ်အလှမ်းမဝေးဘူး၊ အစ်မလတ်ဟာ ဒေါ်လေးတို့အကြောင်း သတင်းအစအနရလို့ သူကိုယ်တိုင် လိုက်လာခဲ့တာနေမှာ၊ မြွေဆိုးတစ်ထောင်တောင်ကြားမှာပဲ ခေတ္တ တည်းခိုနေထိုင်ရမယ်"

"မြွေဆိုးတစ်ထောင် တောင်ကြားဟုတ်လား၊ အဲ့ဒါ ဟို ... မြွေဆိုးတွေ မွေးထားတဲ့ ရွာကြီးတစ်ရွာ မဟုတ်လား၊ တောင်ကုန်းတစ်ခုပေါ်မှာ ရှိတယ်လေ"

"အေး ... ဟုတ်တယ်၊ တူမကြီးက မြွေဆိုးတစ်ထောင် တောင်ကြားအကြောင်းကို သိနေတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



"သိရုံတင် ဘယ်ဟုတ်မှာလဲ ဒေါ်လေးရဲ့၊ ကျွန်မက အဲ့ဒီနေရာကိုတောင် ရောက်ဖူးပြီးပြီ"

"ဟင် ... ဟုတ်လား၊ ဘယ်တုန်းက ဘယ်လိုရောက်သွားတာလဲ"

"အဲဒါ ခဏထားလိုက်ပါဦး ဒေါ်လေးရာ၊ ပြောရမှာအတော်ရှည်တယ်၊ နောက် အေးအေးဆေးဆေးမှ ပြောတာပေါ့၊ အခု ဒေါ်လေးပြောမယ့်ဟာကိုသာ ဆက်ပြောပါဦး"

"မြွေဆိုးတစ်ထောင် တောင်ကြားဆိုတာ ဘီလူးအဖွဲ့ရဲ့လျှို့ဝှက်စခန်းထောက် နေရာတစ်ခုပဲ၊ ဒေါ်လေးတို့ မြွေဆိုးတစ်ထောင်တောင်ကြားနားမှာ သွားပြီး ပုန်းအောင်းနေကြမယ်"

ကျောင်းပိယောင်သည် ယန်ဂျာ၏ စိတ်ကူးနှင့်ရည်ရွယ်ချက်ကို အတွေးပေါက်သွားကာ ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။

"ဒေါ်လေး စိတ်ကူးက တော်တော်ကောင်းတယ်၊ သူတို့ရဲ့အခြေစိုက်စခန်းနားမှာ လာပြီး ပုန်းအောင်းနေလိမ့်မယ်လို့ သူတို့ဘက်က ထင်ကြမှာ မဟုတ်ဘူး၊ ဟုတ်တယ် ... တစ်ခါတလေတော့လည်း အန္တရာယ်နဲ့ အနီးကပ်ဆုံးနေရာဟာ ဘေးရန်အကင်းဆုံးဖြစ်နေတတ်တာပဲကိုး"



"တူမကြီးက ဘယ်ဆိုးလို့လဲ၊ ကွက်ကျော် တွေးတောစဉ်းစားတတ်သားပဲ"

ကျောင်းပိယောင်၏ အတွေးကောင်းပုံကို ယန်ဂျာက ထုတ်ဖော်ချီးမွမ်းလိုက်သည်။

✢

ယန်ဂျာနှင့် ကျောင်းပိယောင်တို့ မြွေဆိုးတစ်ထောင်တောင်ကြားဘက်သို့ ဦးတည်ကာ ခရီးနှင်ခဲ့ကြသည်။

အတွင်းဒဏ်ရထား၍ ခြေလှမ်းသွက်သွက် လမ်းမလျှောက်နိုင်သော ယန်ဂျာကို ကျောင်းပိယောင်က ဖေးမတွဲခေါ်ပေးသည်။

ခရီးလမ်းကြမ်းတမ်းသော နေရာများတွင်မူ ကျောပိုး၍ခေါ်ယူပေးသည်။

"အစ်မလတ်ရဲ့ တိုက်ချက်ကို ခုခံရှောင်တိမ်းလိုက်တဲ့ တူမကြီးရဲ့သိုင်းကွက်က အတော်သွက်လက်မြန်ဆန်တာပဲ၊ အဲဒီသိုင်းကွက်ကို ဘယ်သူ့ဆီက သင်ယူခဲ့တာလဲ၊ ပြောပြနိုင်မယ်ဆိုရင် ပြောပြပါလား"

www.burmeseclassic.com

www.burmeseclassic.com



ခရီးနှင်လာရင်း ယန်ဂျာက မေးသည်။

ကျောင်းပိဋကယောင်သည် ကဝိမနေသောသိုင်းသမားတစ်ယောက်နှင့် ဆက်နွယ်ပတ်သက်ခြင်း ရှိမရှိ စူးစမ်းလိုသောကြောင့် ယခုလို မေးမြန်းခြင်း ဖြစ်သည်။

"အဆိပ်သင့် အနာတရဖြစ်နေတဲ့ သိုင်းသမား အဘိုးအိုတစ်ယောက်ကို ကူညီပေးရင်း အဲဒီအဘိုးအိုက သင်ကြားပေးခဲ့တာပါ။ နဂါးလှိုင်းစီးသိုင်းကွက်လို့ သိရပါတယ်"

"အခြား ဘာသိုင်းပညာတွေ သင်ပေးသေးလဲ"

"နဂါးစွယ်လက်နက်ပုန်း ပစ်ခတ်နည်းဆိုတာကိုလည်း သင်ပေးပါတယ်၊ ပြီးတော့ အသွင်းအားလေ့ကျင့်နည်းလည်း သင်ပေးတယ်၊ အဲဒါတွေပါပဲ"

"တူမကြီးကို အဲဒီသိုင်းပညာတွေ သင်ပေးရုံ သင်ပေးတာလား၊ သူ့အဖွဲ့ထဲကိုရော အဖွဲ့ဝင်အဖြစ် သွပ်သွင်းသေးလား"

"ဟင့်အင်း ... အဖွဲ့တော့ မဝင်ခဲ့ရပါဘူး"

ကျောင်းပိဋကယောင်သည် ကဝိမနေသောသိုင်းသမားကြီးတစ်ဦးကို ကူညီပေးခဲ့သည့်အတွက် ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် အတွင်းအား လေ့ကျင့်နည်းနှင့် သိုင်းပညာအနည်းငယ် သင်ကြားပေးသွားခြင်းဖြစ်မည်ဟု ယန်ဂျာ နားလည်လိုက်သည်။



ထို့ပြင် ...

ကျောင်းပိဋကယောင်၏ အတွင်းအားမှာလည်း ကဝိမနေ၏ အတွင်းအားပင် ဖြစ်မည်ဟုလည်း ထင်မှတ်သွားခဲ့သည်။

ယန်ဂျာသည် ကဝိမနေသောသိုင်းပညာကျမ်းကို အလွတ်ကျက်မှတ် သိရှိနေပြီဖြစ်သော်လည်း ပြည့်စုံအောင် လေ့ကျင့်နိုင်ခြင်း မရှိသေးပေ။

မာယာရှင်သိုင်းကိုသာ ပြည့်စုံအောင် လေ့ကျင့်အောင်မြင်ထားသည်။

ကဝိမနေ၏ သိုင်းပညာအချို့ကိုတော့ တတ်မြောက်နေသည်။

ထို့ပြင် ...

ယန်ဂျာ၏အတွင်းအားမှာလည်း ကဝိမနေ၏အတွင်းအား မဟုတ်။ မာယာရှင်အတွင်းအား ဖြစ်ပေသည်။

ထို့ကြောင့်လည်း ...

ကျောင်းပိဋကယောင်၏အတွင်းအားကို မိစ္ဆာမနေ၏ အတွင်းအားဖြစ်ကြောင်း ထင်ရှားစွာ ခွဲခြားမသိနိုင်ခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ကဝိမနော သိုင်းပညာများ တတ်မြောက်နေသည့်အတွက် ကဝိမနော အတွင်းအားသာလျှင် ရှိမည်ဟု ထင်နေခြင်းမှာ ယန်ကျာကို အပြစ်ဆိုစရာမရှိပါ။

"တူမကြီးကို ဒေါ်လေး သိုင်းပညာသင်ပေးမယ်၊ တူမကြီး ကရော ဒေါ်လေးဆီက သိုင်းပညာသင်ယူချင်တဲ့ စိတ်ဆန္ဒ ရှိသလား"

ယန်ကျာက မေးသည်။

"ဟုတ်ကဲ့ ... ဒေါ်လေး သင်ပေးမယ်ဆိုရင် ကျွန်မ သင်ချင် ပါတယ်"

"အေး ... ဒါဆိုရင် တူမကြီးကို နဂါးမိုးပျံသိုင်းကွက်ဆိုတာ ကို ဆက်သင်ပေးမယ်၊ အဲဒါကလည်း ကဝိမနောသိုင်းပညာထဲက သိုင်းကွက်တစ်ကွက်ပဲ"

"ဒေါ်လေးကလည်း ကဝိမနောသိုင်းပညာ တတ်နေတာ ကိုး"

"ဆိုပါတော့ကွယ်"

ယန်ကျာက ခပ်ပေါ့ပေါ့ပြောလိုက်ရာ ကျောင်းဝိယောင်၏ စိတ်ထဲတွင်မူ ယန်ကျာကို ကဝိမနောသိုင်းပညာရှင်တစ်ယောက်ဟု ထင်မှတ်သွားသည်။



လေးစားခင်မင်သည့် စိတ်များလည်း ပိုမို၍များပြားလာ သည်။

✢

ခရီးနှင်လာရင်း ယန်ကျာသည် ကျောင်းဝိယောင်ကို နဂါး မိုးပျံသိုင်း၏အခြေခံသဘောကို ပြောပြသည်။

ကျောင်းဝိယောင်က သေသေချာချာ နားထောင်မှတ်သား သည်။

"ဒေါ်လေး ပြောတာတွေကို မှတ်မိရဲ့လား၊ နားလည်ရဲ့ လား"

နဂါးမိုးပျံသိုင်း အခြေခံသဘောတရားများ ရှင်းပြပြီးနောက် ယန်ကျာက မေးသည်။

"ဟုတ်ကဲ့ ... ရှင်းပါတယ်၊ မှတ်မိပါတယ်"

"ဒါဆိုရင် တူမကြီး နားလည်မှတ်မိသလောက် ဒေါ်လေး ကို ပြန်ပြောပြစမ်းပါဦး"

ကျောင်းဝိယောင်က မိမိမှတ်သား သိရှိထားသည်များကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောပြသည်။

နဂါးမိုးပျံသိုင်း၏အခြေခံသဘောတရား အပြည့်အစုံကို မမှတ်မိသေးသော်လည်း ဆယ်ပုံတွင် ခုနစ်ပုံခန့် မှတ်မိနားလည်သောကြောင့် ကျောင်းပိယောင်၏မှတ်ဉာဏ်ကို ယန်ဂျာ ချီးမွမ်းမိသည်။

တစ်ခေါက်တည်းနှင့် ကောင်းစွာမှတ်မိတတ်သော ယန်ကူလောက် မှတ်ဉာဏ်ကို မမီနိုင်သော်လည်း ကျောင်းပိယောင်၏ ဉာဏ်ရည်ဉာဏ်သွေးကလည်း မညံ့လှပါ။

အတော်ကောင်းသည်ဟု ဆိုနိုင်သည်။

ယန်ဂျာက နဂါးမိုးပျံသိုင်း၏အခြေခံသဘောတရားများ အကြောင်းကို နောက်တစ်ခေါက် ပြန်လည်ရှင်းပြသည်။

ပြီးတော့ ...

ကျောင်းပိယောင်သည် ပြည့်ပြည့်စုံစုံပင် နားလည်မှတ်မိနေလေရာ ယန်ဂျာ စိတ်ကျေနပ်မှုရအောင် ပြန်လည်ပြောပြနိုင်ခဲ့သည်။

ခရီးပြင်းနှင်လာခဲ့ကြရာ နေမွန်းတည့်ချိန်လောက်တွင် ခေတ္တနားနေကြသည်။



ယန်ဂျာက အနားယူ အတွင်းအား လေ့ကျင့်မှုပြုသည်။

ယန်ဂျာ အနားယူအတွင်းအား လေ့ကျင့်မှု ပြုလုပ်နေချိန်တွင် ကျောင်းပိယောင်က နေ့လယ်စာ စီမံချက်ပြုတ်ထားသည်။

အနားယူအတွင်းအား လေ့ကျင့်မှု ပြုလုပ်ပြီးသောအခါ ယန်ဂျာနှင့် ကျောင်းပိယောင်တို့နှစ်ယောက် နေ့လယ်စာ အတူစားသောက်ကြသည်။

ထို့နောက် ခရီးဆက်ကာ နှင်လာခဲ့ကြသည်။

ခရီးလမ်း ကြမ်းတမ်းလာသောကြောင့် ကျောင်းပိယောင်က ယန်ဂျာကို ကျောပိုးကာ ခေါ်ခဲ့သည်။

ယန်ဂျာက နဂါးမိုးပျံသိုင်း၏သိုင်းကွက် သိုင်းဟန် လှုပ်ရှားပုံများနှင့် လေ့ကျင့်ရမည့် နည်းလမ်းများကို ဆက်လက်ရှင်းပြပြောဆို သင်ကြားပေးသည်။

ညနေစောင်းအချိန်တွင် နေရာထိုင်ခင်းကောင်းသည့်နေရာတစ်ခုကို ရွေးချယ်ကာ ခေတ္တစခန်းချကြသည်။

ကျောင်းပိယောင်ကပင် ညနေစာ စီမံချက်ပြုတ်သည်။

ယန်ဂျာကတော့ အနားယူ အတွင်းအား လေ့ကျင့်မှုပြုလုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခေတ္တစကားစမြည် ပြောဆိုအနားယူပြီးနောက် ကျောင်းဝိယောင်သည် နားလည်သဘောပေါက်ထားပြီး ဖြစ်သည့် နဂါးမိုးပျံ သိုင်းကို လက်တွေ့လေ့ကျင့်သည်။

နဂါးမိုးပျံသိုင်းသည် နဂါးလှိုင်းစီး သိုင်းကွက်နှင့် ဆက်စပ်မှု အတော်ရှိသည်။

ပေါ့ပါးသွက်လက်စွာ ခုန်ပျံလှုပ်ရှားမှုကို အခြေခံသည်။

နဂါးလှိုင်းစီးသိုင်းကွက်ကို တတ်မြောက်နေခဲ့ပြီဖြစ်သော ကျောင်းဝိယောင်အနေဖြင့် နဂါးမိုးပျံသိုင်းကွက် လေ့ကျင့်သောအခါ အခက်အခဲ သိပ်မရှိ။

ထင်သည်ထက်ပင် အောင်မြင်မှု ရရှိသည်။

ယန်ကျာက လေ့ကျင့်ရာတွင် လိုအပ်ချက်များ ရှိက ထောက်ပြ ပြုပြင်ပေးနိုင်ရန် အနားမှထိုင်ကာ သေသေချာချာ ကြည့်နေသည်။

ကျောင်းဝိယောင်သည် နဂါးမိုးပျံသိုင်း၏အခြေခံသဘော တရားများနှင့် လေ့ကျင့်နည်းများကို ကောင်းမွန်ပြည့်စုံစွာ နားလည် မှတ်မိနေပြီဖြစ်ရာ လက်တွေ့လှုပ်ရှားလေ့ကျင့်ရာတွင် ဟာကွက် လွတ်ကွက် ချွတ်ချော်ကွက်များ မရှိရအောင် သေသပ်ပိရိစွာ လုပ်



ဆောင်နိုင်သည်။

ယန်ကျာအနေဖြင့် ထောက်ပြ ပြုပြင်ပေးစရာ တစ်ကွက်မျှ မရှိခဲ့ပါ။

ယခုမှ စတင်လေ့ကျင့်သင်ယူရသည့်အတွက် ကျွမ်းကျင်ပိုင် နိုင်မှု မရှိသေးခြင်းသာ ပြောစရာရှိသည်။

ဒါကလည်း ဆက်လက်လေ့ကျင့်နိုင်သည်နှင့်အမျှ ပိုင်နိုင် ကျွမ်းကျင်မှာမလွဲပေ။

ကျောင်းဝိယောင်၏သိုင်းပညာ လေ့ကျင့်ရာ၌ သိလွယ် တတ်လွယ်မှုဟု ယန်ကျာစိတ်ထဲမှ ကျိတ်ကာ ချီးမွမ်းမိသည်။

အတော်လည်း သဘောကျ နှစ်ခြိုက်နေသည်။

ကဝိမနေသိုင်းပညာများအနက်မှ သင့်တော်ကောင်းမွန် ရာများကို ဆက်လက်သင်ပြပေးရန်လည်း စိတ်ကူးရမိသည်။

✣

နောက်တစ်နေ့နံနက် အရုဏ်ဦး ရောင်နီပျိုးစအချိန်တွင် ယန်ကျာနှင့် ကျောင်းဝိယောင်တို့ အိပ်ရာမှထကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုးစံအတိုင်းပင် ကျောင်းဝိယောင်က နံနက်စာ ခပ်မြန်မြန် ချက်ပြုတ်စီစဉ်သည်။

နံနက်စာ စားသောက်ပြီးနောက် ခရီးဆက်၍ ထွက်လာခဲ့ကြသည်။

ခရီးလမ်းပန်းကြမ်းတမ်းနေဆဲ ဖြစ်သောကြောင့် ကျောင်းဝိယောင်က ယန်ဂျာကို ကျောပိုး၍သာ ခေါ်လာခဲ့ရလေသည်။

ယန်ဂျာက ကျောင်းဝိယောင်အား ကဝိမနောသိုင်းပညာရပ်တစ်ခုဖြစ်သည့် နဂါးတောင်ဖြို့သိုင်း၏ အခြေခံသဘောတရားများကို ပြောဆိုသင်ပြပေးသည်။

နဂါးတောင်ဖြို့သိုင်းသည် နဂါးလှိုင်းစီးသိုင်း၊ နဂါးမိုးပျံသိုင်းတို့လို လျင်မြန်ပေါ့ပါးသွက်လက်စွာ လှုပ်ရှားမှုကို အခြေခံသည့် သိုင်းပညာရပ်မဟုတ်ပေ။

အားအင်ကို ပြင်းပြင်းထန်ထန် ထည့်သုံးရသည့် အမာခံသိုင်းပညာ အမျိုးအစားဖြစ်သည်။

အတွင်းအားကို ခွဲဖြန့်မသုံး စုစည်းကာ ကျစ်လျစ်မာကျောအောင် ထုထည်ပြုလျက် အသုံးချရသည်။

အားအင်စုစည်းမှု နည်းလမ်းများက ရိုးစင်းသော်လည်း



အားအင်အသုံးချရာတွင်မူ ဆန်းပြားသည်။

ဦးတည်သည့်နေရာသို့ စုစည်းထားသော အားအင်များကို ပြင်းထန်သော အရှိန်အဟုန်ဖြင့် တည့်မတ်ဖြောင့်တန်းသိပ်သည်းစွာ တိုးဝင်အောင် ထိုးနှက်တိုက်ခိုက်ရခြင်း ဖြစ်သည်။

သိုင်းကွက် သိုင်းဟန် လှုပ်ရှားမှုတွင် ဘာမျှ ထွေထူးဆန်းပြားခြင်း မရှိ။

သို့သော် အင်အား အသုံးချမှုတွင်တော့ အလွန် ခက်ခဲလှသည်။

ကျောင်းဝိယောင်သည် လှုပ်ရှားမှု အခြေခံ သိုင်းပညာဖြစ်သော နဂါးလှိုင်းစီးသိုင်းနှင့် နဂါးမိုးပျံသိုင်းတို့တွင် သိလွယ်တတ်လွယ်သလောက် နဂါးတောင်ဖြို့ သိုင်းတွင်တော့ အခက်အခဲတွေ့၍နေသည်။

လွယ်မယောင်နှင့် ခက်နေသည်။

ဘာမျှ ထွေထူးဆန်းပြားခြင်း မရှိသည့် သိုင်းကွက်လေးတစ်ကွက်ကို အားအင်ပြည့်ဝစွာ လှုပ်ရှားနိုင်ဖို့ကြတော့ အကြပ်တွေ့နေသည်။

"ဘူမကြီးရဲ့ စိတ်အာရုံ တည်ငြိမ်အောင် ထိန်းသိမ်းတဲ့နေရာ

www.burmeseclassic.com

www.burmeseclassic.com



မှာ အပြည့်အဝ ငြိမ်သက်မှုမရဘဲ လိုအပ်နေသေးတာကြောင့် အတွင်းအားတွေကိုလည်း နဂါးတောင်ဖြူသိုင်းရဲ့ လိုအပ်တဲ့ အားအင် အချိန်အဆအတိုင်း လိုချင်သလို မသုံးနိုင်ဘဲ ဖြစ်နေတာပါ။ ဒီအတွက် စိတ်မပျက်ပါနဲ့၊ စိတ်ကို တည်ငြိမ်နိုင်သမျှ တည်ငြိမ်အောင်သာ ကြိုးစားပြီး လေ့ကျင့်ပါ၊ ဒီသိုင်းကွက်တွေကို တူမကြီးအောင်မြင်ပေါက် မြောက်အောင် လေ့ကျင့်နိုင်ပါလိမ့်မယ်"

နဂါးတောင်ဖြူသိုင်း လေ့ကျင့်ရာတွင် စိတ်ထင်တိုင်း မပေါက်နိုင်ဖြစ်နေသော ကျောင်းပိယောင်ကို ယန်ကျာက အားပေးစကား ပြောကြားသည်။

ကျောင်းပိယောင်သည် ပေါ့ပါးသွက်လက်စွာ လှုပ်ရှားရသည့် နဂါးလှိုင်းစီးသိုင်း၊ နဂါးမိုးပျံသိုင်းတို့ကိုသာ လေ့ကျင့်တတ်မြောက်နေခဲ့ရာ နဂါးတောင်ဖြူသိုင်းလို အင်အား အဓိကအသုံးချရသော သိုင်းပညာမျိုးက သူ့အတွက် အတွေ့အဆန်းလိုလည်း ဖြစ်နေသည်။

သုံးရက်အကြာတွင် သူတို့နှစ်ယောက်သည် မြွေဆိုးတစ်ထောင် တောင်ကြား၏ နယ်နိမိတ်ထဲသို့ လျှို့ဝှက်စွာ ဝင်ရောက်လာနိုင်ခဲ့ကြသည်။



ယန်ကျာထံတွင် ဘီလူးအဖွဲ့၏မြွေနိုင်ဆေးလုံးများ ပါရှိလာသည်။

ကျောင်းပိယောင်မှာမူ မြွေများကို လုံးဝကြောက်စရာမလိုအောင် ဗီဇအားဖြင့် အဆိပ်ခံနိုင်ရည်အားနှင့် အဆိပ်နိုင်နင်းမှုများ ကောင်းမွန်သူ ဖြစ်သည်။

ထို့ကြောင့် မြွေဆိုးတစ်ထောင် တောင်ကြားနယ်ပယ်အတွင်း၌ ကျက်စားနေထိုင်ကြသော အဆိပ်မြွေများသည် ယန်ကျာနှင့် ကျောင်းပိယောင်တို့ကို ဘာမျှနှောင့်ယှက်အန္တရာယ်ပေးခြင်း မပြုနိုင်ကြပေ။

သူတို့ ဝင်ရောက်ခဲ့ကြရာ လမ်းကြောင်းသည် ယခင် ကျောင်းပိယောင် ရောက်ဖူးသိထားသော လမ်းကြောင်းနေရာ မဟုတ်။

ထို့ကြောင့် ယန်ကျာကသာ လမ်းပြဦးဆောင်ပေးရသည်။

ယန်ကျာသည် ဘီလူးအဖွဲ့တွင် ရှိစဉ်က မြွေဆိုးတစ်ထောင် တောင်ကြားသို့ သုံးကြိမ်မျှ ရောက်ဖူးပေရာ နယ်မြေအနေအထား ကျွမ်းဝင်နေသည်။

✢

www.burmeseclassic.com

www.burmeseclassic.com



ယန်ဂျာနှင့်ကျောင်းပိယောင်တို့နှစ်ယောက်သည် မြွေဆိုး တစ်ထောင်တောင်ကြားဟု ခေါ်တွင်နေလေသော ရွာကြီးထဲသို့ ဝင်ရောက်ခြင်း မပြုကြပါ။

ထိုရွာကြီးနှင့် မလှမ်းမကမ်းရှိ ဂူကြီးတစ်ခုတွင် ဝင်ရောက် ပုန်းအောင်းကာ စခန်းချ နေထိုင်လိုက်ကြသည်။

ဂူဟုဆိုရသော်လည်း အမှန်စင်စစ်တော့ ကြီးမားလှသော ကျောက်တုံးကြီးတစ်ခု၏ အောက်ခြေပိုင်းတွင် ပတ်ကြားအက်ဖြစ်ပေါ်ကာ ထိုပတ်ကြားအက်ကြောင်းနေရာတွင် ကျောက်တုံးအပိုင်းအစများ ကြွေကျပဲ့ထွက်သွားရာမှ လူနှစ်ယောက် သုံးယောက်နေသာသော ဂလိုင်ခေါင်းလို ဖြစ်ပေါ်နေခြင်း ဖြစ်သည်။

ထိုကျောက်တုံးကြီး၏ပတ်ကြားအက် ဂလိုင်ခေါင်းအဝနှင့် တည့်တည့်တွင် ကျောက်တုံးအပဲ့အစလေးများ စုပုံနေသည့် ကျောက်တုံးပုံတစ်ခုနှင့် ဆူးကြိုးချုံအချို့ ရှိနေသည်။

ထိုကျောက်တုံးပုံနှင့် ဆူးချုံတို့သည် ယန်ဂျာတို့ ပုန်းခိုနေသော ကလိုင်ခေါင်း လိုဏ်ဂူလေးကို ရုတ်တရက် မမြင်နိုင်အောင် အကာအကွယ် ပေးထားသည့် မျက်ကွယ်ကောင်းများသဖွယ် ဖြစ်နေပေသည်။



ပုန်းအောင်းနေထိုင်ရန် နေရာကောင်း ရရှိပြီးသည့်နောက် အမျိုးသမီးနှစ်ယောက်သည် လုပ်စရာရှိသည်တို့ကို ပြုလုပ်ကြလေတော့သည်။

ကျောက်ပိယောင်က နဂါးမိုးပျံသိုင်းနှင့် နဂါးတောင်ဖြိုသိုင်းများ ဆက်လက်လေ့ကျင့်သည်။

ယန်ဂျာလည်း ရရှိထားသော အတွင်းဒဏ်များကို မိမိ၏ အတွင်းအား လည်ပတ်လေ့ကျင့်မှုဖြင့် ကုစားသည်။

ယန်ဂျာသည် အဆိပ်သင့်ခဲ့မှုဒဏ်ကြောင့် သွေးကြောကွက်အချို့တွင် သွေးလေလည်ပတ်မှု အလျင်တုံ့နှေးတစ်ဆို့သည့်အတွက် အတွင်းဒဏ်ရနေခြင်းဖြစ်သည်။

ဤအတွင်းဒဏ်ရထားမှုကို သက်သာပျောက်ကင်းရန်အတွက် တစ်ဆို့နေသော သွေးကြောကွက်နေရာများ ပြေပွင့်လျက် သွေးလေလည်ပတ်မှုချောမောသွားအောင် အတွင်းအားစုစည်းလည်ပတ်မှုဖြင့် ထိုးဖောက်ပေးဖို့ လိုသည်။

အဆိပ်သင့်ခဲ့ရမှုဒဏ်က အဓိကဖြစ်သော်လည်း အဆိပ်သင့်နေလျက်နှင့် ရန်သူများနှင့် တိုက်ခိုက်ခဲ့ပေရာ အင်အားများကို

www.burmeseclassic.com

www.burmeseclassic.com



အတင်းဖျစ်ညှစ်ထုတ်သုံးခဲ့မှုဒဏ်၊ တိုက်ခိုက်မှုများအတွင်း တစ်ဖက်ရန်သူတို့၏တိုက်ချက်များ အထိခံခဲ့ရသည့်ဒဏ်များကလည်း ရှိနေပေသေးသည်။

ထို့ကြောင့် ယန်ဂျာ့ရရှိထားသည့် အတွင်းဒဏ်သည် အကြောင်းရင်းတစ်ခုတည်းကြောင့်မဟုတ်ဘဲ အကြောင်းမျိုးစုံ၏ ရလဒ်ဖြစ်နေရာ တစ်ဆို့နေသော သွေးကွက်နေရာများ ပြေပွင့်ချောမွတ်သွားအောင် ပြုလုပ်ဖို့ အတော့်ကို ခက်ခဲသည်။

သွေးကြောကွက်နေရာတစ်ခုတွင် တစ်ဆို့နေမှု ပြေပွင့်သွားအောင်ပြုလုပ်ရာတွင် အားအင်အရှိန်အဟုန်သုံးမှု လိုအပ်သည်ထက် ပိုမိုများပြားသွားလျှင် အခြားသွေးကြောကွက် တစ်နေရာတွင် တစ်ဆို့နေမှုအခြေအနေ ပိုဆိုးရွားသွားလေအောင် ဖန်တီးသလို ဖြစ်သွားနိုင်သည်။

အင်အားအရှိန်အဟုန်ကို မများလွန်း မနည်းလွန်း လိုအပ်သည့် အချိန်အဆအတိုင်း မှန်ကန်စွာ ချိန်ဆအသုံးပြုဖို့ အထူးလိုအပ်သည်။



အချိန်များ တရွေ့ရွေ့ ကုန်လွန်သွားသည်။

ကျောင်းပိုင်ယောင်၏နဂါးမိုးပျံ သိုင်းလေ့ကျင့်မှုအောင်မြင်ပြီး မြောက်သွားလျက် နဂါးတောင်ဖြိုသိုင်းလေ့ကျင့်မှုမှာလည်း အတော်လေး အရှိန်အဟုန်ရရှိလာသည်။

တစ်ဖက်တွင်မူ ယန်ဂျာ၏အတွင်းဒဏ်ကုစားမှုကမူ အခြေအနေ သိပ်မကောင်းလှပေ။

တစ်ဆို့နေသော သွေးကြောကွက် နေရာများအနက် သုံးလေးခုခန့်တွင် သွေးလေလည်ပတ်မှုများ ချောမွတ်သွားအောင် လုပ်နိုင်ခဲ့သော်လည်း ကျေနပ်လောက်သည့် တိုးတက်အောင်မြင်မှုဟု မဆိုနိုင်ပါ။

သွေးကြောကွက်နေရာ နှစ်ဆယ်ကျော်တွင် သွေးလေလည်ပတ်မှု မချောမွတ်ဘဲ တစ်ဆို့၍နေဆဲဖြစ်သည်။

ယန်ဂျာသည် ညီမဖြစ်သူ ယန်ကူအတွက်လည်း ရတက်မအေးနိုင်ဘဲ ရှိနေသည်။

ယန်ကူသည် အဆင့်မြင့်သိုင်းပညာများကို နှုတ်တက်အာဂုံရထားသော်လည်း လက်တွေ့တွင်တော့ မည်သည့်သိုင်းကွက်သိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဟန်ကိုမျှ အသုံးချနိုင်စွမ်းရှိသူ မဟုတ်ပေရာ တစ်ယောက်တည်း ကင်းမဲ့နေသည့်အခါတွင် အလွန်ပင် အန္တရာယ်ကြီးမားလှကြောင်း ယံန်ဂျာသိသည်။ ဒါကြောင့် အလွန်ပင် စိုးရိမ်သည်။

မိမိ၏အတွင်းဒဏ်ရာရရှိထားမှု သက်သာပျောက်ကင်းမှသာ ယန်ကူကို လိုက်လံစုံစမ်းရှာဖွေနိုင်မည်ဖြစ်ရာ အတွင်းဒဏ်ကုသမှုတွင် တိုးတက်မှုရှိသင့်သလောက် မရှိသောအခါ ယန်ဂျာမှာ စိုးရိမ်ပူပန်မှုများ ပိုမိုများပြားလာခဲ့သည်။

ဤသို့စိုးရိမ်ပူပန်မှုများလာလေလေ အတွင်းဒဏ်ကုသမှုတွင် အောင်မြင်တိုးတက်မှု တုံ့နှေးလေလေဖြစ်၍နေသည်။

ယန်ဂျာသည်. မိမိရထားသော အတွင်းဒဏ် အမြန်ဆုံး သက်သာပျောက်ကင်းနိုင်မည့် နည်းလမ်းများကိုလည်း တွေးဆနေခဲ့ရာ နောက်ဆုံးတွင် အကြံတစ်ခုရလာသည်။

"ကျောင်းပိုင်ယောင်ရဲ့အတွင်းအားက အတော်ကို ကောင်းတယ်၊ ငါလေ့ကျင့်ထားတဲ့ မာယာရှင်အတွင်းအားမျိုး အတိအကျ မဟုတ်ပေမယ့် သူ့ရဲ့ကဝိမနော့အတွင်းအားက အားမျှသန့်စင်တဲ့ အမျိုးအစားဖြစ်လေတော့ ငါရထားတဲ့ အတွင်းဒဏ် သက်သာ ပျောက်ကင်းဖို့ အတွင်းအားနဲ့ ထောက်ကူပေးနိုင်မှာပဲ၊ ဒါဆိုရင် အခု



လို ငါ့ဘာသာငါ တစ်ယောက်တည်း အတွင်းအား လည်ပတ်လေ့ကျင့် ကုသနေတာထက် ပိုပြီး ထိထိရောက်ရောက် ရှိလာနိုင်မယ်"

ဤသို့ စိတ်ကူးရသောကြောင့် ကျောင်းပိုင်ယောင်ကို အတွင်းအား ထောက်ကူ၍ ကုသပေးသည့် နည်းလမ်းတစ်ကျမ်း ခြင်း ရှိမရှိ မေးမြန်းစုံစမ်းကြည့်သည်။

"ဟို ... ဘာဘကို အဆိပ်ဖြေ နှိပ်နယ်ကုသပေးခဲ့တုန်းက တော့ အတွင်းအားကို ထည့်သုံးပြီး နှိပ်နယ်ပေးခဲ့ရဖူးတယ်၊ ဒေါ်လေး ပြောတဲ့အတွက် အတွင်းအား ထောက်ကူကုသပေးတဲ့ နည်းလမ်းဆိုတာ အဲဒါမျိုးကို ပြောတာလား"

ကျောင်းပိုင်ယောင်က ပြန်ပြောပြသည်။

"ဘယ်လိုမျိုး အတွင်းအား ထည့်သုံးပြီး နှိပ်နယ်ပေးရတယ် ဆိုတာ ပြောပြပါဦး"

ဤတွင် ...

ကျောင်းပိုင်ယောင်က အဘိုးအိုကျိန်ချန်ချွန်အား မည်သို့ မည်ပုံ အတွင်းအားထည့်ကာ နှိပ်နယ်ကုသပေးခဲ့ရပုံများကို ရှင်းပြသည်။

အတွင်းဒဏ်ရာရသူကို သက်သာရာရအောင် အားပေး

www.burmeseclassic.com

www.burmeseclassic.com



ထောက်ကူကုသပုံမျိုးမဟုတ်သော်လည်း အခြေခံသဘောချင်းကတော့ ဆင်ဆင်တူသည်။

ယန်ဂျာက လိုအပ်မှုကလေးများ ပြုပြင်ရန် အချက်များကို ပြောပြသင်ကြားပေးရာ အချိန်အနည်းငယ်အတွင်းမှာပင် ကျောင်းပိယောင် တတ်သိနားလည်၍ သွားလေတော့သည်။

ထို့နောက် ...

လက်တွေ့ကုသမှုကို စတင်ပြုလုပ်သည်။

ယန်ဂျာသည် တင်ပျဉ်ခွေထိုင်လျက် စိတ်အာရုံကို စုစည်းကာ အတွင်းအား လည်ပတ်လေ့ကျင့်သည်။

ကျောင်းပိယောင်ကတော့ ယန်ဂျာ၏အနီးတွင် ထိုင်နေသည်။

ဘာမျှတော့ မလုပ်သေး။

လိုအပ်သည့်အခါတွင် အတွင်းအားဖြင့် ဘေးမှနေ၍ အားပေးထောက်ကူမှု ပြုပေးရန်သာ ယန်ဂျာ၏အခြေအနေကို အကဲခတ်ရင်း အသင့်ပြင်ထားသည်။

ယန်ဂျာသည် ပထမဆုံး အစပျိုးသည့်အနေဖြင့် အတွင်းအားကို ချက်အောက်ဘက်ဆီတွင် စုစည်းယူလိုက်သည်။



အပြည့်အဝ စုစည်းရမိသော အတွင်းအားကို လိုအပ်သည့် အရှိန်အဟုန်ထိန်းကာ လည်ပတ်၍ပေးသည်။

လမ်းကြောင်း ပွင့်နေလေသော သွေးကြောနေရာများတွင် အတွင်းအားသည် အဆင်ပြေ ချောမောစွာပင် လည်ပတ်စီးဝင်သွားသည်။

အအေးဓာတ် လှိုင်းကလည်း တစ်ကိုယ်လုံးသို့ ပျံ့နှံ့၍ လာသည်။

မာယာရှင်အတွင်းအားသည် အအေးဓာတ်အခြေခံသော အတွင်းအားများ အမျိုးအစားဖြစ်သည်။

ထို့ကြောင့် မာယာရှင် အတွင်းအား စုစည်းလည်ပတ်မှုနှင့်အတူ အအေးဓာတ်လှိုင်းသည်လည်း ပျံ့နှံ့လာခဲ့ရသည်။

တစ်ဆို့နေလေသော သွေးကြောကွက် နေရာသို့ ရောက်သောအခါတွင်မူ အတွင်းအား လည်ပတ်မှု အဆင်မချောတော့။

ယန်ဂျာသည် စိတ်အာရုံကို ထိုသွေးကြောကွက် နေရာဆီသို့ စူးစိုက်ကာ ပို့ပေးလိုက်သည်။

အတွင်းအား လည်ပတ်မှု အရှိန်အဟုန်ကိုလည်း ပိုမိုတိုးမြှင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ အာရုံစူးစိုက်ကာ လုပ်ဆောင်လိုက်မှု၏ ရောင်ပြန်သည် ယန်ဂျာ၏မျက်နှာပြင်ပေါ်တွင် ထင်ဟပ်လာသည်။

ပကတိ တည်ငြိမ်နေလေသော မျက်နှာ အသွင်အပြင်သည် လှုပ်ရှားပြောင်းလဲ၍ လာသည်။

ယန်ဂျာ၏ အရိပ်အခြည်ကို အကဲခတ်ကြည့်နေသော ကျောင်းပိုင်ယောင်က ဤအချက်ကို ကောင်းစွာ သိမြင်သည်။

ယန်ဂျာအနေဖြင့် တစ်ဆို့နေသော သွေးကြောကွက်နေရာကို ချောမွေ့လမ်းကြောင်း ပွင့်လင်းသွားအောင် ကြိုးစားပန်းစား ထိုးဖောက်နေရပြီဖြစ်ကြောင်းကိုလည်း နားလည်သည်။

ဤကာလသည် ကျောင်းပိုင်ယောင်က ...

အတွင်းအားဖြင့် ဘေးမှ ထောက်ကူကူသပေးရမည့် အချိန်အခါပင် ဖြစ်သည်။

ကျောင်းပိုင်ယောင်သည် အတွင်းအားကို အသင့်ပင်စုစည်းပြီး ဖြစ်သည်။

ထို့ကြောင့် ယန်ဂျာ သင်ကြားပြသပေးထားသည့် နည်းလမ်းများအတိုင်း ယန်ဂျာ၏ကျောဆစ်ရိုး အလယ်ဗဟိုနားရှိ သွေးကြောကွက်ပေါ်သို့ ဖိကပ်လိုက်သည်။



အသင့်စုစည်းထားသော အတွင်းအားများကိုလည်း ထိုလက်ဝါးဆီသို့ ပို့သည်။

ထို့နောက် စိတ်အာရုံကို တည်ငြိမ်စွာ စုစည်းလျက် လက်ဝါးကို အားစိုက်ကာ ဖိကပ်နှိပ်ပေးလိုက်သည်။

အေးစိမ့်သော အားအင်လှိုင်းတစ်ခု ကျောင်းပိုင်ယောင်၏ လက်ဝါးပြင်မှတစ်ဆင့် ယန်ဂျာ့ကိုယ်ခန္ဓာထဲသို့ စီးဝင်သည်။

ထိုအခါတွင် ...

+ + +

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ညနေချမ်းအချိန် ...

နေရှိန်က သိပ်မပြင်းတော့ ...

သို့သော် ...

ပုစွန်သွေးရောင် နေရောင်ခြည်များက တောတောင်တစ်ခွင်ကို ထင်လင်းနေအောင်တော့ ထိုးဖြာကျနေကြသေးသည်။

သစ်ပင်များ ထူထပ်စွာပေါက်ရောက်နေသော 'မြွေစိမ်းဦးခေါင်း' တောင်ကြောသည် ဝင်လုဆဲ နေရောင်၏ ပက်ဖျန်းမှုကြောင့် မြစိမ်းရောင် တောက်၍နေသည်။

ညနေချမ်း လေပြည်ကလေးက ခပ်သာသာ တိုက်ခတ်နေသည်။

တစ်ချက်တစ်ချက်တွင် ခပ်ပြင်းပြင်းကလေး ဝှေ့ကာတိုက်ခတ်လိုက်သောအခါများတွင်မူ သစ်ပင်တို့၏သစ်ရွက်များသည် လေ



ပြည်၏ ဝှေ့ဝိုက်ကျီစယ်မှုကို နှစ်လိုသည့်အသွင်ဖြင့် တရှဲရှဲအသံများ ပေါ်ပေါက်၍လာသည်။

အေးချမ်းစိမ်းစိုသော တောရိပ်တောင်နှကြား၏ လှပသော ညနေချမ်းလေး တစ်ခုဟု ဆိုနိုင်သည်။

ကျွန်းယိမင်းသည် အကိုင်းချင်း ယှက်နေလေသော သစ်ပင်များကို တစ်ပင်မှတစ်ပင် လျှင်မြန်စွာ ခုန်ကူးကာ တောင်ကြောလေး အစပ်နားဆီသို့ အရောက်သွားနေသည်။

ကျွန်းယိမင်းသည် အကိုင်းချင်း ယှက်နေလေသော သစ်ပင်များကို တစ်ပင်မှတစ်ပင် လျှင်မြန်စွာ ခုန်ကူးကာ တောင်ကြောလေး အစပ်နားဆီသို့ အရောက်သွားနေသည်။

ကျွန်းယိမင်းသည် သစ်ရွက်စိမ်း ဝတ်စုံကို အပေါ်မှထပ်၍ ဝတ်ဆင်ထားသည်။

ခေါင်းတွင်လည်း သစ်ရွက်စိမ်း ဦးထုပ်ဆောင်းထားသေးသည်။

စိမ်းစိုသော သစ်ရွက်စိမ်းများကို ဝါးစချွန်ကလေးများဖြင့် ထိုးကာ ကိုယ်ပေါ်တွင် ကပ်ထားခြင်းသာ ဖြစ်သည်။

ဦးထုပ်ကတော့ ဝါးကိုခွေကာ ပြုလုပ်ထားသည့်ဝါးဦးထုပ်

www.burmeseclassic.com

www.burmeseclassic.com



တွင် သစ်ရွက်စိမ်းများကို သေသပ်လှပစွာ ထိုးစိုက်လိုက်ခြင်း ဖြစ်သည်။

ကျန်းယိမင်းသည် မူလ ပင်ကိုကပင်လျှင် သစ်ပင်တက် ကျွမ်းကျင်ကာ သစ်ကိုင်း သစ်ရွက်များအကြားတွင် ဖျက်ကွယ်ယူ ပုန်းအောင်းမှုတွင် ကျွမ်းကျင်နေသူဖြစ်သည်။

တိမ်မီးခိုး ကိုယ်ပျောက်ပညာလေ့ကျင့်မှုတွင်လည်း အဲဆင့်ကုန် အပြည့်အဝ မဟုတ်သေးသည့်တိုင် အတော်လေးပင် အောင်မြင်မှု ရနေပေပြီ။

သစ်ရွက်စိမ်းဝတ်စုံကို အပေါ်မှဝတ်ကာ သစ်ရွက်စိမ်းဦးထုပ် ဆောင်းထားခြင်းမှာလည်း တိမ်မီးခိုး ကိုယ်ပျောက်ပညာ၏ နည်းပရိယာယ်တစ်မျိုးဖြစ်သည်။

သည်လိုအသွင်အပြင် ပရိယာယ်နည်းလမ်းမျိုးဖြင့် သစ်ပင်များအကြား လှုပ်ရှားသွားလာနေသော ကျန်းယိမင်းကို တွေ့နိုင်မြင်နိုင်ဖို့ အလွန်ပင်ခက်ခဲသည်။

ကျန်းယိမင်းသည် သစ်ကိုင်းသစ်ရွက်များအကြားတွင် ပတ်ဝန်းကျင်နှင့်ရောနှောကာ ကိုယ်ပျောက်နေသလိုမျိုးပင် ဖြစ်သည်။

မြွေစိမ်းဦးခေါင်းတောင်ကြော၏ အရှေ့ဘက်အစွန်ဆုံးနေ



ရာတွင် မြွေဆိုးတစ်ထောင်တောင်ကြားမှလူများ လျှို့ဝှက်စိုက်ပျိုးထားသည့် ဆေးပင်အဆိပ်ပင်စိုက်ခင်းရှိသည်။

ညနေပိုင်းနေဝင်ခါနီးစအချိန်များတွင် မြွေဆိုးတစ်ထောင်တောင်ကြားမှ သိုင်းသမားအချို့သည် ထိုဆေးပင်အဆိပ်ပင်စိုက်ခင်းဆီသို့ ရောက်လာကြကာ ဆေးပင်အဆိပ်ပင်များခူးခြင်း၊ ဆေးမြစ်အဆိပ်မြစ်များ တူးခြင်း၊ ဆေးပင်အဆိပ်ပင်များကို လိုအပ်သည့် ပြုစုပျိုးထောင်မှုများပြုခြင်းများ လုပ်လေ့ရှိသည်။

ယန်ကူက ဤအကြောင်းကို သိထားသည့်အတွက် တိမ်မီးခိုး ကိုယ်ပျောက်ပညာ လေ့ကျင့်သင်ကြားမှု အတော်အသင့်အောင်မြင်ပြီးသည့် အချိန်ကာစ၍ ကျန်းယိမင်းကို မြွေစိမ်းဦးခေါင်းတောင်ကြော အရှေ့ဘက်အစွန်းပိုင်းဆီသို့ တိတ်ဆိတ်လျှို့ဝှက်စွာ သွားရောက်ရန် စေလွှတ်ခဲ့သည်။

နေ့စဉ်နေ့တိုင်းတော့ မဟုတ်ပါ။

သုံးရက်တစ်ခါ၊ ငါးရက်တစ်ခါ ဆိုသလို စေလွှတ်သည်။

ဤသို့စေလွှတ်ခြင်းသည် ကျန်းယိမင်း လေ့ကျင့်နေသော တိမ်မီးခိုး ကိုယ်ပျောက်ပညာစွမ်းကို လက်တွေ့စမ်းသပ်ကြည့်ခြင်း ဖြစ်သလို မြွေဆိုးတစ်ထောင်တောင်ကြား၏အခြေအနေသတင်းများ

www.burmeseclassic.com

www.burmeseclassic.com



သိရအောင် စုံစမ်းခိုင်းခြင်းလည်း ဖြစ်သည်။

ဆေးပင်အဆိပ်ပင် စိုက်ပျိုးခင်းသို့ ရောက်လာကြသည့် လူများသည် လုပ်စရာရှိသည်များကိုလုပ်ရင်း စကားစမြည်လည်း ပြောဆိုကြပေရာ ထိုသို့ပြောဆိုနေသည့် စကားများမှနေ၍ ထူးခြားသည့်သတင်းများလည်း ကြားနိုင်သိနိုင်ပေသည်။

ကျွန်းယိမင်း ဤနေရာသို့ လာရောက်စူးစမ်းထောက်လှမ်းရသည်မှာ လေးကြိမ်ပင် ကျော်ခဲ့ပြီ။

ယခုအခေါက်သည် ငါးကြိမ်မြောက် လာရောက်ခြင်း ဖြစ်ပေသည်။

ဤနေရာအနီးဝန်းကျင်၏ တောတောင်ရေမြေသဘာဝ ဝန်းကျင်အနေအထားကိုလည်း ကျွန်းယိမင်း အတော်ပင် နှံ့စပ်ကျွမ်းကျင်နေပြီဟု ဆိုနိုင်သည်။

ထို့ကြောင့် ...

ကိုယ်ပျောက်လှုပ်ရှားရာတွင် ပို၍အဆင်ပြေကျွမ်းကျင်နေပေသည်။

+



မြေဆိုးတစ်ထောင်တောင်ကြား၏ ဆေးပင်အဆိပ်ပင် စိုက်ခင်းသည် တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်းရှိနေသည် မဟုတ်ပါ။

ပင်မစိုက်ခင်းတစ်ခုနှင့် အခုံစိုက်ကွက်ဟူ၍ ငါးနေရာခွဲခြား၍ထားသည်။

ပင်မစိုက်ခင်းသည် ပေနှစ်ဆယ်ပတ်လည်ခန့်ရှိသည်။

အခုံစိုက်ကွက်များကတော့ အရွယ်အစား အမျိုးမျိုးရှိကြသည်။

ပင်မစိုက်ခင်းလောက်တော့ ကျယ်ဝန်းခြင်းမရှိ။

ပင်မစိုက်ခင်း၏ထက်ဝက်သာသာခန့်မျှသာ အကျယ်အဝန်းရှိသည်။

ပင်မစိုက်ခင်းကို အလယ်ဗဟိုပြုကာ အခုံစိုက်ကွက်လေးခုတို့သည် ပင်မစိုက်ခင်း၏အရပ်လေးမျက်နှာတွင် တည်ရှိနေကြသည်။

ထိုစိုက်ခင်း စိုက်ကွက်တို့သည် တစ်ခုနှင့်တစ်ခု တစ်ဆက်တည်းတော့ မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အရံစိုက်ကွက်များသည် ပင်မစိုက်ခင်းနှင့်ပေနှစ်ရာ၊ နှစ်ရာ့ငါးဆယ်ခန့် အကွာအဝေးတို့တွင် ရှိကြသည်။

အပင်မြင့်ကြီးများကို ခုတ်လှဲ၍ စိုက်ခင်း စိုက်ကွက်များဖော်ထားသည်ဖြစ်ရာ တစ်ခုနှင့်တစ်ခုအကြားတွင် မြင့်မားသောသစ်ပင်ကြီးများက အတားအဆီးအကာအရံများသဖွယ် ရှိနေသည်။

ဤဆေးပင် အဆိပ်ပင် စိုက်ခင်းစိုက်ကွက်နေရာများသို့ မြေခွဆိုးတစ်ထောင်တောင်ကြားမှ သိုင်းသမားများသည် ညနေတိုင်း လာရောက်ကြသည်တော့ မဟုတ်ပါ။

သူတို့ရောက်လာချင်သည့်အခါများတွင်သာ ရောက်လာကြပေသည်။

တစ်ခုပဲရှိသည်။

သူတို့လာသည်ဆိုလျှင် ညနေပိုင်း နေဝင်ဖျိုးဖျအချိန်များတွင်သာ လာရောက်ကြမြဲဖြစ်သည်။

အခြား အချိန်များတွင်တော့ မလာကြပါ။

ကျန်းယိမင်း ဤစိုက်ခင်း စိုက်ကွက်နေရာများသို့ ယခင်လာရောက်ကြည့်ရှုစမ်းခဲ့သည့် အကြိမ်လေးကြိမ်တွင် နှစ်ကြိမ်သာလျှင် မြေခွဆိုးတစ်ထောင်တောင်ကြားမှ သိုင်းသမားတချို့ ရောက်



လာသည်ကို တွေ့ရသည်။

ထိုရောက်လာသူများ၏ ပြောစကားများကို နားထောင်ခြင်းဖြင့် ဘီလူးအဖွဲ့ချုပ်ကုလေးသည် ခြေထောက်တစ်ဖက် အနာတရဖြစ်လျက် မြေခွဆိုးတစ်ထောင်တောင်ကြားတွင် ရှိနေဆဲဖြစ်ကြောင်း၊ ယန်ကူ၊ ယန်ဂျာညီအစ်မ နှစ်ယောက်တို့ကို အမိအရ ရှာဖွေဖမ်းဆီးနိုင်ရေးအတွက် အပြင်းအထန်ဆော်ဩစေခိုင်းနေကြောင်း၊ လက်ရွေးစင်သိုင်းသမားအချို့ ရွေးချယ်ကာ သီးသန့်သိုင်းပညာများ လေ့ကျင့်ပေးနေကြောင်းနှင့် အဆိပ်လက်နက် အသစ်အဆန်းများ အပူတပြင်း လုပ်ဆောင်နေကြောင်း စသည့် သတင်းများကို သိခဲ့ရသည်။

ကျန်းယိမင်း၏တိမ်မီးခိုးကိုယ်ပျောက်ပညာလေ့ကျင့်မှု ပိုမိုတိုးတက်အောင်မြင် အဆင့်မြင့်လာလျှင် မြေခွဆိုးတစ်ထောင်တောင်ကြားထဲသို့ပင် တိတ်တဆိတ် ဝင်ရောက်စေလျက် ဘီလူးအဖွဲ့နှင့်ကုလေးတို့၏ လှုပ်ရှားလုပ်ဆောင်မှုသကင်းများ စုံစမ်းဖော်ထုတ်စေခြင်းဟု ယန်ကူက ကြံရွယ်၍ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



မြွေစိမ်းဦးခေါင်းတောင်ကြော၏အရှေ့ဘက် အစွန်းပိုင်းနေရာသို့ ကျန်းယိမင်း ရောက်ရှိလာသည်။

ကျန်းယိမင်းသည် ပို၍သတိထားကာ အသံနှင့်လှုပ်ရှားမှုများ မပေါ်ပေါက်ရအောင် ထိန်းသိမ်းလှုပ်ရှားသည်။

ပထမဆုံး ...

အရှေ့ဘက် အစုံစိုက်ကွက်ကို သွားကြည့်သည်။

ပြီးတော့ ...

တောင်ဘက် အစုံစိုက်ကွက်၊ အနောက်ဘက် အစုံစိုက်ကွက်၊ မြောက်ဘက် အစုံစိုက်ကွက်တို့ကို အစဉ်အတိုင်း ဆက်လက်စူးစမ်းကြည့်ရှုသည်။

အစုံစိုက်ကွက် လေးခုလုံးတွင် လူရိပ်လူယောင် မရှိ။

ထို့နောက် ...

ပင်မစိုက်ခင်းကို သွားရောက်ကြည့်ရှုပြန်သည်။ ပင်မစိုက်ခင်းသည်လည်း ပကတိတိတ်ဆိတ်လျက် ရှိသည်။

ကျန်းယိမင်းသည် ပင်မစိုက်ခင်း၏အရှေ့ဘက်သစ်ပင်အုပ်ထဲမှ အမြင့်မားဆုံးသော သစ်ပင်ကြီးထိပ်ဖျားသို့ တက်လိုက်သည်။



ဤသစ်ပင်ကြီးသည် ထိုနေရာအနီးတစ်ဝိုက်တွင်လည်း အမြင့်ဆုံးဖြစ်သည်။

ဤသစ်ပင်ကြီးထက်မှကြည့်လျှင် ပင်မစိုက်ခင်းနှင့်တကွ အစုံစိုက်ကွက် လေးကွက်စလုံးကို အထက်စီးမှနေ၍ ကောင်းစွာမြင်နိုင်သည်။

ထို့ကြောင့်လည်း ကျန်းယိမင်းက ထိုသစ်ပင်မြင့်ကြီးကို အဝေးကြည့် ကင်းမျှော်စင်သဘောမျိုး အသုံးချခဲ့သည်မှာ ဤနေရာသို့ ပထမအကြိမ် ရောက်လာခဲ့ကတည်းကပင် ဖြစ်ပေသည်။

ကျန်းယိမင်းသည် သစ်ပင်မြင့်ကြီး၏ ထိပ်ဆုံးအဖျားပိုင်းရှိ သစ်ကိုင်းထက်တွင်ထိုင်ကာ ဆေးပင်အဆိပ်ပင် စိုက်ခင်းစိုက်ကွက်များကို ကြည့်ရှု၍နေသည်။

လူရိပ်လူယောင် လှုပ်ရှားမှုမရှိ။

"ဒီညနေပိုင်းလည်း ဟိုလူတွေ ရောက်မလာကြပြန်ဖူးနဲ့တူတယ်"

ကျန်းယိမင်း၏စိတ်ထဲမှ တွေးမိသည်။

သို့သော် သူ့အနေဖြင့် နေဝင်ပြီး မှောင်ရိပ်သန်းလာသည့် အချိန်အထိ စောင့်ဆိုင်းကြည့်ရှုရမည်ဖြစ်သောကြောင့် သစ်ပင်မြင့်

www.burmeseclassic.com

www.burmeseclassic.com



ကြီးထက်တွင် ဆက်လက်၍ထိုင်ကာ စောင့်ကြည့်နေရသည်။

အချိန်တွေ တစ်စစကုန်လွန်သွားသည်။

နေဝန်းကြီးပင်လျှင် အနောက်ဘက် မိုးကုပ်စက်ဝိုင်းတွင် ခိုဝင်ပျောက်ကွယ်သွားပေပြီ။

နေဝန်းကြီး ဝင်သွားပြီဖြစ်သော်လည်း အလင်းရောင် လက်ကျန်များ ကျန်ရှိနေသေးရာ အမှောင်ထု ကြီးစိုးမလာသေး။

အလင်းရောင်ကွယ်ပျောက်၍ မှောင်ရိပ်သန်းလာသည် အထိ အချိန်အနည်းငယ်စောင့်ရပေဦးမည်။

ကျန်းယိမင်းသည် အခြေအနေ ထူးခြားမှု ရှိလိုရှိငြား ဆက်လက်၍စောင့်ကြည့်နေမိသည်။

အလင်းရောင် တစ်စစ အားပျော့လာသည်။ မှောင်ရီသန်းဖို့ အချိန်ပိုင်းမျှသာ လိုတော့သည်။

ကျန်းယိမင်းလည်း သစ်ပင်မြင့်ကြီး၏ ထိပ်ဖျားပိုင်းမှ ဆင်းသက်ရန် ကိုယ်ဟန်ပြင်လိုက်သည်။

ဤအချိန်မှာပင် ...

ထူးခြားသော လှုပ်ရှားမှုတစ်ခုကို ကျန်းယိမင်း တွေ့မြင်လိုက်ရသည်။



အရှေ့ဘက်အရံစိုက်ကွက်ဆီတွင် ဖြစ်သည်။

ထိုစိုက်ကွက်ကိုဖြတ်လျက် ပြေးသွားသော လူတစ်ယောက်၏ လှုပ်ရှားဟန်ကို ကျန်းယိမင်း ရိပ်ခနဲ တွေ့လိုက်ရသည်။

လှုပ်ရှားပုံ အတော်မြန်သည်။

လှုပ်ရှားဟန်ကလည်း သေသပ်သည်။

ကဝိမနော အတွင်းအား လေ့ကျင့်ရရှိထားပြီး တိမ်မီးခိုး ကွယ်ပျောက်ပညာလည်း တတ်မြောက်နေလေသော ကျန်းယိမင်း၏ မျက်လုံးအကြည့် စူးရှသည့်အပြင် ထိုသူသည် အဖြူရောင်ဝတ်စုံ ဝတ်ထားသည့်အတွက် စိမ်းစိုနေသော ပတ်ဝန်းကျင်နှင့်ရောထွေး ကွယ်ပျောက်နေမှု မရှိဘဲ ထင်းခနဲဖြစ်နေသောကြောင့်သာ လှုပ်ရှားမှုကို မြင်လိုက်ရခြင်း ဖြစ်ပေသည်။

သို့သော် ...

သဲသဲကွဲကွဲ ထင်ထင်ရှားရှားတော့ မရှိ။

လူရိပ်သဏ္ဌာန် လှုပ်ရှားမှုအဖြစ်သာ မြင်ရသည်။

ယောက်ျားလား၊ မိန်းမလား၊ လူကြီးလား၊ လူငယ်လားဆိုသည်ကိုတော့ သေချာစွာ မသိနိုင်ခဲ့ပါ။

မည်သို့ဆိုစေ ...

www.burmeseclassic.com

www.burmeseclassic.com



ထိုအရိပ်သဏ္ဍာန် လှုပ်ရှားမှုကိုတော့ ကျန်းယိမင်း အတော်ပင် စိတ်ဝင်စားသွားသည်။

မည်သူမည်ဝါဖြစ်ကြောင်း စူးစမ်းကြည့်လိုစိတ်များလည်း ပေါ်လာသည်။

အရိပ်သဏ္ဍာန်သည် အရှေ့ဘက်အရံစိုက်ကွက်ကို ဖြတ်ကျော်ကာ ထိုစိုက်ကွက်နှင့် ပင်မစိုက်ခင်းတို့အကြားတွင် အဆီးအတားသဖွယ် ရှိနေသော သစ်ပင်အုပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားခြင်း ဖြစ်သည်။

ဝင်ရောက်သွားမှုရှိလျှင် ပြန်ထွက်လာမှု ရှိရမည်ဟု ကျန်းယိမင်းက တွက်သည်။

ပြန်ထွက်အလာတွင် သေချာကျနစွာ မြင်တွေ့နိုင်အောင် အထူး သတိထားကာ စောင့်၍ကြည့်နေသည်။

✢

သိပ်ကြာကြာ မစောင့်လိုက်ရပါ။

ခဏအကြာတွင် သစ်ပင်အုပ်ထဲမှ လူရိပ်သဏ္ဍာန် တိုးထွက်



လာသည်။

ပင်မစိုက်ခင်းထဲသို့ ဝင်ရောက်သွားခြင်း ဖြစ်သည်။

ပြေးလွှားပုံကလည်း စောစောကလောက် လျင်မြန်မှု မရှိတော့။

ခြေလှမ်းသွက်သွက်နှင့် လျှောက်လှမ်းသွားသည့် အရှိန်အဟုန်လောက်သာ ရှိသည်။

သေသေချာချာ စောင့်ကြည့်နေသူ ကျန်းယိမင်းအနေဖြင့် ထိုလူရိပ်သဏ္ဍာန်ကို ကွဲကွဲပြားပြားပင် မြင်ရလေတော့သည်။

မိန်းမပျိုတစ်ယောက် ဖြစ်သည်။

ကျန်းယိမင်းနှင့် အသက်အရွယ် မတိမ်းမယိမ်း။

အဖြူရောင် ချည်ကြမ်းဝတ်စုံကို ဝတ်ဆင်ထားသည်။

ဝါးဖြင့် ပြုလုပ်ထားသော ပလိုင်းငယ်တစ်ခု လွယ်ထားသည်။

ဝတ်စားဆင်ယင်ထားပုံနှင့် အသွင်အပြင်ကတော့ ဟင်းရွက်ခူး၊ မျှစ်ချိုး၊ မှိုရှာထွက်လာသည့် ကျေးတောသူတစ်ယောက်၏ အသွင်မျိုး။

သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



စောစောက အရှေ့ဘက် အစုံစိုက်ကွက်ကို ဖြတ်သန်းပြေးလွှားသွားခဲ့သည်။

လျင်မြန်သွက်လက်လှသော ကိုယ်ဟန်လှုပ်ရှားမှုက သာမန်ကျေးတောသူတစ်ယောက် မဟုတ်နိုင်ကြောင်း ပြဆိုနေရာ ကျန်းယိမင်းသည် ထိုမိန်းမပျို၏လှုပ်ရှားမှုများကို စိတ်ဝင်စားစွာ ဆက်လက်ကြည့်ရှုနေသည်။

"ဒီမိန်းကလေးဟာ မြွေဆိုးတစ်ထောင် တောင်ကြားကတော့ ဟုတ်ပုံမရဘူး၊ မြွေဆိုးတစ်ထောင် တောင်ကြားက လူတွေဟာ ဒီနေရာဘက်ကို တစ်ယောက်တည်း မလာတတ်ကြဘူးလို့ ဒေါ်ဒေါ်ယန်ကူက ပြောထားတယ်လေ၊ ပြီးတော့ ငါကိုယ်တိုင် တွေ့ရတာကလည်း အနည်းဆုံး လေးငါးယောက်လောက်တော့ လာတတ်ကြတာပဲ၊ ဟောဒီ မိန်းကလေးက စိုက်ခင်းထဲမှာ ဟိုသွား ဒီလာ၊ ဟိုအပင်ကိုကြည့်လိုက်၊ ဒီအပင်ကိုကြည့်လိုက်နဲ့ ဆေးပင်ဆေးမြစ်တစ်ခုကို လိုက်ရှာနေသလိုမျိုးပဲ"

ချည်ကြမ်းဝတ်စုံဝတ် မိန်းမပျို၏လှုပ်ရှားမှုများကို လိုက်ကြည့်ရင်း ကျန်းယိမင်း စိတ်ထဲတွင် တွေးနေမိသည်။

မင်မဆေးစိုက်ခင်းထဲတွင် ဟိုဟိုဒီဒီ လှည့်သွားနေသော



မိန်းမပျိုသည် ဆေးပင်သုံးလေးပင်ခန့်ကို နှုတ်ယူကာ ပလိုင်းထဲသို့ ထည့်သည်။

ထို့နောက် လှစ်ခနဲ ပြေးထွက်သွားသည်။

သည်တစ်ခါတွင် ကျန်းယိမင်းက သည်အတိုင်း ကြည့်မနေတော့။

မျက်ခြည်ပြတ်လည်း မခံတော့။

မိန်းမပျို၏နောက်မှ ခြေရာခံကာ ထက်ကြပ်မကွာပင် လိုက်ပါသွားလေတော့သည်။

မိန်းမပျို၏ပြေးလွှားမှုအရှိန်သည် အတော်လေးကို မြန်သည်။

ကိုယ်ဖော့ပညာ အဆင့်မြင့်စွာ တတ်မြောက်ထားဟန်တူသည်။

သို့သော် ...

သစ်ပင်များ တစ်ပင်မှတစ်ပင် ကူးသန်းကာ လိုက်လာခဲ့သော ကျန်းယိမင်း၏မျက်စိ မြင်ကွင်းမှတော့ ပျောက်ကွယ်မသွားပါ။

ကျန်းယိမင်းသည် မိန်းမပျိုကို မျက်ခြည်ပြတ်မသွားအောင်

www.burmeseclassic.com

www.burmeseclassic.com



နောက်ယောင်ခံ လိုက်လာနိုင်ခဲ့သည်။

အနောက်ဘက် အရံစိုက်ကွက်သို့ရောက်သောအခါ မိန်းမပျိုသည် အပြေးကို ရပ်လိုက်သည်။

ကျန်းယိမင်းကလည်း လှုပ်ရှားမှုကို ရပ်လိုက်သည်။

စိုက်ကွက်၏အစပ်နားတွင်ရှိနေသော သစ်ပင်ကြီး၏ အတ္တိုင်းအရွက်များအကြားတွင် ပုန်းခို ကိုယ်ယောင်ဖျောက်လျက် မိန်းမပျို ဘာဆက်လုပ်လေဦးမည်နည်းဟု ကြည့်ရှုနေ၏။

ဤစိုက်ကွက်ထဲတွင် စိုက်ထားသည်များမှာ အဆိပ်ပင်များဖြစ်သည်ဟု ကျန်းယိမင်း သိထားသည်။

ထိုအဆိပ်ပင်များကို လာရောက်ခူးယူသည့် မြွေဆိုးတစ်ထောင် တောင်ကြားမှ သိုင်းသမားများပင်လျှင် အထူးသတိထားကာ သွားလာလှုပ်ရှားကြသည်ကို ကျန်းယိမင်း တွေ့ခဲ့မြင်ခဲ့ရသည်။

ယခု မိန်းမပျိုသည် အဆိပ်ပင် စိုက်ကွက်ထဲတွင် ရောက်နေသည့်တိုင် ခပ်ပေါ့ပေါ့ဆဆ အသွင်အပြင်ရှိနေလေရာ အဆိပ်ပင်များနှင့် ထိမိရှမိကာ အဆိပ်သင့်မည်ကို ကျန်းယိမင်း တွေးပူမိသည်။

မိန်းမပျိုလေးသည် အဆိပ်ပင်စိုက်ကွက်ထဲတွင် ဟိုဟိုသည်သည် လျှောက်လှမ်းသွားကာ အဆိပ်ပင်များကို တစ်ပင်ချင်း လိုက်



၍ကြည့်နေသည်။

တစ်စုံတစ်ခုကို ရှာဖွေရွေးချယ်နေသည့် အသွင်မျိုး။

ကျန်းယိမင်းသည် မိန်းမပျိုလေးကို သေသေချာချာပင် စူးစိုက်ကာ ကြည့်နေသည်။

ယခုမှပင် မိန်းမပျို၏ရုပ်သွင်ကို သေသေချာချာ ကြည့်မိသည်။

အတော်ပင် ချောမောသည်။

ထို့ပြင် ဘာကြောင့်မှန်းမသိ ... ကျန်းယိမင်း၏ရင်မှာလည်း ဗိုမောသလို ဖြစ်လာသည်။

လေက အရှေ့ဘက်မှ အနောက်ဘက်ဆီသို့ ခပ်ပြင်းပြင်း တစ်ချက်ဝှေ့ကာ တိုက်လိုက်သည်။

အလိုလိုနေရင်း ရင်ဗိုမောသလို ဖြစ်နေသော ကျန်းယိမင်းမှာ ကျောပြင်ကိုလေတိုး၍ အေးခနဲဖြစ်သွားသည့်အတွက် ကြက်သီးဝင် ထမိသည်။

မိန်းမပျိုကလည်း ကျန်းယိမင်း ပုန်းခိုနေသည့် သစ်ပင်ရှိရာသို့ ဖျတ်ခနဲ လှမ်းကြည့်သည်။

ကျန်းယိမင်းမှာလည်း မိန်းမပျိုကို ငေးမောကြည့်နေသည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရာ မိန်းမပျို၏မျက်ဝန်းများ အရောင်လက်ခနဲ တောက်သွားသည်ကိုပင် မြင်ရသည်။

မိန်းမပျို၏ ငယ်နုသောမျက်နှာလေး ပြေပြစ်လှပပုံကိုလည်း ပို၍ထင်ရှားပြည့်စုံစွာ မြင်ရသည်။

ဤသို့မြင်လိုက်ရသည့်မျက်နှာလေးသည် ကျန်းယိမင်း၏နှလုံးသားတွင် သေချာစွာ စွဲထင်သည်။

ချစ်ခြင်းအစ မျက်စိကဟု ဆိုရလေမည်လား။

ကျန်းယိမင်းမှာ အမည်ပင် မသိရသေးသော ထိုမိန်းမပျိုလေးကို စမြင်ရသည့်အချိန်မှာပင် အသည်းနှင့်အောင် စွဲလမ်းချစ်ခင်သွားခဲ့ရလေပြီ။

✣

မိန်းမပျိုလေးသည် အနီးဝန်းကျင်ကို လျင်မြန်စွာ မျက်စိကစားကာ အကဲခတ်ကြည့်ရှုသည်။

အရည်လဲ့နေသော မျက်ဝန်းများ ဟိုမှသည် ရွေ့လျားနေသည်မှာ အလွန်ကို ကြည့်လို့ကောင်းသည်။



မိန်းမပျိုလေးသည် အဆိပ်ပင်များကို ဆက်လက်ကြည့်ရှုနေပြန်သည်။

ထိုသို့ကြည့်ရင်း စိုက်ကွက်၏အရှေ့ဘက် အစပ်နားသို့ တစ်စစ ရောက်လာသည်။

ကျန်းယိမင်း ပုန်းခိုနေသော သစ်ပင်ကြီးမှ အဆိပ်ပင်စိုက်ကွက်၏အရှေ့ဘက် အစပ်နားတွင်ရှိသည်။

ထို့ကြောင့် မိန်းမပျိုလေးသည် ကျန်းယိမင်းရှိရာသို့ တဖြည်းဖြည်း လျှောက်လှမ်းချဉ်းကပ်လာသည့်သဘောမျိုးဖြစ်နေသည်။

မိန်းမပျိုလေးအပေါ် စွဲလမ်းချစ်ခင်နေမိပြီဖြစ်သည့် ကျန်းယိမင်းမှာ ရင်တထိတ်ထိတ် ခုန်နေလေပြီ။ စိတ်လှုပ်ရှားမှု ပိုများလာသည်။

ထို့ပြင် ချွေးစေးများလည်း အတော်များများ ထွက်၍လာသည်။

မိန်းမပျိုသည် ဒူးထောက်ကာ ထိုင်ချလိုက်ပြီး အဆိပ်ပင်တစ်ပင်၏ခြေရင်းကို တူးဆွသည်။

ထိုအဆိပ်ပင်၏ဥကို တူးဖော်ချိုးယူကာ ဖယောင်းရွက်တစ်ခုဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပ်တ်၍ ပလိုင်းထဲသို့ ထည့်သည်။

အဆိပ်ပင်၏ဥကို ချိုးယူလိုက်ချိန်တွင် စူးရှရွှန်လွန်းသော အဆိပ်နံ့ လှိုင်၍ ထွက်ပေါ်လာသည်။

သစ်ပင်ပေါ်ရှိ ကျွန်းယိမင်းပင်လျှင် အဆိပ်နံ့ တချို့တလေကို ရှူမိသည်။

လေက အရှေ့ဘက်မှ အနောက်ဘက်သို့ ခပ်ပြင်းပြင်းတစ်ချက်ဝှေ့ကာ တိုက်ခိုက်လိုက်ပြန်သည်။

မိန်းမပျို၏ကိုယ် ဆတ်ခနဲလှုပ်ရှားသွားသည်ကို ကျွန်းယိမင်း မြင်ရသည်။

မိန်းမပျိုသည် ဒူးထောက်ထိုင်နေရာမှ ဆတ်ခနဲ ခုန်ထ၏။

သူမ၏မျက်လုံးများက ကျွန်းယိမင်း ပုန်းအောင်းနေသည့် သစ်ပင်ရှိရာသို့ ဖျတ်ခနဲ လှမ်းကြည့်သည်။

မိန်းမပျို၏ မျက်နှာအမူအရာသည်လည်း စောစောကလို မဟုတ်တော့။

အနည်းငယ် တင်းမာခက်ထန်သယောင်ဖြစ်ကြောင်း ကျွန်းယိမင်း အကဲခတ်မိသည်။

ထို့ပြင် ...



မိန်းမပျို၏ အသွင်အပြင်သည် တိုက်ပွဲဝင်တော့မည့်အနေအထားမျိုး ရှိနေသောကြောင့် ကျွန်းယိမင်း အံ့ဩရပြန်သည်။

"ဟော ... သူက ဘယ်လို ဖြစ်သွားတာလဲ၊ ရန်သူရောက်လာ သို့များလား၊ ရန်သူက ဘယ်မှာလဲ ... အလို" •

ကျွန်းယိမင်း၏စိတ်ထဲတွင် တွေးတောနေဆဲမှာပင် မိန်းမပျိုသည် ညာဘက်လက်သို့ လှုပ်ရှားကာ လက်နက်ပုန်းတစ်ခု ပစ်လွှတ်လိုက်သည်။

လက်နက်ပုန်းတစ်ခု ကျွန်းယိမင်း ပုန်းခိုနေသည့် သစ်ပင်ကြီးရှိရာသို့ တန်းဝင်လာသည်။

ကျွန်းယိမင်း ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။

'ဒေါက်'

မိန်းမပျို ပစ်လွှတ်လိုက်သော လက်နက်ပုန်းသည် ကျွန်းယိမင်းနှင့် တစ်ပေသာသာခန့်အကွာရှိ သစ်ကိုင်းတစ်ခုတွင် ထိုးစိုက်မိသည်။

ကျွန်းယိမင်းက ထိုလက်နက်ပုန်းကို အမှတ်တမဲ့ လှမ်းကြည့်မိသည်။

"အလို ... နဂါးစွယ် လက်နက်ပုန်းပါလား"

www.burmeseclassic.com

www.burmeseclassic.com



ကျန်းယိမင်း၏စိတ်ထဲမှ ရေရွတ်လိုက်မိသည်။

သူသည် နဂါးအစွယ်လက်နက်ပုန်း ပစ်ခတ်မှုပညာကို သင်ကြားလေ့ကျင့်နေသည်မှာ အတော်ခရီးပေါက်ပြီဖြစ်သော်လည်း ...

နဂါးစွယ်လက်နက်ပုန်း အစစ်အမှန်ကိုတော့ မမြင်ဖူး မတွေ့ဖူးသေးပေ။

လေးထောင့်ချွန် သစ်သားများကိုသာ နဂါးစွယ်လက်နက်ပုန်းအဖြစ် အသုံးချကာ လေ့ကျင့်ခဲ့ရသည်။

ယန်ကူက ပုံဆွဲပြထားသောကြောင့် နဂါးစွယ်လက်နက်ပုန်း၏ ပုံပန်းသဏ္ဌာန် အနေအထားများကိုတော့ ကျန်းယိမင်း ကောင်းစွာသိရှိနေသည်။

နဂါးစွယ် လက်နက်ပုန်းအစစ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုပစ်ခတ်ခဲ့သော မိန်းမပျိုကို ကျန်းယိမင်း ပို၍ပင် စိတ်ဝင်စားသွားသည်။

မိန်းမပျိုသည် နဂါးစွယ်လက်နက်ပုန်းဖြင့် ပစ်ခတ်ပြီးသည်နှင့် လှစ်ခနဲပင် ပြေးထွက်သွားလေသည်။

ကျန်းယိမင်းလည်း သစ်ကိုင်းတွင်စိုက်ဝင်နေသော နဂါးစွယ်လက်နက်ပုန်းကို ဆွဲနုတ်ယူကာ မိန်းမပျို၏နောက်သို့ လိုက်၍သွား



ပြန်လေသည်။

မိန်းမပျိုလေး မည်သူမည်ဝါဖြစ်သည်ဆိုခြင်းကို သိလိုစိတ် အလွန်များပြားနေပေရာ ကျန်းယိမင်းသည် ဆက်လက်၍ ပုန်းလျှိုးကွယ်လျှိုး လုပ်မနေတော့။

မိန်းမပျိုကို အမီလိုက်သည်။

လိုက်၍မီသောအခါ သစ်ပင်ပေါ်မှနေ၍ မိန်းမပျို၏ရှေ့တည့်တည့်သို့ရောက်အောင် ခုန်ဆင်းလိုက်လေသည်။

မိန်းမပျိုနှင့် မျက်နှာချင်းဆိုင်မိပြီ။

✣

ထိုမိန်းမပျိုသည် ကျောင်းဝိယောင်ပင် ဖြစ်သည်။

ယန်ကျာ၏အတွင်းဒဏ်ကုသမှုအတွက် ဆေးပင်နှင့်အဆိပ်ဥများ လိုအပ်ရာ ထိုအရာများ စိုက်ပျိုးထားသည့် စိုက်ခင်း စိုက်ကွက်နေရာသို့သွားရန် လမ်းညွှန်ကို ကျောင်းဝိယောင်အား ပြောပြစေလွှတ်လိုက်သည်။

ကျောင်းဝိယောင်သည် မြေစိမ်းဦးခေါင်း တောင်ကြော

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်စွန်းရှိ စိုက်ခင်းစိုက်ကွက်များသို့ သွားရောက်ခဲ့သည်မှာ ယခုအကြိမ်သည် ဒုတိယအကြိမ်ဖြစ်သည်။

ပထမအကြိမ် သွားရောက်ခဲ့စဉ်က မြေဆိုးတစ်ထောင် တောင်ကြားမှ သိုင်းသမားများ ရောက်ရှိနေသည်ကို တွေ့ရသောကြောင့် အသာပုန်းလျှိုးနေကာ လာလမ်းအတိုင်း လှည့်ပြန်ခဲ့ရသည်။

ယခု ...

ဒုတိယအကြိမ်ရောက်ရှိခဲ့ရာ မြေဆိုးတစ်ထောင် တောင်ကြားမှ သိုင်းသမားများ ရှိနေသည်ကို မတွေ့ရသည့်အတွက် လိုအပ်သည့် ဆေးပင်များကို ခူးကာ အဆိပ်ဥတူးဖော်ယူစဉ် လေအဝေ့တွင် ထူးခြားသော အနံ့ရှူမိရာမှ အနီးအနားတွင် အခြားတစ်စုံတစ်ယောက်များ ရှိလေမည်လားဟု သံသယဖြစ်ကာ စူးစမ်းကြည့်ရှုခဲ့သည်။

ကျန်းယိမင်း၏မျက်ကွယ်ယူ ပုန်းအောင်းနေမှု သေသပ်ပိရိလှသောကြောင့် ကျောင်းဝိယောင်အနေဖြင့် ဘာကိုမျှ ထင်ထင်ရှားရှား တွေ့မြင်ခြင်းမရှိပါ။

သို့သော် ...

သံသယစိတ်ကတော့ အတော်များများ ရှိနေသည့်အတွက် နဂါးခွယ်လက်နက်ပုန်းတစ်ခုဖြင့် မှန်းဆကာ လှမ်းပစ်ခတ်ကြည့်ခဲ့သည်။

ဤသို့ ပစ်ခတ်ကြည့်သော်လည်း တစ်ဖက်မှ ဘာလှုပ်ရှားတုံ့ပြန်မှုမှ ပေါ်မလာသောအခါ မိမိ အလကားသက်သက် သံသယဖြစ်မိသည်ဟု မှတ်ယူကာ လိုချင်သည့် ဆေးပင်နှင့် အဆိပ်ဥများလည်း ရရှိပြီမို့ မိမိတို့ ပုန်းအောင်းနေထိုင်ရာ ဂလိုင်ခေါင်းလိုဏ်ဂူလေးသို့ ပြန်လာခဲ့သည်။

ကျန်းယိမင်း သစ်ပင်ပေါ်မှ ခုန်ချလာသည်ကို တွေ့သောအခါ ကျောင်းဝိယောင်မှာ တကယ်ပင် အံ့ဩထိတ်လန့်သွားရလေသည်။

ပထမတော့ သစ်ကိုင်းကြီးတစ်ခုပြတ်ကာ ပြုတ်ကျလာသည်လားဟု ကျောင်းဝိယောင် ထင်လိုက်မိသည်။

သစ်ရွက်များ ကိုယ်ပေါ်တွင် ကပ်၍ဝတ်ဆင်ကာ ပုံဖျက်ထားသော လူတစ်ယောက်ဖြစ်ကြောင်း သိရသည်နှင့် ကျောင်းဝိယောင်က ညာလက်ဝါးဖြင့် လှမ်း၍ ရိုက်ချလိုက်လေသည်။

ကျန်းယိမင်းသည် ကျောင်းဝိယောင်ကို တိုက်ခိုက်ရန် မစည်ရှယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မည်သူမည်ဝါဖြစ်ကြောင်း စူးစမ်းမေးမြန်းလိုသောကြောင့် ကိုယ်ယောင်ပြ ရင်ဆိုင်လိုက်ခြင်း ဖြစ်သည်။

ကျောင်းဝိယောင်က ရုတ်တရက် ခပ်ကြမ်းကြမ်းတိုက်ခိုက်လာသောအခါ ကျန်းယိမင်းလည်း မနေသာဘဲ ခုခံရှောင်တိမ်းရလေတော့သည်။

ကျန်းယိမင်းသည် ရင်ဆိုင်တိုက်ခိုက်မှု သိုင်းပညာဟူ၍ နဂါးလှိုင်းစီးသိုင်းကိုသာ တတ်မြောက်ထားသည်။

ထို့ကြောင့် ...

ကျောင်းဝိယောင်၏တိုက်ခိုက်မှုကို ခုခံရှောင်တိမ်းရာတွင် နဂါးလှိုင်းစီးသိုင်းကိုသာ အသုံးပြုသည်။

တစ်ဖက်လူက နဂါးလှိုင်းစီးသိုင်း သုံးစွဲသည်ကို တွေ့ရသောအခါ ကျောင်းဝိယောင် အံ့သြသွားရသည်။

ပထမပိုင်းတွင် မိမိရင်ဆိုင်ရသူသည် ရုပ်ဖျက်ကာ ကင်းပုန်းစောင့်နေသော မြွေဆိုးတစ်ထောင်သိုင်းသမား တစ်ယောက်ယောက်ဖြစ်မည်ဟု ကျောင်းဝိယောင်က ထင်မိသည်။

သို့သော် ...

နဂါးလှိုင်းစီးသိုင်းကို ရင်ဆိုင်ရသောအခါတွင်တော့ ကျောင်း



ဝိယောင်၏စိတ်ထဲတွင် ဇဝေဇဝါဖြစ်လာသည်။

ဘီလူးအဖွဲ့၏အဆက်အနွယ်များသည် နဂါးလှိုင်းစီးသိုင်း၊ နဂါးတောင်ဖြိုသိုင်း၊ နဂါးစွယ် လက်နက်ပုန်း ပစ်ခတ်မှုပညာများ တတ်မြောက်ခြင်း မရှိဟု ယန်ဂျာက ကျောင်းဝိယောင်အား ပြောပြထားဖူးသည်။

စောစောက ကျောင်းဝိယောင် ရိုက်ထုတ်လိုက်သည်မှာ နဂါးတောင်ဖြိုသိုင်းကွက်ဖြစ်သည်။

တစ်ဖက်လူ၏အခြေအနေကို စူးစမ်းကြည့်လိုသောကြောင့် ကျောင်းဝိယောင်သည် နဂါးတောင်ဖြိုသိုင်းကို ဆက်မသုံးတော့ဘဲ နဂါးလှိုင်းစီးသိုင်းကို ပြောင်းလဲအသုံးချ၍ တိုက်ခိုက်သည်။

ကျန်းယိမင်းက မိန်းမပျိုလေးနှင့် ရင်ဆိုင်တိုက်ခိုက်ခြင်း မပြုလိုပါ။

သို့သော် ...

စကားပင် မစရသေး။

ရင်ဆိုင်တွေ့မိသည်နှင့် မိန်းမပျိုက အတင်းဝင်တိုက်လာ၍ ကျန်းယိမင်းလည်း ခုခံရှောင်တိမ်းလိုက်ရသည်။

မိန်းမပျို၏တိုက်ခိုက်ချက်သည် အားအင်ပြင်းထန်ကာ

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းတမ်းလှသည်ကို အကဲခတ်မိသောအခါ ကျန်းယိမင်း စိတ်မကောင်းဖြစ်ရသည်။

ကျန်းယိမင်းသည် အမည်ပင်မသိရသေးသော ထိုမိန်းမပျိုလေးကို မြင်မြင်ချင်းပင် စွဲစွဲလမ်းလမ်း ချစ်နေမိပြီဖြစ်သည်။

မိမိ စွဲလမ်းချစ်ခင်နေမိသူက မိမိကို ကြမ်းတမ်းပြင်းထန်စွာ တိုက်ခိုက်လာသည့်အတွက် ကျန်းယိမင်း စိတ်မကောင်း။

ဒါက ပထမအချက်။

ပြင်းထန်ကြမ်းတမ်းသော တိုက်ချက် တိုက်ကွက်များကို လမ်းလွဲသိုင်းသမားဆိုးများသာ အသုံးပြုကြသည်ဟု ကျန်းယိမင်းက ထင်ထားသည်။

ဤမိန်းမပျိုလေးသည် လမ်းလွဲသိုင်းသမားဆိုး အဆက်အနွယ်တစ်ယောက်များ ဖြစ်နေလေမည်လားဟု အတွေးပေါက်ကာ စိတ်မကောင်းဖြစ်ရပြန်သည်။

ဒါက ဒုတိယအချက်။

ဤသို့သော အကြောင်းအချက်နှစ်ခုကြောင့် စိတ်မကောင်းဖြစ်နေရသော ကျန်းယိမင်းမှာ မိန်းမပျိုလေးက ဆက်လက်တိုက်ခိုက်ရာတွင် ပထမတစ်ကြိမ် တိုက်ခိုက်မှုလို ပြင်းထန်ကြမ်းတမ်းခြင်း



မရှိတော့ဘဲ ပျော့ပျောင်းညင်သာလှသည်ကို တွေ့ရတော့ စိတ်မကောင်းဖြစ်မှု အနည်းငယ် လျော့ပါးသည်။

တစ်ဖန် ...

မိန်းမပျိုလေး အသုံးပြုသည်မှာ နဂါးလှိုင်းစီးသိုင်း ဖြစ်နေကြောင်း အကဲခတ်မိသောအခါတွင်တော့ ကျန်းယိမင်း၏စိတ်ထဲတွင် သို့လော သို့လောနှင့် ဇဝေဇဝါဖြစ်၍လာသည်။

ကျန်းယိမင်းသည် မိန်းမပျိုလေးကို စူးစမ်းကြည့်သည့် အနေဖြင့် သူတတ်မြောက်ထားသော နဂါးလှိုင်းစီးသိုင်းကွက်များကို တစ်ကွက်ပြီးတစ်ကွက် အစဉ်လိုက်ထုတ်သုံးသည်။

တစ်ဖက်တွင် ...

ကျောင်းဝိယောင်ကလည်း မိမိရင်ဆိုင်နေရသူ၏ အနေအထားကို သိလိုသောကြောင့် မိမိတတ်မြောက်ထားသော နဂါးလှိုင်းစီးသိုင်းကွက်များကို တစ်ကွက်ပြီးတစ်ကွက် အစဉ်လိုက် သုံးစွဲကာ လှုပ်ရှားသည်။

ဤသို့ဖြင့် ...

ကျန်းယိမင်းနှင့်ကျောင်းဝိယောင်တို့နှစ်ယောက်မှာ တစ်ယောက်နှင့်တစ်ယောက် အသေအကျေရင်ဆိုင်တိုက်ခိုက်နေသည့်သ

www.burmeseclassic.com

www.burmeseclassic.com



ဘောမျိုး မဟုတ်တော့။

နဂါးလှိုင်းစီးသိုင်းပညာ၏ သိုင်းကွက်စွမ်းရည်များကို သူ့ထက်ငါ ပိုမို အစွမ်းထက်မြက်ကြောင်း သိသာနိုင်အောင် ထုတ်ဖော်ပြသသည့် သိုင်းပညာချင်း နှီးနှောဖလှယ်သည့်ပွဲ သဘောမျိုးဖြစ်သွားလေတော့သည်။

✣

ကျောင်းဝိယောင်သည် နဂါးလှိုင်းစီးသိုင်းကို ကဝိမနော သိုင်းသမားကြီး ကျိန်ချန်ချွန်ထံမှ သင်ကြားတတ်မြောက်ခဲ့ခြင်းဖြစ်သည်။

ကျိန်ချန်ချွန်သည် မိမိတတ်မြောက်ထားသမျှကို ဘာမျှ မခြွင်းမချန် အိတ်သွန်ဖာမှောက်ပင် ကျောင်းဝိယောင်အား လက်ထပ်သင်ပြပေးခဲ့သည်။

သိုင်းကွက် သဘောတရားများကို ပြောပြရုံမက လက်တွေ့ လေ့ကျင့်မှုများတွင်လည်း ကြပ်မတ်ပြုလုပ်ပေးခဲ့သည်။

ကျန်းယိမင်းကတော့ ယန်ကူ အလွတ်ကျက်မှတ်ထားသည့်



နဂါးလှိုင်းစီးသိုင်း၏သဘောတရား၊ လေ့ကျင့်ကွက် စသည်တို့ကို နားထောင်မှတ်သားပြီး ကိုယ့်ဘာသာကိုယ် လေ့ကျင့်ခဲ့ရခြင်းဖြစ်သည်။

ယန်ကူမှာ နဂါးလှိုင်းစီးသိုင်းနှင့်ပတ်သက်သည့် အချက်များကို အလွတ်အာဂုံသိနေသော်လည်း လက်တွေ့အသုံးချနိုင်စွမ်း ရှိသူမဟုတ်။

ကျန်းယိမင်း နဂါးလှိုင်းစီးသိုင်း လေ့ကျင့်ရာတွင်လည်း လိုအပ်ချက်များကို ဘေးမှကြည့်ရှုကာ ထောက်ပြပြောဆိုရုံသာ ပြုနိုင်ခဲ့သည်။

ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ လေ့ကျင့်ကစားပြမှုမျိုးတော့ မလုပ်နိုင်ခဲ့ပါ။

ကျောင်းဝိယောင်သည် နဂါးလှိုင်းစီးသိုင်းကို စာတွေ့ ရော၊ လက်တွေ့ပါ တတ်မြောက်သူထံမှ တပည့်ခံ သင်ယူခဲ့ရသည်ဟု ဆိုရမည်။

ကျန်းယိမင်းမှာမူ နဂါးလှိုင်းစီးသိုင်းကို စာတွေ့သဘောမျိုးသာ တတ်မြောက်သူ ပြောပြချက်များကို မိမိဘာသာ ကြိုးစားလေ့ကျင့်တတ်မြောက်ခဲ့သည်ဟု ပြောနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ သင်ကြားလေ့ကျင့်ခဲ့ရမှုချင်း မတူညီသောကြောင့် ကျောင်းဝိယောင်နှင့်ကျန်းယိမင်းတို့နှစ်ယောက်၏ နဂါးလှိုင်းစီးသိုင်း အသုံးပြုလှုပ်ရှား တိုက်ခိုက်ပုံများသည် တူမယောင်နှင့် ကွဲပြားခြားနားမှုများ ရှိနေခဲ့သည်။

ယန်ကူသည် ကဝိမနောသိုင်းကျမ်းကို ကိုယ်တိုင် ဖတ်ရှုကာ ထိုသိုင်းကျမ်းထဲတွင် ပါရှိသည့် အချက်အလက်အားလုံးကို တစ်ခုမှ မကြွင်းမကျန်စေဘဲ အလွတ်မှတ်မိ သိရှိနေခဲ့သည်။

ယန်ကူက ကျန်းယိမင်းကို ပြောဆိုသင်ပြပေးခဲ့သော နဂါးလှိုင်းစီးသိုင်းသည် အခြေခံသဘောတရား သိုင်းကွက်သိုင်းဟန် လှုပ်ရှားမှု၊ တိုက်ခိုက်မှု ပရိယာယ်အစစအရာရာတွင် ကဝိမနောသိုင်းကျမ်းတွင် ပါရှိသည့်အတိုင်း အပိုအလိုမရှိ အလုံးစုံ တိတိကျကျပင် ဖြစ်သည်။

ကျိန်ချန်ချွန်မှာ ...

မူလက မိစ္ဆာမနောသိုင်းသမားတစ်ယောက်ဖြစ်ကာ နောက်ပိုင်းတွင် အမြင်မှန်ရပြီး ကဝိမနောနန်းသို့ ခိုဝင်ကာ ကဝိမနောသိုင်းသမားအဖြစ်သို့ ပြောင်းလဲသောအခါတွင်မှ ကဝိမနောသိုင်းပညာအချို့ကို သင်ကြားလေ့ကျင့်ခဲ့ရသူဖြစ်သည်။



ကဝိမနောသိုင်းကျမ်းကို ကိုယ်တိုင်ကိုယ်ကျ ဖတ်ရှုခြင်းလည်း မရှိ။

ကျိန်ချန်ချွန်က ကျောင်းဝိယောင်ကို သင်ပြပေးသော နဂါးလှိုင်းစီးသိုင်းသည် ကဝိမနော သိုင်းကျမ်းထဲတွင် ပါရှိသည့်အတိုင်း အပိုအလိုမရှိ အလုံးစုံ တိတိကျကျ မဟုတ်ပေ။

ကျိန်ချန်ချွန် လက်တွေ့အသုံးချရာမှ တွေ့သိရသော လက်တွေ့ လှုပ်ရှားကွက်များကို ဖြည့်စွက်ထားသည်။

အခြေခံသဘောတရားနှင့် မူလသိုင်းဟန်များတွင် လိုအပ်ချက်ကလေးများ ရှိနေသည်။

အလွယ်ဆုံး ပြောရမည်ဆိုလျှင် ကျန်းယိမင်း၏နဂါးလှိုင်းစီးသိုင်းသည် အခြေခံသဘောတရားနှင့် မူလသိုင်းဟန်များအားလုံး တိကျပြည့်စုံသည်။

လက်တွေ့ နည်းပရိယာယ်၊ တိုက်ကွက် အပြောင်းအလဲပိုင်းတွင်တော့ ဆန်းသစ်ခြင်း မရှိ။

ရိုးစင်းသည်။

အကွက် အပြောင်းအလဲ နည်းသည်။

ကျောင်းဝိယောင်၏ နဂါးလှိုင်းစီးသိုင်းမှာမူ အခြေခံ သ

www.burmeseclassic.com

www.burmeseclassic.com



ဘောတရားနှင့် မူလသိုင်းဟန်များ တိကျပြည့်စုံခြင်း မရှိ။

လိုအပ်ချက် အနည်းအကျဉ်းနှင့် လစ်ဟာချက်အချို့ ရှိနေသည်။

သို့သော် ...

လက်တွေ့နည်းပရိယာယ်၊ တိုက်ကွက် အပြောင်းအလဲပိုင်းတွင်တော့ အလွန်ပင် ဆန်းပြားသည်။

ရှုပ်ထွေးသည်။

အကွက်အပြောင်းအလဲ များပြားသည်။

တစ်နည်းဆိုရသော် ကျောင်းဝိယောင်၏နဂါးလှိုင်းစီးသိုင်းကွက်တွင် အားနည်းချက်များ ကျန်းယိမင်း၏နဂါးလှိုင်းစီးသိုင်းကွက်တွင် အပြည့်အဝရှိနေပြီး ကျန်းယိမင်းထံတွင် လိုအပ်နေသည့်အချက်များ ကျောင်းဝိယောင်တွင် ကြွယ်ဝစွာ ရှိနေပေသည်။

ကျောင်းဝိယောင်နှင့် ကျန်းယိမင်းတို့သည် အပြန်အလှန်တိုက်ခိုက်နေကြရင်း တစ်ဦး၏အားသာချက်များ လိုအပ်ချက်များကိုတစ်ဦးက တွေ့မြင်၍လာကြသည်။

ဤသို့ ...

သိုင်းပညာ နီးနှောဖလှယ်သလိုမျိုး အပြန်အလှန်ယှဉ်ပြိုင်



တိုက်ခိုက်နေရာမှ တစ်ယောက်အပေါ်တစ်ယောက် ရင်းနှီးသည့်စိတ်များလည်း ဆက်နွယ်ပေါ်ပေါက်၍လာလေသည်။

မိမိတတ်သိထားသမျှကို တစ်ဖက်သား သိရှိရလေအောင် ထုတ်ဖော်ပြသလိုစိတ်များနှင့် တစ်ဖက်သား၏ သိုင်းကွက်သိုင်းဟန်ဟူသမျှကိုလည်း စူးစမ်းသိလိုသောဆန္ဒများလည်း နှစ်ယောက်လုံးတွင် ဖြစ်ပေါ်၍ လာလေသည်။

ထို့ကြောင့် ကျောင်းဝိယောင်နှင့် ကျန်းယိမင်းတို့သည် နဂါးလှိုင်းစီး သိုင်းပညာစွမ်း ပြိုင်ဆိုင်မှုကို အလွန်ပင် စိတ်ဝင်စားအာရုံစူးစိုက်နေကြလေရာ ပတ်ဝန်းကျင်ကိုပင် အလေးတယူမလုပ်နိုင်တော့။

သူတို့နှစ်ယောက် အပြန်အလှန်သိုင်းပညာ နီးနှောဖလှယ်ကာ ယှဉ်ပြိုင်တိုက်ခိုက်နေကြသည်များကို ချောင်းမြောင်းကြည့်နေသူတစ်ယောက်က ရှိနေသည်။

ထိုသူသည် သက်လတ်ပိုင်းအရွယ် အမျိုးသမီးကြီးတစ်ယောက်ဖြစ်သည်။

အစိမ်းရောင်ဝတ်စုံကို ဝတ်ထားသည်။

ခြေထောက်တစ်ဖက် ပြတ်လျက် ချိုင်းထောက်တောင်ဝှေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ထော်ကက်ကူအားပြုထားရသည်။

ထိုအမျိုးသမီးကြီးသည် အခြားသူမဟုတ်။

ဘီလူးဝိုဏ်းချုပ်ကြီး ကုလေးပင် ဖြစ်ပေတော့သည်။

+ + +



## အခန်း (၇)

ကျောင်းဝိယောင်နှင့် ကျန်းယိမင်းတို့နှစ်ယောက် အပြန်အလှန် သိုင်းပညာ နှီးနှောဖလှယ်ကာ ယှဉ်ပြိုင်တိုက်ခိုက်နေမှုကို ဘီလူးဝိုဏ်းချုပ်ကြီး ကုလေးက ချောင်းမြောင်းကာ ကြည့်ရှု၍နေသည်။

ကုလေးသည် အစိမ်းရောင်ဝတ်စုံကို ဝတ်ထားသည်။ ဘယ်ဘက်ခြေထောက် ပြတ်နေရာ ချိုင်းထောက် တောင်ဝှေးတစ်ခုကို ထောက်ကူအားထားရသည်။

တကယ်တော့ ဤနေရာသို့ ကုလေး ရောက်ရှိလာခဲ့ခြင်းသည် အကြောင်းတိုက်ဆိုင် ဖန်တီးမှုကြောင့်ဟု ဆိုရမည်။

ကုလေးသည် ယန်ဂျာနှင့် ယန်ကူ ညီအစ်မနှစ်ယောက်အပေါ် မူလကပင် အငြိုးအတေး အတော်ကြီးကြီးမားမား ရှိနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ဂျာကို အမိအရ ဖမ်းနိုင်လုဆဲဆဲတွင် သွေးနီမြွေဆိုး အပေါက်ခံရပြီး အဆိပ်မတက်စေရန် ဘယ်ခြေထောက်ကို ဖြတ်ပစ်ခဲ့ရသည့် အချိန်တွင်မှ ဤအငြိုးအတေးသည် ပိုမိုကြီးမားလာသည်။

ဘီလူးဂိုဏ်း၏ ပင်မ အခြေစိုက်ရာနေရာဖြစ်သော မြွေသိုက်စခန်းသို့ပင် မပြန်။

စခန်းထောက်တစ်ခုဖြစ်သည့် မြွေဆိုးတစ်ကောင် တောင်ကြား ရွာကြီးတွင်သာ ဆက်လက်နေထိုင်ကာ ယန်ဂျာတို့၏ သတင်းကို မရမက စုံစမ်းခြေရာခံနေခဲ့သည်။

ခြေထောက်ပြတ်သွားသည့် ဒဏ်ရာပျောက်ကင်းသွားအောင် ဆေးဝါးကုသပြီးခဲ့ပြီ ဖြစ်သည်။ ချိုင်းထောက် တောင်ဝှေးကို အားပြုကာ သွက်လက်မြန်ဆန်စွာ သွားလာလှုပ်ရှားနိုင်စွမ်းလည်း ရှိနေပေပြီ။

ခြေထောက်တစ်ဖက် ပြတ်နေမှုကြောင့် သိုင်းကွက်လှုပ်ရှားတိုက်ခိုက်မှုများတွင်တော့ အင်အားယုတ်လျော့ ထိခိုက်မှု ရှိနေသည်။

ထို့ကြောင့် မြွေဆိုးတစ်ထောင် တောင်ကြားရွာကြီးတွင် နေထိုင်ရင်း ဘယ်ခြေထောက်ပြတ်နေသည့် နေရာတွင် ချိုင်းထောက်တောင်ဝှေးကို အစားထိုးအသုံးချကာ သိုင်းကွက်များ လှုပ်ရှား တိုက်



ခိုက်နိုင်စွမ်းရှိအောင် ကျိတ်၍လေ့ကျင့်နေခဲ့သည်။

ဤအခြေအနေများကြောင့် ကုလေးသည် ရွာကြီး၏ အပြင်ဘက်သို့ ထွက်ခဲ့သည်။

မြွေဆိုးတစ်ကောင် ရွာကြီးပရဝဏ်အတွင်း၌ပင်လျှင် ဟိုဟိုသည်သည် သိပ်သွားလာခြင်း မရှိ။ မိမိ၏ သီးသန့်နေရာ အဆောင်ထဲတွင်သာ အနေများသည်။

ယန်ဂျာ ယန်ကူ ညီအစ်မနှစ်ဖော်တို့ကို လိုက်လံရှာဖွေ ချေမှုန်း သုတ်သင်ရာတွင် အဓိက အင်အားအဖြစ် အသုံးပြုရန် ရည်ရွယ်၍ အထူး လက်ရွေးစင် လူသတ်သိုင်းသမားများ လေ့ကျင့်ပေးမှုကိုလည်း ထိုသီးသန့် အဆောင်ထဲတွင်ပင် ပြုလုပ်နေခဲ့သည်။

ယနေ့ညနေတွင်မူ တီထွင်ထားသော အဆိပ်လက်နက် အသစ်တစ်ခုတွင် သွင်းထားသည့် အဆိပ်၏အာနိသင်စွမ်းအင်ကို ပိုမိုပြင်းထန်အောင် မြှင့်တင်ပြုပြင်ပေးလိုသည့် စိတ်ကူးပေါ်ပေါက်လာသောကြောင့် လိုအပ်သည့် ဆေးနှင့်အဆိပ်ပင်များ ရနိုင်မှု ရှိမရှိ စူးစမ်းကြည့်ရန် ဆေးပင်နှင့် အဆိပ်ပင် စိုက်ခင်းစိုက်ကွက်များ ရှိရာဘက်သို့ ကုလေး ထွက်လာခဲ့သည်။

ဤသို့ ထွက်အလာတွင် အတွင်းအားကောင်းမွန်ပြီး သော

www.burmeseclassic.com

www.burmeseclassic.com



တာအာရုံ ထက်မြက်သည့် ထိပ်တန်းသိုင်းပညာရှင်ကြီးတစ်ယောက်ဖြစ်သည့်အားလျော်စွာ ကျောင်းပိယောင်နှင့် ကျန်းယိမင်းတို့၏ တိုက်ခိုက်သံများကို အဝေးမှပင် ကြားခဲ့သည်။

ကုလေးသည် အသေးအဖွဲ တိုက်ခိုက်မှုများကို စိတ်ဝင်စားသူ မဟုတ်ပေ။

ထို့ပြင် ဤနေရာသည် မြွေဆိုးတစ်ထောင် တောင်ကြား၏ ပိုင်နက်ဖြစ်ပေရာ ဤနေရာတွင် ပေါ်ပေါက်သည့် တိုက်ခိုက်မှုများသည် မြွေဆိုးတစ်ထောင်တောင်ကြားမှ သိုင်းသမားများနှင့်သာ သက်ဆိုင်ပတ်သက်သည်ဟုလည်း ကုလေးက ယူဆထားသည်။

ထို့ကြောင့် တိုက်ခိုက်သံများ စတင်ကြားမိခါစက ဘာမျှ အရေးတယူ မလုပ်ခဲ့။ ကိုယ်သွားရမည့်လမ်းကိုသာ ဆက်၍ သွားနေခဲ့သည်။

သေသေချာချာ နားစိုက်ထောင်နေခြင်း မဟုတ်သော်လည်း တိုက်ခိုက်သံများကိုတော့ ကုလေး ဆက်လက်၍ ကြားနေခဲ့သည်။

ဤသို့ဖြင့် မကြာခင်မှာပင် တိုက်ခိုက်သံများ၏ ထူးခြားချက်ကို ကလေး အကဲခတ် သိမြင်လာသည်။

အသေအကျေ တိုက်ခိုက်နေကြခြင်း မဟုတ်။ သို့သော်



အတော်လေးတော့ အကြိတ်အနယ် ရှိသည်။

ထို့ပြင် ကုလေးကို အထူးစိတ်ဝင်စားသွားစေသည်မှာ တိုက်ခိုက်လှုပ် ရှားသံတို့မှာ ယန်ဂျာ၏ သိုင်းဟန်လှုပ်ရှားမှုများမှ ပေါ်ထွက်လာသည့် အသံများနှင့် တစ်ချက်တစ်ချက်တွင် တူသလိုလို ရှိနေခြင်းပင်။

စိတ်ဝင်စားမှု ရှိလာသောကြောင့် ကုလေးသည် တိုက်ခိုက်သံများ ပေါ်ပေါက်ရာဘက်သို့ ဦးတည်ကာ ခပ်သုတ်သုတ် လာခဲ့သည်။

ကုလေးသည် ခြေထောက်တစ်ဖက် ပြတ်နေ၍ ချိုင်းထောက် တောင်ဝှေးကို အားပြုလျက် လျှောက်လှမ်းသွားရသည့်တိုင် ခြေလှမ်းသွက်လက်ကာ လှုပ်ရှားပုံမြန်သည်။

ထို့ပြင် ခြေသံမကြားအောင်လည်း အသံလုံလုံဖြင့် လှုပ်ရှားနိုင်သည်။

အပြန်အလှန် သိုင်းပညာနှီးနှောဖလှယ်ကာ ရင်ဆိုင်တိုက်ခိုက်နေသည့် တိုက်ပွဲတွင် အပြည့်အဝ စိတ်အာရုံ နှစ်မြှုပ်ထားကြသော ကျောင်းပိယောင်နှင့် ကျန်းယိမင်းတို့ နှစ်ယောက်ကတော့ ကုလေးရောက်ရှိနေသည်ကို မသိကြပေ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် အတွေ့အကြုံလည်း အလွန်ပင် နနယ်ကြသေးသည်။

အတွေ့အကြုံရင့်ကျက်သော သိုင်းသမားများဆိုလျှင် ယှဉ်ပြိုင်တိုက်ခိုက်မှုမျိုး စိတ်ဝင်တစားနှင့် အချိန်ကြာမြင့်စွာ ပြုလုပ်မည် မဟုတ်ပါ။

ဤလုပ်ရပ်မျိုးသည် အန္တရာယ်ကို လက်ကမ်းဖိတ်ခေါ်သည်နှင့် အတူတူပင် မဟုတ်ပါလား။

+

တိုက်ခိုက်မှုများကို မျက်မြင်တွေ့ရသောအခါ ကုလေး ပို၍ စိတ်ဝင်တစားရှိလာသည်။

တိုက်ခိုက်နေကြသူနှစ်ယောက်မှာ အသက် ဆယ့်ခုနစ်နှစ် ဆယ့်ရှစ်နှစ်အရွယ် လုလင်ပျိုနှင့် မိန်းမပျိုတို့ ဖြစ်သည်။

မိန်းမပျိုက အဖြူရောင်ဝတ်စုံ ဝတ်ထားသည်။

လုလင်ပျိုမှာမူ သစ်ရွက်ဝတ်စုံကို အပေါ်မှ ထပ်ဝတ်ထားသောကြောင့် ဘာအဝတ်အစားတွေ ဝတ်ထားကြောင်း အတိအကျ



မပြောနိုင်။

ပုန်းလျှိုးကွယ်လျှိုး လှုပ်ရှားလုပ်ဆောင်နေသူတစ်ယောက် ဖြစ်မည်ဟူ၍သာ အကဲခတ်ရသည်။

သူတို့နှစ်ယောက် အသုံးချသော သိုင်းကွက်များက အဆင့်မြင့်သည်။

သိုင်းဟန်လှုပ်ရှားမှုများ မြန်ဆန်သွက်လက်သည်။

သို့သော် ကုလေး၏မျက်စိအမြင်တွင်မူ လုလင်ပျိုရော မိန်းမပျိုပါ သိုင်းသမားတွေရဲ့ဟန်ပတ်မျိုး မရှိကြကြောင်းကိုလည်း အကဲခတ်မိသည်။

သူတို့နှစ်ယောက် အသုံးပြုတိုက်ခိုက်နေကြသည့် သိုင်းကွက်သိုင်းဟန်လှုပ်ရှားမှုတို့ကမူ ယန်ဂျာ၏သိုင်းဟန်များနှင့် အတော်ကိုတူနေရာ ကုလေးပို၍ စိတ်ဝင်စားလာသည်။

"ဒီကောင်လေးနဲ့ ကောင်မလေးက ဘယ်သူတွေလဲ၊ ယန်ဂျာတို့နဲ့ ပတ်သက်ဆက်နွယ်နေကြတဲ့ လူတွေလား၊ ဘယ်လိုအကြောင်းကြောင့် ဒီလိုနေရာမျိုးမှာလာပြီး သိုင်းလေ့ကျင့်နေကြရတာလဲ"

ကုလေး၏စိတ်ထဲတွင် တွေးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုကို မြင်ဖူးသလိုလိုရှိသောကြောင့် သေသေချာချာပင် စူးစိုက်ကြည့်သည်။

ဤအခါတွင်မှ ယန်ကျာနှင့်အတူ ရှိနေခဲ့ပြီး မိမိကို သွေးနီ မြွေဆိုးနှင့် ပစ်ပေါက်တိုက်ခိုက်ခဲ့သူဖြစ်ကြောင်း ကုလေး မှတ်မိသိရှိသွားသည်။

အစပိုင်းတွင် ကုလေးသည် သိုင်းကွက်သိုင်းဟန် လှုပ်ရှားမှုများကိုသာ အာရုံစိုက်ကာ စိတ်ဝင်တစား ကြည့်ရှုနေသောကြောင့် တိုက်ခိုက်နေကြသူနှစ်ယောက်၏ ရုပ်ရည်သွင်ပြင်ကို သေသေချာချာ မကြည့်ခဲ့မိပေ။

ယခုမှသာ သေသေချာချာ ကြည့်ရှုမိသည်။

မိန်းမပျိုလေး မည်သူမည်ဝါဖြစ်ကြောင်း သိသည်နှင့် ကုလေး၏ ဒေါသစိတ်များ ထောင်းခနဲထသည်။

ယခု ချက်ချင်းပင် ပြေးဝင်သွားပြီး မိန်းမပျိုလေးကို စိစိညက်ညက်ကြေအောင် တိုက်ခိုက်ချေမှုန်းပစ်မည်ဟုပင် ဟန်ပြင်လိုက်သေးသည်။

သို့သော် စိတ်ကူးတစ်ခု ခေါင်းထဲ ဖျတ်ခနဲ ဝင်လာသောကြောင့် ကုလေးသည် လှမ်းတော့မည့်ခြေလှမ်းကို ချက်ချင်းပင် ဆိုင်း



ထားလိုက်သည်။

"ဒီကောင်မလေးဟာ ယန်ကျာနဲ့ အဆက်အစပ် ရှိကိုရှိဦးမှာပဲ၊ ယန်ကျာနဲ့အတူတူနေတာတောင် ဖြစ်နိုင်တယ်၊ သူ့နောက်က အသာ နောက်ယောင်ခံလိုက်သွားရင် ယန်ကျာရှိနေတဲ့နေရာကို ရောက်ချင်ရောက်နိုင်တယ်၊ ဒါမှမဟုတ် ဒီကောင်မလေးကို အမိဖမ်းပြီး စစ်မေးကြည့်ရင်လည်း ယန်ကျာနဲ့ ပတ်သက်တဲ့ သတင်းတွေ ရနိုင်တယ်၊ ဒီကောင်မလေးကို သတ်ပစ်ဖို့က ဘာမှ မခက်ပါဘူး၊ ငါ သိချင်တာတွေ သိပြီးမှ သုတ်သင်ပစ်လည်း ဖြစ်တာပဲ"

ကုလေး၏ခေါင်းထဲတွင် ဤသို့ စိတ်ကူးရလာသည်။

ထို့ကြောင့် ကုလေးသည် စိတ်လိုက်မာန်ပါ မလုပ်တော့။

ထွက်မတိုက်ခိုက်တော့ဘဲ အသာပင် ဆက်လက်ပုန်းအောင်းကာ အခြေအနေကိုသာ စောင့်ဆိုင်းအကဲခတ်ကြည့်ရှု၍ နေသည်။

အမှန်စင်စစ် ကုလေးသည် ယခုလို စိတ်ရှည်လက်ရှည်စောင့်ဆိုင်းကြည့်ရှုရသည့် အလုပ်မျိုးကို လုပ်လိုသူမဟုတ်ပါ။

စိတ်မြန်ကိုယ်မြန်နှင့် ဟောဟောဒိုင်းဒိုင်းသာ လုပ်လေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



စုပ်စမြုပ်စ ပျောက်နေသော ယန်ဂျာ၊ ယန်ကူ ညီအစ်မ နှစ်ယောက်နှင့် ပတ်သက်၍ သတင်းအစအန ရနိုင်စရာ အကြောင်းတွေ ရှိနေသောကြောင့် အောင့်အည်းသည်းခံကာ စောင့်ကြည့်နေခြင်း ဖြစ်သည်။

ကျောင်းပိယောင်နှင့် ကျန်းယိမင်းတို့ နှစ်ယောက်ကတော့ သူတို့၏ ရန်သူကြီး ရောက်ရှိနေသည်ကို မသိကြပါ။

အပြန်အလှန် သိုင်းပညာနှီးနှောဖလှယ်ကာ ရင်ဆိုင်ယှဉ်ပြိုင်မှုကိုသာ စိတ်ဝင်စားစွာ ဆက်လက်ပြုလုပ်နေကြသည်။

✢

ကျောင်းပိယောင်နှင့် ကျန်းယိမင်းတို့နှစ်ယောက် ရင်ဆိုင်ယှဉ်ပြိုင်မှုကို စိတ်ဝင်စားစွာ ဆက်လက်ပြုလုပ်နေကြသည်။

သူတို့တတ်မြောက်ထားသမျှသော နဂါးလှိုင်းစီး သိုင်းပညာအားလုံး အိတ်သွန်ဖာမှောက် အကုန်အစင် အသုံးပြုပြီးသွားသည်။

ဤအခါတွင် သူတို့နှစ်ယောက် တိုက်ခိုက်နေမှုမှာလည်း အလိုအလျောက်ပင် ရပ်တန့်ပြီးဆုံးသွားရလေတော့သည်။



လောင်ကျွမ်းစရာ လောင်စာကုန်ခမ်းသွားသည့်အခါ အလိုအလျောက် ငြိမ်းသေသွားဘိသကဲ့သို့ ထုတ်သုံးတိုက်ခိုက်စရာ သိုင်းကွက်သိုင်းဟန်များ မရှိတော့သည့်အတွက် ရင်ဆိုင်ယှဉ်ပြိုင်တိုက်ခိုက်မှုသည်လည်း သဘာဝအတိုင်း နိဂုံးချုပ်သွားခဲ့ခြင်း ဖြစ်ပေသည်။

ဤရင်ဆိုင်ယှဉ်ပြိုင်မှုသည် သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးသည့်သဘော သက်ရောက်နေပေရာ ယှဉ်ပြိုင်မှုနိဂုံးချုပ်သွားသောအခါ တစ်ယောက်ကိုတစ်ယောက် ရင်းနှီးခင်မင်မှု အခြေခိုင်မာသွားပေတော့သည်။

"ကျွန်တော့်နာမည် ကျန်းယိမင်းလို့ခေါ်တယ်၊ ခင်ဗျားနာမည်ကရော ဘယ်လိုလဲ"

ရင်ဆိုင်ယှဉ်ပြိုင်မှု နိဂုံးချုပ်သွားသောအခါ ကျန်းယိမင်းက စကားဆိုသည်။

"ကျွန်မက ကျောင်းပိယောင်ပါ"

ကျောင်းပိယောင်ကလည်း မိမိ၏အမည်ကို ပြောပြသည်။ သူတို့နှစ်ယောက် ရင်းနှီးခင်မင်ကြပုံကလည်း တစ်မျိုးဆန်းသည်ဟု ဆိုနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပေါ်တစ်ယောက် နားလည်မှုရှိကာ ခင်မင်သည့်စိတ်များ အပြန်အလှန်ပေါ်ပေါက်ပြီးမှသာ တစ်ဦးကိုတစ်ဦး အမည်များပြောပြကာ မိတ်ဆက်စကားဆိုကြရ၏။

"ခင်ဗျားက ဘယ်အဖွဲ့ကလဲ၊ နဂါးလှိုင်းစီးသိုင်းကို ဘယ်လိုတတ်မြောက်နေတာလဲ"

ကျန်းယီမင်းက မေးသည်။

"ခစ် ခစ် ... ရယ်စရာတော့ ကောင်းနေပြီ၊ ကျွန်မကလည်း ဒီမေးခွန်းမျိုး မေးမလို့ပဲရှင့်၊ ရှင့်ကို ဘယ်သူက နဂါးလှိုင်းစီးသိုင်း သင်ပေးတာလဲ၊ ရှင်က ဘယ်အဖွဲ့ကလဲ"

ကျောင်းပိယောင်က ပြန်ပြောသည်။

ပြီးတော့ နှစ်ယောက်သား သဘောကျစွာ ပြိုင်တူပင် ရယ်မောလိုက်ကြသည်။

"ကျွန်တော်ကပဲ အရင်ပြောပြပါ့မယ်၊ ကျွန်တော့်ကို ဒေါ်ဒေါ်တစ်ယောက်က သင်ပေးခဲ့တာပါ။ ကျွန်တော် ဘယ်အဖွဲ့ကမှ မဟုတ်ဘူး၊ သာမန် ကျေးတောသားတစ်ယောက်ပါ"

"ရှင်နဲ့ကျွန်မက အဖြစ်ချင်း ဆင်ဆင်တော့တူနေပြီ"

"ဘယ်လိုတူနေတာလဲ"



"ကျွန်မကလည်း ဘယ်အဖွဲ့ကမှ မဟုတ်ဘူး၊ အဘ တစ်ယောက်ကို ကူညီပေးခဲ့တာကြောင့် အဲ့ဒီအဘက ကျွန်မကို နဂါးလှိုင်းစီးသိုင်း သင်ပြပေးသွားခဲ့တာပဲ"

"ခင်ဗျားကရော သာမန်ကျေးတောသူတစ်ယောက်ပဲလား"

"အစကတော့ သာမန်ကျေးတောသူလေး တစ်ယောက်ပါပဲ၊ ဒါပေမဲ့ အခုတော့ အခြေအနေတစ်မျိုး ဖြစ်သွားပြီ"

"ဘယ်လို ပြောင်းလဲသွားတာလဲ"

မိမိသည် ဘီလူးအဖွဲ့၏ သိုင်းမွေခံ မျိုးဆက်တစ်ယောက် ဖြစ်ကြောင်း ထုတ်ဖော်ပြောရန် မသင့်ကြောင်း ကျောင်းပိယောင် စဉ်းစားမိသည်။

နှစ်ယောက်သား ခဏမျှ နှုတ်ဆိတ်သွားကြသည်။

"ဒီနေရာကို ဘာလာလုပ်တာလဲ"

"ဒီကို ဘာကိစ္စရှိလို့ ရောက်နေတာလဲ"

ခဏမျှ တိတ်ဆိတ်နေပြီးနောက် ကျောင်းပိယောင်နှင့် ကျန်းယီမင်းတို့နှစ်ယောက်သည် ပြိုင်တူလိုလိုပင် မေးခွန်းထုတ်လိုက်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စကားလုံး အသုံးအနှုန်းချင်း ကွဲပြားစေကာမူ မေးလိုက်သည့် မေးခွန်းများ၏ အခြေခံသဘောကတော့ အတူတူပင်ဖြစ်သည်။

ဤမေးခွန်းမေးပြီးသည့်နောက် မိမိတို့အသီးသီးတွင် လျှို့ဝှက်ထားစရာ အကြောင်းကိစ္စရပ်များ ရှိနေကြောင်း နှစ်ယောက်လုံး သတိရကြသည်။

မိမိတို့ ယခုရောက်နေသော နေရာမှာ ရန်သူ့နယ်မြေ ဖြစ်ကာ အန္တရာယ် အချိန်မရွေး ပေါ်လာနိုင်ကြောင်းကိုလည်း တွေးမိကြသည်။

ဤနေရာမှ အမြန်ဆုံး ထွက်ခွာသွားဖို့ လိုကြောင်းလည်း နားလည်ကြသည်။

ထို့ကြောင့် နှုတ်ခွန်းဆက်စကားများ ခပ်မြန်မြန်ဆိုကာ နှစ်ယောက်သား လမ်းခွဲကာ ထွက်ခွာသွားကြလေတော့သည်။

+

ချောင်းမြောင်း ကြည့်ရှုနေသော ကုလေးသည် ကျောင်းဝိယောင်နှင့် ကျန်းယိမင်းတို့နှစ်ယောက် အပြန်အလှန် ပြောဆိုခဲ့ကြသည့် စကားများကို အကုန်အစင်ပင် ကြားသိခဲ့ရသည်။

ကျောင်းဝိယောင်ဟူသောအမည်ကို ကြားလိုက်ရသည့်အခါတွင် ကုလေးမှာ အတော်ပင် စိတ်လှုပ်ရှားသွားရလေသည်။

ဤအမည်ကို ကုလေး ကောင်းကောင်းမှတ်မိနေသည်။

"ဒီကောင်မလေးရဲ့နာမည်က ကျောင်းဝိယောင်ဆိုတော့ အစ်ကိုကြီး ကျောင်းစန်းလိုင်ရဲ့ သမီးများ ဖြစ်နေမလား၊ ဒါမှမဟုတ် နာမည်ချင်း တိုက်တိုက်ဆိုင်ဆိုင် ဆင်တူနေတာလား"

ကုလေး၏စိတ်ထဲတွင် ဇဝေဇဝါနှင့် တွေးလိုက်မိသည်။

ကျောင်းဝိယောင်ဆိုသည့် မိန်းမပျိုပေါ်တွင်လည်း ပို၍ပင် စိတ်ဝင်စားမိသည်။

ကျောင်းစန်းလိုင်၏သမီး ဟုတ်မဟုတ် တိကျရေရာစွာ သိရအောင် စုံစမ်းဖော်ထုတ်လိုသည့် စိတ်ဆန္ဒများလည်း ပြင်းပြစွာ ပေါ်ပေါက်လာသည်။

ထို့ကြောင့် ကျောင်းဝိယောင်နှင့် ကျန်းယိမင်းတို့ လူချင်းခွဲကာ တစ်ယောက်တစ်လမ်း ထွက်သွားကြသောအခါ ကုလေးသည် ကျောင်းဝိယောင်နောက်သို့သာ တိတ်တဆိတ် နောက်ယောင်ခံ၍ လိုက်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကုလေးသည် သိုင်းပညာစွမ်း ထက်မြက်ပြီး ကိုယ်ဖော့ပညာ ကောင်းသည်။

ခြေရာကောက် နောက်ယောင်ခံမှုတွင် အလွန်ကျွမ်းကျင်သည်။

ဘယ်ခြေထောက်ဖြတ်ကာ မစွမ်းမသန် ဖြစ်နေသည့်တိုင် ကျောင်းဝိယောင်ကို မျက်ခြည်မပြတ်ရအောင် လျှို့ဝှက်သိုသိပ်စွာ နောက်ယောင်ခံ၍ လိုက်လာနိုင်ခဲ့လေသည်။

ဤကဲ့သို့ နောက်ယောင်ခံ လိုက်လာခဲ့သည်ကို ကျောင်းဝိယောင်က လုံးဝ မရိပ်မိခဲ့ပါ။

မိမိတို့ ပုန်းအောင်းနေထိုင်ရာ ကလိုင်ခေါင်း လိုဏ်ဂူလေးသို့ အမြန်ဆုံး ပြန်ရောက်လိုစိတ်ဖြင့်သာ လျှင်မြန်စွာ လျှောက်လှမ်း၍ သွားနေခဲ့လေသည်။

နောက်ယောင်ခံလိုက်လာခဲ့ရာ မြွေဆိုးတစ်ထောင် တောင်ကြား ရွာကြီးနှင့် မလှမ်းမကမ်းရှိ ကြီးမားလှသော ကျောက်တုံးကြီးတစ်ခု၏ အောက်ခြေနားတွင် ပေါက်ရောက်နေသော ချုံပုတ်ကြီးတစ်ခုထဲသို့ ကျောင်းဝိယောင် ဝင်ရောက်ပျောက်ကွယ်သွားသည်ကို ကုလေး တွေ့ရလေသည်။



ကုလေးသည် အတွေ့အကြုံ ရင့်ကျက်နေလေသော ဝါရင့်သိုင်းပညာရှင်ကြီးတစ်ယောက်ဖြစ်သည့်အတိုင်း ဤချုံပုတ်ကြီး၏နောက်ကွယ်တွင် ဂူ သို့မဟုတ် ပုန်းခိုနားနေစရာ နေရာကောင်းတစ်ခုခု ရှိနိုင်ကြောင်း တွေးမိသည်။

ဤချုံပုတ်ကြီးသည်ပင်လျှင် ...

ကျောင်းဝိယောင် လျှို့ဝှက်စွာ ခိုအောင်းနေထိုင်သောနေရာဖြစ်ကောင်းဖြစ်နိုင်သည်။

ကုလေးသည် ချုံပုတ်ကြီးထဲသို့သော လိုက်ပါဝင်ရောက်သွားခြင်းမပြုပါ။

ချုံပုတ်ကြီးနှင့် ပေငါးဆယ်ခန့် အကွာတွင်ရှိသော သစ်ပင်ကြီးတစ်ပင်နောက်တွင် အသာ ဝင်ကပ်ပုန်းခိုကာ အကဲခတ်ကြည့်ရှုနေသည်။

"ဒေါ်လေးမှာလိုက်တဲ့ နဂါးမောက်ဂမုန်းပင်နဲ့ ကင်းသုံးကောင် အဆိပ်ဥတွေ ရလာခဲ့ပါပြီ"

ကျောင်းဝိယောင်၏ စကားပြောသံကို ကုလေး ကြားရသည်။

စကားသံက သိပ်ကျယ်လှသည် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကုလေးသည် အတွင်းအားမြင့်မားပြီး သောတအာရုံထက်မြက်လျက် အာရုံစိုက်ကာ နားထောင်နေသောကြောင့်သာ ကြားရခြင်းဖြစ်ပေသည်။

"အေး ... ဟုတ်ပြီ၊ ဒါဆိုရင် ဆေးဖော်စပ်ဖို့ ပြင်ပေတော့၊ အရင်ဆုံး နဂါးမောက်ဆေးပင်ကို ညက်ညက်ကြေအောင်ကြိတ်၊ ပြီးရင် ကင်းသုံးကောင် အဆိပ်ဥကို အခွံသင်ပြီး ပါးပါးလှီး"

ဆေးဖော်စပ်ရမည့် အစီအမံ အလုပ်အဆောင်များကို ပြောဆိုညွှန်ပြပေးသည့် အသံကို ဆက်ကြားရသည်။

ဤစကားသံများသည် ယန်ဂျာ၏အသံဖြစ်ကြောင်း ကုလေး ကောင်းကောင်းကြီး မှတ်မိနေသည်။

ကြားရသောစကားသံများသည် လိုဏ်သံပါနေလေရာ ကျောင်းပိုင်ယောင်နှင့် ယန်ဂျာတို့ လိုဏ်ဂူတစ်ခုထဲတွင် ရှိနေကြမည်ဖြစ်ကြောင်းကိုလည်း ကုလေး မှန်းဆ သိရှိသွားသည်။

ထိုလှိုဏ်ဂူ၏အဝင်ဝကို ချုံပုတ်ကြီးက အကာအကွယ်ပြုပေးထားခြင်း ဖြစ်မည်ဟုလည်း တွေးမိသည်။

ကုလေးက ကျေနပ်စွာ တစ်ချက်ပြုံးသည်။

အပြုံးကြီးကြီးနှင့် လိုက်နေခဲ့ရသော လူတစ်ယောက် ယခု



တော့ တွေ့ရပြီ။

ခွေးအူသံနှင့် စကား ... ဆယ်နှစ်ခြင်းသာ ... ပြဿနာ ... စကားသံများ ... ကြားရတော့ပါ။

ဤတွင် ...

ကုလေးသည် ပုန်းခိုနေရာမှ ထွက်ကာ ချုံပုတ်ကြီး ရှိရာသို့ လျင်မြန်စွာ ချဉ်းကပ်သွားလေတော့သည်။

✢

လိုဏ်ခေါင်းလိုဏ်ဂူလေးထဲတွင် မီးအိမ်မီးခွက်များ ထွန်းညှိထားခြင်း မရှိပါ။

သို့သော် လိုဏ်ဂူအဝင်ဝနားရှိ ကျောက်သားနံရံမှာ အလင်းရောင်ထွက်သည့် ဓာတ်သတ္တုအနည်းငယ် ရောနှောပါရှိနေရာ ထိုနေရာဆီတွင်တော့ အားနည်းသော အလင်းရောင်ဖျော့ဖျော့လေး ရှိသည်။

ထိုအားနည်းသော အလင်းရောင်ဖျော့ဖျော့ကလေး၏ ရောင်ပြန်မှုကြောင့် လိုဏ်ခေါင်းလိုဏ်ဂူလေးထဲတွင်လည်း ဝိုးတဝါး

www.burmeseclassic.com



အလင်းရောင်ကလေးများ သဘာဝအလျောက် ရှိနေသည်။

ယန်ဂျာနှင့်ကျောင်းပိယောင်တို့ နှစ်ယောက်သည် လိုဏ်ခေါင်းလိုဏ်ဂူလေးထဲတွင် နေထိုင်ခဲ့သည့်ကာလ ကြာရှည်နေ၍ အလွန်မှိန်ပျသည့် ပိုးတဝါး အလင်းရောင်လေးတွင် မျက်စိကျင့်သားရနေသည့်အပြင် အတွင်းအားကောင်းသူများလည်းဖြစ်သောကြောင့် မြင်သာထင်သာရှိနေသည်။

သိပ်ထင်ထင်ရှားရှားကြီးကား မဟုတ်။ မပီပိုးတဝါး မထင်မရှား မြင်ရခြင်းသာ ဖြစ်သည်။

လုံးလုံးမမြင်နိုင်သည်ထက်စာလျှင် အနည်းငယ်တော်သည်ဟုသာ ဆိုရမည်။

အဝင်ဝနားတွင် ဆိုလျှင်တော့ အတွင်းဘက်ပိုင်းနှင့်စာလျှင် အတော်လေး မြင်သာထင်သာရှိသည်။

ကျောင်းပိယောင်သည် လိုဏ်ခေါင်းလှိုဏ်ဂူလေး၏ အဝင်ဝရှိ မပီပိုးတဝါး အလင်းရောင်လေးများ ထွက်နေသည့် နံရံနားတွင်ထိုင်ကာ နဂါးမောက်ဂမုန်းပင်ကို ကျောက်ပြားလေးတစ်ချပ်ပေါ်တင်ကာ ကျောက်တုံးဝ စ်တုံးဖြင့် လှိမ့်၍ကြိတ်နေသည်။

ပထမတွင်တော့ ကုလေး ချဉ်းကပ်လာနေသည်ကို သတိမမူမိသေးပါ။



"ဟေ့ ယန်ဂျာ ... နင့်ရဲ့အစ်မလတ် ရောက်လာပြီလေ၊ ထွက်တွေ့ပြီး ညှိခံပါတော့လား"

ချုံပုတ်ကြီးနားသို့ ချဉ်းကပ်မိ၍ ကုလေးက အသံကျယ်ကျယ်ဖြင့် ပြောလိုက်သောအခါတွင်မှ ကျောင်းပိယောင်မှာ ရန်သူကြီး ရောက်မှန်းသိကာ ထိုင်နေရာမှ ဆတ်ခနဲ ခုန်ထလိုက်သည်။

ခွေမဲ့မျိုးမဲ့ တစ်ကောင်ကြွက်ဘဝမျိုးဖြင့် နေထိုင်ကြီးပြင်းခဲ့လေသော ကျောင်းပိယောင်သည် ကာလအတန်ကြာ အတူတကွနေထိုင်လာခဲ့ပြီး မိမိအပေါ်တွင်လည်း နားလည်ကြင်နာလေသော ယန်ဂျာကို အလွန်ပင် သံယောဇဉ်တွယ်တာနေမိပြီ ဖြစ်သည်။

မူလကပင် စိတ်ရင်းကောင်းသော သူတစ်ပါးအပေါ် ကူညီတတ်ခဲ့သည့် ကျောင်းပိယောင်သည် ယန်ဂျာကိုတော့ အသက်စွန့်အနစ်နာခံကာ ကူညီကာကွယ်ပေးရန် အသင့်ရှိနေသည်။

ကုလေး၏အသံကို ကြားလိုက်ရချိန်က ရုတ်တရက်မို့ ထိတ်လန့်သွားမိသော်လည်း ယန်ဂျာအတွက် အန္တရာယ်ကျရောက်တော့မည်ကို တွေးမိသည်နှင့် ကြောက်ရွံ့နောက်တွန့်ခြင်းမရှိဘဲ ကုလေးနှင့် ရင်ဆိုင်တိုက်ခိုက်ရန် လျင်မြန်စွာ ပြေးထွက်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုလေးသည် ကြမ်းကြုတ် ရက်စက်သူတစ်ယောက် ဖြစ်သည်။

ဘီလူးအဖွဲ့ချုပ်အဖြစ်ဖြင့် ရက်စက်မှုတွေအများအပြား ပြုခဲ့သည်။

ကုလေး၏အမည်ကို ကြားရုံနှင့် ကြောက်လန့်ထွက်ပြေးကြသည်က များသည်။

ရင်ဆိုင်တိုက်ခိုက်သူ အတော်ကို ရှား၏။

ယခု ကျောင်းပိဋယောင်က ရဲဝံ့စွာ တိုက်ခိုက်ရန် ပြေးထွက်လာသည်ကို တွေ့ရသောအခါ ကုလေးမှာ အံ့အားသင့်သလို ဖြစ်သွားရသည်။

ယခင် ကျောင်းပိဋယောင်နှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့ရမှုကို ကုလေး မမေ့သေးပါ။

ကျောင်းပိဋယောင်က သွေးနီမြွေဆိုးဖြင့် ပစ်ပေါက်တိုက်ခိုက်ခဲ့သည်ကိုလည်း အမှတ်တရပင် ရှိနေသေးသည်။

မိမိကို ခြေထောက်တစ်ဖက်ပြတ်ဘဝသို့ ရောက်အောင် ပြုခဲ့သည့် ဤကောင်မလေးကို သည်တစ်ခါတော့ အပြတ်ခြေမှုန်း ပစ်လိုက်မည်ဟု ကုလေး စိတ်ထဲက ကြိမ်းဝါးသည်။



ကုလေး၏လက်ထဲတွင် ဘီလူးမာန်စွယ် လက်နက်ပုန်း တစ်ခု ရှိနေသည်။

လိုအပ်ပါက ပစ်လွှတ်တိုက်ခိုက်ရန် အသင့်ဆောင် လာခြင်း ဖြစ်၏။

ယခုတော့ ...

ဤလက်နက်ပုန်း အသုံးတည့်နေပြီ။

ကုလေးသည် ပြေးဝင်လာသော ကျောင်းပိဋယောင်ကို ဘီလူးမာန်စွယ် လက်နက်ပုန်းဖြင့် ဆီးကြိုပစ်ခတ်လိုက်သည်။

'ဝှစ်'

✢

ကျန်းယိမင်းသည် ကျောင်းပိဋယောင်ကို စတင်မြင်လိုက်ရသည့်အချိန်ကပင် စိတ်လှုပ်ရှားရင်ခုန်လျက် အတော်ပင် စိတ်ဝင်စားသွားခဲ့သည်။

တကယ်တော့ ...

ကျန်းယိမင်းအနေဖြင့် ကျောင်းပိဋယောင်ကို ချစ်မြတ်နိုး

www.burmeseclassic.com

www.burmeseclassic.com



သည့်စိတ်များ ရင်ထဲတွင် အမြစ်တွယ် ပေါ်ပေါက်လာခြင်း ဖြစ်သည်။

ချစ်မှုရေးရာကိစ္စများတွင် နားမလည်နိုင်သူမို့ မိမိအနေဖြင့် ကျောင်းပိယောင်အပေါ် မေတ္တာတိမ်းညွတ်နေပြီဖြစ်ကြောင်းကို ကျွန်းယိမင်း မသိသေးပါ။

ကျောင်းပိယောင်အပေါ် အတော်လေး စိတ်ဝင်စားမှု ရှိနေမိသည်ကိုသာ သတိပြုမိသည်။

ကျောင်းပိယောင်နှင့် လမ်းခွဲကာ ထွက်ခဲ့ရသောအခါ ကျွန်းယိမင်း၏စိတ်ထဲတွင် ဟာတာတာကြီး ဖြစ်နေခဲ့သည်။

ကျောင်းပိယောင်ကို ပြန်လည်တွေ့ဆုံလိုသည့် စိတ်များလည်း အထူးပင် ပွားများလာသည်။

ယခုလိုအတိုင်း ခွဲခွာရပုံမျိုးနှင့်ဆိုလျှင်တော့ ကျောင်းပိယောင်နှင့် ပြန်လည်တွေ့ဆုံဖို့မလွယ်။

ကျောင်းပိယောင် ဘယ်နေရာမှာ နေသည်ကို သိအောင် စုံစမ်းနိုင်လျှင်တော့ နောက်တစ်ဖန် ပြန်လည်ဆုံနိုင်စရာ အကြောင်းရှိမည်ဟု စဉ်းစားမိ၏။

ထို့ကြောင့် ကျွန်းယိမင်းသည် ကျောင်းပိယောင်၏နောက်မှ နောက်ယောင်ခံကာ လိုက်လာခဲ့သည်။



မိမိ နောက်ယောင်ခံကာလိုက်လာခြင်းကို ကျောင်းပိယောင် သိသွားမှာစိုးသောကြောင့် ကျွန်းယိမင်းသည် တိမ်မြုပ်ခိုး ကိုယ်ပျောက်ပညာကို အပြည့်အဝအသုံးချကာ နောက်ယောင်ခံလိုက်လာခြင်း ဖြစ်သည်။

ကျွန်းယိမင်းသည် သစ်ပင်ချုံနွယ်များအကြား ရောထွေးကိုယ်ယောင်ဖျောက်ရာတွင် အထောက်အကူပေးနိုင်သည့် အဆင်အပြင်များလည်း ပြင်ဆင်ထားခဲ့သည်ဖြစ်ရာ ယခုကဲ့သို့ နောက်ယောင်ခံလိုက်လာခြင်းကို ကျောင်းပိယောင် မသိခဲ့ပါ။

ကျောင်းပိယောင်သာမဟုတ် ကုလေးကလည်း မသိခဲ့ပေ။

တစ်ဖက်တွင်လည်း ကျွန်းယိမင်းသည် ကျောင်းပိယောင်ကိုသာ အာရုံရောက်နေခဲ့သည့်အတွက် ကျောင်းပိယောင်၏နောက်မှ ကုလေး နောက်ယောင်ခံ၍ လိုက်နေသည်ကိုလည်း မသိခဲ့ပေ။

ကျောင်းပိယောင် နေထိုင်ရာနေရာကို သိရှိရပြီးနောက် ကျွန်းယိမင်းက လာလမ်းအတိုင်း အသာလှည့်၍ ပြန်မည်အပြုတွင် မှန်းအောင်းနေရာမှ ထွက်ကာ ချုံပုတ်ကြီးရှိရာသို့ ချဉ်းကပ်သွားသော ကုလေးကို မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းယိမင်း ပြန်လည်ထွက်ခွာသွားလုဆဲဆဲ အချိန်တွင် တွေ့မြင်သွားခဲ့ခြင်း ဖြစ်သည်။

အကယ်၍ ကုလေးက အချိန်အနည်းငယ် နောက်ကျပြီး ထွက်လာခဲ့လျှင် ကျန်းယိမင်း ယခုလို တွေ့နိုင်တော့မည်မဟုတ်ပေ။

ကုလေး မည်သူမည်ဝါဖြစ်ကြောင်းကို ကျန်းယိမင်း မသိပါ။

သို့သော် ကုလေး၏ ထူးခြားသောအသွင်အပြင်ကြောင့် စိတ်ဝင်စားမှုတော့ ဖြစ်မိသည်။

ထို့ကြောင့် ပြန်လည်ထွက်ခွာမသွားသေးဘဲ အသာဆက်လက် ပုန်းအောင်းနေလျက် အခြေအနေကို ချောင်းမြောင်းကြည့်နေသည်။

ကုလေး၏နှုတ်ဖျားမှ 'ယန်ဂျာ' ဟူသောအမည်ကို ထုတ်ဖော်၍ ခေါ်လိုက်သံကို ကြားရသောအခါ ကျန်းယိမင်း၏ စိတ်ဝင်စားမှု ပိုမိုမြင့်တက်လာသည်။

ယန်ကူပြောပြောနေသော အစ်မယန်ဂျာများ ဖြစ်လေမည်လားဟုလည်း တွေးမိသည်။

ထို့ပြင် ကုလေး၏အသွင်အပြင်သည် ရန်မူလိုသောအသွင်မျိုး ရှိသည်ကိုလည်း ကျန်းယိမင်း၏စိတ်ထဲတွင် ထင်သည်။



ကျောင်းပိယောင်အတွက် စိုးရိမ်စိတ် ဖြစ်ပေါ်လာကာ လိုအပ်ပါက ပါဝင်ကူညီနိုင်ရန်လည်း အသင့်ပြင်ထားသည်။

ထို့နောက် ကျောင်းပိယောင် ချုံပုတ်ကြီးထဲမှ ခုန်လွှားပြေးထွက်လာသည်ကို ကျန်းယိမင်း မြင်ရသည်။

ဘယ်ဘက်ခြေထောက်ပြတ်ကာ ချိုင်းထောက် တောင်ဝှေးဖြင့် အားပြုလျှောက်လှမ်းရသူ အမျိုးသမီးကြီးသည် ကျောင်းပိယောင်၏ ရန်သူဖြစ်ကြောင်း ကျန်းယိမင်း အသေအချာ သိရလေပြီ။

ကျန်းယိမင်း တုံ့ဆိုင်းမနေတော့။

ပုန်းအောင်းနေရာမှ တစ်ဟုန်ထိုး ပြေးထွက်သွားလေသည်။

ကျန်းယိမင်း ပြေးထွက်သွားသည့်အချိန်မှာ ကုလေးက ကျောင်းပိယောင်ကို ဘီလူးမာန်စွယ်လက်နက်ပုန်းဖြင့် လှမ်းပစ်လိုက်သည့်အချိန်ပင် ဖြစ်သည်။

'ဝှစ်'

လက်နက်ပုန်း လေခွင်းသံကို ကျန်းယိမင်း ကြားရသည်။

ပြီးတော့ ကျောင်းပိယောင်ကို လက်နက်ပုန်းထိကာ ယိမ်းအယိုင် လဲကျသွားသည်ကိုလည်း မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းယိမင်း၏ စိတ်တွေ ဘာဖြစ်ကုန်မှန်းပင် မသိတော့။

ကုလေးကို သဲကြီးမဲကြီးပင် အတင်းဝင် တိုက်ခိုက်လေတော့သည်။

✢

ကျန်းယိမင်းက ကုလေးကို အတင်းဝင်ရောက် တိုက်ခိုက်သည်။

စိတ်အလွန်လှုပ်ရှားကာ ကမူးရှူးထိုး ပြေးထွက်လာခဲ့သည်မို့ ကျန်းယိမင်း၏ လှုပ်ရှားပြေးလွှားသံများကို ကုလေး ကောင်းကောင်း ကြားသိသည်။

မထင်မှတ်ဘဲ ကျန်းယိမင်း ပေါ်လာသောကြောင့် ကုလေးသည် အံ့အားသင့်သွားသော်လည်း အငိုက်မိခြင်းမျိုးတော့ မဖြစ်ပါ။

နောက်သို့ ချာခနဲ လှည့်ကာ ကျန်းယိမင်း၏ တိုက်ခိုက်မှုကို ဆီးကြိုရင်ဆိုင်သည်။

“ဒီကောင်လေးက ဘယ်လိုလုပ်ပြီး ငါ့နောက်က လိုက်လာနိုင်တာလဲ၊ သူ လိုက်လာတာကို ငါတောင်မသိပါလား”



ကုလေး၏စိတ်ထဲမှ တွေးမိသည်။

ကျန်းယိမင်းက နဂါးလှိုင်းစီးသိုင်းကို သုံးကာ တိုက်ခိုက်သည်။

အတွင်းအားကတော့ ကဝိမနော အတွင်းအား ဖြစ်သည်။

ကုလေးသည် ကျောင်းဝိယောင်က မိစ္ဆာမနောအတွင်းအား သုံးကာ နဂါးလှိုင်းစီးသိုင်းဖြင့် တိုက်ခိုက်သည်ကို ကိုယ်တွေ့ရင်ဆိုင်ခဲ့ရဖူးသည်။

ထို့ပြင် ကျောင်းဝိယောင်နှင့် ကျန်းယိမင်းတို့ နှစ်ယောက် နဂါးလှိုင်းစီးသိုင်းကို သုံးကာ အပြန်အလှန် သိုင်းပညာဖလှယ် ယှဉ်ပြိုင်နေကြသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။

ကျောင်းဝိယောင်နှင့် ကျန်းယိမင်းတို့ နှစ်ယောက်သည် သိုင်းပညာအောင်မြင်ချင်း အတူတူဖြစ်မည်ဟူသော ထင်မှတ်ချက် ကုလေး၏စိတ်ထဲတွင် ရှိနေသည်။

ကဝိမနော အတွင်းအားနှင့် မိစ္ဆာမနော အတွင်းအားတို့သည် အခြေခံ သဘာဝချင်း လုံးဝဆန့်ကျင် ကွဲပြားသော်လည်း အားအင်အရှိန်အဟုန်နှင့် အင်အားစုစည်းသုံးစွဲပုံစသည့် အပြင်ပန်း အခြေအနေများတွင်တော့ အတော်ပင် ဆင်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



အတွင်းအား အခြေခံသဘာဝကို သေသေချာချာ စူးစမ်းခြင်းမပြုလျှင် ကဝိမနောအတွင်းအားနှင့် မိစ္ဆာမနောအတွင်းအားတို့ကို ခွဲခြားရန် ခက်သည်။

အတွင်းအား၏အခြေခံသဘာဝကို စူးစမ်းကြည့်လျှင်တော့ ဤအတွင်းအားနှစ်ခုတို့ကို ကွဲပြားစွာပင် သိမြင်နိုင်ပေသည်။

ယခုလည်း ကျန်းယိမင်းက ကဝိမနောအတွင်းအား အသုံးပြုတိုက်ခိုက်မှုကို ကုလေးက စိတ်ထဲတွင်ရှိနေသည့် ထင်မှတ်မှုအခြေခံဖြင့် မိစ္ဆာမနောအတွင်းအား အသုံးပြုခြင်းဖြစ်မည်ဟု ရုတ်တရက် ထင်မှတ်ခဲ့သည်။

ကုလေးသည် မိစ္ဆာမနောသိုင်းပညာကို အလွန်ပင်သဘောကျ နှစ်ခြိုက်နေသူ ဖြစ်သည်။

သူမ သိရှိထားသော မိစ္ဆာမနော သိုင်းအညွှန်းကျမ်းပါ ကျင့်စဉ်နည်းလမ်း အကျဉ်းချုပ်များပေါ်မူတည်ကာ မိစ္ဆာမနော သိုင်းပညာအပြည့်အစုံ ပေါ်လွင်ရရှိအောင် အပြင်းအထန် ကြိုးစားကြိုးပမ်းနေခဲ့ရာ ယခုအထိ အောင်မြင်မှု မရသေးပါ။

ကျောင်းပိယောင်နှင့် ယခင်တစ်ကြိမ် ရင်ဆိုင်တိုက်ခိုက်ခဲ့စဉ်က ကျောင်းပိယောင်က မိစ္ဆာမနောအတွင်းအားကို ပိုရိုသေသပ်



စွာ အဆင့်မြင့်မြင့် အသုံးချသွားသည်ကို ကုလေး မမေ့သေးပါ။

ကျောင်းပိယောင်၏လက်ချက်ကြောင့် မိမိခြေထောက်တစ်ဖက် ပြတ်ခဲ့ရမှုအပေါ် အလွန်ခံပြင်းဒေါသဖြစ်နေခဲ့သည့် စိတ်၏ အခြေခံ ရှိနေချိန်တွင် ကျောင်းပိယောင်က အတင်းဝင်ရောက်တိုက်ခိုက်လာခဲ့ရာ ကုလေးကလည်း ဒေါသစိတ်အလျောက် ဘီလူးမာန်စွယ်လက်နက်ပုန်းဖြင့် ပစ်ခတ်ခဲ့ရာ ယခုမှ ထိုသို့ပစ်ခဲ့သည်မှာ မှားများမှားသွားပြီလားဟု ထင်ကာ နောင်တရနေမိသည်။

ကျောင်းပိယောင်အပေါ် သနားကြင်နာလို့တော့ မဟုတ်။ ဘီလူးမာန်စွယ်လက်နက်ပုန်းသည် အလွန် အဆိပ်ပြင်းထန်လှသည့် လက်နက်ပုန်းအမျိုးအစား ဖြစ်ပေရာ ထိုလက်နက်ပုန်း အထိခံရကာ အဆိပ်သင့် သေဆုံးလျှင် မိစ္ဆာမနောသိုင်းပညာနှင့်ပတ်သက်၍ မေးမြန်းလိုသည်များ မေးမြန်းစူးစမ်းခြင်း မပြုနိုင်တော့သည်ကို တွေးကာ နောင်တရမိခြင်းသာ ဖြစ်သည်။

“ဟိုကောင်မလေး ဘီလူးမာန်စွယ်လက်နက်ပုန်း အထိခံသွားရပြီဆိုတော့ သေမှာကများတယ်၊ သူ့ဆီက မိစ္ဆာမနောသိုင်းအကြောင်း မေးလို့ရနိုင်တော့မှာမဟုတ်ဘူး၊ ဒီကောင်လေး ကျန်နေတာတော်သေးတယ်၊ ဒီကောင်လေးကို လက်စတုံးမလုပ်ဘဲ အမိ

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းပြီး မိစ္ဆာမနောသိုင်းအကြောင်း ရနိုင်သမျှ ညှစ်ထုတ်မေးကြည့်ရမယ်”

ကုလေး၏ ခေါင်းထဲတွင် ဤသို့ စိတ်ကူးရသည်။

ထို့ကြောင့် ကျန်းယိမင်းကို အသေအကျေ ပြင်းပြင်းထန်ထန် တိုက်ခိုက်ခြင်းမပြု။ အမိအရ ဖမ်းယူနိုင်ရန်ကိုသာ ရည်ရွယ်ကာ တိုက်ကွက်ဆင်သည်။

ကျန်းယိမင်းကတော့ အပြင်းအထန်ပင် တိုက်ခိုက်သည်။

ထို့ကြောင့် စတင်ရင်ဆိုင်မိကြသည့်အချိန်တွင် အကြိတ်အနယ် အပြန်အလှန်ပင် တိုက်ခိုက်နေကြသည့် အခြေအနေ ဖြစ်ပေါ်၍ သွားသည်။

ကုလေးသည် ကျန်းယိမင်းထက် သိုင်းပညာ အဆင့်များစွာ သာလွန်လင့်ကစား အကွက်လျှိုကာ ပရိယာယ်ဆင် တိုက်ခိုက်နေသောကြောင့် လက်ရည်တူယှဉ်ပြိုင်နေကြသည့်သဘောမျိုး ဖြစ်နေပေသည်။

သိုင်းကွက်သုံးကွက် အပြန်အလှန်တိုက်ခိုက်ကြပြီးသောအခါ ကုလေးက ကျန်းယိမင်းကို အပိုင်အနိုင်ပင် ချုပ်ဖမ်းလိုက်လေသည်။



ထိုအချိန်မှာပင် ...

✣

ကျောင်းဝိယောင်သည် ဘီလူးမာန်စွယ်လက်နက်ပုန်း အထိမှန်ခံရသောအခါ ယိမ်းယိုင်ပြီး လဲကျသွားခဲ့သည်။

ဘီလူးမာန်စွယ်လက်နက်ပုန်းသည် ဘီလူးအဖွဲ့၏ အဆိပ်အပြင်းထန်ဆုံးနှင့် အရက်စက် အကြမ်းတမ်းဆုံးသော လက်နက်ဖြစ်သည်။

ထည့်သုံးထားသော အဆိပ်ကလည်းပြင်းသည်။

လက်နက်ပုန်းပစ်လွှတ်သည့် အားအင်ကလည်း ကြီးမားသည်။

ဦးတည်ပစ်ခတ်သည့် နေရာများကလည်း ခန္ဓာကိုယ့်အချက်အချာ သွေးကြောကွက်နေရာများချည်း ဖြစ်သည်။

ယခု ကျောင်းဝိယောင် အထိမှန်ခံရသည်ကလည်း ရင်ဘတ်ရှိ သွေးနီသွေးကြောကွက် အမှတ်သုံးတွင် ဖြစ်သည်။

ကျောင်းဝိယောင်၏မိခင် ချန်မေချင်းသည် သစ်စိမ်းဝိတုန်း

www.burmeseclassic.com

www.burmeseclassic.com



ဂေဟာမိသားစု၏ အဆိပ်ဖြေ ပန်းဝတ်လျှာအဖြစ် လုပ်ဆောင်ခဲ့သူ ဖြစ်သည်။

မျိုးရိုးဗီဇအားဖြင့်ပင် အဆိပ်အမျိုးမျိုး ခံနိုင်ရည်အား ပြည့်စုံသည်။

အဆိပ်ခံနိုင်ရည်အား ပိုမိုကောင်းမွန်မြင့်မားအောင်လည်း စနစ်တကျ လေ့ကျင့်ပြုလုပ်ထားခဲ့သည်။

ကျောင်းဝိယောင်သည် မိခင်ထံမှ အဆိပ်ဒဏ်ခံနိုင်ရည်စွမ်းအား ဗီဇမျိုးရိုးကို ဆက်ခံရရှိထားသည်။

အဆိပ်အမျိုးမျိုးတို့သည် ကျောင်းဝိယောင်ကို အန္တရာယ်မပေးနိုင်ကြ။

ဘီလူးမာန်စွယ်လက်နက်ပုန်းတွင် ပါဝင်သည့် အဆိပ်သည် ပြင်းထန်သည်မှန်သော်လည်း ကျောင်းဝိယောင်၏ ဗီဇအဆိပ် ခံနိုင်ရည်စွမ်းအားကိုတော့ ထိုးဖောက်နိုင်စွမ်း မရှိ။

ကျောင်းဝိယောင်သည် အဆိပ်မသင့်။

သို့သော် ...

ဘီလူး မာန်စွယ်လက်နက်ပုန်း အထိခံရမှုကြောင့် ထိရှသည့်ဒဏ်ရာတော့ ရရှိသည်။



ထို့ပြင် ...

ပစ်လွှတ်လိုက်သော လက်နက်ပုန်းတွင် ပါရှိလာသည့် ကြီးမားပြင်းထန်သော အားအင်ဒဏ်ကိုလည်း ခံရကာ ယိမ်း ယိုင်၍ လဲကျသွားခဲ့သည်။

ကျောင်းဝိယောင်သည် သိုင်းလောကအတွေ့အကြုံ နည်းပါးလှသူဖြစ်သည်။

သေးငယ်သော လက်နက်ပုန်းကလေးတွင် ကြီးမားပြင်းထန်လှသော အားအင်ကြီး ပါလာနိုင်သည်ကို မသိ။

မကြုံစဖူး ထူးကဲသောအဖြစ်မို့ ကျောင်းဝိယောင်မှာ အံ့ဩတုန်လှုပ်ကာ ခေတ္တခဏမျှ မှင်တက်သလို ဖြစ်သွားခဲ့ရသည်။

အဆိပ်မသင့်သော်လည်း လဲကျနေရာမှ ချက်ချင်းပြန်မထနိုင်။

ကျန်းယိမင်း ပြေးထွက်လာပြီး ကုလေးကို အတင်းဝင်တိုက်သည်ကို ကျောင်းဝိယောင် တွေ့ရသည်။

ကုလေး၏ သိုင်းပညာစွမ်းရည် ထက်မြက်ပုံနှင့် ရက်စက်ကြမ်းကြုတ်ပုံများကို သိထားသည့်အတွက် ကျောင်းဝိယောင်မှာ ကျန်းယိမင်းအတွက် တွေးပူမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုလေးက ကျန်းယိမင်းကို အမိအရ ချုပ်ဖမ်းမိသွားသည်ကို မြင်ရသည်နှင့် ကျောင်းဝိယောင်ကလည်း နဂါးစွယ်လက်နက်ပုန်းတစ်ခုကို လှစ်ခနဲ ထုတ်ယူကာ ကုလေးထံသို့ အားကုန်ပစ်လွှတ်လိုက်လေတော့သည်။

နဂါးစွယ်လက်နက်ပုန်းသည် မူလက အဆင့်မြင့် အဆိပ်လက်နက်တစ်မျိုးဖြစ်ကာ ဘီလူးအဖွဲ့အပါအဝင် လမ်းလွဲသိုင်းသမားဆိုးများကို တိုက်ခိုက်ချေမှုန်းရာတွင် အထိရောက်ဆုံးသော လက်နက်များတွင် ပါဝင်ခဲ့သည်။

ကဝိမနော သိုင်းသမားများ ကဝိမနောနန်း၏ လက်အောက်တွင် တစ်စုတစ်ဖွဲ့တည်းအဖြစ် စည်းလုံးပေါင်းစပ်မိပြီးသည့်နောက်ပိုင်းတွင် နဂါးစွယ်လက်နက်ပုန်းတွင် ပြင်းထန်သောအဆိပ်ထည့်သွင်းမှု မပြုတော့ပေ။

အလွန်ဆုံး အပျော့စားအဆိပ်များကိုသာ ခြင်းချက်ဖြင့် ထည့်သုံးခွင့်ပြုခဲ့သည်။

များသောအားဖြင့် ... အဆိပ်မထည့်တော့သည်က များသည်။

သို့တစေ ...



နဂါးစွယ်လက်နက်ပုန်း၏ ဟန်ဟိတ်နှင့် စွမ်းရည်ကတော့ လျော့ကျမသွားခဲ့ပါ။

အဆိပ်ထည့်မသုံးတော့သော်လည်း ကဝိမနောသိုင်းကျမ်းတွင်ပါရှိသည့် ပညာခန်းနည်းလမ်းများ အပြည့်အစုံသုံးနိုင်သည့်အပြင် တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံများအပေါ် မူတည်ကာ အထိရောက်ဆုံးသော ပစ်ခတ်မှုနည်းလမ်း၊ ပရိယာယ်များကိုပါ ဖြည့်စွက်နိုင်ခဲ့ပေရာ အဆိပ်ထည့်သုံးသည်ထက်ပင် ပို၍ထိရောက်မှု ကောင်းနေခဲ့သည်။

တရုတ်ပြည်ကြီးကို နယ်ချဲ့သမားတို့ ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီးသည့်နောက် ကဝိမနောနန်း ပျက်သုဉ်းသွားခဲ့ပြီးသည့်နောက် ကဝိမနော သိုင်းသမားများလည်း ဖရိုဖရဲ ပြိုကွဲသွားခဲ့ရာ နဂါးစွယ်လက်နက်ပုန်းအပါအဝင် ကဝိမနော သိုင်းပညာသည်လည်း တိမ်မြုပ်၍နေခဲ့သည်။

ယခု ...

ကျောင်းဝိယောင်သည် နဂါးစွယ်လက်နက်ပုန်း အစစ်အမှန်ကို နဂါးစွယ်လက်နက်ပုန်းပစ်ခတ်မှုပညာ အပြည့်အဝသုံးသော လှမ်းပစ်လိုက်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကုလေးသည် ကျောင်းပိယောင်ကို ဘီလူးမာန်စွယ် လက်နက်ပုန်း အထိခံရကာ အဆိပ်တက်၍ သေလျှင်သေ၊ မသေလျှင် အဆိပ်ဒဏ် ပြင်းပြင်းထန်ထန် ခံနေရပြီဟု တွက်ဆကာ လျစ်လျူရှုထားခဲ့သည်။

ထို့ပြင် ...

ကျန်းယိမင်းကို အမိအရ ချုပ်ဖမ်းနိုင်သည့်အတွက် မိမိကိုယ်မိမိ ကျေနပ်အားရကာနေသည့်အချိန်လည်း ဖြစ်သည်။

ပတ်ဝန်းကျင်ကို သတိထား လေ့လာကြည့်ရှုမှု လျော့နည်းကာ သတိပြုမှု အားပျော့လျက် ဟာကွက်လွတ်ကွက် ပေါ်နေသည့် အခါဟုလည်း ဆိုနိုင်သည်။

သည်လို အခြေအနေ အချိန်အခါမျိုးတွင်မှ ဘီလူးအဖွဲ့ချုပ်သည် နဂါးစွယ်လက်နက်ပုန်း အစစ်အမှန်နှင့် ပစ်ခတ်မှုကို ရင်ဆိုင်ရသည်။

မည်သို့ပင် ပေါ့ဆမိနေသည်ဖြစ်စေ ထိပ်တန်းသိုင်းအကျော်အမော်တစ်ယောက်ဖြစ်သည့်အတွက် ဗီဇဉာဏ်စေ့ဆော်မှုကြောင့် ကုလေးသည် အလိုအလျောက် လှုပ်ရှားတုံ့ပြန်ခုခံလိုက်လေသေးသည်။



မိမိကိုယ်ကို ဘေးသို့ တိမ်းသည်။ ထို့ပြင် မိမိရရ ချုပ်ဖမ်းမိထားသော ကျန်းယိမင်း၏ ခန္ဓာကိုယ်ကိုလည်း ဒိုင်းသဖွယ် သုံးကာ လက်နက်ပုန်း တိုးဝင်လာရာ လမ်းကြောင်းတွင် ဆီး၍ ခုခံပေးလိုက်လေသေးသည်။

အကယ်၍ အခြားလက်နက်ပုန်း အမျိုးအစား တစ်ခုခုသာ ဖြစ်လျှင် ကုလေးအနေဖြင့် လွတ်အောင် ရှောင်နိုင်ကောင်း ရှောင်နိုင်မည်။

ဒါမှမဟုတ် ကျန်းယိမင်းကို ဒိုင်းသဖွယ်သုံးကာ တားဆီးနိုင်ကောင်း တားဆီးနိုင်ပေမည်။

ယခုမူ ကျောင်းပိယောင်က နဂါးစွယ်လက်နက်ပုန်း အစစ်အမှန်ကို နဂါးစွယ်လက်နက်ပုန်း ပစ်ခတ်မှုပညာ၏ နည်းလမ်းများအတိုင်း အတိအကျ၊ စနစ်တကျ ပစ်လွှတ်လိုက်ခြင်း ဖြစ်သည်။

ထို့ပြင် ကုလေးက ဒိုင်းသဖွယ်သုံးကာ ဆီး၍ ခံဆောင်ပေးလိုက်သော ကျန်းယိမင်းကိုယ်တိုင်ကလည်း နဂါးစွယ် လက်နက်ပုန်း ပစ်ခတ်မှုပညာကို နားလည်တတ်ကျွမ်းနေပြန်သေးသည်။

နဂါးစွယ် လက်နက်ပုန်း လွင့်ပျံဝင်ရောက်လာမည့် လမ်းကြောင်း၊ အားအင် အရှိန်နှုန်း စသည်တို့ကို ကျန်းယိမင်းက ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသိနေသည်။

မမျှော်လင့်သော အန္တရာယ်ကို ရုတ်တရက် ရင်ဆိုင်ရသည့်အတွက် သိစိတ်ဖြင့်မဟုတ်ဘဲ သိုင်းသမားတို့၏ ဗီဇဉာဉ် စေ့ဆော်မှုဖြင့်သာ အလိုအလျောက် လှုပ်ရှားတုံ့ပြန်ရသည်မို့ ကျန်းယိမင်းအား ချုပ်ဖမ်းထားသည့် ကုလေး၏အချုပ်အကိုင်တို့ကလည်း လျော့ကျ အားပျော့၍ နေပြန်သည်။

ထို့ကြောင့် ...

ကျန်းယိမင်းသည် လွင့်ပျံလာသော နဂါးစွယ်လက်နက် ပုန်းမိမိကို မထိရလေအောင် ခန္ဓာကိုယ်ကို ယိမ်းပေးလျက် ရှောင်လိုက်နိုင်သည်။

နဂါးစွယ်လက်နက်ပုန်းသည် ကျန်းယိမင်း၏ဘေးနား သီသီလေး ကပ်ကာ လွဲထွက်ကျော်လွန်သွားသည်။

ထို့နောက် ကုလေး၏ ညာဘက်ပခုံးစွန်းကို ထိုးစိုက်မိသည်။

ထိုနေရာသည် သေကွင်းသေကွက်နေရာတော့ မဟုတ်ပေ။

ကျောင်းဝိယောင်အသုံးပြုသော နဂါးစွယ် လက်နက်ပုန်းမှာ အဘိုးအို ကျိန်ချန်ချင်ထံမှ ရရှိထားခဲ့ပြီး ကျိန်ချန်ချန်မှာလည်း



မိစ္ဆာမနောသိုင်းသမားတစ်ယောက်ဘဝမှ အမြင်မှန်ရကာ ကဝိမနောသိုင်းသမား ကူးပြောင်းခဲ့သူဖြစ်ရာ သူ၏ နဂါးစွယ်လက်နက်ပုန်းအချို့တွင် အပျော့စားအဆိပ်များ ထည့်သွင်းထားသည်။

ယခု ကျောင်းဝိယောင် ပစ်လွှတ်လိုက်သော နဂါးစွယ် လက်နက်ပုန်းမှာ အဆိပ်အပျော့စားထည့်ထားသည့် အမျိုးအစားဖြစ်သည်။

ဘီလူးအဖွဲ့ချုပ် ကုလေးမှာလည်း အဆိပ်ခံနိုင်ရည်စွမ်းအား အတော်ကောင်းသည်။

သူမကိုထိမှန်သော နဂါးစွယ် လက်နက်ပုန်းတွင် ပါရှိသည့် အပျော့စား အဆိပ်လောက်ကို အရေးလုပ်စရာ မရှိပေ။

သို့သော် ...

ကုလေးသည် နဂါးစွယ်လက်နက်ပုန်း၏ ဟန်ပါတ်ကိုတော့ အတော်လေး ကြောက်ရွံ့လေးစားမှု ရှိသည်။

ဤသို့ ကြောက်ရွံ့လေးစားမှု ရှိနေသောကြောင့်လားတော့ မပြောတတ်။

နဂါးစွယ်လက်နက်ပုန်း အထိခံရသော ညာဘက်ပခုံးစွန်းတွင် ဆစ်ခနဲ နာကျင်ကာ ယားယံသလိုလိုလည်း ခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်နက်ပုန်း စိုက်ဝင်သည့်အတွက်ကြောင့် ဆစ်ခနဲ နာကျင်မှုသာ ရှိသည်။

မည်သို့မျှ အဆိပ်မသင့်ပါ။

စိတ်ထဲက ထင်နေသောကြောင့်သာ ယားသလိုလို ဘာလိုလို ခံစားရခြင်းဖြစ်သည်။

သူတစ်ပါးကို အဆိပ်လက်နက်အမျိုးမျိုးဖြင့် ရက်စက်ကြမ်းကြုတ်စွာ တိုက်ခိုက်ခဲ့သော ကုလေးသည် ကိုယ်တိုင်ပင် အဆိပ်သင့်ခံရမည်ကိုတော့ အလွန်ပင် ကြောက်ရွံ့သည်။

ယခုလည်း တကယ်တမ်း အဆိပ်ဒဏ်မခံရပါဘဲနှင့် စိတ်ထဲက အဆိပ်သင့်သည်ဟုထင်မိရုံဖြင့်ပင် ကြောက်လန့်တုန်လှုပ်၍လာသည်။

နဂါးစွယ်လက်နက်၏ ဟန်ပါတ်ကလည်း ကုလေး၏ ကြောက်စိတ်ကို ပိုမို များပြားစေသည်။

ကုလေး ဆက်လက်တိုက်ခိုက်လိုစိတ် မရှိတော့။

မိမိကိုယ်မိမိ အဆိပ်သင့်နေလေပြီဟု ထင်ကာ အလိုလို သွေးလန့်နေသော ကုလေးအနေဖြင့် ဆက်လက်တိုက်ခိုက်လျှင်လည်း ပို၍ အခြေအနေဆိုးရွားစရာသာ အကြောင်းရှိနေသည်။



ကုလေးသည် တိုက်ခိုက်မှုအဝဝကို ရပ်တန့်ကာ တစ်ချီးတည်း ထွက်ပြေးသွားလေတော့သည်။

+ + +

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

ကုလေး ထွက်ပြေးသွားပြီ။

ယခုလို အလန့်တကြားဖြင့် တစ်ချိုးတည်း ထွက်ပြေးသွားမည်ထင်မထားသည့်အတွက် ကျောင်းပိယောင်နှင့် ကျန်းယိမင်းတို့ နှစ်ယောက်မှာ ကြောင်အမ်းအမ်းဖြစ်၍ နေကြသေးသည်။

ခေတ္တမျှငေးကြောင်နေပြီးမှ စကားပြောဖြစ်ကြသည်။ ပြောမိသည်ကလည်း နှစ်ယောက်ပြိုင်တူ ...

"ကျောင်းပိယောင် ... ဘာဖြစ်သွားသေးလဲ"

"ကျန်းယိမင်း ... ထိမိ ခိုက်မိသေးလား"

နှစ်ယောက်သား ပြောမိကြသည့် စကားများကလည်း စကားအသုံးအနှုန်းချင်းသာ လွဲသည်။

စိုးရိမ်စိတ်ဖြင့် စူးစမ်းမေးမြန်း မှုသဘော အခြေခံကတော့ အတူတူပင် ဖြစ်သည်။



သည်အဖြစ်မျိုးကြုံရပြန်ပြီဟု တွေးကာ နှစ်ယောက်သား ပြုံးမိကြသည်။

ဤအဖြိုးလေးများသည် တင်းမာသလောက် ဖြစ်နေသော အခြေအနေကို ပြေငြိမ်းပျော့ပျောင်းသွားစေခဲ့သည်။

"ကျွန်မ ဘာမှမဖြစ်ပါဘူး၊ အခုလို ဝင်ကူညီပေးတာ ကျေးဇူးတင်ပါတယ်၊ ရှင်က ဘယ်လိုလုပ်ပြီး ဒီနေရာကို ရောက်လာတာလဲ"

ကျောင်းပိယောင်က မပြုံးတပြုံး အမူအရာလေးနှင့် ကျန်းယိမင်းကိုကြည့်ပြီး ပြောလိုက်သည်။

မိမိ ဤနေရာသို့ မည်သို့မည်ပုံ ရောက်လာရသည်ဆိုခြင်းကို ကျန်းယိမင်းအနေဖြင့် အပြောရ တော်တော်ခက်နေသည်။ အခြားလှည့်စားပြောစရာစကားကိုလည်း စဉ်းစား၍မရ။

ထို့ကြောင့် ကျောင်းပိယောင်မေးသည့်စကားကို မဖြေဘဲ အခြားအကြောင်းအရာတစ်ခုကိုသာ စကားလမ်းကြောင်း ပြောင်းလိုက်သည်။

ထိုအကြောင်းအရာမှာ သူ သိလိုနေသည့် ကိစ္စတစ်ခုလည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဒေါ်ယန်ဂျာရော ခင်ဗျားနဲ့အတူတူ ရှိနေလား"

ဤအမေးစကားကြောင့် ကျောင်းဝိယောင် မျက်လုံးလေး အဝိုင်းသား ဖြစ်သွားကာ ...

"ရှင်က ဒေါ်လေးယန်ဂျာနဲ့သိလို့လား"

"ဟိုလေ ... အဲ ... သူ့ကိုတော့ မသိပါဘူး၊ ဒါပေမဲ့ သူ့နာမည်ကိုတော့ ကြားဖူးနေလို့ပါ"

"ဘယ်လိုက ဘယ်လိုမျိုး ကြားဖူးတာလဲ"

"ဒေါ်ဒေါ်ယန်ကူက ပြောပြထားလို့ပါ၊ သူနဲ့ ညီအစ်မတော်တယ်တဲ့"

ယန်ဂျာသည် လိုဏ်ခေါင်းဂူလေးထဲမှ နေ၍ အပြင်ဘက်ရှိ အသံဗလံများကို နားစွင့်နေသည်ဖြစ်ရာ ကျောင်းဝိယောင်နှင့် ကျန်းယိမင်းတို့ နှစ်ယောက် ပြောဆိုကြသည့် စကားများကိုလည်း ကောင်းစွာ ကြားသိနေပေသည်။

မိမိအမည်ကို ကျန်းယိမင်းက ပြောဆိုမေးမြန်းလာသော အခါ ယန်ဂျာ စိတ်ဝင်စားမှု အတော်ရှိလာသည်။

ထို့နောက် ...

ကျန်းယိမင်းက ဒေါ်ဒေါ်ယန်ကူဟု ပြောလာသည့်အခါတွင်



တော့ ယန်ဂျာမှာ သိသိသာသာပင် စိတ်လှုပ်ရှား၍ လာခဲ့သည်။

သူမသည် အတွင်းအဏ္ဍ ပြင်းပြင်းထန်ထန် ရရှိထားသည်။

မိမိရရှိထားသော အတွင်းအဏ်ကို အချိန်တိုတိုနှင့် သက်သာပျောက်ကင်းရအောင် ကုသသည့်အနေဖြင့် ကျောင်းဝိယောင်ကို အတွင်းအား အထောက်အကူပေးရန် ပြောဆိုအကူအညီတောင်းခဲ့သည်။

ကျောင်းဝိယောင်၏ အတွင်းအားသည် ကဝိမနောအတွင်းအားဟု ထင်သောကြောင့် ယန်ဂျာက ဤသို့ အကူအညီတောင်းခဲ့ခြင်း ဖြစ်သည်။

အကယ်၍ ကျောင်းဝိယောင်သည် ကဝိမနောအတွင်းအား လေ့ကျင့်ရရှိထားခဲ့လျှင် ယန်ဂျာ၏ အတွင်းအဏ်ကုသမှုကို များစွာ အထောက်အကူပြုပေးနိုင်ပေမည်။

သို့သော် ကျောင်းဝိယောင်၏ အတွင်းအားသည် ကဝိမနော အတွင်းအားမဟုတ်သည်သာမက ကဝိမနောအတွင်းအားနှင့် ဆန့်ကျင်ဘက် မိစ္ဆာမနောအတွင်းအား ဖြစ်နေပေရာ ယန်ဂျာ၏ တွက်ကိန်း လွဲသွားခဲ့ရလေသည်။

ကျောင်းဝိယောင်၏အတွင်းအား ထောက်ကူနှိပ်နယ်ပေး

www.burmeseclassic.com

www.burmeseclassic.com



ခြင်္သေ့သည် ယန်ကျာ၏ အတွင်းဒဏ်ကို ပိုမို၍ပင် ဆိုးရွားသွားစေခဲ့သည်။

အသက်မဆုံးရှုံးရသည့်ကပင် ကံကောင်းလှသည်ဟု ဆိုရပေမည်။

ယန်ကျာမှာ အိပ်ရာမှပင် မထနိုင်တော့။

မူလရရှိထားခဲ့သော အတွင်းဒဏ်အပြင် နောက်ထပ် သွေးအဆိပ်ဖြစ်မှု ဝေဒနာကိုပါ ခံစားရသည်။

သွေးအဆိပ်ဖြစ်မှုဝေဒနာကို ကုသနိုင်ရန်အတွက် ဖြေဆေး ဖော်စပ်ရန် လိုအပ်သည့် နဂါးမောက်ဂမုန်းပင်နှင့် ကင်းသုံးကောင် အဆိပ်အံ့တို့ကို ရှာဖွေရန် ကျောင်းပိုင်ယောင်ကို စေလွှတ်လိုက်ရာမှ ကျန်းယိမင်း၊ ကုလေးတို့နှင့် ဆုံစည်းမိခဲ့ကြခြင်း ဖြစ်သည်။

ကုလေး ရောက်ရှိလာသောအခါ ယန်ကျာသည် မိမိအတွက် သေနေ့စေ့ပြီဟူ၍သာ မှတ်ယူလိုက်သည်။

ကျောင်းပိုင်ယောင်၏ သိုင်းပညာသည် အတော်လေး အစွမ်းထက်သော်လည်း ကုလေးကိုတော့ ပြိုင်ဘက်မဟုတ်ကြောင်း ယန်ကျာ ကောင်းကောင်းသိသည်။

မိမိနှင့်အတူရောစ၍ ကျောင်းပိုင်ယောင်ပါ ကုလေး၏ ရက်



စက် ကြမ်းကြုတ်လှသာလက်ချက် အမိခံရကာ ကြမ္မာဆိုးကြုံရမည်ကိုသာ စိတ်မကောင်း ဖြစ်နေရလေသည်။

အသက်လုပွဲအတွက် တိုက်ခိုက်မှုတွင် အရေးရှုံးနိမ့်အံ့ဆဲဆဲ၌ မမျှော်လင့်သော အကူအညီ ရောက်ရှိလာကာ ကုလေး ထွက်ပြေးသွားရသည့်အတွက် ယန်ကျာမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသလို ပါဝင်ကူညီပေးထားသည့် ကျန်းယိမင်းဆိုသော လူငယ်လေးမှာ ညီမယန်ကူနှင့် ဆက်စပ်ပတ်သက်နေသူတစ်ယောက်ဖြစ်ကြောင်း သိရပြန်သောအခါ အတိုင်းမသိအောင် ပျော်ရွှင်၍လာရသည်။

ယန်ကျာ၏ စိတ်အစဉ်သည် တိုတောင်းလှသော အချိန်ပိုင်းလေးအတွင်း စိတ်ပျက်အားလျော့မှု၊ ဝမ်းသာအားတက်မှု၊ ကျေနပ်ပျော်ရွှင်မှု စသည့်ခံစားမှုများလည်း ထူးကဲပြင်းထန်စွာ ခံစားရကာ အလှုပ်ရှားကြီး လှုပ်ရှားခဲ့ရသည်။

ကျန်းမာရေးအခြေအနေကောင်းမွန်နေသူတစ်ဦးတစ်ယောက်ပင်လျှင် ဤသို့သော ဆန့်ကျင်ဘက် စိတ်လှုပ်ရှားမှုများ ဆက်တိုက်ဖြစ်လျှင် သွေးတိုးမြင့်လာခြင်း၊ နှလုံးခုန်မြန်လာခြင်း စသည့် ဝေဒနာကိုပါ ခံစားနေရလေသော ယန်ကျာမှာမူ ဆိုဖွယ်ရာမရှိတော့ပေ။

ရင်တဒိန်းဒိန်းခုန်ကာ ခြေဖျားလက်ဖျားတွေ အေးစက်လာ

www.burmeseclassic.com

www.burmeseclassic.com



လျှက် ခေါင်းထဲတွင် မိုက်ခနဲဖြစ်ကာ သတိလစ် မေ့မြောသွားလေတော့သည်။

✣

ကျောင်းပိယောင်မှာလည်း ယန်ဂျာပြောပြထားသည့်အတွက် ယန်ကူ၏အမည်ကို သိနေသည်။

ယန်ဂျာနှင့် ယန်ကူတို့ ညီအစ်မနှစ်ယောက် ပြန်လည်ဆုံစည်းရလေအောင် ကြိုးစားစုံစမ်း ဆက်သွယ်ပေးလိုသောဆန္ဒလည်း ရှိနေခဲ့သည်။

"အဲဒီ ဒေါ်လေးယန်ကူ ဘယ်မှာရှိတယ်ဆိုတာ ရှင်သိလား"

ကျောင်းပိယောင်က အားတက်သရောပင် မေးသည်။

"ဟာ ... သိတာပေါ့၊ ကျွန်တော်တို့ အတူတူနေကြတာပဲ၊ ဒေါ်ဒေါ်ယန်ဂျာကိုလည်း ကျွန်တော်တွေ့ချင်တယ် ... တွေ့လို့ရမလား"

"သိပ်ရတာပေါ့၊ လာ ... ကျွန်မနဲ့လိုက်ခဲ့"

ကျောင်းပိယောင်နှင့် ကျန်းယိမင်းတို့ နှစ်ယောက်လုံးမှာ



သိုင်းလောကအတွေ့အကြုံ နည်းပါးလှသူတွေဖြစ်ရာ ဤနေရာကို ရန်သူကြီးက ရှာဖွေသိရှိသွားပြီမို့ အမြန်ဆုံး နေရာပြောင်း ခြေရာဖျောက်ဖို့ လိုအပ်သည်ဆိုခြင်းကို မစဉ်းစားမိကြ။

ကျန်းယိမင်းက ယန်ဂျာကို ဆက်သွယ်တွေ့ရှိရသည့်အတွက် ဝမ်းသာနေသလို ကျောင်းပိယောင်ကလည်း ယန်ကူနှင့်ပတ်သက်သည့် တိကျခိုင်မာသော သတင်းအဆက်အသွယ်ရရှိပြီဟု ပျော်ရွှင်နေသည်။

ဂုလေး၏အန္တရာယ် အချိန်မရွေး ကျရောက်လာနိုင်သည်ဆိုခြင်းကိုပင် မတွေးမိကြတော့ပါ။

ကျောင်းပိယောင်၏ ရှေ့ဆောင်မှုဖြင့် နှစ်ယောက်သား လိုဏ်ခေါင်းလိုဏ်ဂူလေးထဲသို့ ခပ်သုတ်သုတ် ဝင်လာကြသည်။

"ဒေါ်လေးညီမ ရှိနေတဲ့နေရာကို သိရပြီ ဒေါ်လေးရေ"

လိုဏ်ခေါင်းလိုဏ်ဂူထဲသို့ ခပ်သုတ်သုတ် ဝင်ရောက်လာရင်း ကျောင်းပိယောင်က အားရဝမ်းသာပင် ပြောလိုက်သေးသည်။

ပြီးတော့ ယန်ဂျာလဲလျောင်းလျက်ရှိသည့်နေရာသို့ ချဉ်းကပ်သည်။

အလှေအကျင့်မရှိသော ကျင်းယိမင်းမှာ လိုဏ်ခေါင်းလိုဏ်

www.burmeseclassic.com

www.burmeseclassic.com



ဂူလေးထဲရှိ အားနည်းဖျော့တော့လှသော အလင်းရောင် ဝိုးတဝါး လေးတွင် ဘာကိုမျှ မမြင်မတွေ့နိုင်။

အထဲသို့ပင် မဝင်ရောက်နိုင်ဘဲ လိုဏ်ဂူအဝနားတွင်သာ စမ်းတဝါးဝါးနှင့်ယောင်လည်လည်ဖြစ်၍ နေလေ၏။

ယန်ဂျာသည် ခါတိုင်းလိုပင် အတွင်းဒဏ်ကြောင့် မလှုပ်မ ရှားနိုင်ဘဲ လဲလျောင်းနေသည်ဟု အစတွင် ကျောင်းပိယောင် ထင်နေ ခဲ့သည်။

သို့သော် ... အနားသို့ တိုးကပ်ရောက်ရှိသွား၍ ယန်ဂျာ လုံးဝ မလှုပ်မယှက်ဘဲရှိကာ လှုပ်နိုး၍လည်း ဘာမျှ တုံ့ပြန်မှုမပြု သောအခါ အသက်သေဆုံးသွားလေပြီလားဟုပင် စိုးရိမ်ပူပန်သွား သည်။

“ကျန်းယိမင်း ... ဒေါ်လေး ဘာဖြစ်နေလဲ မသိဘူး၊ လာ ကြည့်ပါဦး”

ကျောင်းပိယောင်က ကျန်းယိမင်းကို အားကိုးတကြီးဝင် လှမ်းခေါ်သည်။

အလွန်အားနည်းဖျော့တော့သော အလင်းရောင်တွင် ကျင့် သားမရသည့်အတွက် ဘာကိုမျှ သဲသဲကွဲကွဲ မမြင်နိုင်သော်လည်း



ကျန်းယိမင်းသည် ကျောင်းပိယောင်၏အသံ ပေါ်လာရာဘက်သို့ မှန်းဆကာ အမြန်ဆုံး ချဉ်းကပ်သွားသည်။

လိုဏ်ခေါင်းလိုဏ်ဂူလေးထဲတွင် ပစ္စည်းပစ္စယ များများ စားစားမရှိ။

ကျောင်းပိယောင်က ပြောင်စင်အောင် လှည်းကျင်းထား သည့် အတွက် ခလုတ်တိုက်စရာလည်း ဘာမျှမရှိ။

ထို့ကြောင့် ကျန်းယိမင်းသည် မမြင်မစမ်းနှင့် ပြေးသွားခြင်း ဖြစ်သော်လည်း ဘာနှင့်မျှ မတိုက်မိဘဲ ကျောင်းပိယောင်၏အနီးသို့ ရောက်ရှိသွားလေသည်။

ယန်ဂျာနှင့် ကျောင်းပိယောင်တို့ကို ဝင်မတိုက်မိသည်က တော်သေးသည်ဟု ဆိုရပေမည်။

အားနည်းဖျော့တော့သော မပီဝိုးတဝါး အလင်းရောင်တွင် ကျင့်သားရကာ မြင်နိုင်တွေ့နိုင်နေသည့် ကျောင်းပိယောင်က အနီး သို့ရောက်လာသော ကျန်းယိမင်းကို အသာဆီး၍ လက်ဖြင့်ကိုင်ကာ ကိုယ်ရှိန်သတ်ပေးလိုက်ရသည်။

ကျန်းယိမင်းက ယန်ဂျာကို စမ်းသပ်ကြည့်သည်။

ဝိုးတဝါးအလင်းရောင်တွင် ကျင့်သားရကာ အနော်အသင့်

www.burmeseclassic.com

www.burmeseclassic.com



မြင်နိုင်တွေ့နိုင်သော ကျောင်းပိယောင်က အနားမှတိုင်နေလျက် ပိုးတဝါးအလင်းရောင်တွင် ကျင့်သားမရသည့်အတွက် ဘာမှမမြင်နိုင်သော ကျန်း ယိမင်းက စမ်းတဝါးဝါးနှင့် စမ်းသပ်ကြည့်ရှုပေးနေခြင်း ဖြစ်သည်။

ဤသို့ မဆီမလျော်ဖြစ်ရသည့်ကိစ္စအတွက် ကျောင်းပိယောင်ကို အပြစ်ဆို၍လည်း မသင့်ပေ။

ယန်ကျာ မလှုပ်မယှက်နှင့် သတိလစ်မေ့မြောနေသည်ကို တွေ့ရသောအခါ ကျောင်းပိယောင်မှာ အလွန်ပင် ထိတ်လန့်တုန်လှုပ်ကာ ကျန်းယိမင်းကို အားကိုးတကြီး လှမ်းခေါ်ခဲ့ရာ ကျန်းယိမင်းကလည်း ကျောင်းပိယောင်၏ အကူအညီတောင်းမှုကို လျင်မြန်စွာလာရောက်ဖြည့်ဆည်း ကူညီပေးလိုက်သည့် အကြောင်းတိုက်ဆိုင်မှုသာလျှင် ဖြစ်ပေတော့သည်။

စမ်းသပ်ကြည့်သည်ဆိုရာတွင်လည်း ကျန်းယိမင်းသည် ဆေးပညာ နားလည်တတ်ကျွမ်းသူ မဟုတ်သည့်အတွက် အထွေအထူး စမ်းသပ်စစ်ဆေးမှုများတော့ မလုပ်တတ်ပါ။

မလုပ်နိုင်ပါ။

လက်ကောက်ဝတ်မှ သွေးတိုးမှုအခြေအနေ စမ်းသပ်ကြည့်



ခြင်း၊ နှလုံးခုန်နှုန်း စမ်းကြည့်ခြင်း၊ အသက်ရှူမှုအခြေအနေ နားထောင်ကြည့်ခြင်း စသည်တို့ကိုသာ ပြုနိုင်သည်။

သွေးတိုးမှု စမ်း၍မရ။

နှလုံးခုန်နှုန်းလည်း စမ်း၍မရ။

ယန်ကျာ အသက်သေဆုံးသွားလေပြီလားဟုပင် ကျန်းယိမင်း ဇွေးတောစိုးရိမ်လာရသည်။

သို့ရာတွင် အသက်ငွေ့ငွေ့ကလေး ရှူထုတ်လိုက်မှုကို သိရှိခံစားရသည့်အတွက် ကျန်းယိမင်း အားတက်လာသည်။

လက်ကောက်ဝတ်ကို ခပ်တင်းတင်းဆုပ်ကိုင်ကာ သွေးတိုးမှုအခြေအနေကို သေသေချာချာ စမ်းသပ်ကြည့်သည်။

အလွန်အားနည်းလှသော သွေးတိုးမှုလေးကို စမ်းမိသလိုလို ထင်သည်။

ပို၍အားစိုက်ကာ ဆုပ်ကိုင်စမ်းသပ်ကြည့်ပြန်သည်။

သိပ်မသေချာမရေရာ။

ယန်ကျာ၏လက်ဝဲဘက် ရင်ဘတ်ပေါ် လက်ဝါးဖြင့် ခပ်နာနာ ဖိနှိပ်လျက် နှလုံးခုန်နှုန်းကို စမ်းကြည့်ပြန်သည်။ အားနည်းလျှော့တော့လှသော နှလုံးခုန်မှုကို စမ်းမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပို၍ သေချာစေရန် လက်ဝါးကိုဖိကာ စမ်းကြည့်၏။ နှလုံးခုန်လာတာကတော့ သေချာပြီ။

သို့သော် နှလုံးခုန်မှုသည် အတော်ပင် အားနည်း၍နေသည်။

ယန်ဂျာ၏ လက်ကောက်ဝတ်ကို ခပ်တင်းတင်း ဆုပ်ကိုင်စမ်းကြည့်ပြန်သည်။

လက်ကောက်ဝတ်တွင် သွေးတိုးနေမှုကို စမ်းမိသည်။ ပုံမှန်အနေအထားမျိုးတော့မဟုတ်။

အားနည်းသည်။

သာမန်စမ်းကြည့်ရုံနှင့် မသိနိုင်။

လက်ကောက်ဝတ်နေရာကို ခပ်တင်းတင်းအားစိုက်ကာ ဆုပ်ကိုင်ကြည့်မှသာ အားနည်းဖျော့တော့လှသော သွေးတိုးမှုအနေအထားကို သိရှိနိုင်ခြင်း ဖြစ်သည်။

ကျန်းယိမင်းသည် ရှေးနည်းအတိုင်းပင် ယန်ဂျာ၏နှလုံးခုန်မှုကို စမ်းသပ်ကြည့်ပြန်သည်။

နှလုံးခုန်မှုအခြေအနေသည် ပုံမှန်ထက်များစွာ အားနည်းနေးကွေးနေသေးသည်။



သို့သော် ...

စောစောက စမ်းကြည့်ခဲ့မှုနှင့် စာလျှင်တော့ အတော်လေးကောင်းမွန်၍လာသည်ကို တွေ့ရသည်။

ထို့ပြင် စောစောက ခပ်ငွေ့ငွေ့ကလေးမျှသာ ရှိနေလေသော အသက်ရှူမှုကလည်း အတော်ကောင်းမွန်လာသည်။

ကျန်းယိမင်း အားတက်၍လာသည်။

ထို့ကြောင့် ယန်ဂျာ၏ လက်ကောက်ဝတ်ကို ခပ်တင်းတင်းဆုပ်ကိုင်ကာ သွေးတိုးမှုကို စမ်းကြည့်လိုက်၊ ရင်ဘတ်ပေါ် လက်ဝါးကပ်ကာ ဖိနှိပ်၍ နှလုံးခုန်နှုန်းကို စမ်းကြည့်လိုက်၊ အသက်ရှူမှုအခြေအနေကို နားထောင်ကြည့်လိုက်နှင့် ဆက်လက်ပြုလုပ်၍နေသည်။

ယန်ဂျာ၏အခြေအနေ တဖြည်းဖြည်းချင်း တိုးတက်ကောင်းမွန်လာရာ ကျန်းယိမင်းမှာလည်း ပို၍ပင် စိတ်အားတက်ကြွလာသည်။

ကျန်းယိမင်း၏ စိတ်အာရုံဟူသမျှတို့သည် ယန်ဂျာ့အပေါ်တွင်သာ စူးစိုက်ကျရောက်၍ နေကြသည်။

သွေးတိုးမှုကိုစမ်းသပ်သောအခါ ကျန်းယိမင်း၏ စိတ်အာရုံ

www.burmeseclassic.com

www.burmeseclassic.com



များသည် ယန်ဂျာ၏ လက်ကောက်ဝတ်ဆီသို့ စုစည်းကာ ရောက်နေကြသလို နှလုံးခုန်မှုကို စမ်းကြည့်သောအခါတွင်လည်း ကျန်းယိမင်း၏ စိတ်အာရုံ အဝဝတို့သည် ယန်ဂျာ၏ လက်ဝဲ ရင်ဘတ်ပေါ်သို့သာ အပြည့်အဝ စူးစိုက်၍ နေကြသည်။

ဤသို့ဖြင့် ...

ကျန်းယိမင်း၏ စမ်းသပ်ကြည့်နေမှုတို့သည် ယန်ဂျာကို အတွင်းအားဖြင့် နှိပ်နယ်ထောက်ကူပေးသည့် သဘောမျိုး ဖြစ်၍နေသည်။

သို့သော် စည်းစနစ်ကျနခြင်းတော့ မရှိပါ။

✣

ကျန်းယိမင်းသည် ယန်ကူ၏ ပြောဆိုသင်ပြပေးမှုကြောင့် ကဝိမနော့အတွင်းအားကျင့်စဉ်ကို လေ့ကျင့်တတ်မြောက်နေသည်။

ကျန်းယိမင်း၏ စိတ်အာရုံစူးစိုက်မှုသည် သူ့ကိုယ်ထဲရှိ ကဝိမနော့ အတွင်းအားများကို သိပ်သည်းကျစ်လျစ်စွာ စုစည်းအသုံးချသလို ဖြစ်နေသည်။



ကဝိမနော့ အတွင်းအားသည် သန့်စင်မှန်ကန်သောအတွင်းအားမျိုး ဖြစ်ပေရာ အတွင်းဒဏ်များကို ကုသရာတွင် အလွန်ပင် ထိရောက်အသုံးဝင်ကြည့်လှသည်။

အကယ်၍ ကျန်းယိမင်းကသာ စည်းစနစ်ကျကျ နည်းလမ်းမှန်မှန်နှင့် ပြုစုကုသပေးမည်ဆိုပါက ယန်ဂျာသည် ချက်ချင်းလိုလိုပင် သတိပြန်ရလာကာ အတွင်းဒဏ်လည်း အတော်အသင့် သက်သာသွားမည် ဖြစ်သည်။

ယခု ကျန်းယိမင်း၏ လုပ်ဆောင်နေမှုတို့သည် အလသသသ တော့မဖြစ်ပါ။

ယန်ဂျာကို ချက်ချင်း သတိပြန်ရလာအောင် မစွမ်းဆောင်နိုင်သော်လည်း အသက်အန္တရာယ်ရန်မှတော့ ကင်းလွတ်သွားအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ယန်ဂျာ၏ ကိုယ်ခန္ဓာအတွင်း၌ အတွင်းအားများနှင့် သွေးလေလည်ပတ်မှု လမ်းကြောင်းတွေ မှားယွင်းရှုပ်ထွေး၍နေပေရာ အကယ်၍ ကျန်းယိမင်း၏ ပြုလုပ်ပေးမှုသာ မရှိလျှင် နှလုံးခုန်ရပ်ဆိုင်းလျက် အသက်သေဆုံးသွားနိုင်ပေသည်။

ကျန်းယိမင်း၏ လုပ်ဆောင်မှုများသည် ယန်ဂျာအား

www.burmeseclassic.com

အသက်အန္တရာယ် ကျရောက်ရမည့်ဘေးမှ လတ်တလော ကင်းလွတ်ရလေအောင် အရေးပေါ် အသက်ကယ်ကုသပေးသည့်သဘောမျှသာ ဖြစ်နေပေသည်။

ကျောင်းဝိယောင်မှာမူ ယန်ကျာသင်ပြပေးထားသောကြောင့် အတွင်းအားဖြင့် ထောက်ကူကုသပေးရသည့် နည်းလမ်းများကို တတ်ကျွမ်းသည်။

သို့ရာတွင် ဤသို့ ထောက်ကူ ကုသပေးမှုကြောင့် ယန်ကျာ၏ အခြေအနေ ပိုမိုဆိုးရွားသွားခဲ့သည့်အဖြစ် ပေါ်ပေါက်ခဲ့ပေရာ ကျောင်းဝိယောင်သည် မိမိတတ်သိထားသည့် အတွင်းအား ထောက်ကူ ကုသပေးသည့် နည်းလမ်းများကို ကျန်းယိမင်းအား သင်ပြပေးခြင်း မပြုခဲ့ပါ။

မကြာမီမှာပင် ယန်ကျာ၏ သွေးတိုးမှုနှင့် နှလုံးခုန်မှု အခြေအနေများ အတော်ပင် ကောင်းမွန်၍လာသည်။

သတိတော့မရသေးပေ။

ကျန်းယိမင်းနှင့် ကျောင်းဝိယောင်တို့ နှစ်ယောက်မှာ ဘာလုပ်ကြရမည်မသိ။

စိုးရိမ်ပူပန်၍သာ နေကြလေသည်။



ကျန်းယိမင်းနှင့် ကျောင်းဝိယောင်တို့နှစ်ယောက် ဘာလုပ်ရမည်မှန်းမသိ ဖြစ်နေကြသည့်အချိန်တွင် ကုလေးကတော့ လုပ်စရာရှိသည်များကို ဆက်တိုက်ပင် ပြုလုပ်၍နေပေသည်။

မြွေဆိုးတစ်ထောင် တောင်ကြားသို့ အမြန်ဆုံး ပြန်သည်။ ရွာကြီးသို့ရောက်သည်နှင့် မိမိအထူးလေ့ကျင့် သင်ကြားပေးထားသော လူသတ်သိုင်းသမားများကို ဆင့်ခေါ်ပြီး ကျောင်းဝိယောင်တို့ နိုအောင်းနေရာ လိုဏ်ခေါင်းလိုဏ်ဂူလေးမှ ထွက်ခွာရာလမ်းကြောင်း အသီးသီးတွင် လူဖြန့်၍ ကျောင်းဝိယောင်တို့အား ခြေရာခံ ရှာဖွေစေသည်။

နိုအောင်းနေသည့် နေရာကို မိမိက သိရှိခဲ့ပြီဖြစ်ရာ ယန်ကျာတို့လူစုသည် ချက်ချင်းပင် နေရာပြောင်းရွှေ့ကာ ရှောင်တိမ်းသွားကြလိမ့်မည်ဟု ကုလေးက တွက်ဆသည်။

ထို့ကြောင့် လိုဏ်ခေါင်းလိုဏ်ဂူလေးမှ ထွက်ခွာနိုင်သည့် လမ်းကြောင်းအသီးသီးကိုသာ အဓိကအရေးထားပြီး ပိတ်ဆို့ရှာဖွေစေခဲ့သည်။

လိုဏ်ခေါင်းလိုဏ်ဂူလေးထဲသို့ကား လောလောဆယ် ဝင်ရောက်ရှာဖွေခြင်း မပြုပေ။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းယိမင်းနှင့် ကျောင်းပိယောင်တို့နှစ်ယောက်မှာ သိုင်းလောက အတွေ့အကြုံမရှိသူများမို့ မိမိတို့ ခိုအောင်းနေသည့် နေရာကို ရန်သူသိရှိသွားသည့်အခါ ချက်ချင်းပင် ထွက်ခွာရှောင်တိမ်းကြရမည်ဆိုသည့် ရိုးစင်းလှသည့် နည်းပရိယာယ်ကလေးကိုမျှ မသိဘဲ သတိလစ်မေ့မြောနေသည့် ယန်ဂျာအတွက်သာ စိုးရိမ်တကြီးဖြင့် ဤနေရာမှ မထွက်ခွာနိုင်ဘဲ ရှိနေကြခြင်းကြောင့် ကံကောင်းထောက်မသွားသည်ဟု ဆိုရပေမည်။

သိုင်းလောက အတွေ့အကြုံရှိသူ ယန်ဂျာမှာလည်း သတိလစ်မေ့မြောနေခဲ့ရာ ကျန်းယိမင်းတို့အား ဤနေရာမှ အမြန်ဆုံးရှောင်တိမ်းထွက်ခွာရန် ပြောဆိုသတိပေးနိုင်ခြင်း မရှိတော့ပေ။

ကုလေး စေလွှတ်လိုက်သည့် လူသတ်သိုင်းသမားများမှာ ကျောင်းပိယောင်တို့လူစု၏ခြေရာကို ဘယ်လိုမှ ရှာ၍မရဘဲ လိုဏ်ခေါင်းလိုဏ်ဂူလေး၏ အနီးဝန်းကျင်တွင်သာ ယောင်လည်လည်ဖြစ်၍ နေကြလေတော့သည်။

ကျောင်းပိယောင်တို့တစ်တွေ ဘယ်ပုံဘယ်နည်း ရှောင်တိမ်းထွက်သွားကြလေသနည်းဟု ကုလေးအနေဖြင့် မတွေးတတ်အောင်ပင် ရှိနေရပေတော့သည်။



ယန်ဂျာသည် အတွင်းအား နက်ရှိုင်းကောင်းမွန်သော သိုင်းပညာရှင်တစ်ယောက် ဖြစ်သည်။

ကျန်းယိမင်း၏ စမ်းသပ်နှိပ်နယ်ပေးမှုများကလည်း အတွင်းအား ထောက်ကူပေးသည့်သဘောမျိုး ဖြစ်နေရာ ကိုယ်ခန္ဓာအတွင်း အတွင်းအား သွေးနှင့်လေတို့ လည်ပတ်မှု ချောမွတ်ကောင်းမွန်လာပြီးနောက် အချိန်အနည်းငယ်အကြာတွင် သတိပြန်၍ ရလာလေသည်။

အတွင်းဒဏ်ပြင်းပြင်းထန်ထန်ရထားမှု မသက်သာ မပျောက်ကင်းသေးသော်လည်း အသက်ပင် သေအံ့မူးမူးဖြစ်နေခဲ့သည့် စောစောကနှင့်စာလျှင် အခြေအနေ ကောင်းမွန်လာပြီဟု ဆိုရပေမည်။

"အခု ဒေါ်လေးတို့ ဘယ်ရောက်နေကြပြီလဲ"

သတိပြန်ရလာသည်နှင့် ယန်ဂျာက မေးသည်။

မိမိတို့ ခိုအောင်းနေကြသည့်နေရာကို ကုလေး ရှာဖွေတွေ့ရှိသွားပြီဖြစ်သည့်အကြောင်း ယန်ဂျာ သိခဲ့ရပြီးမှ သတိလစ်မေ့မြောသွားခဲ့ပေရာ ကျောင်းပိယောင်နှင့် ကျန်းယိမင်းတို့က မိမိကို ခေါ်ဆောင်၍ မူလနေရာမှရှောင်တိမ်းထွက်လာကြသည်ဟု ယန်ဂျာက

www.burmeseclassic.com

www.burmeseclassic.com



ယူဆကာ ယခုလို မေးလိုက်ခြင်း ဖြစ်သည်။

"ကျွန်မတို့ ဘယ်ကိုမှ ရောက်မနေကြပါဘူး ဒေါ်လေးရဲ့၊ လိုဏ်ခေါင်းလှိုဏ်ဂူလေးထဲမှာပဲ ရှိနေကြတာပါ၊ ဒေါ်လေး သတိရလာပြီနော်"

ကျောင်းဝိယောင်က ပြန်ပြောသည်။

ယန်ဂျာ ပြန်လည်သတိရလာသည့်အတွက် ကျွန်းယိမင်းရော၊ ကျောင်းဝိယောင်ပါ ဝမ်းသာ၍နေကြလေသည်။

ကျောင်းဝိယောင်၏ ပြောစကားမှာ ယန်ဂျာအတွက် အံ့အားသင့်စရာ ဖြစ်နေပေသည်။

ရန်သူက မိမိတို့ ခိုအောင်းနေသည့် နေရာကို ရှာဖွေတွေ့ရှိသွားပါလျက် ထိုနေရာမှ ရှောင်တိမ်းမသွားဘဲ နေမြဲတိုင်း နေထိုင်နေခြင်းမှာ အန္တရာယ် အလွန်များလှသလို ထိုသို့ နေမြဲတိုင်း နေပါလျက် ရန်သူ၏ လာရောက်ရန်ပြုခြင်း မခံရဘဲ ဘေးကင်းရန်ကင်း ရှိနေမှုမှာလည်း ထူးခြား၍ နေပေသည်။

အံ့ဩစရာ ဖြစ်နေပေသည်။

"ဒေါ်လေး သတိလစ်နေတာ ဘယ်လောက်ကြာပြီလဲ"

ယန်ဂျာက မေးလိုက်သည်။



"တစ်နာရီလောက်တော့ ရှိနေပါပြီ"

ကျောင်းဝိယောင်က ပြန်ဖြေသည်။

ဤနေရာသည် မြေခိုးတစ်ထောင် တောင်ကြားရွာကြီးနှင့် နီးကပ်လှသည့်အပြင် ကုလေး၏ လက်မြန်ခြေမြန်နှင့် သွက်လက်စွာ လုပ်ဆောင်တတ်ပုံကို သိထားသည့်အတွက် ယန်ဂျာအနေဖြင့် ယခု ထက်တိုင် ကုလေး၏ လက်ပါးစေများ လာရောက် ဝိုင်းဝန်းတိုက်ခိုက်ခြင်း မခံရသေးမှုကို မတွေးတတ်အောင်ပင် ဖြစ်နေရသည်။

လိုဏ်ခေါင်းလှိုဏ်ဂူလေး တည်ရှိရာနေရာ၏ အနီးဝန်းကျင်ကို ပတ်ပတ်လည် ဝန်းရံထားလျက် မိမိတို့ အပြင်သို့ ထွက်လာသည်နှင့် ဝိုင်းညှပ်တိုက်ခိုက်ရန် အသင့်စောင့်ဆိုင်းနေကြခြင်း ဖြစ်မည်လား ဟူ၍သာ စဉ်းစားရပေတော့သည်။

ကုလေးသည် ဘာမျှမလုပ်ဘဲ သည်အတိုင်း လက်ပိုက်ကာ ကြည့်နေမည်တော့ မဟုတ်ပါ။

"ဒေါ်လေးတို့ ဒီမှာ ရှိနေတယ်ဆိုတာ ညီမလတ်သိသွားပြီ၊ ဒီတော့ ဒီနေရာမှာ ဆက်နေလို့ မဖြစ်တော့ဘူး၊ တခြား တစ်နေရာရာကို ပြောင်းရွှေ့ဖို့ လိုအပ်နေပြီ"

ယန်ဂျာက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် ကျွန်တော်တို့ ပုန်းအောင်းနေတဲ့နေရာကို လိုက်ခဲ့ပါလား။ အဲဒီမှာ ဒေါ်ဒေါ်ယန်ကူလည်း ရှိနေပါတယ်"

ကျွန်းယိမင်းက ဝင်ပြောသည်။

"မင်းတို့က ဘယ်မှာ ပုန်းအောင်းနေကြတာလဲ"

"သိုလှောင်ရုံပျက်ကြီးထဲမှာပါ"

သိုလှောင်ရုံပျက်ကြီးကို ယန်ကျာသိသည်။ ခိုအောင်းနေရန် သင့်လျော်သည့် နေရာကောင်းတစ်ခုဖြစ်ရာ ယန်ကူ၏ စိတ်ကူးကောင်းမှုကို ချီးမွမ်းမိသည်။

"အင်း ...နေရာကောင်းတစ်ခုပဲ"

ယန်ကျာက ခေါင်းညိတ်ကာပြောသည်။

ကလေး၏ စိတ်ကူးကောင်းပုံကို ချီးမွမ်းသည့်အနေဖြင့် ခေါင်းညိတ်ပြောဆိုခြင်း ဖြစ်သော်လည်း ကျောင်းဝိယောင်နှင့် ကျွန်းယိမင်းတို့ကမူ ထိုနေရာသို့ပြောင်းရွှေ့ရန် သဘောတူသည်ဟု နားလည်လိုက်ကြသည်။

"ဒါဆို သွားကြစို့ ဒေါ်ဒေါ့်ကို ကျွန်တော် ဖေးမပွေ့ချီ ခေါ်ခဲ့ပါ့မယ်"

ကျွန်းယိမင်းက ယန်ကျာကို ဖေးမထူပွေ့မည် ပြုသည်။



"ဟာ ... နေဦး နေဦး ... အရမ်းသွားလို့ မဖြစ်ဘူး"

"ဟင် ... ဘာကြောင့်လဲ၊ ဒေါ်ဒေါ်အနေနဲ့ လှုပ်လှုပ်ရှားရှား လုပ်လို့ မရသေးလို့လား"

အန္တရာယ်အခြေအနေကို နားမလည်သော ကျောင်းဝိယောင်က အရိုးခံအတိုင်း မေးမြန်းသည်။

"မဟုတ်ဘူး ... အစ်မလတ်ရဲ့လူတွေက ငါတို့ကို ဝန်းရံထားပြီး စောင့်ကြည့်နေကြတာ ဖြစ်ချင်ဖြစ်နိုင်တယ်၊ အရမ်းထွက်သွားရင် သူတို့ရဲ့ထောင်ချောက်ထဲ တန်းပြီး ဝင်သွားနိုင်တယ်"

"ဒီလိုဆိုရင် ဒေါ်ဒေါ်နဲ့ ကျောင်းဝိယောင် ဒီမှာနေရစ်ခဲ့ကြပါ၊ ကျွန်တော် အခြေအနေကို ထွက်ပြီး စုံစမ်းကြည့်မယ်"

ပြောပြောဆိုဆို ကျွန်းယိမင်းသည် လှစ်ခနဲ ပြေးထွက်သွားရာ ယန်ကျာမှာ တားဆီးရန်ပင် အချိန်မရလိုက်ပေ။

"ဒီကောင်လေး တယ်လည်းအတင့်ရဲတာကိုး ... တကယ်လို့ အစ်မလတ်ရဲ့လူတွေ ဝန်းရံစောင့်ကြည့်နေတာနဲ့ ဝင်တိုးမိရင် ဒုက္ခပဲ"

ယန်ကျာက စိုးရိမ်စိတ်ဖြင့် ရေရွတ်လိုက်သည်။

"ကျွန်းယိမင်းက ပြေးလွှားလှုပ်ရှားတဲ့နေရာမှာ ပေါ့ပါး

www.burmeseclassic.com

www.burmeseclassic.com



သွက်လက်ပြီး သိပ်မြန်တယ်၊ သူ့ကို မမြင်နိုင်အောင်လည်း ပုန်းတတ် ကွယ်တတ်တယ်၊ သူ့အတွက် သိပ်စိုးရိမ်မနေပါနဲ့ ဒေါ်လေး”

ကျောင်းဝိယောင်က ဖြေသိမ့်စကား ပြောကြားသည်။

“တူမကြီးနဲ့ အဲဒီကောင်လေး ကျန်းယိမင်း၊ ဘယ်လိုတွေ့ဆုံ သိကျွမ်းခဲ့ကြတာလဲ”

ဤတွင် ကျောင်းဝိယောင်က မိမိနှင့် ကျန်းယိမင်းတို့ တွေ့ဆုံခဲ့ကြရသည့်အကြောင်းများကို ယန်ကျာအား ပြောပြသည်။

နဂါးလှိုင်းစီး သိုင်းပညာကို ကျန်းယိမင်း ကောင်းမွန်ကျွမ်းကျင်စွာ တတ်မြောက်ထားကြောင်း သိရလေသောအခါ ယန်ကျာ မျက်မှောင်ကြုတ်သွားသည်။

✣

မကြာမီပင် ကျန်းယိမင်း ပြန်ရောက်လာသည်။ ယန်ကျာနှင့် ကျောင်းဝိယောင်တို့က ကျန်းယိမင်းအား အခြေအနေကို ဆီး၍ မေးကြည့်ကြသည်။

“ဒေါ်ဒေါ်ထင်တာ မလွဲဘူး ... ဒီလိုဏ်ဂူလေးရဲ့ ပတ်လည်



အနီးဝန်းကျင်တစ်ဝိုက်မှာ လူအတော်များများ ဝန်းရံစောင့်ကြည့်နေကြတယ်”

ကျန်းယိမင်းက မိမိတွေ့ရှိခဲ့ရသည်ကို ပြန်ပြောပြ၏။

“သိုင်းသမားတွေလားဟင်”

ကျောင်းဝိယောင်က မေးသည်။

“မပြောတတ်ဘူး၊ အချို့လည်း လက်နက်ပါတယ်၊ အချို့လည်း မပါဘူး၊ ရုပ်ရည်အမူအရာတွေကတော့ အတော် ကြမ်းတမ်းကြမယ့်ပုံတွေပဲ”

ကျောင်းဝိယောင်နှင့် ကျန်းယိမင်းတို့သည် ယန်ကျာကို ကြည့်လိုက်ကြသည်။

ယခုလို အရေးကိစ္စများနှင့်ပတ်သက်၍ အတွေ့အကြုံမရှိကြသည့်အတွက် အတွေ့အကြုံရင့်ကျက်ပြည့်ဝသော ယန်ကျာ၏သဘောထားကို သိလိုကြသောကြောင့် ဖြစ်သည်။

ယန်ကျာကလည်း အလေးအနက်ပင် စဉ်းစား၍နေသည်။

အခြေအနေကတော့ ရင်မအေးစရာ။

ယခုလောလောဆယ် ဘေးကင်းနေသည် ဆိုနိုင်သော်လည်း အန္တရာယ်များ အချိန်မရွေးကျရောက်၍ လာနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပိုင်ယောင်နှင့် ကျန်းယိမင်းတို့သည် သိုင်းပညာများ မဆိုးကြပါ။

သိုင်းကွက်အချို့ကို ထူးထူးချွန်ချွန် တတ်မြောက်ထားကြသည်။

သို့သော် သူတို့နှစ်ယောက်လုံးသည် သိုင်းသမားတွေ မဟုတ်ကြ။

အတွေ့အကြုံကလည်း နုနယ်လွန်းသည်။ အဆင့်မြင့်သိုင်းပညာတွေ တတ်မြောက်ထားပြီး အတွေ့အကြုံရှိသော မိမိမှာလည်း အတွင်းအား ရနေပေရာ ရန်သူကို ရင်ဆိုင်တိုက်ခိုက်ရန် မဆိုထားဘိ မိမိကိုယ်မှ မိမိအနိုင်နိုင်။

ရင်ဆိုင်နေကြရသည့်ရန်သူကလည်း သာမန်မဟုတ်။ တကယ် ရက်စက်ကြမ်းတမ်းလှသည့် ဘီလူးအဖွဲ့၏လူသတ်သိုင်းသမားတွေ။

ဤရန်သူများနှင့် ရင်ဆိုင်တိုက်ခိုက်ရလျှင် အရေးနိမ့်အကျိုးနည်းစရာသာ ရှိသည်။

ယန်ဂျာမှာ အတွင်းအား ပြင်းပြင်းထန်ထန် ရရှိထားပေရာ ဦးနှောက်ကို အလုပ်ပေး၍ အလေးအနက်စဉ်းစားခြင်းမျိုးလည်း



သိပ်မလုပ်နိုင်ပေ။

ယခုလောက်စဉ်းစားရသည်နှင့်ပင် စိတ်ရှုပ်ထွေးကာ ခေါင်းထဲတွင် နောက်ကျိုပြီး သတိပြန်၍ဆစ်လုမတတ် ဖြစ်လာသည့်အတွက် စဉ်းစားမှုကို ရပ်နားကာ မှိန်း၍ နေလိုက်ရသည်။

ကျောင်းပိုင်ယောင်နှင့် ကျန်းယိမင်းတို့နှစ်ယောက် တစ်ယောက် မျက်နှာတစ်ယောက်ကြည့်လိုက်မိကြသည်။

အတွင်းအား ပြင်းပြင်းထန်ထန်ရထားသော ယန်ဂျာအနေဖြင့် အကြံထုတ်ကာ စဉ်းစားခြင်းမပြုသင့်ကြောင်း သူတို့နားလည်သွားကြပြီ။

ယန်ဂျာ ပြောပြခဲ့၍ ဤလိုဏ်ခေါင်းလိုဏ်ဂူလေးမှ အမြန်ဆုံး ရှောင်တိမ်းထွက်သွားဖို့ အလွန်အရေးကြီးကြောင်းလည်း သိသည်။

✣

"ကျွန်မတို့ ဘာလုပ်ကြမလဲ"

ကျောင်းပိုင်ယောင်က ကျန်းယိမင်းကို မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလို ကျောင်းပိယောင်က အားကိုးတကြီးမေးလိုက်သည့် အချိန်တွင် ကျန်းယိမင်း၏ ခေါင်းထဲ၌ အကြံကောင်းတစ်ခု လက်ခနဲ ပေါ်လာသည်။

အတော်တော့ စွန့်စားရမည့် အကြံဖြစ်သည်။

စိမ်းလဲ့ရေတံခွန် တောအုပ်ထဲတွင် ယန်ကူကို ကျော့ပိုးကာ ရန်သူများအန္တရာယ်မှ ရှောင်တိမ်းခဲ့ရပုံကို သတိရကာ ယခုလို အကြံ ရခြင်း ဖြစ်သည်။

ယခုလည်း ယန်ကျာနှင့် ကျောင်းပိယောင်တို့နှစ်ယောက်ကို ဖေးမထမ်းပိုးကာ သစ်ပင်များ တစ်ပင်မှတစ်ပင်ကူး၍ ထွက်ပြေး သွားမည် ကြံသည်။

လိုဏ်ခေါင်းလိုဏ်ဂူလေး၏ အနီးဝန်းကျင်ရှိ သစ်ပင်များ သည် စိမ်းလဲ့ရေတံခွန် တောအုပ်ထဲမှ သစ်ပင်များလောက် ထူထပ် သိပ်သည်းခြင်း မရှိလှသော်လည်း တစ်ပင်နှင့်တစ်ပင် သိပ်တော့ အလှမ်းမကွာဝေးကြပါ။

အကိုင်းချင်း ယှက်နေကြသည့် နေရာအများအပြားရှိသည်။

ကျန်းယိမင်းထံတွင် လက်စွဲတော် ကြိုးခွေလည်း ပါရှိနေ သည်။



နွားအကြောဖြင့် ပြုလုပ်ထားသည့် ကြိုးဖြစ်သောကြောင့် ကြိုးလုံး သေးသွယ်ပေ့ါပါးသလောက် အလွန်ခိုင်ခန့်သည်။

ကြိုးအရှည်ကတော့ ပေငါးဆယ်ခန့် ရှိသည်။

ကြိုးစတစ်ဖက်တွင် ချိတ်ကောက်လေးတစ်ခု တပ်ထားရာ သစ်ကိုင်းများကို ကြိုးဖြင့်လှမ်းပစ်၍ ချိတ်ဆွဲရစ်ပတ်နိုင်သည်။

သစ်ပင်တစ်ပင်မှတစ်ပင် ခုန်လွှားကူးသန်းရာတွင် များစွာ အသုံးကျသည့် အထောက်အကူပစ္စည်းဖြစ်ပေသည်။

သစ်ပင်တက်မှုနှင့် တစ်ပင်နှင့်တစ်ပင် ခုန်လွှား ကူးသန်းမှု တို့တွင် ကျွမ်းကျင်ပိုင်နိုင်သော ပင်ကိုစွမ်းရည်ရှိသည့်အပြင် တိမ်မီးခိုး ကိုယ်ပျောက်ပညာကိုလည်း တတ်မြောက်ထားပြီဖြစ်ရာ ယန်ကျာနှင့် ကျောင်းပိယောင်တို့ကို ဖေးမသယ်ပိုးကာ ခေါ်သွားနိုင်လိမ့်မည်ဟု ကျန်းယိမင်းက ယုံကြည်လေသည်။

ကျန်းယိမင်းက မိမိ၏စိတ်ကူးအကြံအစည်ကို ယန်ကျာနှင့် ကျောင်းပိယောင်တို့အား ထုတ်ဖော်ပြောပြလိုက်သည်။

"ဖြစ်ပါ့မလား ကျန်းယိမင်းရယ် ... ဒေါ်လေးကိုရော၊ ကျွန် မကိုရော ရှင်ချီပိုးပြီး ဝန်းရံထားတဲ့ ရန်သူမသိအောင် ထွက်သွားနိုင်ပါ့ မလား"

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပိယောင်က စိုးရိမ်ဟန်ဖြင့် မေးမြန်းသည်။

"ဒါကတော့ စွန့်စားရမှာပေါ့ ကျောင်းပိယောင်ရာ၊ ဒီလို စွန့်စား ထွက်မသွားဘဲ ဒီနေရာမှာနေပြီး သူတို့ လာသတ်တာ ခံရမလား"

ကျန်းယိမင်းပြောသည်ကလည်း ဟုတ်နေသည်။

လွတ်မြောက်နိုင်မည့် အခြားနည်းလမ်းများ ရှာကြံစဉ်းစား၍ မရနိုင်သည့် ယခုလိုအခြေအနေတွင် ကျန်းယိမင်း၏အကြံအစည်သည် အကောင်း ဆုံးပင် ဖြစ်နေပေသည်။

ထို့ကြောင့် ဤအကြံအစည်အတိုင်းလုပ်ဆောင်ရန်သဘောတူလိုက်ကြလေတော့သည်။

ကျန်းယိမင်းက ယန်ဂျာနှင့် ကျောင်းပိယောင်တို့အား 'တိမ်မီးခိုး ကိုယ်ပျောက်ပညာ' ၏ နည်းလမ်းများနှင့် ပရိယာယ်လှည့်စားကွက်များအကြောင်း ရှင်းလင်းပြောပြသည်။

ကျောင်းပိယောင်သည် တောထဲတောင်ထဲတွင် တစ်ယောက်တည်း ခရီးလှည့်လည် သွားလာခဲ့မှု အတွေ့အကြုံများစွာရှိပြီး လျင်မြန်စွာ လှုပ်ရှားမှု၊ မျက်ကွယ်ယူမှု၊ ပုန်းအောင်းမှု စသည်တို့တွင် ကျွမ်းကျွမ်းကျင်ကျင် ရှိသည်။



ဤသို့သော အခြေခံများရှိသည့်အတွက် ကျန်းယိမင်း ပြောပြသည့် တိမ်မီးခိုးကိုယ်ပျောက်ပညာ၏နည်းလမ်းအချို့ကို နားလည်သွားသည်။

ပရိယာယ်များ၊ လှည့်စားကိုယ်ယောင်ဖျောက်ကွက်များ စသည်တို့ကိုမူ အတော်များများ တတ်သိသွားလေ၏။

ယန်ဂျာမှာမူ အတွင်းဒဏ် အပြင်းအထန်ရထားသည့်အတွက် ကျန်းယိမင်းပြောပြသည်များကိုပင် သိပ်အာရုံစိုက်နားထောင်ခြင်း မပြုနိုင်။

တိမ်မီးခိုးကိုယ်ပျောက်ပညာနှင့်ပတ်သက်၍ သဘောမျှလောက်သာလျှင် သိရှိရုံသိရှိရသည်။

ထို့နောက် လိုဏ်ခေါင်းလိုဏ်ဂူမှ ထွက်ခွာရန် ပြင်ဆင်လုပ်ဆောင်ကြလေတော့သည်။

ကျန်းယိမင်းသည် ကလိုင်ခေါင်းလိုဏ်ဂူ၏အနီးအနားရှိ သစ်ပင်များမှ သစ်ကိုင်းသစ်ခက်များကို ချိုးယူသည်။

မိမိဝတ်ဆင်ထားသော သစ်ရွက်စိမ်းဝတ်စုံနှင့် သစ်ရွက်စိမ်းဦးထုပ်တို့ကို ကျောင်းပိယောင်အား ပေးအပ်ဝတ်ဆင်စေသည်။

သူကိုယ်တိုင်နှင့် ယန်ဂျာတို့အတွက်မူ ချိုးယူလာသော

www.burmeseclassic.com

www.burmeseclassic.com



သစ်ကိုင်း၊ သစ်ခက်၊ သစ်ရွက်များဖြင့် အရေးပေါ် သစ်ရွက်စိမ်းဝတ်စုံနှင့် ဦးထုပ်များ ပြုလုပ်ဝတ်ဆင်သည်။

အရေးပေါ် ပြုလုပ်ထားသည်များသည် ကျန်းယိမင်း၏ မူလသစ်ရွက်စိမ်းဝတ်စုံနှင့် သစ်ရွက်စိမ်းဦးထုပ်များလောက် သေသပ်ကောင်းမွန်ခြင်းမရှိသော်လည်း ပုံဖျက်နိုင်ရန်တော့ အတော်လေး အထောက်အကူပြုပေးသည်။

ယန်ကျာကို ကျန်းယိမင်းက ကျောတွင်လွယ်ပိုးသည်။ ပြုတ်၍ ကျမသွားရလေအောင် အဝတ်စရှည်များဖြင့် ခိုင်မြဲစွာ သိုင်းချည်သည်။

ဤသို့ စီမံပြင်ဆင်မှုများ၊ အသေအချာ ပြုလုပ်ပြီးနောက် သုံးယောက်သား လိုဏ်ခေါင်းလိုဏ်ဂူလေးထဲမှ အသာထွက်လာခဲ့ကြသည်။

အချိန်မှာ ညဥ့်သန်းခေါင်ကျော်ပြီး အရုဏ်တက်ရန်လည်း အတော်လိုသေးသည့်အခါ ဖြစ်သည်။

ညဥ့်၏ အမှောင်မိုက်ဆုံးနှင့် အတိတ်ဆိတ်ဆုံးသော အချိန်အပိုင်းအခြားတစ်ခုဟူ၍ ဆိုနိုင်ပါသည်။

လကလည်း ဝင်သွားသည်။



ကောင်းကင်တွင် ကြယ်တာရာတို့၏ မလင်းတလင်း ဝိုးတဝါးအလင်းရောင်သာ ရှိတော့သည်။

မြေပြင်တွင်မူ အမှောင်ထုသည် သိပ်သည်းစွာပင် ကြီးစိုး၍ နေပေသည်။

ကျန်းယိမင်းတို့သည် လိုဏ်ခေါင်းလိုဏ်ဂူလေးထဲမှ အသာထွက်လာခဲ့ကြသည်။

ယန်ကျာသည် လိုဏ်ခေါင်းလိုဏ်ဂူလေးထဲတွင် အလွန် အားနည်းဖျော့တော့လှသည့် အလင်းရောင်ကလေးဖြင့် နေထိုင်လာခဲ့သည့်အချိန် အတော်ကြာမြင့်ပြီး မျက်စိလေ့ကျင့်မှု ရှိနေလေရာ မလင်းတလင်း ကြယ်ရောင်မှေးမှေးမှိန်မှိန်လေးတွင် မပီဝိုးတဝါး မြင်နိုင်တွေ့နိုင်စွမ်း ရှိနေသည်။

ကောင်းမွန် ထင်ရှားစွာ မြင်ရတွေ့ရခြင်း မရှိသော်လည်း အမှောင်ထုတွင် ဘာကိုမျှ မမြင်နိုင်သည့်သူများထက် စာလျှင်တော့ မပီဝိုးဝါး မြင်နေရမှုက အနည်းငယ်သာလွန်သည်ဟု ဆိုနိုင်သည်။

ကျောင်းဝီယောင်က ကျန်းယိမင်းအား လမ်းပြ၍ ပေးနိုင်သည်။

ကျန်းယိမင်းက ကျောင်းဝီယောင်၏လက်မောင်းကို အသာ

www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးဖြင့်တို့ကာ ကပ်လျက်ရှိသည့်အပင်သို့ ကူးသွားမည်ဖြစ်ကြောင်း အချက်ပြပြောကြားသည်။

လျှို့ဝှက် တိတ်ဆိတ်စွာ လှုပ်ရှားသွားကြရမည်ဖြစ်ရာ ပါးစပ်မှ ဘာမျှပြောရန်မလိုဘဲ အသံတိတ် အချက်ပြပြောဆိုမှုများကိုလည်း ကြိုတင်၍ ပြုလုပ်ထားခဲ့ကြပြီး ဖြစ်သည်။

ကျန်းယိမင်းတို့ ထိုသစ်ပင်ပေါ်မှတစ်ဆင့် အကိုင်းချင်းယှက်၍နေသော အခြားသစ်ပင်ပေါ်သို့ ကူးသွားကြသည်။

ကျောင်းဝိယောင်သည် သစ်ပင်တက်ရာတွင် အတော်လေးတတ်သိကျွမ်းကျင်သော်လည်း သစ်ပင်တစ်ပင်မှတစ်ပင်သို့ ကူးသန်းသွားမှုတွင်တော့ အလေ့အကျင့်မရှိ၊ အတွေ့အကြုံမရှိ၊ တတ်ကျွမ်းခြင်းလည်း မရှိ။

ထို့ကြောင့် ကျန်းယိမင်းက ကျောင်းဝိယောင်ကို ဘယ်ဘက်လက်ဖြင့် ပွေ့ဖက်၍ ထိန်းခေါ်သွားရသည်။

တိမ်မီးခိုးကိုယ်ပျောက်ပညာဆိုသည်မှာ အမှန်တကယ်ကိုယ်ပျောက်သည့်အတတ်ပညာတော့ မဟုတ်ပါ။

လျင်မြန်သွက်လက်စွာနှင့် ပရိယာယ်ကြွယ်ဝစွာ ခြေသံလုံလုံဖြင့် နေရာပြောင်းရွှေ့လှုပ်ရှားလျက် တစ်ဖက်သူများ မျက်စိ



မှောက်၍ ကြည့်၍မမြင်၊ ရှာ၍မတွေ့အောင် ဖန်တီးလုပ်ဆောင်လှည့်စားသည့် ပညာရပ်တစ်ခုသာ ဖြစ်သည်။

အဆင့်မြင့် ကိုယ်ဖျောက်ကွက်များနှင့် ရိုးစင်းသော်လည်း ဗိရိသေသပ်လှသည့် ပရိယာယ်ဆင်ကွက်များပေါ်တွင် အခြေခံသည်။

ကျန်းယိမင်းသည် တိမ်မီးခိုးကိုယ်ပျောက်ပညာကို အတော်ပင် အဆင့်မြင့်မြင့် တတ်မြောက်နေပြီဖြစ်ရာ ကိုယ်ဖျောပညာစွမ်းလည်း အလွန်ပင် ကောင်းမွန်နေသည်။

ယန်ကျာကို ကျောလွယ်ချိပိုးပြီး ဘယ်လက်ဖြင့် ကျောင်းဝိယောင်ကို ဖက်တွဲခေါ်လာရသည့်တိုင် လှုပ်ရှားသွားလာမှုများတသွက်လက်နေသည်။

စိမ်းလဲ့ရေတံခွန် တောအုပ်ထဲတွင် ကျက်စားခဲ့စဉ်က အခြေအနေထက်ပင် ပိုမို လျင်မြန်စွာ လှုပ်ရှားနိုင်ခဲ့သည်။

တစ်ဖက် သစ်ပင်ပေါ်သို့အရောက် မည်သို့မျှ အခက်အခဲမရှိဘဲ ကူးသွားနိုင်ခဲ့သည်။

ပွဲဦးထွက် အဆင်ပြေချောမောသည်မို့ စိတ်ဓာတ်များတက်ကြွလာကြသည်။

သစ်ပင်တစ်ပင်မှ တစ်ပင်သို့ ဤနည်းအတိုင်း ဆက်လက်၍

www.burmeseclassic.com

www.burmeseclassic.com



ကူးသန်းသွားနေကြသည်။

✣

ကျွန်းယိမင်းသည် ယန်ကျာကို ကျောတွင် ချိုပိုးကာ ကျောင်းဝိယောင်ကို ဘယ်လက်ဖြင့် ပွေ့ဖက်တွဲခေါ်လျက် သစ်ပင်များ တစ်ပင်မှတစ်ပင် ခုန်လွှားကူး၍ သွားနေသည်။

အကိုင်းချင်း ယှက်နေသည့် သစ်ပင်များကိုပင် သစ်ကိုင်းများကို ခိုတွဲကာကူးလာနိုင်သော်လည်း အကိုင်းချင်း ယှက်နေခြင်းမရှိသော သစ်ပင်များကိုမူ နွယ်သားရေဖြင့်ပြုလုပ်ထားသည့် လက်စွဲတော်ကြိုးခွေကို သုံးကာ ကူးသန်းရသည်။

ကျွန်းယိမင်း၏ ပွေ့ဖက်ခေါ်ဆောင်မှုကိုခံရသော ကျောင်းဝိယောင်မှာ ရှက်စနိုးဖြင့် စိတ်လှုပ်ရှားကာ ရင်လည်း အနည်းငယ်ဖို၍ နေသည်။

ကျွန်းယိမင်းမှာလည်း မူလကပင် ကျောင်းဝိယောင်အပေါ် စိတ်ဝင်စားမှု ရှိနေခဲ့သူဖြစ်ရာ ယခုလို မိမိစိတ်ဝင်စားနေသော မိန်းမပျိုလေးကို ပွေ့ဖက်ထားရသောအခါ အမှန်ပင် စိတ်လှုပ်ရှားစရာ



ဖြစ်သည်။

လူချင်းမှာလည်း ပူးပူးကပ်ကပ်နှင့်ရှိ၍နေသည် မဟုတ်ပါလား။

သို့ရာတွင် ရန်သူတို့ ဝန်းရံထားမှုကြားမှ ထိုးဖောက်ကာ အလွတ်ရုန်းထွက်နေရသည့် အလွန်အရေးကြီးလှသော အချိန်အခါမို့ ကျွန်းယိမင်းသည် စိတ်မလှုပ်ရှား အာရုံမထွေပြားရလေအောင် စိတ်ကို ချုပ်တည်းထားသည်။

ဝန်းရံစောင့်ကြည့်နေကြသူများ မရိပ်မိရလေအောင် အတတ်နိုင်ဆုံး တိတ်ဆိတ်ငြိမ်သက်စွာနှင့် သွက်လက်မြန်ဆန်စွာ လှုပ်ရှားသွားလာနိုင်ရေးကိုသာ အဓိကအာရုံစူးစိုက်ကာ လုပ်ဆောင်နေလေသည်။

ကျွန်းယိမင်းသည် စောစောတုန်းက တစ်ယောက်တည်း အပြင်သို့ထွက်၍ အခြေအနေကို စူးစမ်းခဲ့ရာ ဝန်းရံထားကြသူများ ရှိနေရာကို ကြိုတင်လေ့လာထားသလိုမျိုး ဖြစ်ပေရာ ရှောင်ရ တိမ်းရ ဖြတ်ကျော်ရသည့်အခါ အဆင်ပြေ ချောမောနေသည်။

ရှေးဦးပိုင်းတွင် မည်သည့်အခက်အခဲ ပြဿနာမှ မတွေ့ရ
ပေ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

လိုဏ်ခေါင်းလှိုဏ်ဂူမှ ထွက်လာခဲ့ပြီး ကွမ်းတစ်ရာ ညက်မျှလောက် အကြာတွင်မှ ...

✢

ကျွန်းယိမင်းတို့ အခက်အခဲတစ်ခုကို စတင်ရင်ဆိုင်ရတော့သည်။

နေရာမှာ ...

လိုဏ်ခေါင်းလှိုဏ်ဂူနှင့် သိုလှောင်ရုံ ပျက်ကြီးတို့၏အကြား ခရီးတာ၏ ထက်ဝက်လောက်ဖြစ်သည်။

စမ်းချောင်းလေးတစ်ခုကလည်း ရှိနေသည်။ သိပ်တော့ မကျယ်ပါ။

တစ်ဖက်ကမ်းမှ အခြားတစ်ဖက်ကမ်းသို့ ပေတစ်ရာသာသာမျှသာ ရှိသည်။

ရေလည်း သိပ်မနက်။ ဖြတ်ကူးမည်ဆိုပါက အလွယ်တကူ ကူးသွားနိုင်သည်။



သို့သော် အေးအေးဆေးဆေး ဖြတ်ကျော်ကူးသွားလို့ မဖြစ်နိုင်သည့် အခြေအနေက ရှိနေသည်။

တစ်ဖက်ကမ်းတွင် သိုင်းသမားနှစ်ယောက် ရှိနေသည်။ မီးပုံတစ်ခုလည်း ဖိုထားသည်။

တစ်ယောက်က မီးပုံဘေးနားတွင် လဲလျောင်းကာ အိပ်နေပြီး တစ်ယောက်က ငုတ်တုတ်ထိုင်နေ၏။

တစ်ယောက်က ကင်းစောင့်ကာ တစ်ယောက်က အိပ်စက်နေကြခြင်း ဖြစ်သည်။

ထိုစမ်းချောင်းလေးကို ဤနေရာမှသာ ဖြတ်ကူးလို့ အဆင်ပြေသည်။

ဤနေရာတွင် စမ်းချောင်းက သိပ်မကျယ်။

ရေစီးလည်း အညင်သာဆုံး။

ရေလည်း အတိမ်ဆုံး။

ကျန်နေရာများတွင်တော့ ရေနက်သည်။ ကမ်းပါးစောက်သည်။ ချောင်းမျက်နှာပြင် ကျယ်ဝန်းသည်။ ရေစီးကြမ်းသည်။

ကျောက်စွန်းကျောက်ဆောင် ပေါများသည်။

ဖြတ်ကူးရန် ခက်ခဲသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်လူများသည် တကယ့်နေရာကောင်းတွင် ကင်းချောင့်ကြည့်နေကြခြင်း ဖြစ်သည်။

မီးပုံမှအလင်းရောင်သည် ချောင်းရေပြင်ပေါ်သို့ ကျရောက်နေရာ ရေပြင်တွင် ပုန်းခိုစရာနေရာကလည်း မရှိသည့်အတွက် ချောင်းဖြတ်ကူးလျှင် မုချမသွေ မြင်နိုင်တွေ့နိုင်မည် ဖြစ်သည်။

ပြီးတော့ မည်မျှ အသံလုံအောင် လှုပ်ရှားသည်ဖြစ်စေ၊ စမ်းချောင်းကို ဖြတ်ကူးသောအခါ ရေသံများကတော့ အနည်းနှင့်အများ ပေါ်ထွက်မည်သာ။

ဤနေရာတွင် ပရိယာယ်ကို စနစ်တကျ ပိပိရိရိ အသုံးချဖို့ အထူးလိုအပ်နေသည်။

ပိရိသေသပ်သော ပရိယာယ်ဆင်ကွက် ပြုလုပ်ကာ လှည့်စားနိုင်မှသာ စမ်းချောင်းကို ဖြတ်ကူးလို့ရမည်။

မဟုတ်လျှင် စောင့်ကြည့်နေသည့် သိုင်းသမားနှစ်ယောက်၏ အန္တရာယ်စက်ကွင်းမှ မည်သို့မျှ လွတ်နိုင်မည်မဟုတ်။

လုံးဝလှုပ်ရှား အသံထွက်ခြင်းမပြုဘဲ ငြိမ်သက်စွာနေလျက် အခွင့်ကောင်းကြံသည်နှင့် ချောင်းကို အမြန်ဆုံးဖြတ်နိုင်ရန် အဆင်သင့်ပြင်ထား ဖို့ ကျန်းယိမင်းက ကျောင်းဝိယောင်အား အသံတိတ်



အချက်ပြ သတိပေးလိုက်သည်။

ထို့နောက် ကျန်းယိမင်း အမှောင်ထဲသို့တိုးဝင်ပျောက်ကွယ်သွား၏။

ချက်ချင်းလိုလိုပင် မလှမ်းမကမ်းဆီမှ ချောင်းကို ဖြတ်ကူးသည့်ရေသံများ ခပ်တိုးတိုး ပေါ်လာသည်။

"ဟိတ် ... ဘယ်သူလဲ"

ကင်းစောင့်နေသူသည် ပါးစပ်မှ အော်ဟစ်ပြောလျက် ထိုင်နေရာမှ ခုန်ထသည်။ လဲလျောင်းအိပ်စက်နေသူလည်း ငေါက်ခနဲ ထလာသည်။

မလှမ်းမကမ်းမှ ရေသံများ ပို၍ ကျယ်လာသည်။ ချောင်းကို အမြန်ပင် ပြေးလွှားဖြတ်ကူးနေဟန် တူသည်။

"ဘယ်သူလဲ ... အခု ရပ်"

တစ်ဖက်ကမ်းရှိ သိုင်းသမားနှစ်ယောက်သည် ထိုသို့ ရေသံများ ပေါ်ထွက်နေသည့် နေရာသို့ တစ်ဟုန်ထိုး ပြေးသွားကြသည်။

အခွင့်ကောင်းပေါ်ပြီမို့ ကျောင်းဝိယောင်သည်လည်း ပုန်းခိုနေရာမှထွက်ကာ စမ်းချောင်းကလေးကို အမြန်ဆုံး ဖြတ်ကျော်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပိယောင်ဖြတ်ကျော်သောအခါ ရေသံများ ဖြစ်ပေါ်ပါသည်။

သို့သော် ...

မလှမ်းမကမ်းမှ ပေါ်ထွက်နေသော ရေသံများက ပို၍ကျယ်လောင်ပေရာ ကျောင်းပိယောင် စမ်းချောင်းကိုဖြတ်ကျော်၍ ပေါ်ပေါက်လာသော ရေသံများသည် မလှမ်းမကမ်းမှ ထွက်ပေါ်နေသော ရေသံများအောက်တွင် ပျောက်ကွယ်၍နေသည်။

တစ်ဖက်ကမ်းရှိ သိုင်းသမားနှစ်ယောက် မလှမ်းမကမ်း ပေါ်ထွက်နေသောရေသံများဆီသို့သာ အာရုံရောက်၍ ဦးတည်ပြေးသွားနေကြပေရာ ကျောင်းပိယောင်ဖြတ်ကူး၍ ပေါ်ပေါက်လာသော ရေသံများကို အရေးတယူ မလုပ်နိုင်တော့ပေ။

"ငါ ဖြတ်ကူးရအောင်လို့ ကျန်းယိမင်းက ဟိုဘက်မလှမ်းမကမ်းမှာ ရေသံတွေ ပေါ်ထွက်နေအောင် သွားလုပ်ပြီး တစ်ဖက်ကမ်းကလူတွေ စိတ်အာရုံကို ဆွဲဆောင်နေတာကိုး"

ကျောင်းပိယောင်၏ စိတ်ထဲတွင် စဉ်းစားမိသည်။

မိမိအနေဖြင့် စမ်းချောင်းလေးကို အောင်မြင်စွာ ဖြတ်ကူးနိုင်ခဲ့သော်လည်း ကျန်းယိမင်းကတော့ အဆင်ပြေပါ့မလား။



တစ်ဖက်ကမ်းရှိ သိုင်းသမားများနှင့် ရင်ဆိုင်မိနေလျှင် အခက်ဟူ၍လည်း တွေးတောပူပန်မိသည်။

ကျန်းယိမင်းနှင့် တစ်ဖက်ကမ်းမှ သိုင်းသမားနှစ်ယောက် ရင်ဆိုင်မိကြလျှင် သွားရောက် ကူညီတိုက်ခိုက်ပေးနိုင်ရန် ကျောင်းပိယောင်က စိတ်ကူးကြံရွယ်ထားသည်။

ကျောင်းပိယောင်အနေဖြင့် သွားရောက်ကူညီတိုက်ခိုက်ပေးခြင်း မပြုနိုင်ခဲ့ပါ။

အဘယ်ကြောင့်ဆိုသော် ...

ကျောင်းပိယောင် တစ်ဖက်ကမ်းသို့အရောက်တွင် အသင့်စောင့်ကြိုနေလေသော ကျန်းယိမင်းနှင့် ပက်ပင်းဆုံမိလေသောကြောင့် ဖြစ်သည်။

ကျန်းယိမင်းက ကျောင်းပိယောင်ကို အသံတိတ်အချက်ပြကာ အနီးဆုံးသစ်ပင်ကြီးတစ်ပင်ပေါ်သို့ လှစ်ခနဲ တက်သွားရာ ကျောင်းပိယောင်မှာလည်း ဘာဘာညာညာ တွေးမနေနိုင်တော့။

ကျန်းယိမင်း၏နောက်မှ ထက်ကြပ်မကွာ တက်လိုက်ပါသွားရလေသည်။

တစ်ဖက်သိုင်းသမားနှစ်ယောက်မှာမူ ထိုနေရာ အနီးအနား

www.burmeseclassic.com

www.burmeseclassic.com



တစ်ဝိုက်တွင် ဒေါင်းတောက်အောင် ရှာဖွေရင်း ကျန်ရစ်ခဲ့ကြလေတော့သည်။

✣

မလှမ်းမကမ်းဆီမှ ပေါ်ထွက်လာသော ရေသံများသည် တစ်ဖက်သိုင်းသမားနှစ်ယောက်၏ စိတ်အာရုံကို ဆွဲဆောင် လှည့်စားနိုင်ရန် ကျန်းယိမင်းက ဖန်တီးခဲ့သည့် အသံများ ဖြစ်ပေသည်။

သို့သော် ထိုနေရာသို့ ကျန်းယိမင်းကိုယ်တိုင် အရောက်သွားကာ စမ်းချောင်းကို ဖြတ်ကူး၍ ပေါ်ပေါက်သည့် အသံများတော့ မဟုတ်ပါ။

ကျန်းယိမင်းသည် ခဲလုံးလေးများကို လှမ်းပစ်ပေါက်ကာ လူဖြတ်ကူးသည့်အခါ ပေါ်ပေါက်သည့်အသံမျိုး ဖြစ်အောင် ဖန်တီးခဲ့သည်။

ထိုအသံများ ပေါ်ထွက်လာအောင် ခဲလုံးငယ်များ လှမ်းပစ်ပေါက်ရင်း ကျန်းယိမင်းသည် စမ်းချောင်းလေးကို ဖြတ်ကူးလိုက်သည်။



ကျန်းယိမင်းသည် ပေ့ါပါးလျင်မြန်စွာ ပြေးလွှားလှုပ်ရှားနိုင်သော်လည်း ချောင်းရေကို အသံမမြည်စေဘဲ ဖြတ်ကူးသွားခြင်းမျိုးကိုတော့ မလုပ်ဆောင်နိုင်ပါ။

ကျန်းယိမင်း ဖြတ်ကူးသည့်အခါ ရေလှုပ်ရှားသံများ ဖြစ်ပေါ်လာသည်သာ။ သို့သော် အသံသိပ်မကျယ်သည်သာ ထူးခြားသည်။

ကျောင်းပိယောင် ဖြတ်ကူးသောအခါ ပေါ်ထွက်သည့် ရေလှုပ်ရှားသံလောက်ပင် မကျယ်ပေ။

ကျောင်းပိယောင်ရော တစ်ဖက်ကမ်းမှ သိုင်းသမား နှစ်ယောက်တို့ပါ မလှမ်းမကမ်းတွင် ပေါ်ပေါက်သည့်ရေသံများဆီသို့ အာရုံရောက်နေကြသည့်အတွက် ကျန်းယိမင်း ဖြတ်ကူးသည်ကို မမြင်ကြသလို ဖြတ်ကူးသံကိုလည်း သတိမထားမိကြပေ။

စမ်းချောင်းကို ဖြတ်ကူးလာသူ ကျောင်းပိယောင်သည် တစ်ဖက်ကမ်းတွင် အသင့်စောင့်ကြိုနေသော ကျန်းယိမင်းကို ဘွားခနဲ တွေ့မြင်ရ၍ အံ့အားတသင့် ဖြစ်နေသည့်နည်းတူ တစ်ဖက် သိုင်းသမားနှစ်ယောက်ကလည်း လူဖြတ်ကူးသည့်ရေလှုပ်ရှားသံ နှင့် ဆတ်ဆတ် သေသေချာချာကြားရပါလျက် လူကို ရှာမတွေ့ရသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဦးနှောက်ခြောက်ကာ အတွေးရခက်ပြီး အတော်ပင် ခွကျကုန်ကြလေတော့သည်။

ကျန်းယိမင်းတို့လူစု ဆက်လက်ခရီးနှင်ကြသည်။ များသောအားဖြင့် သစ်ပင်တစ်ပင်မှတစ်ပင်သို့ ခုန်ကူးကာ သွားကြခြင်း ဖြစ်သည်။

သစ်ပင်များ ကျဲပါးသည့်နေရာ ဒါမှမဟုတ် ခုန်ကူး၍ မဖြစ်လောက်အောင် သစ်ပင်တစ်ပင်နှင့်တစ်ပင် အလှမ်းကွာဝေးနေသောအခါများတွင်သာ လျှောက်လှမ်းသွားကြသည်။

တစ်ဖက်သိုင်းသမားများ စောင့်ကြည့်နေမှုများနှင့် ထိတွေ့ရင်ဆိုင်မှုများ နောက်ထပ်သုံးကြိမ် ဖြစ်ခဲ့လေသည်။

စမ်းချောင်းကို ဖြတ်ကူးခဲ့ရသည့် အခြေအနေလောက်တော့ အကျဉ်းအကျပ်မရှိ။

ကျန်းယိမင်းနှင့် ကျောင်းပိယောင်တို့သည် ပရိယာယ်များဆင်ကာ တစ်ဖက်လူများကို လှည့်စား၍ ဖြတ်ကျော်နိုင်ခဲ့ကြသည်။

ကျောင်းပိယောင်သည် ဖြတ်ထိုးဉာဏ်ကောင်းသော မိန်းကလေး တစ်ယောက်ဖြစ်ပေရာ တိမ်မီးခိုးကိုယ်ပျောက်ပညာ၏ ပရိယာယ်လှည့်စားကွက်များကို ကျန်းယိမင်းနှင့်အတူ ထိရောက်စွာ



အသုံးချနိုင်စွမ်းပင် ရှိလာခဲ့ပေသည်။

လမ်းတွင် တွေ့ကြုံရသော အတားအဆီး အခက်အခဲများကို ကျော်ဖြတ်ကာ သိုလှောင်ရုံပျက်ကြီးထဲသို့ နောက်ဆုံးတွင် ရောက်ရှိသွားကြသည်။

အချိန်က အရုဏ်တက်လုလု ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် စွန့်စားရသောခရီးကို အောင်မြင်ပြီးမြောက်ကာ လိုရာနေရာဆီသို့ရောက်လာကြပြီမို့ ကျန်းယိမင်းတို့လူစု အတော်ပင် စိတ်လက်ပေါ့ပါး ၍ သွားကြလေသည်။

ကျန်းယိမင်းသည် ကျောင်းပိယောင်ကို ဖက်ပွေ့တွဲခေါ်ထားရာမှ လက်လွှတ်ပေးလိုက်ပြီး ဖြစ်သည်။

ဤသို့ လက်လွှတ်ပေး လိုက်ပြီးခါမှပင် တစ်ဦးနှင့်တစ်ဦး ပွေ့ပွေ့ဖက်ဖက်ဖြင့် ပြေးလွှားလှုပ်ရှားခဲ့ရပုံများကို ပြန်လည်တွေးတောမိကြကာ ကျောင်းပိယောင်ရော ကျန်းယိမင်းပါ နှစ်ဦးလုံး စိတ်လှုပ်ရှားလာကြရသည်။

အမှုအရာမပျက်ရလေအောင်ထိန်းသိမ်းကာ ဣန္ဒြေဆောင်နေကြရသည်။

မည်သို့ပင် ဣန္ဒြေဆောင်ကာ ထိန်းသိမ်းကြစေ ...

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် စိတ်လှုပ်ရှားလျက် ရှက်သယောင်ယောင် ကြည်နူးသလိုလို ဖြစ်နေကြဟန်များ ပေါ်လွင်၍နေသည်။

ဤသည်ကို ကာယကံရှင်နှစ်ဦးက မရိပ်မိကြသော်လည်း ယန်ဂျာကတော့ အကဲခတ်မိသည်။

ယန်ဂျာ၏စိတ်ထဲတွင်တော့ ကျောင်းပိယောင်နှင့် ကျန်းယိမင်းတို့ တစ်ယောက်နှင့်တစ်ယောက် မေတ္တာမျှနေကြသည် ထင်သည်။

လိုက်ဖက်ညီသည့် စုံတွဲဟူ၍လည်း အောက်မေ့မိသည်။

စိတ်လှုပ်ရှားမှုကို ထိန်းသိမ်းနေရသော ကျန်းယိမင်းသည် စကားပင် သိပ်မပြော။

ယန်ကူခိုအောင်းနေထိုင်ရာ အခန်းဆီသို့သာ ရှေ့ရှု၍ သွားသည်။

ယန်ဂျာ ခိုအောင်းနေထိုင်ရာအခန်းသို့ ရောက်သောအခါ တွင်မူ ...

"ဟာ ... ဒုက္ခပဲ"

ကျန်းယိမင်းက အလန့်တကြား ရေရွတ်သည်။

"ဘာ ...ဘာဖြစ်လို့လဲဟင်"



ကျောင်းပိယောင်မှာလည်း ရင်ထဲ ထိတ်ခနဲဖြစ်ကာ မေး လိုက်သည်။

"ဒေါ်ဒေါ်ယန်ကူ မရှိတော့ဘူး"

ကျန်းယိမင်း၏အဖြေစကားသည် ယန်ဂျာကိုပါ တုန်လှုပ် သွားစေခဲ့သည်။

ယန်ဂျာမရှိတော့ဘူး ဆိုပါလား။

ဘယ်ရောက်သွားသနည်း။

ဘာဖြစ်သွားသနည်း။

✢ ✢ ✢

www.burmeseclassic.com

www.burmeseclassic.com



ပြန်ချိန်တန်ပါလျက် ကျန်းယိမင်း ပြန်ရောက်မလာသော အခါ ယန်ကူမှာ စိုးရိမ်ပူပန်၍ နေခဲ့သည်။

ကျန်းယိမင်းသည် အကြောင်းထူးမရှိဘဲနှင့် ကြန့်ကြာနေမည်မဟုတ်ကြောင်း ယန်ကူသိသည်။

အန္တရာယ်တစ်ခုခု ကြုံနေလေပြီလားဟုလည်း တွေးတောပူပန်မိသည်။

အချိန်ကြာမြင့်လာလေလေ ယန်ကူ၏ စိုးရိမ်ပူပန်မှုက ပို၍ ကြီးမားလာလေလေ ဖြစ်နေ၏။

ကျန်းယိမင်း အန္တရာယ်ကြုံနေနိုင်ကြောင်း တွေးထင်ချက်သည်လည်း ပို၍ ကြီးမားလာသည်။

ယန်ကူသည် သိုလှောင်ရုံပျက်ကြီးထဲမှ ထွက်ကာ ကျန်းယိမင်းကို လိုက်လံရှာဖွေကြည့်ဖို့ အကြိမ်ကြိမ်ပင် ကြံစည်စိတ်ကူး



ခဲ့သည်။

သို့သော် ထိုသို့ လိုက်လံရှာဖွေမှုသည် အကျိုးရှိဖို့ထက် အကျိုးယုတ်ဖို့က ပိုများကြောင်း နားလည်သည့်အတွက် စိတ်ကူးကို အကြိမ်ကြိမ်ပင် ပယ်ဖျက်ပစ်နေရသည်။

ယန်ကူသည် မိမိတို့ ခိုအောင်းနေထိုင်ရာ အခန်းထဲတွင်ပင် မနေနိုင်တော့။

သိုလှောင်ရုံပျက်ကြီး၏ အဝင်ဝနားသို့တိုင် ထွက်လာကာ ကျန်းယိမင်း ပြန်ရောက်အလာကို လည်တဆန့်ဆန့်ဖြင့် စောင့်မျှော်နေမိသည်။

တစ်ရေးမှပင် အိပ်စက်ခြင်းမပြု။ အိပ်ချင်စိတ်လည်း လုံးလုံး မရှိ။

စိုးရိမ်ပူပန်မှုဖြင့် စိတ်တွေပြား၍သာနေသည်။

ဤသို့ရှိနေခဲ့ရာမှ အရုဏ်တက်လုနီးသည့် အချိန်တွင် သိုလှောင်ရုံပျက်ကြီးရှိရာသို့ လျှင်မြန်သွက်လက်စွာ ချဉ်းကပ်လာကြသည့် လူရိပ်သဏ္ဌာန်များကို ယန်ကူမြင်ရသည်။

အလင်းရောင်မရှိသလောက် ဖြစ်နေသောကြောင့် မည်သူတွေ ဆိုသည်ကိုမူ သဲသဲကွဲကွဲ မမြင်ရ။

www.burmeseclassic.com

www.burmeseclassic.com



အရိပ်သဏ္ဍာန် လှုပ်ရှားမှုများကိုသာ မပီပိုးဝါး တွေ့မြင်ရခြင်း ဖြစ်သည်။

လူတစ်ယောက်တည်း မဟုတ်တာကတော့ သေချာသည်။

ဤနေရာသည် ရန်သူများ၏ အခြေစိုက်စခန်းတစ်ခုဖြစ်သော မြေဆိုးတစ်ထောင်တောင်ကြားနှင့် နီးကပ်လှပေရာ ရန်သူတို့ရောက်လာနိုင်သည့် အန္တရာယ်က အမြဲတမ်းပင် ရှိနေသည်။

အစဉ်မပြတ် သတိရှိနေဖို့လည်း လိုအပ်သည်။

ယန်ကူသည် အသံလုံးဝမထွက်။

တုတ်တုတ်လေးမျှပင် မလှုပ်။ ငြိမ်သက်စွာဖြင့် ပုန်းအောင်း၍ နေသည်။

အရိပ်သဏ္ဍာန်များ ထိုသို့လှောင်ရုံပျက်ထဲသို့ ဝင်ရောက်သွားကြသည်ကို ယန်ကူတွေ့ရသည်။

ထို့နောက် ခပ်အုပ်အုပ် စကားပြောကြသံများကို ကြားရသည်။

"ဟာ ... ဒုက္ခပဲ"

ကျန်းယိမင်း၏အသံလိုလို ယန်ကူထင်မိသည်။

သိပ်တော့ မသေချာ။



အာရုံစိုက်၍ ဆက်လက်နားထောင်နေသည်။

"ဘာ ... ဘာဖြစ်လို့လဲဟင်"

မိန်းမပျိုလေးတစ်ယောက်၏ မေးမြန်းသံ ပေါ်လာပြန်သည်။

ထို့နောက် ...

"ဒေါ်ဒေါ်ယန်ကူ မရှိတော့ဘူး"

ယခု ကြားရသည့်အသံမှာ ကျန်းယိမင်း၏အသံဖြစ်သည်ကိုတော့ ယန်ကူသေချာသွားပါပြီ။

မမှားနိုင်ပါ။

သို့သော် ကျန်းယိမင်းနှင့်အတူ မိန်းမပျိုတစ်ယောက် ပါရှိနေသည့်အတွက်တော့ ယန်ကူ အတွေးရခက်နေသည်။

ဤမိန်းမပျို မည်သူနည်း။

ကျန်းယိမင်းက ဘာကြောင့်များ အခြားလူတွေကို ဤနေရာသို့ ခေါ်လာရသနည်း။

ဤနေရာအကြောင်းကို သေသေချာချာ လျှို့ဝှက်ထားဖို့ လိုအပ်သည် မဟုတ်ပါလား။

ယန်ကူ၏စိတ်ထဲတွင် တွေးတောနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ကူသည် အခြေအနေမှန်ကို သိလိုသည့်ဆန္ဒ အလွန်ပင် ပြင်းပြ၍လာသည်။

ထို့ကြောင့် ပုန်းအောင်းနေရာမှ အသာထွက်ကာ ကျန်းယိမင်းတို့ရှိနေသည့် အခန်းဆီသို့ ခြေဖော့၍ တဖြည်းဖြည်းချင်း ချဉ်းကပ်၍လာခဲ့လေသည်။

သတိကြီးစွာထားကာ ခြေလှမ်းကို တစ်လှမ်းချင်း လျှောက်လှမ်းသွားရသည်မို့ သိပ်တော့ မြန်ဆန်ခြင်း မရှိလှပါ။

အခန်းနှင့် ခြေလှမ်းဆယ့်ငါးလှမ်းခန့်အကွာသို့ ရောက်သောအခါတွင် ...

"ကျွန်တော် ပြန်ရောက်မလာနိုင်တာကြောင့် ဒေါ်ဒေါ်ယန်ကူ စိတ်ပူပန်ပြီး အပြင်ထွက်သွားတာလား မသိဘူး၊ ကဲ ... ဒေါ်ဒေါ်ယန်ဂျာနဲ့ ကျောင်းဝိယောင်တို့ ဒီမှာ ခဏနေကြ၊ ကျွန်တော် ဒေါ်ဒေါ်ယန်ကူကို လိုက်ရှာကြည့်လိုက်ဦးမယ်"

ကျန်းယိမင်း၏စကားသံကို ယန်ကူ ကြားရပြန်သည်။

ကျန်းယိမင်းပြောလိုက်သည့် "ဒေါ်ဒေါ်ယန်ဂျာ"ဆိုသော စကားရပ်သည် ယန်ကူ၏စိတ်ကို များစွာ လှုပ်ရှားသွားစေသည်။

ယန်ကူသည် ခြေလှမ်းတစ်လှမ်းချင်း ဖြည်းဖြည်းနှေးနှေး



လျှောက်လှမ်းသွားခြင်း မပြုတော့။

အပြေးဝင်လာခဲ့ရာ တစ်ခဏအတွင်းမှာပင် ကျန်းယိမင်းတို့ ရှိနေသည့် အခန်းထဲသို့ ရောက်ရှိသွားလေတော့သည်။

✢

ကျန်းယိမင်းတို့ ရှိနေကြသည့် အခန်းထဲသို့ ယန်ကူအပြေးလေး ဝင်ရောက်လာသည်။

ကျန်းယိမင်းသည် ယန်ဂျာကို နောက်ကျောတွင် ချီပိုးထားရာမှ အခန်းကြမ်းပြင်ပေါ်ရှိ ယန်ကူ၏အိပ်ရာပေါ်တွင် သက်သောင့်သက်သာ လဲလျောင်းလျက်နေနိုင်အောင် ချထားပေးပြီးဖြစ်သည်။

လဲလျောင်းနေသော ယန်ဂျာ၏ဘေးတွင် ကျောင်းဝိယောင်က ထိုင်လျက်သား ရှိနေသည်။ ထိုအခန်းသည် မြေအောက်အခန်းဖြစ်သည်။

အလင်းရောင် ဝင်နိုင်ရန် ဆောက်လုပ်ထားသည့်အတွက် နေ့ဘက်အခါတွင် အတော်အသင့် လင်းလင်းကျင်းကျင်းရှိ၏။ နေရောင်မရှိသည့်အခါတွင်တော့ မှောင်မိုက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုမူ အခန်းထဲတွင် မီးတုတ်တစ်ခု ထွန်းညှိထားသည်။ မီးတုတ်၏အလင်းရောင်က သိပ်တော့ အားမကောင်း။ ဒါပေမဲ့ မြင်သာ ထင်သာတော့ ရှိနေသည်။

"ဟော ... ဒေါ်ဒေါ်ယန်ကူ"

အခန်းထဲသို့ အပြေးဝင်လာသော ယန်ကူကို တွေ့ရသောအခါ ကျန်းယိမင်းက ဆီး၍ရေရွတ်လိုက်သည်။

ပက်လက်လဲလျောင်းလျက်ရှိသော အစ်မဖြစ်သူကို တွေ့ရသော်အခါ ယန်ကူမှာ အတော်ပင် စိုးရိမ်ထိတ်လန့်သွားသည်။

"မမ ... ဘယ်လိုဖြစ်လို့လဲ"

ယန်ကူသည် ပါးစပ်မှ မေးမြန်းရင်း ယန်ကျာ၏ ဘေးနားတွင် ဒူးတုပ်ကာ ထိုင်ချသည်။

"ဟာ ညီမလေး ... ပြန်တွေ့ရတာ ဝမ်းသာလိုက်တာကွယ်၊ မမ အတွင်းဒဏ်ရာရထားလို့ပါ၊ ကိစ္စမရှိပါဘူး ... သက်သာနေပါပြီ"

ယန်ကျာက အားရဝမ်းသာပြောသည်။

ညီမလုပ်သူ စိတ်ပူပန်မှု မများရလေအောင် ဖြေသိမ့်ပြောလိုက်သော်လည်း ယန်ကျာ၏စကားသံသည် တုန်ယင်အားပျော့၍နေသည်။



ရရှိထားသော အတွင်းဒဏ်ပြင်းထန်ကြောင်း သိသာနိုင်သည်။

ကျန်းယန်မင်းက မိမိနှင့်ကျောင်းပိယောင် တွေ့ဆုံခဲ့ရသည်မှ စ၍ ယန်ကျာတို့အား ဤနေရာသို့ အရောက်ခေါ်ဆောင်ယူခဲ့ရပုံများကို ယန်ကူအား ပြောပြသည်။

"မမက ဘယ်လိုလုပ်ပြီး အတွင်းဒဏ်ရခဲ့တာလဲ"

ယန်ကူက မေးလိုက်ပြန်သည်။

ဤတွင် ...

ဘီလူးအဖွဲ့မှ သိုင်းသမားများက ယန်ကျာအား အဆိပ်သင့်အောင် ပြုလုပ်ကာ ဝိုင်းဝန်းတိုက်ခိုက်သတ်ဖြတ်ရန် ကြံရွယ်ခဲ့ကြပုံ၊ ယန်ကျာအဆိပ်သင့်ကာ ဒဏ်ရာရလျက် လဲကျနေသည်ကို မိမိက တွေ့ရှိ၍ အဆိပ်ဖြေကာ ကုသပေးခဲ့ပုံ၊ အဆိပ်များ ပြယ်သွားပြီဖြစ်သော်လည်း အတွင်းဒဏ်ကတော့ ကျန်နေခဲ့ပုံအကြောင်းများကို ကျောင်းပိယောင်က ယန်ကျာကိုယ်စား ရှင်းပြသည်။

"ကျွန်မက ဒေါ်လေးယန်ကျာကို အတွင်းအား ထောက်ကူပြီး ကုသပေးခဲ့ပါသေးတယ်၊ ဒါပေမဲ့ ... ကျွန်မရဲ့အတွင်းအားက ဒီလို မနောအတွင်းအား ဖြစ်နေတာကြောင့် အကျိုးမဖြစ်ထွန်းဘဲ အပြင်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးယန်ဂျာရဲ့ အတွင်းဒဏ်အခြေအနေ ပိုဆိုးရွားလာခဲ့ပါတယ်၊ ကျွန်မ သိပ်စိတ်မကောင်းဖြစ်ရပါတယ် ဒေါ်လေးယန်ကူရယ်"

ကျောင်းဝိယောင်က ဆက်လက်ပြောကြားသည်။

ထိုအချိန်တွင် ...

မလှမ်းမကမ်းဆီမှ သက်ပြင်းရှူသံတစ်ချက် ကြားရသလို လိုရှိသောကြောင့် ကျန်းယိမင်းသည် ထိုင်ရာမှထကာ လှစ်ခနဲ ပြေးထွက် ကြည့်ရှုသည်။

ယန်ဂျာတို့သုံးယောက်သားမှ ရုတ်တရက်ခုန်ထွက်သွားလေသော ကျန်းယိမင်းကို အံ့သြသလို ကြည့်ကာ ကျန်နေခဲ့ကြသည်။

✣

ကျန်းယိမင်းသည် ဟိုဟိုသည်သည် လှည့်ပတ်ကာ လိုက်လံရှာဖွေကြည့်သေးသည်။

ဘာမျှမတွေ့။

သို့လှောင်ရုံဖျက်ကြီးအတွင်း၌သာမက အပြင်ဘက်သို့လည်း ထွက်၍ လှည့်ပတ်ရှာကြည့်သည်။



မသင်္ကာဖြစ်စရာ ဘာမျှမတွေ့ရ။ လူရိပ်လူယောင်လည်း မရှိ။

မိမိနားကြားလွဲခြင်း ဖြစ်လေမည်လားဟုသာ တွေးရကာ နောက်ဆုံးတွင် လက်လျှော့၍ ပြန်လာခဲ့သည်။

"ဘာဖြစ်လို့လဲ ကျန်းယိမင်း"

အခန်းထဲသို့ ကျန်းယိမင်း ပြန်ရောက်လာသောအခါ ကျောင်းဝိယောင်က ဆီး၍မေးသည်။

ဟန်ကူနှင့်ယန်ဂျာ ညီအစ်မ နှစ်ယောက်ကလည်း ကျန်းယိမင်း၏အခြေအနေကို စောင့်လင့်ကာ လှမ်းကြည့်နေကြလေသည်။

"လူတစ်ယောက် သက်ပြင်းရှူသံလိုလို ကြားမိတယ် ထင်တာကြောင့် ထွက်ပြီးရှာကြည့်တာပါ'

"ဘာထူးခြားတာ တွေ့ရလဲ"

"ဘာမှ မတွေ့ရဘူး ... အားလုံး အေးအေးဆေးဆေး တိတ်တိတ်ငြိမ်ငြိမ်ပဲ"

"ကျွန်မတော့ ဘာသံမှ မကြားမိပါဘူး၊ ဒေါ်လေးတို့ရော ကြားမိကြသလား"

ယန်ဂျာနှင့်ယန်ကူ နှစ်ယောက်လုံးက မိမိတို့ မကြားရ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ပြောကြသည်။

"ရှင် ကြားရတယ်ဆိုတာ သေချာသလားဟင်"

ကျောင်းပိယောင်က ကျန်းယိမင်းကို မေးပြန်သည်။

"အင်း ... ကျွန်တော် နားကြားလွဲတာ ဖြစ်ချင်ဖြစ်ပါလိမ့်မယ်၊ ဘယ်လိုပဲဖြစ်ဖြစ်လေ ကျွန်တော် လှည့်ပတ်ရှာကြည့်လိုက်ဦးမယ်၊ ကင်းစောင့်ပေးတဲ့သဘောပေါ့၊ ဒီမှာ စိတ်အေးလက်အေး နေခဲ့ကြပါ"

ဤသို့ပြောပြီး ကျန်းယိမင်း ပြန်ထွက်သွားသည်။

ယန်ကျာတို့လူစုလည်း အတော်ပင် စိတ်ချလက်ချ ရှိသွားကြသည်။

ကျန်းယိမင်း လှည့်ပတ်ကင်းစောင့်နေလေမည်ဖြစ်ရာ အကယ်၍ ရန်သူများရောက်လာသည်ထားဦး ... ကြိုတင်သိရှိပြီး ရှောင်နိုင်တိမ်းနိုင်ပေမည်။

"နေပါဦးကွယ် ... တူမကြီးက မိစ္ဆာမနေ့ာဂိုဏ်းကလား"

စောစောက ပြတ်သွားသော စကားစကို ပြန်ကောက်ကာ ယန်ကူက မေးသည်။

"မဟုတ်ပါဘူး ဒေါ်လေး"



"ဒါဆို ... တူမကြီးက ဘယ်လိုလုပ်ပြီး မိစ္ဆာမနေ့ာအတွင်းအားတွေ ရှိနေတာလဲ၊ ဒေါ်လေးသိသလောက် ပြောရရင် ဒီမိစ္ဆာမနေ့ာသိုင်းပညာဆိုတာ သိပ်ကို ဆန်းပြားတယ်ဆိုပဲ၊ နည်းလမ်းမှန်ကို အပြည့်အစုံမသိရင် လေ့ကျင့်လို့ မရနိုင်ဘူး"

ကုလေးတို့တစ်တွေ မိစ္ဆာမနေ့ာသိုင်း အညွှန်းကျမ်းကို အားကိုးပြုကာ မိစ္ဆာမနေ့ာသိုင်းပညာကို အပတ်တကုတ် ပြင်းပြင်းထန်ထန် ကြိုးစားပမ်းစား လေ့ကျင့်ကြသော်လည်း ...

ဘယ်လိုမှ အောင်မြင်မှုမရနိုင်ဘဲ ရှိနေသည်ကို ယန်ကျာနှင့် ယန်ကူ ညီအစ်မနှစ်ယောက် ကောင်းကောင်းသိရှိနေခဲ့ပေသည်။

ကျောင်းပိယောင်က အဘိုးအို ကျိန်ချန်ချွန်နှင့် တွေ့ဆုံ၍ မိစ္ဆာမနေ့ာ အတွင်းအားကျင့်စဉ်နှင့် နဂါးလှိုင်းစီးသိုင်းပညာနှင့် နဂါးစွယ်လက်နက်ပုန်း ပစ်ခတ်မှုပညာများ သင်ကြားခဲ့ရပုံအကြောင်းများကို အကျဉ်းချုပ်ကာ ပြောပြလိုက်သည်။

"သူမှာ ကဝိမနေ့ာအတွင်းအားရှိနေတယ်ထင်လို့ အတွင်းအား ထောက်ကူပြီး ကုသခိုင်းခဲ့တာပဲ ညီမရဲ့၊ ဒါပေမဲ့ ... သူမှာ ရှိနေတာက မိစ္ဆာမနေ့ာအတွင်းအား ဖြစ်နေတာကြောင့် အခြေအနေ တစ်မျိုး ဖြစ်သွားရတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ယန်ဂျာက ဝင်ပြောသည်။

"ဟာ ... ကျွန်မ မေ့နေလိုက်တာ၊ ကျန်းယိမင်းရဲ့အတွင်းအားက ကဝိမနော့အတွင်းအားပဲ၊ သူ့ကိုကူညီကုသပေးခိုင်းရင် မမရဲ့အတွင်းဒဏ် သက်သာလာမှာပေါ့"

ယန်ကူက အားတက်သရော ပြောသည်။

✣

မကြာမီပင် အရုဏ်တက်လာသည်။

နေရောင်ခြည် ပေါ်ထွက်လာသည်နှင့်အတူ ကျောင်းဝိယောင်တို့ ရောက်ရှိနေသည့် မြေအောက်ခန်းထဲတွင်လည်း လင်းလင်းကျင်းကျင်း ရှိလာသည်။

ထွန်းညှိထားသော မီးတုတ်ကိုလည်း ငြိမ်းလိုက်ကြလေပြီ။

ကင်းလှည့်စောင့်ကြည့်နေသော ကျန်းယိမင်း ပြန်ရောက်လာသည်။

ဘာမျှ မသင်္ကာစရာ မတွေ့ကြောင်း ပြောသည်။

"ကျန်းယိမင်းရေ ... မင်းရဲ့ ကဝိမနော့အတွင်းအားကို



သုံးပြီး မမယန်ဂျာကို ကူညီကုသပေးလိုက်ပေတော့၊ ဒါဆိုရင် မမယန်ဂျာရဲ့ အတွင်းဒဏ် ခပ်မြန်မြန် သက်သာပျောက်ကင်းသွားလိမ့်မယ်"

ယန်ကူက ပြောသည်။

အတွင်းအားထောက်ကူကာ နှိပ်နယ်ပေးရမည့် နည်းလမ်းနှင့် နှိပ်နယ်ရမည့် သွေးကြောကွက်နေရာများအကြောင်းကို ယန်ကူက ပြောဆိုရှင်းပြသည်။

ယန်ကူသည် ကဝိမနော့ သိုင်းကျမ်းကို အလွတ်ရထားရုံမက ဆေးပညာအမြွတေးကျမ်း၏ စာသားများကိုလည်း မှတ်မိသိရှိနေရာ ယန်ကူပြောပြသော အတွင်းအား ထောက်ကူကုသပေးနည်းသည် အထူးပင် ပြည့်စုံကောင်းမွန်လှပေသည်။

ယန်ဂျာက ကျောင်းဝိယောင်ကို သင်ပြပေးခဲ့သည့် နည်းလမ်းများထက်ပင် သာလွန်ပေသေးသည်။

ထို့နောက် စိတ်ချလက်ချ နှောက်ယှက်မှုမရှိ... နောက်ဆံမတင်းဘဲကုသပေးနိုင်ရန် အစီအစဉ်များကို ယန်ကူကပင် ဦးဆောင်ကာ ပြုလုပ်သည်။

သိုလှောင်ရုံပျက်ကြီး၏အနီးဝန်းကျင်တွင် လှည့်ပတ်ကာ စောင့်ကြည့်ပေးရန် ကျောင်းဝိယောင်ကို တာဝန်ပေးစေလွှတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ကူကိုယ်တိုင်ကတော့ မြေအောက်ခန်း၏ အဝင်ဝနား တွင် ထိုင်ကာ အပြင်ဘက်ကို လှမ်းမျှော်စောင့်ကြည့်ပေးသည်။

မြေအောက်ခန်းထဲတွင်တော့ ယန်ဂျာနှင့်ကျင်းယိမင်းတို့ သာ ရှိနေကြသည်။

ကျန်းယိမင်းက ယန်ကျူပြောခိုသင်ကြားသည့် နည်းလမ်း များအတိုင်း ယန်ဂျာ၏ သွေးကြောကွက်နေရာများကို ဖိထောက်နှိပ် နယ်ပေးသည်။

အစပိုင်းတွင် ချွတ်ချော်တိမ်းစောင်းမှုလေးများ အတော် အသင့် ရှိသည်။

ယန်ဂျာက ထိုချွတ်ချော်တိမ်းစောင်းမှုလေးများကို မှန်ကန် သေသပ်အောင် ပြောဆိုပြုပြင်ပေးသည်။

ယန်ကူပြောဆိုသင်ပြပေးသည့် နည်းလမ်းစနစ်များကို ကျန်းယိမင်းနည်းတူ ယန်ဂျာကလည်း ကြားသိနေခဲ့ပေရာ အဆင့် မြင့် သိုင်းပညာရှင်တစ်ယောက်ဖြစ်သည့်အတိုင်း အလွယ်တကူပင် နားလည်တတ်သိသွားခဲ့ရာ ကျန်းယိမင်းကို ထောက်ပြပြုပြင်ပေးနိုင် ပေသည်။

အတွင်းအား ထောက်ကူနှိပ်နယ်ကုသနည်းကို ယန်ကူက



စာတွေ့ပြောဆိုပြခဲ့ပြီး ယန်ဂျာက လက်တွေ့သင်ကြားပေးသည့် သ ဘောပင် ဖြစ်နေပေတော့သည်။

ယန်ဂျာက ကျန်းယိမင်းအား ကဝိမနော့အတွင်းအားများ စုစည်းအသုံးချပုံကိုလည်း လမ်းညွှန်သင်ပြပေးခဲ့သည်။

ယန်ဂျာရှိထားသော အတွင်းဒဏ်ကို ကဝိမနော့ အတွင်း အားဖြင့် ထောက်ကူနှိပ်နယ်ကုသခြင်းသည် အကောင်းဆုံးနည်း လမ်းဟု ဆိုနိုင်ပေသည်။

စနစ်တကျ မှန်ကန်စွာ နှိပ်နယ်ပေးခြင်းမဟုတ်ဘဲ စိတ်အာ ရုံစူးစိုက်ကာ လက်ကောက်ဝတ်သွေးတိုးမှုနှင့် နှလုံးခုန်နှုန်းတို့ကို စမ်း သပ်ကြည့်ခဲ့မှုကပင် ယန်ဂျာကို သေတွင်းမှလွတ်မြောက်အောင် ကယ်မ,ပေးနိုင်ခဲ့ပေသည်။

ယခု စနစ်ကျမှန်ကန်စွာ အတွင်းအား ထောက်ကူနှိပ်နယ် ကုသပေးသောအခါတွင်မူ များစွာ အကျိုးသက်ရောက်မှု ရှိလာခဲ့ သည်။

ယန်ဂျာ၏ အတွင်းဒဏ်ရာ သက်သာစပြုလာသည်။

www.burmeseclassic.com

www.burmeseclassic.com



နေမွန်းတည့်ချိန်တွင် အတွင်းဒဏ်ကုသမှု ရပ်နားသည်။ နေ့လယ်စာ စားသောက်ကြသည်။

ယန်ဂျာ၏အခြေအနေမှာလည်း အတော်ပင် တိုးတက်ကောင်းမွန်လာသည်။

မောဟိုက်နွမ်းလျမနေတော့။ အနည်းငယ် ထူထူထောင်ထောင် ဖြစ်လာသည်။

ယန်ဂျာ၏ အတွင်းဒဏ်ကုသမှုတွင် မျှော်လင့်ထားသည်ထက် များစွာ တိုးတက်အောင်မြင်သည်မို့ အားလုံးပင် စိတ်အားတက်ကြွ၍လာကြသည်။

ဤနေရာတွင် သုံးလေးရက်ခန့် ဆက်လက်ပုန်းခိုနေရန် စိတ်ကူးခဲ့ကြသော်လည်း ယန်ဂျာအနေဖြင့် လှုပ်လှုပ်ရှားရှား လုပ်နိုင်ပြီမို့ သိုလှောင်ရုံပျက်ကြီးမှ အမြန်ဆုံးထွက်ခွာသွားရန် ပြောင်းလဲဆုံးဖြတ်လိုက်ကြသည်။

နေ့လယ်စာ စားသောက်ပြီးနောက် ကျုန်းယိမင်းက ယန်ဂျာကို အတွင်းအားထောက်ကူနှိပ်နယ်ကုသမှု တစ်ဖန် ထပ်မံ၍ လုပ်ပေးသည်။



အခြေအနေ အတော်ဟန်နေသော ယန်ဂျာကလည်း ကိုယ်တိုင် အတွင်းအား စုစည်းလည်ပတ်မှုဖြင့် တစ်ဖက်တစ်လမ်းမှ ကုသမှုပြုသည်။

ထို့ကြောင့် နံနက်ပိုင်းကထက် တိုးတက်မှု ပို၍မြန်သည်။ အတွင်းဒဏ် ပို၍သက်သာသည်။

ဤသို့ဖြင့် ထိုနေ့ညနေ သုံးနာရီအချိန်လောက်တွင် သူတို့လူစုသည် သိုလှောင်ရုံပျက်ကြီးကို စွန့်ခွာကာ ထွက်လာခဲ့ကြသည်။

ယန်ဂျာမှာ လမ်းပင်လျှောက်၍ရနေပြီ ဖြစ်သည်။ သို့သော် အတွင်းဒဏ်က ရှိနေသေးသောကြောင့် ယန်ကူက သူ့ဘာသာ လမ်းလျှောက်ဖို့ အခွင့်မပေး။ အသာဘေးမှနေ၍ ဖေးမတွဲခေါ်၍ လာသည်။

လမ်းတွင် အန္တရာယ်များ ကြုံကောင်းကြုံနိုင်ပေရာ ယန်ဂျာအနေဖြင့် အားအင်များ မြုံးခြံထားဖို့လိုသည်။

သို့မှသာ ...

အန္တရာယ်ကြုံရပြီး ကိုယ်လွတ်ရုန်း ရှောင်တိမ်းထွက်ပြေးရမည့်အခြေအနေမျိုး ဖြစ်လာလျှင် ယန်ဂျာသည် မိမိဘာသာ လှုပ်ရှားလုပ်ဆောင်နိုင်မည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်တစ်နာရီခန့် ကြာသည်အထိ ခရီးလမ်းသည် ချော ချောမောမော ဖြစ်နေသည်။

တောလမ်းမှသွားနေသည့်မို့ ခရီးလမ်းကြမ်းတမ်းမှုသာ ရှိသည်။

ရန်သူတို့၏ ဟန့်တားတိုက်ခိုက်မှုများ မကြုံရပါ။

တစ်နာရီခန့်အကြာ ခရီးနှင်ပြီးသောအခါ သစ်ပင်များ ကျဲ ပါးသည့် လွင်ပြင်ဆန်ဆန် နေရာတစ်ခုသို့ ရောက်လာသည်။

ထိုနေရာတွင် သစ်ပင်များသည် အစုအအုပ်လိုက် မဟုတ် ဘဲ ဟိုနေရာတွင် တစ်ပင်၊ သည်နေရာတွင်တစ်ပင် ဆိုသလိုသာ ပင်မြင့်ကြီးများ ထီးထီးမားမား ပေါက်ရောက်၍နေသည်။

မြေပြန့်လွင်ပြင်ဟူ၍လည်း မဆိုနိုင်။ တောင်ကမူလေးများ ရှိနေကာ ကျောက်တုံးကြီးများလည်း အတော်များများစားစားရှိ၍ နေသည်။

"ဒီလိုနေရာမျိုးဟာ ပုန်းအောင်းစောင့်ဆိုင်းပြီး တိုက်ခိုက်ဖို့ သိပ်ကောင်းတဲ့နေရာပဲ၊ သတိထားကြ"

စစ်ဘုရင်အတတ်ပညာ ကျွမ်းကျင်၍ ကြိုတင်တွေးကာ မြော်မြင်တတ်သော ယန်ကူက သတိပေးစကား ပြောကြားသည်။



ယန်ကူ၏သတိပေးစကား အဆုံးမှာပင် ...

စူးရှသော လေချွန်အချက်ပေးသံများ ဟိုမှသည်မှ ပေါ်လာ သည်။

ထို့နောက် ...

✣

လေချွန်သံများ စူးစူးရှရှ ပေါ်လာပြီးနောက် ...

ကျောက်တုံးကျောက်ပုံများ အနောက်ဘက်မှ လူတစ် ယောက်ပြီးတစ်ယောက် အလျှိုအလျှိုပင် ခုန်လွှားထွက်လာကြ သည်။

အားလုံး စုစုပေါင်း လူလေးယောက်။

ပထမလူသည် ...အသက် ခုနစ်ဆယ်ခန့်ရှိ အဘိုးအိုဖြစ် သည်။ အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ ညာလက်တွင် ရဲတင်းကြီးတစ်လက် ကိုင်ထားသည်။ အရပ်အမောင်း အနေတော်၊ ကိုယ်လုံးကိုယ်ထည်ကတော့ ပိန်ပိန်ပါးပါး။

ဒုတိယလူမှာလည်း ... အသက်ခုနစ်ဆယ်ခန့်ရှိ အဘိုးအို

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပင်ဖြစ်သည်။ အညိုရောင်ဝတ်စုံကို ဝတ်ထားသည်။

အရပ်ပုပု၊ ဂင်တိုတိုနှင့် တုတ်ခိုင်သန်စွမ်းသော ကိုယ်ကာယရှိသည်။ ဂင်တိုတို အဘိုးအိုး၏လက်နက်ကတော့ ခြောက်ပေခန့်ရှည်သော ကျာပွတ်တစ်ချောင်း။

တတိယလူနှင့် စတုတ္ထလူများကတော့ ... ငယ်ရွယ်နုပျိုသော မိန်းမပျိုလေးများ ဖြစ်ကြသည်။ နှစ်ယောက်လုံး ရုပ်ရည်ချောမောသည်။ တစ်ယောက်က အဖြူရောင်ဝတ်စုံဝတ်ဆင်ကာ ကျန်မိန်းမပျိုတစ်ယောက်က အစိမ်းရောင်ဝတ်စုံ ဝတ်ထားသည်။ ဓားရှည်ကိုယ်စီ ကိုင်စွဲထားကြသည်။

ဤလူတို့သည် မည်သူမည်ဝါဖြစ်ကြောင်း ကျန်းယိမင်းနှင့် ကျောင်းဝိယောင်တို့ မသိကြပေ။

သို့သော် လက်နက်ကိုယ်စီကိုင်စွဲကာ ရုတ်တရက် ပေါ်ပေါက်လာသည့် အသွင်အပြင်ကတော့ မိတ်ဆွေတွေ၏ အသွင်အပြင်မျိုး မဟုတ်။

ရန်မူတိုက်ခိုက်ကြမည့် လူများဖြစ်ကြောင်းကိုတော့ သိသာနိုင်သည်။

ယန်ကျာနှင့်ယန်ကူ ညီအစ်မနှစ်ဖော်ကတော့ ဤလူလေး



ယောက်ကို ကောင်းကောင်းသိကြသည်။ ဘီလူးဂိုဏ်း၏ ဝိညာဉ်ခေါ်သံ အဆောင်မှူးလေးဖော် ဖြစ်သည်။

မူလက ဝိညာဉ်ခေါ်သံအဖွဲ့အဖြစ် လှုပ်ရှားသောင်းကျန်းနေကြပြီး ဘီလူးအဖွဲ့သို့ ပူးပေါင်းဝင်ရောက်လာသောအခါ ဝိညာဉ်ခေါ်သံ အဆောင်ဟူသောအမည်ဖြင့် အဆောင်တစ်ခု သီးသန့်ရှိကာ ဝိညာဉ်ခေါ်သံအဆောင်မှူးလေးဖော်ဟု အမည်တွင်ခဲ့၏။

ဝိညာဉ်ခေါ်သံလေးဖော်ဟု လူသိများသည်။

မူလပထမ ဝိညာဉ်ခေါ်သံလေးဖော်တွင် ဝိညာဉ်ခေါ်သံတစ်နှင့်သုံးတို့ သေဆုံးသွားကြရာ ဝိညာဉ်ခေါ်သံတစ်၏ သမီးနှင့် ဝိညာဉ်ခေါ်သံသုံး၏ လက်စွဲတပည့်မလေးတို့က ဖခင်နှင့်ဆရာတို့၏ နေရာကို ဝင်ယူထားကြသည့်အတွက် အဘိုးအိုနှစ်ဦးနှင့် မိန်းမပျိုလေးနှစ်ယောက် ပူးတွဲနေမိနေခြင်း ဖြစ်သည်။

ဖခင်ထံမှ သိုင်းပညာမျိုးဆက်အမွေရော ကြမ်းတမ်းရက်စက်မှုကိုပါ ဆက်ခံရရှိထားသည့် ဝိညာဉ်ခေါ်သံတစ်မှာ ငယ်ရွယ်နုပျိုကာ ချောမောလှပသလောက် အလွန်ပင် ကြောက်စရာကောင်းသည့် သိုင်းသမားဆိုးတစ်ယောက် ဖြစ်ပေသည်။

"အဲဒါ ... ဘီလူးအဖွဲ့က ဝိညာဉ်ခေါ်သံလေးဖော် ဆိုတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



သတိထားပြီးရင်ဆိုင်ကြ"

ယန်ဂျာက ကျန်းယိမင်းနှင့်ကျောင်းဝိယောင်တို့ကို ခပ်တိုးတိုး ပြောဆိုသည်။

ယခုတွေ့ဆုံနေရသည့် ရန်သူတွေ မည်သူမည်ဝါဖြစ်ကြောင်း သိရှိနိုင်ရန် အချိန်မီ သတိပေးလိုက်သည့်သဘောပင်။

✢

"ဘယ်လိုလဲ ... ရှင်တို့ညီအစ်မ ကျွန်မတို့လက်က လွတ်အောင် ပြေးနိုင်ကြလို့လား၊ ရှင်တို့ မိုးပျံပြီး မြေလျှိုးပုန်းအောင်းနေကြပါစေ၊ အချိန်တန်ရင်တော့ ရှင်တို့ဆီကို ဝိညာဉ်ခေါ်သံ ရောက်လာမှာပဲ"

ဝိညာဉ်ခေါ်သံတစ်က ပြောသည်။

သူမသည် ငယ်ရွယ်နုပျိုသော မိန်းမပျိုလေးတစ်ယောက်ဖြစ်သော်လည်း ဖခင်၏သိုင်းပညာနှင့် ရက်စက်ကြမ်းကြုတ်မှုများကို အပြည့်အဝ အမွေဆက်ခံထားရာ ဝိညာဉ်ခေါ်သံလေးဖော်တွင်လည်း ခေါင်းဆောင်နေရာတွင် ရှိထားသည်။



ဝိညာဉ်ခေါ်သံ နှစ်နှင့်လေးတို့မှာ အသက်အရွယ်ကြီးပြီး သမ္မာရင့်ကြသော်လည်း ဝိညာဉ်ခေါ်သံတစ် မိန်းမပျိုကို မလွန်ဆန်ဝံ့ကြပါ။

ဝိညာဉ်ခေါ်သံတစ်၏ အသံသည် ကြည်လင်သည်၊ ရည်မွန်စွာပြောဆိုလျှင် အလွန်နှစ်လိုဖွယ်ကောင်းပေမည်။

ယခုတော့ အေးစက်မာကျောစွာ ပြောဆိုလိုက်သည်ဖြစ်ရာ အသံမှာလည်း ရက်စက်ကြမ်းကြုတ်မှု အငွေ့အသက်များ သိသာစွာ ရောယှက်ပါဝင်နေပေ သည်။

"ဩော် ... ခင်ဗျားတို့က ဒေါ်ဒေါ်ယန်ဂျာတို့ ညီအစ်မကို လာရှာကြဟာကိုး"

ကျန်းယိမင်းက မျက်နှာထားတည်တည်နှင့် ပြန်ပြောသည်။ တိုက်ခိုက်မှုအတွေ့အကြုံ နုနယ်သေးသည့်မို့ ကျန်းယိမင်း၏ စိတ်ထဲတွင်တော့ အတော်ပင် တုန်လှုပ်၍နေသည်။

ဒါပေမဲ့ တုန်လှုပ်ချောက်ချားနေသော အတွင်းစိတ်ကို မပေါ်လွင်အောင်တော့ ဖုံးဖိထားနိုင်သည်။

"ဟုတ်တယ်၊ ကျွန်မတို့က ယန်ဂျာယန်ကူညီအစ်မ နှစ်ယောက်အတွက်ပဲ ရောက်လာကြတာ၊ မဆိုင်သူတွေကို အန္တရာယ်

www.burmeseclassic.com

www.burmeseclassic.com



မပေးချင်ဘူး၊ ဒီတော့ မဆိုင်တာကိုလည်း ဝင်မရှုပ်ချင်နဲ့၊ သေးဖယ်နေပါ"

ဝိညာဉ်ခေါင်းတစ်က ကျွန်းယိမင်းကို စိန်းစိန်းကြည့်ကာ ခပ်မာမာပြောသည်။

ကျောင်းဝိယောင်ဘက်သို့လည်း အသာ မျက်လုံးစွေကာ ကြည့်လိုက်သေးသည်။

"သူတို့ဟာ ကျွန်မရဲ့ ဒေါ်လေးတွေပဲ၊ သူတို့ရဲ့ ရန်သူဆိုရင် ကျွန်မတို့ကလည်း ရန်သူလို့ သတ်မှတ်ရလိမ့်မယ်"

ကျောင်းဝိယောင်က ဝင်ပြောသည်။ ဝိညာဉ်ခေါင်းတစ်က စကားဆက်မဆိုတော့။

စတင်တိုက်ခိုက်ရန်သာ အချက်ပြ အမိန့်ပေး လိုက်သည်။

**ဒုတိယပိုင်းပြီး၏။**

**တတိယပိုင်း(ဇာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။**

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

# သစ္စာရှင်သိုင်းဇကောရီ

(တတိယပိုင်း-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ်   ၅၀၀၉၁၆၀၉၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်   ၅၀၀၉၉၃၀၉၁၀

၂၀၁၀ ခုနှစ်၊
ဖေဖော်ဝါရီ၊ ထုတ်ဝေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဦးကျော်တင်း (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်သူ**
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။


**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

☆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၉)

တိုက်ပွဲစပြီ ...။

ဝိညာဉ်ခေါင်းသံနှစ်နှင့်လေး အဘိုးအိုနှစ်ယောက်တို့က ကျွန်းယိမင်းနှင့် ကျောင်းဝိယောင်တို့ကို အတင်းဝင်တိုက်သည်။

ဝိညာဉ်ခေါင်းသံနှစ်က ကျွန်းယိမင်းကို ရဲတင်းကြီးနှင့် အုပ်စိုးခုတ်ချကာ ဝိညာဉ်ခေါင်းသံလေးက ကျောင်းဝိယောင်အား ကျာပွတ်ဖြင့် သိမ်း၍ရိုက်သည်။

ထိုအချိန်တွင် ဝိညာဉ်ခေါင်းသံတစ်နှင့်သုံး မိန်းမပျိုနှစ်ယောက် ယန်ဂျာ၊ ယန်ကူ ညီအစ်မတို့ထံသို့ ဓားရှည်များဝင့်ကာ ပြေးဝင်သွားသည်။

ကျွန်းယိမင်းနှင့် ကျောင်းဝိယောင်တို့ကို တစ်ဖက်တွင် ထိန်းထားပြီး ကျန်တစ်ဖက်က အမိကပစ်မှတ်ကို အတင်းဝင်ရောက်ချေမှုန်းသည့် တိုက်နည်းပရိယာယ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အတွင်းဒဏ် ပြင်းပြင်းထန်ထန် ရထားခြင်းမရှိပါက ယန်ကျာသည် ဝိဉာဉ်ခေါ်သံတစ်နှင့် သုံးတို့ကို အရေးလုပ်စရာမဟုတ်ပေ။

ကောင်းစွာ အံနိုင်ယှဉ်နိုင်စွမ်းရှိသည်။

ယခုမူ အတွင်းဒဏ် ပြင်းပြင်းထန်ထန် ရရှိထားသော ယန်ကျာအနေဖြင့် ဤမိန်းမပျိုနှစ်ယောက်ကို အဆင့်မြင့် သိုင်းသမားများကို မဆိုထားဘိ၊ သာမန်ရိုးရိုး သိုင်းသမားများကိုပင် ရင်ဆိုင်နိုင်သည်မဟုတ်ပါ။

ယန်ကူမှာလည်း အဆင့်မြင့် လျှို့ဝှက်သိုင်းပညာများအကြောင်း နှုတ်တက်အာဂုံ အလွတ်မှတ်မိ သိရှိနေသော်လည်း ဤသိုင်းပညာဆန်းများကို တစ်ခုတလေမျှ လက်တွေ့အသုံးချနိုင်စွမ်းရှိသူမဟုတ်။

ဝိဉာဉ်ခေါ်သံတစ်နှင့် သုံးတို့၏ ကြမ်းတမ်းရက်စက်လှသော ဓားချက်များအောက်တွင် အသက်ပျောက်ရမယ့် အခြေအနေဆိုက်ရောက်နေပေသည်။

ယန်ကျာတစ်ယောက် အတွင်းဒဏ်ပြင်းပြင်းထန်ထန် ရထားကြောင်း သိထားသည့်အတွက်ကြောင့်လည်း ဝိဉာဉ်ခေါ်သံ လေးဖော်တို့က ယခုလို တိုက်နည်းပရိယာယ်မျိုး ဆင်ခြင်ခြင်းဖြစ်သည်။



ကျန်းယိမင်းနှင့် ကျောင်းဝိယောင်တို့ကို သိုင်းကွက်တစ်ကွက် နှစ်ကွက်စာမျှ ထိန်းထားနိုင်လျှင် ယန်ကျာ၊ ယန်ကူ ညီအစ်မနှစ်ယောက်အား ချေမှုန်းသုတ်သင်ပြီးမြောက်ပေမည်။

ယန်ကျာတို့ညီအစ်မကို ချေမှုန်းသုတ်သင်ပြီးနောက် လေးယောက်အားဖြင့် ကျန်းလိမင်းနှင့် ကျောင်းဝိယောင်တို့အား ဝိုင်းညှပ်တိုက်ခိုက်ကာ လက်စသတ်ပစ်မည်။

ဒါက ဝိဉာဉ်ခေါ်သံ လေးဖော်တို့၏ စိတ်ကူးအကြံအစည်။

သို့သော် မထင်မှတ်သည့်ကိစ္စရပ်များ ပေါ်ပေါက်လာရာ တိုက်ပွဲ အခြေအနေမှာလည်း သူတို့တွက်ဆမျှော်မှန်းထားသလို ဖြစ်မလာခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းယိမင်းသည် သူတို့ထံသို့ ပြေးဝင်တိုက်ခိုက်လာသည့် ဝိညာဉ်ခေါ်သံ နှစ်ကို ရင်ဆိုင်ခြင်းမပြု။ အလျှင်မြန်ဆုံး ရွှေ့လျား လှုပ်ရှားကာ မိန်းမပျို့နှစ်ယောက်၏ တိုက်ခိုက်မှုကိုသာ ကြားဖြတ်ဟန့်တားသည်။

တိမ်မီးခိုး ကိုယ်ပျောက်ပညာကိုသုံးကာ လှုပ်ရှားသည်ဖြစ်ရာ ကျန်းယိမင်း၏ကိုယ်ဟန်က မြန်ဆန်လှသည်။

ဝိညာဉ်ခေါ်သံနှစ်မှာ သူ့ရှေ့ရှိ ကျန်းယိမင်း ရုတ်တရက် ပျောက်ကွယ်သွားသည့်အတွက် အံ့အားတသင့်ပင် ဖြစ်သွားရသည်။

မိန်းမပျို့နှစ်ယောက်မှာလည်း သူတို့အနားသို့ ရုတ်တရက် ကိုယ်ထင်ပြသလို ကျန်းယိမင်း ဘွားခနဲ ရောက်လာသောကြောင့် အံ့ဩကုန်ကြသည်။

တိမ်မီးခိုးကိုယ်ပျောက်ပညာ၏အစွမ်းကြောင့် ကျန်းယိမင်း



အလွန်မြန်ဆန် သွက်လက်စွာ နေရာပြောင်းရွှေ့ လှုပ်ရှားနိုင်ခဲ့သော်လည်း မိန်းမပျို့နှစ်ယောက်ကိုတော့ အံ့အားတသင့်ဖြစ်နေခိုက် အလစ်ဖမ်းကာ မိမိရရ တိုက်ခိုက်နိုင်ခြင်း မရှိပါ။

သိုင်းလောက အတွေ့အကြုံ မရှိသည့်အတွက် တိုက်ပွဲပရိယာယ်တွင်လည်း မကျွမ်းသော ကျန်းယိမင်းသည် သိုင်းပညာအမျိုးမျိုးတို့ကို အလျဉ်းသင့်သလို ပူးပေါင်းကာ အသုံးချတိုက်ခိုက်မှုမျိုး မလုပ်တတ်။

သိုင်းပညာ တစ်ခုချင်းစီကိုသာ သိုင်းကွက်တစ်ကွက်ချင်း အလိုက် ရိုးရိုးစင်းစင်းပဲ တိုက်ခိုက်တတ်သည်။

တိမ်မီးခိုးကိုယ်ပျောက်ပညာသည် လျှင်မြန်စွာ နေရာပြောင်းရွှေ့လှုပ်ရှားသည့် ကိုယ်ဖော့ပညာသဘောမျိုးသာဖြစ်သည်။ တိုက်ခိုက်ရေးသိုင်းပညာမဟုတ်။

ထို့ကြောင့် ကျန်းယိမင်းသည် မိန်းမတို့နှစ်ယောက်အနားသို့ ချဉ်းကပ်မိသောအခါ တိမ်မီးခိုးကိုယ်ပျောက်ပညာကို ရပ်ဆိုင်းရုပ်သိမ်းကာ နဂါးလှိုင်းစီးသိုင်း၏သိုင်းကွက်ကို ပြန်နှင်းပြီးသော တိုက်ခိုက်မှုပြုသည်။

တိမ်မီးခိုးကိုယ်ပျောက်ပညာ ရင်ဆိုင်ရုပ်သိမ်းမှုနှင့် နဂါး

www.burmeseclassic.com

www.burmeseclassic.com



လှိုင်းစီးသိုင်း၏ သိုင်းကွက်နင်းလိုက်မှုတို့မှာ ဘာမျှ အချိန်ကြာမြင့်သည်တော့ မဟုတ်။

တစ်ဆက်တည်း ဆက်တိုက်တိုက်ခိုက်ခြင်း မပြုနိုင်သာလျှင် မျှော့ကွက်ရှိသည်။

သို့သော် အသေအကျေ ရင်ဆိုင်တိုက်ခိုက်ကြသည့် သိုင်းလောက၏တိုက်ပွဲများတွင် တဒင်္ဂမျှလောက်သော အချိန်အပိုင်းအခြားလေးကပင်လျှင် အလွန်အရေးပါလှသည်။

ကျန်းယိမင်း သိုင်းကွက်သိုင်းဟန် တစ်မျိုးပြောင်းလဲလိုက်သည့်အခါတွင် မိန်းမပျိုလေးနှစ်ယောက်၏ အံ့အားတသင့် ဖြစ်နေမှုမှာလည်း ပပျောက်သွားပြီ ဖြစ်လေသည်။

ထို့ကြောင့် ကျန်းယိမင်းက နဂါးလှိုင်းစီးသိုင်းဖြင့် တိုက်ခိုက်လာသောအခါ ဗိညာဉ်ခေါ်သံတစ်နှင့်သုံး မိန်းမပျိုလေးနှစ်ယောက်တို့မှာ အံ့အားတသင့် ဖြစ်မနေတော့ အငိုက်မမိတော့။

ကြိုတင်ပြင်ဆင်မှုပင် ရှိနေပြီ။ ကျန်းယိမင်း၏ နဂါးလှိုင်းစီးသိုင်းဖြင့် တိုက်ခိုက်လာမှုကို ရှောင်တိမ်းနိုင်သည့်အပြင် ကျန်းယိမင်းကိုပင် နှစ်ယောက်ညှပ်ကာ တန်ပြန်တိုက်စစ်ဆင်ကြလေသည်။

ကျန်းယိမင်းထံတွင် ကိုင်စွဲစရာ လက်နက်တစ်စုံတစ်ရာ မရှိပေ။ လက်ဝါးနှစ်ဖက်ကိုသာ လက်နက်သဖွယ် အသုံးချ တိုက်ခိုက်ရသည်။



မိန်းမပျိုနှစ်ယောက်ကတော့ ဓားရှည်ကိုယ်စီ ကိုင်စွဲထားကြသည်။

ဓားရှည်နှစ်လက်ဖြင့် ဝိုင်းညှပ်တိုက်ခိုက်မှုကို လက်ချည်းသက်သက် ရင်ဆိုင်ရသောအခါ ကျန်းယိမင်းမှာ တစ်ပန်းရှုံးနေသည်။

ကျန်းယိမင်း၏ ပေါ့ပါးမြန်ဆန်လှသော ကိုယ်ဟန်လှုပ်ရှားမှုနှင့် တစ်မူဆန်းသော သိုင်းဟန်တို့ကြောင့် မိန်းမပျိုနှစ်ယောက်သည် အတော်လေး ရှိန်ကာ၊ အတင်းတရကြမ်း တိုးဝင်တိုက်ခိုက်ခြင်း မပြုသေးဘဲ ချိန်ချိန်ဆဆ လုပ်နေသည့်အတွက်ကြောင့်သာ ကျန်းယိမင်း အနည်းငယ် အသက်ရှူချောင်နေခြင်း ဖြစ်သည်။

မိန်းမပျိုနှစ်ယောက်၏ သိုင်းပညာမှာ အဆင့်မနိမ့်လှပါ။

အထူးသဖြင့် ဗိညာဉ်ခေါ်သံ တစ်၏ သိုင်းပညာစွမ်းသည် ဝထမတန်းအဆင့်တွင် ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်တွင်မူ မိမိရှေ့မှောက်မှ ကျန်းယိမင်း ပျောက်ကွယ်သွား၍ အံ့အားတသင့် ဖြစ်နေလေသော ဝိညာဉ်ခေါ်သံ နှစ်သည် ခေတ္တကြောင်အမ်းအမ်းဖြစ်ပြီးနောက် သူ၏တိုက်စစ်ကို ကျောင်းပိယောင်ဘက်သို့ လမ်းကြောင်းပြောင်းလိုက်လေသည်။

ကျန်းယိမင်းနှင့်စာလျှင် ကျောင်းပိယောင်သည် တိုက်ပွဲအတွေ့အကြုံ အနည်းငယ် ရှိသည်ဟု ဆိုရမည်။

ထိပ်တန်း သိုင်းအကျော်အမော်အချို့နှင့် ရင်ဆိုင်ပွဲ အနည်းအကျဉ်း ဆင်နွှဲခဲ့ဖူးသည်။

ထို့ကြောင့် ဝိညာဉ်ခေါ်သံနှစ်နှင့် လေးတို့၏ ဝိုင်းညှပ်တိုက်ခိုက်မှုကို ဖိဖိစီးစီးပင် ပြန်လည်ရင်ဆိုင်နိုင်သည်။

သို့သော် ကျောင်းပိယောင်မှာလည်း ကျန်းယိမင်းနည်းတူပင် ကိုင်စွဲစရာလက်နက်ဟူ၍ သတ်သတ်မှတ်မှတ် မရှိ။



တစ်ဖက်ရန်သူနှစ်ယောက်၏ ရဲတင်းခုတ်ချက်နှင့် ကျာပွတ်ရှည်ရိုက်ချက်များကို လက်ချည်းသက်သက်ဖြင့်သာ ရင်ဆိုင်နေရသည်။

အထူးသဖြင့် အဝေးမှလှမ်း၍ ရိုက်နှက် တိုက်ခိုက်နိုင်သော ကျာပွတ်ရိုက်ချက်များသည် ကျောင်းပိယောင်ကို ကောင်းကောင်းကြီး ဒုက္ခပေး၍ နေသည်။

သိုင်းကွက်သုံးကွက်ခန့်က အကြိတ်အနယ် အပြန်အလှန် ရင်ဆိုင်တိုက်ခိုက်နိုင်သည်။

သိုင်းကွက်သုံးကွက် ကျော်လာသောအခါတွင်မူ ကျောင်းပိယောင် သိပ်အခြေအနေမဟန်တော့။

ဝိညာဉ်ခေါ်သံနှစ်နှင့်လေးတို့၏ တိုက်ခိုက်မှုဒဏ်ကို အလူးအလဲပင် ခံနေရသည်။

"မင်းရဲ့မိစ္ဆာမနောသိုင်းပညာက ဒီလောက်ပဲလားကွ ... ဟား ဟား ဟား"

ဝိညာဉ်ခေါ်သံနှစ်က ခပ်လှောင်လှောင် ရယ်မောပြောဆိုသည်။

သူတို့သည် ကုလေး၏ လူများဖြစ်ကြရာ "မိစ္ဆာမနောသိုင်း

www.burmeseclassic.com

www.burmeseclassic.com



အညွှန်းကျမ်း” ပါ အတွင်းအားကျင့်စဉ်နှင့်သိုင်းကွက်သိုင်းဟန်များကို အပြင်းအထန် လေ့ကျင့်ထားကြသည်။

သို့သော် အကျဉ်းချုပ်ဖော်ပြချက်များသာဖြစ်သည့်အတွက် ပြည့်ပြည့်ဝဝ အောင်မြင်အောင် လေ့ကျင့်နိုင်ခြင်းတော့ မရှိကြပါ။

ထို့ပြင် ကျောင်းဝိယောင်နှင့် ကျန်းယိမင်းတို့ နှစ်ယောက်သည် မိစ္ဆာမနော သိုင်းပညာကို တတ်မြောက်ထားကြသူများ ဖြစ်သည်ဟူ၍လည်း သူတို့အား ကုလေးက ပြောပြထားခဲ့သည်။

ယခု ရင်ဆိုင်တိုက်ခိုက်ရာတွင် မိမိတို့ဘက်မှ အသာစီးရသည့်အတွက် မိမိတို့လေ့ကျင့်ထားသည့် မိစ္ဆာမနောသိုင်းပညာသည် ကျောင်းဝိယောင်တို့ထက် သာလွန်ကောင်းမွန်သည်ဟု အထင်ရောက်ကာ ခပ်ကြွားကြွားဖြင့် ကျောင်းဝိယောင်ကို နှိမ်ချပြောဆိုလိုက်ခြင်း ဖြစ်ပေတော့သည်။

တိုက်ခိုက်မှု အရှိန်အဟုန်ကိုလည်း တိုးတက်မြှင့်တင်လိုက်သည်။ ဝိညာဉ်ခေါ်သံလေးက ကျာပွတ်သံ တရွှမ်းရွှမ်းဖြင့် ကျောင်းဝိယောင်၏စိတ် တုန်လှုပ်ချောက်ချားအောင် ဖန်တီးတိုက်ခိုက်ပေးလျက် ဝိညာဉ်ခေါ်သံနှစ်က ရဲတင်းကြီးဖြင့် အပိုင်ဝင်ရောက် ခုတ်ပိုင်းသည်။



ကျောင်းဝိယောင် အကျပ်ဆိုက်သွားသည်။

ကျာပွတ်ရိုက်ချက်များဘက်သို့ စိတ်အာရုံက ရောက်နေလေရာ ရုတ်တရက် ဝင်လာသော ရဲတင်းခုတ်ချချက်ကို ရှောင်တိမ်းဖို့ ခက်နေသည်။

အရှောင်အတိမ်း မပြုနိုင်သည့်အတွက် ကျောင်းဝိယောင်က ဘယ်လက်ဝါးဖြင့် ဝိညာဉ်ခေါ်သံနှစ်ကို ဆီး၍ရိုက်လိုက်လေတော့သည်။

သူနိုင်ကိုယ်နိုင် ရင်ဆိုင်တိုက်ခိုက်သည့်အတွက်။

သည်လိုတိုက်ကွက်မျိုးက အမှန်ပင် ကြောက်စရာကောင်းသည်။ လျှင်မြန်ပြီး လက်ဦးမှုအရယူနိုင်သူက အနိုင်။

ကိုယ်ဦးကသူခံ၊ သူဦးလျှင် ကိုယ်ခံရသည့် အခြေအနေမျိုး။

ကျောင်းဝိယောင်နှင့် ရန်သူတို့၏ အနေအထားမှာလည်း တစ်ဖက်လူက ရဲတင်းဖြင့် လှမ်းခုတ်သည်မို့ လက်တစ်ကမ်းစာမက ကွာလွန်းနေသည်။

တစ်ဖက်လူကို ထိထိမိမိရိုက်နှက်နိုင်ရန်မှာ ကျောင်းဝိယောင်အနေဖြင့် ဝိညာဉ်ခေါ်သံနှစ်၏ ရဲတင်းခုတ်ချက် စည်းကွင်းထဲသို့ ထိုးဖောက်တိုးဝင်ကာ လက်တစ်ကမ်းအကွာအဝေးမှ ကျကျနန

www.burmeseclassic.com

www.burmeseclassic.com



ရိုက်နှိပ်နိုင်မှဖြစ်မည်။

ဤသို့ ချဉ်းကပ်ဝင်ရောက်နေချိန်တွင် ဝိဉာဉ်ခေါင်းသံနှစ်၏ ရဲတင်းခုတ်ချက်ဒဏ်ကို အထိခံရဖို့က ဆယ်ပုံတွင် ရှစ်ပုံခန့် သေချာနေသည်။

အကင်းပါးသည့် ကျောင်းပိယောင်သည် ဤအချက်ကို သိသည်။

ထို့ကြောင့် လက်ဝါးရိုက်ချက်ရိုက်ထုတ်ရာတွင် ဝိဉာဉ်ခေါင်းသံနှစ်၏ ကိုယ်ခန္ဓာကို ထိမိရန် ဦးတည်ခြင်းမပြု။

ရဲတင်းကိုင်ထားသော ညာဘက်လက်ကိုသာ လက်ဝါးနှင့် လှမ်းရိုက်လိုက်ခြင်းဖြစ်သည်။

ဤတိုက်နည်းပရိယာယ်ကြောင့် ကျောင်းပိယောင်အနေဖြင့် ရှေ့တိုးတက်ဖို့ မလိုအပ်တော့။

ရပ်နေမြဲနေရာမှ ဘယ်ဘက်လက်ကို ဆန့်ထုတ်ကာ လှမ်းရိုက်လိုက်ရုံသာရှိ၏။ ဤနည်းဖြင့် ရဲတင်း၏ ဦးတည်ရာလမ်းကြောင်းပြောင်းသွားအောင် ပြုပြီးနောက် ညာလက်ဝါးရိုက်တစ်ချက်၊ ထပ်မံရိုက် ဘုတ်ပြီး တစ်ဖက်လူကို အပိုင်တိုက်ခိုက်ရန် ကျောင်းပိယောင်ကြံရွယ်ထားခဲ့သည်။



သို့သော် ကျာပွတ်ကိုင်ထားသူ ဝိဉာဉ်ခေါင်းသံလေးကို ကျောင်းပိယောင် ထည့်မတွက်ခဲ့ပေ။

ကျောင်းပိယောင် ဘယ်လက်ဝါးရိုက်ထုတ်လိုက်သည့် အချိန်မှာပင် ဝိဉာဉ်ခေါင်းသံလေးကလည်း ကျောင်းပိယောင်ကို ကျာပွတ်ဖြင့် ရွှမ်းခနဲလှမ်းရိုက်သည်။

ကျာပွတ်သည် ကျောင်းပိယောင်၏ ညာဘက်နံစောင်းကို မြွေပျံတစ်ကောင်လို အဟုန်ပြင်းစွာ ဝင်ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်ခေါ်သံတစ်နှင့် သုံးတို့က ထိန်းထိန်းသိမ်းသိမ်းဖြင့် ချိန်ဆကာ တိုက်ခိုက်နေကြသောကြောင့် ပထမပိုင်းသိုင်းကွက် သုံးကွက်ခန့်တွင် ကျန်းယိမင်းသည် အပြန်အလှန် တိုက်ခိုက်နိုင်ခဲ့သည်။

သိုင်းကွက်သုံးကွက်ခန့် ရင်ဆိုင်တိုက်ခိုက်ပြီးချိန်တွင်မူ မိန်းမပျိုနှစ်ယောက်တို့သည် ကျန်းယိမင်းသိုင်းပညာအခြေအနေကို အကဲခတ် သိရှိသွားကြသည်။

မိမိတို့ တွက်ဆထားသလောက်သိုင်းပညာ အဆင့်မမြင့်မားကြောင်း သိရသည်တွင် မိန်းမပျိုနှစ်ယောက်က တိုက်စစ်အရှိန်အဟုန်တိုးမြှင့်၍ ခပ်ကြမ်းကြမ်း တိုက်ကွက်ဆင်ရန် တစ်ယောက်ကို တစ်ယောက် အချက်ပြလိုက်ကြသည်။

ဤအချိန်မှာပင် ကျောင်းဝိယောင်တစ်ယောက် အန္တရာယ်ကြုံနေရသည်ကို ကျန်းယိမင်း လှမ်းမြင်ရသည်။



ရဲတင်းခုတ်ချက်ကို ရင်ဆိုင်နေရချိန်တွင် ညာဘက်နံစောင်းဆီသို့ ကျာပွတ်ရိုက်ချက် ထပ်မံဝင်ရောက်လာရာ ကျောင်းဝိယောင်အနေဖြင့် ဤသို့ ဝိုင်းညှပ်တိုက်ခိုက်မှုကို ရှောင်တိမ်းခုခံဖို့ မစွမ်းနိုင်တော့ဟု ကျန်းယိမင်းက ထင်မိသည်။

ထို့ကြောင့် ကျန်းယိမင်းသည် ဝိညာဉ်ခေါ်သံ တစ်နှင့်သုံးတို့အား ဆက်လက်ရင်ဆိုင်တိုက်ခိုက်ခြင်း မပြုတော့ဘဲ ကျောင်းဝိယောင်ကို အကူအညီပေးနိုင်ရန် လှစ်ခနဲ ပြေးလွှား နေရာပြောင်းရွှေ့လိုက်သည်။

တိမ်မီးခိုးကိုယ်ပျောက်ပညာကို သုံးကာ လှုပ်ရှားလိုက်မှုကြောင့် ကျန်းယိမင်း၏ ပြေးလွှားပုံသည် အလွန်မြန်ဆန်လှသည်။

ဝိညာဉ်ခေါ်သံတစ်နှင့်သုံးတို့ကို ရင်ဆိုင်တိုက်ခိုက်နေရာမှ ရုတ်ခြည်း ကိုယ်ယောင်ပျောက်လိုက်သလို ပျောက်ကွယ်၍ နေရာပြောင်းသွားသည်။

တိုက်ခိုက်မှု အရှိန်အဟုန် တိုးမြှင့်လျက် ဘယ်ညာခြေမ်းချင်း ယှက်ကာ ဝိုင်းညှပ်ခုတ်ပိုင်းလိုက်သော မိန်းမပျိုနှစ်ယောက်မှာ ကျန်းယိမင်းကို မမြင်ရတော့။

တိုက်ခိုက်မှု အရှိန်အဟုန်တိုးမြှင့်လျက် ဘယ်ညာခြေမ်းချင်း

www.burmeseclassic.com

www.burmeseclassic.com



ယှက်ကာ ဝိုင်းညှပ်၍ ထိုးခုတ်လိုက်သော မိန်းမပျိုနှစ်ယောက်၏ ဓားချက်များမှာလည်း လေကိုသာ ခုတ်မိကြသည်။

ကျွန်းယိမင်းတစ်ယောက်ကတော့ ကျောင်းဝိယောင်အနားသို့ ရောက်သွားလေပြီ။

ကျွန်းယိမင်း၏နားထဲတွင် လေတိုးသံခပ်သွဲ့သွဲ့ ကြားလိုက်ရသလို ထင်မိသည်။

ထို့နောက် ဝိညာဉ်ခေါ်သံနှစ်၏လက်ထဲမှ ရဲတင်း လွတ်ထွက်သွားသည့်ကို တွေ့ရသည်။

"အား"

ဝိညာဉ်ခေါ်သံနှစ်သည် ပါးစပ်မှ နာကျင်စွာ အော်ဟစ်ပြီး နောက်သို့ ဆုတ်သွားသည်။ သူ၏ ညာဘက်လက်မှာလည်း အကြောဆိုင်းသွားသလို တွဲလွဲကြီး ဖြစ်၍နေသည်ကို မြင်ရသည်။

ရဲတင်းခုတ်ချက်၏ ခြိမ်းခြောက်မှု မရှိတော့သောကြောင့် ကျောင်းဝိယောင်သည် ကျာပွတ်ရိုက်ချက်ကို လွတ်အောင် ရှောင်လိုက်နိုင်သည်။

ရှောင်တိမ်းထွက်အသွားတွင် ဝိညာဉ်ခေါ်သံလေးကို လက်ဝါးတစ်ချက် လှမ်း၍ရိုက်လိုက်သည်။



ဝိညာဉ်ခေါ်သံလေး အတင်းတိုးဝင်တိုက်ခိုက်လာခြင်း မပြုနိုင်အောင် ဟန့်တားလိုက်သည့် သဘောသာဖြစ်သည်။

သို့သော် ...

"အား"

ဝိညာဉ်ခေါ်သံလေးမှာ နာကျင်စွာ အော်ဟစ်ရင်း နောက်သို့ ခြေလှမ်းယိမ်းယိုင်ကာ ဆုတ်သွားရသည်ကို ကျောင်းဝိယောင် မြင်လိုက်ရသည်။

မိမိ၏ လက်ဝါးရိုက်ချက်သည် ဝိညာဉ်ခေါ်သံလေးကို ထိမိလိမ့်မည်ဟု ကျောင်းဝိယောင် မထင်ခဲ့ပေ။

အကယ်၍ ထိမိသည့်တိုင် ဤမျှလောက် ထိချက်ပြင်းထန်မည်ဟူ၍ မမျှော်မှန်းခဲ့ပါ။

ကျောင်းဝိယောင် အံ့အားတသင့် ဖြစ်နေသည်။

ကျွန်းယိမင်းမှာလည်း အတော်လေး ဇဝေဇဝါနှင့် အစဉ်းစားရ ခက်နေသည်။

ဝိညာဉ်ခေါ်သံလေးကို ကျောင်းဝိယောင်က လက်ဝါးနှင့် လှမ်းရိုက်လိုက်ချိန်တွင် တိုးညင်လှသောလေတိုးသံ ခပ်သွဲ့သွဲ့ကလေးကို ကြားလိုက်ရသလို ကျွန်းယိမင်း ထင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုနှစ်ယောက် အပြေးဝင်ရောက်လာကြပြန်သည်။

ဝိညာဥ်ခေါ်သံတစ်က ကျောင်းဝိယောင်ကို ဝင်တိုက်ပြီး ဝိညာဥ်ခေါ်သံသုံးက ကျန်းယိမင်းကို တိုက်ခိုက်သည်။

သူတို့သည် ထိန်းထိန်းသိမ်းသိမ်း လုပ်မနေကြတော့။

သိုင်းပညာစွမ်းရည်များကို အကုန်အစင်ထုတ်သုံးကာ အပြင်းအထန် တိုက်စစ်ဆင်သည်။

ဓားခုတ်ချက်များသည် ကြမ်းတမ်းလှသည်၊ ရက်စက်လှသည်။ ဓားရောင်ဖွေးဖွေးလက်လက်များသည် ကျန်းယိမင်းနှင့် ကျောင်းဝိယောင်တို့ကို လွှမ်းမိုးသွားကြသည်။

"နဂါးလှိုင်းစီးသိုင်းနှင့် ရှောင်ပြီး နဂါးစွယ်လက်နက်ပုန်းနဲ့ လှမ်းပစ်"

ယန်ဂျာက ကျောင်းဝိယောင်ကို လှမ်းပြောဆို လမ်းပြပေးသည်။

"တိမ်မီးခိုးနဲ့ရှောင် နဂါးစွယ်နဲ့ပစ်"

ယန်ကူကလည်း ကျန်းယိမင်းကို လှမ်း၍ ပြောဆိုကူညီပေးသည်။ ကျောင်းဝိယောင်နှင့် ကျန်းယိမင်းတို့ နှစ်ယောက်လုံးတွင် တိုက်ပွဲအတွေ့အကြုံ မရှိဘဲ နည်းပရိယာယ် မဆင်တတ်ခြင်းသည်



အဓိကအားနည်းချက် ဖြစ်နေကြောင်း သိရှိသည့်အတွက် ဘေးမှနေ လှမ်းပြောကူညီပေးလိုက်ကြခြင်း ဖြစ်သည်။

ကျောင်းဝိယောင်က ယန်ဂျာပြောသည့်အတိုင်း လုပ်သည်။

ကျန်းယိမင်းကလည်း ယန်ကူ၏ အကြံပေးစကားကို လိုက်နာသည်။

ယန်ဂျာနှင့်ယန်ကူတို့နှစ်ယောက် ဘေးမှ လှမ်းပြောဆို ကူညီပေးခြင်းသည် ကောင်းကွက်များရှိသလို ဆိုးကျိုးများလည်း ဖြစ်ထွန်းစေသည်။

ကျောင်းဝိယောင်နှင့် ကျန်းယိမင်းတို့အား တိုက်ခိုက်မှုအား နည်းဗျူဟာများ သိရှိစေသည့်အတွက် ကောင်းကွက်ဖြစ်သည်။

တစ်ဖက်မိန်းမပျိုများအနေဖြင့် ကျန်းယိမင်းနှင့် ကျောင်းဝိယောင်တို့ မည်သို့မည်ပုံ တိုက်နည်းဗျူဟာ ဆင်၍လာမည်ဆိုခြင်းကို ကြိုတင်သိနေရသည့်အတွက် ဆိုးကျိုးဖြစ်ထွန်းစေသည်။

ဝိညာဥ်ခေါ်သံ တစ်နှင့်သုံး မိန်းမပျိုနှစ်ယောက်က ကျန်းယိမင်းနှင့် ကျောင်းဝိယောင်တို့နှစ်ယောက် နောက်ဆုတ်ရှောင်တိမ်းခွင့် မသာရလေအောင် ဓားချက်များကို အစွမ်းကုန် သွက်လက်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန္ဓာဖြူမျိုး အတွင်းအားနှီးဆွနည်းဖြင့်ပင် မိမိတို့၏ အတွင်းအားများကို တစ်ဆတိုးအောင် နှီးဆွဖို့လည်း ပြင်ဆင်ထားကြသည်။

မိန်းမပျိုနှစ်ယောက်၏ ဓားချက်များသည် ဇယ်ဆက်သလို မြန်ဆန်လာသည်။

တကယ့်သေတွင်းသေကွက်နေရာများကိုချည်း ဦးတည်ခြိမ်းခြောက်သည်။

ကျောင်းဝိယောင်နှင့် ကျန်းယိမင်းတို့ကလည်း နဂါးစွယ်လက်နက်ပုန်းများနှင့် လှမ်းပစ်တိုက်ခိုက်နိုင်ရန် လူချင်းခွာနိုင်ဖို့ ကြိုးစားရှောင်တိမ်းကြသည်။

ဤသို့ ရှောင်တိမ်းရာတွင် ...



တိမ်မီးခိုးကိုယ်ပျောက်ပညာသည် ကိုယ်ဟန်လှုပ်ရှားမှုကို အထူးပင် သွက်လက်ပေါ့ပါးမြန်ဆန်စေသော ကိုယ်ဖော့ပညာရပ်တစ်မျိုးဖြစ်သည်။

ရုတ်တရက် ကိုယ်ပျောက်သွားသည်ဟု တစ်ဖက်လူ ထင်မှတ် မှားလောက်အောင်ပင် လျင်မြန်လှသော အရှိန်အဟုန်ဖြင့် လှုပ်ရှားနေရာ ပြောင်းနိုင်သည်။

ထို့ကြောင့် ကျန်းယိမင်းသည် ဝိညာဉ်ခေါ်သံသုံး၏ မြန်ဆန်သွက်လက်သော ဓားချက်များ လွှမ်းမိုးထားသည့်ကြားမှ လွယ်ကူစွာပင် ရှောင်တိမ်းထွက်ခွာသွားနိုင်ခဲ့သည်။

နဂါးလှိုင်းစီးသိုင်းသည် မြန်ဆန်သော လှုပ်ရှားကွက်များကို အခြေခံသော်လည်း တိမ်မီးခိုးကိုယ်ပျောက်ပညာ၏ လှုပ်ရှားမှုများကိုတော့ မမီပါ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ကျောင်းပိယောင် ရင်ဆိုင်တိုက်ခိုက်နေရသော ဝိညာဉ်ခေါ်သံတစ်၏ သိုင်းပညာနှင့်ဓားစွမ်းကလည်း အတော်ပင် ထက်မြက်ကောင်းမွန်သည်။

သို့ဖြစ်ရာ ကျောင်းပိယောင်အနေဖြင့် ဝိညာဉ်ခေါ်သံ တစ်၏ သိုင်းကွက်နှင့်ဓားချက်များ လွှမ်းမိုးထားမှုမှ ရှောင်တိမ်းထွက်ရာ တွင် လွယ်ကူမှုမရှိ။

အတော်ပင် အကျဉ်းအကျပ်တွေ့၍ နေသည်။

ရှောင်တိမ်းနောက်ဆုတ်လို့ အလွယ်တကူ မရသည့်အပြင် ဝိညာဉ်ခေါ်သံတစ်၏ ဝှေ့ဝိုက်ခုတ်ဖြတ်လာသော ဓားချက်များ အထိခံရမည့် အခြေအနေမျိုးကိုပင် ရုတ်တရက် ရင်ဆိုင်လိုက်ရ သည်။

"ကျုန်းယိမင်းရေ ... လုပ်ပါဦး"

သေရေးရှင်ရေးအန္တရာယ် ရင်ဆိုင်ရသည့်အတွက် ကျောင်း ပိယောင်က ကျုန်းယိမင်းကို အားကိုးတကြီးပင် အကူအညီတောင်း လိုက်သည်။

ထိုအချိန်တွင် ကျုန်းယိမင်းသည် ဝိညာဉ်ခေါ်သံသုံးကို လေးထောင့်ချွန် သစ်သီးတစ်လုံးဖြင့် ပစ်ပေါက်တော့မည့်ဆဲဆဲ ဖြစ်



သည်။ (ကျုန်းယိမင်းသည် နဂါးစွယ် လက်နက်ပုန်းပစ်ခတ်မှုပညာ ကို လေ့ကျင့်တတ်မြောက်နေသော်လည်း နဂါးစွယ်လက်နက်ပုန်း အစစ်အမှန်မူ သူ့ထံတွင် မရှိပါ။

နဂါးစွယ်လက်နက်ပုန်းနှင့် အတော်လေးဆင်တူသည့် လေး ထောင့်ချွန် သစ်သီးများကိုသာ နဂါးစွယ်လက်နက်ပုန်း သဘောမျိုး အသုံးချ ပစ်ခတ်ရပေသည်။)

ကျောင်းပိယောင်၏ အကူအညီတောင်းသံ ကြားရသော အခါ ကျုန်းယိမင်းသည် အသင့်ရှိနေပြီးသော လေးထောင့်ချွန်သစ်သီး ဖြင့် ဝိညာဉ်ခေါ်သံ တစ်ထံသို့ လှမ်းပစ်ပေါက်လိုက်လေတော့သည်။

'ဝှီး'

ကျောင်းပိယောင်အတွက် စိုးရိမ်စိတ်ဖြင့် ကာဝိမနော အ တွင်းအားကို အပြည့်ထည့်သုံးထားသည်။

နဂါးစွယ်လက်နက်ပုန်းပစ်ခတ်မှုပညာဖြင့် သေသပ်စနစ် ကျစွာ ပစ်လွှတ်လိုက်သည့်အတွက် လေးထောင့်ချွန်သစ်သီးသည် အဟုန်ပြင်းစွာပင် တန်း၍ လွင့်ပျံထွက်သွားသည်။

ပစ်ခတ်မှုလမ်းကြောင်းနှင့် အားအဟုန်တို့ကတော့ တကယ့် နဂါးစွယ် လက်နက်ပုန်း တစ်ခုအတိုင်းပင်။ ဘာမျှမကွဲပြားပါ။

www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်ခေါင်းသံတစ်က ဓားရှည်ကို ဝှေ့ယမ်း၍ သူမထံ တန်းဝင်လာသည့် လက်နက်ပုန်းကို ပုတ်ထုတ်ကာကွယ်လေသည်။

မိမိ၏ဓားရှည်သည် တစ်စုံတစ်ရာကို ခုတ်ဖြတ်မိုင်းပစ်လိုက်သည်ကို ဝိညာဉ်ခေါင်းသံတစ် သိလိုက်သည်။

တစ်ဆက်တည်းမှာပင် ညာဘက်ပခုံးစွန်း၌ စစ်ခနဲ နာကျင်မှု ဝေဒနာလေး ခံစားရသည်။

နာကျင်မှု သိပ်မများသော်လည်း ထိချက်၏ အကျိုးဆက်ကတော့ အကော်ကို ပြင်းထန်သည်။

ဝိညာဉ်ခေါင်းသံတစ်၏ ကိုယ်ခန္ဓာညာဘက်ခြမ်း တစ်ခုလုံး ထုံကျဉ်သွားသည်။

အထူးသဖြင့် ညာဘက်လက်မှာ အားပျော့ချည့်နဲ့လျက် လှုပ်ရှားလို့ မရနိုင်တော့ဘဲ တွဲလဲကျသွားသည်။

ညာလက်ရှိ ဓားရှည်လည်း လွတ်ထွက်ကျသွားခဲ့ပြီ။ ညာခြေပင် ကောင်းစွာ မထောက်နိုင်တော့သည့်အတွက် ဝိညာဉ်ခေါင်းသံတစ်မှာ ဒူးညွတ်ကာ ခွေယိုင်လဲသွားရပြန်လေသည်။

ကျန်းယိမင်း အစော်ကို အံ့ဩ၍နေသည်။

သူ ပစ်လွှတ်လိုက်သော လေးထောင့်ချွန်သစ်သီးသည် ဝိ



ညာဉ်ခေါင်းသံတစ်၏ ဆီးကြိုခုတ်ပက် ခုခံလိုက်သော ဓားချက်ထိကာ ထက်ပိုင်းပြတ် လွင့်စဉ်သွားသည်ကို ကျန်းယိမင်း သေသေချာချာ မြင်လိုက်ရသည်။

သို့သော် ထိုနည်းတူ ဝိညာဉ်ခေါင်းသံတစ် လက်နက်ပုန်း အထိခံရကာ လက်မှဓားလွတ်ထွက်လျက် ယိမ်းယိုင်ခွေညွတ်ကျသွားသည်ကိုလည်း မျက်ဝါးထင်ထင် တွေ့ရမြင်ရပြန်သည်။

ဝိညာဉ်ခေါင်းသံတစ် သည်မျှလောက် အထိနာသွားရအောင် ထိမှန်စေခဲ့သည့် လက်နက်ပုန်းသည် မည်သည့် လက်နက်ပုန်း ဖြစ်သနည်း။

ဓားချက်ကြောင့် ထက်ခြမ်းကွဲသွားသည့် လေးထောင့်ချွန်သစ်သီးအခြမ်းအစ တစ်ခုခု သွားထိမှန်ခြင်းပေလော။

ဒါကလည်း အလွန်ကို ဖြစ်တောင့်ဖြစ်ခဲလှသည့်ကိစ္စ။

ကျန်းယိမင်းသည် စိတ်ထဲတွင် ဇဝေဇဝါနှင့် အာရုံထွေပြားနေရာ အကယ်၍ ဝိညာဉ်ခေါင်းသံသုံးက တိုက်ခိုက်လာမည်ဆိုပါက ရုတ်တရက် ခုခံရှောင်တိမ်းဖို့ပင် အခက်အခဲဖြစ်နိုင်ပေသည်။

သို့သော် ဝိညာဉ်ခေါင်းသံသုံးသည် ကျန်းယိမင်းအား ထပ်မံတိုက်ခိုက်ခြင်းမပြုတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ခွေယိုင်လဲကျသွားသော ဝိညာဉ်ခေါ်သံတစ်ကိုသာ ပြေး၍ ဖေးမတွဲထူပေးလိုက်သည်။

ကျောင်းဝိယောင်လည်း ကျန်းယိမင်း၏ဘေးနားသို့ အပြေးချဉ်းကပ်၍ လာသည်။

ကျန်းယိမင်းနှင့် ကျောင်းဝိယောင်တို့သည် တစ်ယောက်နှင့်တစ်ယောက် ဘေးချင်းယှဉ်ကာရပ်လျက် ဝိညာဉ် ခေါ်သံလေးဖော်တို့၏ အခြေအနေကို စူးစိုက်ကြည့်ရှုနေကြသည်။

သူတို့နှစ်ယောက် ပခုံးချင်း ယှဉ်ရပ်နေသည်မှာ ယန်ကျာနှင့် ယန်ကူတို့၏ ရှေ့ဘက်ကျကျတွင်ဖြစ်ရာ ယန်ကျာတို့ ညီအစ်မအား မားမားမတ်မတ်နှင့် အကာအကွယ် ပေးထားသည့်သဘောလည်း ဖြစ်နေပေသည်။

ယခုအခါတွင် ဝိညာဉ်ခေါ်သံ လေးဖော်တို့တွင် ဦးစီးခေါင်းဆောင်ပြုသူ မိန်းမပျို အပါအဝင် သုံးယောက် ထိခိုက်အနာတရ ရှိနေပြီဖြစ်သည်။

ဒဏ်ရာရသူများသည် အပရိကအထိခံရချက်များ ဖြစ်သော်လည်း အကြောအချို့ဆိုင်းကာ ကိုယ်ခန္ဓာ အစိတ်အပိုင်းအချို့ လောလောဆယ် လှုပ်ရှားမရနိုင်ဘဲ ရှိသည့်အတွက် အတွင်းဒဏ်



ခပ်ပြင်းပြင်း ရထားကြသည့် အခြေအနေမျိုးနှင့် မခြားနားပေ။

ဤလို အခြေအနေမျိုးနှင့် ရွတ်မိုက်တိုက်ပွဲဝင်မည်ဆိုပါက အောင်မြင်ဖို့ထက် အရေးရှုံးနိမ့်ဖို့က ပို၍ အခွင့်အလမ်းများနေသည်။ ဝိညာဉ်ခေါ်သံလေးဖော်တို့သည် လက်ရဲဇက်ရဲ ဆိုးဝါးမိုက်ကန်းသည့် သိုင်းသမားဆိုးများ ဖြစ်ကြသော်လည်း မိုက်ရူးရဲတွေတော့ မဟုတ်။

အခြေအနေကို သုံးသပ်တတ်ကြသည်။

ထို့ကြောင့် ဆက်လက်၍ တိုက်ခိုက်ခြင်းမပြုကြဘဲ တစ်ဦးကိုတစ်ဦး ဖေးမတွဲခေါ်ကာ ထိုနေရာမှ အမြန်ဆုံး ထွက်ခွာသွားကြလေတော့သည်။

အကယ်၍ ကျန်းယိမင်းတို့သည် ရက်စက်ကြမ်းကြုတ်သော လမ်းလွဲသိုင်းသမားဆိုးများဖြစ်လျှင် မိမိတို့ကို ခြေရာခံသိရှိသွားသည့် တစ်ဖက်ရန်သူ၏လူများကို သည်အတိုင်း အသက်ရှင်လျက် ထွက်သွားခွင့်ပေးမည်မဟုတ်။

တစ်ယောက်မကျန် လက်စတုံးသုတ်သင်ကာ နှုတ်ပိတ်ပစ်ကြမည်အမှန်။

ယန်ကျာ၊ ယန်ကူတို့ ညီအစ်မအပြင် ကျောင်းပိယောင်နှင့် ကျန်းယိမင်းတို့ပါ လေးယောက်လုံးမှာ စိတ်သဘောထား ကောင်း

www.burmeseclassic.com

www.burmeseclassic.com



မွန်သူများဖြစ်ကြပေရာ မိမိတို့၏ သတင်းအစခြေရာများကို သိရှိသွားကြသည့် ဝိညာဉ်ခေါ်သံလေးဖော်တို့အား နှုတ်ပိတ်သတ်ဖြတ်ပစ်ခြင်း မပြုကြပါ။

သူတို့ဘာသာသူတို့ ထွက်ခွာရှောင်တိမ်းသွားကြသည်ကို အေးအေးဆေးဆေးပင် ကြည့်နေလိုက်ကြသည်။

✢ ✢ ✢



## အခန်း (၁၀)

"သူတို့က ခြေရာခံမိပြီဆိုတော့ အမြန်ဆုံး ဒီနေရာက ဝေးရာကို အရောက်သွားမှ ဖြစ်တော့မယ်"

ဝိညာဉ်ခေါ်သံလေးဖော်တို့ ထွက်ခွာသွားကြပြီးနောက် ယန်ကူက ပြောသည်။ ဤသို့ ရှောင်တိမ်းထွက်ခွာသွားဖို့ အထူးအရေးတကြီး လိုအပ်နေပြီဖြစ်ကြောင်း ကျန်သုံးယောက်ကလည်း ကောင်းကောင်း သဘောပေါက်သည်။

"အလွယ်တကူ ခြေရာခံလို့ မရအောင်နဲ့ အမြန်ဆုံးလှုပ်ရှားဖို့ဆိုရင်တော့ သစ်ပင်တွေပေါ်ကတက်ပြီး သွားတာ အကောင်းဆုံး ဖြစ်လိမ့်မယ်"

ကျန်းယီမင်းက အကြံပေးသည်။ ယန်ဂျာ၊ ယန်ကူနှင့် ဆောင်းဝိယောင်တို့ သုံးယောက်လုံးပင် ကျန်းယီမင်း၏ ဖေးမတွဲခေါ်မှုဖြင့် သစ်ပင်များ တစ်ပင်မှတစ်ပင်သို့ ကူးသန်းကာ သွားလာခဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြမ္ဖူးပြီး ဖြစ်သည်။

သစ်ပင်များပေါ်မှ ကူးသန်း၍ သွားခြင်းသည် မြေပြင်တွင် ခြေတင်၍ လျှောက်လှမ်းသွားခြင်းထက် ပိုမို မြန်ဆန်သည့်အပြင် တစ်ဖက်လူများ ခြေရာကောက်၍ မရနိုင်အောင် ခြေရာဖျောက်ရန် အကောင်းဆုံးနည်းလမ်း ဖြစ်ကြောင်းလည်း သူတို့သိကြသည်။

ထို့ကြောင့် ကျွန်းယီမင်း၏အဆိုပြုချက်ကို ယန်ကျာ ယန်ကူနှင့် ကျောင်းပိယောင်တို့ သုံးယောက်လုံးက သဘောတူ လက်ခံကြသည်။

သို့သော် ယခု လူသုံးယောက်ကို ကျွန်းယီမင်းက ဖေးမတွဲခေါ်သွားရန် ဖြစ်မှဖြစ်ပါ့မလားဟူ၍တော့ အသီးသီးတွေးမိကြသည်။

"သစ်ပင်ပေါ်တွေက တက်ပြီးသွားတာကတော့ ကောင်းပါတယ်၊ ဒါပေမဲ့ ... ငါတို့လူသုံးယောက်လုံးကို မင်းက တစ်ယောက်တည်းနဲ့ ဘယ်လိုလုပ်ပြီး ဖေးမတွဲခေါ်သွားနိုင်မှာလဲ"

ယန်ကူကမေးသည်။ ကျွန်းယီမင်းက ခေတ္တမျှ တွေဝေကာ စဉ်းစားလိုက်ပြီး ...

"အင်း ... ကျွန်တော် တစ်ယောက်တည်းက သုံးယောက်လုံးကို ဖေးမတွဲခေါ်သွားဖို့ကတော့ သိပ်မလွယ်ဘူး၊ ကျောင်းပိ



ယောင်ရဲ့ အကူအညီရမယ်ဆိုရင်တော့ အဆင်ပြေနိုင်ပါလိမ့်မယ်"

"ကျွန်မ ဘယ်လိုများအကူအညီပေးနိုင်မှာလဲ၊ ပြောပါဦး"

ကျောင်းပိယောင်က မေးသည်။

"ခင်ဗျားက သစ်ပင်တက်တာတွေ ဘာတွေ သိပ်မဆိုးဘူး၊ အတော်လေး ကျွမ်းကျင်တယ်၊ နည်းနည်းလောက် စွန့်စားနိုင်မယ်ဆိုရင် သစ်ပင်တစ်ပင်ကတစ်ပင် ခုန်ကူးတာမျိုးလည်း လုပ်နိုင်မှာအမှန်ပဲ၊ ဒီတော့ ... ကျွန်တော်က ဒေါ်ဒေါ်ယန်ကျာကို ကျောပိုးပြီး ဒေါ်ဒေါ်ယန်ကူကို ဖေးမတွဲခေါ်ပေးမယ်၊ ခင်ဗျားကတော့ ကိုယ့်ဘာသာကိုယ် သစ်ပင်တွေပေါ်တက်ပြီး လိုက်ခဲ့ပေါ့။ သစ်ပင်တစ်ပင်နဲ့တစ်ပင် ကူးဖို့သန်းဖို့ အခက်အခဲတွေ့တဲ့အခါကျတော့ ခင်ဗျားကို ကျွန်တော် ဝိုင်းကူညီပေးမယ်လေ"

ကျောင်းပိယောင်က ခေါင်းညိတ်လိုက်ကာ ...

"အင်း ... ရှင်ပြောတာက မဆိုးပါဘူး၊ ဖြစ်နိုင်ပါလိမ့်မယ်၊ ကျွန်မ ကြိုးစားလုပ်ကြည့်မယ်"

အချိန်လုကာ လုပ်ဆောင်ရမည်မို့ ကျောင်းပိယောင်က စွန့်စားလုပ်ဆောင်ရန် သဘောတူပြီးသည်နှင့် သူတို့ စောင်လှုပ်ရှားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းယိမင်းက ယန်ကျာကို နောက်ကျောတွင် ချိုးပိုးသည်။ ဝိတ်စများဖြင့်လည်း သေသေချာချာ သိုင်းချည်သည်။

ကျောက်တုံးကျောက်ပုံများ ထူထပ်သည့် လွင်ပြင်လိုလို နေရာကို အမြန်ဆုံး ဖြတ်ကျော်ကြသည်။

ထိုလွင်ပြင်လိုလို နေရာအဆုံးတွင်တော့ ထူထပ်သော တောအုပ်အစပ်သို့ ရောက်လာကြသည်။ ကျန်းယိမင်းသည် ယန်ကျာကို ကျောပိုးကာ ယန်ကူကို ဘယ်ဘက်လက်ဖြင့် ဖေးမတွဲခေါ်လျက် တောစပ်ရှိ သစ်ပင်တစ်ပင်ပေါ်သို့တက်သည်။

ကျောင်းပိယောင်ကလည်း လူလွတ်ပင် ထိုသစ်ပင်ပေါ်သို့ ကျန်းယိမင်းတို့နှင့်အတူ လိုက်၍ တက်လာသည်။

ထိုသစ်ပင်ကြီးမှ တစ်ဆင့် အကိုင်းချင်းယှက်နေသည့် ဘေးနားမှ သစ်ပင်ကြီးတစ်ပင်သို့ ကူးသန်းရာတွင်လည်း ကျောင်းပိယောင်က စွန့်စားလုပ်ဆောင်ကြည့်ရာ အောင်မြင်စွာပင် ကူးသန်းလာနိုင်ခဲ့ပေသည်။



ကျန်းယိမင်းတို့လူစုသည် သစ်ပင်တစ်ပင်မှ တစ်ပင်သို့ ကူးကာ ခရီးနှင်၍ လာခဲ့ကြသည်။

အပင်ချင်း အလှမ်းမဝေးဘဲ အကိုင်းချင်းလည်း ယှက်နေသော သစ်ပင်များသို့ ကူးသန်းရာတွင် ကျောင်းပိယောင်အနေဖြင့် အခက်အခဲမတွေ့သော်လည်း အကိုင်းချင်းယှက်နေခြင်းလည်း မရှိ၊ တစ်ပင်နှင့်တစ်ပင်လည်း အလှမ်းကွာဝေး၍ နွားအကြောကြိုးခွေကို အသုံးချ၍ လွဲကူးရသောအခါများတွင်တော့ ကျောင်းပိယောင်မှာ မိမိဘာသာ လူလွတ်မလုပ်ဆောင်နိုင်။

ဤသို့သောအခါမျိုးတွင် ကျန်းယိမင်းသည် ယန်ကူကို အရင်ကူးပို့ပေးပြီးမှ တစ်ဖန် ကျောင်းပိယောင်ကိုပြန်ခေါ်ကာ ဖေးမတွဲခေါ်ပေးရသည်။

သူတို့လူစုသည် ရန်သူများ၏ အခြေစိုက်စခန်းအနီးဝန်း

www.burmeseclassic.com

www.burmeseclassic.com



ကျင်သို့ တိတ်တဆိတ်နိုဝင်ကာ ပုန်းအောင်းလျက် တစ်ဖက်ရန်သူများကို လှည့်စားမျက်ခြည်ဖြတ်နေခဲ့ကြရာမှ ယခု ရန်သူတို့က သူတို့ကို ခြေရာကောက်မိသွားကြပြီဖြစ်ရာ ရန်သူ့အခြေစိုက်စခန်းနှင့် ဝေးနိုင်သမျှ ဝေးရာသို့ အမြန်ဆုံးရောက်နိုင်ဖို့ အထူးပင် အရေးကြီး၍ နေပေသည်။

ထို့ကြောင့် အရပ်အနားမရှိ ခရီးပြင်းနှင်ကြသည်။

နေမွန်းတည့်ချိန်လောက်တွင်သာ ခေတ္တရပ်နား၍ နံနက်စာနှင့် နေ့လယ်စာ အတူပေါင်းကာ စားသောက်ကြသည်။

ရပ်နားသည်ဆိုရာတွင်လည်း မြေပြင်သို့ဆင်းကာ အေးအေးလူလူ နားနေခြင်းမျိုးတော့မဟုတ်ပေ။ သစ်ပင်ပေါ်တွင်သာ ခေတ္တခဏမျှ နားနေစားသောက်ကြရခြင်းသာ ဖြစ်လေ၏။

စားသောက်ပြီးစီးသည့်အခါတွင်လည်း ခဏမျှသာ အနားယူကြလျက် ခရီးဆက်၍ နှင်လာခဲ့ကြပြန်သည်။

ည အတော်မိုးချုပ်မှ ရပ်နားကြသည်။

ပါလာသော ခရီးဆောင်ရိက္ခာများဖြင့်သာ ညစာစားသောက်ကြသည်။

သားကောင်ပေါများသော တောအုပ်ကြီးထဲ ရောက်နေကြ



သော်လည်း ညစာဟင်းလျာအတွက် အမဲလိုက်ရှာဖွေခြင်း မပြုကြ။

သစ်ပင်များပေါ်မှ ခုန်ကူးသန်းရင်း ဆွတ်ခူးလာသည့် သစ်သီးများကတော့ သူတို့ထံတွင် အတော်များများရှိနေရာ ချိုမြိန်အရည်ရွှမ်းသည့် သစ်သီးများကိုမူ စိတ်တိုင်းကျ အားပါးတရ စားသောက်နိုင်ကြသည်။

သူတို့လူစုသည် သစ်ပင်ခွကြားများတွင်ပင် ကြက်အိပ်ကြက်နိုး အိပ်စက်ကာ တစ်ညတာကို ကုန်လွန်စေကြသည်။

နံနက် အရုဏ်ဦး ရောင်နီပျိုးစအချိန်မှာပင် သစ်သီးများကို နံနက်စာအဖြစ် စားသောက်ပြီး ခရီးဆက်ကြသည်။

ညနေစောင်းအချိန်တွင် တောအုပ်ကို ဖြတ်ကျော်မိကြသည်။ ကျယ်ပြန့်သော မြေပြန့်လွင်ပြင်ကျယ်ကြီးတစ်ခုဆီသို့ ရောက်လာကြသည်။

သူတို့သည် လွင်ပြင်ကျယ်ကို မဖြတ်ကျော်မီ တောစပ်နားရှိ ဂူတစ်ခုတွင် ဝင်ရောက်နားခိုနေထိုင်ကြသည်။

ယန်ဂျာ၏အတွင်းဒဏ်က ပပျောက်ခြင်း မရှိသေးသည့်အတွက် နားနေပြီးကုသရန် လိုအပ်နေသည်။

ယခုဆိုလျှင် သူတို့သည် မြွေဆိုးတစ်ထောင်တောင်ကြား

www.burmeseclassic.com

www.burmeseclassic.com



ရွာကြီးနှင့်လည်း အတော်ပင် အလှမ်းကွာဝေးနေပြီဖြစ်ရာ ရန်သူများကို မျက်ခြည်ဖြတ်ထားနိုင်ပြီဟု တွက်ကြသည်။

ခရီးပြင်းနှင်လာမှုကြောင့် ယန်ဂျာ၏အတွင်းဒဏ် အခြေအနေ ပိုမိုဆိုးရွားလာလေမည်လားဟု စိုးရိမ်ခဲ့ကြသေးသည်။

သို့သော် ယန်ဂျာ၏အခြေအနေမှာ သူတို့စိုးရိမ်သလို မဆိုးရွား။ မူလအနေအထားအတိုင်းသာ ရှိနေသည်။

ကျောက်ဂူထဲတွင် နားနေရင်း ကျန်းယိမင်းက ယန်ဂျာကို အတွင်းအား ထောက်ကူနှိပ်နယ်ကုသပေးသည်။

ယန်ကူက အနားမှနေကာ နှိပ်နယ်ကုသမှု ပိုမိုထိရောက်စေရန် နည်းလမ်းကောင်းများ ပြောဆိုညွှန်ပြပေးသည်။

ကျောင်းပိယောင်က တောလည်ကာ စားနပ်ရိက္ခာရှာဖွေသည်။ တောထဲ တောင်ထဲတွင် လှည့်လည်သွားလာမှု အတွေ့အကြုံများစွာရှိသော ကျောင်းပိယောင်သည် စားနပ်ရိက္ခာများကို အချိန်တိုတိုနှင့် စုံစုံလင်လင် ရရှိအောင် ရှာဖွေနိုင်ခဲ့သည်။

သူတို့လူစုသည် ထိုဂူလေးတွင် သုံးရက်တာမျှ နားနေစခန်းချကြသည်။ သုံးရက်တာ နားနေရင်း ကုသပေးလိုက်ရာ ယန်ဂျာ၏ အတွင်းဒဏ်သည် သိသိသာသာပင် ပျောက်ကင်း၍ လာသည်။



လုံးလုံးလျားလျားပျောက်ကင်းခြင်း မရှိသေးသော်လည်း မူလသိုင်းပညာများကို သုံးပုံနှစ်ပုံခန့် အသုံးပြုနိုင်စွမ်းရှိသည်အထိ အခြေအနေ ကောင်းလာသည်။

ယန်ဂျာ၏ မာယာရှင်သိုင်းသည် လျှို့ဝှက်ဆန်းပြားပြီး အဆင့်မြင့်မားလှသည့်သိုင်းပညာဖြစ်ပေရာ ယင်းသိုင်းပညာကို သုံးပုံနှစ်ပုံခန့် အသုံးချနိုင်ခြင်းသည် တော်ရုံတန်ရုံ အဆင့်မြင့် သိုင်းသမားကို အရေးလုပ်စရာမလိုသော သိုင်းပညာအဆင့်ပင် ဖြစ်ပေသည်။

ယန်ဂျာအနေဖြင့် မိမိဘာသာ အတွင်းအားလည်ပတ်လေ့ကျင့်မှုဖြင့် အတွင်းဒဏ်လုံးဝပျောက်ကင်းသွားအောင် ကုသနိုင်သည့် အနေအထားလည်း ရှိနေပေပြီ။

ဤတောအုပ်သည် ထူထပ်သိပ်သည်းသည့်အပြင် သားကောင်များပြားလှကာ စမ်းရေချောင်းရေများလည်း ဖူဖူလုံလုံ ရှိသည်။ ထို့ပြင် သဘာဝအလျောက်ဖြစ်ပေါ်နေသော ဂူများလည်း အတော်များများရှိသည်။

လူသူအရောက်အပေါက်နည်းသလို လူနေရပ်ရွာနှင့်လည်း သိပ်ကွာလှမ်းခြင်းမရှိ။

ထို့ကြောင့် ယန်ဂျာနှင့်ယန်ကူတို့ ညီအစ်မသည် ဤတော

www.burmeseclassic.com

www.burmeseclassic.com



အုပ်အတွင်း၌ပင်လျှင် ဓာတ်မြှုပ်နေထိုင်သွားရန် ဆုံးဖြတ်ရွေးချယ်လိုက်ကြသည်။

ကုလေးတို့ ခြေရာခံနိုင်မည့်အရေးမှ ရှောင်လွှဲနိုင်ရန်အတွက် ဂူတစ်ခုထဲတွင်သာ အမြဲတမ်းနေထိုင်ခြင်းမပြုဘဲ အမြဲတမ်းနေထိုင်ရန် ဂူငါးလုံးရွေးချယ်ကာ တစ်ဂူမှတစ်ဂူ ပြောင်းရွှေ့နေထိုင်သွားကြရန် ဖြစ်သည်။

ထို့အပြင် ရှောင်တိမ်းပုန်းအောင်းနေထိုင်နိုင်ရန် ဂူငယ်ဆယ်လုံးကိုလည်း ရွေးချယ်ပြုပြင်ထားလိုက်ကြသည်။ ကျောင်းဝိယောင်သည် ထိခိုက်အနာတရ ဖြစ်နေသော ယန်ကျာကို အန္တရာယ်များ ကင်းဝေးနိုင်အောင် လိုက်ပါကူညီပေးနေခဲ့ခြင်း ဖြစ်သည်။

ကျန်းယိမင်းမှာလည်း လမ်းလွဲသိုင်းသမားများ လက်တွင်းမှ ယန်ကူကို ကယ်တင်ပေးကာ အစ်မဖြစ်သူနှင့် ပြန်လည် ဆုံတွေ့အောင် ရှာဖွေနိုင်ရေးအတွက်ပါ ကူညီဆောင်ရွက်ပေးနေခဲ့သူ ဖြစ်သည်။

ယခု ယန်ကျာနှင့် ယန်ကူညီအစ်မနှစ်ယောက်တို့လည်း ပြန်လည် ပေါင်းဆုံမိကြပြီ။ ယန်ကျာရထားသည့် အတွင်းဒဏ်ရာကလည်း သိသိသာသာပင် သက်သာကာ အခြေအနေကောင်းလာပြီ။



ယန်ကျာ ယန်ကူညီအစ်မနှစ်ဖော်တို့ ဓာတ်မြှုပ်ကာ အခြေချနေထိုင်ရန် နေရာထိုင်ခင်းအစီအစဉ်များလည်း ရွေးချယ်စီစဉ်ပြီးသွားပြီ။

အခြေအနေအားလုံး အဆင်ပြေချောမော၍ နေပြီမို့ သူတို့ရွေးစုသည် ကိုယ့်လမ်းကိုယ် ဆက်သွားကာ လူစုခွဲကြရန်သာ ရှိတော့သည်။

အတူတကွ ဆက်၍ လှုပ်ရှားသွားလာနေထိုင်ရန် မဖြစ်တော့ပေ။ ယန်ကူကို သူမ၏အစ်မဖြစ်သူနှင့် ပြန်လည်တွေ့ဆုံနိုင်သည်အထိ ကူညီပေးခဲ့ပြီးပြီမို့ ကျန်းယိမင်းသည် သူ၏နေရပ်ဖြစ်သော စိမ်းလဲ့ရေတံခွန်တောအုပ်သို့ ပြန်ရမည်။

ကျောင်းဝိယောင်အဖို့မူ ပြန်ရန် နေရပ်ဌာနီဟူ၍ တိတိကျကျ ရေရေရာရာမရှိ။ ခြေဦးတည့်ရာကိုသာ လျှောက်သွားရမည်။

ဤသို့လျှောက်သွားရင်းမှ သူမ၏မိဘနှစ်ပါး သေဆုံးသွားခဲ့မှုအတွက် သတင်းအစအနများ စူးစမ်းရှာဖွေဖော်ထုတ်ရမည်။

ထို့အပြင် တတ်စွမ်းသမျှ အများကောင်းကျိုး သယ်ပိုးဆောင်ရွက်မှုများကို လုပ်ဆောင်ရပေမည်။

+ + +

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

ကျန်းယိမင်းနှင့် ကျောင်းပိယောင်တို့ နှစ်ယောက်သား ခရီးဆက်ကာ ထွက်လာခဲ့ကြသည်။

ယန်ကျာနှင့် ယန်ကူတို့ ညီအစ်မကို ထားရစ်ခဲ့သည့် တောအုပ်သည် တရုတ်ပြည်အလယ်ပိုင်းဒေသ၏ မြောက်ဘက်စွန်းပိုင်းလောက်တွင် ရှိသည်။

စိမ်းလွဲရေတံခွန်တောကမူ တရုတ်ပြည်အလယ်ပိုင်းဒေသ၏ တောင်ဘက်အစွန်းအပိုင်းတွင် တည်ရှိသည်။

နေရပ်သို့ပြန်မည့် ကျန်းယိမင်းသည် တောင်ဘက်ရူးရူးဆီသို့ ဦးတည်ကာ ခရီးနှင်ရသည်။

ကျောင်းပိယောင်သည် မည်သည့်နေရာဒေသသို့ သွားရောက်ရမည်ဆိုခြင်းကို စိတ်ထဲတွင် ယတိပြတ် သတ်မှတ်ထားခြင်းမရှိသည့်အတွက် ကျန်းယိမင်းနှင့်အတူပင် လိုက်ပါလာခဲ့လေသည်။



စိမ်းလွဲရေတံခွန်တောအုပ်ဆီသို့ ရောက်သောအခါမှ ကျန်းယိမင်းနှင့်လမ်းခွဲကာ မိမိဘာသာ ထွေစ်ဦးတည်း ခရီးဆက်သွားမည်ဟု ကျောင်းပိယောင်က စိတ်ကူးထားပေသည်။

အတူတူ ခရီးထွက်လာခဲ့ကြရာ ကျန်းယိမင်းနှင့် ကျောင်းပိယောင်တို့နှစ်ယောက်၏ ခင်မင်မှုမှာ ပိုမိုခိုင်မာ၍လာသည်။

သူငယ်ချင်းများပမာဖြစ်ကာ တစ်ယောက်နှင့်တစ်ယောက် ပြောဆိုဆက်ဆံ မှုသည်လည်း ပိုမို၍ ရင်းရင်းနှီးနှီး ကျွမ်းကျွမ်းဝင်ဝင်ရှိ၍လာသည်။

ကျောင်းပိယောင်အပေါ်တွင် တိတ်တခိုး မေတ္တာသက်ဝင်နေသော ကျန်းယိမင်းအဖို့ ယခုလို ကျောင်းပိယောင်နှင့်အတူတူရင်းနှီးခင်မင်စွာ ခရီးသွားရသည်ကို အထူးပင် ကျေနပ်ပီတိ ဖြစ်နေသည်။

ကျောင်းပိယောင်အပေါ် ထားရှိသည့် ချစ်မေတ္တာစိတ်သည်လည်း ပိုမိုနက်ရှိုင်း ခိုင်မာလာရသည်။

ကျောင်းပိယောင်မှာလည်း ကျန်းယိမင်းနှင့် ရင်းနှီးခင်မင်စွာ အတူတူ သွားလာပြောဆို နေရမှုကို ပျော်ရွှင်သာယာမိပါသည်။

သို့သော် ကျောင်းပိယောင်၏စိတ်ထဲတွင် ထိုက်ယုဝန်ကို

www.burmeseclassic.com

www.burmeseclassic.com



မေ့ပျောက်၍ မရသေးပါ။

ထိုက်ယုဝန်သည် ကျောင်းပိယောင်အတွက် အချစ်ဦးသသောမျိုး ဖြစ်နေပေရာ ကံကြမ္မာဖန်တီးမှုကြောင့် လက်ထပ်ရေးအစီအစဉ်များ ပျက်ပြားပြီး တစ်ယောက်နှင့်တစ်ယောက် ကွဲကွာနေကြရသော်လည်း ကျောင်းပိယောင်အနေဖြင့် ထိုက်ယုဝန်ကို သတိတရပင် ရှိနေပေသေးသည်။

ကျန်းယိမင်းအပေါ်တွင်မူ ကျောင်းပိယောင်သည် သူငယ်ချင်း တစ်ယောက်အဖြစ် အထူးခင်မင်သည်။

ထို့ပြင် ကျန်းယိမင်းသည် ကျောင်းပိယောင်အတွက် ပထမဆုံး ရင်းရင်းနှီးနှီးပြောဆိုဆက်ဆံဖူးသည့် ယောကျ်ားပျို ဖြစ်ပေသည်။

ထိုက်ယုဝန်နှင့် လက်ထပ်ထိမ်းမြားရန် စီစဉ်သည့် အခြေအနေအထိ ဖြစ်ခဲ့သော်လည်း ကျန်းယိမင်းလောက် ရင်းရင်းနှီးနှီး မရှိခဲ့ပါ။

ကျန်းယိမင်း၏ ရိုးသားဖြောင့်မတ် တည်ကြည်မှုကို ယုံကြည်သောကြောင့် ကျောင်းပိယောင်သည် ကျန်းယိမင်းနှင့် ရင်းနှီးပွင့်လင်းစွာပင် ရဲရဲတင်းတင်း ပြောဆိုဆက်ဆံသည်။



သူတို့နှစ်ယောက်သည် လူနေရပ်ရွာများကို ရှောင်ကွင်း၍ တောလမ်းခရီးချည်း သွားနေမှုမျိုး မဟုတ်တော့ပါ။

ခရီးလမ်းပန်း သက်သာသလို၊ အဆင်ပြေသလို သွားလာကြသည်။

ထို့ကြောင့် လူသူစည်ကားသော မြို့ရွာများကို ရောက်ရသလို လူသူကင်းဝေးသည့် တောနက်တောင်ကြားများမှ သွားရသည်လည်း ရှိသည်။

ကျောင်းပိယောင်ရော ကျန်းယိမင်းပါ လူသူစည်ကားသည့် မြို့ရွာများသို့ မရောက်ဖူးကြပေ။

တောထဲတောင်ထဲတွင်သာ နေထိုင်ကြီးပြင်းလာကြရသည်။

လူသူစည်ကားသော မြို့ရွာများသို့ ရောက်ရမှုသည် သူတို့အတွက် အတွေ့အကြုံအသစ်အဆန်းများဟု ဆိုရပေမည်။

ဤကဲ့သို့ နှစ်ယောက်သား ပျော်ပျော်ရွှင်ရွှင်ပင် ခရီးနှင်လာခဲ့ကြရာ အရက်နှစ်ဆယ်ခန့်ကြာသောအခါ ဟိုနန်ဟိုပေနယ်သို့ ရောက်လာကြလေသည်။

အချိန်က နေမွန်းတည့်ချိန် ...။

ကျန်းယိမင်းနှင့် ကျောင်းပိယောင်တို့သည် ဟိုနန်ဟိုပေနယ်

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာရှိ တောတန်းလေးကိုဖြတ်ကာ ခရီးနှင်နေကြရာမှ နေ့လယ်စာစားသောက်ရန်အတွက် သစ်ပင်ကြီးတစ်ပင်အောက်သို့ ဝင်ရောက်လာခဲ့ကြသည်။

ထိုတောတန်းလေးသည် သိပ်ကြီးမားကျယ်ပြန့်ခြင်း မရှိ။ တစ်နေ့တာ ဖြတ်သန်းသွားရသော ခရီးမျှသာ ဖြစ်သည်။

ယမန်နေ့ညက ကျန်းယိမင်းတို့သည် တောတန်းလေးအစပ်နားရှိရွာတွင် ခရီးတစ်ထောက် နားခဲ့ကြသည်။

နံနက်အရုဏ်ဦး ရောင်နီသန်းချိန်တွင် ခရီးဆက်ခဲ့ကြရာ ထိုရွာမှပင် နံနက်စာကို စားသောက်ခဲ့ကြသည်။

နေ့လယ်စာနှင့် ညနေစာ ထမင်းထုပ်နှင့် မုန့်ထုပ်များကိုလည်း ထိုရွာမှပင် ဝယ်ခြမ်းသယ်ယူလာခဲ့ကြသည်။

သည်နေ့အဖို့ သူတို့သည် စားရေးသောက်ရေးတွင် ဘာမျှ ပူပန်စရာမရှိတော့။

ဆာလောင်သည့်အခါတွင် ခရီးတစ်ထောက်နားကာ အသင့်ယူဆောင်လာကြသည့် ထမင်းထုပ်နှင့် မုန့်ထုပ်များကို ဖွင့်ကာ စားလိုက်ကြရုံသာ ဖြစ်ပေသည်။

သူတို့နှစ်ယောက် ခိုဝင်ကြသည့် သစ်ပင်ကြီးသည် အကိုင်း



အရွက်များ စည်ပင်သည်။ အနီးအနားတွင်လည်း အခက်အလက်ဝေစည်သော သစ်ပင်များပေါက်၍နေရာ နေမွန်းတည့်ချိန်ဖြစ်သည့်တိုင် သစ်ပင်ရိပ်အောက်တွင် နေပူဒဏ်ကင်းစွာ နားနေနိုင်ပေသည်။

ကျန်းယိမင်းနှင့်ကျောင်းပိယောင်တို့သည် လွယ်ထားသော ခရီးဆောင်အိတ်များကို ဖြုတ်ကြသည်။

ဆောင်ယူလာသော ထမင်းထုပ်၊ မုန့်ထုပ်နှင့် ရေဘူးများကို ခရီးဆောင်အိတ်များထဲမှ ထုတ်ကြ သည်။

မိန်းကလေးဖြစ်သောကျောင်းပိယောင်က သစ်ပင်အောက်တွင် အနည်းငယ်လှည်းကျင်းပြီး ထမင်းထုပ်နှစ်ထုပ်၊ မုန့်ထုပ်တစ်ထုပ်နှင့် ရေဘူးတစ်ဘူးတို့ကို စီစီညီညီ နေရာချထားသည်။

'ဖွတ်'

ရုတ်တရက် မတိုးမကျယ်အသံလေးတစ်ခု ကြားရသည့်အတွက် ကျောင်းပိယောင်၏ရင်ထဲ ထိတ်ခနဲဖြစ်ကာ အသံပေါ်လာရာဘက်သို့ လှမ်းကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပိယောင်က အသံပေါ်လာရာဘက်သို့ လှမ်းကြည့်သည်။

သစ်ရွက်ကြွေများပေါ်သို့ ကျနေသော သစ်ကိုင်းချောက်က လေးတစ်ခုကို တွေ့ရသည်။

"ဩော် … ငါ့နှယ် သစ်ကိုင်းချောက်ကြွေတာကိုများ အလန့်တကြား ဖြစ်ရတယ်လို့"

ကျောင်းပိယောင်၏စိတ်ထဲတွင် ဤသို့တွေးပြီး ရယ်ချင်သလိုလို ဖြစ်သည်။

ထို့နောက် ထမင်းထုပ်များ ချထားရာဘက်သို့ အကြည့်ပြန်ရောက်သည်တွင် ကျောင်းပိယောင် မျက်မှောင်ကြုတ်သွားရသည်။

ထမင်းထုပ်တစ်ထုပ်၊ မုန့်ထုပ်တစ်ထုပ်နှင့် ရေဘူးတစ်ဘူးတို့သာရှိသည်။ ထမင်းထုပ်တစ်ထုပ် ပျောက်၍နေသည်။



"ဟေ့ ကျန်းယိမင်း … နင် ထမင်းထုပ်တစ်ထုပ် ယူလိုက်သလား"

ကျောင်းပိယောင်က ကျန်းယိမင်းကို လှမ်းမေးလိုက်သည်။ ပိုမိုခင်မင်လာသည်နှင့်အမျှ အပြောအဆိုကလည်း ပို၍ရင်းရင်းနှီးနှီး ရှိနေကြပေပြီ။

"ဟင့်အင်း … ငါ မယူပါဘူး"

"ဒါဆိုရင် အဲဒီ ထမင်းထုပ်က ဘယ်လိုလုပ်ပြီး ပျောက်သွားရတာလဲ၊ ဒီနေရာမှာ ငါ သေသေချာချာ ထားခဲ့တာပဲ ဥစ္စာ"

မိမိ သေသေချာချာချထားသည့် ထမင်းထုပ် မျက်စိအောက်မှာပင် ပျောက်ခြင်းမလှ ပျောက်သွားသည့်အတွက် ကျောင်းပိယောင်မှာ အတော်ပင် မကျေမနပ်ဖြစ်ကာ ဟိုဟိုသည်သည် မျက်စိကစားကာ လိုက်ရှာကြည့်၏။

ဘယ်မှာမှ မတွေ့ရ။ ကျန်းယိမင်းကတော့ မပြုံးတပြုံး အမူအရာနှင့် ရှိနေသည်။

"နင် ဝှက်များထားတာလား"

"ကြံကြံဖန်ဖန် ကျောင်းပိယောင်ရော၊ ငါက ဘာကြောင့် ထမင်းထုပ်ကို ဝှက်ထားရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"နင် ဝှက်မထားဘူးဆိုရင် ထမင်းထုပ်က ခြေထောက်ပေါက်ပြီး သူ့ဘာသာသူ ထွက်သွားတာလား"

ကျောင်းပိုင်ယောင်က မကျေမချမ်း ရေရွတ်သည်။

"ထမင်းထုပ်က ခြေထောက်ပေါက်ပြီး ထွက်သွားတာ မဟုတ်ပါဘူး၊ လူတစ်ယောက်က လာယူသွားတာပါ"

ကျန်းယိမင်း၏စကားကို ကြားရသောအခါ မကျေမနပ်ဖြစ်နေသူ ကျောင်းပိုင်ယောင် အံ့အားသင့်သွားရသည်။

"ဘယ်ကလူက ဘယ်အချိန်မှာ လာယူသွားတာလဲ"

"ဘယ်ကလူလဲဆိုတာတော့ မသိဘူး၊ သစ်ကိုင်းချောက်ပြုတ်ကျတာကို နင်လှမ်းကြည့်တဲ့အချိန်မှာ လာယူသွားတာပဲ"

"အဲဒီလူကို နင်မြင်လိုက်တယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ် ... ငါမြင်လိုက်တယ်၊ ဒါပေမဲ့ သဲသဲကွဲကွဲတော့ မြင်လိုက်ရတာ မဟုတ်ပါဘူး၊ ရိုးခနဲ ရိပ်ခနဲပဲ မြင်လိုက်ရတာပါ၊ အဲဒီလူရဲ့ လှုပ်ရှားပုံတွေက အတော်ကို လျင်မြန်သွက်လက်တယ်"

"အဲဒီလူ ဘယ်ကို ထွက်သွားလဲ"

"ဘယ်ကိုမှ ထွက်မသွားသေးဘူး၊ ဟောဟိုသစ်ပင်ကြီး



အောက်မှာ ရှိနေပါတယ်"

ကျောင်းပိုင်ယောင်က ကျန်းယိမင်း ညွှန်ပြရာဘက်သို့ လှမ်းကြည့်သည်။

အတော်ပင် ကြီးမားသော သစ်ပင်ကြီးတစ်ပင်ကို တွေ့ရသည်။

သစ်ပင်ကြီးတွင် သစ်ကိုင်းသစ်ခက်များ ထူထပ်သည်။

သို့သော် အောက်ခြေတွင်မူ အတော်ပင် ရှင်းရှင်းလင်းလင်း ရှိသည်။

သစ်ပင်ခြေရင်းတွင် ချုံပုတ်နွယ်ပင်တို့လည်း မရှိပေ။ သစ်မြစ်တွေသာ ရှိသည်။

လူတစ်ယောက် ပုန်းခိုနေနိုင်လောက်သည့် မျက်ကွယ်နေရာကောင်းဟု မဆိုနိုင်ပါ။

"သစ်ပင်အောက်မှာ ဘယ်သူမှ မရှိပါလား"

ကျောင်းပိုင်ယောင်က ကျန်းယိမင်းကို လှမ်းပြောလိုက်ပြန်သည်။

"ရှိပါတယ်၊ သစ်မြစ်တွေကြားမှာ ဝင်ကပ်ပြီး ပုန်းအောင်းနေတာ၊ သေသေချာချာကြည့်"

www.burmeseclassic.com

www.burmeseclassic.com



ကျန်းယိမင်းကပြောမှပင် ကျောင်းဝိယောင်လည်း သစ်ပင်အောက်ခြေပိုင်းရှိ သစ်မြစ်များအကြားသို့ သေသေချာချာပင် စူးစိုက်ကာ ကြည့်လိုက်မိသည်။

သစ်မြစ်ဆုံတစ်ခုအကြားတွင် ကပ်၍ ပုန်းခိုနေသော လူရိပ်သဏ္ဍာန်လိုလိုကို မြင်ရသည်။

"တွေ့ပြီ တွေ့ပြီ ... ဟောဟိုမှာ"

ကျောင်းဝိယောင်သည် တူတူပုန်းတမ်းကစားသော ကလေးငယ်များ ပုန်းသူကိုမိ၍ အားရဝမ်းသာပြောသည့် အမူအရာလေသံ ဟန်ပန်လေးဖြင့် ရွှင်မြူးစွာ ပြောလိုက်လေသည်။

ဤအခါတွင်မှ လူရိပ်သဏ္ဍာန်လိုလို အရာသည် ရုတ်တရက် လှုပ်ရှားကာ ခုန်ကြွ၍ လာသည်။

+



လူရိပ်သဏ္ဍာန်လိုလိုအရာသည် လှုပ်ရှားကာ ခုန်ကြွလာသည်။

ဤအခါတွင်မှ ဝတ်ရုံကြီးတစ်ခုကို လွှမ်းခြုံထားသော လူတစ်ယောက်၏အသွင်က ထင်ရှားမြင်သာအောင်ပေါ် လွင်လာသည်။

ထိုသူလွှမ်းခြုံထားသော ဝတ်ရုံကြီး၏ အရောင်အသွေးအဆင်းအသွင်မှာ သစ်မြစ်များ၏အသွင်သဏ္ဍာန်နှင့် အလွန်ပင် တူသည်။

ဤဝတ်ရုံကြီးကို ခြုံကာ ကိုယ်ခန္ဓာကိုလည်း သစ်မြစ်အနေအထားမျိုး ကွေးကွေးကောက်ကောက်ပြုကာ သစ်မြစ်များအကြားတွင် လဲလျောင်းခိုကပ်၍ ပုံဖျက်ထားရာ ကျောင်းဝိယောင်သည် မျက်စိလျင်ကာ အကြည့်စူးရှသူ ဖြစ်သည့်တိုင် မတွေ့မမြင်ဘဲ ရှိနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းယိမင်းက နေရာအတိအကျ သေသေချာချာ ပြောဆိုထောက်ပြမှသာ ကျောင်းဝိယောင်သည် ပုန်းအောင်းနေသောသူ၏ အသွင်သဏ္ဌာန်ကို ခပ်ရေးရေး မထင်မရှားက မြင်တွေ့ရခြင်း ဖြစ်ပေတော့သည်။

ကျန်းယိမင်းမှာမူ တိမ်မီးခိုးကိုယ်ပျောက်ပညာကို အဆင့်မြင့်မြင့် တတ်မြောက်ထားပေရာ ထိုလူ၏လှုပ်ရှားမှုကို တွေ့မြင်ပြီး ပရိယာယ်ဆင်ကာ ပုန်းအောင်းကိုယ်ယောင်ဖျောက်ထားမှုကိုလည်း ဖော်ထုတ်နိုင်ခဲ့ပေသည်။

ကျောင်းဝိယောင်က ပုန်းအောင်းနေရာမှာ ခုန်ထလာသူကို သေသေချာချာ စူးစိုက်၍ကြည့်မိသည်။

အသက်ငါးဆယ်ခန့် ယောကျ်ားကြီးတစ်ယောက် ဖြစ်သည်။

အရပ်အမောင်းမြင့်မားပြီး ကိုယ်ခန္ဓာ တုတ်ခိုင်သည်။ ပျော့ပျောင်းစွာ ကွေးကောက်စွာ နေနိုင်မည်ဟု ဘယ်လိုမှ ထင်စရာမရှိ အောင်ပင် တုတ်ခိုင်သော ကိုယ်လုံးကိုယ်ထည်အမျိုးအစား ဖြစ်သည်။

မျက်နှာပြင်သည် နီညိုရောင်သန်းနေသည်။

ပုံဖျက် အရောင်တင်ထားခြင်းလား၊ မူလအသားအရောင်



လား ဆိုတာတော့ မပြောနိုင်ပါ။

သာမန်လူတို့၏ အသားအရေမျိုးမဟုတ်ဘဲ ထူးခြားသည့် အသားအရောင်မျိုး ရှိနေသည်ကတော့ အမှန်ပင်။

ခြုံထားသောဝတ်ရုံကြီးကို ဖယ်ရှားလိုက်သောအခါ ထိုသူ့ ဝတ်ဆင်ထားသည့် အစိမ်းရောင်ဝတ်စုံ ပေါ်လာသည်။

ထိုဝတ်စုံမှာလည်း သစ်ကိုင်းသစ်ရွက်များအကြားတွင် တိုးဝင်ကာ ကိုယ်ဖျောက်လျက် ပုန်းအောင်းရာတွင် အလွန်သင့်လျော်သော အရောင်အဆင်း ဖြစ်ပေသည်။

"ရှင်က ဘယ်သူလဲ"

ကျောင်းဝိယောင်က ဝတ်စုံစိမ်းဝတ်ထားသူကို စူးစိုက်ကာ ကြည့်ပြီး မေးလိုက်သည်။

"ကိုယ်ပျောက်စောရ ချိန်တီးဖူးဆိုတာ ငါပဲ"

ဝတ်စုံစိမ်းဝတ်လူက ခပ်တင်းတင်း ပြောလိုက်သည်။

ကိုယ်ပျောက်စောရ ချိန်တီးဖူးဆိုသည်မှာ နှယ်နှယ်ရရလူ မဟုတ်ပေ။

ကိုယ်ဖော့ပညာ အလွန်ကောင်းပြီး ပရိယာယ်ကြွယ်ကြွယ် ဖြင့် ပုန်းအောင်းကိုယ်ယောင်ဖျောက်ရာတွင် အစွမ်းထက်မြက်လှ၍

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်ပျောက်စောရ'ဟူသော အမည်တစ်လုံး ရထားသူဖြစ်ပေသည်။

ကိုယ်ပျောက်စောရ ချိန်တီးဖူး၏ စိတ်နေစိတ်ထားနှင့် လုပ်ပုံကိုင်ပုံကလည်း တစ်ဖုံထူးသည်။

စိတ်ကောင်းဝင်နေသည့်အခါ ရယ်ရယ်မောမောနှင့် အလွန်ပင် သဘောသက္ကာယ ကောင်းမွန်သလောက် စိတ်ကောင်းမဝင်သောအခါများတွင်မူ ကြမ်းတမ်းရက်စက်စွာ ပြုမူတတ်ပေသည်။

ထို့ကြောင့် လူပျော်လူရွှင်ကြီးတစ်ယောက်ဟုပြောလျှင် ရသလို ရက်စက်ရမ်းကားသော လူဆိုးလူမိုက်ကြီးတစ်ယောက်ဟုလည်း ဆိုနိုင်ပေသည်။

ချိန်တီးဖူးသည် ကိုယ်ပျောက်စောရဟု အမည်တွင်နေသော်လည်း ရွှေငွေပစ္စည်းဥစ္စာများကို ခိုးယူသူတစ်ယောက်တော့ မဟုတ်ပါ။

သူလိုချင်သည့် ပစ္စည်းများကို တန်ရာတန်ဖိုးပေးကာ ဝယ်ခြမ်းခြင်းမပြုဘဲ အလစ်သုတ်ကာ ရယူလေ့ရှိသောကြောင့် ဤသို့သောနာမည် ရထားခြင်းဖြစ်ပေသည်။

ခိုးဝှက်အလစ်သုတ်မှုတွင် အတော်ကို ပိုင်နိုင်ကျွမ်းကျင်သည်။



သိုင်းပညာလည်း အဆင့်မြင့်မြင့် တတ်မြောက်ထားသည်။

ချိန်တီးဖူး အလစ်သုတ်ရယူသော ပစ္စည်းပစ္စယများသည် အဖိုးထိုက်အဖိုးတန် ရွှေငွေရတနာများ မဟုတ်ကြပါ။

အစားအသောက်၊ အဝတ်အစား၊ တောက်တိုမယ်ရ အသုံးအဆောင်ပစ္စည်း စသည့် တန်ဖိုးနည်းပါးသော အသေးအဖွဲပစ္စည်းလေးများသာ ဖြစ်သည်။

သို့သော် သူ့စိတ်ထဲတွင် အခန့်မသင့်သောအခါ အဖိုးတန်ပစ္စည်းများကို အရခိုးယူပြီး ဖျက်ဆီးပစ်မှုမျိုး အခြားသူတစ်ယောက်ယောက်က မခံချင်အောင် ပြောဆိုလျှင် အထူးလုံခြုံစွာ စောင့်ကြပ်ထားသည့် ဘုရင့်ဘဏ္ဍာကဲ့သို့သော ပစ္စည်းဥစ္စာများကို အစွမ်းပြကာ ဝင်ရောက်ခိုးယူပေးခြင်းမျိုး စသည့် ဟော့ဟော့ရမ်းရမ်း ပြုမူမှုမျိုးလည်း ရှိပေသေးသည်။

အိမ်ရာနေရာဟူ၍လည်း အတည်တကျမရှိ။ ခြေသလို အိမ်တိုင် လှည့်လည်သွားလာကာ ကြုံသလို ဖြစ်သလို နေထိုင်တတ်သည်။

ယနေ့လည်း နေ့လယ်စာ စားသောက်ချိန်နှင့် ကြုံကြိုက်၍ ကျောင်းပိယောင်ချထားသော ထမင်းထုပ်တစ်ထုပ်ကို အလစ်သုတ်

www.burmeseclassic.com

www.burmeseclassic.com



ယူခဲ့ရာမှ သူ့ထက် ကိုယ်ပျောက်ပညာစွမ်းရည် သာလွန်သော ကျွန်းယိမင်းက တွေ့မြင်ကာ ကိုယ်ပျောက်စောရ ချိန်တီးဖူးတစ်ယောက် ပုန်းအောင်းနေရာမှ ထွက်လာရလေတော့သည်။

+



"ကိုယ်ပျောက်စောရ ချိန်တီးဖူး" ဆိုသော အမည်သည် သိုင်းလောကတစ်လွှားတွင် အတော်ပင် ကျော်ကြားသည်။

သူနှင့်ခင်မင်သူများ ရှိသော်လည်း အရေအတွက် နည်းပါးသည်။

သိုင်းသမား အများစုကတော့ ချိန်တီးဖူးကို ရွံ့ကြောက်ကြဖြစ်ကြသည်။

သူနှင့် အပေါင်းအသင်းမလုပ်။ မပတ်သက်မိရအောင်၊ မဆုံစည်းရအောင် တတ်နိုင်သမျှ ကွင်းရှောင်ကြသည်။

မိမိ၏အမည်ကို ထုတ်ဖော်ပြောဆိုလိုက်လျှင် ယခုတွေ့နေရသော ကောင်လေးနှင့်ကောင်မလေးကို ကြောက်လန့်တုန်လှုပ်သွားကြလိမ့်မည်ဟု ကိုယ်ပျောက်စောရ ချိန်တီးဖူးက ထင်မှတ်ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ကျန်းယိမင်းနှင့် ကျောင်းပိယောက်တို့မှာ သိုင်းလောကနှင့်ပတ်သက်သည့် ကိစ္စများတွင် ဘာမျှ နှံ့နှံ့စပ်စပ် မသိကြ။

ချိန်တီးဖူးကို မဆိုထားဘိ ...သိုင်းလောက၏ ထိပ်သီးသိုင်းသမားကြီးများ၏အမည်ကို ကြားရလျှင်ပင် လှုပ်လှုပ်ရှားရှား ဖြစ်ကြမည် မဟုတ်။

သာမန်အမည်များကို ကြားရသိရသည့် အနေအထားမျိုးသာလျှင် ရှိနေကြပေမည်။

ထို့ကြောင့် ချိန်တီးဖူးက သူ၏အမည်ကို ခပ်တင်းတင်း ထုတ်ဖော်ပြောဆိုလိုက်သည့်တိုင် ကျန်းယိမင်းနှင့် ကျောင်းပိယောင်တို့ နှစ်ယောက်မှာမူ ထူးထူးခြားခြား မဖြစ်ကြ။

ပုံမှန်အခြေအနေအတိုင်းသာ ခပ်အေးအေး ခပ်တည်တည် ရှိနေကြပေရာ ချိန်တီးဖူးအဖို့ ဘဝမကျစရာပင် ဖြစ်နေရပေသည်။

တစ်ဖက်တွင်လည်း သူ ကိုယ်ယောင်ဖျောက် ပုန်းအောင်းနေသည်ကို တွေ့အောင် ရှာနိုင်သည်မှာ ယခုအကြိမ်သည် ပထမဆုံးဖြစ်သောကြောင့် ချိန်တီးဖူးသည် ကျန်းယိမင်းနှင့် ကျောင်းပိယောင်တို့ နှစ်ယောက်အပေါ် စိတ်ဝင်စားမှုလည်း ရှိ၍နေသည်။

ကိုယ်ပျောက်ဖျောက် ပုန်းအောင်းနေမှုကို သိမြင်ဖော်ထုတ်



နိုင်ခြင်းမှာ မိမိကပင် ပေါ့ပေါ့ဆဆ လုပ်မိ၍လား၊ သည့်ကောင်လေးနှင့် ကောင်မလေးကပင် အကြည့်အရှု စူးရှလွန်းသောကြောင့်လားဟူ၍လည်း ချိန်တီးဖူး တွေးတောကြည့်နေမိသည်။

"မင်းတို့ကရော ဘယ်သူတွေလဲ"

ခဏမျှ ဆိတ်ဆိတ်နေပြီးနောက် ချိန်တီးဖူးက မေးလိုက်ပြန်သည်။

"ကျွန်မနာမည် ကျောင်းပိယောင်၊ သူက ကျန်းယိမင်း၊ ကျွန်မတို့နှစ်ယောက်က သိပ်ခင်မင်ကြတဲ့ သူငယ်ချင်းတွေပဲ"

ကျောင်းပိယောင်က နှုတ်သွက်အာသွက်ဖြင့် ပြန်လည် အဖြေပေးသည်။

"ဘယ်အဖွဲ့ကလဲ"

ကျောင်းပိယောင်နှင့် ကျန်းယိမင်းတို့သည် သူတို့ နှစ်ယောက်တည်း လှုပ်ရှားသွားလာနေကြသည့် သိုင်းသမားများ ဖြစ်ကြမည်ဟု ချိန်တီးဖူးက မှတ်ချက်ချလိုက်သည်။

အသက်ငယ်ရွယ်သော်လည်း ပညာစွမ်း သေးမည်မဟုတ်ဟုလည်း တွက်ချက်မိသည်။

သို့သော် မိမိကိုယ်ယောင်ဖျောက် ပုန်းအောင်းနေသည်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ထိဖော်ထုတ်နိုင်ခဲ့မှုကိုတော့ ချိန်တီးဖူးအနေဖြင့် အတော်ပင် မခံချိမခံသာ ဖြစ်၍နေပေသည်။

သည်နေ့ ချိန်တီးဖူး စိတ်ကောင်းဝင်နေသည့်အတွက် ကျွန်းယိမင်းတို့ ကုသိုလ်ကောင်းသည်ဆိုရမည်။

အကယ်၍ စိတ်ကောင်းသာ ဝင်မနေပါက မခံချင်စိတ်ဖြင့် ကျွန်းယိမင်းတို့ကို ကြမ်းတမ်းရက်စက်စွာ တိုက်ခိုက်မည်မှာအမှန်။

ယခုမူ မိမိ၏ ကိုယ်ယောင်ဖျောက်မှုအစွမ်းကို ထုတ်ဖော်ပြသလိုသည့် အာသီသသာ ပိုများနေသည်။

မိမိက သေသေချာချာ ပုန်းအောင်းနေလျှင် သည်ကောင်လေးနှင့် ကောင်မလေးတွေ့အောင် ရှာနိုင်မည် မဟုတ်တော့ဟုသာ တွေးတောနေသည်။

✦



"ရှင့်ကိုယ်ရှင် ကိုယ်ပျောက်စောရလေး ဘာလေး နာမည်ခံထားပေမယ့် ဒီနေ့တော့ ကျွန်မတို့ မျက်စိအောက်ကနေ ကိုယ်ပျောက်နေအောင် ကိုယ်ယောင်မဖျောက်နိုင်ဘူးဆိုတော့ ရှင့်နာမည်ကိုလည်း ကိုယ်မပျောက်စောရလို့ နာမည်ပြောင်းလိုက်ဖို့ ကောင်းနေပြီရှင့်"

ကျောင်းပိယောင်က ခပ်လှောင်လှောင်ကလေး ပြောလိုက်သည်။

ငယ်ရွယ်နုပျိုပြီး ပွင့်လင်းရဲရင့်သော မိန်းမပျိုလေးတို့၏ ထုံးစံ ... ခပ်သောသောကလေး ပြောလိုက်မှုသာ ဖြစ်သည်။

ချိန်တီးဖူးကို ချိုးနှိမ်ရှုတ်ချသောစိတ်ကား မရှိပါ။

သို့ရာတွင် မခံချိမခံသာဖြစ်နေသော ချိန်တီးဖူးမှာမူ အတော်ကလေး ခံပြင်း၍သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ ကိုယ်ပျောက်ပညာစွမ်းရည်ကို ပြသလိုသည့် စိတ်တွေကလည်း တိုးလို့ပင် ဖြစ်ပေါ်၍လာသည်။

"ငါက ခပ်သွက်သွက် ကိုယ်ယောင်ဖျောက်ပုန်းအောင်းနေမိလို့ မင်းတို့ရှာတွေ့တာကို သိပ်ဘဝင်မြင့်မနေကြနဲ့"

ချိန်တီးဖူးက မခံချိသော လေသံအမူအရာဖြင့် ပြန်ပြောသည်။

စိတ်ကောင်းဝင်နေချိန် ပျော်ပျော်နောက်နောက်နေတတ်သော အချိန်အခါမို့ ချိန်တီးဖူးပြောလိုက်သောအမူအရာတို့မှာ ဒေါသဖြစ်သည့် အရိပ်အသွင်ထက် ကလေးဆိုးကြီးတစ်ယောက် အလိုမကျဘဲပြောလိုက်သည့် အမူအရာမျိုးနှင့် ပိုတူနေသည်။

"ဒါဆိုရင် ကျုကျုနနကိုယ်ယောင်ဖျောက်ပြီး ပုန်းအောင်းနေလေ၊ ကျွန်မတို့ တွေ့အောင်ရှာပြမယ်၊ ပြီးရင် ဟောဒီက ကျွန်မရဲ့ သူငယ်ချင်း ကျန်းယိမင်းက တစ်လှည့် ကိုယ်ယောင်ဖျောက် ပုန်းအောင်းမယ်၊ ရှင်က သူ့ကိုတွေ့အောင် ပြန်ပြီးရှာနိုင်ပါ့မလား"

ချိန်တီးဖူး မခံချင်မှန်းသိသောကြောင့် ကျောင်းဝိယောင်က ထပ်ကလိလိုက်ပြန်သည်။

ချိန်တီးဖူး ရှုးရှုးရှားရှား ဖြစ်သွားကာ ...



"ကောင်းပြီ ... စိန်လိုက်"

ကျန်းယိမင်းက ဟန့်တားမည်ကြံသော်လည်း ကျောင်းဝိယောင်ကို မီအောင် မတားမြစ်နိုင်။

ချိန်တီးဖူးကလည်း ကိုယ်ယောင်ဖျောက် ပုန်းအောင်းနိုင်မှုချင်း ယှဉ်ပြိုင်ရန် သဘောတူလက်ခံလိုက်ပြီမို့ ကျန်းယိမင်းလည်း ဘာမျှ ပြောမနေတော့ပါ။

အမှန်အတိုင်း ပြောရမည်ဆိုလျှင် ကျန်းယိမင်းကိုယ်တိုင်လည်း ချိန်တီးဖူးနှင့် ကိုယ်ယောင်ဖျောက်ပုန်းအောင်းမှု ပရိယာယ်နှင့် အတတ်ပညာချင်း ယှဉ်ပြိုင်လိုစိတ်ကလေးက ရှိနေသည်။

ကျန်းယိမင်းသည် 'တိမ်မီးခိုးကိုယ်ပျောက်ပညာ' ကို သင်ယူတတ်မြောက်ခဲ့ပြီးနောက် အခြားသူများ မမြင်မတွေ့ရအောင် လျှပ်ရှားကိုယ်ယောင်ဖျောက်နိုင်စွမ်း အပြည့်အဝ ရှိနေခဲ့သည်။

သို့သော် ထိုသို့ ရှာမတွေ့နိုင်အောင် ရှောင်တိမ်းပုန်းအောင်းနေသည်မှာ ကိုယ်ယောင်ဖျောက်မှု အတတ်ကို စနစ်တကျ လေ့ကျင့်သင်ကြားတတ်မြောက်ခြင်း မရှိသေးသူများသာ ဖြစ်သည်။

ချိန်တီးဖူးသည် 'ကိုယ်ပျောက်စောရ' ဟူသော အမည် တစ်လုံးကိုပင် ခံယူထားသူဖြစ်ရာ ကိုယ်ယောင်ဖျောက်မှု အတတ်ပညာ

www.burmeseclassic.com

www.burmeseclassic.com



အတော်ကို ကျွမ်းကျင်ပိုင်နိုင်မည်ကတော့ သေချာသည်။

ချိန်တီးဖူး ကိုယ်ယောင်ဖျောက် ပုန်းအောင်းနေသည်ကို မိမိက သိမြင်ဖော်ထုတ်နိုင်သလို မိမိကိုယ်ယောင်ဖျောက် ပုန်းအောင်းနေသည်ကို ချိန်တီးဖူးက ရှာဖွေဖော်ထုတ်နိုင်ခြင်း ရှိမရှိ ကျန်းယိမင်း သိလိုသည်။

မိမိတတ်မြောက်ထားသော တိမ်မီးခိုး ကိုယ်ပျောက်ပညာသည် ချိန်တီးဖူးလို လူစားကိုလည်း လှည့်စားနိုင်စွမ်းရှိမရှိလည်း စစ် ဆေးကြည့်လိုသည်။

ဤအကြောင်းများကြောင့်လည်း ကျောင်းပိယောင်နှင့် ချိန်တီးဖူးတို့ အပြန်အလှန် ပြောဆိုစိန်ခေါ်မှုတွင် ဝင်မစွက်တော့ပေ။

ဆိတ်ဆိတ်သာ နေလိုက်သည်။

+



"ကိုယ်ယောင်ဖျောက် ပုန်းအောင်းမယ်ဆိုပြီး ဟိုအဝေးကြီးကို ထွက်ပြေးသွားတာမျိုး မလုပ်ရဘူး၊ ဟောဒီနေရာရဲ့ ပေတစ်ရာဝန်းကျင်မှာပဲ ပုန်းအောင်းရမယ်၊ တွေ့အောင်ရှာဖွေဖို့ အချိန်ကလည်း အကန့်အသတ်မဲ့မဟုတ်ဘူး၊ တစ်ကနေ တစ်ထောင်အထိ ရေတွက်တဲ့ အချိန်အတွင်းမှာ တွေ့အောင်ရှာဖွေရမယ်၊ ရေတွက်တာကို ကျွန်မလုပ်ပေးမယ်"

ကျောင်းပိယောင်က ကိုယ်ယောင်ဖျောက် ပုန်းအောင်းမှု ယှဉ်ပြိုင်မှုအတွက် စည်းကမ်းစနစ်များကို ပြောပြသည်။

ချိန်တီးဖူးက အစက မခံချင်စိတ်ဖြင့် စိန်ခေါ်ခဲ့သော်လည်း ဤယှဉ်ပြိုင်မှုကို အတော်ပင် စိတ်ဝင်စားလာပြီဖြစ်သည်။

သည်လို ယှဉ်ပြိုင်မှုသည် သူ့အတွက် ပထမဆုံးဖြစ်သည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းယိမင်းအတွက်လည်း ဤသို့သောယှဉ်ပြိုင်မှုမှာ ပထမဆုံး အတွေ့အကြုံ ဖြစ်ပေသည်။

အတော်လည်း စိတ်ပါလက်ပါ ရှိနေသည်။

ကျောင်းပိယောင်ပြောပြသော ပြိုင်ဆိုင်မှုစည်းကမ်းများကို ချိန်တီးဖူးနှင့် ကျန်းယိမင်းနှစ်ယောက်လုံးက သဘောတူ လက်ခံကြသည်။

ဤသို့ဖြင့် ကျောင်းပိယောင်သည် ကျန်းယိမင်းနှင့် ချိန်တီးဖူးတို့နှစ်ယောက် ကိုယ်ယောင်ဖျောက်ပုန်းအောင်းမှု ယှဉ်ပြိုင်ခြင်းတွင် ဒိုင်လူကြီးသဘောမျိုး ဖြစ်လာရပေတော့သည်။

မိမိအစပျိုးခဲ့သော ယှဉ်ပြိုင်မှုတွင် ဒိုင်လူကြီးလုပ်ရသောကြောင့် ကျောင်းပိယောင်ကလည်း ကျေနပ်သဘောကျ၍နေသည်။

ကိုယ်ယောင်ဖျောက် ပုန်းအောင်းမှု စွမ်းရည်ပြိုင်ခြင်းသည် သိုင်းသမားလူကြီးများ၊ တူတူပုန်းတန်းကစားသလိုမျိုးလည်း ဖြစ်ပေရာ ပတ်သက်နေကြသူသုံးယောက်လုံး ပျော်ပျော်မြူးမြူးလည်း ရှိနေကြသည်။

ယှဉ်ပြိုင်မှုစည်းကမ်းများကို ကျောင်းပိယောင်က ပြောဆိုပြကာ သဘောတူညီမှုများ ရယူပြီးသည့်နောက် ချိန်တီးဖူးက စတင်



ပြိုင်ပွဲဝင်သည်။

ချိန်တီးဖူး သစ်ပင်များအကြားသို့ ပြေးလွှားဝင်ရောက်သွားချိန်မှာပင် ကျောင်းပိယောင်ကလည်း အချိန်မှတ်ရေတွက်ခြင်းကို စတင်ပြုလုပ်လေတော့သည်။

"တစ်, နှစ်, သုံး, လေး, ငါး, ခြောက်"

ချိန်တီးဖူးသည် သစ်ပင်များထူထပ်စွာ ပေါက်ရောက်နေသည့်နေရာသို့ ဦးတည်ကာ ပြေးဝင်သည်။

သို့သော် ထိုသစ်ပင်များထဲတွင် နိုကပ်ပုန်းအောင်းခြင်းတော့ မပြု။

ထိုသစ်ပင်အုပ်ထဲမှနေ၍ အတန်ငယ် ရှင်းရှင်းလင်းလင်းရှိသည့်နေရာဘက်ဆီသို့ လျင်မြန်စွာ နေရာပြောင်းရွှေ့ လှုပ်ရှားမှုကို မသိမမြင်ရလေအောင် အစွမ်းကုန် ကြိုးစားသည်။

အလျင်မြန်ဆုံး လှုပ်ရှားသည်။ အဖြစ်နိုင်ဆုံး မျက်ကွယ်ယူသည်။ မတ်မတ်ရပ်လျက် ပြေးလွှားသွားမှုမလုပ်။ ကိုယ်ကိုကိုင်း၍ ပြေးခြင်းမျိုးပင် မပြုပေ။ မြေပြင်တွင် တွားသွားလှုပ်ရှားခြင်းသာ ဖြစ်သည်။

မြေပြင်နားဆီတွင် ကပ်၍ ပေါက်ရောက်နေလေသော

www.burmeseclassic.com

www.burmeseclassic.com



အပင်ပုယော်ကလေးများ၊ မြက်ပင်ရှည်များကိုသာ မျက်ကွယ်အဖြစ် အကာအကွယ်ယူသည်။

မိမိ၏ သွားသွားမှုကြောင့် သစ်ပင်မြက်ပင်များ လှုပ်ရှားယိမ်းခါရခြင်းမျိုး မဖြစ်ပေါ်စေအောင်လည်း အထူးဂရုပြုသည်။

လေတိုး လေတိုက်၍သာ အပင်နှင့်မြက်များ လှုပ်ရှားသည့် အသွင်မျိုး ဖြစ်ရအောင် ဖန်တီးသည်။

ချိန်တီးဖူးပြုလုပ်သည်မှာ အမြင့်ဆုံးသော ကိုယ်ယောင်ဖျောက်ပုန်းအောင်းမှု နည်းပရိယာယ်ဖြစ်သည့် ရွှေ့လျား ကိုယ်ယောင်ဖျောက်နည်းပင် ဖြစ်သည်။

ဤနည်းသည် တစ်နေရာရာတွင် ငြိမ်ဝပ်စွာ ပုန်းခိုနေမှုထက် ခက်ခဲပင်ပန်းသည်။

မကျွမ်းကျင်လျှင် ထိရောက်စွာ ပုန်းအောင်းခြင်းမဖြစ်တော့ဘဲ တစ်ဖက်လူ၏လက်ထဲ 'ကွိ' ခနဲနေအောင် အမိခံရနိုင်သည်။

ပိရိကျွမ်းကျင်စွာ လှုပ်ရှားနိုင်ပါလျှင်မူ ဘယ်လိုမှ ခြေရာကောက်ရှာဖွေ၍ မရနိုင်တော့အောင်ပင် အစွမ်းထက်စွာ ကိုယ်ယောင်ဖျောက်ပစ်နိုင်ပေသည်။

ကျန်းယိမင်းတို့ကို အနိုင်ယူနိုင်ရန်အတွက် ချိန်တီးဖူးက



ပညာကုန် အစွမ်းကုန် အသုံးချလိုက်သည်ဟု ဆိုရပေမည်။

ချိန်တီးဖူး၏ ရွှေ့လျားကိုယ်ယောင်ဖျောက်နည်းသည် အဆင့်မြင့်သည် မှန်သော်လည်း တိမ်မီးခိုးကိုယ်ဖျောက်ပညာကိုတော့ မယှဉ်သာပါ။

တိမ်မီးခိုးကိုယ်ဖျောက်ပညာ တတ်မြောက်ထားသော ကျန်းယိမင်းသည် ရွှေ့လျားကိုယ်ယောင်ဖျောက်နည်း၏ လျှို့ဝှက်ချက်နှင့် ပရိယာယ်များကိုလည်း သိရှိနေသည်။

ခြေရာခံ ရှာဖွေ၍မရနိုင်အောင် နေရာအမျိုးမျိုး ပြောင်းလဲရွှေ့လျားနေသော ချိန်တီးဖူးကို ချက်ချင်းပင် အမိဖမ်းဖော် ထုတ်နိုင်သည်။

ချိန်တီးဖူး၏ ရွှေ့လျားနေရာပြောင်းမှုကို ကျန်းယိမင်းက သိမြင်နေသည်။ သို့သော် ကျန်းယိမင်းသည် ချိန်တီးဖူးကို ချက်ချင်း အမိဖမ်းဖော်ထုတ်ခြင်းမပြု။

တမင်သက်သက်ပင် ကျောင်းပိယောင်၏ အချိန်မှတ် ရေတွက်မှု ကိုးရာကျော်သို့ ရောက်သည်အထိ အချိန်ဆွဲ လွှတ်ပေးထားခဲ့သည်။

ကျောင်းပိယောင်၏ အချိန်မှတ်ရေတွက်မှု ကိုးရာကျော်

www.burmeseclassic.com

www.burmeseclassic.com



သည်အထိ မိမိကို ရှာဖွေဖော်ထုတ်ခြင်း မပြုသေးသောအခါ ချိန်တီးဖူး အတော်လေး အားတက်လာသည်။

မိမိကိုယ်မိမိ ဟုတ်လှပြီဟုလည်း ထင်သည်။ အချိန်မှတ်ရေတွက်မှု ကိုးရာနားထိ ရောက်လာသောအခါတွင်မူကား မိမိကို ကျန်းယိမင်း တွေ့အောင်ရှာနိုင်တော့မည် မဟုတ်ဟုပင် တွက်လာသည်။

ဤယှဉ်ပြိုင်မှုတွင် နိုင်ပြီဟုပင် တွေးသည်။ သို့သော် အချိန်မှတ်ရေတွက်မှု ကိုးရာ့ငါးဆယ်သို့ ရောက်သောအခါတွင်မူ ကျန်းယိမင်းက ချိန်တီးဖူးကို အပိုင်ပင် အမိဖမ်းဖော်ထုတ်ပေးလိုက်လေတော့သည်။

"တောက် ... အချိန်စေ့ခါနီးမှ မိသွားတာ နာတယ်ကွာ"

ချိန်တီးဖူးက မကြေမချမ်း တဖျစ်တောက်တောက် ပြောနေသည်။

ကျန်းယိမင်းကတော့ ဘာမျှ ထွေထွေထူးထူးမပြော။ မပြုံးတပြုံးသာ လုပ်နေလိုက်လေသည်။



ကျန်းယိမင်း ကိုယ်ယောင်ဖျောက် ပုန်းအောင်းရမည့်အလှည့်။

"ဒီကောင်လေး ပုန်းအောင်းကိုယ်ယောင်ဖျောက်ဖို့ ပြေးသွားတယ်ဆိုတာနဲ့ ငါကလည်း သူ့နောက်က ထက်ကြပ်မကွာ လိုက်သွားမယ်၊ ဒါဆိုရင် ဒီကောင်လေး ငါ့ကို ဘယ်လိုမှ မျက်ခြည်ဖြတ်နိုင်မှာ မဟုတ်တော့ဘူး၊ ကောင်မလေး ရေတွက်တာ တစ်ရာမပြည့်ခင် မိပြီဆိုပြီး ဖမ်းပစ်လိုက်မယ်၊ ဒီလိုအချိန်တိုတိုနဲ့ မိအောင်ဖမ်းပြလိုက်ရင် အမိခံရတာချင်းအတူတူ ငါက အနိုင်ရနိုင်ပြီ"

ချိန်တီးဖူး၏ စိတ်ထဲတွင် စဉ်းစားကာ အကွက်ချ၍ နေသည်။

"ကိုင်း ကျန်းယိမင်း ... မင်းအလှည့်ပဲ ... စပြေတော့"

အကြံကောင်းရထားသော ချိန်တီးဖူးက ကျန်းယိမင်းကို

www.burmeseclassic.com

www.burmeseclassic.com



လောဆော်ပြောကြားသည်။

"ဟုတ်ကဲ့ ... အခုစပြီ"

"တစ်, နှစ်, သုံး, လေး"

ကျန်းယိမင်းသည် စကားဆုံးသည်နှင့် လှစ်ခနဲပြေးထွက်သွားသည်။ ကျောင်းပိုင်ယောင်ကလည်း အချိန်မှတ်ရေတွက်မှု စတင်သည်။

ကျန်းယိမင်း ပြေးသွားသည်က အလွန်ကို မြန်ဆန်လှသည်။ ချိန်တီးဖူး၏ မျက်စိရှေ့မှောက်မှ ချက်ချင်းပျောက်ကွယ်သွားလေရာ ရုတ်တရက် ကိုယ်ပျောက်သွားလေသလားဟုပင် ထင်မှတ်စရာ ဖြစ်သည်။

ကျန်းယိမင်း၏ နောက်မှ ထက်ကြပ်မကွာ ပြေးလိုက်သွားမည်ဟု စိတ်ကူးထားသော ချိန်တီးဖူးမှာ သူ့မျက်စိရှေ့မှောက်မှ ကျန်းယိမင်း ရုတ်တရက်ကွယ်ပျောက်သွားလေရာ ဘယ်နေရာ ဘယ်လမ်းကြောင်းသို့ လိုက်ရမည်မှန်းပင် မသိနိုင်တော့ဘဲ ယောင်လည်လည် ဖြစ်ကျန်နေခဲ့လေတော့သည်။

ချိန်တီးဖူးသည် ဟိုဟိုသည်သည် လိုက်၍ ကြည့်လေသေးသည်။



ကျန်းယိမင်း၏ အရိပ်အယောင်ကိုပင် မတွေ့ရ။

"တစ်ရှောင်းဆယ့်ခြောက်

တစ်ရှောင်းဆယ့်ခုနစ်

တစ်ရှောင်းဆယ့်ရှစ်

တစ်ရှောင်းဆယ့်ကိုး"

ကျောင်းပိုင်ယောင်၏ အချိန်မှတ် ရေတွက်သံကသာ ပေါ်ထွက်၍ နေသည်။

သည်အတိုင်းသာဆိုပါက လိုက်လံရှာဖွေဖို့သာရှိတော့မည်။

သို့သော် မည်သည့်နေရာဘက်သို့ လိုက်ရှာရမည်ကို ဝေခွဲရွေးချယ်ဖို့ကလည်း အလွန်ပင် ခက်နေသည်။

လိုက်ရှာသည့် အရပ်မျက်နှာက တစ်မျိုး၊ ကျန်းယိမင်းရှိနေသည့် အရပ်မျက်နှာက တခြားဖြစ်နေလျှင် လိုက်လေဝေးလေ၊ ရှာလေမတွေ့လေ ဖြစ်နေပေဦးမည်။

"ငါးရာနှစ်ဆယ့်လေး

ငါးရာနှစ်ဆယ့်ငါး

ငါးရာနှစ်ဆယ့်ခြောက်"

ကျောင်းပိုင်ယောင်၏ အချိန်မှတ် ရေတွက်သံက မှန်မှန်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသည်။ ထိုရေတွက်သံသည် ချိန်တီးဖူးကို ရင်ထိတ်လှုပ်ရှားသွား ဖန်တီးစေခဲ့သလိုပင် ဖြစ်နေသည်။

သတ်မှတ်ချိန် တစ်ဝက်ကျော်နေလေပြီ။

ချိန်တီးဖူးအနေဖြင့် ကျန်းယိမင်းကို ရှာဖွေဖို့ မဆိုထားဘိ ... ဘယ်နေရာ ဘယ်အရပ်မျက်နှာဘက်သို့ လိုက်ရှာရမည်ဆိုခြင်းကိုပင် တိတိပပ မခွဲခြားတတ်သေး။

မူလရပ်မြဲနေရာတွင်ပင် ရပ်လျက်သားနှင့် ဦးနှောက် အခြောက်ကြီးခြောက်၍ ရှိနေလေသည်။

"ခုနစ်ရှုတစ်
ခုနစ်ရှုနှစ်
ခုနစ်ရှုသုံး"

မထူးတော့။ ဖြစ်ချင်ရာဖြစ်ဟု ဆုံးဖြတ်ကာ ချိန်တီးဖူးသည် အရှေ့ဘက်ရှုရှုရှိ သစ်ပင်များအကြားသို့သာ တစ်ဟုန်ထိုး ပြေးဝင်ရှာဖွေလေတော့သည်။

တကယ်စင်စစ် ကျန်းယိမင်းသည် ပုန်းအောင်းကိုယ်ယောင်ဖျောက်နေခြင်း မဟုတ်ပါ။

ချိန်တီးဖူး၏ မျက်စိအကြည့်လမ်းကြောင်း ပြင်ပနေရာတွင်



ရှိနေစေရန်သာ တိမ်မီးခိုးကိုယ်ပျောက်ပညာ၏ ပရိယာယ်နည်းလမ်းများဖြင့် နေရာယူထားခြင်းသာ ဖြစ်သည်။

လူတစ်ယောက်၏ မျက်စိအမြင်လမ်းကြောင်းနှင့် မြင်ကွင်းမှာ အကန့်အသတ်ရှိသည်။

မျက်စိအမြင်လမ်းကြောင်း၏ အပြင်ပတွင် ရှိနေသည်များကို မတွေ့နိုင် မမြင်နိုင်ပါ။

တိမ်မီးခိုးကိုယ်ပျောက်ပညာဆိုသည်မှာလည်း တကယ်စင်စစ် ကိုယ်ပျောက်နိုင်သော ပညာမဟုတ်။ မျက်စိအမြင်လမ်းကြောင်း၏ ပြင်ပတွင် နေရာယူနိုင်ရန် ပရိယာယ်နည်းလမ်းများကို အမိကထားသော ကိုယ်ဖော့ပညာရပ်တစ်မျိုးသာ ဖြစ်သည်။

တိမ်မီးခိုး ကိုယ်ပျောက်ပညာရပ်သုံးကာ မျက်စိအမြင်လမ်းကြောင်း အပြင်အပတွင် ရှိနေအောင် နေရာယူပြောင်းရွှေ့လှုပ်ရှားနေသော ကျန်းယိမင်းကို ချိန်တီးဖူးမှာ မည်သို့မျှ တွေ့အောင် မရှာနိုင်တော့ပေ။

ကျောင်းပိဿယောင်၏ အချိန်မှတ် ရေတွက်မှုလည်း တစ်ထောင်ပြည့်သွားပြီ။

"ကိုးရာကိုးဆယ့်ကိုးရှစ်

www.burmeseclassic.com

www.burmeseclassic.com



ကိုးရာကိုးဆယ့်ကိုး

တစ်ထောင် ...

... အချိန်ပြည့်ပြီ"

အချိန်ရေတွက်မှု တစ်ထောင်ပြည့်ဝသွားသည်နှင့် ကျန်ယိမင်းသည် ကျောင်းဝိယောင်၏ ဘေးနားသို့ ရုတ်တရက်ကိုယ်ယောင်ပြလိုက်သလို ဘွားခနဲ ပေါ်လာသည်။

အချိန်မှတ်ရေတွက်မှု တစ်ထောင်ပြည့်ဝသွားပြီဖြစ်၍ စိတ်ပျက်အားလျော့ကာ ပြန်လာသော ချိန်တီးဖူးမှာ ကျောင်းဝိယောင်ဘေးနားတွင် ပြုံးရယ်ကာ ရပ်နေသော ကျန်းယိမင်းကို တွေ့ရလေတော့သည်။

+ + +



## အခန်း (၁၂)

ကျန်းယိမင်း၏ ကိုယ်ယောင်ဖျောက်နိုင်မှုစွမ်းရည်ကို ချိန်တီးဖူး တကယ်ပင် အသိအမှတ်ပြုလိုက်ရသည်။

အလွန်လည်း ချီးမွမ်းအားကျမိသည်။

ချိန်တီးဖူးသည် ကိုယ်ပျောက်စောရက အမည်ခံယူထားသူဖြစ်ရာ ဝိရိသေသပ်စွာ ကိုယ်ယောင်ဖျောက်နိုင်မှု အတတ်ပညာစွမ်းရည်များကို အလွန်ပင် နှစ်သက်သဘောကျသည်။

ကျန်းယိမင်း၏ ကိုယ်ယောင်ဖျောက် ပုန်းအောင်းနေနိုင်မှုစွမ်းရည်ကို အသိအမှတ်ပြု ချီးမွမ်းမိသည်နှင့်အတူ ကျန်းယိမင်းအပေါ်တွင်လည်း နှစ်သက်ခင်မင်သည့် စိတ်များ ပူးတွဲဖြစ်ပေါ်လာသည်။

"မောင်ရင်လေးရဲ့ ကိုယ်ယောင်ဖျောက် ပုန်းအောင်းနိုင်မှုစွမ်းရည်က သိပ်ကောင်းတယ်၊ ကျုပ်ထက် အများကြီးသာတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်မယ်ဆိုရင် မောင်ရင်လေးဆီက ကိုယ်ယောင်ဖျောက်မှုနည်းလမ်းပရိယာယ် အတတ်ပညာတွေ သင်ယူပါရစေ”

ချိန်တီးဖူးက ကျန်းယိမင်း၏အစွမ်းကို ချီးမွမ်းကာပြောဆိုမေတ္တာရပ်ခံသည်။

“ဟာ ... ဖြစ်နိုင်ပါတယ်ဗျာ၊ ခင်ဗျား သင်ယူချင်တဲ့ဆန္ဒရှိရင် ကျွန်တော်က သင်ပေးဖို့အသင့်ပါပဲ”

ကျန်းယိမင်းကလည်း ချက်ချင်းပင် လိုက်လျောသဘောတူသည်။

တကယ်တော့ သိုင်းပညာတစ်ခုခု သင်ကြားပေးမည့်ဆရာကောင်းကို အထူးပင် ကြိုးစားရှာဖွေပြီး အမျိုးမျိုး ဝတ်ကြီးဝတ်ငယ်ပြုစုကာ တောင်းပန် ပန်ကြားရသည်။

ဆရာလုပ်မည့်သူက မိမိသင်ကြားပေးမည့် သိုင်းပညာကိုသင်ယူရန် သင့်လျော်သည့် ကိုယ်ခန္ဓာအရိုးအဆစ်၊ စိတ်နေစိတ်ထားဉာဏ်ရည်ဉာဏ်သွေး ရှိမရှိ ဆန်းစစ်ကြည့်ပြီးမှသာ ချိန်ဆ၍ လက်ခံသည်။

တပည့်က ဆရာကောင်းရှာမှုများ ရှိသလို ဆရာကလည်း မိမိ၏ သိုင်းပညာမျိုးဆက် အမွေခံယူနိုင်မည့် တပည့်ကောင်းကို



အပတ်တကုတ် ကြိုးစားရှာဖွေမှုများပင် ရှိတတ်သည်။

သင်ကြားပေးမည့် သိုင်းပညာ၏စွမ်းရည်မြင့်မား နက်ရှိုင်းလေလေ ဆရာတပည့်လက်ခံ သတ်မှတ်မှု ခက်ခဲရှုပ်ထွေးလေလေဖြစ်သည်။

သာမန်အဆင့်မြင့် သိုင်းပညာများ သင်ယူခွင့်ရရှိရေးထက်လျှို့ဝှက်ဆန်းပြားသော အဆင့်မြင့်သိုင်းပညာများ သင်ကြားခွင့်ရရေးမှာ ပိုမိုခက်ခဲမြဲဖြစ်သည်။

“တိမ်မီးခိုး” ကိုယ်ပျောက်ပညာသည် သာမန်အဆင့်မြင့်သိုင်းပညာရပ် တစ်ခုမဟုတ်ပါ။

ထိပ်တန်း သိုင်းပညာများထက်ပင် ပို၍ အဆင့်မြင့်မားသော လျှို့ဝှက်သိုင်းပညာရပ်တစ်ခုဖြစ်သည်။

သိုင်းပဒေသာလိုဏ်ဂူကြီးထဲတွင်သာ သိမ်းဆည်းထိန်းသိမ်းထားသည့် တကယ့်လျှို့ဝှက်သိုင်းပညာရပ်တစ်ခုလည်း ဖြစ်နေပေသည်။

ကျန်းယိမင်းမှာ သိုင်းလောကအကြောင်း ဘာမှသိသူမဟုတ်သည့်အတွက် ချိန်တီးဖူးက သင်ကြားပေးရန် မေတ္တာရပ်ခံတောင်းပန်လာသောအခါ ပင်ကိုယ်စိတ်ရင်းကလည်း သူတစ်ပါး

www.burmeseclassic.com

www.burmeseclassic.com



အပေါ် ကူညီရိုင်းပင်းလိုသည့် စိတ်ထားအခံကလည်း ရှိနေသောကြောင့် လွယ်လင့်တကူပင်လိုက်လျော သဘောတူလိုက်လေသည်။

ချိန်တီးဖူးမှာ ပြောသာပြောလိုက်ရသည် မိမိ၏ တောင်းဆိုမေတ္တာရပ်ခံချက်ကို ကျွန်းယိမင်းက လွယ်လင့်တကူ လိုက်လျောလက်ခံလိမ့်မည်ဟု ထင်မှတ်ခြင်းမရှိပေ။

"ဟာ ... ကျေးဇူးတင်လိုက်တာ ဆရာလေးရာ၊ သိပ်ကိုကျေးဇူးတင်တာပဲ၊ ဆရာလေးရဲ့ကျေးဇူးကို ကျုပ် တစ်သက်မမေ့ဘူး"

ချိန်တီးဖူးသည် ပါးစပ်မှ လှိုက်လှိုက်လှဲလှဲ ပြောဆိုလျက်ဆရာထံတွင် တပည့်ခံသည့်အခါ ပြုရသည့် သိုင်းလောက၏ အစဉ်အလာ ဂါရဝဖြင့် ကျွန်းယိမင်းကို အရိုအသေပေး၏။

ကျွန်းယိမင်းမှာ အတော်ပင် အနေရအထိုင်ရခက်၍ သွားရလေသည်။

"ကဲ ကဲ ... တော်လောက်ပါပြီ၊ နေ့လယ်စာအတွက် စားသောက်ကြရအောင်လား၊ စားသောက်ပြီးမှပဲ သင်စရာ ကြားစရာရှိတာတွေကို သင်ကြတာပေါ့"

✢



ကျွန်းယိမင်း၊ ကျောင်းပိယောင်နှင့် ချိန်တီးဖူးတို့ သုံးယောက်သား နေ့လယ်စာ အတူတကွ စားသောက်ကြသည်။

စားသောက်ပြီးနောက် နားနေအပန်းဖြေရင်း ချိန်တီးဖူးကိုတိမ်မီးခိုးကိုယ်ပျောက်ပညာ၏ နည်းလမ်းအချို့နှင့် ပရိယာယ်အချို့စတင် သင်ပြပေးသည်။

ကျွန်းယိမင်းက ကိုယ်တိုင်သင်ပြပေးခြင်းတော့ မပြုပါ။

ကျွန်းယိမင်းကိုယ်စား ကျောင်းပိယောင်က သင်ပြပေးသည်။

ကုလေး၏လူများလက်မှ လွတ်မြောက်ရအောင် ရှောင်တိမ်းထွက်ခွာရစဉ်က ကျွန်းယိမင်းက တိမ်မီးခိုးကိုယ်ပျောက်ပညာ၏ နည်းလမ်းပရိယာယ်များကို ကျောင်းပိယောင်အား ပြောဆိုသင်ပြပေးထားခဲ့ရာ ကျောင်းပိယောင်သည် တိမ်မီးခိုးကိုယ်ပျောက်

www.burmeseclassic.com

www.burmeseclassic.com



ပညာကို အတော်တီးခေါက်မိနေသည်။

ဤသင်ပြပေးထားခဲ့ချက်များပေါ် မူတည်ကာ ကျောင်းဝိယောင်က ချိန်တီးဖူးကို ဆင့်ပွားသင့်ပြပေးခြင်း ဖြစ်ပေသည်။

ချိန်တီးဖူးကလည်း ကြေးမများပါ။

သူသည် ကိုယ်ယောင်ဖျောက်ပုန်းအောင်းမှုကို အလွန်ပင် စိတ်ဝင်စားပေရာ မည်သူကသင်ပေးသည်ဖြစ်စေ ... နည်းလမ်း အသစ်အဆန်းများကို လေ့လာသင်ယူရန် အဆင်သင့်ရှိ၍ နေပေသည်။

ချိန်တီးဖူးသည် ကျောင်းဝိယောင်လောက်တော့ ဉာဏ်မကောင်းပါ။

သို့ရာတွင် ကိုယ်ယောင်ဖျောက်ပုန်းအောင်းမှုနှင့်ပတ်သက်၍ ကိုယ်ပိုင်ပညာအခြေခံနှင့် အတွေ့အကြုံများစွာ ရှိပေရာ ကျောင်းဝိယောင်၏ သင်ပြမှုများကို တစ်မိုက်ပြလျှင် တစ်တောင်လောက်မြင်လျက် ကောင်းစွာ တတ်သိနားလည်ခဲ့ပေသည်။

အနားယူပြီးနောက် မွန်းလွဲတစ်နာရီခန့်တွင် ခရီးဆက်ကြရာ သင်ကြားမှုလည်း မပြီးပြန်သေးသည့်အတွက် ချိန်တီးဖူးသည် ကျန်းယိမင်းတို့နှင့်အတူ လိုက်ပါလာခဲ့လေသည်။

သစ်ပင်များ အုပ်အုပ်ဆိုင်းဆိုင်းရှိသည့် တောလမ်းခရီးအတိုင်း သွားကြသည်ဖြစ်ရာ နေပူရှိန်ကိုလည်း ကြောက်စရာမလို။ အေးအေးလူလူပင် ခရီးသွားနိုင်ကြပေသည်။



ခရီးနှင်ရင်း ကျောင်းဝိယောင်က ချိန်တီးဖူးကို ဆက်လက်ပြောဆိုသင်ပြပေးသွားခဲ့သည်။

ကျန်းယိမင်းက ချိန်တီးဖူးအား တိမ်မီးခိုး ကိုယ်ပျောက်ပညာ၏ နည်းလမ်းနှင့်ပရိယာယ်များ အပြည့်အစုံ သင်ပြပေးဖို့တော့ ရည်ရွယ်ချက် မရှိပါ။

ထို့ကြောင့် ဆယ်ပုံသုံးပုံခန့် ပြောဆိုသင်ပြပြီးချိန်လောက်တွင် ကျောင်းဝိယောင်အား ရပ်တန့်ခိုင်းလိုက်သည်။

ဤမျှလောက် တတ်သိနားလည်ခြင်းသည်ပင် ချိန်တီးဖူးလို အတွေ့အကြုံ ကြွယ်ဝသူအဖို့ အလွန်အကျိုးရှိသွားခဲ့ပေသည်။

သင်ကြားမှု ပြီးစီးသွားသော်လည်း ချိန်တီးဖူးသည် လမ်းခွဲမသွားသေးဘဲ ကျန်းယိမင်းတို့နှင့် အတူပင် ဆက်၍ လိုက်ပါလာခဲ့သည်။

မရှင်းလင်းသည့် အချက်များ သူစဉ်းစားမိသည့် ပရိယာယ်နှင့်အကွက်ဆန်းများကို မေးမြန်းဆွေးနွေးရာ တိမ်မီးခိုးကိုယ်ပျောက်ပညာကို တီးမိခေါက်မိရုံမျှသာ နားလည်သိရှိထားသော ကျောင်းဝိ

www.burmeseclassic.com



ယောင်မှာ ကြေလည်အောင် မပြောတတ်တော့ပေ။

ကျန်းယိမင်းကိုယ်တိုင် ပြောဆိုရှင်းပြရလေသည်။

ထိုသို့ ချိန်တီးဖူးကို ပြောဆိုသင်ပြရှင်းလင်းနေရမှုကြောင့် ခရီးအနည်းငယ် နှောင့်နှေးသွားသည်။

မူလက ညနေစောင်းလောက်တွင် တောတန်းလေးကို ဖြတ်ကျော်နိုင်လိမ့်မည်ဟု တွက်ဆခဲ့ကြရာ ယခုမူ နေဝင်မိုးချုပ်ပြီးမှသာ တောတန်းလေးကို ဖြတ်ကျော်လာနိုင်ကြလေသည်။

တောတန်းလေး၏အလွန်တွင် ရွာလေးတစ်ရွာရှိသည်။

ရွာလေးသည် လူနေသိပ်မများလှပါ။

အိမ်ခြေဆယ်လုံးသာသာမျှသာ ရှိသည့် ရွာသိမ်ရွာငယ်လေးသာ ဖြစ်သည်။

ကျန်းယိမင်းတို့သည် ထိုရွာလေးတွင် ညအိပ်ရပ်နားရန် စိတ်ကူးလျက် ရွာဆီသို့ တန်းလာခဲ့ကြသည်။

ရွာသိမ်ရွာငယ်ကလေးသာ ဖြစ်သော်လည်း အဖိုးတန် ပိုးသားမီးပုံးများထွန်းညှိကာ ရွာထဲတွင် ထိန်ထိန်လင်းနေသည်ကို တွေ့ရသောအခါ ကျန်းယိမင်းတို့ အံ့သြမိကြရသည်။

တကယ်စင်စစ် ထိုရွာလေးရှိ ရွာသူရွာသားများသည် လက်



လုပ်လက်စား ဆင်းရဲသား ကျေးမွဲတွေသာ ဖြစ်ကြပါသည်။

အဖိုးတန် ပိုးသားမီးပုံးများကို မဆိုထားဘိ … သာမန်ရိုးရိုးမီးပုံးများကိုပင် ချိတ်ဆွဲအသုံးမချနိုင်ကြပါ။

လုံကျင်အော့အမည်ရှိ မင်းသားတစ်ပါး၊ နောက်လိုက်နောက်ပါအခြွေအရံများနှင့် တောကစားထွက်လာရာ ထိုရွာလေး၌ အခြေစိုက်စခန်း ချနေလေရာ မင်းသား၏ ခြွေရံသင်းပင်းများ ထွန်းညှိထားသည့် မီးပုံးများသာလျှင် ဖြစ်ပေသည်။

ရွာသူရွာသားများသည် ချောင်ကျကျနေရာများတွင် ကုပ်နေကြရလျက် ရွာထဲတွင် လုံကျင်းအော့မင်းသား၏ အမဲလိုက်အဖွဲ့သားများသာ ဟိုမှဤမှ လမ်းသလားနေကြလေသည်။

ရွာဝင်တံခါးတွင်လည်း လုံကျင်းအော့မင်းသား၏အလံကို လွှင့်ထူထားကာ မင်းသား၏ လက်နက်ကိုင်ငယ်သားများက စောင့်ကြပ်နေကြသည်။

ကျန်းယိမင်းတို့ကို လုံကျင်းအော့မင်းသား၏လူများက ရွာထဲသို့ ဝင်ခွင့်မပေး။

ဟိန်းဟောက်ကြိမ်းမောင်းကာ နှင်ထုတ်ပစ်ကြသည်။

ချိန်တီးဖူးက မခံချင်ဘဲ တိုက်မည်ခိုက်မည်ပြုရာ အချင်း

www.burmeseclassic.com

www.burmeseclassic.com



မပွားလိုသော ကျန်းယိမ်မင်းနှင့် ကျောင်းပိယောင်တို့က ချိန်တီးဖူးအား ဖျောင်းဖျကာ ထိန်းသိမ်းပေးကြရသည်။

ရွာထဲသို့ ဝင်ခွင့်မရသည့်အတွက် ကျန်းယိမင်းတို့သည် ရွာနှင့်မလှမ်းမကမ်းရှိ သချိုင်းဟောင်းမှ ဇရပ်ပျက်ကြီးပေါ်တွင် တစ်ညတာ နားနေစခန်းချကြရသည်။

ညဥ့်အတော်လည်း မိုးချုပ်နေပြီဖြစ်ရာ ညစာ အထွေအထူးမချက်ပြုတ်တော့ဘဲ အသင့်ဆောင်ထားသော ရိက္ခာခြောက်များဖြင့်ပင် စားသောက်ရန် ပြင်ဆင်သည်။

"အဲဒီ ရိက္ခာခြောက်တွေကို ထိန်းသိမ်းပါဦး၊ အရေးပေါ် စားသောက်နိုင်တာပေါ့၊ အခုညစာအတွက်တော့ ကျုပ်ထွက်ပြီး ရှာဖွေလိုက်ပါ့မယ်၊ ခဏလောက်ပဲ စောင့်"

ချိန်တီးဖူးက ဤသို့ ပြောဆိုပြီး ဇရပ်ပျက်ပေါ်မှ အဖြေးတစ်ပိုင်း ဆင်းသွားသည်။

"ဟာ ... ခက်တာပဲ၊ ဒီလူကြီးက ညကြီးမိုးချုပ်မှာ သားကောင်လိုက်ရှာမလို့ ထင်တယ်"

ကျန်းယိမင်းက ခပ်ညည်းညည်းကလေး ရေရွတ်လိုက်သည်။



"ကျွတ် ... နင်ကလည်း အတွေးခေါင်နေပြန်ပါပြီ"

ကျောင်းပိယောင်က မချိုမချဉ်ပြုံးကာ ပြောသည်။

"အလို ငါက ဘာအတွေးခေါင်လို့လဲ"

"ချိန်တီးဖူးထွက်သွားတာ အမဲလိုက်ပြီး သားကောင်ရှာဖို့လို့ နင်က ထင်နေသလား"

"နင်ကရော ဘယ်လိုထင်လို့လဲ"

"သူက ဟိုရွာလေးထဲဝင်ပြီး အမဲလိုက်အဖွဲ့ရဲ့ စားသောက်စရာတွေ မ,လာလိမ့်မယ်လို့ပဲ ငါက ထင်နေတယ်၊ မယုံရင် စောင့်သာကြည့်"

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဝိယောင်၏တွက်ကိန်း မလွဲပါ။

ချိန်တီးဖူးသည် လုံကျင်းအော့မင်းသား၏ အမဲလိုက်အဖွဲ့မှ စားသောက်ဖွယ်ရာများကို အလစ်သုတ်ယူရန် ရွာလေးဘက်သို့ ထွက်သွားခြင်း ဖြစ်သည်။

လုံကျင်းအော့သည် အရေးပါသော မန်ချူးမင်းသားတစ်ပါး ဖြစ်ရာ ခြွေရံသင်းပင်း များပြားသည်။

သူ၏ အမဲလိုက် အခြေစိုက်စခန်းချရာ ရွာလေးတွင် အစောင့်အကြပ်များလည်း ထူထပ်စွာချ ထားသည်။

ထိုအစောင့်အကြပ်များသည် ချိန်တီးဖူးအတွက်တော့ ဘာမှ အဟန့်အတားမဖြစ်ပါ။ ရွာလေးထဲသို့ အလွယ်တကူပင် ဝင်နိုင်သည်သာမက လုံကျင်းအော့၏ ယာယီထမင်းစားဆောင်နေရာသို့ပင် ရောက်ရှိသွားခဲ့သည်။



အချိန်အနည်းငယ်အတွင်းမှာပင် ဇရပ်ပျက်ကြီးသို့ ချိန်တီးဖူး ပြန်ရောက်လာသည်။

သူ့လက်ထဲတွင် စားတော်အုပ်တစ်ခု ပါလာသည်။

စားတော်အုပ်ထဲတွင် ကြက်၊ ဝက်၊ သား၊ ငါး၊ ဟင်းသီးဟင်းရွက် ဟင်းလျာများအပြင် ရှားပါးသောယိုများ၊ အဖိုးတန် လမုန့်များနှင့် အခြားအချိုမုန့်အမျိုးမျိုးတို့လည်း စုံစုံလင်လင်ပင် ပါရှိလာသည်။

"ကဲ ဆရာလေးနဲ့ ဆရာမလေးတို့ ... အားရပါးရ သုံးဆောင်ကြပါ။ ဒီလို စားကောင်းသောက်ဖွယ်မျိုးကို ကြုံကြိုက်မှသာ စားရတာဗျ"

ချိန်တီးဖူးက ပြောသည်။

ကျန်းယိမင်းနှင့်ကျောင်းဝိယောင်တို့သည် လုံကျင်းအော့မင်းသား၏ အမဲလိုက်အဖွဲ့သားများ မောက်မာဝင့်ကြွားပုံကို ဘဝင်မကျနိုင်ဘဲ ရှိနေခဲ့သည်။

ဤစားသောက်ဖွယ်ရာများသည် လုံကျင်းအော့မင်းသား၏ အမဲလိုက်အဖွဲ့ထံမှ ချိန်တီးဖူး အလစ်သုတ်ယူလာခဲ့မှန်း သိသော်လည်း ဘာမှုပြောမနေကြတော့။

www.burmeseclassic.com

www.burmeseclassic.com



အားရပါးရသာ စားသောက်ပစ်လိုက်ကြလေတော့သည်။

ကျန်းယိမင်းနှင့် ကျောင်းပိယောင်တို့မှာ ရရာကို ဖြစ်သလို စားသောက်နေခဲ့ရသည့် ကာလရှည်ကြာနေပြီဖြစ်ရာ ယခု ညစာအတွက် ဟင်းလျာကောင်းများနှင့် စားသောက်ရသည့်အတွက် အလွန်ပင် မြိန်ယှက်ကြလေသည်။

ချိန်တီးဖူးယူလာသော စားတော်အုပ်တစ်ခုလုံး တက်တက်ပြောင်သွားလေတော့သည်။

စားသောက်ပြီးနောက် ဇရပ်ပျက်ကြီး၏ ရှေ့ပိုင်းတစ်နေရာတွင် ဝိုင်းဖွဲ့ထိုင်ကာ စကားစမြည်ပြောဆိုကြ၏။

"ရှင် သိုင်းလောကမှာ ကျင်လည်လာတာ ဘယ်လောက်ကြာပြီလဲ"

ထွေရာလေးပါးစကားများ ပြောဆိုနေကြရင်း ကျောင်းပိယောင်က ချိန်တီးဖူးကို တီးခေါက်ကြည့်လိုက်သည်။

"ကျုပ် လူမှန်းသိတတ်လောက်စကတည်းက ဆိုပါတော့၊ နှစ်ပေါင်း ဘယ်နည်းတော့မှာလဲ"

"ဒါဆိုရင် သိုင်းလောက်အကြောင်း အတော်ကို သိနေမှာပေါ့နော်"



"ဘယ့်နှယ် မေးပါလိမ့် ဆရာမလေးရာ ... ကျုပ်က သိုင်းလောကတစ်လွှား နေရာအနှံ့ ခြေသလုံးအိမ်တိုင် လျှောက်သွားနေတဲ့ကောင် တစ်ယောက်ပဲ၊ ကြွားပြောတာ မဟုတ်ဘူး ... သိုင်းလောကအကြောင်း သတင်းပလင်းတွေကို ကျုပ်လောက်သိတဲ့လူ မရှိနိုင်ဘူး၊ ကျုပ်ထက် သိုင်းပညာကောင်းတဲ့လူတွေသာ ရှိတယ်"

"ဒီလိုဆိုရင် ကျွန်မ တစ်ခုလောက် မေးချင်တယ်"

"ကြိုက်သလောက်မေးနိုင်ပါတယ် ဆရာမလေးရာ ... ကျုပ်သိသမျှ အားလုံးပြောပြပါ့မယ်"

"ကျောင်းစန်းလိုင်ဆိုတဲ့ သိုင်းသမားတစ်ယောက်အကြောင်း ရှင် ကြားဖူးသလား"

"မေးမှ မေးရက်ပလေ ဆရာမလေးရာ၊ ကျောင်းစန်းလိုင်ဆိုတာ နာမည်ကျော်တစ်ယောက်ပဲ၊ သိုင်းသမားတိုင်းလိုလို သူ့အကြောင်းကို အနည်းနဲ့အများ ကြားဖူး၊ သိဖူးကြတာချည်းပဲ"

"ဒါဆိုရင် သူ့အကြောင်း ရှင်သိသလောက် အတိုချုံးပြီး ပြောပြစမ်းပါ"

"ကျောင်းစန်းလိုင်ဟာ မူလက ခွန်လွန်အဖွဲ့သားတစ်ဦးပဲ၊ သူ့ရဲ့လက်ရင်းဆရာ ထိုက်လီချူဆိုင်းဆိုတာ အခုထက်ထိ ခွန်လွန်

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့မှာ ရှိနေသေးတယ်၊ ကျောင်းစန်းလိုင်က ခွန်လွန်အဖွဲ့ကို ကျောခိုင်းထွက်သွားပြီး ပြိုကွဲပျက်စီး ပျောက်ကွယ်သွားတော့မယ့် ဘီလူးအဖွဲ့ကို ပြန်လည်ဦးဆောင် ထူထောင်ပေးခဲ့တယ်၊ ကျောင်းစန်းလိုင်ရဲ့ ဦးဆောင်မှုကြောင့် ဘီလူးအဖွဲ့အင်အားပြန်ကောင်းလာခဲ့တယ်၊ သူ့ရဲ့သိုင်းပညာဟာ သူမတူအောင် ထူးချွန်ထက်မြက်တယ်၊ ပြိုင်ဘက်ကင်းတဲ့အတွက် အထွတ်အထိပ်အဆင့်ကို ရောက်နေပြီလို့တောင် ပြောနိုင်တယ်၊ ဒါပေမဲ့ သူဟာ အတော်ကို ရက်စက်ကြမ်းကြုတ်တယ်"

"သူဟာ လူဆိုးလား၊ လူကောင်းလား"

"ငါဟာ သိုင်းလောက ခုံသမာဓိတစ်ယောက်လည်း မဟုတ်တော့ ကျောင်းစန်းလိုင် လူဆိုးလား၊ လူကောင်းလားဆိုတာကို တိတိကျကျ မပြောနိုင်ဘူး၊ ဒါပေမဲ့ လမ်းမှန်သိုင်းသမားအများစုကတော့ ကျောင်းစန်းလိုင်ကို သိုင်းသမားဆိုးလူရမ်းကားကြီးတစ်ယောက်လို့ သတ်မှတ်ထားကြတယ်"

"သူ ဘယ်လို ဘဝဇာတ်သိမ်းသွားရတာလဲ"

"ဒီအကြောင်းပြောရရင် အတော်စိတ်ဝင်စားစရာကောင်းတယ်"



"ဘယ်လို စိတ်ဝင်စားစရာကောင်းတာလဲ"

"လွန်ခဲ့တဲ့ ဆယ့်ခြောက်နှစ်လောက်ကစပြီး ကျောင်းစန်းလိုင်ဟာ လုံးဝကို စုပ်စမြုပ်စပျောက်သွားတယ်၊ သူ့အကြောင်း ဘာသတင်းမှ ပေါ်ထွက်မလာတော့ဘူး၊ သူသေဆုံးသွားပြီလို့ပဲ ဆိုရလိမ့်မယ်"

"သူသေသွားပြီပဲ ထားလိုက်ပါတော့ ... ဘယ်ပုံဘယ်နည်းကြောင့် သေဆုံးသွားရတယ်ဆိုတာ ရှင်ပြောနိုင်မလား"

ချိန်တီးဖူးက ချက်ချင်းမဖြေ။ မျက်မှောင်ကြုတ်ကာ စဉ်းစားနေသည်။

ကျောင်းပိယောင်ကလည်း ဘာမျှမပြော။ ချိန်တီးဖူး စိတ်တိုင်းကျ စဉ်းစားတွေးတောရန် အခွင့်အရေးပေးသည့်အနေဖြင့် အလိုက်သိစွာ ငြိမ်၍နေသည်။

ချိန်တီးဖူးပြောလာမည့် စကားများကိုသာ နားစွင့်၍နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာ စဉ်းစားပြီးမှ … ချိန်တီးဖူးက ဆက်ပြောလေသည်။

“သူသေဆုံးသွားခဲ့တာနဲ့ ပတ်သက်ပြီး အမျိုးမျိုးပြောဆိုကြတယ်၊ လမ်းမှန်သိုင်းသမားတွေ စုပေါင်းပြီး သူ့ကို သုတ်သင်ဖယ်ရှားပစ်လိုက်တယ်လို့ အများစုကပြောကြတယ်၊ တချို့ကတော့ သူ့ကို ဘီလူးအဖွဲ့က လက်စတုံး စီရင်ပစ်လိုက်တာလို့ ဆိုကြတယ်၊ ကျောင်းစန်းလိုင်ဟာ တိုက်ပွဲတစ်ခုမှာ အပြင်းအထန် ဒဏ်ရာရခဲ့ပြီး အတွင်းအားနဲ့ သိုင်းပညာတွေ ဆုံးရှုံးသွားတာကြောင့် ဇာတ်မြှုပ်ပြီးနေထိုင်နေတယ်လို့ ပြောကြတဲ့လူအချို့လည်း ရှိတယ်”

“ရှင်ကရော ဘယ်လိုထင်သလဲ”

“အင်း … ထိပ်တန်းသိုင်းအကျော်အမော်တစ်စု လျှို့ဝှက်ပူးပေါင်းပြီး ကျောင်းစန်းလိုင်ကို အလစ်ဖမ်း တိုက်ခိုက်ချေမှုန်းပစ်လိုက်



ကြတယ်လို့ ကျုပ်တော့ထင်မိတာပဲ”

“ဟုတ်ပြီ … အဲဒီလို အလစ်ဖမ်းတိုက်ခိုက် ချေမှုန်းခဲ့ကြတဲ့လူတွေဟာ ဘယ်သူတွေလဲ၊ ဩော် ကျွန်မမေးတာ လောကြီးသွားတယ်၊ ဘယ်သူတွေဖြစ်မယ်လို့ ရှင်ထင်သလဲ”

“ကျုပ်အနေနဲ့ကတော့ ဘယ်လိုမှ ထင်မြင်ချက် မပေးချင်ဘူး၊ အဲ ဆရာမလေးဘာသာ စဉ်းစားအဖြေထုတ်ကြည့်နိုင်ဖို့အတွက် သဲလွန်စဖြစ်စရာ အကြောင်းတိုက်ဆိုင်မှုကလေးတွေကိုတော့ ပြောပြနိုင်တယ်”

“ဘယ်လိုအကြောင်းတိုက်ဆိုင်မှုလေးတွေလဲ … ပြောစမ်းပါဦး”

“ကျောင်းစန်းလိုင် ဇာတ်မြှုပ်ပျောက်ကွယ်သွားခဲ့တဲ့ အချိန်လောက်မှာပဲ ထူးထူးခြားခြား စုပ်စမြုပ်စ ပျောက်သွားတဲ့ သိုင်းအကျော်အမော်အချို့ ရှိနေကြတယ်”

“ဘယ်သူတွေများပါလိမ့်”

“လမ်းတောလေအဖွဲ့က အဖွဲ့ဦးစီး ချွေးမုဟန်၊ ဂူတော်အဖွဲ့ဒုအဖွဲ့ချုပ် ယုန်ချန်း၊ ဝှာစန်းအဖွဲ့ချုပ် လင်တာကောင်း၊ ရှောင်လင်ကျောင်းထိုင် တာ့မိုအဆောင်မှူး ကျောက်ဆိုင်း၊ ဟန်ဆားအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



နည်းပြဖျူပ် ဟောက်တိကျွန်းနဲ့ နဂါးဂေဟာက သိုင်းသမားကြီး စီးမုတို့ပဲ”

ကျောင်းပိယောင်သည် ချိန်တီးဖူးပြောပြသည့် အမည်နာမများကို နှလုံးသားထဲတွင် စွဲမြဲနေအောင် သေသေချာချာ မှတ်သားထားလိုက်သည်။

မိမိ၏ မိဘနှစ်ပါးသေဆုံးသွားရမှုတွင် ဤပုဂ္ဂိုလ်များသည် ပတ်သက်မှုရှိနိုင်စရာအကြောင်း အများကြီးရှိရမည်ဟုလည်း ကျောင်း ပိယောင်က ယုံသည်။

“ခွန်လွှန်အဖွဲ့မှာရော ဘယ်လိုထူးခြားတာတွေများ ဖြစ်ပေါ်ခဲ့သေးလဲ”

“ဟာ ... ဆရာမလေးမေးမှပဲ ကျုပ်စဉ်းစားမိတယ်၊ ဟုတ်တယ် ... ကျောင်းစန်းလိုင် ဇာတ်မြုပ်သွားခဲ့ပြီးတဲ့နောက် ခွန်လွှန်အဖွဲ့ဟာ အရင်ကလောက် တက်တက်ကြွကြွ၊ လှုပ်လှုပ်ရှားရှား မရှိတော့ဘူး၊ အတော်လေးကို ငြိမ်ချက်သား ကောင်းသွားတယ်၊ မလွဲမရှောင်သာအောင် အရေးကြီးတဲ့ ကိစ္စတွေကလွဲရင် သိုင်းလောကရဲ့ အရေးအရာတွေမှာလည်း ပါဝင်ပတ်သက်ခြင်း မရှိကြတော့ဘူး၊ ဪ ... ဒါနဲ့ မသိလို့ မေးပါရစေ ... ဘယ်လိုမှလည်း မအောက်မေ့



ပါနဲ့၊ ဆရာမလေးက ဘာကြောင့် ကျောင်းစန်းလိုင်ရဲ့အကြောင်းကို ဒီလောက် စိတ်ဝင်တစား မေးမြန်းနေရတာလဲ”

“ကျောင်းစန်းလိုင်နဲ့ ချန်မေချင်းတို့ဟာ ကျွန်မရဲ့မိဘနှစ်ပါးပဲ၊ သူတို့နှစ်ယောက် ထူးထူးဆန်းဆန်း စုပ်စမြုပ်စပျောက်ဆုံးသွားတဲ့အကြောင်းရင်းကို ကျွန်မသိချင်တယ်၊ တကယ်လို့ သူတို့ သေဆုံးသွားကြရတယ်ဆိုရင်လည်း ရိုးရိုးသားသား သေရတာလား၊ သူတစ်ပါး လက်ချက်ကြောင့်လား၊ ဘယ်သူတွေရဲ့ ပယောဂပါဝင်နေသလဲဆိုတာ စုံစမ်းဖော်ထုတ်ချင်တယ် ... ဒါကြောင့် မေးရတာပါ”

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်စောစော ...။

လုံကျင်းအော့မင်းသား၏ အမဲလိုက်စခန်းမှာ ချိန်တီးဖူး သွားရောက်အလစ်သုတ်ယူလာခဲ့သော စားသောက်ဖွယ်ရာများဖြင့် သုံးယောက်သား နံနက်စာ စားသောက်ကြသည်။

ထို့နောက် ခရီးဆက်နိုင်ရန်အတွက် ဇရပ်ပျက်ကြီးမှ ထွက်ခွာလာခဲ့ကြသည်။

ချိန်တီးဖူးသည် ကျန်းယိမင်းတို့နှင့်အတူ မလိုက်တော့။ ကျေးရူးတင်နှုတ်ဆက်စကားဆိုကာ လမ်းခွဲထွက်သွားသည်။

ကျန်းယိမင်းနှင့် ကျောင်းပိယောင်တို့ နှစ်ယောက်သား အတူတူ ခရီးဆက်နှင်လာခဲ့ကြသည်။

ကျောင်းပိယောင်သည် စကားသိပ်မပြောပေ။ နှုတ်ဆိတ်ကာ စဉ်းစားတွေးတောနေသည်က များသည်။



မိမိ၏မွေးဘနှစ်ပါးနှင့်ပတ်သက်သည့် သတင်းအစအနများကို ရနိုင်သမျှ စုံစမ်းကြည့်ရန် ကျောင်းပိယောင်က စိတ်ကူး၍နေသည်။

ယခုထက်ထိ ကြားရသမျှသောသတင်းစကားတို့သည် စိတ်ချမ်းမြေ့စရာမရှိ။ သူမ၏ဖခင် ကျောင်းစန်းလိုင်ကို ဆိုးသွမ်းရမ်းကားသည့် သိုင်းသမားဆိုးကြီးတစ်ယောက်အဖြစ် သိုင်းလောကတစ်လွှားက သတ်မှတ်ထားကြသည့်အသွင်မျိုး ရှိနေသည်။

ကျောင်းပိယောင်ကမူ မိမိ၏ဖခင်ကို မိုက်ရိုင်းရမ်းကားသော သိုင်းသမားဆိုးကြီး တစ်ယောက်အဖြစ် သတ်မှတ်ထားမှုကို လက်မခံနိုင်ပေ။

ဤကိစ္စများတွင် အထင်အမြင် လွဲမှားမှုများ ရှိနိုင်သည်ဟု တွေးသည်။

ကျောင်းစန်းလိုင်နှင့် ချန်မေချောင်းတို့နှင့်ပတ်သက်၍ သေဆုံးသွားကြပြီဟု ပြောဆိုမှုများရှိသလို၊ သတင်းအစအန မရဘဲ ပျောက်ဆုံးနေသည်ဟု ဆိုကြသည်လည်း ရှိသည်။

ဓာတ်မြုပ်သွားကြခြင်း ဖြစ်ကောင်းဖြစ်နိုင်ကြောင်းပြောသူက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပိယောင်ကမူ ထိုက်လီချူဆိုင်း ပြောကြားခဲ့သည့် စကားများအရ မိမိ၏မိဘနှစ်ပါး ကွယ်လွန်သွားကြပြီဟုသာ လက်ခံယုံကြည်ထားသည်။

ကွယ်လွန်သွားရသည့်အကြောင်းနှင့်ပတ်သက်၍သာ မရှင်းမလင်းရှိနေသည်။

မည်သို့မည်ပုံ သေဆုံးသွားကြသည်ဆိုသည့် အကျိုးအကြောင်း အခြင်းအရာများကိုတော့ စုံစမ်းဖော်ထုတ်ဖို့ လိုအပ်နေသည်။

ကျောင်းပိယောင်သည် ခရီးသွားရင်း ဤအကြောင်းကိစ္စများကို တွေးတောကာ ရှေ့ဆက်လုပ်သင့်သည်များကို စဉ်းစားကြည့်နေခဲ့သည်။ ထို့ကြောင့် ခရီးလမ်းတွင် စကားသိပ်မပြောနိုင်။ နှုတ်ဆိတ်၍သာ နေသည်ကများသည်။

ကျန်းယိမင်းက အစတွင် စကားစမြည် ပြောဆိုကြည့်သေးသည်။ သို့သော် ကျောင်းပိယောင်က တစ်ခွန်းစ နှစ်ခွန်းစသာ အလိုက်သိစွာပင် စကားမစတော့ပါ။ ဤသို့ဖြင့် ခရီးနှင်လာခဲ့ကြရာ နေ့လယ်ပိုင်းတွင် ရင်စန်းရွာသို့ ရောက်ရှိသွားကြလေသည်။

✢



ကျန်းယိမင်းနှင့် ကျောင်းပိယောင်တို့သည် ရင်စန်းရွာတွင် နေ့လယ်စာ စားသောက်ရင်း ခေတ္တနားနေကြသည်။

ရင်စန်းရွာသည် တရုတ်ပြည်မြောက်ပိုင်းမှ တောင်ပိုင်းသို့ သွားသည့် ခရီးဝေးလမ်းမကြီးပေါ်တွင် တည်ရှိသည်။

ထို့ပြင် ...

ရင်စန်းရွာမှနေ၍ တရုတ်ပြည်အရှေ့ပိုင်းနှင့် အနောက်ပိုင်းသို့သွားသည့် ခရီးဝေးလမ်းမကြီးဆီသို့ ပေါက်ရောက်သောလမ်းကြောင်းတစ်ခုကလည်း ရှိနေပြန်သည်။

ထိုလမ်းကြောင်းသည် လမ်းမကြီးကို ကောင်းမွန်ခြင်းမရှိသော်လည်း အတော်ပင် ဖြောင့်ဖြူးပြေပြစ်သည်။

ဤအတွက် ရင်စန်းရွာသည် ခရီးလမ်းဆုံနေရာတစ်ခု သဖွယ် ဖြစ်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



စိမ်းလွဲရေတံခွန်တောအုပ်ရှိရာသို့ သွားမည်ဆိုလျှင် ရင်စန်းရွာမှနေ၍ ခရီးဝေးလမ်းမကြီးအတိုင်း တောင်ဘက်ရှူးရှူးသို့ ဆက်သွားရပေမည်။

ရင်စန်းရွာမှနေ၍ တရုတ်ပြည် အရှေ့နှင့်အနောက် ခရီးဝေးလမ်းမကြီးသို့သွားနိုင်သလို ဆက်စပ်လမ်းကြောင်းအတိုင်း တစ်ရက်ခရီးခန့် သွားမည်ဆိုလျှင် နဂါးသုံးကောင်ရေအိုင်သို့ ရောက်သည်။

နဂါးသုံးကောင်ရေအိုင်မှ တောလမ်းခရီးအတိုင်း အနောက်မြောက်ဘက်သို့ သုံးရက်ခရီးသွားလျှင် ရှောင်လင်ကျောင်းတော်သို့ ရောက်သည်ဟု ချိန်တီးဖူးက ကျောင်းပိယောင်အား ပြောပြထားခဲ့သည်။

ရှောင်လင်ကျောင်းတော်သည် သိုင်းလောကတွင် ရှေးအကျဆုံး၊ သမ္မာအရင့်ဆုံး၊ အစဉ်အလာ အကြီးမားဆုံးနှင့် ဖြောင့်မတ်တည်ကြည်သည့် အဖွဲ့အစည်းကြီးတစ်ခုအဖြစ် သိုင်းသမားအပေါင်းက လေးစားကြကြောင်းကို ချိန်တီးဖူးထံမှ ကျောင်းပိယောင် သိထားခဲ့ပြန်သည်။

မိမိ၏မိဘနှစ်ပါး သေဆုံးသွားခဲ့သည့် အချိန်အပိုင်းအခြားလောက်တွင် ထူးဆန်းစွာ ပျောက်ဆုံးဇာတ်မြုပ်သွားခဲ့ကြသည့်



သိုင်းသမားကြီးများထဲတွင် ရှောင်လင်ကျောင်းတော် တာမို့အဆောင်မှူး ကျောက်ဆိုင်းလည်း အပါအဝင်ဖြစ်သည်ကိုလည်း ကျောင်းပိယောင် မှတ်သားထားသည်။

ကျောင်းပိယောင်သည် ကျန်းယိမင်းနှင့်အတူ စိမ်းလွဲရေတံခွန် တောအုပ်ရှိရာသို့ လိုက်ပါမသွားတော့ဘဲ လမ်းခွဲထွက်ပြီး ရှောင်လင်ကျောင်းတော်သို့ သွားရောက်စုံစမ်း တီးခေါက်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

"နင်နဲ့ငါ ဒီနေရာကပဲ လမ်းခွဲကြရအောင်၊ နင်နဲ့ငါ ဆက်မလိုက်တော့ဘူး"

နေ့လယ်စာ စားသောက်ပြီးသောအခါ ကျောင်းပိယောင်က ပြောသည်။

"နင် ဘယ်ကို သွားမလို့လဲ"

"နဂါးသုံးကောင် ရေအိုင်ဘက်ကို သွားမလို့"

"ဘာလဲ ရှောင်လင်ကျောင်းတော်ကို သွားမလို့လား"

ချိန်တီးဖူးပြောကြားသည်များကို ကျန်းယိမင်းလည်း ကြားသိခဲ့ပေရာ ရှောင်လင်ကျောင်းတော်သို့ သွားနိုင်သော ခရီးလမ်းကြောင်းကို သိနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဟုတ်တယ်"

ကျွန်းယိမင်းအား လိမ်ညာကွယ်ဝှက်မထားလိုသောကြောင့် ကျောင်းပိယောင်က အမှန်အတိုင်းပင် ဝန်ခံလိုက်သည်။

"ရှောင်လင်ကျောင်းတော်ကို ဘာသွားလုပ်မလို့လဲ"

"ငါ့မိဘတွေ သေဆုံးသွားရတဲ့ အချိန်လောက်မှာ ထူးထူးခြားခြား ဖောက်ပြန်ပြီး သတင်းအစအန မကြားရဘဲ ပျောက်ကွယ်သွားခဲ့ကြတဲ့ သိုင်းသမားကြီးတွေထဲမှာ ရှောင်လင်ကျောင်းတော်က တာမို့အဆောင်မှူး ကျောက်ဆိုင်းလည်းပါတယ် မဟုတ်လား၊ ဒီတော့ ရှောင်လင်ကျောင်းတော်ကို သွားပြီး တီးခေါက်စုံစမ်းကြည့်ရင် ငါ့မိဘတွေ သေဆုံးရတာ ဘာကြောင့်လဲဆိုတာကို ဖော်ထုတ်နိုင်ဖို့ သတင်းအစအန ရကောင်းရနိုင်တယ်လေ"

"ဒီလိုဆိုရင် တာမို့အဆောင်မှူး ကျောက်ဆိုင်းလိုပဲ စုပ်စုပ်ပျောက်ကွယ်သွားကြတဲ့ အခြားသိုင်းသမားကြီးတွေနဲ့ ပတ်သက်နေတဲ့ အဖွဲ့တွေကိုလည်း နင်သွားပြီး စုံစမ်းဦးမှာပေါ့"

"အင်း"

"နင့်မိဘတွေ သေဆုံးရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး တာဝန်ရှိတဲ့ လူတွေကိုဖော်ထုတ်နိုင်ရင် နင်ကဘာလုပ်မလဲ၊ လက်စားချေဖို့လား"



"ဟင့်အင်း ... မဟုတ်ဘူး"

"ဒါဆို ဘယ်လိုရည်ရွယ်ချက်မျိုးရှိလဲ၊ ငါ့ကိုပြောပြနိုင်မယ်ဆိုရင် ငါသိပါရစေ"

"နင်က ငါ့ရဲ့ အရင်းနှီးဆုံးသူငယ်ချင်းပဲ၊ နင့်ကို ငါ့ရင်ထဲရှိတာတွေ ပြောပြပါ့မယ်"

"ကောင်းပြီ ပြောလေ"

"နင် စဉ်းစားကြည့်လေ၊ ငါ့အဖေကို သိုင်းသမားဆိုး လူရမ်းကားကြီး တစ်ယောက်လို့ သတ်မှတ်ထားကြတာကို ငါလက်မခံနိုင်ဘူး၊ အဖေသာမဟုတ်ဘူး ငါ့ကိုပါ သူ့ရဲ့သမီးဖြစ်တယ်ဆိုတဲ့ အချက်လေးတစ်ခုနဲ့ ဒဏ်ခတ်သုတ်သင်ပစ်ဖို့အထိ လုပ်ခဲ့ကြသေးတယ်၊ ဒါဟာ နည်းလမ်းကျသလား"

"ဘယ်နည်းလမ်းကျနိုင်မှာလဲ"

"ငါ့ကို ဖေဖေ့သမီးဖြစ်တယ်ဆိုတာနဲ့ သိုင်းလောကရဲ့ အန္တရာယ်လို့ သဘောထားပြီး သုတ်သင်ဖယ်ရှားစရာ ဆူးငြောင့်ခလုတ်တစ်ခုရယ်လို့ သတ်မှတ်ခံရတာကို ငါမကျေနပ်ဘူး"

"အင်းလေ ... နင့်အဖြစ်ကလည်း စိတ်မချမ်းသာစရာကြီးပါပဲ ဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ငါဟာ မတရားတာကို မလုပ်ဘူး၊ ဘယ်သူ့အပေါ်မှလည်း မကောင်းမကြံဘူး၊ ငါတတ်နိုင်သမျှ အကူအညီလိုအပ်တဲ့လူတွေကို ကူညီပေးခဲ့တာပဲ၊ ဒါတွေကို ထင်ရှားသိလာအောင် ပြချင်တယ်၊ ပြီးတော့ ငါ့အဖေဟာလည်း အထင်အမြင် လွဲမှားမှုတွေကြောင့် သိုင်းသမားဆိုး လူရမ်းကားကြီးလို့ အများက သတ်မှတ်ခံထားရတာလို့ ငါယုံတယ်၊ ငါ့အဖေဟာ ဖြောင့်မတ်တည်ကြည်တဲ့ သိုင်းသမားကောင်းတစ်ယောက်ပဲ ဖြစ်ရမယ်၊ ဒီအကြောင်းကိုလည်း အားလုံးက လက်ခံလာအောင် ငါလုပ်ပြချင်တယ်၊ ဒါကြောင့် ငါ့အဖေနဲ့ အမေ သေဆုံးခဲ့ရမှုအကြောင်းကို စုံစမ်းဖို့ ဆုံးဖြတ်ခဲ့တာပဲ၊ တုံ့ပြန်လက်စားချေဖို့ ရည်ရွယ်ချက်နဲ့ မဟုတ်ဘူး"

"နင့်စိတ်ကူး ကောင်းပါတယ်၊ နင့်မိဘတွေ သေဆုံးသွားတာကလည်း ကြာလှပြီဆိုတော့ အဲဒီကိစ္စတွေကို အလွယ်တကူတော့ စုံစမ်းလို့ရမယ် မထင်ဘူး"

"ဒါကတော့ ကြိုးစားရမှာပေါ့ဟာ၊ လွယ်တော့ဘယ်လွယ်ပါ့မလဲ၊ အဲဒီလို စုံစမ်းတဲ့နေရာမှာ ရင်ဆိုင်တိုက်ခိုက်ရတာတွေမျိုး မဖြစ်အောင်တော့ ငါအတတ်နိုင်ဆုံး ကြိုးစားမယ်၊ စိတ်ရှည်ရှည်ထားသည်းခံပြီး အချိန်ယူစုံစမ်းရမှာပဲ"



ကျန်းယိမင်းသည် ကျောင်းဝိယောင်၏ မြင့်မြတ်သော စိတ်နေစိတ်ထားကို ချီးမွမ်းမိသည်။

"နင်က ခရီးတွေ အများကြီးသွားပြီး နေရာအနှံ့ လျှောက်စုံစမ်းရမှာဆိုတော့ လမ်းစရိတ်တွေဘာတွေ လိုလိမ့်မယ်၊ ငါ့မှာ ပိုနေတာတွေကို ယူထားလိုက်"

ယန်ဂျာတို့ညီအစ်မက ကျန်းယိမင်းနှင့် ကျောင်းဝိယောင်တို့အား ငွေကြေးအတော်များများ ပေးလိုက်သည်။

ကျန်းယိမင်းသည် မိမိရရှိသည့်ငွေများမှ အနည်းအကျဉ်းသာ ချန်ထားပြီး ကျန်သည်များကို ကျောင်းဝိယောင်အား ထုတ်ပေးသည်။

သူတို့သည် ရိုးရိုးကုပ်ကုပ်ပင် ခရီးသွားခဲ့ကြရာ ငွေကြေးအကုန်အကျလည်း များများစားစား မရှိခဲ့ပေ။

"နေပါစေဟာ ... ငါ့မှာရှိပါတယ်"

ကျောင်းဝိယောင်က အားနာစွာ ငြင်းပယ်သည်။

"ယူပါ ကျောင်းဝိယောင်၊ နင်နဲ့ငါနဲ့က သူငယ်ချင်းတွေပဲ"

ကျန်းယိမင်းက အတင်းပေးရာ နောက်ဆုံးတွင် ကျောင်းဝိယောင်လည်း ငွေများကို လက်ခံယူလိုက်ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ငါ တစ်ခုတော့ အကြံပေးချင်တယ်"

"ပြောလေ"

"နင့်မိဘတွေ သေဆုံးခဲ့ရပုံအကြောင်း လိုက်စုံစမ်းတဲ့အခါမှာ နင့်အနေနဲ့ ယောကျ်ားလေးလို ရုပ်ဖျက်ဝတ်ဆင်ရင် ပိုကောင်းမယ် ထင်တယ်"

"အေး ...ဟုတ်တယ်၊ နင်ပြောတာ ကောင်းတယ်"

ကျန်းယိမင်းပေးသောအကြံကို ကျောင်းပိယောင်က အားရဝမ်းသာပင် သဘောတူလက်ခံသည်။

မိမိပေးသောအကြံကို ကျောင်းပိယောင် နှစ်သက်လက်ခံသည့်အတွက် ကျန်းယိမင်းလည်း ကျေနပ်ပျော်ရွှင်သလို ဖြစ်သည်။

ရင်စန်းရွာသည် ခရီးလမ်းဆုံနေရာ ဖြစ်သောကြောင့် ဆိုင်များလည်း အတော်များများရှိရာ ကျန်းယိမင်းက အဝတ်အထည်များ ရောင်းသည့်ဆိုင်တွင် ယောကျ်ားလေးများ ဝတ်ဆင်သည့် အဝတ်အစားများ ဝယ်ယူပေးလေသည်။

နှစ်ယောက်သား နှုတ်ဆက်စကားဆိုကြသည်။

ကာလအတန်ကြာ အတူတကွ သွားလာနေထိုင်ခဲ့ကြပြီး ယခု ခွဲခွာကြရမည်ဖြစ်ရာ သူတို့နှစ်ယောက် စိတ်မကောင်းကြပေ။



ကျန်းယိမင်းက ခရီးဝေးလမ်းမကြီးအတိုင်း တောင်ဘက်သို့ ရှေ့ရှုခရီးဆက်ကာ ကျောင်းပိယောင်ကမူ နဂါးသုံးကောင် ရေအိုင်ဘက်သို့ သွားသည့်လမ်းကြောင်းအတိုင်း ထွက်လာခဲ့လေသည်။

+ + +

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

တာမို့အဆောင်သည် ရှောင်လင်ကျောင်းတော်၏ အဓိကရ အဆောင်တစ်ခု ဖြစ်ပေသည်။ ရှောင်လင်ကျောင်းတော် ပရဝုဏ် အတွင်း အချက်အချာကျသောနေရာတွင် တည်ရှိသည်။

ရှောင်လင်ကျောင်းတော်၏ အမည်သတင်း ကျော်ဇော သလို တာ့မို့အဆောင်၏ ဟန်ပါတ်ကလည်း မသေးလှပေ။ သိုင်း ပညာစွမ်းရည် မြင့်မားပြီး သိက္ခာသမာဓိ ပြည့်စုံသည့် ရှောင်လင် ဂိုဏ်းသားများသာ တာမို့အဆောင်မှူးအဖြစ် တာဝန်ထမ်းဆောင် ရသည်။

ရှောင်လင်ကျောင်းတော်၏ အထူးလက်ရွေးစင်သိုင်းသမား ဆယ့်နှစ်ယောက်သာ တာမို့ဆောင်တွင် နေထိုင်သိုင်းလေ့ကျင့် သင် ကြားခွင့်ရကြသည်။

ထိုသိုင်းသမားများကို တာမို့သိုင်းသမား ဆယ့်နှစ်ယောက်



ဟုလည်း ခေါ်ကြသည်။ ဟန်ပါတ်ကြီးမားလှသော တာမို့အဆောင် သည် ကြီးမားထည်ဝါလှခြင်းတော့ မရှိပါ။

မျက်နှာစာ ပေနှစ်ဆယ်၊ အလျားပေသုံးဆယ်မျှသာ ကျယ် ဝန်းသော အုတ်ဖြင့်ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက် အဆောက် အအုံ တစ်ခုမျှသာ ဖြစ်သည်။

လွန်ခဲ့သည့် ဆယ့်ရှစ်နှစ်ကျော်လောက်တွင် တာမို့ဆောင် ၏ မူလသစ်သား ဝင်းထရံကို မြင့်မားသော အုတ်နံရံအဖြစ် ပြောင်း လဲ ဆောက်လုပ်ကာ တာမို့ဆောင်ဝင်းအတွင်းသို့ အဝင်အထွက်ကို လည်း အထူးပင် ကန့်သတ်တားမြစ်ခဲ့သည်။

ရှောင်လင်ဂိုဏ်းချုပ်ကြီးကိုယ်တိုင်နှင့် ထိုဂိုဏ်းချုပ်ကြီး၏ အထူးသီးသန့် တံဆိပ်ခတ်နှိပ်ခွင့်ပြုသည့် အထူးခွင့်ပြုချက်အမိန့်စာ ရှိသူများသာ တာမို့ဆောင်ထဲသို့ ဝင်ထွက်ခွင့်ရှိသည်။

တာမို့ဆောင်တွင် နေထိုင်၍ သိုင်းပညာများ လေ့ကျင့်နေ ကြသော တာမို့သိုင်းသမား ဆယ့်နှစ်ယောက်တို့မှာလည်း တာမို့ ဆောင်မှ ထွက်ခွာခွင့်မရကြ။ အဆောင်ထဲတွင်ပင် နေထိုင်ကာ အဆောင်ကိုလည်း အထူးတင်းကျပ်စွာ စောင့်ကြပ်နေကြရသည်။

တာမို့သိုင်းသမား ဆယ့်နှစ်ယောက်တို့၏ ဦးစီးဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



"အမှတ်တစ် တာမို့သိုင်းသမား" တစ်ယောက်တည်းသာလျှင် တစ်လစာ လိုအပ်သောစားရေးရိက္ခာများ သယ်ယူပေးရန် တစ်လတစ်ခါ အဆောင်ဝင်းအပြင်သို့ ထွက်ခွင့်ရရှိသည်။

တာမို့ဆောင်၏ အနီးဝန်းကျင် ပေတစ်ရာ ပတ်လည်ကိုလည်း "တားမြစ်နယ်မြေ" အဖြစ် သတ်မှတ်ကာ အဝင်အထွက် ကန့်သတ်ချက် အစောင့်အကြပ် ထူထပ်စွာ ချထားသည်။

တာမို့ဆောင် အဆောင်မှူး ကျောက်ဆိုင်း၏ သတင်းသည်လည်း လုံးဝပင် စုပ်စ၊ မြုပ်စ ပျောက်၍နေခဲ့ပေသည်။ ယနေ့ညတွင်မူ တာမို့ဆောင်သို့ ဧည့်သည်သုံးယောက် ရောက်ရှိလာကြသည်။

ဧည့်သည်များရောက်လာသည့်အချိန်မှာ ညသန်းခေါင်ယံအချိန်ဖြစ်သည်။ ဧည့်သည်သုံးယောက်လုံးသည် ထင်ရှားသော သိုင်းသမားကြီးများဖြစ်ကြကာ ရှောင်လင်ဂိုဏ်းချုပ်ကြီး၏ အထူးသီးသန့် တံဆိပ်ခတ်နှိပ်ထားသော အထူးခွင့်ပြုချက် အမိန့်စာများ ပါရှိကြသည့်အပြင် ရှောင်လင်ဂိုဏ်းချုပ်ကြီးကိုယ်တိုင် တာမို့အဆောင်ဝင်း အဝင်ဝသို့ အရောက်လိုက်ပါပို့ဆောင်ပေးသည်။

ရှောင်လင်ဂိုဏ်းချုပ်ကြီးသည် တာမို့ အဆောင်ထဲသို့ မဝင်။ အဆောင်ဝင်းအတွင်း၌ အထူးသတိပြုစောင့်ကြပ်ပေးရန်သာ ကင်းတာဝန်ကျသည့် တာမို့သိုင်းသမားကို အမိန့်ပေးမှာကြားပြီး ပြန်သွားသည်။



ခွင့်ပြုချက်များ ရရှိထားသည့် ဧည့်သည်သုံးယောက်အား ကင်းတာဝန်ကျတာမို့ သိုင်းသမားက အဆောင်အတွင်းသို့ ဝင်ခွင့်ပေးလိုက်သည်။

ကင်းတာဝန်မရှိသဖြင့် အနားယူ အိပ်စက်နေကြသော ကျန်တာမို့သိုင်းသမားများကို အိပ်ရာမှနိုးကာ တာမို့သိုင်းသမား ဆယ့်နှစ်ယောက်လုံး အဆောင်ဝင်းအတွင်းကင်းလှည့်ကာ လုံခြုံစွာ စောင့်ကြပ်နေကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တာမို့အဆောင်သို့ ညကြီးအချိန်မတော် ရောက်ရှိလာကြသော ဧည့်သည်သုံးယောက်မှာ ခွန်လွန်ဂိုဏ်းချုပ်ကြီး အင်အိန်ယောင်၊ ထိုက်လီချူဆိုင်းနှင့် သစ်စိမ်းဝိတုန်းဂေဟာမှ ကျင်းမူတို့ ဖြစ်ကြပေသည်။

ရှောင်လင်ကျောင်းတော်ထဲသို့ အမျိုးသမီးများ ဝင်ရောက်ခွင့်မပြုသည့် အစဉ်အလာရှိပေရာ ကျင်းမူသည်ယောကျ်ားကြီး တစ်ယောက်အသွင် ရုပ်ဖျက်ထားရသည်။

အင်အိန်ယောင်၊ ထိုက်လီချူဆိုင်းနှင့်ကျင်းမူတို့သုံးယောက်သည် တာမို့ဆောင်အပေါ်ထပ်သို့ တက်ရောက်၍ လာကြသည်။ တာမို့ဆောင်ထဲတွင် အခန်းများ သီးသန့်ဖွဲ့ထားခြင်း မရှိပေ။

အောက်ထပ်ရော အပေါ်ထပ်ပါ အခန်းကျယ်ကြီးများသဘောမျိုး ဖြစ်နေသည်။ ညအချိန်ဖြစ်သည့်အပြင် တံခါးအားလုံး



လည်း ပိတ်ထားရာ တာမို့ဆောင်အပေါ်ထပ်သည် မှောင်မိုက်၍ နေသည်။

အင်အိန်ယောင်တို့သုံးယောက် အပေါ်ထပ်သို့ ရောက်သွားချိန်တွင် မီးရောင်လင်းလက်၍ လာသည်။ တစ်စုံတစ်ယောက်က မီးအိမ်လေးတစ်အိမ်ကို ထွန်းညှိလိုက်သောကြောင့် ဖြစ်သည်။

"မိတ်ဆွေကြီးတို့ ရောက်လာကြပြီကိုး"

မီးရောင်လင်းလက်သွားမှုနှင့်အတူ တည်ငြိမ်အေးဆေးသော စကားသံတစ်ခု ပေါ်လာသည်။ မီးအိမ်လေး၏ အရောင်က သိပ်တော့ အားမကောင်းလှပါ။

အပေါ်ထပ် တစ်ခုလုံးသို့ပင် အလင်းရောင်ပျံ့နှံ့ရောက်ရှိခြင်းမရှိ။ မီးအိမ်လေးကို ခုံပုလေးတစ်ခုပေါ်တွင် တင်ထားခြင်း ဖြစ်သည်။

မီးအိမ်တင်ထားသော ခုံပုလေး၏ ဘေးနားတွင် ဖျာတစ်ချပ် ခင်းထားသည်။ ဖျာပေါ်တွင် အဘိုးအိုတစ်ယောက် ထိုင်နေသည်။ တာမို့ဆောင် အဆောင်မှူး ကျောက်ဆိုင်းပင် ဖြစ်ပေသည်။

အင်အိန်ယောင်၊ ထိုက်လီချူဆိုင်းနှင့်ကျင်းမူတို့သုံးယောက်သည် ကျောက်ဆိုင်းကို အရိုအသေပေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျော်ကက်ဆိုင်း၏ရှေ့ကြမ်းပြင်ပေါ်တွင် ထိုင်လိုက်ကြသည်။

အင်အိန်ယောင်နှင့် ထိုက်လီချူဆိုင်းတို့က ရှေ့ဘက်ကျကျတွင်ထိုင်ကာ ကျင်းမှုကတော့ အင်အိန်ယောင်တို့ နောက်ဘက်နားတွင် ထိုင်သည်။

"မိတ်ဆွေကြီးသုံးယောက် အလာထူးပုံထောက်တော့ ကျောင်းစန်းလိုင်ရဲ့သမီးလေးနဲ့ပတ်သက်ပြီး အရေးကြီးတဲ့အကြောင်းကိစ္စတွေ ပေါ်ပေါက်လာပြန်ပြီ မှတ်တယ်"

ကျော်ကက်ဆိုင်းက မေးလိုက်သည်။ လွန်ခဲ့သည့် ဆယ့်ရှစ်နှစ်ကျော်က မြောင်နယ်အလယ်ပိုင်း၊ ကျားသေချောင်း တောင်ဘက်၊ မိုးပျံတံတားထိပ်နားတွင် ကျောင်းစန်းလိုင်ကို ချောင်းမြောင်းတိုက်ခိုက်ခဲ့သော တိုက်ပွဲတွင် ကျော်ကက်ဆိုင်းသည် ပါဝင်ခဲ့ရာ ဒဏ်ရာပြင်းပြင်းထန်ထန် ရခဲ့သည်။

သိုင်းသမားဆိုး အဖွဲ့အစည်းဖြစ်သော ဘီလူးဂိုဏ်းကို စွန့်ခွာ၍ လမ်းမှန်ပေး လျှောက်လှမ်းရန် ထွက်ခွာလာခဲ့သူ ကျောင်းစန်းလိုင်ကို အထင်မှားကာ တိုက်ခိုက်သုတ်သင်မိခဲ့ကြောင်း သိရသောအခါ ကျော်ကက်ဆိုင်းသည် အထူးပင် နောင်တရခဲ့သည်။



စိတ်ထိခိုက် ကြေကွဲခဲ့ရသည်။ မိမိကိုယ်မိမိ အဆုံးစီရင်မည်ပင် ပြုသေးရာ အင်အိန်ယောင်နှင့် ရှောင်လင်ဂိုဏ်းချုပ်ကြီးတို့က ဝိုင်းဝန်းဖျောင်းဖျတားမြစ်ခဲ့ရသည်။

မိမိကိုယ်မိမိ အဆုံးမစီရင်ခဲ့သော်လည်း မိမိ၏ အထင်အမြင် မှားယွင်းလုပ်ဆောင်ခဲ့မှုအတွက် အပြစ်ပေးသောအားဖြင့် ကျော်ကက်ဆိုင်းသည် တာမိုဆောင် အပေါ်ထပ်ထဲတွင်သာ နေထိုင်သွားရန် ဆုံးဖြတ်ခဲ့သည်။

မည်သူနှင့်မျှလည်း အဆက်အသွယ်မလုပ်တော့။ မည်သူ့ကိုမျှလည်း အတွေ့မခံတော့။ ကျော်ကက်ဆိုင်း၏ဆန္ဒကို ကူညီဖြည့်ဆည်းနေသဖြင့် ရှောင်လင်အဖွဲ့ကြီးက တာမိုဆောင်ကို ဝင်းထပ်မံခတ်ကာ အဝင်အထွက်များကို အထူးတင်းကြပ် ထားခဲ့ခြင်းဖြစ်သည်။

ယနေ့ညတွင်မူ ကျောင်းစန်းလိုင်ကို ချောင်းမြောင်း တိုက်ခိုက်စဉ်က အတူပါဝင်ပြီးအသက်ရှင်ကျန်နေခဲ့သူ အင်အိန်ယောင်၊ ကျင်းမှုတို့နှင့် ကျောင်းစန်းလိုင်နှင့်ပတ်သက်သည့် အဖြစ်မှန်ကို ထုတ်ဖော်ပြနိုင်ခဲ့သူ ထိုက်လီချူဆိုင်းတို့ သုံးယောက်လုံး စုံညီလာရောက်တွေ့ဆုံသောကြောင့်သာ ကျော်ကက်ဆိုင်းက တွေ့ခွင့်ပေးခဲ့လေသည်။

ကျောင်းစန်းလိုင်နှင့် ဇနီး ချန်မေချင်း သေဆုံးသွားပြီး သမီး

www.burmeseclassic.com

www.burmeseclassic.com



ကလေး ကျောင်းဝိယောင် အသက်ရှင်ကျန်နေခဲ့ကြောင်းကို ကျောက်ဆိုင်းလည်း သိထားသည်။

ယခု အင်အိန်ယောင်တို့ သုံးယောက် စုံညီစွာ ရောက်လာကြခြင်းသည် ကျောင်းစန်းလိုင်၏ မျိုးဆက်ဖြစ်သော ကျောင်းဝိယောင်နှင့် ပတ်သက်၍ အရေးကြီးသော အကြောင်းကိစ္စများ ရှိသောကြောင့်သာ ဖြစ်ရမည်ဟုလည်း ကျောက်ဆိုင်းက အတတ်တွေးမိသည်။

✢



"ကျောင်းစန်းလိုင်ရဲ့သမီးကို သိုင်းလောကနဲ့ ကင်းကင်းဝေးဝေး ရှိရအောင် လူသူမနီးတဲ့ တောနက်တောင်ကြားထဲက ရွာလေးတစ်ရွာမှာ ကျင်းမူက သွားပို့ထားခဲ့ပြီး လူလားမြောက်အောင် မွေးစေခဲ့ပါတယ်၊ လိုအပ်တဲ့ ကူညီထောက်ပံ့မှုတွေကိုလည်း ပေးထားခဲ့တယ်၊ အဲဒီမိန်းကလေးဟာ ရှောင်ကျောင်းဆိုတဲ့နာမည်နဲ့ ကျုပ်တို့ ခွန်လွှန်အဖွဲ့ကို ရောက်လာခဲ့တယ်၊ ကျုပ်ရဲ့မွေးစားသားလိုဖြစ်နေတဲ့ ခွန်လွှန်အဖွဲ့သား ထိုက်ယူဝန်နဲ့ လက်ထပ်ထိမ်းမြားလုဆဲဆဲအထိတောင် အစီအစဉ်တွေ လုပ်ခဲ့ပြီးပါပြီ၊ လက်ထပ်ထိမ်းမြားလုဆဲဆဲအချိန်ကျမှ ကျုပ်တို့ဆီကို မင်္ဂလာပွဲ ဧည့်သည်အဖြစ် ရောက်လာတဲ့ ကျင်းမူက အဲဒီမိန်းကလေးကို တွေ့သွားပြီး ကျောင်းစန်းလိုင်ရဲ့သမီး ကျောင်းဝိယောင်ဖြစ်ကြောင်း ထုတ်ဖော်ပြောခဲ့တယ်"

အင်အိန်ယောင်က ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်၍ ကျောင်းပိယောင်အား သုတ်သင်သတ်ပစ်ရန် ကြံစည်လုပ်ဆောင်ချက်များကို ရှင်းပြသည်။

"ကျောင်းပိယောင်ကို သုတ်သင်ပစ်လိုက်ကြပြီလား"

အင်အိန်ယောင် ရှင်းလင်းပြပြီးသောအခါ ကျောက်ဆိုင်းက မေးသည်။

"မသုတ်သင်နိုင်ခဲ့ပါဘူး၊ သုတ်သင်ပစ်တော့မယ့်ဆဲဆဲမှာ ကျောင်းပိယောင် ပျောက်ဆုံးသွားခဲ့ပါတယ်၊ အဲဒီအကြောင်းကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်တို့ လေးယောက် စုံစုံညီညီ ရှေ့မှောက်မှာ ရှင်းပြချင်ကယ်လို့ ညီတော် ထိုက်လီချူဆိုင်းက ပြောတာကြောင့် အခုလို မိတ်ဆွေကြီး ရှေ့မှောက် ကျုပ်တို့စုဝေးရောက်ရှိလာကြရတာပါ"

အင်အိန်ယောင်၏ စကားဆုံးသောအခါ ကျောက်ဆိုင်းက ထိုက်လီချူဆိုင်းကို စူးစိုက်ကြည့်လိုက်ပြီး ...

"ကျုပ် တွေးဆတာ မမှားဘူးဆိုရင် ကျောင်းပိယောင်ကို ခွန်လွန်အဖွဲ့က ထွက်ခွာသွားနိုင်အောင် ထိုက်လီချူဆိုင်းက ကူညီဆောင်ရွက်လိုက်တာ ဖြစ်လိမ့်မယ်"

အင်အိန်ယောင်နှင့် ကျင်းမူတို့ကလည်း ဤအတိုင်းပင် တွေးဆထင်မြင်ထားကြသည်။



သို့သော် ထိုက်လီချူဆိုင်းက သက်ပြင်းတစ်ချက် ခပ်လေးလေးချလိုက်သည်။

"ဟုတ်ပါတယ်၊ မသေသင့်တဲ့ အသက်တစ်ချောင်း မပျက်စီးရအောင်လို့ ကျောင်းပိယောင်ကို ခွန်လွန်အဖွဲ့က ထွက်ခွာသွားနိုင်ဖို့ ကျုပ် ကူညီဆောင်ရွက်ပေးလိုက်ပါတယ်"

အင်အိန်ယောင်နှင့်ကျင်းမူတို့ နှစ်ယောက်လည်း သက်ပြင်းများ ချလိုက်ကြသည်။ သူတို့နှစ်ယောက်မှာလည်း လမ်းမှန်သိုင်းပညာရှင်ကြီးများ ဖြစ်ကြသည်။

မလွှဲသာမရှောင်သာသည့် အခြေအနေများကြောင့် ကျောင်း ပိယောင်ကို သုတ်သင်ပစ်ရန် ဆုံးဖြတ်ခဲ့သော်လည်း မိမိတို့ကိုယ်မိမိ တို့ လိပ်ပြာမသန့် ဖြစ်ခဲ့ကြသည်။

ထိုက်လီချူဆိုင်း၏ လုပ်ဆောင်ချက်ကို အပြစ်မတင်လိုကြပေ။

"ကျောင်းပိယောင်ကို စိတ်ကောင်းစိတ်မြတ်ထားပြီး အများကောင်းကျိုး တတ်နိုင်သလောက်ဆောင်ရွက်ဖို့ ကျုပ် သေသေချာချာ မှာကြားလိုက်ပါတယ်၊ သူ့နာမည်ရင်း ဘယ်သူဖြစ်တယ်၊ သူ့မိဘတွေ ဘယ်သူဖြစ်တယ်ဆိုတာကိုလည်း ကျုပ်ပဲ သေသေချာ

www.burmeseclassic.com

www.burmeseclassic.com



ချာ ပြောပြလိုက်ပါတယ်၊ တကယ်တော့ မိန်းကလေးခများ သနားစရာပါ၊ ကျုပ်ပြောပြမှပဲ သူ့နာမည်ရင်းနဲ့ သူ့မိဘတွေအကြောင်း တစ်စွန်းတစ်စ သိရှာတာ"

သည်တစ်ခါတွင်တော့ အင်အိန်ယောင်နှင့် ကျင်းမှုတို့သာမက ကျောက်ဆိုင်းလည်း သက်ပြင်းလေးလေးကြီးတစ်ချက် ချမိသည်။ ထိုက်လီချူဆိုင်းက ဆက်ပြောပြန်သည်။

"ကျောင်းပိယောင်ရဲ့သတင်းတွေကို ကျုပ်တတ်နိုင်သလောက် စုံစမ်းခဲ့ပါတယ်၊ မိန်းကလေးဟာ ဘီလူးအဖွဲ့ကဝင်တွေနဲ့ တွေ့ထိပတ်သက်မှု အနည်းအပါးဖြစ်ခဲ့တာ ကျုပ်သိရတယ်၊ ဒီနောက်တော့ သတင်းမကြားရဘဲ မျက်ခြည်ပြတ်သလို အတော်ကြာကြာ ဖြစ်သွားတယ်၊ မကြာသေးခင်ကတော့ ကျောင်းပိယောင်ဟာ ကျန်းယိမင်းဆိုတဲ့ ကောင်လေးတစ်ယောက်နဲ့ အတူတူ ခရီးလှည့်သွားရင်း သူ့ဖခင် သေဆုံးခဲ့ရတဲ့အကြောင်း အစကောက်စုံစမ်းနေတယ်လို့ ကြားရပြန်တယ်"

"ကျောင်းပိယောင်က ကျုပ်တို့ကို ခြေရာခံစုံစမ်းနေတဲ့ သဘောပေါ့ ဟုတ်လား"

ကျင်းမှုက ဝင်မေးသည်။



"ကြားသိရသမျှ သတင်းအရတော့ ဒီလိုပဲဖြစ်စရာအကြောင်း ရှိနေတယ်"

ထိုက်လီချူဆိုင်းက စဉ်းစဉ်းစားစားဖြင့် ပြန်အဖြေပေးသည်။

"ခင်ဗျား မျက်ခြည်ပြတ်သလို ဖြစ်သွားတယ်ဆိုတဲ့ အချိန်အတွင်းမှာ ကျောင်းပိယောင်ဟာ ဘီလူးအဖွဲ့နဲ့ အဆက်အသွယ်ရသွားတာရော မဖြစ်နိုင်ဘူးလား"

ကျောက်ဆိုင်းက မေးသည်။

"ဖြစ်နိုင်ပါတယ်"

ထိုက်လီချူဆိုင်းက ခပ်တိုးတိုး ပြန်ဖြေသည်။ သူ့အနေနဲ့ ကျောင်းပိယောင်အပေါ် သံသယပွားစရာများ မဖြစ်စေလိုပေ။

သို့သော် အခြေအနေများက ကျောက်ဆိုင်းတွေးဆသလို ဖြစ်စရာအကြောင်းတွေ ရှိနေရာ ထိုက်လီချူဆိုင်းအနေဖြင့် အကျောက်အကန် မငြင်းဆန်နိုင်ပေ။ ထိုအချိန်မှာပင် ...

www.burmeseclassic.com

www.burmeseclassic.com



လေအေးတစ်ချက် ဝေ့ဝိုက်ဖြတ်တိုက်သွားသလိုမျိုး ကျောက်ဆိုင်းတို့လေးယောက် ခံစားလိုက်ရသည်။ ထို့ပြင် တစ်ကိုယ်လုံး ကျင်ခံနေလည်း ဖြစ်သည်။

ပြီးနောက် သူတို့လေးယောက်မှာ အကြောတွေ အပိတ်ခံရလျက် ထိုင်ရက်ကြီး မလှုပ်မရှားနိုင်ဘဲ ကျောက်ရုပ်တွေနှယ် ဖြစ်ကုန်ကြသည်။

မိမိတို့ အကြောပိတ်ခံလိုက်ရပြီဖြစ်ကြောင်းကိုသိကြသည်။ သို့သော် ရုတ်တရက် ရောက်ရှိလာပြီး လျှင်မြန်သွက်လက်စွာနှင့် သေသပ်ပိရိ အကြောပိတ်လိုက်သည့်လူ မည်သူမည်ဝါဖြစ်သည်ကိုမူ မသိကြ။ အရိပ်အယောင် လှုပ်ရှားမှုကိုပင် မမြင်ကြရ။

"မင်းတို့ကို မေးစရာတစ်ခုပဲ ရှိတယ်၊ ငါမေးတာကို အမှန်အတိုင်းဖြေကြ၊ ဇုက်ကွယ်လိမ်လည်ဖို့ ဘာမှမကြံနဲ့"



စကားသံထွက်ပေါ်လာသည်။ အသံကို ကြားရသော်လည်း အသံရှင်ကိုတော့ လုံးဝမမြင်မတွေ့နိုင်ကြသေးပါ။

မှောင်ရိပ်ကျရာ တစ်နေရာရာတွင် ပုန်းခိုနေခြင်းဖြစ်မည်ဟု သာ တွေးရသည်။

အသံသည် ခက်အက်အက်၊ ခပ်ရှူးရှူးဖြစ်ရာ ယောက်ျားသံလား၊ မိန်းမသံလားဟူ၍ပင် ကျကျနန ခွဲခြားမသိနိုင်။ လေယူလေသိမ်း၊

ပြောပုံဆိုပုံနှင့် အသံနေအသံထားအရမူ အသက်အရွယ် အတော်ကြီးရင့်သူတစ်ယောက်၏ ပြောစကားဟု မှတ်ယူစရာ ဖြစ်သည်။

စကားသံတွင် ထူးခြားသော ခြိမ်းခြောက်မှုစွမ်းအင်တစ်ခုခု ပါရှိနေသလို ထင်ရသည်။ ကျောက်ဆိုင်း၊ အင်အိန်ယောင်၊ ထိုက်လီချူဆိုင်းနှင့် ကျင်းမူတို့လေးယောက်လုံးသည် အာဂသိုင်းအကျော်အမော်များ ဖြစ်ကြသည့်တိုင် ထိုစကားသံကို ကြားရသည့်အခါ ကျောရိုးထဲစိမ့်အေးကာ ကြောက်သလိုလို၊ လန့်သလိုလို ဖြစ်သွားကြရသည်။

"လွန်ခဲ့တဲ့ ဆယ့်ရှစ်နှစ်ကျော်ကျော်လောက်က ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



စန်းလိုင် ဘီလူးအဖွဲ့က လမ်းခွဲပြီး လမ်းမှန်ကမ်းမှန်ပေါ် ပြန်လျှောက်ဖို့ ထွက်လာတာကို တစ်မျိုးတစ်မည် အထင်မှားရအောင် လာသတင်းပို့တာ ဘယ်သူလဲ”

မမြင်ရသောသူထံမှ မေးခွန်းထုတ်သံ ပေါ်လာသည်။ အင်အိန်ယောင်တို့ အဖြေရခက်နေကြသည်။ သူတို့သည် လမ်းမှန်သိုင်းသမားကြီးများဖြစ်ပေရာ သတင်းပေးသူ၏ အမည်ကို ထုတ်ဖော်ပြောဖို့ ဝန်လေးနေကြသည်။

“မင်းတို့ကို သတင်းလာပေးတဲ့လူဟာ မိုက်ရိုင်းယုတ်မာလှတဲ့ လုပ်ကြံမှုကြီးတစ်ခု ဖန်တီးနိုင်ဖို့အတွက် သတင်းမှားကို ယုတ်ယုတ်မာမာ ပေးခဲ့တာပဲ၊ အဲဒီသတင်းအမှားကို အဟုတ်မှတ်ပြီး မင်းတို့တစ်တွေ ပြင်မရတဲ့ မိုက်မဲမှုကြီးတစ်ခုကို ကျူးလွန်ခဲ့ကြတယ်မဟုတ်လား၊ အဲဒီကျူးလွန်မှုအတွက် မင်းတို့ကို အပြစ်မတင်ချင်ဘူး၊ ဒီကျူးလွန်မှုဖြစ်လာအောင် ယုတ်ယုတ်မာမာ လုပ်ကြံဖန်တီးခဲ့တဲ့ လက်သည်ကို ငါက ရှာဖွေဖော်ထုတ်ချင်လို့ အခုလို လာမေးနေတာပဲ၊ မင်းတို့ကို သတ်ချင်ရင် ငါ့အနေနဲ့ အလွယ်လေးပါ”

မမြင်ရသောအသံရှင်က စိတ်ရှည်လက်ရှည် ရှင်းပြသည်။ ဤရှင်းလင်းပြချက်များသည် ကျိုးကြောင်းဆီလျော်မှန်ကန်သည်ဟု



အင်အိန်ယောင်တို့ တွေးမိကြသည်။

“ကဲ ... သတင်းအမှားကြီး လာပေးတာ ဘယ်သူလဲ၊ ပြောပြပေတော့”

“ခင်ဗျားက အမှန်တရားကို ဖော်ထုတ်ချင်တယ်ဆိုတာကြောင့် ကျုပ်ပြောပြပါ့မယ်၊ ဒါနဲ့ပတ်သက်ပြီး မသက်ဆိုင်တဲ့လူတွေကိုသာ အန္တရာယ်မဖြစ်စေပါနဲ့”

အင်အိန်ယောင်က ပြန်ပြောသည်။ ကြားသိရသောသတင်းအမှားကို ယုံကြည်မိလျက် ကျောင်းစန်းလိုင်ကို ချောင်းမြောင်းတိုက်ခိုက်မှုတွင် ဦးစီးခဲ့သူမှာ အင်အိန်ယောင်ဖြစ်ရာ မမြင်ရသောအသံရှင်မေးသည့်မေးခွန်းကို ပြန်လည်ဖြေကြားရန် သူ့တွင်ပင် တာဝန်ရှိနေပေသည်။

“ပြောစရာရှိတာကိုသာ ပြောပါ”

“အဲဒီအကြောင်း သတင်းပေးတဲ့လူက မန်လီစုန်းပါ”

အင်အိန်ယောင်က ခပ်တိုးတိုးပြောပြသည်။

“မြွေဆိုးဂိုဏ်းချုပ် မန်လီစုန်းလား”

“ဟုတ်ပါတယ်”

အေးစိမ့်သော လေပွေတစ်ချက် ဝှေ့ကိုက်တိုက်ခိုက်သွား

www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ အင်အိန်ယောင်တို့လူစု ထိတွေ့ခံစားရသည်။

သူတို့၏ တစ်ကိုယ်လုံး စစ်ခနဲ နွေးခနဲ ဖြစ်သည်။

ထို့နောက် အဝိတ်ခံထားရသောအကြောင်းများ ပြေပွင့်ကုန်သည်။

+



•

အင်အိန်ယောင်တို့လေးယောက်လုံး၏ အဝိတ်ခံထားရသော အကြောင်းများ ပြေပွင့်သွားပြီ။

အင်အိန်ယောင်နှင့် ကျင်းမူတို့သည် ထိုင်လျက်သား ရှိနေကြရာမှ ရုတ်တရက်ခုန်ထကာ ဟိုဟိုသည်သည် လှည့်ပတ်ကြည့်ရှုကြသည်။

စောစောကအသံရှင်၏ အရိပ်အယောင်နှင့် ခြေစလက်စများ တွေ့ရလို တွေ့ငြား လိုက်လံရှာဖွေကြည့်ကြခြင်း ဖြစ်သည်။

ထိုက်လီချူဆိုင်းနှင့် ကျောက်ဆိုင်းတို့နှစ်ယောက်မှာမူ ထိုင်နေမြဲ ထိုင်နေကြသည်။

ဘာမှ လှုပ်လှုပ်ရှားရှားမလုပ်ကြ။

"အပင်ပန်းခံပြီး လိုက်ရှာမနေကြပါနဲ့၊ ဘာမှ ထူးထူးခြားခြား တွေ့ရမှာ မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆိုင်းက ထိုင်နေရာမှ အင်အိန်ယောင်နှင့် ကျင်းမှူတို့ကို လေသံအေးအေးဖြင့် လှမ်းပြောသည်။

ကျောက်ဆိုင်း ပြောသည့်စကားက မှန်ပေသည်။

အင်အိန်ယောင်နှင့် ကျင်းမှူတို့မှာ ဘာမျှ သဲလွန်စရှာ၍ မရကြပေ။

သူတို့နှစ်ယောက် လက်လျှော့ကာ မူရင်းထိုင်နေသည့် နေရာများတွင် ပြန်၍ထိုင်လိုက်ကြသည်။

"စောစောက အသံရှင်ဟာ ဘယ်သူဖြစ်မယ် ထင်သလဲ၊ ကျောင်းပိယောင်များလား"

အင်အိန်ယောင်က ရေရွတ်ပြောကြားသည်။

"စောစောကလူဟာ အစောင့်အကြပ်တွေ အများကြီး ချထားတဲ့ကြားထဲကနေ ဒီအဆောင်အပေါ်ထပ်ကို အရောက်ဝင်လာနိုင်တယ်၊ သူရောက်လာတာကို ကျုပ်တို့လေးယောက်လုံး ဘယ်သူမှ မသိကြဘူး၊

ပြီးတော့ ကျုပ်တို့ကိုလည်း အလွယ်တကူ သွေးကြော ဝိတ်ပစ် ဖွင့်ပေးလုပ်သွားနိုင်တယ်၊ သူ့အသံကို ကြားရပေမယ့် အကောင်အထည်ကိုတော့ လုံးဝမမြင်ခဲ့ရဘူး၊ ခင်ဗျားပြောတဲ့ ကျောင်းပိယောင်ဆိုတဲ့ ကောင်မလေးမှာ ဒီလောက်မြင့်မားထက်မြက်တဲ့ အစွမ်းအစတွေ ရှိနိုင်သလား"

ကျောက်ဆိုင်း၏အမေးကို အင်အိန်ယောင် ပြန်မဖြေနိုင်။ နှုတ်ဆိတ်၍နေသည်။

"ကျောင်းပိယောင်ဟာ ဘီလူးအဖွဲ့နဲ့ အဆက်အသွယ်ရှိသွားတာ မှန်ရင် ဘီလူးအဖွဲ့ကနေပြီး ထူးထွေဆန်းပြားတဲ့ အောက်လမ်း အတတ်ပညာမျိုးတွေ သင်ကြားတတ်မြောက်ကောင်း တတ်မြောက်နိုင်တာပေါ့"

ကျင်းမှူက ကြားဝင်ပြောသည်။

"ဘီလူးအဖွဲ့မှာ ဒီလောက်အစွမ်းထက်မြက်တဲ့ ပညာတွေရှိရင် သိုင်းလောကကို လွှမ်းမိုးသွားတာကြာပြီ၊ မြောင်နယ်အလယ်ပိုင်းဆီလောက်မှာပဲ တွင်ကျယ်နေကြမှာမဟုတ်ဘူး"

တိုက်လီချူဆိုင်းက စောဒကတက်သည်။

"ကျောင်းပိယောင်ကို လျှော့မတွက်နဲ့လေ၊ အဆိပ်လက်ဝါးကျောက်ချမ်းနဲ့ သွေးလက်ဝါးယန်ချမ်းတို့နှစ်ယောက်ကို သူ ဘယ်လို အနိုင်တိုက်ခဲ့ ချေမှုန်းပစ်ခဲ့တယ်ဆိုတာကို ညီတော်မေ့နေပြီ မှတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆိတ်နေသော အင်အိန်ယောင်ထံမှ စကားသံပေါ်လာသည်။

"ကျောင်းပိယောင်ဆိုတဲ့ ကောင်မလေးက အဆိပ်လက်ဝါးနဲ့ သွေးလက်ဝါးတို့ကို အနိုင်တိုက် ချေမှုန်းခဲ့တယ် ... ဟုတ်လား"

ကျောက်ဆိုင်းက အံ့သြဟန်ဖြင့် မေးသည်။

အဆိပ်လက်ဝါးကျောက်ချမ်းနှင့် သွေးလက်ဝါးယန်ချမ်းတို့သည် အစွမ်းထက်မြက်ပြီး ရက်စက်ကြမ်းကြုတ်လှသည့် သိုင်းသမားဆိုးကြီးများဖြစ်ကြောင်း ကျောက်ဆိုင်း သိထားပေသည်။

ကျောက်ဆိုင်းကိုယ်တိုင် တိုက်ခိုက်မည်ဆိုလျှင်ပင် အဆိပ်လက်ဝါးနှင့် သွေးလက်ဝါးတို့ကို ချေမှုန်းအနိုင်ယူနိုင်ဖို့ မလွယ်ကူပေ။

အင်အိန်ယောင်က သွေးလက်ဝါးကျောက်ချမ်းနှင့် အဆိပ်လက်ဝါး ယန်ချမ်းတို့ကို ကျောင်းပိယောင်က အနိုင်ယူချေမှုန်းပစ်ခဲ့ပုံအကြောင်းများကို ရှင်းလင်းပြောပြလိုက်သည်။

"ကျောင်းပိယောင်က အတော်လက်စွမ်းလက်စထက်တာကိုး"

အင်အိန်ယောင် ပြောပြသည်များကို နားထောင်ပြီးနောက် ကျောက်ဆိုင်းက မှတ်ချက်ချသည်။



ကျောက်ဆိုင်း၊ အင်အိန်ယောင်၊ ထိုက်လီချူဆိုင်းနှင့် ကျင်းမူတို့သည် ကျောင်းပိယောင်နှင့်ပတ်သက်၍ မည်သို့မည်ပုံ လုပ်ဆောင်သင့်သည်ဆိုသည်ကို အမျိုးမျိုးအဖုံဖုံ ပြောဆိုတိုင်ပင်နေကြရာ မိုးစင်စင်ပင် လင်းလာသည်အထိ ဖြစ်ပေတော့သည်။

+ + +

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

မိုးစင်စင်လင်းချိန်တွင် ရှောင်လင်ကျောင်းတော် ပရဝုဏ် အဝင်ဝနားရှိ ညှော့ကြို့ဇရပ်သို့ ကျောင်းပိယောင် ရောက်ရှိလာသည်။

ကျောင်းပိယောင်သည် ကျန်းယိမင်း ဝယ်ပေးလိုက်သည့် အဝတ်များကို ဝတ်ဆင်ကာ ယောကျ်ားလေးတစ်ယောက်အသွင် ရုပ်ဖျက်ထားသည်။

ကျောင်းပိယောင်သည် သိုင်းလောကနှင့် အဆက်အစပ် မရှိသလို မည်သည့်သိုင်းအဖွဲ့အစည်း၏ ဌာနချုပ်စခန်းသို့မျှလည်း ရောက်ဖူးပေါက်ဖူးခြင်း မရှိပေ။

ယခုရောက်မည့်ရောက်တော့လည်း သိုင်းလောကတွင် အရှိန်အဝါအကြီးဆုံးဖြစ်သော ရှောင်လင်ကျောင်းတော်ကိုမှ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့ရသည်။

ရှောင်လင်ကျောင်းတော်အကြောင်း ယခင်က ကျောင်းပိ



ယောင် လုံးဝမသိခဲ့ပေ။

ယခုမူ လမ်းခရီးတွင် မေးမြန်းစုံစမ်းခဲ့သည့်အတွက် ရှောင်လင်ကျောင်းတော်အကြောင်း အတော်အသင့်ပင် သိရှိနေပေပြီ။

ရှောင်လင်ကျောင်းတော် ပရဝုဏ်ထဲသို့ အမျိုးသမီးများ ဝင်ခွင့်မပြုသည်ကိုလည်း သိရှိခဲ့ရာ ယောကျ်ားလေး အဝတ်အစားများ ဝယ်ပေးလိုက်သည့် ကျန်းယိမင်းကို ကျေးဇူးတင်မိသေးသည်။

ညှော့သည်များ လက်ခံသည့်အချိန်ကိုလည်း စုံစမ်းခဲ့ပြီးဖြစ်ရာ ယခု နံနက်ခင်း ညှော့ချိန်အမီ ညှော့ကြို့ဇရပ်သို့ ကျောင်းပိယောင် ရောက်နေခဲ့ခြင်း ဖြစ်သည်။

သူမ ရောက်ရှိသွားသည့်အချိန်မှာ ညှော့ချိန်ထက် အနည်းငယ် စောနေပေရာ ညှော့ကြို့ဇရပ် ညှော့ကြို့တာဝန်ကျ ရှောင်လင်အဖွဲ့သားများပင် ရောက်မလာကြသေးပေ။

ညှော့ကြို့ဇရပ်ပေါ်တွင် ကျောင်းပိယောင်အပါအဝင် ညှော့သည်သုံးလေးယောက်မျှသာ ရှိနေသည်။

ရှောင်လင်ကျောင်းတော်၏ပင်မ အဝင်တံခါးကြီးသည်လည်း စေ့စေ့ပိတ်ထားဆဲ။

ကျောင်းပိယောင်သည် အခြားသော ညှော့သည်များနှင့်

www.burmeseclassic.com

www.burmeseclassic.com



ရောနှောကာ ဇရပ်ရှေ့ဝိုင်းတွင်ထိုင်ရင် ညွှန်ကြိုတာဝန်ကျ ရှောင်လင်အဖွဲ့သားများ ရောက်လာမည့်အချိန်ကို စောင့်နေသည်။

ညနေချိန်ကတော့ မဝေးတော့ပါ။ နာရီဝက်ခန့်သာ လိုတော့သည်။

ပင်မတံခါးကြီးဘေးရှိ မလွယ်တံခါးပေါက်လေးတစ်ခု ပွင့်လာသည်ကို ကျောင်းဝိယောင် တွေ့ရသည်။

ကျောင်းဝိယောင်သည် အမှတ်မထင်ပင် ထိုမလွယ်တံခါးလေးရှိရာသို့ လှမ်းကြည့်နေမိသည်။

မလွယ်တံခါးပေါက်မှ လူသုံးယောက် ရှေ့ဆင့်နောက်ဆင့်ဆိုသလို တစ်ယောက်ပြီးတစ်ယောက် ထွက်လာကြသည်။

ကျောင်းဝိယောင် မျက်လုံးလေးများ ပြူးကျယ်ဝိုင်းစက်သွားသည်။

ရှေ့ဆုံးမှ ထွက်လာသူက အင်အိန်ယောင်၊ ပြီးတော့ ထိုက်လီချူဆိုင်း၊ နောက်ဆုံးမှထွက်လာသူကိုတော့ ဘယ်သူဘယ်ဝါဆိုတာ ကျောင်းဝိယောင် သေသေချာချာ မခွဲခြားတတ်၊ မြင်ဖူးသလိုလို တွေ့ဖူးသလိုလိုတော့ရှိသည်။

"အင်အိန်ယောင်တို့ပါလား၊ သူတို့က ရှောင်လင်ကျောင်းတော်ကို ဘာလာလုပ်ကြတာလဲ"



ကျောင်းဝိယောင်၏ စိတ်ထဲတွင် စဉ်းစားမိသည်။ အင်အိန်ယောင်တို့ကိုလည်း မသိမသာ အကဲခတ်ကာကြည့်နေမိလေသည်။

+

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှထွက်လာသူသည် ကျင်းမှုဖြစ်သည်။

ယောက်ျားကြီးတစ်ယောက်အသွင် ဝတ်ဆင်ရုပ်ဖျက်ထားလေရာ ကျောင်းပိယောင်မှာ ရုတ်တရက်မမှတ်မိဘဲ ဇဝေဇဝါ ဖြစ်နေရပေသည်။

သူတို့သုံးယောက်သည် ကျောက်ဆိုင်းနှင့် တွေ့ဆုံတိုင်ပင်ပြောဆိုပြီး ပြန်လာကြခြင်းဖြစ်သည်။ အင်အိန်ယောင်တို့လူစုသည် ညွှန်ကြားဇရပ်ရှေ့မှ ဖြတ်ကာ လျှောက်သွားကြသည်။

ကျောင်းပိယောင်က ယောက်ျားကြီးတစ်ယောက်အသွင် ဝတ်ဆင်ထားကာ ကျင်းမှုကို စူးစိုက်ကာ ကြည့်မိသည်။ စူးစူးစိုက်စိုက် ကြည့်ရှုခြင်းတွင် အားအင်တစ်မျိုးရှိနေရာ စူးစိုက်အကြည့်ခံရသူ၏ စိတ်ထဲတွင် တစ်မျိုးဖြစ်ပေါ်သွားတတ်သည်။

ကျင်းမှုမှာ ထိပ်တန်းသိုင်းအကျော်အမော်တစ်ယောက် ဖြစ်



ရာ စူးစိုက်အကြည့်ခံရမှုကို ပို၍ခံစား သိရှိနိုင်သည်။ ထို့ကြောင့်လည်း အလိုအလျောက်ပင် တုံ့ပြန်ကြည့်လိုက်မိသည်။

ကျင်းမှုနှင့် ကျောင်းပိယောင်တို့နှစ်ယောက် မျက်လုံးအကြည့်ချင်း ဆုံမိသွားကြသည်။ ကျင်းမှုသည် ယောက်ျားကြီးတစ်ယောက် အဝတ်အစားများကို ဝတ်ဆင်ထားခြင်းသာ ဖြစ်သည်။

ရုပ်ရည်ကို အထွေအထူး ပြောင်းလဲရုပ်ဖျက်ထားခြင်းမရှိ။ ကျောင်းပိယောင်လည်း ယောက်ျားလေး အဝတ်အစားများကိုသာ ဝတ်ဆင်ထားပြီး အထွေအထူး ရုပ်ဖျက်ပြုပြင်ထားခြင်းမရှိ။

အကြည့်ချင်းဆိုင်မိကြချိန်တွင် ကျင်းမှု မည်သူမည်ဝါဖြစ်ကြောင်းကို ကျောင်းပိယောင်က သိရှိသွားသလို ကျောင်းပိယောင်ကိုလည်း ကျင်းမှုက သိရှိသွားလေတော့သည်။

နှစ်ယောက်သား ခေတ္တမျှ ကြောင်အမ်းအမ်း ဖြစ်သွားကြသေးသည်။ ထို့နောက် ...

“ဟော ... ဟိုမှာ ကျောင်းပိယောင်”

ကျင်းမှုက ရုတ်တရက် အော်ဟစ်လိုက်သည်။ ကျင်းမှု၏ အော်လိုက်သံကြောင့် အင်အိန်ယောင်နှင့် တိုက်လီချူးတို့ နှစ်ယောက် ထိတ်ထိတ်ပျာပျာပင် ဖြစ်ကုန်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ ဘယ်မှာလဲ"

အင်အိန်ယောင်က အလောတကြီးမေးသည်။

"ဟိုမှာ ဟိုမှာ ... အဖြူရောင်ဝတ်စုံနဲ့ ယောကျ်ားလေးကို ဝတ်ပြီးရပ်ဖျက်ထားတာ"

ကျင်းမူသည် ကျောင်းပိယောင်ကို လက်ညှိုးထိုးပြသည်။ လူကလည်း ဇရပ်ပေါ်သို့ ခုန်လွှားတက်လာသည်။ အင်အိန်ယောင်လည်း ကျင်းမူနှင့်အတူ ရောယောင်ကာ ဇရပ်ပေါ် ခုန်တက်လာပြန်သည်။

ရန်ပြုတိုက်ခိုက်တော့မည့်အသွင်မျိုးဖြင့် ခုန်လွှားတက်လာကြသည်ဖြစ်ရာ ကျောင်းပိယောင် ထိတ်လန့်သွားလျက် ဇရပ်အောက်သို့ ပြေးဆင်းမိသည်။

အင်အိန်ယောင်နှင့် ကျင်းမူတို့ကလည်း ဇရပ်အောက်သို့ ဆင်းလိုက်ကြသည်။ ညှော်ကြိုဇရပ်တွင် သောသောရုတ်ရုတ် ဖြစ်သွားသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုအချိန်မှာပင် ရှောင်လင်ကျောင်းတော် ပင်မအဝင်တံခါးကြီးပွင့်ကာ ဂိုဏ်းဝင်ဆယ်ယောက်ခန့် အပြင်သို့ ထွက်လာကြသည်။



ညှော်ကြိုဇရပ်တွင် သောသောရုတ်ရုတ် ဖြစ်နေသည်ကို တွေ့ရသောအခါ ထိုရှောင်လင်ဂိုဏ်းဝင်များ ပြေးလွှား၍ လာကြသည်။ ထိုအထဲမှတစ်ယောက်က ...

"ရန်သူ ... ရန်သူ"

ဟု အော်ဟစ်လိုက်သည်။ ဤအော်ဟစ်သံကြောင့် အဝင်ဝတံခါးမကြီးတွင် တာဝန်ကျသည့် အစောင့်သိုင်းသမားက အရေးပေါ်အချက်ပေး ခေါင်းလောင်းကိုတီးသည်။ ဤသို့ဖြင့် ...

✣

www.burmeseclassic.com

www.burmeseclassic.com



'ဒင်ဒင် ဒေါင်ဒေါင် ဒင်ဒင်'

ရှောင်လင်ကျောင်းတော်တစ်ခုလုံး အရေးပေါ် အချက်ပေး ခေါင်းလောင်းသံများ သောသောညံသွားသည်။ ကျောင်းဝိယောင်မှာ ဘာတွေဖြစ်ကုန်သည်ကိုပင် မသိတတ်တော့။

အသက်ငယ်ရွယ်ပြီး အတွေ့အကြုံနည်းပါးသူမို့ စိတ်က အရမ်းကို လှုပ်ရှား၍ လာသည်။

ဘာတွေဖြစ်ကုန်မှန်း မသိသလို မိမိအနေဖြင့် ဘာလုပ်ရ မည်ကိုလည်း ရုတ်တရက် စဉ်းစား၍မရ။

ဤသို့ စိတ်ရှုပ်ထွေးကာ ဇဝေဇဝါ ဖြစ်နေသော ကျောင်းဝိ ယောင်ကို ဒည့်ကြိုဇရပ်ရှိရာသို့ ပြေးလာသော ရှောင်လင်ဂိုဏ်းသား က ဝင်ရောက်ဖမ်းဆီးသည်။

သူတို့ကလည်း အကျိုးအကြောင်း ရေရေရာရာ သိသည်



မဟုတ်။ ပြေးလာသူကို ငြိမ်ဝပ်အောင်သာ ဆီး၍ဖမ်းဆီးခြင်း ဖြစ် သည်။

ဖမ်းချုပ်ပြီးမှသာ အကျိုးအကြောင်း မေးမြန်းကြမည် ဖြစ် သည်။ စိတ်အရမ်းရှုပ်ထွေးနေသော ကျောင်းဝိယောင်ကမူ ထိုသို့ ဖမ်းဆီးသည်ကို တိုက်ခိုက်ရန်ပြုသည်ဟုပင် ထင်မှတ်သည်။

စိတ်ရှုပ်ထွေးနေသည့်အချိန်၊ ဆင်ခြင်ချင့်ချိန်မှုကလည်း လျော့နည်းနေသည်ဖြစ်ရာ အလိုအလျောက် တုံ့ပြန်တိုက်ခိုက်မှုကို ပြုမိသည်။

နဂါးလှိုင်းစီးသိုင်းကိုသုံးကာ ရှောင်လင်အဖွဲ့သားများကို တိုက်ခိုက်လိုက်သည်။

သိစိတ်ဖြင့် မဟုတ်ဘဲ မသိစိတ်ဖြင့် အလိုအလျောက် တုံ့ ပြန်တိုက်ခိုက်သည်ဖြစ်ပေရာ နဂါးလှိုင်းစီးသိုင်း၏အားအင်ကို အပြည့်ပင် သုံးမိသည်။

ထို့ပြင် ထုတ်သုံးသော တိုက်ကွက်သည်လည်း နဂါးလှိုင်း စီးသိုင်း၏ အထိရောက်ဆုံးသော တန်ပြန်တိုက်စစ်ဆင်ကွက်လည်း ဖြစ်နေသည်။

'ဖုန်း'

www.burmeseclassic.com

www.burmeseclassic.com



"အား"

'ဖြောင်း'

"အောင်မယ်လေး"

အနီးကပ်ဆုံး နေရာတွင် ရှိနေကြလေသော ရှောင်လင်အဖွဲ့သားနှစ်ယောက်ကို တစ်ချက်စီ အထိခံရကာ လွင့်စဉ် ထွက်သွားသည်။

ကျန် ရှောင်လင်အဖွဲ့သားများသည်လည်း အလဲလဲအပြိုပြိုနှင့် ဖရိုဖရဲ ဖြစ်သည်။ နဂါးလှိုင်းစီးသိုင်းဖြင့် တိုက်ခိုက်ရာတွင် မိန်းမနှောအတွင်းအား၏ စွမ်းရည်ကိုလည်း အပြည့်အဝ ထည့်သုံးကာ တိုက်ခိုက်မှုသည် ကြမ်းတမ်းရက်စက်သည့်အသွင်အပြင်မျိုး ရှိ၍နေသည်။

"ဝိုင်းတိုက်ကြ ... အဲဒါ ဘီလူးအဖွဲ့က ကျောင်းစန်းလိုင်ရဲ့ သမီး ကျောင်းပိယောင်ပဲ"

ကျောင်းပိယောင်၏ တိုက်ခိုက်မှု ကြမ်းတမ်းရက်စက်သည်ကို တွေ့ရသောအခါ ကျင်းမူ၏စိတ်ထဲတွင် များစွာ စိုးရိမ်ထိတ်လန့်သွားကာ အော်ဟစ်ပြောဆိုမိလေသည်။

ကျင်းမူသည် မူလကပင် ကျောင်းစန်းလိုင်အပေါ် အမြင်



မရှင်းခဲ့ပေ။ ကျောင်းစန်းလိုင်၏သမီး ကျောင်းပိယောင်သည် တစ်နေ့နေ့တွင် ဘီလူးအဖွဲ့နှင့် အဆက်အသွယ်ရကာ မိမိတို့အပေါ် လက်တုံ့ပြန် တိုက်ခိုက်လာလိမ့်မည်ဟူသော စိုးရွံ့စိတ်အခြေခံလည်း ရှိနေခဲ့သည်။

ယခု ကျောင်းပိယောင်၏ ကြမ်းတမ်းသော တိုက်ခိုက်မှုများကို တွေ့ရသောအခါ မိမိ စိုးရိမ်ထားသည့်အတိုင်း ဖြစ်လာပြီဟု ကျင်းမူက ထင်မှတ်ကာ အလန့်တကြားအော်ဟစ်မိခြင်း ဖြစ်ပေတော့သည်။

ကျင်းမူ၏အော်ဟစ်သံသည် အခြေအနေကို ရှုပ်ထွေးဆိုးရွား သွားစေခဲ့သည်။ အရေးပေါ် အချက်ပေးခေါင်းလောင်းသံကြောင့် ရှာလက်နက်စွဲကိုင်ကာ ပြေးလွှားလာကြသော ရှောင်လင်အဖွဲ့ဝင်များသည် ကျင်းမူ၏ အော်ဟစ်သံကို ကြားရသောအခါ ကျောင်းပိယောင်ကို ဝိုင်းတိုက်ခိုက်ကြလေတော့သည်။

တကယ်စင်စစ် သူတို့သည် ကျောင်းပိယောင်ကို မသိကြပါ။ သို့သော် ကျောင်းစန်းလိုင်ကိုမူ သောင်းကျန်းရမ်းကားသော ဓားသမားဆိုးကြီးတစ်ယောက်အဖြစ် သိထားကြသည်။

ဘီလူးအဖွဲ့မှာလည်း လမ်းလွှဲသိုင်းအဖွဲ့အစည်းတစ်ခု ဖြစ်

www.burmeseclassic.com



ပေရာ· ရှောင်လင်ကျောင်းတော်၏ ရန်သူပင်ဖြစ်သည်။

ကျင်းမူ၏အော်ဟစ်ပြောဆိုသံကို ကြားရသောအခါ ရှောင်လင်ကျောင်းတော်မှ သိုင်းသမားများသည် ကျောင်းပိယောင်ကို ရန်သူကြီးအဖြစ် သတ်မှတ်လျက် သဲသဲမဲမဲပင် ဝိုင်းဝန်းတိုက်ခိုက်ကြလေတော့သည်။

✢



ရှောင်လင်အဖွဲ့ဝင် သိုင်းသမားများက ကျောင်းပိယောင်ကို ဝိုင်းဝန်းတိုက်ခိုက်ကြသည်။ ရုတ်တရက် တိုက်ခိုက်မှုကို ရင်ဆိုင်ရသည့်အတွက် လုပ်မိလုပ်ရာ အလိုအလျောက် တန်ပြန်တိုက်ခိုက်မိသော ကျောင်းပိယောင်သည် ယခု ဆင်ခြင်စဉ်းစားလာနိုင်ပြီ ဖြစ်သည်။

စိတ်လွတ်ကိုယ်လွတ် တုံ့ပြန်တိုက်ခိုက်ခဲ့သည်ကို နောင်တရကာ မိမိ၏ သိုင်းကွက်ကိုလည်း ချက်ချင်းပင် ပြန်လည်ရုပ်သိမ်းလိုက်သည်။

"ငါ ဒီကိုလာတာဟာ အေးအေးချမ်းချမ်း စုံစမ်းမေးမြန်းဖို့ပဲ၊ ဒီတော့ တိုက်ခိုက်တာတွေ လုပ်ဖို့မသင့်ဘူး"

စိတ်ထဲကလည်း ဤသို့တွေးသည်။ ကျောင်းပိယောင်မှာ တိုက်ပွဲ အတွေ့အကြုံလည်း နုနယ်နည်းပါးသည်။ အဆင့်မြင့် သိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပညာအချို့ တတ်မြောက်နေသော်လည်း သိုင်းသမားတစ်ယောက်လည်း မဟုတ်သေးပေ။

ထို့ကြောင့် သိုင်းသမားများကဲ့သို့ တိုက်ခိုက်မှုများကို ချင့်ချင့်ချိန်ချိန် မလုပ်တတ်။ ရုတ်တရက် ဘာလုပ်ရမည်မသိဘဲ အလိုအလျောက် တုံ့ပြန်တိုက်ခိုက် ခုခံခဲ့စဉ်က အထက်မြက်ဆုံးသော တိုက်ကွက်များကို အတွင်းအားအပြည့်ဖြင့် ကြမ်းကြမ်းတမ်းတမ်း ထုတ်သုံးလိုက်မိသလို အသိစိတ်ဝင်လာသော အခါတွင်လည်း မိမိ၏ သိုင်းကွက်နှင့် တိုက်ခိုက်မှုများအားလုံးကို အကုန်အစင် ပြန်လည်ရုပ်သိမ်းပစ်လိုက်မိပြန်သည်။

ရှောင်လင်အဖွဲ့သားများ၏ သဲသဲမဲမဲ ဝိုင်းဝန်းတိုက်ခိုက်ခြင်းကို ခံရသည့်အချိန်တွင်မှ သိုင်းကွက်ကို အပြတ်ရုပ်သိမ်းလိုက်မိပေရာ ကျောင်းပိယောင်အနေဖြင့် လည်စင်းခံပေးလိုက်သလိုပင် ဖြစ်သွားရပေတော့သည်။

'ဖုန်း .. ခွပ် .. ဒုတ်'

ဝိုင်းဝန်းတိုက်ခိုက်သော ရှောင်လင်အဖွဲ့သားများ၏ တိုက်ချက်များ ကျောင်းပိယောင်ကို တစ်ချက်ပြီးတစ်ချက် ထိမိကုန်သည်။

ရှောင်လင်ကျောင်းတော်သည် ဖြောင့်မှန်တည်ကြည်သော လမ်းမှန်သိုင်းအဖွဲ့အစည်းကြီးတစ်ခု ဖြစ်ပေရာ အဖွဲ့ဝင်များအနေဖြင့် တစ်ဖက်သားကို အသက်အန္တရာယ် ဖြစ်စေလောက်သည့် တိုက်ချက်များကို အတတ်နိုင်ဆုံးမသုံးဘဲ ရှောင်ကျဉ်ကြရသည်။



တကယ့်သေရေးရှင်ရေး အခြေအနေ အချိန်အခါမျိုးမှသာ ပြင်းထန်ကြမ်းတမ်းသည့်သိုင်းကွက်နှင့် တိုက်ချက်များကို သုံးကြသည်။

ယခု ကျောင်းပိယောင် အထိခံရသည်မှာ သေကွင်းသေကွက် နေရာတစ်ခုမျှ မဟုတ်ပေ။ အသက်အန္တရာယ်လည်း မဖြစ်နိုင်ပေ။ သို့သော် ထိချက်များက များပြားလွန်းလှသည့်အတွက် ရရှိသော ဒဏ်ရာများကတော့ မနည်းလှပါ။

ကျောင်းပိယောင်မှာ မတ်တတ်ပင် ဆက်မရပ်နိုင်တော့။ ဒူးညွှတ်ကာ ခွေယိုင်လဲကျသွားသည်။ ထိုက်လီချူဆိုင်းသည် စိတ်မကောင်းစွာပင် မျက်နှာလွှဲလိုက်လေသည်။

သူသည် ကျောင်းစန်းလိုင်ကို အလွန်ချစ်သည်။ မိမိကို အားကိုးတကြီးဖြင့် လမ်းမှန်ပေါ်လျှောက်လှမ်းရန် ကြိုးစားခဲ့ပါလျက် ကြမ္မာဆိုးကြုံခဲ့ရသည့် ကျောင်းစန်းလိုင်အတွက် ယခုထက်တိုင် စိတ်မကောင်း ဖြစ်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစန်းလိုင်၏သမီး ကျောင်းပိယောင်အပေါ်တွင်လည်း ထိုက်လီချူဆိုင်း သံယောဇဉ် များစွာ ရှိသည်။ ကျောင်းပိယောင်ကို သူမ၏ဖခင် ကြုံရသည့်ကံကြမ္မာမျိုး မကြုံစေချင်ပေ။

ယခုတော့ ကံကြမ္မာလှည့်စားပုံက ဆန်းပြားလွန်းလှသည်။ ထိုက်လီချူဆန်းအနေဖြင့်လည်း ဘာမျှ မတတ်နိုင်တော့။ မျက်နှာလွှဲနေရုံသာ လုပ်နိုင်တော့သည်။



ကျောင်းပိယောင် လဲကျသွားချိန်မှာပင် ဧည့်ကြိုဇရပ်လေးပေါ်မှ လူတစ်ယောက်ခုန်လွှားဆင်းလာသည်။ ထိုလူသည် အရပ်အမောင်း မြင့်မားကာ အနီရင့်ရောင် ဝတ်စုံကို ဝတ်ဆင်လျက် ဘယ်ညာ လက်နှစ်ဖက်တွင် ဓားရှည်တစ်လက်စီ ကိုင်စွဲထားသည်။

အနီရင့်ရောင်ဝတ်စုံနှင့်လူသည် ဘာမပြော ညာမပြောနှင့် ကျောင်းပိယောင်၏အနီးတွင် ဝန်းရံလျက်ရှိနေကြသည့် ရှောင်လင်ဂိုဏ်းသားများကို အတင်းဝင်ရောက်တိုက်ခိုက်သည်။

ထိုသူ၏တိုက်ခိုက်ပုံသည် သွက်လက်မြန်ဆန်သည်၊ ကြမ်းတမ်းရက်စက်သည်။ ပြီးတော့ အလွန်လည်း ဆန်းပြားသည်။ ဓားရှည်နှစ်လက်ကို ကိုင်စွဲတိုက်ခိုက်ရာ ဘယ်ဘက်လက်ရှိ ဓားရှည်၏လှုပ်ရှားတိုက်ကွက်ကတစ်မျိုး ညာဘက်လက်ရှိ ဓားရှည်၏သိုင်းဟန်က တစ်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘက်နှင့်ညာဘက်တို့ကို မတူကွဲပြားသော သိုင်းဟန်များဖြင့် ခပ်ကြမ်းကြမ်း ခစ်ရမ်းရမ်း မြန်ဆန်သွက်လက်စွာ လှုပ်ရှား ခုတ်ထစ်တိုက်ခိုက်ခြင်း ဖြစ်သည်။

လူတစ်ယောက်တည်းက ဓားနှစ်လက်ဖြင့် တိုက်ခိုက်ရာတွင် လူနှစ်ယောက် ပူးပေါင်းတိုက်ခိုက်သည့် ဟန်ဟိတ်နှင့် အသွင်အပြင်မျိုး အပြည့်အဝ ရှိနေသည်။

ထိုသူ ဝင်ရောက်တိုက်ခိုက်သည့်အချိန်မှာ ရှောင်လင်သိုင်းသမားများ၏ စိတ်အာရုံမှာ ထိခိုက်ဒဏ်ရာများစွာဖြင့် ဒူးညွှတ်ခွေလဲကျသွားသော ကျောင်းဝိယောင်ပေါ်တွင် စူးစိုက်ရောက်ရှိနေကြချိန် ဖြစ်သည်။

ထိုသူသည် ရုတ်တရက်ပေါ်လာပြီး လျှပ်တစ်ပြက် ဝင်တိုက်ခိုက်ခြင်းလည်းဖြစ်ရာ ရှောင်လင်အဖွဲ့သားများ ကောင်းကောင်း ကြီးအငိုက်မိသွားသည်။

ဝင်ရောက်တိုက်ခိုက်ခြင်းကိုပင် သတိမပြုမိမီမှာပင် ရှောင်လင်အဖွဲ့သားများ အတော်များများ ဓားချက်အထိခံကြရသည်။ အတုံး အရုံး လဲကျကုန်သည်။

ဓားချက်အထိမခံရသူများမှာလည်း မမျှော်လင့်သော ဖြစ်



ရပ်ကြောင့် မှင်တက်မိသလို ငေးကြောင်ကုန်ကြသည်။ ရုတ်တရက်ပေါ်လာသော ထိုလူသည် လျှပ်တစ်ပြက် ကြမ်းတမ်းရက်စက်စွာ တိုက်ခိုက်ပြီးနောက် ကျောင်းဝိယောင်ကို ဘယ်လက်ဖြင့် ဆွဲ့ခနဲ ပွေ့ယူကာ ပြေးထွက်သွားသည်။

ပြေးအထွက်တွင် ညာဘက်လက်ရှိ ဓားရှည်ကို လက်သဖွယ် လျင်မြန်စွာ ဝှေ့ယမ်းလျက် ရက်စက်ကြမ်းကြုတ်သည့် ခုတ်ချက်များဖြင့် ခုတ်ထစ်တိုက်ခိုက်သွားရာ ရှောင်လင်အဖွဲ့ဝင် လေးငါးယောက်မျှ ဓားစာမိသွားလေသေးသည်။

တိုက်ခိုက်ပုံ ရက်စက်ပြီး မြန်ဆန်လှသလောက် ပြေးလွှားမှုကလည်း အလွန်သွက်လက်သည်။ ကျောင်းဝိယောင်ကို ပွေ့ချီ၍ ပြေးထွက်သွားသည်မှာ တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်၍ သွားလေတော့သည်။

✢

www.burmeseclassic.com

ကျောင်းပိယောင်သည် ဒဏ်ရာဒဏ်ချက် အများအပြား ရရှိထားမှုကြောင့် သတိလစ်မေ့မြောလုမတတ် ဖြစ်နေသည်။ လုံးလုံးလျားလျား မေ့မြောသွားခြင်းမဟုတ်သလို ပြည့်ပြည့်ဝဝ သတိရခြင်းလည်း မရှိ။

သတိမရတစ်ချက် ရတစ်ချက် အခြေအနေမျိုးဟုသာ ဆိုရမည်။ မိမိကို လူတစ်ယောက်က ဖွန့်ဖွန့်စားစား ဝင်ရောက်ကယ်တင်ပေးခဲ့သည်ကို ကျောင်းပိယောင် သိသည်။

ထိုသို့ ပွေ့ချီခေါ်ဆောင်သွားရာနောက်သို့ ပါလာရသော်လည်း ဒဏ်ရာများကြောင့် မောဟိုက်ပင်ပန်းကာ ခေါင်းထဲမူးဝေပြီး မျက်လုံးများပြာလျက် ကောင်းကောင်း မဖွင့်နိုင်တာကြောင့် မိမိကို ဝင်ရောက်ကယ်တင်ခေါ်ယူလာသူ မည်သူမည်ဝါဖြစ်ကြောင်းကိုတော့ မကြည့်နိုင်သေးပါ။



ရှောင်လင်အဖွဲ့သားအများအပြားကြားတွင် တစ်ယောက်တည်း ဝင်ရောက်အစွမ်းပြ တိုက်ခိုက်နိုင်ခဲ့ပုံကို ထောက်လျှင် သိုင်းပညာစွမ်းရည် အတော်ပင် ထက်မြက်သူတစ်ယောက် ဖြစ်မည်ဟူ၍ကား မှန်းဆမိသည်။

လူတစ်ယောက်ကို ပွေ့ချီကာ ပြေးနေရသည့်တိုင် ထိုသူ၏ အပြေးနှုန်းကလည်း အလွန်ပင် မြန်ဆန်လှသည်။ ကိုယ်ဖော့ပညာလည်း အတော်ကောင်းဟန်တူသည်။

အတန်ကြာ ပြေးလွှားပြီးနောက် ထိုသူအပြေးရပ်သည်။ မိမိကို မြင်းလှည်းတစ်စီးပေါ်သို့ တင်ပေးသည်ကို ကျောင်းပိယောင် သိသည်။

"သူ သတိလစ်နေသလား"

မြင်းလှည်းပေါ်မှ လူတစ်ယောက်၏မေးသံကို ကြားရသည်။ မိန်းကလေးအသံဖြစ်သည်။ အသံရှင်မိန်းကလေးသည် ကျောင်းပိယောင်ကို မြင်းလှည်းပေါ်သို့ ဖေးမတွဲတင်ပေးသည်။

ကျောင်းပိယောင်သည် လေးလံနေသောမျက်ခွံကို ခွန်နိုင်နိုင်အားခဲကာ ဖွင့်ပြီး ကြိုးစား၍ကြည့်သည်။ အစိမ်းရောင်ဝတ်စုံဝတ်ထားသည့် မိန်းမပျိုတစ်ယောက်၏အသွင်ကို ခပ်ဝါးဝါးမြင်ရ

www.burmeseclassic.com



သည်၊ မသဲကွဲ။

ရင်ထဲတွင် လှိုက်မောကာ မျက်လုံးလည်း ပြာဝေလာသော ကြောင့် မျက်စိကို ပြန်မှိတ်ထားလိုက်ရသည်။ မြင်းလှည်း မောင်း ထွက်သွားသည်။

မြင်းလှည်းထိုင်ခုံပေါ်တွင် လဲလျောင်းလျက်ရှိနေပြီမို့ ကျောင်းပိုယောင် အတော်ပင် နေသာထိုင်သာ ရှိသည်။ မိမိ၏ နဖူး၊ လက်ကောက်ဝတ်၊ နှလုံးနေရာ စသည်တို့ကို စမ်းသပ်ကြည့်ခြင်း ခံရသည်ကို ကျောင်းပိုယောင်သိသည်။

"ကျောင်းပိုယောင် ... ကျွန်မခေါ်တာ ကြားလား"

မိန်းမပျို၏ခေါ်သံ ပေါ်လာသည်။

"အင်း အင်း"

ကျောင်းပိုယောင်က အားတင်းပြီး အသံပြုလိုက်သည် သူမ ၏ အသံသည် ခပ်သဲ့သဲ့လေးမျှသာ ဖြစ်သည်။

"ရှင် အတွင်းဒဏ်ရာမထားဘူး၊ အပြင်အပ ထိရှမိတဲ့ဒဏ်ရာ တွေပဲရှိတယ်၊ ဒဏ်ရာတွေကများလို့သာ အခုလို ဖြစ်နေရတာ၊ ဘာမှ မကြောက်နဲ့ ... ဟုတ်လား"

"အင်း အင်း"



"ဒဏ်ကြေးအားဆေး သောက်ရအောင် ပါးစပ်ကို ဟပေး လိုက်"

ကျောင်းပိုယောင် ပါးစပ် မဟတဟ လုပ်ပေးလိုက်သည်။ ပါးစပ်ထဲသို့ ဆေးလုံးလေးတစ်လုံး ဝင်လာသည်။ ချိုအေးပြီး မွှေး ကြိုင်သည်။

ဆေးလုံးသည် ပါးစပ်ထဲရောက်ပြီး မကြာမီပင် အရည်ပျော် သည်။ ကျောင်းပိုယောင်က ချိုအေးမွှေးကြိုင်သော ဆေးရည်များကို အသာမျိုချလိုက်သည်။

နေရထိုင်ရသည်က ပို၍ သက်သောင့်သက်သာ ရှိလာ သည်။ စိတ်သည်လည်း အတော်ပင် အေးငြိမ်း၍ လာသည်။ မြင်း လှည်း တငြိမ့်ငြိမ့်လှုပ်နေသည်က ပုခက်လွှဲကာ သိပ်သလိုလည်း ဖြစ်နေရာ မကြာမီမှာပင် ကျောင်းပိုယောင် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားလေတော့သည်။

+ + +

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ကျောင်းပိယောင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားရာမှ နိုးလာသည်။ အိပ်ရေးဝဝ အိပ်လိုက်ရသောကြောင့် လူမှာ အတော်ပင် လန်းလန်းဆန်းဆန်း ရှိလာပေပြီ။

မောဟိုက်ပင်ပန်းနေမှုလည်း သိသိသာသာပင် သက်သာ၍ သွားခဲ့ပြီ။ နာကျင်မှုတွေကတော့ အနည်းအကျဉ်းရှိနေသေးသည်။ မြင်းလှည်းကတော့ အပြင်းမောင်းနေဆဲ။

ကျောင်းပိယောင်သည် မျက်တောင်ရှည်များကို လေးငါးချက် ခတ်ကာ မျက်လုံးကို ဖွင့်လိုက်သည်။

"ရှင် နိုးလာပြီလား"

မိန်းမပျိုလေး၏အသံကို ကြားရသည်။ ပြီးတော့ ရုပ်ရည်သွင်ပြင်ကိုလည်း မြင်ရသည်။ ကျောင်းပိယောင်နှင့် သက်တူ ရွယ်တူလောက်ပင် ရှိသည်။ အစိမ်းနုရောင် ဝတ်စုံကို သပ်သပ်ရပ်ရပ် ဝတ်



ထားသည်။

ဆံပင်သည် အရှည်မဟုတ်•ခပ်တိုတိုဖြစ်ကာ အစိမ်းနုရောင် ပဝါကို လက်တစ်လုံးသာသာခန့်ဖြစ်အောင် လိပ်၍ နဖူးကို ဖြတ်လျက်ခေါင်းတွင် စည်းထားသည်။

ရုပ်ရည်က သိပ်တော့မဆိုး အသားဖြူသည်၊ အပေါ်နှုတ်ခမ်း၏ညာဘက်ထောင့်စွန်းနားတွင် မှဲ့နီလေးတစ်ခုရှိသည်။ နှုတ်ခမ်းပါးလေးများကို တင်းတင်းစေ့လျက် မျက်လုံးအကြည့်သည် အေးစက်စက် နိုင်သည်ဟု ထင်ရသည်။

အရပ်မနိမ့်မမြင့်၊ ကိုယ်ခန္ဓာ အချိုးအဆစ်မှာလည်း အနေတော် ဖြစ်သည်။ ကျစ်ကျစ်လျစ်လျစ် ရှိသည်။

"နေသာရဲ့လား"

မိန်းမပျိုလေးက ပြုံးပြပြီး မေးသည်။ သာမန်နေလျှင် မျက်နှာအမူအရာ အေးစက်စက် နိုင်သည်ထင်ရသော်လည်း ပြုံးလိုက်သောအခါတွင်မူ ညာဘက်ပါးတွင် ပါးချိုင့်လေးတစ်ခု ခွက်ဝင်ကာ တစ်မျိုးချစ်စရာကောင်းသည်။

စကားသံလေးကတော့ အတော်ပင် ချိုချိုလွင်လွင် ရှိသည်။

"ဟုတ်ကဲ့ ... အတော် နေသာသွားပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပိယောင်က ပြုံးရယ်ကာပြောပြီး လဲလျောင်းနေရာမှထ၍ ထိုင်သည်။ မြင်းလှည်းအိမ်က အတော်လေး ကျယ်ကျယ်ဝန်းဝန်း ရှိသည်။

မွေးပွကော်ဇော ခင်းထားသည်။ မြင်းလှည်းအိမ်ထဲတွင် ကျောင်းပိယောင်နှင့် အစိမ်းနုရောင် ဝတ်စုံဝတ် မိန်းမပျိုလေးတို့ နှစ်ယောက်တည်းသာ ရှိသည်။

မိမိကိုယ်ပေါ်တွင် မူလကဝတ်ဆင်ထားသော ယောကျ်ားလေး အဝတ်အစားများ မရှိတော့ဘဲ အစိမ်းပုပ်ရောင်ဝတ်စုံပဲ ရှိနေသည်ကို ကျောင်းပိယောင် သတိပြုမိသည်။

“ရှင့် အဝတ်အစားတွေမှာ သွေးတွေ အရမ်းပေကျံနေတာကြောင့် ကျွန်မရဲ့ဝတ်စုံနဲ့ လဲဝတ်ပေးထားတာ၊ ရှင့်ဒဏ်ရာတွေကိုလည်း ဆေးထည့်ပေးထားပြီးပြီ”

မိန်းမပျိုလေးကပြောသည်။

“ဟုတ်ကဲ့ … ကျေးဇူးတင်ပါတယ်”

“ကျွန်မနာမည် ကျူမိုင်ခန်းပါ”

မိန်းမပျိုလေးက သူမ၏အမည်ကို ပြောပြသည်။ ကျောင်းပိယောင်ကလည်း မိမိနာမည်ကို ပြောမည်ပြုပြီးမှ မိမိ၏မြင်းလှည်းပေါ် ရောက်ခါစက မိမိ၏အမည်ကို ကူမိုင်ခန်းက ခေါ်ခဲ့သည်ကို သတိရမိသည့်အတွက်။



“ကျွန်မနာမည်ကိုတော့ ရှင်သိပြီးသား ဖြစ်ပါလိမ့်မယ်”

“အင်း … ဟုတ်တယ်၊ ရှင့်နာမည်ကို ကျွန်မသိထားပါတယ်”

“ရှင်တို့က ဘယ်ကလဲ၊ ဘာကြောင့် ဘယ်ကိုသွားနေတာလဲ”

ကူမိုင်ခန်းက ညာဘက်ပါးပြင်ပေါ်မှ ပါးချိုင့်လေး ခွက်ဝင်သွားအောင် ပြုံးလိုက်ပြီး …

“အောင်မယ်လေး … မေးခွန်းတွေက များလှချည်လားရှင့်၊ ကျွန်မ ဘယ်လိုများ ဖြေရမှာလဲ”

“ဟုတ်သားပဲ … ကျွန်မမေးတာ လောကြီးသွားတယ်၊ တစ်ခုစီပဲ မေးတော့မယ် … ရှင်တို့က ဘယ်ကလဲ”

“ဦးနှောက်အခြောက်ခံပြီး မေးတာမြန်းတာ၊ စဉ်းစားတာတွေ ဘာတွေလုပ်မနေပါနဲ့၊ ခရီးဆုံးလို့ ရောက်တဲ့အခါ ရှင်သိချင်တာတွေအားလုံး အလိုလို သိလာပါလိမ့်မယ်၊ ကဲ … ရှင်လည်း ဆာနေရောပေါ့၊ ရှင့်အတွက် စားသောက်စရာတွေ လုပ်ထားပေးပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



ကူမိုင်ခန်း ပြောမှပင် ကျောင်းပိယောင်လည်း ဝမ်းသာနေသည်ကို သတိပြုမိသည်။ ကူမိုင်ခန်းက စားသောက်ဖွယ်ရာများ ထုတ်ကျွေးသည်။ လမုန့် ဝက်သားကောက်ညှင်းထုပ်နှင့် ကြွေပုလင်းလေးတစ်ခုဖြင့် ထည့်ထားသော သစ်သီးဖျော်ရည်တို့ ဖြစ်သည်။၏

အပြင်းမောင်းနှင်နေသော မြင်းလှည်းပေါ်တွင် မဖိတ်မစဉ်နှင့် အဆင်ပြေစွာ စားသောက်နိုင်သော စားသောက်ဖွယ်ရာများ ဖြစ်သည်။

အချိန်မည်မျှကြာအောင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေခဲ့သည်မသိ။ ကျောင်းပိယောင်သည် အတော်ပင် ဆာဆာလောင်လောင် ဖြစ်နေရာ လမုန့်နှစ်ခု၊ ဝက်သားကောက်ညှင်းထုပ်နှစ်ထုပ်နှင့် သစ်သီးဖျော်ရည် တစ်ပုလင်းကို စားသောက်ပစ်လိုက်သည်။

မြင်းလှည်းအိမ်ပြတင်းပေါက်၏ ပိတ်စလိုက်ကာကို အပြည့်ချပိတ်ထားသည်ဖြစ်ရာ အပြင်ဘက် မြင်ကွင်းကို မမြင်နိုင်။ အလင်းရောင် တိုးဝင်နေသောကြောင့် နေ့လယ်ပိုင်းအချိန်ဖြစ်ကြောင်းကို သိနိုင်သည်။

ကျောင်းပိယောင် စားသောက်ပြီးသွား၍ ခဏအကြာတွင် မြင်းလှည်း ရပ်သွားလေသည်။ ကျောင်းပိယောင်က မြင်းလှည်း အိမ်



တံခါးကို ဖွင့်မည်အပြု ...

"မဖွင့်နဲ့ မဖွင့်နဲ့ ... ဒါ လှည်းဆွဲမြင်းတွေလဲနေတာ၊ ပြီးရင် ဆက်သွားလိမ့်မယ်၊ တံခါးကိုလည်း မဖွင့်နဲ့၊ ပြတင်းပေါက်မှာ တပ်ထားတဲ့ ပိတ်စလိုက်ကာကိုလည်း မဟနဲ့"

ကူမိုင်ခန်းက အရေးတကြီး ကန့်ကွက်သည်။ ထူးခြားသည်ဟု ကျောင်းပိယောင်၏ စိတ်ထဲတွင် ထင်မိသော်လည်း အထွေအထူး ပြောဆိုမနေတော့။

သူတို့ခေါ်ရာနောက်သို့ လိုက်ပါလာခဲ့ရပေရာ သူတို့သတ်မှတ်သည့် စည်းကမ်းများကို လိုက်နာရပေမည်။ ခရီးဆုံးလျှင်တော့ အဖြေပေါ်လာမည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းသည် မရပ်မနားဘဲ ဆက်လက်ခရီးနှင်နေ၏။ နေဝင်မိုးချုပ်၍ပင် လာသည်။ ဝိတ်စလိုက်ကာဖြင့် ကာရံထားသည့် မြင်းလှည်းအိမ်ပြတင်းပေါက်မှ အလင်းရောင်းဝင်လာခြင်း မရှိတော့သည့်အတွက် နေဝင်မိုးချုပ်သွားပြီဟု ကျောင်းပိယောင် သိရခြင်း ဖြစ်သည်။

ကူမိုင်ခန်းက ဖန်မီးအိမ်လေးတစ်ခု ထွန်းညှိရာ မြင်းလှည်း အိမ်ထဲတွင် လင်းလင်းကျင်းကျင်း ရှိလာသည်။ လမုန့်၊ ဝက်သား ကောက်ညှင်းထုပ်၊ သစ်သီးဖျော်ရည်တို့ဖြင့် ကျောင်းပိယောင်နှင့် ကူမိုင်ခန်းတို့နှစ်ယောက် ညစာစားသောက်ကြသည်။

မြင်းလှည်းသည် တစ်ညလုံးပင်ဆက်၍ သွားနေသည်။ လှည်းဆွဲမြင်းများ လဲလှယ်တပ်ဆင်ရန် ခေတ္တရပ်မှုများသာရှိသည်။

ကျောင်းပိယောင်နှင့် ကူမိုင်ခန်းတို့လည်း မြင်းလှည်းအိမ်



ထဲတွင် ကြက်အိပ်ကြက်နိုး မှေးခနဲ ပျော်သွားလိုက်၊ ပြန်နိုးလာလိုက် နှင့် လိုက်ပါလာခဲ့ကြသည်။

မြင်းလှည်း ရပ်သွားသည်။ စူးရှသောလေချွန်သံတစ်ချက် လည်း ပေါ်လာသည်။ အပြင်းမောင်းနှင်နေသော မြင်းလှည်း ရပ် သွားသောကြောင့် မှိန်း၍နေသော ကျောင်းပိယောင် ဆတ်ခနဲ နိုးလာ သည်။

မြင်းလှည်းအိမ်ထဲမှ ထွက်ပြီးသည်နှင့် ကူမိုင်ခန်းက ပြော ရာ ကျောင်းပိယောင်မှာ အနီးပတ်ဝန်းကျင်အခြေအနေကို ဆက် လက် အကဲခတ်ကြည့်မနေနိုင်တော့ဘဲ မြစ်ကမ်းစပ်ရှိ လှေရှိရာသို့ ဆင်းရသည်။

ကူမိုင်ခန်းနှင့် လူတစ်ယောက်တည်း ကျောင်းပိယောင်၏ နောက်မှ လိုက်ပါလာခဲ့ကြသည်။ ထိုလူသည် အရပ်အမောင်းမြင့်မား ပြီး အနီရင့်ရောင်ဝတ်စုံကိုဝတ်ထားသည်။

"အဲဒီလူဟာ ရှောင်လင်ကိုက်းသားတွေကို ဝင်တိုက်ပြီး ငါ့ကို ကူညီကယ်ထုတ်ပေးခဲ့တဲ့ လူပါလား"

ကျောင်းပိယောင် ဤသို့ အမှတ်ရသောကြောင့် အနီရောင် ဝတ်စုံဝတ်ထားသူကို သေသေချာချာ ကြည့်လိုက်မိသည်။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပိယောင် ဝိုအုံ့ညြသွားသည်။ ထိုသူကို ကျောင်းပိယောင် သိသည်။

"ဟော ... ရှင် ဟသ်ာဖိုမဓား ကျန်းလောက်ဟုန် မဟုတ်လား"

ကျောင်းပိယောင်၏ပါးစပ်မှ လွှတ်ခနဲ ထွက်သွားသည်။ ဟသ်ာဖိုမဓား ကျန်းလောက်ဟုန်ကို မြွေဆိုးတစ်ထောင်တောင်ကြားသို့ အသွားတွင် ကျောင်းပိယောင် ဆုံတွေ့ခဲ့ဖူးသည်။

မြွေဆိုးတစ်ထောင်တောင်ကြားသို့ ရောက်ရှိပြီးနောက် လူချင်းကွဲခဲ့ရာ ယခုမှ ပြန်တွေ့မိခြင်း ဖြစ်သည်။

ကျန်းလောက်ဟုန်ကမူ ဘာမျှ မတုံ့ပြန်။ မြစ်ကမ်းစပ်သို့ ရောက်လာပြီမို့ လှေပေါ်လှမ်းတက်ရသည်အတွက် ကျောင်းပိယောင်သည် ကျန်းလောက်ဟုန်ကို စကားဆက်မပြောနိုင်တော့ပေ။

လှေပေါ်သို့ရောက်သော် ကူမိုင်ခန်းက ကျောင်းပိယောင်အား လှေဝမ်းထဲ ခေါ်သွားသည်။ ကျန်းလောက်ဟုန်မှာမူ လှေပွဲ့ပိုင်းဆီသို့ လျှောက်လှမ်းသွားသည်။ ထို့နောက် လှေသည် ကမ်းစပ်မှ ခွာကာ မြစ်ကြောင်းအတိုင်း ဆန်တက်သည်။

+



•

ကျောင်းပိယောင်လှေဖြင့် ခရီးဆက်ရပြန်သည်။ မြင်းလှည်းဖြင့် သွားခဲ့ရစဉ်က ပြတင်းတံခါးများကို လိုက်ကာဖြင့် ပိတ်ထားသည့် မြင်းလှည်းအိမ်ထဲမှ လိုက်ပါလာခဲ့ရသလို လှေဖြင့် ခရီးနှင်လာရသောအခါတွင်လည်း ကျောင်းပိယောင်သည် လှေပေါင်မိုးထဲမှာသာ လိုက်ပါလာခဲ့ရသည်။

လှေပေါင်းမိုး၏ ဝင်ပေါက်ထွက်ပေါက်များကို ပိတ်လိုက်ကာဖြင့် ကာရံပိတ်ဆို့ထားလေသေးသည်။ ထို့ကြောင့် ကျောင်းပိယောင်မှာ ဘယ်ဆီဘယ်လမ်း၊ ဘယ်အရပ်ဒေသသို့ ခရီးပေါက်နေကြောင်း လုံးဝမသိရတော့ပေ။

လှည်းတစ်တန်၊ လှေတစ်တန်သွားပြီးနောက် ခြေလျင်ခရီး ဆက်ကြရပြန်သည်။ ခြေလျင်ခရီးသွားရသောအခါ ကျောင်းပိယောင်သည် ပတ်ဝန်းကျင်အခြေအနေကို တွေ့နိုင်မြင်နိုင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် လူနေရပ်ရွာမဟုတ်၊ ခရီးလမ်းလည်း မမည်၊ တောကြီးမျက်မည်းထဲတွင် ခြေလျင်ခရီး နှင်ရသည်ဖြစ်ရာ ကြည့်လေရာရာတွင် သစ်ပင်များ၊ ချုံပုတ်များ၊ တောတိရစ္ဆာန်များကိုသာ တွေ့ရသည်။

လမ်းဟူ၍ပင် မယ်မယ်ရရမရှိ။ ချုံနွယ်သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းကာ တောတိုး၍ သွားကြရခြင်းဖြစ်သည်။ ခရီးသွားအဖွဲ့များမှာ ကျောင်းဝိယောင်၊ ကူမိုင်ခန်းနှင့် ကျန်းလောက်ဟုန်တို့ သုံးယောက်သာလျှင် ဖြစ်ပေသည်။

ကူမိုင်ခန်းကသာ ကျောင်းဝိယောင်နှင့် စကားပြောပြောဆို ဆို ရင်းရင်းနှီးနှီးနေသည်။ ကျန်းလောက်ဟုန်က ဘာမျှ မပြောသည်က များသည်။

ကျောင်းဝိယောင်က စကားစကြည့်သေးသည်။ ကျန်းလောက်ဟုန်သည် ပြန်မပြောသည်ကများသည်။ ပြန်ပြောလျှင်လည်း တစ်ခွန်းစ၊ နှစ်ခွန်းစ ပြောဆိုရာ နောက်ဆုံးတွင် ကျောင်းဝိယောင် လက်လျှော့လိုက်ရလေတော့သည်။

တစ်ခုသော နေမွန်းတည့်ချိန်တွင် ကျောင်းဝိယောင်တို့သည် တောင်ကုန်းတစ်ခုသို့ ရောက်လာကြသည်။ ထိုတောင်ကုန်း



ထိပ်တွင် သစ်ပင်ကြီးတစ်ပင် မားမားကြီးပေါက်နေသည်။

ဤသစ်ပင်ကြီးမှလွဲ၍ အခြားသစ်ပင်ကြီးများမရှိ။ အပင်ပုလေးများနှင့် ချုံပုတ်များ၊ နွယ်ပင်များသာ ပေါက်ရောက်နေသည်။ ထိုတောင်ကုန်း တောင်ခြေရင်းတွင် နေ့လယ်စာ စားသောက်ကြသည်။

အစက ဤနေရာတွင် နေ့လယ်စာ စားသောက်ရန် ခေတ္တခဏ နားနေခြင်းဖြစ်မည်ဟု ကျောင်းဝိယောင်က ထင်ခဲ့သည်။ သို့သော် နေ့လယ်စာစားသောက်ပြီးသော်လည်း ကူမိုင်ခန်းတို့ ခရီးမဆက်။

သစ်ရွက်ခြောက်များကို စုကာ ခင်းကျင်း၍ သစ်ရွက်မွေ့ရာပြုလျက် နားနားနေနေ လဲလျောင်းခြင်းပင် ပြုကြသည်။ ဘာကြောင့် ဤတောင်ကုန်းတွင် သည်လိုနားနေခြင်း ဖြစ်ကြောင်းကို ကျောင်းဝိယောင် မတွေးတတ်ပါ။

မေးမြန်းကြည့်လျှင်လည်း ပြောမည်မဟုတ်ကြောင်း သိသည့်အတွက် အထွေအထူး စူးစမ်းခြင်းလည်း မပြုတော့။ သူတို့နှင့် တစ်ခရီးတည်းသွားနေသူမို့ သူတို့နားလျှင်လည်း နားလိုက်ရုံသာဟု သဘောပိုက်လျက် သက်သောင့်သက်သာ လဲလျောင်းနေလိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



မှေးခနဲပင် အိပ်ပျော်သွားလေတော့သည်။

ကျောင်းပိယောင်နိုးတော့ ညနေစောင်းနေပြီဖြစ်သည်။ ကူမိုင်ခန်းတို့သည် ခရီးဆက်ကြမည့်အသွင် မရှိသေး။ အေးအေး သက်သာပင်ရှိနေကြသည်။

နေဝင်သောအခါ ညနေစာကို ထိုတောင်ကုန်းခြေရင်းမှာပင် ကောင်းစွာ ချက်ပြုတ်စားသောက်ကြလေသည်။ ညနေစာ စား သောက်ပြီးသော်လည်း ခရီးမဆက်ကြသေး။

ဆက်လက်၍ နားနေကြပြန်သည်။ နေဝင်သွားသည်။ အမှောင်ထုက တစ်စထက်တစ်စ ကြီးစိုးလာသည်။ သည်အတိုင်းဆို လျှင် သည်နေရာတွင် ညအိပ်ရတော့မည်ဟုပင် ကျောင်းပိယောင် တွေးမိလာသည်။

သို့သော် ညဆယ်နာရီသာသာခန့်တွင်မူ ကူမိုင်ခန်းက ခရီး ဆက်မည်ဖြစ်ကြောင်း ပြောလေတော့သည်။ သူတို့တွင် ဝန်စည် စလယ် အထွေအထူးပါမလာပေ။ ချက်ချင်းပင် ကောက်၍ ထသွား နိုင်ကြပေသည်။



ကျောင်းပိယောင်တို့သုံးယောက် သစ်ပင်မြင့်ကြီးတစ်ပင် သာ ပေါက်ရောက်နေသော တောင်ကုန်းလေးမှ ခွာကာ ခရီးဆက် လာခဲ့ကြသည်။

ညကြီးမင်းကြီး တောထဲတွင် ခရီးသွားရသည့်အတွက် အခက်အခဲတွေ အများကြီးတွေ့ရလေမည်လားဟု ကျောင်းပိယောင် က တွေးပူခဲ့သေးသည်။

သို့သော် ခရီးလမ်းက ဘာမျှမခက်ခဲလှ။ ညီညာဖြောင့်ဖြူး သောလမ်း မရှိသည်ကလွဲ၍ ချောချောမောမော အဆင်ပြေပြေပင် သွားနိုင်ခဲ့သည်။

တောတိုးရခြင်း၊ လမ်းထွင်ရခြင်း၊ ဆူးခြောင့်ခလုတ်ကာန် သင်းများ ရှောင်ကွင်းရခြင်းမျိုးပင် မရှိ။ တစ်နာရီခန့် ခြေလှမ်းသွက် သွက်ဖြင့် လျှောက်လာခဲ့ရပြီးနောက် သစ်ပင်အုပ်ကလေးတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



အောက်တွင် ခေတ္တရပ်ကြသည်။

ရေစီးသံသဲ့သဲ့ကို ကြားရသောကြောင့် မလှမ်းမကမ်းဆီတွင် ရေစီးသန်သည့် မြစ်ဖြစ်စေ၊ ချောင်းဖြစ်စေ တစ်ခုခု ရှိမည်ဟု ကျောင်းပိယောင် သိရသည်။

မျက်စိဖြင့် မြင်တွေ့ရခြင်းကား မရှိသေးပါ။

"ဟိုရှေ့ဘက်မှာ ချောင်းတစ်ခုရှိတယ်၊ အဲဒီချောင်းကို ဖြတ်ကူးနိုင်တဲ့ သဘာဝကျောက်တံတားတစ်ခုလည်း ရှိတယ်၊ ကျောက်တံတားပေါ်ကနေ ဖြတ်ကူးကြရမယ်၊ ဒါပေမဲ့ ဒီလိုဖြတ်ကူးတာကို ဘယ်သူ့မှ မသိစေချင်ဘူး၊ တံတားရဲ့ ဒီဘက်ထိပ်မှာ လူတွေရှိနေကြတယ်၊ သူတို့မသိအောင် တိတ်တိတ်လေး ဖြတ်ကူးရမယ်၊ သတိထားပြီး ခြေသံလုံလုံနဲ့ အမြန်ဆုံး သွားဖို့လိုတယ် ... ဟုတ်လား"

ကူမိုင်ခန်းက ကျောင်းပိယောင်ကို တီးတိုးပြောဆို သွန်သင်သည်။ ကျောင်းပိယောင်က နားလည်ကြောင်း ခေါင်းညိတ်ပြသည်။ ထို့နောက် သုံးယောက်သား ရှေ့သို့ ဆက်လာခဲ့ကြသည်။

အထူးပင် သတိထားကာ ခြေသံလုံလုံဖြင့် သွားကြခြင်းဖြစ်သည်။ မကြာမီပင် ချောက်ကမ်းပါးတစ်ခုကို လှမ်းမြင်နိုင်သည့်နေရာသို့ ရောက်လာသည်။



ရေစီးသံကလည်း ပိုကျယ်သည်။ ချောက်ကမ်းပါးအောက်တွင် ချောင်းရှိနေတာ သေချာပါသည်။ ချောက်ကမ်းပါး၏ သည်ဘက်ကမ်းမှ ဟိုဘက်ကမ်းဆီသို့ သဘာဝကျောက်တံတားတစ်ခု ရှိနေသည်ကိုလည်း ခပ်ရေးရေး မြင်ရသည်။

ဟသ်ာဖိုမဓား ကျန်းလောက်ဟုန်က အရင်ဆုံး တံတားကို ဖြတ်ကူးသည်။ အလျင်မြန်ဆုံး ပြေးလွှားသွားသည်ဖြစ်ရာ ရိုးခနဲ ရိပ်ခနဲသာ မြင်ရလျက် တစ်ဖက်ချောက်ကမ်းပါးသို့ ရောက်သွားသည်။

ထို့နောက် ကျောင်းပိယောင်အလှည့်။ ကျောင်းပိယောင်သည် ကျန်းယိမင်းပြောဆိုပြသထားသော တိမ်မီးခိုး ကိုယ်ပျောက်ပညာ၏ နည်းလမ်းများကိုသုံးကာ ပြေးလွှားခဲ့ရာ ကျန်းလောက်ဟုန်ထက်ပင် မြန်ဆန်သေသပ်ပိရိစွာ တံတားကို ဖြတ်ကူးနိုင်ခဲ့သည်။

ကူမိုင်ခန်းက နောက်ဆုံးမှ ဖြတ်ကူးလာခဲ့သည်။ ကူမိုင်ခန်း၏ ကိုယ်ဖော့ပညာကလည်း မဆိုး။ တံတားကို အောင်မြင်စွာ တိတ်တဆိတ် ဖြတ်ကျော်လာနိုင်ခဲ့ကြပေပြီ။

ထိုတံတားကို ဖြတ်ကျော်ပြီးနောက် ခြေလှမ်းသွက်သွက်ဖြင့် ခရီးဆက်လာခဲ့ကြရာ မိုးစင်စင်လင်းသည့်အချိန်တွင် အတော်

www.burmeseclassic.com

www.burmeseclassic.com



ဝင် စည်စည်ကားကားရှိသော ရွာကြီးတစ်ရွာသို့ ရောက်သွားကြသည်။

ကူမိုင်ခန်းက ကျောင်းပိယောင်ကို နှစ်ထပ်တိုက်အိမ်ကြီးတစ်အိမ်၏ အပေါ်ထပ်မှ အခန်းကျယ်ကြီးတစ်ခုထဲသို့ ပို့ဆောင်ပေးသည်။

"ဒါ ရှင့်အတွက် စီစဉ်ပေးထားတဲ့အခန်းပဲ၊ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ်သာနေပေတော့"

ကူမိုင်ခန်းသည် ဤသို့ပြောဆိုကာ အခန်းထဲတွင် ကျောင်းပိယောင်ကို နေရာချပေးထားခဲ့ပြီး ထွက်ခွာသွားလေသည်။ တကယ်စင်စစ် ကျောင်းပိယောင်က စည်ကားသော ရွာကြီးဟု ထင်နေသည်မှာ ဘီလူးအဖွဲ့၏ ဌာနချုပ် မြေသိုက်စခန်းပင် ဖြစ်ပေတော့သည်။

ကျောင်းပိယောင်တို့လူစု သိုလှောင်ရုံဖျက်ကြီးသို့ ရောက်ရှိသွားကြချိန်ကပင် ကုလေးသည် ခြေရာခံမိသွားခဲ့သည်။ သည်တစ်ခါတွင်တော့ ကုလေးက အရေးတကြီး ဝင်ရောက်တိုက်ခိုက်ခြင်းမျိုး မလုပ်တော့။

ကြိုးရှည်ရှည်နှင့် လှန်ထားသည့် ပရိယာယ်ကို ကျင့်သုံးသည်။ အထူးသဖြင့် ကျောင်းပိယောင်ကို မျက်ခြည်ပြတ်မသွားရ



လေအောင် ခြေရာကောက် နောက်ယောင်ခံလိုက်နိုင်မည့် အစီအမံများကို ပြုလုပ်သည်။

ဤနည်းဖြင့် ကုလေးသည် ကျောင်းပိယောင်ကို မျက်ခြည်မပြတ်ပင် ခြေရာခံလိုက်နေနိုင်ခဲ့သည်။ ကုလေး၏ အထူးတာဝန်ပေး ညွှန်ကြားချက်အရ ဟာသ်ဘိုမဘား ကျန်းလောက်ဟုန်နှင့် ကူမိုင်ခန်းတို့သည် ကျောင်းပိယောင်ကို လျှို့ဝှက်စွာ နောက်ယောင်ခံလိုက်နေရာမှ ရှောင်လင်အဖွဲ့သားများအကြားမှ ကယ်ထုတ်၍ မြေသိုက်စခန်းအရောက် ဥပါယ်တံမျဉ်ဖြင့် ခေါ်ဆောင်လာနိုင်ခဲ့ကြသည်။

ဟာသ်ဘိုမဘား ကျန်းလောက်ဟုန်သည် ယခုအခါ ကုလေးအားအထားရဆုံးသော ညာလက်ရုံး လက်မရွံ့သိုင်းသမား တစ်ယောက် ဖြစ်၍နေပေပြီ။

ကူမိုင်ခန်းမှာလည်း ကုလေးက သမီးအဖြစ် မွေးစားထားကာ သိုင်းပညာများ လက်ထပ်သင်ပေးလျက် မျိုးဆက်အမွေခံအဖြစ် ရွေးချယ်သတ်မှတ်ထားသူကလေး ဖြစ်ပေတော့၏။

ကူမိုင်ခန်းတို့၏ ဗိရိသေသပ်စွာ လုပ်ဆောင်နိုင်ခဲ့မှုကြောင့် မိမိသည် ရန်သူတော်ကြီး ကုလေး၏လက်တွင်း သက်ဆင်းကျရောက်နေပြီဖြစ်ကြောင်းကို ကျောင်းပိယောင် မရိပ်မိခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကုလေးကိုယ်တိုင် လာရောက်တွေ့ဆုံသောအခါကြမှသာ လျှင် အခြေအနေ အမှန်များကို ကျောင်းပိယောင် ရိပ်စားမိလေတော့သည်။

+



ကူမိုင်ခန်း ထွက်လာပြီးတစ်နာရီခန့်အကြာတွင် ကျောင်းပိယောင်ထံသို့ ကုလေးကိုယ်တိုင် ရောက်ရှိလာသည်။ မမျှော်လင့်ဘဲ ကုလေးကို တွေ့လိုက်ရသောအခါ ကျောင်းပိယောင်မှာ အံလွန်ပင် အံ့ဩသွားရလေသည်။

ရုတ်တရက် စကားပင် မဆိုနိုင်။ ကုလေးကိုသာ မျက်လုံးအပြူးသားနှင့် ကြောင်အမ်းအမ်းကြီး ကြည့်နေမိလေသည်။

"ဘယ့်နှယ်လဲ ကောင်မလေး ... ငါ့ကိုမြင်ရလို့ အံ့အားသင့်သွားသလား၊ မအံ့ဩပါနဲ့လေ ... ဒါဟာ ငါတို့စခန်းပဲ၊ နင့်ကို ခေါ်လာခဲ့တဲ့ ကူမိုင်ခန်းက ငါ့ရဲ့မွေးစားသမီး"

မိမိ၏ အကြံအစည်များ အောင်မြင်တော့မည်မို့ ကုလေးက ခပ်ကြွားကြွားပင် ပြောကာ အခန်းထဲရှိ ထိုင်ခုံတစ်ခုံတွင် အကျအန ဝင်ထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချိုင်းထောက်တောင်ဝှေးကို ထိုင်ခုံဘေးတွင် အသာထောင်ထားသည်။ ကျောချမှပင် ဓားပြမှန်း သိရပေတော့သည်။

"ဘာမှကြောက်မနေနဲ့ ကျောင်းပိယောင် ... ငါက မင်းကို အန္တရာယ်ပေးဖို့ စိတ်မကူးပါဘူး။ မင်းကို အန္တရာယ်ပေးချင်ရင် ဒီနေရာအထိ တကူးတက ဘာကြောင့် ခေါ်လာရမှာလဲ၊ လမ်းခရီးမှာတင် လက်စတုံးလိုက်ရင် ပြတ်နေတာပဲ"

ကုလေးက ကျောင်းပိယောင်ကို စေ့စေ့ကြည့်ကာ မပြုံးတပြုံးပြောသည်။ ရန်သူကြီးကို တွေ့လိုက်ရသောကြောင့် ကျောင်းပိယောင် ထိတ်လန့်နေမိသည်ကတော့ အမှန်။

ကြောက်လန့်တုန်လှုပ်မှုကို ဖုံးဖိထားသော်လည်း လှုကဲ့ခတ်ကောင်းသော ကုလေးကတော့ ရိပ်မိသည်။

"ဒါဆို ဘာရည်ရွယ်ချက်နဲ့ ကျွန်မကို ဒီနေရာအရောက် ခေါ်လာတာလဲ ... ပြောစမ်းပါဦး"

"မင်းနဲ့ အပေးအယူ လုပ်ချင်လို့ပဲ"

"ဘယ်လို အပေးအယူလဲ"

"မင်းကို တစ်သက်လုံး မပူမပင် မကြောင့်မကျဘဲ နေနိုင်မယ့် ပစ္စည်းဥစ္စာတွေ ပေးမယ်၊ မင်း ဆန္ဒရှိမယ်ဆိုရင် ဘီလူးအဖွဲ့ရဲ့



ဒုတိယအဖွဲ့ချုပ်လည်း ဖြစ်နိုင်မယ်"

"အဲဒါတွေအတွက် ကျွန်မက ဘာလုပ်ပေးရမှာလဲ"

"မင်း လုပ်ပေးရမှာက ဘာမှ မပင်ပန်းပါဘူး၊ မင်း တတ်ထားတဲ့ မိစ္ဆာမနောသိုင်းပညာအကြောင်း ငါ့ကို ပြောပြဖို့ပါပဲ"

ကုလေးက စကားမဆက်တော့။ ကျောင်းပိယောင်၏ အဖြေစကားကို စောင့်သည့်အနေဖြင့် ခေတ္တနှုတ်ဆိတ်နေသည်။ အတန်ကြာသည်အထိ ကျောင်းပိယောင်ထံမှ အဖြေစကားကို မကြားရသောအခါ ကုလေးက စကားဆက်သည်။

သည်တစ်ခါတွင်တော့ ခြိမ်းခြောက်မှု ပါလာသည်။

"ငါပြောတဲ့ အပေးအယူကို မင်း လိမ်လိမ်မာမာနဲ့ လက်ခံရင်ကောင်းမယ်၊ ငြင်းဆန်မယ်ဆိုရင်တော့ မင်းဒုက္ခ ကောင်းကောင်းရောက်လိမ့်မယ်၊ ငါ့မှာ လူတစ်ယောက်ဆီက ငါသိချင်တာကို အရဖော်ထုတ်ယူနိုင်တဲ့ နည်းလမ်းတွေ၊ ခေါင်းမာတဲ့လူကို ပျော့သွားအောင် လုပ်တဲ့နည်းလမ်းတွေ အများကြီးရှိတယ်၊ မင်းဟာ အစ်ကိုကြီး ကျောင်းစန်းလိုင်ရဲ့သမီးဖြစ်တယ်ဆိုတာကို ထောက်ထားပြီး အခုလို အပေးအယူ စကားမျိုး ပြောနေတာ၊ မဟုတ်လို့ရင်တော့ မင်းကို ဘာမှပေးနေစရာမလိုဘူး၊ မင်းဆီက ငါသိချင်တာကို ရနိုင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



နည်းနဲ့ ဖျစ်ညှစ်ထုတ်ယူလိုက်ရုံပဲ”

ကုလေးသည် ဤစကားများကို ခပ်ဖြည်းဖြည်း ခပ်အေးအေးပင် ပြောဆိုသည်။ ပြောဆိုပုံ အေးဆေးသော်လည်း စကားလုံးတိုင်းသည် ခြိမ်းခြောက်မှုတွေ ဖြစ်သည်။

ကုလေး၏ အေးစက်မာကျောသော မျက်လုံးများကလည်း ကျောင်းပိယောင်ကို စူးစူးစိုက်စိုက်ပင် ကြည့်၍နေလေသည်။ ကျောင်းပိယောင်အဖို့ အဆုံးအဖြတ်ပေးရဖို့ အချိန်ရောက်ပြီ။

အမှန်အတိုင်းဆိုလျှင် ကျောင်းပိယောင်သည် မိစ္ဆာမနော သိုင်းကို အပြည့်အစုံ တတ်မြောက်ခြင်းမရှိပါ။ မိစ္ဆာမနော အတွင်းအားကျင့်စဉ်ကို စနစ်ကျစွာ တတ်သိလေ့ကျင့်နိုင်သောကြောင့် မိစ္ဆာမနော အတွင်းအားများ ရရှိထားခြင်းသာ ရှိသည်။

ထို့ပြင် မိမိတတ်မြောက်ထားသည့် အခြားသိုင်းပညာများ၏ လှုပ်ရှားတိုက်ကွက်များတွင် မိစ္ဆာမနောအတွင်းအားကို နည်းမှန်လမ်းမှန် ထည့်သွင်းအသုံးချနိုင်သည့် အချက်လည်းရှိနေသည်။

ကုလေးကတော့ ကျောင်းပိယောင်၏ ထက်မြက်သော တိုက်ချက်များကို ကြည့်ကာ မိစ္ဆာမနော သိုင်းပညာကောင်းများ ပြည့်စုံစွာ တတ်သိထားသည်ဟု မှတ်ယူနေသည်။



မိစ္ဆာမနောအတွင်းအား ကျင့်စဉ်သည် လမ်းလွှဲသိုင်းပညာရပ်တစ်ခု ဖြစ်ခဲ့ကြောင်းနှင့် ထိုပညာဖြင့် အတတ်နိုင်ဆုံး အများကောင်းကျိုးကို ဆောင်ရွက်ဖို့ လိုအပ်ကြောင်း ကျောင်းပိယောင် ရုတ်တရက် စဉ်းစားမိသည်။

“ငါ့အဖေဟာလည်း ဒီလို လမ်းလွှဲသိုင်းပညာတစ်ခုခု တတ်မြောက်နေတာကြောင့် သူတစ်ပါးက သိုင်းသမားဆိုးကြီးလို့ အထင်အမြင်မှားခံခဲ့ရတာ ဖြစ်ချင်ဖြစ်နိုင်တယ်၊ ဘယ်လိုပညာမျိုးဖြစ်ဖြစ် ကောင်းတဲ့နေရာမှာ သုံးရင် အကျိုးရှိပြီး မကောင်းတဲ့နေရာမှာ သုံးရင် အကျိုးမဲ့တတ်တာချည်းပဲ၊ မိစ္ဆာမနော အတွင်းအားကို ကောင်းမှု ကောင်းကျိုးတွေအတွက် သုံးနိုင်ကြောင်း ငါသက်သေပြရမယ်၊ ကုလေးလို မိန်းမရိုင်းလူဆိုးမကြီးတစ်ယောက်လက် အရောက်ခံလို့ မဖြစ်ဘူး”

ကျောင်းပိယောင်သည် ဤသို့စဉ်းစားကာ ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ချလိုက်သည်။

“ကျွန်မတတ်ထားတဲ့ မိစ္ဆာမနောသိုင်းက အများကောင်းကျိုးလုပ်တဲ့နေရာမှာ အသုံးချဖို့၊ အားနည်းသူတွေကို ကာကွယ်ဖို့၊ ဘီလူးဂိုဏ်းလို မိုက်မဲရမ်းကားနေတဲ့ လမ်းလွှဲသိုင်းအဖွဲ့လက်ကို ဘယ်

www.burmeseclassic.com

www.burmeseclassic.com



တော့မှ အရောက်မခံနိုင်ဘူး။ ရှင် ကျွန်မကို သတ်ချင်ရင် သတ်ပစ်လိုက်”

ကျောင်းပိယောင်က မိမိ၏ ဆုံးဖြတ်ချက်ကို ပြတ်ပြတ်သားသားပင် ထုတ်ဖော်ပြောလိုက်လေသည်။ ကုလေးက တဟားဟားဖြင့် လှောင်ပြောင်ရယ်မောလိုက်သည်။

“ရှင်က ဘာရယ်တာလဲ”

“မင်းပြောပုံကို သဘောကျလို့ပါ၊ မင်းဖခင်ကိုယ်တိုင် ထိပ်တန်း ခေါင်းဆောင်နေရာက ပါဝင်ဦးစီးတဲ့ ဘီလူးဂိုဏ်းကို မင်းက လမ်းလွဲသိုင်းသမားဆိုးတွေရဲ့ အဖွဲ့လို့ ဆိုသလား၊ ဒါဆိုရင် မင်းအဖေ ကျောင်းစန်းလိုင်ဟာ တကယ့်အဓိပတိလမ်းလွဲ သိုင်းသမားဆိုးကြီး တစ်ယောက် ဖြစ်နေပြီပေါ့”

ဤစကားများသည် ကျောင်းပိယောင်၏ ပျော့ကွက်ကို ကျကျနန ထိမိသည်ဟု ဆိုရမည်။ ကျောင်းပိယောင်သည် သူမ၏ဖခင် ကျောင်းစန်းလိုင်ကို ရမ်းကားသောင်းကျန်းသော သိုင်းသမားဆိုးကြီး တစ်ယောက်ဟု လက်မခံပေ။

အခြားသူများ ထင်မြင်မှတ်ယူနေကြသည်ကိုလည်း မလိုလားပေ။ မိမိ၏ဖခင်သည် လမ်းလွဲသိုင်းသမားဆိုးကြီး တစ်ယောက်



မဟုတ်ကြောင်း ဖော်ထုတ်ပြသနိုင်ရန် ကြိုးစားနေသူကလေး ဖြစ်သည်။

ကျောင်းပိယောင်ခမျာ ကုလေးကို တုံ့ပြန်မပြောနိုင်။ ငေးငေးငိုင်ငိုင်ဖြစ်၍သွားရှာသည်။ မိမိပြောလိုက်သည့်စကားက ကောင်မလေးကို ကောင်းကောင်း စိတ်ထိခိုက်သွားစေကြောင်း တွေ့ရသည့်အတွက် ကုလေး ကျေနပ်သွားသည်။ ထပ်မံဖိနှိပ် ပြောဆိုမည်အပြုတွင် ...

“ကျောင်းစန်းလိုင်ဟာ လမ်းလွဲသိုင်းသမားဆိုးတစ်ယောက် မဟုတ်ပါဘူး၊ သူ့ကို အဲဒီလိုမျိုး အထင်အမြင်လွဲအောင် အလုပ်ခံခဲ့ရတာပါ၊ အဲဒီလူရဲ့ လုပ်ကြံဖန်တီးမှုကြောင့်ပဲ ကျောင်းစန်းလိုင်ဟာ ဘီလူးဂိုဏ်းက စွန့်ခွာသွားဖို့ ကြိုးစားတဲ့အချိန်မှာ တိုက်ခိုက်သုတ်သင်တာ ခံလိုက်ရတာပါပဲ”

စကားသံတစ်ခု ပေါ်လာသည်။ ကုလေးရော ကျောင်းပိယောင်ပါ အံ့အားတသင့်ဖြစ်ကာ အခန်းထဲတွင် လှည့်ပတ်မျက်စိကစားကာ ကြည့်သည်။

မည်သူကိုမျှ မတွေ့ရ။ စကားသံကို ထင်ရှားပြတ်သားစွာကြားရသော်လည်း စကားပြောသူ၏ အရိပ်အယောင်ကိုပင် မမြင်ရေ

www.burmeseclassic.com

www.burmeseclassic.com



အသံသည် ခပ်ရှူးရှူး ခပ်အက်အက် ဖြစ်သည်။

ယောကျ်ားသံလား၊ မိန်းမသံလား ခွဲခြားရန်ပင် ခက်သည်။

"ဘယ်ကလူလဲ၊ ဘာမဟုတ်တာတွေ လာပြောနေတာလဲ"

ကုလေးက လေသံမာမာနှင့် ပြောလိုက်သည်။ ပြောသာ ပြောလိုက်ရသည်။ ကုလေး၏စိတ်ထဲတွင်တော့ အတော်လေးပင် ထိတ်လန့်နေပြီဖြစ်သည်။

ကုလေးမှာလည်း ထိတ်ထိတ်ကြဲ သိုင်းပညာရှင်တစ်ယောက် ဖြစ်သည်။ မိမိ လုံးဝမသိရအောင် အခန်းထဲသို့ ရောက်လာကာ မိမိ ကြည့်၍မမြင်ရအောင် ကိုယ်ယောင်ဖျောက် ပုန်းအောင်းနေနိုင်သောသူ၏ သိုင်းပညာစွမ်းရည် မည်မျှထက်မြက်မည်ဖြစ်ကြောင်း ကုလေး ကောင်းကောင်းကြီး မှန်းဆနိုင်ပေသည်။

"ငါ ဘယ်သူလဲဆိုတာ ပြောလိုက်ရင် မင်းလန့်ပြီး သေသွားလိမ့်မယ်၊ ငါပြောတာတွေဟာ မဟုတ်တာတစ်ခုမှ မပါဘူး၊ လွန်ခဲ့တဲ့ ဆယ့်ရှစ်နှစ်ကျော်က ဘီလူးအဖွဲ့က လမ်းခွဲထွက်ပြီး လမ်းမှန်ပေါ် လျှောက်ဖို့သွားတဲ့ ကျောင်းစန်းလိုင်ကို အထင်မှားချောင်းမြောင်း တိုက်ခိုက်သုတ်သင်ခံရအောင် သတင်းအမှားပေးလိုက်တဲ့လူ ဘယ်သူလဲဆိုတာ ငါအခုသိရပြီ"



စကားသံ ပေါ်ထွက်လာပြန်သည်။ ကျောင်းဝိယောင် အလွန်စိတ်လှုပ်ရှားသွားသည်။

"အဲဒီလူ ဘယ်သူလဲဟင် ဘယ်သူလဲ"

ကျောင်းဝိယောင်က အလောတကြီး မေးလိုက်မိသည်။ အသံရှင် ဘယ်နေရာတွင် ရှိနေသည်ကိုတော့ ကျောင်းဝိယောင် မသိပါ။ မိမိပြောလိုက်သည်ကို ကြားနိုင်လိမ့်မည်လို့တော့ယုံသည်။

"ဘယ်သူရှိရဦးမှာလဲ ... မင်းရှေ့က ကုလေးဆိုတဲ့ မိန်းမဆိုးကြီးပဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com



တျောင်းပိယောင်သည် မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် ကုလေးကို ကြည့်လိုက်သည်။ ကုလေး မျက်စိမျက်နှာ သိသိသာသာ ပျက်နေသည်။ နောက်သို့ပင် ခြေလှမ်းဆုတ်လိုက်မိသည်။

"မဟုတ်ဘူး၊ မဟုတ်ဘူး ... ဒါ လိမ်တာ၊ ညာတာ၊ သက်သက်မဲ့ စွပ်စွဲပြောတာ"

ကုလေးက အကြောက်အကန်ပင် ငြင်းဆန်သည်။

ပါးစပ်က 'မဟုတ်ဘူး' ဟု မည်မျှပင် ငြင်းဆန်နေသည်ဖြစ်စေ ကုလေး၏ မျက်စိမျက်နှာပျက်ကာ တုန်တုန်လှုပ်လှုပ် ဖြစ်နေမှုက အသံရှင်၏ပြောစကား မှန်ကန်ကြောင်း သက်သေပြနေသည်။

ကျောင်းပိယောင်သည် ကုလေးရှိရာသို့ တစ်လှမ်းချင်း လျှောက်လှမ်း ချဉ်းကပ်၍လာသည်။



ကုလေးမှာမူ ထိတ်လန့်ကြောက်ရွံ့စွာပင် နောက်သို့ ခြေလှမ်းဆုတ်နေသည်။

ကျောင်းပိယောင်သည် မိစ္ဆာမနော အတွင်းအားကို လေ့ကျင့် ရရှိထားသော်လည်း ကုလေးထက် သိုင်းပညာစွမ်းရည် မနိုင်းစာနိုင်အောင်ပင် နိမ့်ကျသည်။

တကယ်တမ်းတိုက်ခိုက်ကြလျှင် ကုလေးသည် ကျောင်းပိယောင်ကို အလွယ်ပင် အနိုင်ယူနိုင်သည်။ ကျောင်းပိယောင်မှာလည်း ယခင်က ကုလေးသည် အတော်ပင် ကြောက်လန့်နေခဲ့သည်။

ယခုမူ ဘယ်ကသတ္တိစွမ်းအားတွေ ဝင်လာသည်မသိ။ ကျောင်းပိယောင်သည် ကုလေးကို မကြောက်တော့။ ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ရှိနေသည်။

ကုလေးမှာမူ ယခင်က မာန်ထောင်မောက်ကြွားခဲ့သလောက် ယခုတော့ အလိုလိုပင် ကြောက်စိတ်တွေဝင်နေသည်။

ကျောင်းပိယောင်လို ငယ်ရွယ်သည့်မိန်းကလေးတစ်ယောက်ကို ရင်ဆိုင်ရမည်ကိုပင် အလန့်ကြီးလန့်သလို ဖြစ်နေသည်။

ကုလေး အခန်းနံရံကို ကျောကပ်မိသည်။ နောက်ဆုတ်စရာ နေရာမရှိတော့။

www.burmeseclassic.com

www.burmeseclassic.com



တစ်လှမ်းချင်း ရှေ့တက်လာသော ကျောင်းပိယောင်၊ ကုလေးနှင့် လက်တစ်ကမ်းအကွာသို့ ရောက်လာသည်။

ကျောင်းပိယောင်၏ မျက်နှာသည် အထူးပင် ခက်ထန်တင်းမာနေသည်။ ကျောင်းပိယောင်၏ရုပ်ရည်သည် သူမ၏ဖခင် ကျောင်းစန်းလိုင်နှင့် အတော်လေးဆင်သည်။

အထူးသဖြင့် မျက်လုံးမျက်ဖန်နှင့် အကြည့်အရှူသွင်ပြင်ဟန်ပန်တွေက ဆင်တူကြသည်။ ကျောင်းပိယောင်သည် ကုလေးကို စူးစူးရဲရဲပင် စိုက်ကြည့်နေသည်။

ကျောင်းပိယောင်၏ စိတ်ထဲတွင် ကုလေးကို မုန်းတီးနာကြည်းသည့် ဒေါသစိတ်များ အပြည့်အသိပ် ဖြစ်နေသည်။ ကျောင်းပိယောင်၏ တစ်သက်တာတွင် လူတစ်ယောက်အပေါ် ဤမျှလောက် တူးတူးခါးခါး မုန်းတီးမှုမျိုး မဖြစ်ပေါ်ခဲ့ဖူးပါ။

မိမိ၏ဖခင်ကို ရမ်းကားသောင်းကျန်းသော လမ်းလွဲသိုင်းသမားဆိုးကြီးအဖြစ် နာမည်ဖျက်ကာ အသက်ပါဆုံးရှုံးရလေအောင် ယုတ်မာကောက်ကျစ်စွာ လုပ်ကြံဖန်တီးခဲ့သူတစ်ယောက်မို့ ကျောင်းပိယောင်သည် ဤမျှလောက် တူးတူးခါးခါး မုန်းတီးသည့်စိတ်များ ဖြစ်ပေါ်နေခြင်း ဖြစ်ပေသည်။



ဤသို့သော မုန်းတီးသည့် စိတ်ဓာတ်သည်လည်း မိစ္ဆာမနောအတွင်းအားနှင့် အထူးလိုက်ဖက်သော စိတ်အင်အားဖြစ်သည်။

တူးတူးခါးခါး မုန်းတီးမှုသည် ကျောင်းပိယောင်၏စွမ်းရည် မိစ္ဆာမနော အတွင်းအားကို နှစ်ဆတိုးအောင် နှိုးဆွပေးသလို ဖြစ်နေသည်။

စုစည်းမိပြီး စွမ်းအင်တိုးပွားလာသော မိစ္ဆာမနောအတွင်းအားတို့၏ ရောင်ပြန်ဟပ်မှုအနေဖြင့် ကျောင်းပိယောင်၏ မျက်လုံးများသည် အရောင်လက်လက် တောက်၍နေသည်။

တစ်ချိန်က ကျောင်းစန်းလိုင်၏ မျက်ရိပ်မျက်ယောင်တောက်ပပုံမျိုးနှင့် အလွန်ပင်တူသည်။ သည်မျက်လုံးများဖြင့် အကြည့်ခံရသောအခါ ကျောင်းစန်းလိုင်ကိုယ်တိုင် အသက်ပြန်ရှင်လာလျက် မိမိကို စူးစူးရဲရဲ ကြည့်နေသလို ကုလေး၏စိတ်ထဲတွင် ခံစားရသည်။

ကုလေးသည် ကျောင်းစန်းလိုင်အပေါ် နှစ်နှစ်ကာကာပင် ချစ်ခဲ့သူဖြစ်သည်။ ကျောင်းစန်းလိုင်က ချန်မေချောင်းနှင့် ယူသောအခါ ထိုသို့ နှစ်နှစ်ကာကာ ချစ်မိသည့် စိတ်ပေါ်တွင် မနာလိုဝန်တိုမှုများ ဖုံးလွှမ်းလာလျက် နောက်ဆုံးတွင် ကျောင်းစန်းလိုင်နှင့် ချန်မေချောင်း

www.burmeseclassic.com

www.burmeseclassic.com



တို့နှစ်ယောက် ကြမ္မာဆိုးကြုံရစေမည့် လုပ်ကြံသတင်းပေးမှုကို မြွေဆိုးအဖွဲ့ချုပ် မန်လီစုန်းမှတစ်ဆင့် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ယခု နှစ်ပေါင်းများစွာ ကြာသည့်တိုင် ကျောင်းစန်းလိုင်အပေါ် နှစ်နှစ်ကာကာ ချစ်နေခဲ့သည့် အချစ်စိတ်ကတော့ မပျောက်သေး။

ထိုနည်းတူ မနာလိုမုန်းတီးမှုကလည်း အကြွင်းအခဲနှင့် ရှိနေဆဲ။ စူးစူးနစ်နစ် ချစ်ခင်မှုနှင့် မနာလိုမုန်းတီးမှုတို့သည် ကုလေး၏ နှလုံးသားထဲတွင် ဒွန်တွဲကာ အပြိုင်ပင် ရှိနေကြသည်။

ယခု ထိုစိတ်တို့၏ အားပြိုင်မှုဒဏ်ကို ကုလေး ကောင်းကောင်းကြီး ခံနေရသည်။ ကုလေး၏စိတ်အစဉ် မတည်ငြိမ်တော့။ ကစဉ့်ကလျား ဖြစ်နေသည်။

ကျောင်းပိယောင်အပေါ်တွင်လည်း ကုလေးသည် ဆန့်ကျင်ဘက် ခံစားမှုအမြင်များ ဒွန်တွဲအားပြိုင်၍ ရှိနေသည်။ မိမိနှစ်နှစ်ကာကာ ချစ်ခင်စွဲလမ်းခဲ့သူ ကျောင်းစန်းလိုင်၏ တစ်ဦးတည်းသော သမီးအဖြစ် ချစ်ခင်သည်။

ကျောင်းစန်းလိုင်၏အချစ်ကို ရယူပိုင်ဆိုင်သွားသော ချန်မေချင်း၏သမီးအဖြစ် မုန်းတီးသည်။ ကျောင်းစန်းလိုင်၏မျိုးဆက်



အဖြစ် ကျောင်းပိယောင်ကို ဆက်လက်အသက်ရှင်သန်နေစေလိုသလို၊ ချန်မေချင်း၏ သွေးသားဖြစ်သော ကျောင်းပိယောင်အား သတ်ဖြတ်ချေမှုန်းပစ်လိုသည့်ဆန္ဒလည်း ပြင်းထန်နာကြည်းစွာ ရှိနေပြန်သည်။

သာမန် အချိန်အခါများတွင် ဤဆန့်ကျင်ခံစားမှုများသည် ငုပ်လျှိုးနေသော်လည်း ယခု ကျောင်းပိယောင်နှင့် ထိပ်တိုက်ရင်ဆိုင်ရလေသောအခါတွင်တော့ ချစ်ခင်မှုနှင့် မုန်းတီးဆန့်ကျင်အားပြိုင်ခံစားချက်များ ပြင်းပြင်းထန်ထန်ပင် နိုးကြွဖြစ်ပေါ်၍ နေသည်။

သည့်ကြားထဲတွင် မိမိ၏ လျှို့ဝှက်လုပ်ကြံမှုကြီး ဘူးပေါ်သလို ပေါ်သွားလေပြီမို့ အထူးကြောက်လန့်တုန်လှုပ်နေမှုကလည်း ဖြစ်ပေါ်နေပြန်သည်။

ကုလေးတစ်ယောက် တစ်ချိန်တည်းမှာပင် အမျိုးမျိုးသော ခံစားမှုနှင့် စိတ်လှုပ်ရှားမှုများ အပြိုင်အဆိုင် ဖြစ်ပေါ်နေသည်ဟု ဆိုရမည်။

လူတို့၏ စိတ်လှုပ်ရှားမှုနှင့်အတူ ကိုယ်ခန္ဓာအတွင်း သွေးလေလည်ပတ် နှလုံးခုန်မှု၊ သွေးတိုးမှုတို့သည် ပြောင်းလဲဖြစ်ပေါ်မြဲပင်။

www.burmeseclassic.com

www.burmeseclassic.com



အချစ်ကြောင့် စိတ်လှုပ်ရှားသောအခါ ဖြစ်ပေါ်သော သွေးလေလည်ပတ် နှလုံးခုန်မှုနှင့် အမုန်းကြောင့် စိတ်လှုပ်ရှားသောအခါ ဖြစ်ပေါ်သော သွေးလေလည်ပတ်မှု နှလုံးခုန် သွေးတိုးမှုတို့ မတူကြပေ။

ကုလေးသည် တစ်ချိန်တည်းမှာပင် ခံစားမှုနှင့် စိတ်လှုပ်ရှားမှုအမျိုးမျိုး အပြိုင်အဆိုင်ဖြစ်ပေါ်နေပေရာ သွေးလေလည်ပတ်မှု၊ နှလုံးခုန်မှု၊ သွေးတိုးမှုတို့သည်လည်း အမျိုးမျိုးအဖုံဖုံတွေ ရှုပ်ထွေးစွာ ဖြစ်ပေါ်နေပြန်သည်။

အဆင့်မြင့် သိုင်းပညာရှင် တစ်ယောက်လည်း ဖြစ်နေပေရာ အတွင်းအား လည်ပတ်မှု လမ်းကြောင်းတွေ ရှုပ်ထွေးရောယှက်ကုန်မှုကိုပါ ကြုံတွေ့နေရပြန်သည်။

ကုလေး၏ ခေါင်းထဲတွင် အလွန်ပင် နောက်ကျို ရှုပ်ထွေးနေသည်။ ဘာကိုမျှ ရေရေရာရာ စဉ်းစားဆင်ခြင်ခြင်း မပြုနိုင်တော့။ ဤအချိန်မှာပင် လက်တစ်ကမ်းအကွာသို့ ရောက်နေလေပြီဖြစ်သော ကျောင်းဝိယောင်က ကုလေးအား ညာလက်ဝါးဖြင့် အုပ်မိုးရိုက်ချလိုက်သည်။

+



ကျောင်းဝိယောင်က ကုလေးကို ညာလက်ဝါးဖြင့် ရိုက်သည်။ ခေါင်းထဲတွင် ရှုပ်ထွေးနောက်ကျိုကာ ရေရေရာရာ စဉ်းစားဆင်ခြင်မှုပင် မပြုနိုင်တော့သော်လည်း အဆင့်မြင့် သိုင်းပညာရှင် တစ်ယောက်ဖြစ်သောကြောင့် အလိုအလျောက်ပင် ဘယ်လက်ကို ပင့်မြှောက်ကာ ကျောင်းဝိယောင်၏ လက်ဝါးရိုက်ချက်ကို ခံဆောင်သည်။

လက်ဝါးချင်း ဆိုင်ရိုက်မိသည်။ ဤအခါ အတွင်းအားချင်း အားပြိုင်သည့် အခြေအနေမျိုး ဖြစ်ပေါ်သွားသည်။ ကျောင်းဝိယောင်သည် မိစ္ဆာမနော အတွင်းအားကို အပြည့်အဝ စုစည်းထားနိုင်သည်သာမက ပြင်းပြလှသော မုန်းတီးစိတ်အဟုန်ကြောင့် မူလရှိရင်းအားအင်စွမ်းပကားများ အဆတိုးကာ ရှိနေချိန်။

ကုလေးမှာမူ စိတ်တွေထွေပြားကာ အာရုံတွေများပြီး

www.burmeseclassic.com

www.burmeseclassic.com



အတွင်းအားလည်ပတ်မှုလမ်းကြောင်းများ ဖရိုဖရဲဖြစ်လျက် အတွင်းအား စုစုစည်းစည်း မရှိတော့သည့်အချိန်။

စုစည်းသိပ်သည်းကာ ဆတိုးပြင်းထန်နေသော စွမ်းအင်နှင့် ပြန်ကျဲအားပျော့သော အားအင်တို့ ဆိုင်မိသလိုဖြစ်သောကြောင့် ကုလေးမှာ ထိပ်တန်း သိုင်းပညာရှင်ကြီးတစ်ယောက် စင်စစ်ဖြစ်ပါလျက် ကျောင်းပိယောင်၏ လက်ဝါးရိုက်ချက်တစ်ချက်ကိုမျှ တောင့်ခံနိုင်စွမ်း မရှိတော့။

ရင်ဘတ်ထဲတွင် စူးနစ်ကာ အောင့်ခနဲ ဖြစ်သည်။ တစ်ကိုယ်လုံး စိမ့်ချမ်းတုန်ချင်သည်။ အသက်ရှူကျပ်လာသည်။ ထို့နောက် ကုလေးတစ်ယောက် ဝုန်းခနဲပင် လဲပြိုကျသွားလေတော့သည်။

ကျောင်းပိယောက်မှာလည်း ဖြစ်ပေါ်နေသော မုန်းတီးမှုစိတ်ကို ဖောက်ခွဲထုတ်ပစ်ရသလိုမို့ စိတ်တည်ငြိမ်အေးဆေးသွားသည်။

နောက်သို့ ခြေလှမ်းကာ ဆုတ်လိုက်သည်။ ပြိုလဲကျသွားသော ကုလေးကို တအံ့တသြပင်ကြည့်နေမိသည်။ လက်ဝါးရိုက်ချက်တစ်ချက်တည်းဖြင့် ကုလေးကို အပြတ်ချေမှုန်းပစ်နိုင်လိမ့်မည်ဟု ကျောင်းပိယောင် ထင်မထားခဲ့ပါ။



တကယ်တော့ ကုလေးသည် ကိုယ့်တရားကိုယ် စီရင်သွားခြင်းဟုသာ ဆိုရမည်။

တစ်ဖက်စွန်းရောက်လွန်းသည့် ဆန့်ကျင်ခံစားမှုများကြောင့် ကုလေးတစ်ယောက် ယခုကဲ့သို့ ဘဝဇာတ်သိမ်းသွားရခြင်း ဖြစ်ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းပိုယောင် … မင်းမှာ ရှေ့ဆက်လုပ်စရာတွေ ရှိနေသေးတယ်"

စကားသံပေါ်လာပြန်သည်။

"ရှင် ဘယ်သူလဲဟင်"

ကျောင်းပိုယောင်က ပြန်မေးလိုက်သည်။

"အေး … မင်းသိရအောင် ပြောပြပါ့မယ်၊ မင်း ရှေ့ဆက်လုပ်ရမယ့် အလုပ်တွေဟာ ငါ့အကြောင်းကိုသိမှပဲ ပိုပြီးချောချောမောမော အဆင်ပြေပြေ ဖြစ်လိမ့်မယ်"

"ဟုတ်ကဲ့ … ပြောပါ"

"ငါ့နာမည် ချင်းချင်း၊ မိန္တာမနော့သိုင်းကျမ်းကိုရပြီး တစ်ချိန်က မိန္တာမနော့အဖွဲ့ကို ထူထောင်ခဲ့တယ်၊ ဒါပေမဲ့ လမ်းမှားလိုက်မိတဲ့အတွက် မိန္တာမနော့သိုင်းဟာ လမ်းလွဲသိုင်းပညာရပ်ကြီးတစ်ခု



အဖြစ် နာမည်ပျက်ခဲ့ရတယ်၊ မိန္တာမနော့အဖွဲ့ကြီးလည်း ပြိုကွဲသွားပြီ၊ အခု မင်းဟာ မိန္တာမနော့သိုင်းပညာကို အများကောင်းကျိုး သယ်ပိုးလုပ်ဆောင်နိုင်တဲ့ သိုင်းပညာရပ်အဖြစ် ရှေ့ဆောင်လမ်းပြလုပ်ပြီး ဆောင်ရွက်ပေးရမယ်"

မိန္တာမနော့အဖွဲ့ ပြိုကွဲပြီးနောက် ချင်းချင်းသည် ပိုင်စုကျင်နှင့်အတူ ငိုမေအဖွဲ့သို့ လိုက်ပါခဲ့သည်။

တရုတ်ပြည်ကြီးကို မန်ချူးနယ်ချဲ့သမားများ ကျူးကျော်တိုက်ခိုက်သိမ်းပိုက်သောအခါ ငိုမေအဖွဲ့ ဖရိုဖရဲဖြစ်ရာတွင် ချင်းချင်းလည်း ငိုမေတောင်မှနေ၍ တစ်နယ်တစ်ကျေး တိမ်းရှောင်ထွက်သွားခဲ့သည်။

ချင်းချင်းသည် သင့်တင့်ကောင်းမွန်ရာ နေရာအသီးသီးသို့ ပြောင်းရွှေ့ဖာတ်မြုပ်နေထိုင်နေခဲ့ရာ နောက်ဆုံးတွင် မြွေဆိုးတစ်ထောင် တောင်ကြားရွာကြီးအနီးရှိ သိုလှောင်ရုံပျက်ကြီးထဲတွင် အေးချမ်းစွာ နေထိုင်နေခဲ့သည်။

ကျန်းယိမင်းနှင့် ယန်ကူတို့နှစ်ယောက် ထိုသိုလှောင်ရုံပျက်ကြီးသို့ ရောက်လာကြသည့်အချိန်တွင် ချင်းချင်းလည်း ရှိနေသည်။

ချင်းချင်းက ကျန်းယိမင်းအား မည်သို့မျှ အနှောင့်အယှက်

www.burmeseclassic.com

www.burmeseclassic.com



မပြုဘဲ မိမိဘာသာ အေးအေးဆေးဆေးနေခဲ့သည်။

ချင်းချင်းက သိုသိပ်လျှို့ဝှက်စွာ နေခဲ့ပေရာ ကျန်းယိမင်းနှင့် ယန်ဂျာတို့သည် သိုလှောင်ရုံပျက်ထဲတွင် ချင်းချင်းရှိနေမှန်း မသိခဲ့ကြပေ။

ယန်ဂျာက ကျန်းယိမင်းအား 'တိမ်မီးခိုးကိုယ်ပျောက်ပညာ' ပြောဆိုသင်ပြပေးရာ ကြားသိမှတ်သားနိုင်ခဲ့သည်။

ချင်းချင်းသည် မူလကပင် ထိပ်တန်း သိုင်းပညာများကို တတ်မြောက်ပြီးဖြစ်ရာ တိမ်မီးခိုးကိုယ်ပျောက်ပညာကို ကျန်းယိမင်းတို့ထက် ပိုမိုထိရောက်စွာ တတ်မြောက်အသုံးချနိုင်ခဲ့ပေသည်။

ကျောင်းပိယောင်နှင့် ယန်ဂျာတို့ သိုလှောင်ရုံပျက်ကြီးသို့ ရောက်လာကြပြီးနောက် ကျောင်းပိယောင်သည် မိစ္ဆာမနောအတွင်းအားကို လေ့ကျင့်တတ်မြောက်ထားကြောင်း တွေ့ရသောအခါ ချင်းချင်း အတော်စိတ်ဝင်စားမိသည်။

ကုလေး၏တပည့် သိုင်းသမားများက ကျောင်းပိယောင်တို့အား ရန်ပြုတိုက်ခိုက်သောအခါ ချင်းချင်းက ကျောင်းပိယောင်တို့ဘက်မှ တိတ်တဆိတ် ပါဝင်တိုက်ခိုက် ကူညီပေးခဲ့သည်။

မိစ္ဆာမနောအတွင်းအား လေ့ကျင့်တတ်မြောက်ထားပြီး



အများကောင်းကျိုး သည်ပိုးဆောင်ရွက် ကူညီပေးလိုသည့် မြင့်မြတ်သော စိတ်ထားရှိသည့် ကျောင်းပိယောင်ကို ချင်းချင်း အထူးစိတ်ဝင်စားခဲ့ရာ ကျောင်းပိယောင်၏နောက်မှ တိတ်တဆိတ်ပင် လိုက်ပါ၍ နေခဲ့သည်။

ဤသို့ဖြင့် ...

ကျောင်းပိယောင်က သူမ၏မိဘနှစ်ပါး သေဆုံးခဲ့ရပုံ အကြောင်း အဖြစ်မှန် ပေါ်ပေါက်အောင် စုံစမ်းလိုကြောင်း သိခဲ့ရသည်။

ရှောင်လင်ကျောင်းတော် တာမို့အဆောင်မှူးကျောက်ဆိုင်းထံသို့ အင်အိန်ယောင်၊ ထိုက်လီချူဆိုင်းနှင့် ကျင်းမူတို့ သွားရောက်တွေ့ဆုံရာ ချင်းချင်းသည် တိတ်တဆိတ်ရောက်ရှိပြီး အင်အိန်ယောင်တို့ကိုအကြောပိတ်လျှင် ကျောင်းစန်းလိုင်နှင့်ပတ်သက်သည့် သတင်းအမှာ်းပေးသူ၏ အမည်ကို ဖော်ထုတ်နိုင်ခဲ့သည်။

ချင်းချင်းသည် တိမ်မီးခိုးကိုယ်ပျောက်ပညာကို အထွတ်အထိပ်ရောက်အောင် အသုံးချနိုင်ခဲ့ရာ ကျောက်ဆိုင်းတို့လို အဓိကရ သိုင်းပညာရှင်ကြီးများပင် ချင်းချင်းကို တွေ့အောင် မရှာနိုင်ခဲ့ပေ။

သတင်းအစရခဲ့ပြီးနောက် ချင်းချင်းသည် မြွေသိုက်စခန်း

www.burmeseclassic.com

www.burmeseclassic.com



သို့ အမြန်လာကာ မြွေဆိုးအဖွဲ့ချုပ်မန်လီစုန်းကို စစ်မေးခြင်းဖြင့် ကုလေး၏ အကောက်ကြံခဲ့ပုံအကြောင်းများ သိရှိခဲ့သည်။

ချင်းချင်း မြွေသိုက်စခန်းသို့ သွားနေသောကြောင့် ရှောင်လင်ကျောင်းတော်တွင် ကျောင်းပိယောင် အန္တရာယ်ကြုံရာတွင် ဝင်ရောက်ကူညီမပေးနိုင်ခဲ့ပေ။

မန်လီစုန်းထံမှ အကြောင်းစုံ စစ်ဆေးသိရှိရသည့်အချိန်မှာပင် ကျန်းလောက်ဟုန်နှင့် ကူမိုင်ခန်းတို့ ခေါ်ဆောင်မှုဖြင့် ကျောင်းပိယောင် မြွေသိုက်စခန်းသို့ ရောက်လာခဲ့လေသည်။

ချင်းချင်းသည် ကျောင်းပိယောင်၏ အခြေအနေကို အသာစောင့်ကြည့်နေရာ ကုလေးရောက်ရှိလာသည်နှင့် အကြောင်းစုံ ဖော်ထုတ်ပြီး ပြောပြခဲ့ခြင်း ဖြစ်ပေတော့သည်။

ချင်းချင်းက မိစ္ဆာမနောအဖွဲ့အကြောင်းနှင့် ကျောင်းပိယောင်အတွက် မိမိကူညီစုံစမ်းလုပ်ဆောင် ပေးခဲ့သည်များကို ပြောဆိုရှင်းပြသည်။

ချင်းချင်းသည် တိမ်မီးခိုးကိုယ်ပျောက်ပညာကို အဆင့်မြင့်မြင့်သုံးကာ ကိုယ်ယောင်ဖျောက်ပုန်းကွယ်နေနိုင်သောကြောင့် ကျောင်းပိယောင်မှာ ချင်းချင်းပြောကြားသည့် အသံကိုသာ နား



ထောင်နေရသည်။

ချင်းချင်း၏ရုပ်သွင်ကိုတော့ မမြင်တွေ့ရသေးပေ။ ချင်းချင်းကလည်း မိမိ၏ရုပ်သွင်ကို ယခုလောလောဆယ် ပြလိုစိတ် မရှိသေးပေ။

"ကဲ ... ငါ့အကြောင်းကတော့ ဒီလောက်ပြောရင် လုံလောက်ပါပြီ၊ မင်း ရှေ့ဆက်ပြီး ဘာလုပ်ရမယ်ဆိုတာကို ပြောတော့မယ်"

"ဟုတ်ကဲ့ ဘွားဘွား"

အကြောင်းစုံသိရပြီးနောက် ချင်းချင်းသည် မိမိ၏အဘွားအရွယ်လောက်ရှိနိုင်ကြောင်း ခန့်မှန်းမိသောကြောင့် ကျောင်းပိယောင်က ဘွားဘွားဟု ခေါ်ဝေါ်သုံးစွဲလိုက်သည်။

ချင်းချင်းကို မမြင်နိုင်သော်လည်း ချင်းချင်းရှိမည်ထင်ရသည့်ဘက်သို့ ဦးတည်ကာ အရိုအသေပေးလိုက်သည်။

ကျောင်းပိယောင်၏ အပြောအဆိုနှင့်ပြုမူပုံကို ချင်းချင်း အတော်သဘောကျသွားသည်။

"ဘီလူးအဖွဲ့ ပြန်လည်ထူထောင်ရာမှာ မင်းရဲ့ဖခင်ဟာ မူရင်းအဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့တယ်၊ ဘီလူးအဖွဲ့ကို လမ်းမှန်ကမ်းမှန်

www.burmeseclassic.com

www.burmeseclassic.com



သိုင်းအဖွဲ့တစ်ခုဖြစ်လာအောင် သူက ကြိုးစားပေမယ့် မအောင်မြင်ခဲ့ဘူး၊ ဒါကြောင့် သူ့ရဲ့အမွေကို ဆက်ခံရမယ့် သူ့သမီးအနေနဲ့ မင်းက ဒီတာဝန်ကို ဆက်လုပ်ဆောင်ရမယ်၊ ဘီလူးအဖွဲ့ရဲ့အဖွဲ့ချုပ်အဖြစ် မင်းက ဆက်ဦးဆောင်ပါ၊ ဘီလူးအဖွဲ့ဝင်တွေကို မိစ္ဆာမနောသိုင်း သင်ပေးပါ၊ မိစ္ဆာမနောသိုင်းကို ကောင်းမွန်တဲ့အလုပ်တွေမှာ သုံးအောင်သာ ထိန်းကွပ်ပေးပါ"

"ကျွန်မက မိစ္ဆာမနော အတွင်းအားကျင့်စဉ်ကိုပဲတတ်တာ၊ မိစ္ဆာမနောသိုင်းပညာကို ပြည့်ပြည့်စုံစုံ မတတ်ဘူး"

"ဒီအတွက် မပူပါနဲ့ ... မင်းကို ငါကိုယ်တိုင် မိစ္ဆာမနောသိုင်းပညာ အပြည့်အစုံ သင်ပြပေးမယ်"

"ဘီလူးအဖွဲ့ဝင်တွေက ကျွန်မကို နာခံကြပါ့မလား"

"ဘာလို့ မနာခံကြရမှာလဲ၊ သူတို့ရဲ့ အဖွဲ့ချုပ် ကုလေးကို မင်းက ချေမှုန်းပစ်လိုက်ပြီးပြီပဲ၊ ဒါဟာ နည်းတဲ့ဟန်ဟိတ် မဟုတ်ဘူး၊ အဲ ... အာခံချင်တဲ့လူ တချို့တလေ ရှိကောင်းရှိနိုင်တယ်၊ ဒါကိုတော့ မင်းက ပြတ်ပြတ်သားသား အရေးယူနှိမ်နင်းပစ်ရမယ်၊ ငါကလည်း နောက်ကွယ်ကနေပြီး လိုအပ်သလို တိတ်တဆိတ် ကူညီပေးပါ့မယ်၊ ဘာမှစိုးရိမ်စရာ မလိုဘူး"



ဤသို့ဖြင့် ...

ကျောင်းဝိယောင်သည် အသစ်ပြန်လည် ထူထောင်သော ဘီလူးအဖွဲ့၏ ဒုတိယမြောက် အဖွဲ့ချုပ်အဖြစ် ဆက်ခံလိုက်သည်။

အဖွဲ့ဝင်များကို မိစ္ဆာမနောသိုင်းပညာများ စနစ်တကျ သင်ပြပေးသည်။

ဟာသီာဖိုမဓား ကျန်းလောက်ဟုန်၊ ကူမိုင်ခန်းနှင့် လက်မရှိ သိုင်းသမားအချို့ ရှောင်တိမ်းထွက်သွားခဲ့သည်မှအပ ကျန်ဘီလူးအဖွဲ့ဝင်အများစုက ကျောင်းဝိယောင်၏ လက်အောက်တွင် ခိုဝင်ကြသည်။

ချင်းချင်းကလည်း နောက်ကွယ်မှ လျှို့ဝှက်စွာ ကူညီပေးနေရာ ဘီလူးအဖွဲ့ကို လမ်းမှန်အဖွဲ့အစည်းတစ်ခု ဖြစ်လာအောင် ပြုပြင်ပြောင်းလဲမှုသည် ထင်သည်ထက်ပင် ပိုမိုမြန်ဆန်စွာ အောင်မြင်ခဲ့သည်။

ခြောက်လကာလအတွင်းတွင် ကျောင်းဝိယောင်သည် ချင်းချင်း သင်ပြလေ့ကျင့်ပေးမှုဖြင့် မိစ္ဆာမနောသိုင်းပညာကို ပြည့်စုံလင်စွာ တတ်မြောက်ခဲ့သည်။

ဘီလူးအဖွဲ့ကို စနစ်တကျ ပြန်လည်ဖွဲ့စည်းပျက် အများ

www.burmeseclassic.com

www.burmeseclassic.com



အကျိုးဆောင်ရွက်သည့် လမ်းမှန်ကမ်းမှန် သိုင်းအဖွဲ့အစည်း တစ်ခု ဖြစ်အောင်လုပ်ဆောင်မှုကိုလည်း တစ်နှစ်တာကာလအတွင်း အောင်မြင်အောင်လုပ်ဆောင်နိုင်ခဲ့လေတော့သည်။

တက္ကသိုလ်ဝင်းကြွယ်

www.burmeseclassic.com